ရန်အောင်စာပေ ၂

# နတ်သျှင်နောင်

နှင့်

# ဓါတုကလျာ

ကထိကဦးစိန်လွင်လေး ဝိဇ္ဇာ(ဂုဏ်ထူး)၊ ဒီဂျေ



ဒုတိယအကြိမ်

# နတ်သျှင်နောင်

နှင့်

# ဓါတုကလျာ

ကထိက ဦးစိန်လွင်လေး ဝိဇ္ဇာ(ဂုဏ်ထူး)၊ ဒီဂျေ



KYAW PHYU SAN
10/2007

## ဒို့တာဝန်အရေး (၃) ပါး

- ☐ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☐ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ☐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ⚐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ⚐ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ⚐ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ⚐ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ⚑ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ⚑ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ⚑ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ⚑ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

[ဒုတိယအကြိမ်၊ ၂၀၀၈၊ ဖေဖော်ဝါရီ]

✧

စာမူခွင့်ပြုချက်အမှတ်
၄၀၀၈၇၈၀၇၀၇

✧

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၁၀၁၃၁၁၀၇

✧

စီစဉ်ထုတ်လုပ်မှု
နီနီအောင်

✧

မျက်နှာဖုံးပန်းချီ
ကျော်ဖြူစံ

✧

အတွင်းပုံနှိပ်
ဦးတင်အောင်ကျော် 'စွယ်တော်ပုံနှိပ်တိုက်'၊
အမှတ် ၈၇၊ ၅၆ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

✧

မျက်နှာဖုံးပုံနှိပ်

ဦးဇော်မင်း (W!zard) ပုံနှိပ်တိုက်၊
အမှတ်-၁၉၈၊ ၃၃လမ်း၊ ကျောက်တံတား၊

✧

ထုတ်ဝေသူ
ဦးလှတိုး (ရန်အောင်စာပေ)
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

✧

ကွန်ပျူတာစာစီ - 'ပုံရိပ်ရှင်'
အတွင်းဖလင် - 'ပုံရိပ်ရှင်'
စာအုပ်ချုပ် - ရွှေတြိဂံ

တန်ဖိုး - ၃၀၀၀ ကျပ်

ရန်အောင်စာပေ-၂ စာအုပ်အမှတ် (၃၆)



# နတ်သျှင်နောင်

## နှင့်

# ဓာတုကလျာ

ကထိကဦးစိန်လွင်လေး ( ဝိဇ္ဇာ – ဂုဏ်ထူး၊ဒီဂရီ )

**ရန်အောင်စာပေ – ၂**


အမှတ် (၈၅၅)၊ ဦးငွေကိုင်လမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်း၊
၀၉-၅၁-၉၅၆၂၉



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- ၁၉၂၉ နိုဝင်ဘာ (၁၁)ရက်နေ့တွင် အဖရွှေကုန်သည် ဦးမောင်လေး၊ အမိ ဒေါ်အေးချိုတို့မှ ပျဉ်းမနားမြို့၌ မွေးဖွားခဲ့၊
- ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်းမှ ၁၉၄၇-၄၈ ခုတွင် တက္ကသိုလ် ဝင်တန်းအောင်မြင်ခဲ့၊ ၁၉၅၄ ခုတွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ(ဂုဏ်ထူး) မြန်မာစာဘွဲ့ကို ရရှိခဲ့၊ ၎င်းခုနှစ်တွင်ပင် လူထုပညာရေးကောင်စီတွင် ပြန်ကြားရေးအရာရှိအဖြစ် ခန့်အပ်ခြင်းခံရခဲ့၊ ရန်ကုန်မြို့ သက်ကြီး တက္ကသိုလ်၊ လုပ်သားများကောလိပ်တို့တွင် အချိန်ပိုင်း ကထိကအဖြစ် မြန်မာစာပေ ပို့ချခဲ့၊
- ၁၉၅၇ ခုနှစ်တွင် စာပေဗိမာန်ပြန်ကြားရေးအရာရှိအဖြစ် ရာထူးတိုးမြှင့် ခန့်ထားခြင်းခံရခဲ့၊
- ၁၉၆၃ တွင် ကာကွယ်ရေးဝန်ကြီးဌာန၌ အရပ်သားအရာရှိစစ်ဦးစီးမှူး (တတိယတန်း)၊ ဗိုလ်ကြီးအဆင့်အဖြစ် ခန့်ထားခြင်းခံရခဲ့၊
- နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် နည်းပြအရာရှိ (ဗိုလ်မှူး)အဖြစ် ၂၇ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့၊
- အငြိမ်းစားယူပြီးနောက် မင်္ဂလာဘိသေက ပညာရှင်အဖြစ် ဆောင်ရွက် လျက်ရှိစဉ် ၂၀၀၅ ခုနှစ် မေလ ၁၁ ရက်နေ့ အသက် (၇၆)နှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

# နတ်သျှင်နောင်



"ညွှတ်ကွေး ခ,ရုံး၊ လေးကျွန်းလုံးကို၊
ယူကျုံးတော့မည့်၊ လက်ရုံးရည်ကြောင့်၊
ဘုန်းစည်ကြီးမြတ်၊ မင်းများနတ်" ....
(ခုနစ်တောင်တောင်စွန် – ချီ၊ ကျေးစေရတု)

စာဆို့ဗိမာန်ပျော် စာဆိုတော်
ရတုတံခွန်စိုက်

# တောင်ငူဘုရင်–နတ်သျှင်နောင်

နှင့်

စာဆိုမယ် ပင်တိုင်စံ

# ရာဇဓာတုကလျာစုပုရား

တို့အား
ဤအတ္ထုပ္ပတ္တိစာတမ်းဖြင့်
ကန်တော့ပန်းဆင်ပါသည်။
ဖြစ်လေရာဘဝမှ သာဓုခေါ်တော်မူပါ။

*စိန်လွင်လေး*

# ရှာပုံ အညွှန်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဟံသာဝတီ မြို့တော်သစ် | ၂၈ |
| ယိုးဒယားရေတပ်နှင့် မြန်မာရေတပ်တို့တိုက်ခိုက်ပုံ | ၇၃ |
| ယိုးဒယားဘုရင်ဖြနရာဇ်နှင့် ဟံသာဝတီ မဟာဥပရာဇာ စီးချင်းတိုက်ကြပုံ | ၉၆ |
| သံလျင် ကျိုက်ခေါက် စေတီတော် | ၃၀၂ |
| ဇေင်ကာ တည်ဆောက်ခဲ့သော ဗရင်ဂျီဘုရား ရှိခိုးကျောင်း | ၃၂၃ |
| နတ်သျှင်နောင် အရိုးအိုးစေတီ | ၃၃၃ |

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| စကားညွှန်း | ၁၃ |
| ကံနည်းသူနတ်သျှင်နောင် | ၁၆ |
| ကိုးကားသောကျမ်းများစာရင်း | ၁၇ |
| ရွှေဘုံပာင်သာ - နန်းဌာန | ၂၆ |
| ကုသိုလ်တော် - မဟာစေတီ | ၃၄ |
| ဓာတုပူဇော်ပွဲ - ချိမ့်ချိမ့်သဲ | ၃၆ |
| ကလျာဓာတု - ကြာဝတ်စု | ၃၉ |
| ဘုန်းကြွယ်သည့်မယ် - ဓာတုနွယ် | ၄၄ |
| ကေတုမတီ - နန်းဌာနီ | ၄၈ |
| ဘုန်းသမ္ဘာရှင် - စောနတ်သျှင် | ၅၄ |
| ပင်တိုင်စံ - ဓာတုမယ် | ၅၆ |
| ဘုန်းကြွယ်ရာဇာ - ငါးဆူဒါယကာ | ၅၈ |
| အိမ့်ရှေ့စံနှင့် - ဓာတုမယ် | ၆၀ |
| ဓာတုကလျာ - အရေးတော်ပုံ | ၆၈ |
| အိမ့်ရှေ့မိဖုရား - ဓာတုကလျာ | ၈၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နတ်ရှင်ကိုယ်တော် - တကိန်းပေါ် | ၈၇ |
| မဟာဥပရာဇာ၏နိဂုံးချုပ်ခရီး | ၉၁ |
| ရာဇဓာတုကလျာနှင့် - နတ်သျှင်နောင် | ၉၉ |
| ချစ်ပိုင်ဆက်ရာ လက်ဆောင်လျာ | ၁၀၅ |
| နတ်သျှင်သူ့ကြောင့် တရေးမှောင့်ခဲ့ | ၁၁၀ |
| နတ်သျှင်ကိုယ်တော် ဂုဏ်နှံ့ကျော် | ၁၁၆ |
| ရှုပ်ထွေးလာသော နိုင်ငံတွင်းရေးရာများ | ၁၁၈ |
| ကေတုမတီနှင့် နတ်သျှင်နောင် | ၁၂၀ |
| တောင်ငူနှင့် ဇင်းမယ်ထောင်ထားခြင်း | ၁၂၅ |
| ဟံသာဝတီ နန်းဆက် ပျက်သုဉ်းခြင်း | ၁၂၇ |
| ယိုးဒယားနှင့် ရခိုင်အရေး | ၁၃၀ |
| တောင်ငူရွှေနန်းဖန်ခြယ်ဆန်း | ၁၃၄ |
| နတ်သျှင်ကိုယ်တော်နှင့် ဓာတုကလျာ | ၁၃၅ |
| နတ်သျှင်နောင်ဆိုရတုစာတော်များ | ၁၃၉ |
| ဘုရားတိုင်ရတုစာတော်များ | ၁၄၆ |
| ရာသီဘွဲ့ရတုစာတော်များ | ၁၇၇ |
| သစ္စာတိုင်ရတုစာတော်များ | ၂၀၅ |
| စစ်ချီရတုစာတော်များ | ၂၂၃ |
| ကျေးစေရတုစာတော်များ | ၂၃၃ |
| ကေတုမတီ နန်းဌာနီ | ၂၂၈ |
| မေတ္တာတုံ့လှယ် သစ္စာကြွယ် | ၂၆၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ချမ်းဆောင်းရတု - ကင်းငုံလု | ၂၆၆ |
| ဓာတုကလျာ နတ်ရွာစံခြင်း | ၂၆၈ |
| ဓာတုကလျာ၏ဘဝဖြစ်တော်စဉ် | ၂၇၅ |
| သံလျင်အရေးစိတ်မအေးဖွယ် | ၂၈၁ |
| အင်းဝ ညောင်ရမ်း မင်းတရား | ၂၈၆ |
| တောင်ငူဘုရင် စောနတ်သျှင် | ၂၉၀ |
| အင်းဝ၏ စစ်ကြွေးသံ | ၂၉၇ |
| တောင်ငူဘုရင်အဖြစ်မှ သည် ဘုရင်ခံအဖြစ်သို့ | ၂၉၉ |
| နတ်သျှင်ကိုယ်တော်နှင့်ငဇင်ကာ | ၃၀၇ |
| သံလျင်ရောက်နတ်သျှင်နောင် | ၃၁၁ |
| သံလျင်သို့စစ်ချီတော်မူခြင်း | ၃၁၆ |
| နတ်သျှင်ကိုယ်တော်နှင့် ဇရင်ဂျီဘာသာ | ၃၂၁ |
| နတ်သျှင်ကိုယ်တော်၏ဘဝနိဂုံး | ၃၂၆ |
| စာပေနေတစ်ဆူ ကွယ်တော်မူပြီ | ၃၃၁ |
| နောက်ဆက်တွဲမှတ်စုမှတ်ရာများ | ၃၃၅ |
| သံလျင်စားငဇင်ကာ | ၃၃၆ |
| နတ်သျှင်နောင်ဟူသောဘွဲ့တော် | ၃၄၃ |
| နတ်သျှင်နောင်၏ဖွားသက္ကရာဇ် | ၃၄၄ |
| နတ်သျှင်နောင် သစ္စာဖောက် - မဖောက် | ၃၄၆ |

## စကားညွှန်း

မြန်မာ့စာပေ နန်းမြင့်ထက်တွင် လျှမ်းတင့်တော်မူခဲ့သော စာဆိုတော်များ အမြောက်အမြားရှိခဲ့သည့်အနက်၊ ရတု တံခွန်စိုက်၊ တောင်ငူဘုရင့် 'နတ်သျှင်နောင်'မှာ အများနှင့်မတူ တမူထူးခြား ဆန်းပြားတင့်တယ်ကောင်းခြင်းဂုဏ်ကြွယ်သည့် စာဆိုတော်တစ်ပါးဖြစ်ပေသည်။ စာဆိုတော်၏ ဂမ္ဘီရ၊ တိက္ခ၊ ဇဝန၊ ပဋိဘာန၊ ဉာဏ်၊ ပျောင်းနွဲ့ညှိတ်ရှန်း၊ နှလုံးသည်းပွတ် ကြွေလွှတ်ဆွတ်ပျံ့ဖွယ်၊ အလှယ်လှယ်သောကာရန်၊ အလင်္ကာနည်း ပွားစည်း ဂုဏ်ပေါင်းရသများဖြင့် ခ,ညောင်းလျက် ပန်းပေါင်းပဒေသာ ဝေဝေဆာမျှ ရေဇလာ ရွှေကြာ ခေမာအေးရိပ် ရင်ဝယ်ထွေးသိပ် ထိုက်လှသည့် ရတုစာတော်များမှာ မနော်မယ၊ ဝေရော်စနနှင့် မဏိ ဇောတိရသ ပတ္တမြားရတနာတို့ထက်ပင် အဆရာထောင် လျှံပြောင်ပြိုးပြက် တစ်ခဲနက် ထွန်းလင်းတောက်ပလျက် ရှိချေသည်။ လာလှည့်ကုန်၊ ယူလှည့်ကုန်၊ ပန်လှည့်ကုန်၊ ဆင်လှည့်ကုန်၊ ကျက်သရေမိုး ဇွေဖြိုးပါလှည့်ကုန်ဟု အမြဲတစေ ဖိတ်ခေါ်နေဘိသကဲ့သို့လည်း ရှိချေသည်။

စာဆိုတော် နတ်သျှင်နောင်၏ ရတုစာတော်များမှာ ဂုဏ်၊ ရသ၊ အလင်္ကာတို့ဖြင့် ပြည့်လျှမ်းတင်ကြွယ်နေသည်နှင့်အမျှ စာဆိုတော်၏ ဘဝဖြစ်စဉ်မှာလည်း ထူးထွေဆန်းပြား အံ့အားသင့်ဖွယ် ထူးခြားချက်တို့ဖြင့် ခြယ်လှယ်၍ နေသည်။ ပုထုဇဉ်လူသားတစ်ဦးမျှသာ ဖြစ်တော်မူသည့် စာဆိုတော် နတ်သျှင်နောင်မှာ လူ့လောက ဇာတ်ရုံအလယ်တွင် ဝင်ရောက်ကပြနိုင်ခဲ့လေသော်လည်း ကံဇာတ်ဆရာ၏ စီမံခြယ်လှယ်မှုကြောင့် အတင့်အတယ် အဖွယ်အရာကား မဖြစ်ခဲ့ရှာပေ။

လောကဓံလေမုန်တိုင်းသည် စာဆိုတော်၏ ဘဝကို ကြမ်းကြမ်း၊ ထန်ထန်၊ ပြန်ပြန်ဖြုန်းဖြုန်း၊ မှုန်းမှုန်းချေချေ၊ စွေစွေတိုက်တိုက်၊ ဝိုက်ဝိုက်ဝေ့ဝေ့၊ ပြုခဲ့လေသဖြင့် ဘဝဖြစ်စဉ်မှာ အတက်၊ အကျ၊ အရွေ့၊ အလျား၊ အမော့၊ အသက်၊ အကွေ့၊ အကောက်နှင့် နဂါးပတ်ခြုံးလိမ်ပမာ ဖြစ်ခဲ့ရရှာသည်။

နတ်သျှင်နောင်သည် ဟံသာဝတီနန်း၌ဘုန်ရှိမှ အချောတကာ့ထွတ်တင်၊ အယဉ်တကာ့ ထွတ်မျှူး ပင်တိုင်စံ ရာဇဓာတုကလျာ ကြော့မျှူးနှင့် ရွှေဖူးစာ ဥဏ္ဏလုံကံဆုံ၍တွေ့ကာ အမေ့အမူး ရွှေမေတ္တာ ကွန့်ကွန့် လူးခဲ့ရသည်။ သို့သော်သတ္တဘာဂ ဖူးစာနတ်မောင်သည် အငြိုးနှင့်လှောင်ခဲ့လေသဖြင့်… မေတ္တာ၏အေးရိပ်တွင်ခိုရသည့် အံချိန်ထက်၊ဝိပ္ပယောဂဒုက္ခနေအပူတွင် သည်းလောင်ကြွေ ဘဝင်ဆူလောက်အောင် အပူမီးတောက်ခဲ့ရသည်။

နတ်သျှင်နောင်သည် အချစ်ရေးတွင်လည်း ရှုံးနိမ့်ခဲ့ရသည်။ စစ်ရေးတွင်လည်း ရှုံးနိမ့်ခဲ့ရသည်။ နိုင်ငံရေးတွင်လည်း ရှုံးနိမ့်ခဲ့ရသည်။ အရေးအရာအားလုံးတို့အနက် စာပေရေးတွင်သာ တံခွန်ကို လွှင့်တော်မူနိုင်ခဲ့သည်။

ဆွေးမြေ့ဖွယ်၊ ဆွတ်ပျံ့ဖွယ်၊ အသည်းနှလုံးနာကြည်းဖွယ် နတ်သျှင်နောင်၏အဖြစ်ကိုရာဇဝင်၊ မှတ်တမ်း၊ စာတမ်း၊ အစောင်စောင်နှင့် ညှိနှိုင်းကာ မော်ကွန်းတင်လိုသည်မှာကြာပြီဖြစ်သည်။ တစ်နေ့ တစ်နေ့ ရက်တွေ လျားကာ လများကုန်ခဲ့၊ နှစ်ပေါင်းပင်ချဲ့လာသည်။ ယခုမူ ကျွန်တော်သည် တာဝန်အရပ်ရပ် မအားမလပ်သည့်ကြားမှပင် "ဆေးတစ်အိုးကျမ်း ကွမ်းတစ်ယာ ညက်" ရရှိနိုင်သမျှသော အချိန်ကိုလုယက်၍ ဤအတ္ထုပ္ပတ္တိစာတမ်းကို ပြုစုလိုက်ပါပြီ။

ဤအတ္ထုပ္ပတ္တိ စာတမ်းဖြင့် စာဆို့ဗိမာန်ပျော် စာဆိုတော် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် စာဆိုတော်၏ သည်းပွတ်ရတနာစာဆိုမယ် ရာဇဓာတုကလျာအား ဦးခိုက်ရှိကျိုးလိုက်ပါသည်။

ကျွန်တော်သည် စာဆိုတော် နတ်သျှင်နောင်၏ဂုဏ်ကျေးဇူးကို အတ္ထုပ္ပတ်စာတမ်းဖြင့် ချီးပကျေညာ ကောင်းချီးငြာလိုက်ပါသည်။စာဆိုတော် နတ်သျှင်နောင်၏ မကုန်ဆုံးနိုင်ဖွယ်သော ဂုဏ်ကျေးဇူးတို့ကို ဖော်ထုတ်လိုက်ပါသည်။စာဆိုတော်နတ်သျှင်နောင် ချမှတ်တော်မူခဲ့သည့် စာပေလမ်းစဉ်ကို လိုက်နာရန်အမိဋ္ဌာန်ပြုလိုက်ပါသည်။

စာဆိုတော် တောင်ငူဘုရင် နတ်သျှင်နောင်၏ ဂုဏ်ကျေးဇူးတော်များသည် ကမ္ဘာကုန်ခန်းသော်လည်း ဥဒါန်းမကျေပါစေသတည်း။ စာဆိုတော်၏ စာပေရတနာပန်းအဖြာဖြာတို့သည် ကမ္ဘာကုန် ကျွမ်းသည်အထိ ပွင့်လန်းပါစေသတည်း။

ဦးညွှတ်ရိုကျိုးလျက်
စိန်လွင်လေး

## ကံနည်းသူ နတ်သျှင်နောင်

ပင်တိုင်စံ ဓာတုကလျာ အနွဲ့ငယ်ကြောင့်
ကြင်ပိုင်ရန် စာအညှာကဖျာ ဖွဲ့ရှာရ
မဟာသမုဒယာ ချဲ့ပါတဲ့အကြောင်းခံ။ ။
(အသက်လို) အချစ်ထူးရှေ့ထင့်
ပုရစ်ဖူးတွေ ဝေဝေမြိုင်တော့
မဖြေနိုင် အပူမီးငယ်ကြောင့်
တွေတွေမှိုင် အူအသည်းမှာဖြင့်
ညီးထိန်လို့လှုံ။ ။
စုလျားပြိုင်ဖွယ် တွေးလေဆွေးရှေ့ထင့်
ဘုရားတိုင် တသွယ် ကျေးစေရေးပါလို့
ဝေးနေ ပေးကိုတဲ့ သူစိမ်
ကူညီရန်ကွဲ့ ဖတ်သူအပေါင်း။ ။
ကြည့်တဖန်၊ အမိသဏ္ဌာန် တစမခြားတဲ့ပြင်
နမအလားကွယ် အပိုကြင်ပြန်၍
နဂိုယဉ်ဟန် သူကိုလေ၊ နစ်ကိုယ်ယှဉ်စံကာ
အကိုဘုရင် အမှန်သဏ္ဌာမောက်တာဖြင့်လဲ
ရဝိအဆောင်မှာ၊
ကဝိမောင် မိဖုရားခေါင် မြှောက်ပါရဲ့တဲ့
မြန်မကြာ၊ ဟံသာကိုကြံကာနှောက်သော်ကြောင့်
စိတ်ရောက်ရာ မအောင်မြင်ပါ၍
ကားစင်မှာ၊ ကုလားငဇင်ကာတို့နဲ့ တွဲပါလို့
သနားမကြင်နာ အသားတာံကျင်မှာ စွဲသော်ကြောင့်
ကံနည်းသူ တဖိုဖိုနှင့်၊ ပိုကရို အသေမလှသူမို့
တို-နဂိုပဝေ အစရယ်က
မရေမရာ ဖန်လှာပုံ မကောင်းလိုက်ပါဘိသနဲ့
အိုကွယ်...အခြေမကျ၊ ခေရတဲ့ ကံကြမ္မာအကြောင်း။ ။

တက္ကသိုလ်-မောင်သန့်စင်
(ပါမောက္ခကြီး ဦးဇမောင်)

# ကိုးကားသောကျမ်းများ

## (က) ကဗျာလင်္ကာနှင့် စာပေဆိုင်ရာ ကျမ်းများ

၁။ ကဗျာဗန္ဓသာရကျမ်းရင်းနှင့် နောက်ဆက်တွဲ ၃-ပိုင်း၊
ပုဂံဝန်ထောက်မင်း ဦးတင်။ တတိယအကြိမ်နှိပ်ခြင်း။
အမျိုးသား စာပုံနှိပ်တိုက်။ ၁၂၉၁-ခု။

၂။ ပေါရာဏ ဒီပနီကျမ်း။ ပထမတွဲ၊
မှော်ဘီ ဆရာသိန်းကြီး၊ တတိယ အကြိမ်နှိပ်ခြင်း။
မြန်မာပိဋကတ် ပုံနှိပ်တိုက်။၁၂၉၂-ခု။

၃။ ဝေါဟာရ လီနတ္ထ ဒီပနီ။ ဒုတိယအကြိမ် နှိပ်ခြင်း။
လှေသင်းအတွင်းဝန် မဟာဇေယ သင်္ချာ၊ဟံသာဝတီ
ပုံနှိပ်တိုက်။၁၉၆၃-ခု။

၄။ ကဗျာ သာရတ္ထ သင်္ဂြိုဟ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း။
ရန်အောင်မင်္ဂလာ ပုံနှိပ်တိုက်။ ပုံနှိပ်ခုနှစ်မပါ။

၅။ ကဗျာသင်္ဂဟ မေဒနီ။ ထပ်မံပုံနှိပ်ခြင်း။ ပညာအုပ်မင်း ဦးလွင်။
ဟံသာဝတီ ပုံနှိပ်တိုက်။၁၉၆၆-ခု။

၆။ မြန်မာစာညွှန့်ပေါင်းကျမ်း။ ဒုတိယတွဲ။ ကြီးကြပ်ပြင်ဆင်သူ
ကျက်သရေဆောင် ရွှေစလွယ်ရမင်း ဦးကျော်ထွန်း။ မြန်မာ
နိုင်ငံတော်အစိုးရစာပုံနှိပ်တိုက်။ ၁၉၂၉-ခု။

၇။ မြန်မာစာပေသမိုင်း။ တတိယနှိပ်ခြင်း။ ပါမောက္ခ ဦးဘေမောင်တင်။
သုဓမ္မဝတီ စာပုံနှိပ်တိုက်။ ၁၃၀၉-ခု။

၈။ ကဝိဘာရတီကျမ်း။ ဒုတိယတွဲ။ ပုပ္ပား ဦးကျော်ရင်၊
ဟံသာဝတီ ပုံနှိပ်တိုက်။ ၁၉၃၇-ခု။

၉။ သေနင်္ဗျူဟာ စစ်သမိုင်းနှင့် ဗျူဟာစက္ကပျို့။ တည်းဖြတ်သူ-
ဦးဘသောင်း။ ဟံသာဝတီပုံနှိပ်တိုက်။၁၃၀၅-ခု။

## (ခ)ကဗျာစာပေကောက်နုတ်ချက်စာအုပ်စာတမ်းများ

၁။ အနုစာပေကောက်နုတ်ချက်။ (ပထမတွဲ)
ရွေးချယ်စီစဉ်သူ-ပါမောက္ခကြီးဦးဖေမောင် မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း၊ ပုံနှိပ်ခုနှစ်မပါ။

၂။ အထက်တန်း မြန်မာစကားပြေနှင့် ကဗျာကောက်နုတ်ချက်။ (ပထမတွဲ)ရွေးချယ်စီစဉ်သူ၊ ပါမောက္ခကြီး ဦးဖေမောင် မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း၊ ၁၉၆၀-ခု။

၃။ ကဗျာညွန့်ပေါင်း(ပထမတွဲ) အယ်ဒီတာ ဆရာရွှေ ရန်ကုန်စတိုးနှင့်စာပုံနှိပ်တိုက်။ ၁၂၈၆-ခု။

၄။ ဘာချာသိပ္ပဝိစိတြ ကဗျာရာသီ(ဒု-အကြိမ်နှိပ်)ပြုစုသူအမည်မပါ၊ လယ်တီမဏ္ဍိုင်၊ ၁၃၂၁-ခု။

၅။ စစ်ထွက်စာဆိုများ ဟံသာဝတီ ဦးဘရင် စာပေဗိမာန်။ ၁၉၆၆-ခု။

၆။ စာပေလောက(ပထမတွဲ) ဆရာဇော်ဂျီနှင့်ဆရာမင်းသုဝဏ် ဟံသာဝတီပုံနှိပ်တိုက်။၁၉၄၉-ခု

၇။ မှတ်တမ်းဝင်ဗမာ့အရေးအခင်းများ ဆရာကြီးဖေယျ။ ချိုးဖြူစာပေ ဖြန့်ချိရေး။ ပုံနှိပ်ခုနှစ်မပါ။

၈။ စာပေ့တာဝန် မြန်စာဂုဏ်ကျော်မြင့်။ အောင်မြေစာပေ၊ ချိုးဖြူပုံနှိပ်တိုက်၊ ၁၉၆၇-ခု။

## (ဂ)နတ်သျှင်ကိုယ်တော်၏ရတုကာများဆိုင်ရာနှင့် မှီငြမ်းပြုစာအုပ်စာတမ်းများ

၁။ တောင်ငူမင်းဆို ရတုစာတော်နှင့်ရှင်ဥက္ကံသမာလာ အဖြေ။ မြန်မာ့ကြက်သရေ စာပုံနှိပ်တိုက်။ ၁၉၂၁-ခုနှစ်။
၂။ တောင်ငူမင်းဆို ရတုပိုဒ်စုံ အဖြေ။ သံတော်ဆင့်ဦးတိုး၊(သက္ကရာဇ် ၁၁၅၁တွင်ဖြေ) ဟံသာဝတီသတင်းစာတိုက်။၁၈၉၉ ခုနှစ်။
၃။ နတ်သျှင်နောင်ဆိုရတု ဟံသာဝတီမူ၊ ၁၉၂၀-ခု။
၄။ နတ်သျှင်နောင် ရတုပေါင်းချုပ်။ ဟံသာဝတီမူ၊ တည်းပြတ်သူ ဦးအုံးချွေ၊ ၁၉၆၆-ခု။
၅။ နတ်သျှင်နောင်ဆိုရတု။ သုတေသနမူ၊ တည်းပြတ်သူ ပါမောက္ခဦးချမ်းမြ။ ပြည်ကြီးမဏ္ဍိုင်တိုက်၊ ၁၃၀၁(ခန့်)
၆။ မင်းနဝဒေးဆို ရတုပေါင်းချုပ်။ တည်းပြတ်သူ ဟံသာဝတီဦးဘရင်။ ပိဋကတ်တော်ပြန့်ပွားရေးဌာန။
၇။ မင်းဧယျရန္တမိတ်နှင့် ရှင်သံခိုဆို ရတုများ။ တည်းပြတ်သူ ဦးချမ်းမြ (မဟာဝိဇ္ဇာတွဲ့ရ)မန္တလေးတက္ကသိုလ်ကျောင်း သုတေသနအဖွဲ့။ ၁၉၅၅ ခု။

## (ဃ)အတ္ထုပ္ပတ္တိနှင့်မှီငြမ်းပြုဝတ္ထုများ

၁။ စာဆိုတော်များ အတ္ထုပ္ပတ္တိ။ မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်း၊ မဟာဝိဇ္ဇာ(ရွှေတံဆိပ်ရ)ရှုမဝတိုက်၊ ၁၉၆၂-ခု။
၂။ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပတ္တိပေါင်းချုပ်။ ဆရာလှသမိန်။ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁-ခု။
၃။ စာပြုစာဆို ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ။ ဆရာကြီးဒဂုန်နတ်ရှင်၊ ယောဂီပုံနှိပ်တိုက်၊၁၉၆၇-ခု။
၄။ နတ်သျှင်နောင်(ပထမနှင့်ဒုတိယတွဲပေါင်းချုပ်) လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီး။ ချိုးဖြူစာပေတိုက်၊ ၁၉၆၅-ခု။
၅။ နာခံတော်ဝတ္ထု(တတိယအကြိမ်နှိပ်ခြင်း)ရွှေစကြာဘွဲ့ခံ ဦးစိုးမြင့်။ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း၊ ၁၉၄၁-ခု။
၆။ ဓာတုကလျာဝတ္ထု(ဒုတိယအကြိမ်နှိပ်ခြင်း)ဆရာကြီးရွှေစကြာ။ စိန်တင် စာပေရိပ်မြုံ၊ ၁၉၆၅-ခု။

## (င)ရာဇဝင်နှင့်သမိုင်းစာအုပ်စာတမ်းများ

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ။ မြန်မာပညာရှိများ။ မအေးတင် ပိဋကတ်စာပုံနှိပ်တိုက်၊ မိတ္ထီလာမြို့။ ၁၃၀၃-ခု။

၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊တတိယတွဲ။ မြန်မာပညာရှိများ။ ရန်ကုန်၊ မန္တလေးပိဋကတ်စာအုပ်တိုက်ဆိုင်။ ၁၃၁၇-ခု။

၃။ မဟာရာဇဝင်ကြီး၊ ဒုတိယအုပ်။ ဦးကုလား၊ ဆရာပွား တည်းဖြတ်သည်။ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀-ခု။

၄။ မဟာရာဇဝင်ကြီး၊ တတိယအုပ်။ ဦးကုလား၊ ဆရာဦးခင်စိုး တည်းဖြတ်သည်။ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၁-ခု။

၅။ သုဿောဓိတ မဟာရာဇဝင်ကြီး၊ တတိယတွဲ၊ ကြပ်မတ်၊ ပြင်ဆင်၊ ဆရာကြီးဦးဘီ၊ ဆရာသိန်း၊ ဆရာကိုဘကျော်။ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၉၂၂-ခု။

၆။ မြန်မာရာဇဝင် သံခိပ်ကျမ်း၊ ဒုတိယအကြိမ်နှိပ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး။ ပညာအလင်းပုံနှိပ်တိုက်၊ ၁၂၉၂-ခု။

၇။ ကျောင်းသုံးမြန်မာရာဇဝင်။ဦးဘသန်း B.A. ဆန်းဟွာရောင်စုံပုံနှိပ်တိုက်၊ ပုံနှိပ်ခုနှစ်မပါ။

၈။ ခေတ်မှီမြန်မာရာဇဝင် အကျဉ်း။ အမျိုးသားပညာဝန် ဦးဘိုးကျား။ မြန်မာ့ဂုဏ်ရည်စာအုပ်ဌာန၊ ပုံနှိပ်ခုနှစ်မပါ။

၉။ ခေတ်သစ်ကျောင်းသုံး မြန်မာပြည်သမိုင်း။ ဆရာဦးသိန်းချစ်။ နေဝင်းကြည် ပုံနှိပ်တိုက်။ ပုံနှိပ်ခုနှစ်မပါ။

၁၀။ မြန်မာရာဇဝင်သစ်။ ဒုတိယစာစောင်၊ ဆရာဦးအုန်းမောင်။ ဂန္ဓမာ ပုံနှိပ်တိုက်၊၁၉၅၀-ခု။

၁၁။ မြန်မာရာဇဝင်မဇ္ဈူ။ ဦးဗညွန့်။ ခေတ်မိတ်ဆွေ ပုံနှိပ်တိုက်၊၁၉၅၆-ခု။

၁၂။ တောင်ငူရာဇဝင် အကျဉ်းချုပ်နှင့်ရွှေဆံတော်ဘုရားသမိုင်း။ဦးချမ်းမြ၊ မဟာဝိဇ္ဇာတွဲ့ရ။ ဇေယျစာပုံနှိပ်တိုက်၊တောင်ငူမြို့။ ပုံနှိပ်ခုနှစ်မပါ။

၁၃။ ငါးထပ်ကြီးဘုရားသမိုင်း။ ကဝိဓဇတွဲ့ခံ ဦးကျော်။ မြန်မာ့စည်းရုံးရေး ပုံနှိပ်တိုက်၊ ကျောက်တန်းမြို့။ ပုံနှိပ်ခုနှစ်မပါ။

၁၄။ ကျိုက်မှော်ဝန်း စေတီတော်သမိုင်း။ ကဝိဓဇဘွဲ့ခံ ဦးကျော်၊ မြန်မာ့စည်းရုံးရေးပုံနှိပ်တိုက်၊ကျောက်တန်းမြို့။ ဒုတိယနှိပ်ခြင်း၊ ပုံနှိပ်ခုနှစ်မပါ။
၁၅။ ပါဒနိုင်ငံတော်ရာဇဝင် ပြည်တော်သာ ဦးထွန်းရီ။ပြည်တော်သာစာပေတိုက်၊၁၃၁၉-ခု။
၁၆။ သံလျင်-ကျောက်တန်း စေတီတော်များ၏သမိုင်း။မွန်ဆရာတော်ဦးသီလ၊ အောင်စာပုံနှိပ်တိုက်၊သာသနာ ၂၄၉၅၊ဒုတိယအကြိမ်နှိပ်ခြင်း။
၁၇။ ကျိုက်ခေါက်စေတီတော်သမိုင်း၊ကထိက ဦးသက်တင်၊သုဝဏ္ဏဝတီပုံနှိပ်တိုက်၊၁၉၅၇-ခု။
၁၈။ မဟာစေတီတော်သမိုင်း၊ ဦးစိန်လွင်လေး၊ဇောတိကပုံနှိပ်တိုက်၊၁၉၆၂-ခု။
၁၉။ ပြည်ထောင်စုသမိုင်းပုံပြင်များ(ဒုတိယစာစောင်)မဟာဝိဇ္ဇာဘွဲ့ရ-ဦးသိန်းဟန်၊ စာပေဗိမာန်၊ ၁၉၆၃-ခု၊ အဋ္ဌမနှိပ်ခြင်း။
၂၀။ ကေတုမတီ ရာဇဝင်ချုပ်၊ (မင်းတရားရွှေထီးနှင့်ဘုရင့်နောင်) ဦးစိန်လွင်လေး၊ ခေတ်မှီစာပေတိုက်၊၁၉၆၈-ခု။
၂၁။ မြန်မာ့ သေနင်္ဂဗျူဟာနှင့် စစ်မှတ်တမ်းများ၊ဦးစိန်လွင်လေး။ ခေတ်မှီစာပေတိုက်၊ ၁၉၆၈-ခု။
၂၂။ The Alaungpra Dynasty James Gray-Translated By, and Published Under The Authority Of, The Text Book Committee Printed At The "Friend Of Burma". Press, Rangoon 1908
၂၃။ History Of Burma G.E. Harvey, I.C.S., Longmans, Green and Co., Paternoster Row, London, 1925.

*

## အထွေထွေ စာအုပ်စာတမ်းများ

၁။ လောကနီတိ၊ပါဠိနိဿယ။ (နိဿယပြန်၊ဆရာတော် ဦးဗုဒ်)
၂။ ဘိသိက်မင်္ဂလာကျမ်း (ပထမတွဲ) ဆရာဣန္ဒာဝဇီရဘွဲ့မည်၊ သာယာဝတီ
သခင်အောင်ချိန် ပညာ့အလင်းပြတိုက်။၁၉၅၇-ခု

နှင့်

အခြားသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဖပါဆောင်းပါးများ။ကိုယ်ပိုင်မှတ်တမ်းများ။

## ရာဇဓာတုကလျာ

''စံခိုင်းလျော်သစ်၊
ရွှေနယ်နစ်မျှ
တင်ပြစ်မစက်၊
လဲ့လဲ့ညက်ကို၊
ထက်နတ် ဘုံနေ၊
ခုသာ ကြွေသို့၊
တင့်နေ ရှုမြော်၊
အကျော်ပုံမွန်၊
ဝင်းငြိမ့် ရွှန်း...''

(တင့်လှပေဟန်-ချိုး၊ ရူပကလျာဘွဲ့)

## နတ်သျှင်နောင်၏'တင့်လှပေဟန်'ချိုး၊ရူပကလျာဖွဲ့ရတု

## ပထမပိုဒ်

တင့်လှပေဟန်၊ ဖက်မရန်တည့်၊
ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့
ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်
ရွှန်းရွှန်းစက်မျှ ဝင်းလက်ရောင်ရွှေ
အခေါင်ပေတည့်၊ တောင်နေနတ်ဟန်

မြတ်သစ်ကြွန်နှင့်၊ ပန်းမာလ်ရေးချေ
ထုံးနေမကျော၊ ပတ်လျှာဆံကြာ
ကျတိုင်းသာလျှင်၊ ရွှေဝါပိတ်ရှင်း
ထည်ချင်းစမွာယ်၊ နံ့ကြွယ်လှိုင်ကြူ
မဍ္ဍျမျုက်မည်း၊ ပေါ်ထပ်စည်းနှင့်
မရည်းမထင်၊ ဖြုတ်ချည်းမြင်က
နတ်ပင်ယိုးမှား၊ ဝိုးဝါးတွေးချွတ်
စိတ်လုံးညွှတ်သည်။ ။
ဘုံထွတ်နန်းတောင် နေတို့လော။

**နတ်သျှင်နောင်၏ 'တင့်လှပေဟန်' ချီ ရှုပကာရျာပွဲရဲ့
ပထမပိုဒ်ကို လိုက်ထားသော ပါမောက္ခ ဦးဖေမောင်တင်၏ တေးထပ်**

တင့်လှပေ, ဟန်မူယဥ်
စံတူဖြင့် ဖက်ကွာ
ဖမ္မူစင့် သက်လျှာငယ်
ညက်ဝါရွှေအသား
ခြောက်ရှာနတ်ခင်းဆက်ကာ
ဆင်းသက်ရှာလေရော့သလား
ကြွန်အင်မြတ် ထွေထွေညီ
မဟေသီမခြား
ဖြေမဆည် ပူအားကြောင့်
မင်မသားမခြယ်
ကေသာဆံ ပြေကာကျ
ရွှေဝါလှ ပိတ်ရှင်းထည်စမွာယ်
ကမ္ဘလာမြ ရန့်ကြွယ်ကို
ဆန့်တကြယ် ဆင်သလို့
မြင်ခဏ ရှောင်တခင်
စွဲစိတ်ဘဝင်
ဖူးတွေ့တော့ မူးမေ့ချင်တယ်
ထူးပေ့ခင် ဓာတုရဲ့လေး။

စာပြီးနှစ်
၁၉၄၈-ခု၊ စက်တင်ဘာလ

## မော်ကွန်းတင်လွှာ

တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့စဉ်က ကျွန်တော့်အား 'နတ်သျှင်နောင် ရတုစာတော်'များနှင့် ပတ်သက်၍ ယထာဘူတ နည်းစနစ်တကျ သင်ကြားပို့ချ ပေးကာ ဉာဏ်အမြင် ပွင့်လင်းစေခဲ့သည့် ကျေးဇူးရှင်-

**ပါမောက္ခကြီး ဦးမောင်**

**ကထိက ဦးကျော်ရင်**

ကထိက ဒေါ်သန်းဆွေ တို့အား ဤစာတမ်းဖြင့် ရှိုးဦးခိုက် ကျေးဇူး တုံ့ပြန်လိုက်ပါသည်။ ပါမောက္ခ ဦးချမ်းမြ၊ ဆရာကြီး ရွှေစကြာ အစရှိသော စာပေကျေးဇူးရှင်များအားလည်း ဂါရဝတရားဖြင့် ဦးညွှတ် လိုက်ပါကြောင်း မော်ကွန်းတင်အပ်ပါသည်။

**စိန်လွင်လေး**



# နတ်သျှင်နောင်နှင့် ဓာတုကလျာ
# ဘဝမှတ်တမ်း

## ရွှေဘုံဟင်သာ့နန်းဌာန

"ရာဇဌာနီ၊ မြို့ကြီးပီ၍၊
တုသီတာမှ၊ ဘုံလျှင်ကျသို့"

တိုင်းကြီးပြည်ကြီးအပေါင်း ထီးဆောင်းမင်း တကာတို့၏ အရှင်ဖြစ်တော်မူသော ဆင်ဖြူဆင်နီများသခင် သီရိတြိဘဝနာ ဒိတျာ ပစရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိဘွဲ့တော်ခံ ဘဝရှင်ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းတရားကြီးစံတော်မူရာ ဟံသာဝတီ မင်းနေပြည်တော်ကြီးသည်ကား စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာဟူသော နတ်ပြည်သုံးထပ်ကို လွန်လျက် ထူးမြတ်လွန်စွာ တုသီတာနတ်ပြည်နှယ် ပကတိအားဖြင့် ဆန်းကြယ်ဖွယ်ရာ တိုင်းပဒေသာတို့၏ မကိုဋ်ဥဿျောင်ပမာ စံထားထိုက်လှ ပေတော့သည်။

မြန်မာတို့၏ ဦးစွန်းသရဖူသည် အစဉ်အားဖြင့် ပုဂံ၊ ပင်းယ၊ ရွှန်းပရံ့ဆိုင်း၊ စစ်ကိုင်းတလီ၊ အင်းဝ နေပြည်တော်များဆီတွင်သာ ကျင်လည် လှည့်ပတ် ပြာသာဒ်ထီးဖြူ မင်းထီး မူခဲ့သည်။ ယခုအခါတွင်ကား မြန်မာ့ အောင်လံတော်သည် အောက်ပြည်အောက်ရွာသို့ ရွှေလျောသက်ပြောင်းကာ၊ ဟံသာဝတီ၊ သာသည်နဂိုရ်၊ မြေဗဟိုတွင် အဟိုပတ်လုံး အံ့မဆုံးအောင် မော်ကွန်းစိုက်ထောင်ခဲ့ရပေပြီ။

ဟံသာဝတီပြည့်ရှင် ဘုရင်တပင်ရွှေထီးသည် သက္ကရာဇ် ၉၁၂ ခုနှစ်၊ ကဆုန်လဆုတ် ၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် စစ်တောင်းစား သမိန်စောထွတ်၏ လက်ချက်ဖြင့် လွန်တော်မူသောအခါ မြန်မာ့ လက်နက်နိုင်ငံတော် တစ်ခုလုံးသည် ဝါးအစည်းပြေဘိသကဲ့သို့ ဖြစ်ခဲ့ရသည်။ တစ်တော တစ်ကြက်ဖ တွန်ဘိသည့်အလား ထီးပြိုင်နန်းပြိုင် မင်းငယ်အမြောက်အမြား ပေါ်ပေါက် လာကြလေသည်။ ပုရိသအာဇာနည် ဘုန်းလက်ရုံးအရှင် ဘုရင့်

နောင်မင်း တရားကြီးသည် နိုင်ငံတော်စည်းလုံးမှုကို ဆောင်ရွက်တော်မူရပြန်သည်။ ပထမတွင် မင်းနေပြည်ဟူ၍ အတည်တကျမရှိ။ ကေတုမတီတောင်ငူပြည်ကိုပင် ယာယီမင်းနေပြည်ပြု၍ ထောင်ထားခြားနားကြသည့် မင်းငယ်တို့ကို တစ်ဆယ့်ခြောက်နှစ်မျှသော ကာလတိုင်အောင် သိမ်းသွင်းတော်မူရလေသည်။ အလုံးစုံ အောင်မြင်တော်မူသောအခါတွင်ကား ဘုရင့်နောင်မင်းတရားကြီး၏ အာဏာစက်ပြန့်ရာ လက်နက်နိုင်ငံတော်မှာ အရှေ့ဘက်တစ်လွှားတွင် ယိုးဒယားအထိ ကျယ်ဝန်းလာလေသည်။

တစ်နေ့သောအခါတွင် မင်းတရားကြီးသည် သားတော်မဟာဥပရာဇာ အစရှိသော မှူးတော်မတ်တော် ဒေါဖညားတို့ကို ခေါ်တော်မူ၍ ဤသို့အမိန့်တော်ရှိသည်။

"ငါ၏တိုင်းကား နိုင်ငံတို့သည် အလွန်ကျယ်ဝန်းလှသည်။ ထိုသို့ကျယ်ဝန်းသော တိုင်းကားနိုင်ငံတော်အတွင်းတွင် တစ်ပါးပါး၏ နိုင်ငံတော်သည် တစ်စုံတစ်ခုသော အခင်းအခန်း ထွက်လတ်သည်ရှိသော် ငါကိုယ်တော်ပင် ချီရသောအခါ ချီတော်မူရမည်ဖြစ်သည်။ ယင်းသို့ ချီတော်မူသောအခါ မြို့ပြမရှိသည်ရှိသော် လူသွမ်း လူပျက်တို့သည် မကောင်းသောအကြံအစည်ဖြင့် တစ်ချက်တစ်ချက် တစ်လက်တည်း ပေါင်းစည်း၍ သောင်းကျန်းပုန်ကန်လေသည်ရှိသော် ပြည်သူလူအပေါင်းတို့သည် ချောက်ချား၍ နှလုံးနှောင့်ယှက်လေရာသည်။"*

မင်းတရားကြီး၏ နှုတ်မြွက်ထွေသာ စကားအလာကိုကြားရသောအခါ သားတော်မဟာ ဥပရာဇာက ဤသို့နားတော်လျှောက်၏။

ဘုန်းတော်ကြီးလှသော ဘဝရှင် မင်းတရားကြီး ဘုန်းလက်ရုံးအာဏာတော်ကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ကျော်စောထင်ရှားလေပြီးသည်။ ထိုသို့သော ပြည်တို့က သံကြီး တမန်ကြီးရောက်လာသောအခါ အင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသော မြို့ပြကျုံးမြောင်း မရှိသည်ရှိသော် မသင့်ချေ။ ယင်းသို့ဖြစ်သောကြောင့် အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသောမြို့ကို တည်တော်မူမှသင့်မည်"**

---


* မဟာရာဇဝင်ကြီး ဒုတိယအုပ်၊ ၃၇၅-၃၇၆
မှန်နန်းရာဇဝင်တော်ကြီး ဒုတိယတွဲ၊ ၃၉၉

** မဟာရာဇဝင်ကြီး ဒုတိယအုပ်၊ ၃၇၆၊ မှန်နန်းရာဇဝင် ဒုတိယအုပ်၊ ၄၀၀

မှူးတော်မတ်တော် ဒေါဗညားတို့ကလည်း သင့်မြတ်ကြောင်း အသီးသီး လျှောက်ထားကုန်ကြသည်။

ဤသို့အားဖြင့် သက္ကရာဇ်၉၂၈ခုနှစ်၊တန်ဆောင်းမုန်းလဆန်း၁၀ရက် ကြာသပတေးနေ့၊ မြို့ရှေ့ကတောင်ကို တူးစေ၍ အနောက် ချိုင့်ဝှမ်းရာသို့ချည်း ပို့ရသည်။ နတ်တော်လဆန်း၅ရက် သောကြာနေ့တွင် စတုရန်းအတာ သုံးထောင်လေးရာ ရှိသော ဟံသာဝတီ မဟာရာဇဌာနီ ရွှေမြို့တော်၊ရွှေမော်ဓော စေတီ မဟာရဲ၊ ပိဋကတ်တိုက်၊ ဤသုံးဌာနကို တစ်ပြိုင်နက် တည်လုပ်တော်မူသည်။ နတ်တော်လပြည့်ကျော် ၃ရက် ကြာသပတေးနေ့ မြို့တော်တံခါးတိုင်စိုက်သည်။ တပေါင်းလဆန်း၅ရက် သောကြာနေ့တွင် ဟံသာဝတီ မြို့ဝန်းကျင်ကိုကျုံးတူးစပြုသည်။*

ဟံသာဝတီ ရာဇဌာနီ မြို့တော်သစ်တွင် စော်ဘွားစော်ကန် မြို့စားအပေါင်းတို့က မြို့ရိုးတံခါး ပြာသာဒ်တစ်ဆောင်ကျစီဆောက်လုပ်ရသည်။ နန်းမြို့ရိုးတွင် တံခါးပေါင်း၂၀တိတိရှိ၍ ထိုမြို့တံခါးများကို မိမိတို့စားသော မြို့ အမည်များအတိုင်း အမည်နာမ ပေးထားကြပေသည်။




ဟံသာဝတီမြို့သစ်

## မြို့တံခါးအမည်များ

၁။ ယိုးဒယားတံခါး    ၁၁။ ဇင်းမယ်တံခါး
၂။ တနင်္သာရီတံခါး    ၁၂။ မိုးမိတ်တံခါး
၃။ မုတ္တမတံခါး    ၁၃။ မိုးညှင်းတံခါး

---

* မဟာရာဇဝင်ကြီး ဒုတိယအုပ်၊ ၃၇၆-၃၇၈၊
မှန်နန်းရာဇဝင် ဒုတိယတွဲ၊ ၄၀၀-၄၀၂

| | |
|---|---|
| ၄။ ပုခန်းတံခါး | ၁၄။ မိုးကောင်းတံခါး |
| ၅။ ပုသိန်တံခါး | ၁၅။ ဒဝယ်တံခါး |
| ၆။ ပြည်တံခါး | ၁၆။ ကလေးတံခါး |
| ၇။ အင်းဝတံခါး | ၁၇။ မိုးနဲတံခါး |
| ၈။ တောင်ငူတံခါး | ၁၈။ ညောင်ရွှေတံခါး |
| ၉။ ဒလတံခါး | ၁၉။ သာယာဝတီတံခါး |
| ၁၀။ လင်းဇင်းတံခါး | ၂၀။ သိန္နီတံခါး |

ဟံသာဝတီမြို့သစ် ဗလောက်ပုံကို ပြည်ထောင်စုသမိုင်းပုံပြင်များ (၃)(မဟာဝိဇ္ဇာဘွဲ့ရဦးသိန်းဟန်) ၅၂ မှ ယူပါသည်။ မြို့တံခါးအမည်များကို မဟာရာဇဝင်ကြီး (ဦးကုလား)၊ ၃၇၉-၃၈၀ မှ ယူပါသည်။

"ထွက်ဝင်ပျော်ဖွယ်၊ တံခါးဝယ်ကား၊ ဇင်းမယ်-အုန်းပေါင်၊ ပြည်ထောင်ရာစင်း၊ မိုးညှင်း-မိုးကောင်း၊ တောင်ဆောင်းဒဝယ်၊ နောက်ဆွယ်ကလေး၊ မဝေးကြဘဲ၊ မိုးနဲညောင်ရွှေ၊ လှည့်လေလက်ယာ၊ သာယာဝတီ၊သိန္နီမကြွင်း ၊တနင်္သာရီ၊ လွှဲညီကျော်ကြား၊ ယိုးဒယားက၊ မုတ္တမနှင့်၊ မြောက်မှခတ်ယွန်း၊ ပုခန်း-ပုသိန်၊ စက်ရှိန်လျှံဝေ၊ သရေခေတ္တ၊ အင်းဝ-တောင်ငူ၊ တူရူရှေ့ခင်း၊ လင်းဇင်း-ဒလ၊ ဒွါရနှစ်ဆယ်"။ *

ဟံသာဝတီနေပြည်တော်သစ်တွင် တစ်ဖက်တွင် တံခါးကြီး၅ခုကျစီဖြင့် လေးဖက်၌ တံခါး ၂၀ရှိရာ ယင်းတံခါးတို့ကိုပြာသာဒ်ချည်း ဆောက်စေ၍ ရွှေအပြည့်ထည့် တော်မူသည်။ မြို့ရိုးတော်တွင် တန်ဆောင်းပြအိုးပေါင်း ၁၀၉တိတိရှိသည်။ ကျုံးရိုးမှာ တာပေါင်း ၂၀ နက် ကျယ်သည်။

"သွယ်သွယ်ရောင်မောင်း၊ တန်ဆောင်းပြအိုး၊ တစ်ရာ့ကိုးတိ၊ ကျုံးရိုးနက်ကျယ်၊ နှစ်ဆယ်တာမ၊ များလှပြောဟုံ၊ သာမျိုးစုံသည်။ ။ ရွှေဘုံပဟင်သာ့-နန်းဌာန"**

---

* - ** နဝဒေးကြီးဆို 'ရာဇဌာနီ'ချီ ဟံသာဝတီမြို့ဘွဲ့ရတုပိုဒ်စုံ။ ဤရတုကို ဆိုရာတွင်မှ ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး အားရတော်မူ၍ ထောင်သင်းမှူး မင်းလက်ယာအား 'နဝဒေး'ဟူသော ဘွဲ့ကို ပေးကြောင်း အတွင်းဝန်မင်းလက်ဝဲနော်ရထာ စီရင်သောနိဂုံး အဖြေစာတွင် ပါသည်။
(နဝဒေးဆိုရတုပေါင်းချုပ်-၈၇)။

ဤသို့လျှင် ဟံသာဝတီပြည်ကြီး၌ မြတ်သောအရည်နှင့် ပြည့်စုံသော ရွှေနန်းတော်ပြာသာဒ်၏တင့်တယ်ခြင်း၊ ရွှေမြို့တော်၏ တင့်တယ် ခြင်းကို ရှုသည်ရှိသော် အသောကဓမ္မရာဇာမည်သောမင်း၏ နေရာဖြစ်သော ပါတလိပုတ်ပြည်ကြီး၏တင့်တယ်သော မြတ်သော အသရေကဲ့သို့ အလွန် တင့်တယ်လှသည်။ ဆင်သံ-မြင်းသံ-လူသံ-စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်း အသံတို့ဖြင့်မဟာသမုဒ္ဒရာ လှိုင်းထသောအသံကဲ့သို့ အုတ်အုတ် ကျက်ကျက် မဆိတ်မည်ဖြစ်လေ၏။*

**ဟာဇီရာဇဝင်** ။ ဘုရင့်နောင် မင်းတရားကြီးသည် သက္ကရာဇ်၉၂၉ခု၊ **မှတ်တမ်းတင်။** တန်ခူးလပြည့်ကျော်၄ရက်၊တနင်းလာနေ့တွင် ရထား ပြာသာဒ် စီးတော်မူ၍ တောင်ခေမာဒ္ဒါရတံခါးမှ ဝင်တော် မူပြီးလျှင် အနောက်ကိုလည်၍ နန်းတက်တော်မူသည်။ နန်းမြို့ကိုလည်း 'ကမ္ဘောဇသာဒီ' ဟူ၍ သမုတ်တော်မူသည်။ မင်းတရားကြီး၏ ဘုန်းတော်နှင့် တကွ ကမ္ဘောဇသာဒီနန်းမြို့တော်ကြီး၏ အကြောင်းကို အီတလီလူမျိုးတို့က အံ့သြချီးကျူး၍ မှတ်တမ်းတင်ထားပုံများအား ဟာဇီရာဇဝင်၌ အောက်ပါ အတိုင်း ဖော်ပြထားပေသည်။

''ပဲခူးမြို့ကြီးကို ဝိုင်းရံလျက်ရှိသော မြို့ရိုးနှင့်တကွ ရေပြည့်လျက် မိကျောင်းများအမြဲရှိသော ကျုံးမြောင်းတန်ဆောင်းပြအိုး နန်းတော် အိမ်တော်တို့ကိုင်း၊ ဆင်မြင်းဗိုလ်ပါတို့သည် ဆန်းကြယ်စွာသော အဝတ် တန်ဆာ ဆင်ယင်၍ ဝေါယာဥ် ဆင်ဖြူတော်ကိုစီး၍ မြို့တော်ကို လှည့်လည် တော်မူသော ဘုရင့်နောင်မင်းအား ခြံရံ၍ လိုက်ခြင်းကိုင်း၊ ရွှေဖြင့်သွန်းလုပ်၍ ကျောက်မျက်ရတနာတို့ဖြင့် စီခြယ်သော ဆင်းတုရုပ်ပွား တော်များနှင့်တကွ သော ဘုရားဝတ်ကျောင်း တန်ဆောင်းများတို့ကိုင်း၊ ချပ်ဝတ်တန်ဆာ ဆင်ယင်ပြီးလျှင် မရေမတွက်နိုင်အောင်များပြားသော စစ်သည်သူရဲတို့ကိုင်း၊ မှူးကြီးမတ်ရာ သေနာပတိအစရှိသော ဝန်ကြီးတို့၏ အလယ်တွင် ရာဇပလ္လင် ထက်ညီလာခံနေသော ဘုရင်မင်းမြတ်ကိုင်း၊ အီတလီနိုင်ငံ ဗင်းနစ်မြို့မှလာ ရောက်ကြကုန်သော ကုန်သည်ကြီးတို့ မြင်ကြရ၍ များစွာအံ့သြကြပြီးလျှင် အတ္ထုပ္ပတ္တိ စာတမ်းတင်ထား ရေးသားထားကြလေသည်''။**

---

* မဟာရာဇဝင်ကြီး ဒုတိယအုပ်၊ ၃၉၀၊ မှန်နန်းရာဇဝင် ဒုတိယတွဲ၊ ၄၁၂

** ဓာတုကလျာ(ရွှေစကြာ)၂၇-၂၈

ဤကဲ့သို့ ဘုန်းတန်းတေဇာ ဝေဖြာကြီးမြင့်တော်မူရခြင်းမှာလည်း မင်းတရားကြီး၏လက်ရုံးတော် နှလုံးတော်တို့ ဇမ္ဗူပေါ်တွင် ယှဉ်တုပြိုင်ဖော် မရနိုင်လောက်အောင် ထူးကဲခြင်းကြောင့်ပင် ဖြစ်ပေသည်။ မင်းတရားကြီး၏လက်နက်နိုင်ငံတော်မှာ မြန်မာပြည်အဝှမ်း၊ ရှမ်းပြည်နယ်အားလုံးစုံနှင့် တရုတ်ပြည်ယူနန်နယ်စပ်အထိ၊ မဏိပူရ၊ ဇင်းမယ်၊ လင်းဇင်းနှင့်တကွ ယိုးဒယား နိုင်ငံတော်တစ်ခုလုံးပင်ဖြစ်သည်။

မင်းတရားကြီး၏ ဘုန်းလက်ရုံး အာဏာတော် ကြီးမြတ်ပုံကို ယိုးဒယားနိုင်ငံအား အောင်မြင်တော်မူပြီးနောက် ပြည်တော်ဝင်ခန်း သရုပ်အား ဟာဗီရာဇဝင်၌ ဖေါ်ထုတ်ထားပုံ အကြောင်းအရာ တစ်ချက်ကို တင်ပြလိုပါသည်။

"ဘုရင့်နောင်မင်းသည် 'ယိုးဒယား' စစ်အောင်တော်မူပြီး၍ ပဲခူးမြို့သို့ ပြန်လာတော်မူသောအခါ အောင်လံကိုစိုက်ထူလျက် ယိုးဒယားပြည်မှသိမ်းယူလာသော များစွာသောပစ္စည်းတို့နှင့် ဆင်ရုပ်၊ မြင်းရုပ် အစရှိသည်တို့ကို လှည်းပေါ်သို့ တင်ပြီးလျှင် ရှေ့တော်မှ မောင်းနှင်စေလျက် နောက်ဆုံးမှ ဘုရင့်နောင်စီးသော ရထားသည် ဝင်လာလေ၏။ ထိုရထားပေါ်တွင် ဘုရင်မင်းကြီးက သိမ်းယူလာသော မိဖုရားတို့သည် ကျောက်မျက်ရတနာတို့ဖြင့် တန်ဆာဆင်ယင်လျက် တုတ်ဝပ်ရှိသေစွာ ဝန်းရံပြီးလျှင် ဖမ်းလာသောမှူးမတ်များနှင့် မင်းညီမင်းသားများတို့သည် ရထားကိုဆွဲလျက်လည်းကောင်း၊ ရထားရှေ့တွင် နှစ်ထောင်မျှလောက်သော ဆင်တို့ကို တန်ဆာဆင်ယင်လျက်လည်းကောင်း၊ နောက်တော်မှ မိမိနှင့်အတူ ပါသွားကုန်သော စစ်သည်တော်တပ်သားတို့ကို လိုက်စေလျက် မြို့တော်သို့ ဝင်တော်မူလေ၏။

မြို့တော်သို့ရောက်ပြီးနောက် မြို့ကလေးတစ်မြို့ခန့်ပမာ ကြီးကျယ်ခမ်းနားသော နန်းတော်ကိုဆောက်လုပ်စေလျက် ထိုနန်းတော်ဝယ် ဆေးရောင်အမျိုးမျိုးတို့ကို ခြယ်လှယ်စေလျက်လည်းကောင်း၊ ဆန်းကြယ်သော ပန်းချီရုပ်တို့ဖြင့်လည်းကောင်း၊ ရွှေချမှန်စီလျက်ရှိသော နံရံတိုက်ခန်းတို့ဖြင့် လည်းကောင်း၊ ရွှေသားပကတိဖြင့် ပြီးသောအုတ်ကြွပ်တို့ကို မိုးသောအဆောင်ဆောင် အခန်းခန်းတို့ဖြင့်လည်းကောင်း၊ ရွှေသားဖြင့်ပြီးသော လုံးရုပ်သဏ္ဌာန်တူမျှစွာ ဘုရင်မင်းမြတ်၏ရုပ်ပုံတော်၊ မိဖုရားတို့၏ရုပ်ပုံတော်များကို ကျောက်မျက်ရတနာတို့ဖြင့်ဆင်ယင်လျက် စီမံထားသော အဆောင်တော်များနှင့် အစုံ

အလင် ပြည့်စုံစွာရှိလေ၏။ ထိုဘုရင်မင်းမြတ် ထွက်တော်မူသောအခါ လူတို့ ထမ်းရသောရွှေဝေါကိုစီးတော်မူလျက်၊ မင်း-သာမန်မက၊ ဘုရားတစ်ဆူကဲ့သို့ ရှိခိုး ပူဇော်ခြင်းကို ခံတော်မူလေ၏""...*

ဆီဇာဖရက်ဒရစ် ။ ယင်းသို့သော ဟံသာဝတီရွှေမြို့တော်သစ်တွင်

မှတ်တမ်း။ ။ ပြည်ထောင်စုသား မြန်မာ့နွယ်ဖွားများသာမက နိုင်ငံခြားသား ကုန်သည်တို့နှင့်လည်းပြည့်နှက်စည်ကားလျက် ရှိပေသည်။ ဤအကြောင်းကို ဆီဇာဖရက် ဒရစ်အမည်ရှိ သိုးဆောင်း နိုင်ငံခြားသားတစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းကို ဖတ်ရှုခြင်းဖြင့် ထင်ရှားသိသာ နိုင်ပေသည်။

""ပဲခူးမြို့မှာ မြို့သစ်မြို့ဟောင်းဟူ၍နှစ်မြို့တည်ရှိရာ မြို့ဟောင်းတွင် နိုင်ငံရင်းသား ကုန်သည်များ၊နိုင်ငံခြားသားကုန်သည်များရှိ၍ အရောင်း အဝယ်မှာ များစွာကြီးကျယ် စည်ကားလေသည်။မြို့မှာ များစွာ မကြီးလှသော် လည်း ဆင်ခြေဖုံးရပ်ကွက်များမှာမူကား အလွန်ကျယ်ဝန်းလေသည်။အိမ်များမှာ ဝါးဖြင့်ဆောက်၍ သက်ငယ်ခနီ မိုးလေသည်။ ကုန်သည်များမှာ မိမိတို့ပစ္စည်း များကို စုပေါင်း၍ သိုလှောင်ထားသော အုတ်ဖြင့်ဆောက်သည့်ဂိုဒေါင်- ကုန်ရုံရှိရာ အန္တရာယ်အမျိုးမျိုးတို့မှ ကာကွယ်နိုင်ပေသည်။

မြို့သစ်တွင်မူကား ဘုရင်မင်းမြတ်၏ နန်းတော် အိမ်တော်များ၊ မှူးကြီးမတ်ရာ သေနာပတိများ၊ မြို့စားရွာစား မင်းညီမင်းသား မင်းသမီးများ၊ သူဌေးသူကြွယ်များ စသည်ဖြင့်ရှိရာ များစွာကြီးကျယ်၍ လမ်းများမှာ သာယာ ပြန့်ပြူးလျက် ကျုံးပတ်လည် ဝိုင်းသည့် မြို့ရိုးကြီးများကာရံသော လေးထောင့် စပ်စပ်မြို့ဖြစ်လေသည်။ ကျုံးထဲတွင် မိကျောင်းများလည်းရှိသည်။ ဆွဲတင် ဆွဲချ ၍ရသော တံခါးအရှင်များ မရှိသော်လည်း မြို့ရိုးတစ်မျက်နှာလျှင် တံခါး ပေါက်ကြီး ငါးပေါက်ကျစီ ရှိလေသည်။ မြို့ရိုးတံခါးများအတွင်း၌ တစ်ဖက်မှတစ်ဖက်သို့ ခြံဝန်းကြီးများရှိရာ ထိုအတွင်းရှိ အဆောက်အအုံကြီး များတွင် တောင့်တင်းထွားကျိုင်းသော ဆင်များလည်းရှိလေသည်။ လွန်စွာ ပါးရှားသော ဆင်ဖြူတော် လေးစီးလည်း ဘုရင်မင်းမြတ်တွင်ရှိလေသည်။ အခြားဘုရင်တစ်ဦးဦးထံတွင် ဆင်ဖြူများ ရှိသည်ကြားလျှင် လက်ဆောင်တော်

---

* ဓာတုကလျာ(ရွှေစကြာ) ၂၆-၂၇

အဖြစ် ဆက်သရန် တမန်စေလွှတ်တောင်းဆိုသဖြင့်၊ ဤဘုရင်ကဲ့သို့ ဆင်ဖြူများစွာရှိသော ဘုရင်တစ်ဦးဦး တွေ့နိုင်ဖို့ရာ လွန်စွာခဲယဉ်းလေသည်။ ကျွန်ုပ်ရှိစဉ်ပင် ဝေးကွာလှသော နိုင်ငံတစ်နိုင်ငံမှ ဆင်ဖြူနှစ်စီး ယူဆောင်လာသည်ကို တွေ့ မြင်ရပေရာ ကုန်သည်များ ကြည့်ရှုရမည်ဟု အမိန့်ကျသဖြင့် ကျွန်ုပ်တို့မှာ ငွေကြေး အတော်ကုန်ကျရလေသည်။ အကြောင်းမှာ ဆင်ဖြူတော် ယူဆောင်လာသူကို ဆင်ဖြူကြည့်များက တစ်စုံတစ်ရာ ငွေကြေးပေးရသောကြောင့် ဖြစ်လေသည်။ ဆင်ဖြူယူ လာသူများမှာ ငွေကြေးများစွာ ရကြသောဟူ၏။

အထည်အလိပ်များမှာလည်း ဈေးရလေရာ ရေလျှော်လေဆေးရောင်တောက်လေဖြစ်သော အထည်အထုပ်တစ်ထုပ်လျှင် ငွေတစ်ထောင်နှစ်ထောင်ပင်ရနိုင်လေသည်။ ထိုအထည်အလိပ်တို့မှာ ဆေးမကျွတ်ဘဲ စိမ့်တို့မီ (သို့မဟုတ်) မစူလီပတန် မြို့နယ်မှလာသောအထည်များဖြစ်၍ များစွာကောင်းလေသည်။ ဘင်္ဂလားမှလာသောခါသာ ပိတ်အုပ်များကို အများဆုံး အသုံးပြုကြလေသည်။

ဘုရင်မင်းမြတ်မှာ ရွှေငွေကျောက်သံပတ္တမြား များစွာကြွယ်ဝချမ်းသာလေရာ ဘုရားစေတီ ကျောင်းပြာသာဒ်တို့တွင်အသုံးချ၍ မပစ်ပါက လွန်စွာလွန်စွာပင်ပေါများစုပုံနေပေလိမ့်မည်ဖြစ်ကြောင်း''...*

ဟံသာဝတီမင်း နေပြည်တော်နှင့် ဘုရင့်နောင် မင်းတရားကြီး၏ ဘုန်းတော်ကား အံ့ချီးမကုန်နိုင်ဖွယ်ပင် ဖြစ်ပေတော့သတည်း။

❐

* ဘုရင့်နောင်(ဦးသိမ်းမောင်)၂၀၉-၂၁၁

# ကုသိုလ်တော်-မဟာစေတီ

ဘုရင့်နောင်မင်းတရားကြီးသည် သာသနာ့ဒါယကာ မဟာကေရာဇ်မင်းမြတ် ဖြစ်တော်မူသည်။ ပိုင်နက်နိုင်ငံတော် ပြန့်ပွားများပြား လာသည်နှင့်အမျှ သာသနာတော်ကိုလည်း ခြီးပင့်ပြုစုတော်မူ၏။ မဟာစေတီတော်ကြီး၊ မဟာ ဝိဇယစေတီတော်စသော ပုထိုးစေတီတော်သစ်များကို တည်တော်မူခြင်း၊ ရှေးဟောင်းစေတီ ပြိုပျက်သည်များကို ပြုပြင်တည်ဆောက်ခြင်း၊ ရွှေတိဂုံစေတီတော်၊ ရွှေမော်ဓောစေတီတော် စသည်တို့ကို ပြင်ဆင်၍ ရွှေထီးတော်သစ်များ တင်လှူခြင်း၊ မဏိပူရ၊ ရှမ်းပြည်၊ ကသည်းပြည်တို့တွင် ယစ်နတ် ပူဇော်သည့်အလေ့၊ ရပ်ရွာအကြီးအကဲ ကွယ်လွန်ရာ၌ ထိုပုဂ္ဂိုလ်တို့၏ သားမြေးအခြွေအရံတို့အား မြေ၌အတူမြှုပ်သော ဓလေ့ဆိုးကို ပယ်ချိုးတော်မူခြင်း၊ ပုပ္ပါးနတ်တောင်ရှိ မင်းမဟာဂီရိ နတ်မောင်နှမအား ကျွဲနွားသတ်ဖြတ် ပူဇော်မှုကို တားမြစ်တော်မူခြင်း၊ သီဟိုဠ်နိုင်ငံ ဓမ္မပါလမင်းထံ စစ်သည်တော်အကူအညီလွှတ်၍ သမ္မာဒိဋ္ဌိအယူကို ပွားပြန့်စေရန်ပြုခြင်း စသော သာသနာပြုလုပ်ငန်းတို့ ကို မနေမနား ဆောင်ရွက်တော်မူခဲ့သည်။

**မဟာစေတီ အောင်ချိန်နှိမ့်။** ။ ဘုရင့်နောင် မင်းတရားကြီးသည် မိမိအတွက် နန်းသစ်ပြည်သစ်မတည်မီအချိန်ကပင်လျှင်ပုဗ္ဗ၊မုဋ္ဌ၊ပရ စေတနာသုံးတန် ဖြာလျက်ကြီးစွာသော လုံ့လဥဿဟာဖြင့် မဟာစေတီတော်ကြီးကို တည်ထားတော်မူခဲ့သည်။

ဟံသာဝတီနေပြည်တော်၏ တစ်ခုသောရပ်ဌာန မြေနက်သန်ကို မင်းတရားကြီး သိရှိတော်မူ၏။ လက်ယာရစ် မြေဖဲမြက်တို့ သွေ့မပျက် ပေါက် ရောက်သဖြင့်၄င်း၊ ကုန်း၊ ကျင်း၊ ချိုင့်၊ ဝှမ်း၊ နည်းစွာလျက် ညီညာပျံ့ ပျူးသောမြေအပြင်ရှိသဖြင့်၄င်း၊ ဖါးကို သော်လျက်၊ မြွေလိုက်

ဖျက်က၊ မပျက်ထိုမြေ၊ ရောက်တုံလေသော်၊ မသွေကြောက်ရွံ့၊ မြွေလျှင်တွန့်၍၊ အခန့်အောင်လေ၊ဖါးနိုင်ပေသည့်* ဌာနေဖြစ်သဖြင့်ငှင်း၊ထိုအချာပဝရ ၊ဌာန အောင် ချက်၊ ဘူမိနက်၌ နိုင်းဖက်တုကင်းဖွယ် စေတီတည်ရာနယ်မြေဟု မသွေသတ်မှတ်တော်မူလေသည်။*

ထိုကြောင့်ပင်လျှင် သက္ကရာဇ် ၉၂၁-ခု၊ ကဆုန်လဆန်း ၁၂ရက်၊ တနင်းလာနေ့တွင် ရတနာပူရအင်းဝရွှေမြို့တော်ကပြန်၍၊ ဟံသာဝတီ နေပြည်တော်သို့ နယုန်လပြည့်ကျော်၅ရက် ကြာသပတေးနေ့ ရောက်တော် မူပြီးနောက် မကြာမြင့်မီကာလ၌ပင် စေတီတော်ကြီးတည်ရန် လုပ်ငန်းကို စတော်မူပေသည်။

**တာဝန်ကြီးမှူး မတ်ရှစ်ဦး။** ။မဟာစေတီတော်ကြီး တည်ဆောက်ရေးအတွက် စည်မျက်နှာပြင်ကဲ့သို့ မြေတလင်းသာစေရန် လုပ်ဆောင်ဖို့ အမတ်ကြီးရှစ်ဦးကို တာဝန်လွှဲအပ်ကာ ကွပ်ကဲစေခဲ့သည်။ထိုအမတ်ကြီးတို့ကား သီရိဇေယျနော်ရထာ၊ သီရိဇေယျကျော်ထင်၊နေမျိုးကျော်ထင် ၊နန္ဒကျော်ထင်ဟူသော ဗမာမှူးမတ်ကြီးလေးပါး။ဗညားလော၊ ဗညားဒလ ၊ ဗညားပရ၊ ဗညားကျန်းထောဟူသော မွန်မှူးမတ်ကြီး လေးပါးတို့ပင်ဖြစ်ကြ၏။ ထိုမွန်ဗမာ အမတ်ကြီးရှစ်ပါးလက်အောက်တွင် မွန်ဗမာတပ်သားပေါင်း မြောက်မြားစွာ ပါရှိလေသည်။

စေတီတော်ကြီး တည်ဆောက်ရေးအဖွဲ့ဝင်များအား ဘုရင့်နောင်မင်းတရားကြီးသည် အခမ္ဘစေခိုင်းခြင်းမပြုဘဲ အခကြေးငွေ စားနပ်ရိက္ခာ ကောင်းစွာပေးတော်မူသည်။ ကိုယ်တော်တိုင်လည်း ကြပ်မတ်နိုင်ရန် စေတီတော်တည်မည့် မြေနေရာအနောက်တွင် စံနန်းတော်ပြာသာဒ်ဆောက်၍ ကုသိုလ်အဝဝပြုကာ စံနေတော်မူသည်။

**အောင်ပန္နက် ဝှဲချီးအောင်ရက်ချိန်ညီ။** ။ မြေပြင်တပြန့် ညီပြီးလတ်လျှင်အောင်ပန္နက် ပွဲတော်ကို ဆင်ယင်တော်မူသည်။ အခါအားဖြင့် သက္ကရာဇ် ၉၂၁-ခုနှစ် ဝါဆိုလဆန်း ၅ရက်၊ ကြာသပတေးနေ့ဖြစ်၏။ စေတီတော်ပန္နက်ချပြီး ဖိနပ်တော်အခြေအတွက် တွင်းတူးပြီးကာ အုတ်ကျောက်များခင်းသည်။ နေပြည်တော်အဝှမ်းရှိ သံဃာတော်တစ်ထောင်မျှကိုလည်း ပင့်ဖိတ်တော်မူ၍ ဆွမ်းကပ်လှူကာ အောင်ပရိတ်ရွတ်တော်မူရသည်။

---

* မဟာစေတီတော်သမိုင်း (ဦးစိန်လွင်လေး)၆-၇

ထိုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်၊ ကြာသပတေးနေ့တွင်ကား ရတနာအုတ်များ စတင်စီတော်မူရ၏။ အင်းဝတွင် စံစဉ်က စေတီတော်တည်ရန် အသင့်ဖုတ်ထားတော်မူစေသော အုတ်များလည်း အဆင်သင့်ပင်ရှိလေပြီ။ ဇေတဝနာယံ ကျောင်းကိုလည်း ကျောင်းရံ ၄ဝနှင့်တကွ ဆောက်တော်မူသည်။ မဟာစေတီတော်သည်ကား ဝေဇယန္တာနတ်နန်းမှ သိကြားအရှင်ပင် လျှင်မနေနိုင်ပေ၍ လက်စွဲတော် ဝိသုကြံ့ကိုစေလွှတ်ကာ ကူညီတည်ဆောက်ရလေတော့မည့် အချိန်အခါပင်တည်း။

### မာတုပူဇော်ပွဲ ချိမ့်ချိမ့်သဲ

'မြမြမြွေး၍၊ဆီးသေးနှင်းဖြူ၊
မြူလည်းကြွေလင့်၊မပွင့်နေခြည်၊
မကြည်ကောင်းကင်၊ထက်ခွင်အုံ့ပျ၊
ငြိမ့်မျှကိုယ်တွင်း၊ဆီးနှင်းကျချွမ်း၊
ချမ်းတို့ဖွလည်း' ...

*နတ်သျှင်နောင်*

သက္ကရာဇ် ၉၂၁ခုနှစ်၊နတ်တော်လဆန်း ၁၄ရက်၊တနင်္ဂနွေနေ့...

လနတ်တော်၏သဘာဝနှင့်အညီ နှင်းရီမှိုင်းပျ အချမ်းဓာတ်ကြွလျက်ရှိသော အချိန်ပင်ဖြစ်သည်။ ယင်းသို့သော ချမ်းဆောင်းလအခါတွင် ဟံသာ ဝတီနန်းမဌ် စံနေကြရသောမင်းညီမင်းသား မှူးတော် မတ်တော်များအဖို့ အချမ်းကိုမျှ ပမာန မပြုနိုင်ကြဘဲ ကုသိုလ်ရေးအတွက် ကြိုးပမ်းကြရန် သဟဋ္ဌိကမြောက် အားကြိုးမာန်တက် စိတ်စေတနာ ထက်လျက်ရှိကြသည်။

ထိုနေ့သည်ကား မဟာစေတီတော်၌ဌာပနာတော်မူရန် သုံးလူ့ထွတ်ထား ရှင်တော်ဘုရား၏ သရီရဓာတ်တော်မွေတော်များကို အပူဇော်ခံသည့် မင်္ဂလာပွဲတော်နေ့ကြီးပင် ဖြစ်သည်။ မင်းညီမင်းသားအပေါင်းတို့သည် ရွှေနန်းတော်မှသည် မဟာစေတီတော်တည်ရာ မြေနက်သန်သို့ ဓာတ်တော် မွေတော်များကို အခမ်းအနားဖြင့် ရွက်ချီပင့်ဆောင်လျက် ပို့တော်မူကြရသည်။မင်းတရားကြီးဘုရားမှာလည်း ကောင်းမှုတော် မဟာစေတီတော်ရှေ့တွင် မင်းတဲကြီးစွာဆောက်၍ မင်းမိဖုရား ကိုယ်လုပ်မောင်းမအပေါင်းနှင့် ကြည့်ရှုကြည်ညိုတော်မူသည်။

ဓာတ်တော်အပူဇော်ခံရာ တဲနန်းတော်အတွင်းဝယ် သဘင်ကြီးစွာ ခံတော်မူသည်။ မင်းတရားကြီးနှင့်တကွမင်းမိဖုရား မင်းဆွေစိုးမျိုး မှူးမတ်တော်အပေါင်း စုရုံးညီညာ ရောက်ရှိကာအောင်အတိတ်နှင့်အောင် နိမိတ်အောင်အသရေကို ဆောင်သောအားဖြင့် ဓာတ်တော်မွေတော်များအား ပူဇော်ခြင်း အမှုကို ပြုကြ၏။

စည်ခရာဒုံမင်း သံညှင်းသံလွင် မင်္ဂလာတူရိယာတော်ဝင်တို့၏ အသံမှာ ငြိမ့်ညောင်းစွာ ပေါ်ထွက်နေသည်။

ဓာတ်တော်မွေတော်တို့ကို အာရုံပြုကာ ရှိခိုးဦးတင် ပဏ္ဏာဆင်သည့် အသံမှာလည်း လျှံကာသာတက်ကြွနေပေသည်။

"သမ္ဗိန္နာစ အသမ္ဗိန္နာ၊ ဒုဝိဓာတုယော၊
တတ္ထတတ္ထဋ္ဌိတာသမ္ဗာ၊ တာဟံဝန္ဒာမိ ဒူရတော၊
မဟန္တာ မုဂ္ဂမာသာစ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ၊
ခုဒ္ဒကာသာ သပါတိသော၊ ဝန္ဒာမိ ဇိနဓာတုယော၊
မဟန္တာ သုဝဏ္ဏ ဝဏ္ဏာ၊ မုတ္တ ဝဏ္ဏာစ မဇ္ဈိမာ၊
ခုဒ္ဒကာ သုမနာတံသော၊ ဝန္ဒာမိ ဇိနဓာတုယော၊
မဟာန္တာ ပဥ္စနာဠိယော၊ မဇ္ဈိမာ နာဠိပဥ္စကာ၊
နာဠိဆခုဒ္ဒကာတိသော၊ ဝန္ဒာမိဇိနဓာတုယော။
ဒက္ခိဏက္ချပရိမာဒေဝေ၊ နာဂေဒက္ခိဏဟောဠိမာ၊
ဝါမူပရိ သီဟနဒီပေ၊ ကလိင်္ဂေဝါမဟောဠိမာ၊
သမ္ဗုဒ္ဓဿ စတုဒါဌာ၊ အဟံ ဝန္ဒာမိ ဒူရတော၊
ဥဏှိသံစတုရောဒါဌာ၊ ဒွေအက္ခကာစဓာတုယော၊
သတ္တဓာတူအသမ္ဗိန္နာ၊ သဒ္ဓါဝန္ဒာမိဒူရတော့၊
ဝဇီရာယဋ္ဌိတောပတ္တော၊ ကုသဃရေနိဝါသနံ၊
ကာသာဝံဗြဟ္မလောကေစ၊ ပါဋ္ဌလိယံ ကာယဗန္ဓနံ၊
ဝါသိသူစိက္ကုန္ဒပတ္တော၊ဝိဒေဟေပရိသာဝနံ၊
ပရိဘောဂေ ဆစေတိယေ၊အဟံဝန္ဒာမိဒူရတော"

"ပြိုကွဲသော ဓာတ်တော်တို့သည်၄င်း၊ မပြိုကွဲသော ဓာတ်တော်တို့သည်၄င်း၊ ဤသို့နှစ်ပါးအပြားရှိကုန်သော အကြင်မြတ်စွာဘုရား ဓာတ်တော်တို့သည် ထိုထိုမြို့ရွာ၌ ကောင်းစွာတည်တော်မူကုန်၏။ ထိုမြတ်စွာဘုရား၏ ဓာတ်တော်တို့ကို အကျွန်ုပ်သည် အဝေးမှရှိခိုးပါ၏။

ကြီးသောခတ်တော်တို့သည် ပဲနောက်စေ့ ပမာဏရှိကုန်၏။ အလတ်ဖြစ်သော ခတ်တော်တို့သည် ဆန်ကျိုးပမာဏရှိကုန်၏။ ငယ်သော ခတ်တော်တို့သည် မုန်ညင်းစေ့ ပမာဏရှိကုန်၏။ ဤသို့ သုံးပါးကုန်သော မြတ်စွာဘုရား ခတ်တော်တို့ကို အကျွန်ုပ်သည် အဝေးမှရှိခိုးပါ၏။

ကြီးသောခတ်တော်တို့သည် ရွှေအဆင်းရှိကုန်၏။ အလတ်ဖြစ်သော ခတ်တော်တို့သည် ပုလဲအဆင်းရှိကုန်၏။ ငယ်သောခတ်တော်တို့သည် မြတ်လေးငုံအဆင်းရှိကုန်၏။ ဤသို့သုံးပါးကုန်သော မြတ်စွာဘုရား ခတ်တော်တို့ကို အကျွန်ုပ်သည် အဝေးမှ ရှိခိုးပါ၏။

ကြီးသောခတ်တော်တို့သည် ငါးကွမ်းစားရှိကုန်၏။ အလတ်ဖြစ်သော ခတ်တော်တို့သည် ငါးကွမ်းစားပင်ရှိကုန်၏။ ငယ်သောခတ်တော်တို့သည် ခြောက်ကွမ်းစားရှိကုန်၏။ ဤသို့သုံးပါး ကုန်သော မြတ်စွာဘုရား ခတ်တော်တို့ကို အကျွန်ုပ်သည် အဝေးမှရှိခိုးပါ၏။

လက်ယာအထက်စွယ်တော်သည် နတ်ပြည်၌တည်တော်မူ၏။ လက်ယာအောက်စွယ်တော်သည် နဂါးပြည်တော်၌ တည်တော်မူ၏။ လက်ဝဲအထက်စွယ်တော်သည် သီဟိုဠ်ကျွန်း၌ တည်တော်မူ၏။ လက်ဝဲအောက်စွယ်တော်သည် ကလိင်္ဂရာဇ်ပြည်၌ တည်တော်မူ၏။ ဤသို့ မြတ်စွာဘုရား၏ စွယ်တော်ခတ်မြတ်တို့ကို အကျွန်ုပ်သည်အဝေးမှ ရှိခိုးပါ၏။

နဖူးသင်းကျစ်တော်သည်လည်းကောင်း၊ လေးဆူသော စွယ်တော်တို့သည်လည်းကောင်း ၊ နှစ်ဆူသောညှပ်ရိုး ခတ်တော်တို့သည်လည်းကောင်း၊ ဤသို့ခုနှစ်ပါး အပြားရှိကုန်သော အကြင်မြတ်စွာဘုရား၏ ခတ်တော်တို့သည် မပြိုမကွဲကုန်။ ထိုမပြိုမကွဲကုန်သော ခုနစ်ဆူသော မြတ်စွာဘုရား၏ ခတ်တော်တို့ကို အကျွန်ုပ်သည် အခါခပ်သိမ်း အဝေးမှရှိခိုးပါ၏။

သပိတ်တော်သည် ဝဇီရာဇ်ပြည်၌ တည်တော်မူ၏။ ဆင်ဝတ်တော်မူသော သင်းပိုင်တော်သည် ကုလဃရာဇ်ပြည်၌ တည်တော်မူ၏။ ဖန်ရည်စွန်းသော ကိုယ်ဝတ်တော်သည် ဗြဟ္မာပြည်၌ တည်တော်မူ၏။ ခါးပန်းတော်သည် ပါဋလိပုတ်ပြည်၌ တည်တော်မူ၏။ ပဲခွပ်သည်လည်းကောင်း၊ အပ်သည်လည်းကောင်း ဣန္ဒပတ္တတိုင်း၌တည်တော်မူ၏။ ရေစစ်တော်သည်ဝိဒေဟတိုင်း၌တည်တော်မူ၏။ ဤသို့ မြတ်စွာဘုရား၏ အသုံးတော်ဆောင် ဖြစ်တော်

မှုကုန်သော ခြောက်ဆူသောစေတီတော်မြတ်တို့ကို အကျွန်ုပ်သည် အဝေးမှ ရှိခိုးပါ၏။''*

မင်္ဂလာတဲနန်းတော်အတွင်းဝယ် သရီရဓာတ်မြတ်ကို ပူဇော်သံက လျှံကာသာကြွနေသည်။ မင်းတရားကြီးမှာလည်းနှလုံးပီတိရွှမ်းအိဝေဆာ အကြည်ညိုစိတ်ဖြင့်သာလျက်ရှိသည်။ မင်္ဂလာခရုသင်းသံ၊ ကြေးစည်သံ၊ သာခုခေါ်သံများ ကလည်း မိုးဝတိန်ယံလျှံ ကြွဘိဘနန်းဖြစ် နေလေသတည်း။

## ကလျာဓာတု-ကြာဝတ်ရ

''အောင်မင်္ဂလာ၊ အောင်အခါဟု၊ ဓေယျာနတ်သက်၊
ဒိန္နရက်၌၊ စုက်လင်္ဂလာဘ၊ အမြိတ္တနှင့်၊
ဝရသိဒ္ဓိ၊ အညီညို၍၊ တိထိအစွန်း၊
အထွန်းငါးအောင်၊ စန်းယှဉ်နက္ခတ်၊ ပါဒ်နဝင်းပြိုင်၊
မဏ္ဍိုင်ဗဟို၊ မြင့်မိုရ်တည်ထွန်း၊ လေးကျွန်းနက္ခတ်၊
သင့်ရာမှတ်လျက်၊ လာဘ်နတ်စန်းနေ၊ ထွေထွေဂြိုဟ်၊
လက်မှစန်းခွင်၊ နှိုင်းယှဉ်ညွှန့်လန်း၊ ကိန်းခန်းပေါင်းလု၊
မျှို့ကောင်းစုလျက်၊ ရတုမင်္ဂလာ၊ဝှဲချီးဖြာသား၊
မင်္ဂလာအခါတော်...''**

သက္ကရာဇ်၉၂၁ခုနှစ်၊ နတ်တော်လဆန်း၁၄ရက်၊ တနင်္ဂနွေနေ့။ မဟာစေတီတော်အတွက် ဓာတ်တော်မွေတော်များအပူဇော် ခံတော်မူသော နေ့...

ယင်းသို့သော နေ့ထူးရက်မြတ်တွင် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ ကြင်ဖက်တော် မိဖုရားကြီးတစ်ပါးဖြစ်သူ၊ 'ရာဇာဒေဝီ'ဘွဲ့ခံ တပယင်း စတုဂါမဏိ၏ သမီး' ရှင်ထွေးလှ'မှနောင် အခါတွင်မြန်မာ့ရာဇဝင်၌သာမက၊ မြန်မာ့စာပေသမိုင်းစဉ်တွင်ပါ ထင်ရှားကျော်ကြားလာမည့် သမီးတော်တစ်ပါးကို မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့လေသည်။

---

* ဓာတုပူဇနစာတမ်း(မလက်တိုဂူကုန်းဆရာတော်)

* * ဘိသိက်မင်္ဂလာကျမ်းပတွဲ(ဆရာဣန္ဒာဝဓိရ)၇၉။



**ဓာတုကလျာ** ။ ရာဇဒေဝီမိဖုရားကြီးမှ
**ဘွဲ့မည်သာ**။ သမီးတော်တစ်ပါးဖွားမြောက်
သန့်စင်ကြောင်း မင်္ဂလာ အသရေနှင့်
ပြည့်စုံသည့် သတင်းကောင်းကို၊
မဟာစေတီရင်ပြင်သာရှိ ဓာတ်တော်
ပူဇော်ရာ မင်္ဂလာတဲနန်းတော်တွင်
စံမြန်းနေတော်မူသည့် ဘုရင့်နောင်မင်း
တရားကြီး၏ နားတော်သို့ချက်ချင်းပင်
သံတော်ဦးတင် လျှောက်ကြားကာ
ရွှေနားတော် နှစ်ဆူပန်ဆင်တော်မူစေ
သည်။

မင်းတရားကြီး၏ အသက်တမျှ မြတ်နိုးလှသား၊ ရာဇဒေဝီ မိဖုရားကြီးမှ သမီးလှမီတရာမာလာသော်မော်ရတနာတော်တစ်ပါး ဖွားမြင်မြောက်ကြောင်း သတင်းကောင်းစကားကိုကြားတော်မူရလေသောအခါ၊ မင်းတရားကြီးသည်ပီတိဝှန်ဆိုက်နှစ်ချိုက်အင်ပြည့်သဘောတော်တွေ့ကာ ကြည်မြေ့ရွှင်သာခြင်း ဖြစ်တော်မူရသည်။ အလှပဂေး သမီးတော်ရွှေသွေးကိုလည်း ဓာတ်တော်မွေတော်မြတ်နှင့်စပ်လျက်···နေ့ထူးရက်သာတွင် ဖွားမြင်ခဲ့လေသောကြောင့်'ရာဇဓာတုကလျာ'ဘွဲ့မည်သာဖြင့် လျင်စွာသမုတ် မော်ကွန်းထုတ်တော်မူလေသည်။ မင်္ဂလာတဲနန်းတော်ရှိ မင်းဆွေစိုးမျိုး ဗိုလ်လူ အပေါင်းတို့ကလည်း ဤသို့လျှင် အန္တတ္တနာမာ'ရာဇဓာတုကလျာ' ဟူသော ဘွဲ့မည်သာကို ကြည်သာအထူး နှစ်သိမ့်မြူးကာ ချီးကျူးသြဘာထောပနာခြင်း ပြုကြလေသည်။*

'ဓာတုကလျာ'သည်ဤသို့အားဖြင့် လူ့လောကအတွင်းသို့ ပထမဦးဆုံး ဝင်ရောက်ရသည့်နေ့ထူးရက်သာ၌ပင်လျှင် အောင်တြင်းနှင့် အောင်ခြင်းကျေညာကာ ဥက္ကောဒေယျ ကျော်စောခြင်းရှိခဲ့ရသည်။

❑

## ဓာတုကလျာ-နာမအဖွင့်

၁။ "ဓာတ်တော်ပို့သသောနေ့ ဖွားတော်မူသည်ကို အကြောင်းပြု၍ ရာဇဓာတုကလျာ-ဟူသောအမည်ကို သမုတ်တော်မူသည်"[၁]

၂။ "ဓာတ်တော်မွေတော်တို့ကိုဌာပနာသည့်နေ့တွင် ဖွားမြင်တော်မူသည်ကိုအစွဲပြု၍လည်း ရာဇာဓာတုကလျာ-တွင်သည်"။[၂]

၃။ "မဟာစေတီတော်တွင် ဌာပနာရန် ဓာတ်မြတ်ပူဇော်သည့်ချိန်ခါသမယတွင် ဖွားမြင်လာသည့်အတွက် ရာဇာဓာတုကလျာ-ဟူသောဘွဲ့မည်သညာခြင်းခံရပေသည်"။[၃]

၄။ "ရာဇဒေဝီ ရှင်မိဖုရား၏ ရင်နှစ်သည်းချာ သမီးတော် ရတနာဖြစ်သည့်အလျောက် 'ရာဇဒေဝီ၏ ဓာတ်'(ဝါ)' ရာဇဓာတ်' ဟူ၍ကောက်ယူနိုင်ကြောင်း ပါမောက္ခကြီး ဦးဇမောင်က မိန့်ဆိုဖူးသည်"။[၄]

၅။ "ကောင်းခြင်း လက္ခဏာအဖြာဖြာနှင့်ပြည့်စုံသည့် 'ရာဇဓာတ်' (ဝါ)'မင်းသွေးမင်းဓာတ်' ကလေးပင် ဖြစ်ပေသည် ဟူ၍ကောက်ယူသူများ၏"။[၅]

၆။ "မင်းများနှင့်သာ ထိုက်တန်သော လက္ခဏာရုပ်ရည်နှင့် ပြည့်စုံသည့် သမီးတော်ဖြစ်၍ ရာဇဓာတုကလျာ ခေါ်သည်ဟု အချို့ပညာ ရှိများက ဆိုကြကုန်သည်"။[၆]

၇။ "ဓာတ်တော်များ ကြွချီလာသည့်နေ့တွင် ဖွားမြင်သောကြောင့် ရာဇဓာတုကလျာဟု အမည်ပေးလေသည်"။[၇]

---

၁။ မဟာရာဇဝင်ကြီး (ဦးကုလား)ဒုတိယအုပ် ၃၂၃ မှန်နန်းရာဇဝင်တော် ကြီး ဒုတိယတွဲ ၃၄၈

၂။ သုသောဓိတမဟာရာဇဝင်ကြီး ဒုတိယတွဲ ၂၉၈

၃။ မဟာစေတီတော်သမိုင်း(ဦးစိန်လွင်လေး)၁၀

၄-၅။ စာပေဟာဝန်(မြန်စာဝုဏ်ကျော်မြင့်)၁၄၉-၁၅၀

၆။ နတ်သျှင်နောင်ဆိုရတု(ပါမောက္ခ-ဦးချမ်းမြ)၂၂

၇။ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ(လှသမိန်)၂၉၄

၈။ "ဓာတ်တော်ပွဲသဘင် ဆင်ယင် ကျင်းပတော်မူစဉ်အခါ ဖွားမြင်၍ ကလျာငါးအင်နှင့် ပြည့်စုံသောကြောင့် ရာဇဓာတု ကလျာဟုငင်း၊ အချို့ ပညာရှိများကလည်း မင်းသမီး၏ ရုပ်လက္ခဏာသည် မင်းမျိုးနွယ်လာ ထီးသွေးနန်းဓာတ်ပါ၍ ကလျာငါးအင်နှင့် ပြည့်စုံသောကြောင့် ရာဇဓာတု ကလျာ-ဟုဘွဲ့မည်တပ်ကြောင်း မိန့်ဆိုတော်မူကြသည်"။[1]

၉။ "သီဟိုဠ်ကျွန်းမှ ဓာတ်တော်စွယ်တော်များ ရောက်လာသည့်နေ့တွင် ဖွားမြင်တော် မူသောကြောင့် ရာဇဓာတုကလျာ-ဟု မှည့်ခေါ်သမုတ်တော်မူသည်"။[2]

၁၀။ "မဟာစေတီတော်တွင် ဌာပနာရန် ဓာတ်တော်များကို ရွှေနန်းတော်မှ ကောင်းမှုတော် မဟာစေတီတည်ရာသို့ ပို့ဆောင်တော်မူစဉ်၊ဖွားမြင်ခဲ့သဖြင့်၊ ဓာတ်တော်နှင့်စပ်၍ မြင့်မြတ်သောအထိမ်းအမှတ်ပြုကာ ရာဇဓာတုကလျာဟူသောအမည်တော် သမုတ်ခြင်း ခံခဲ့ရ၏"။[3]

ဖော်ပြပါ ပညာရှိများ၏ ရာဇဓာတုကလျာနာမာအဖွင့်များကို မိမိတို့၏ ရှုထောင့်အသီးသီးမှ တင်ပြထားကြသည်မှာ စိတ်ဝင်စားဖွယ်ပင်ဖြစ်ပေသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ အဆိုအမိန့်မှအပ[4] ကျန်အားလုံးပင် လျော်ကန်သင့်မြတ်သည်ဟု ယူဆရသည်။

---

၁။ နတ်သျှင်နောင်(လယ်တီပဏ္ဍိတ-ဦးမောင်ကြီး)၅

၂။ ကဗျာသာရတ္ထသင်္ဂြိုဟ်(သခင်ကိုယ်တော်မှိုင်း)၂၉၂

၃။ ဓာတုကလျာ(ရွှေစကြာ)၄၉-၅၀

၄။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သီဟိုဠ်ကျွန်းမှ ဓာတ်တော်စွယ်တော်များရောက်သည့်နေ့တွင် ဖွားမြင်သောကြောင့် ရာဇဓာတုကလျာဟု မှည့်ခေါ်သမုတ်ကြောင်းဆိုသည်။ သီဟိုဠ်ကျွန်းမမွပါလမင်းထံမှ ဆက်သသောစွယ်တော်မြတ်မှာ သက္ကရာဇ်၉၃၈-ခု၊ဒုတိယ ဝါဆိုလပြည့်ကျော်၃ရက်၊ တနင်းလာနေ့တွင်မှ ပုသိမ်သဘော်ဆိပ်သို့ရောက်သည်။ထိုအချိန်တွင် ရာဇဓာတုကလျာမှာ သက်တော်၇နှစ် အရွယ်သို့ပင် ရောက်နေပေပြီ။အကျယ်ကို ဦးကုလားမဟာရာဇဝင်ကြီး တတိယအုပ်၊စာမျက်နှာ ၃၄တွင်ကြည့်ပါ။

ယင်းအဆိုအမိန့်အားလုံးကို ခြုံကာ 'ရာဇဓာတုကလျာ' ဟူသော အမည်တော် သမုတ်ရခြင်း၏ အကြောင်းရင်းကိုရှာလျှင်...

..."မဟာစေတီတော်တွင် ဌာပနာရန် ဓာတ်တော်များကို ရွှေနန်းတော်မှကောင်းမှုတော် မဟာစေတီတည်ရာသို့ ပို့တော်မူ၍၊ ဓာတ်မြတ်ပူဇော်သည့် အချိန်အခါတွင် ဖွားမြင်တော်မူသဖြင့်၊ ဓာတ်တော်နှင့်စပ်၍ မြင့်မြတ်သော အထိမ်းအမှတ်ပြုလိုသောကြောင့်လည်းကောင်း၊ မင်းများနှင့်သာ ထိုက်တန်သော လက္ခဏာရုပ်ရည်နှင့်ပြည့်စုံကာ၊ ကောင်းခြင်းအင်္ဂါ အဖြာဖြာနှင့်ယှဉ်သည့် ရာဇဓာတ်(ဝါ)မင်းသွေး မင်းဓာတ်ဖြစ်ပြီး၊ရာဇဒေဝီ ရှင်မိဖုရား၏ ရင်နှစ်သည်းချာသမီးတော်ရတနာ 'ရာဇဓာတ်' ဖြစ်သည့် အတွက်ကြောင့်လည်းကောင်း၊ ကလျာဏငါးအင်နှင့်ပြည့်စုံသူကလေးကို 'ရာဇဓာတုကလျာ' ဟု အနွတ္ထသညာအားဖြင့် နာမကရဏပြုခြင်း ဖြစ်ပေတော့သတည်း။

❐

# ဘုန်းကြွယ်သည့်မယ် ဓာတုန္တယ်

ဘုန်းကြွယ်သည့်မယ် ဓာတုန္တယ်မှာ နိုင်းဖွယ်တုကင်းလောက် အောင်ပင် အသရေတင့်ခဲ့ရသည်။ ကောင်းမှုတော် မဟာစေတီအတွက် ဓာတ်တော်များနှင့်စပ်၍ အထိမ်းအမှတ်သဖွယ် ဖြစ်လာသော သမီးတော်မြတ်ပေမို့ ခမည်းတော် ဘုရင့်နောင်မင်းတရားကြီးမှာ အထူးသဖြင့် ချစ်ခင်မြတ်နိုးခဲ့ပေသည်။ ဖြူဖွေးစင်ကြယ်သော အသားအရေ၊ လှတင့်လေသောရုပ်အဆင်း၊ အကျင့်ကောင်းခြင်း ကြန်အင်တို့ကြောင့် သမီးတော်ကလေးအား ရက်လခါ ကျူးနှစ်မကူးခင်ကပင် သမီးတော်ကြီး အရာထားကာ အလေးပေးခဲ့သည်။ ထိုအကြောင်းကို ကောင်းမှုတော် မဟာစေတီ၌ ဌာပနာသွင်းတော်မူသော စာရင်းအား ကြည့်က သိသာလှပေ၏။

"ဘဝရှင်မင်းတရားကြီး ရုပ်တုတော်ကိုလည်း မင်းဆောင် မင်းယောင်နှင့်တကွ တန်ဆောင်တိုင်ကိုင်၍ ရှိခိုးတော်မူဟန် ငွေကိုသွန်း၍ ထည့်တော်မူသည်။ ခမည်းတော်ဘုရားရုပ်တု၊ မယ်တော်ဘုရား အရုပ်၊ အတုလမဟာရာဇဒေဝီရှင်မိဖုရားအရုပ်၊ သမီးတော်အဝမိဖုရားအရုပ်၊ မြေးတော်နတ်ရှင်မယ်တော်အရုပ်၊သားတော်မဟာဥပရာဇာအရုပ်၊ မြေးတော်မင်းကြီးကျော်စွာအရုပ်၊ ရာဇဒေဝီရှင်မိဖုရားအရုပ်၊ သားတော် မင်းသားစစ်အရုပ်၊ သမီးတော်ရာဇဓာတုကလျာအရုပ်၊ စန္ဒာဒေဝီရှင်မိဖုရားအရုပ်၊ သမီးတော်ခင်စောအရုပ် စသည်များကိုလည်း ရွှေကိုသွန်း၍ တန်ဆောင်တိုင်ကိုင်လျက် ဘုရားရှိခိုးဟန် ထည့်တော်မူသည်"။...*

---

* မဟာရာဇဝင်ကြီး(ဦးကုလား)ဒုတိယအုပ်-၃၂၆-၃၂၇မှန်နန်း ရာဇဝင်တော်ကြီး ဒုတိယတွဲ-၃၅၁

မဟာစေတီတော်- သက္ကရာဇ်၉၂၂ခု၊ နတ်တော်လပြည့်ကျော်၂ရက် ဗုဒ္ဓဟူးနေ့တွင် ပထမဆုံးအကြိမ် အောင်စည်အောင်မောင်းတီးခတ်လျက် ဌာပနာတိုက်တော် သွင်းတော်မူသည်။ ယင်းမှသည် ၉၂၂ခု ပြာသိုလအတွင်း ဌာပနာငါးကြိမ်တိုင် သွင်းတော်မူခဲ့၏။ ဌာပနာတော်မူသည့် စာရင်းတွင် ဖော်ပြပါအတိုင်း ရာဇဓာတုကလျာ၏ တန်ဆောင်ကိုင်၍ ရှိခိုးဟန်ရွှေရုပ်တုမှာ ပါဝင်ခဲ့လေသည်။

**မယ်တော်မျက်ပုံ့နတ်ရွာစံ။** ။ ရာဇဓာတုကလျာသည် အထိန်းတော်၊ အချီတော်၊ အယတော်များလက်တွင်နှစ်သက် ရွှင်ကြည်စွာ ကြီးပြင်း၍ လာရသည်။ မယ်တော်ဖြစ်သူ ရာဇဒေဝီမှာလည်း သားတော်ကြီးနော်ရထာစော* သမီးတော် ရာဇဓာတုကလျာနှင့်သားတော်အထွေးသီဟဒတ္တ**တို့နှင့်တကွ ငြိမ်းအေးချမ်းသာစွာ စံစားနေခဲ့သည်။ ခမည်းတော်မင်းတရားကြီးမှာ မိဖုရားကြီးရာဇဒေဝီကိုသော်လည်းကောင်း၊ သားတော် သမီးတော်များကိုလည်းကောင်း၊ နှစ်သိမ့်ရွှင်မြူးချစ်အားကျူးကာ ကြည်နူးနှစ်သက် မေတ္တာသက်ရောက်ခဲ့သည်။

သို့သော်…ခံမင်ခယ၊ ချစ်လွန်းကလည်း သောကနောက်ဆုံး ရှိရမည့် အချိန်သို့ ဆိုက်ရောက်လာခဲ့လေပြီ။

---

* ရာဇဓာတုကလျာ၏ မောင်တော်အကြီး အနော်ရထာစောကို ဘုရင့်နောင်မင်းတရားကြီးက ပထမတွင် သာယာဝတီမြို့ကိုစားစေသည်။ သက္ကရာဇ်၉၄၀ပြည့် တပို့တွဲလတွင် ဟရိဘုဥ္စတိုင်း သုဝဏ္ဏဘုမ္မိ မည်သော ဇင်းမယ်ပြည်၌ မင်းလစ်လပ်သောအခါ အနော်ရထာစောအား ပေးတော်မူသည်။ အနော်ရထာစောသည်သက္ကရာဇ် ၉၄၁-ခု ဒုတိယဝါဆိုလဆန်း ၁၀ရက် ကြာသပတေးနေ့တွင် ဇင်းမယ် ဘုရင်အဖြစ် နန်းတက်သည်။အကျယ်ကို မဟာရာဇဝင်ကြီး(တ)၅၀-၅၄တွင် ရှုပါ။

**ရာဇဓာတုကလျာ၏မောင်တော်အထွေး သီဟဒတ္တကိုသက္ကရာဇ်၉၄၃ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ သောကြာနေ့တွင် သီရိသုဓမ္မရာဇာဟူသော ဘွဲ့ကိုပေးကာ မုတ္တမမြို့အားစားစေသည်။ အကျယ်ကို မဟာရာဇဝင်ကြီး(တ)၆၃တွင်ရှုပါ။

အချိန်ကားသက္ကရာဇ် ၉၂၆ခု၊ သီတင်းကျွတ်လဆန်း၉ရက်နေ့ နံနက်မိုးသောက်သည့် အချိန်လောက်မှစ၍ ဟံသာဝတီနေပြည်တော်၏ထက် အဇ္ဈောနဘံတွင် မိုးသားတိမ်တိုက်တို့ တက်ကြွမြူးကွန့်ကာ အမှောင်တိုက် ဖုံးလွှမ်း၍လာသည်။ မြေငလျင်မှာလည်း သိမ့်ခနဲ…သိမ့်ခနဲ လှုပ်ယမ်းလာ၏။

ရာဇဓာတုကလျာ မင်းသမီးလေး၏ မယ်တော်ရာဇဒေဝီမိဖုရား၏ အဆောင်တော်တွင် အခြွေအရံ အသင်းအပင်းတို့မှာ သက်ပြင်းမှုမရှူဝံ့ရှာဘဲ ရင်တမမနှင့်ဖြစ်နေကြသည်။ ရွှေသလွန်တော်ထက်တွင် ရာဇဒေဝီမိဖုရားမှာ သေငယ်ဇောနှင့် မှော၍ နေလေသည်။ သမားတော် အကျော်အမော်တို့မှာလည်း မိဖုရားကြီးနံဘေးမှ ငေးမှိုင် တွေဝေလျက်ရှိ၏။ အရှင်သခင်မ၏ တိုးတက်လာသော ဝေဒနာတော်ကို တစ်ဆေးမကောင်း တစ်ဆေးပြောင်း၍ ကုသော်ငြားလည်း မရတော့ချေပြီ။

ငလျင်သည် ရံဖန်မစဲ ထပ်တလဲလဲလှုပ်၍သာနေသည်။ တော်လဲသံ ကလည်းထွက်လာသည်။ ငလျင်ဒဏ်ကြောင့် ဒဂုံဆံတော်ရှင်၊ ရွှေမော်ဓော၊ ကုသိုလ်တော် မဟာစေတီ၊ ကျိုက်ကိုစသောမွန်ပြည်ထောင်တလွှား ဘုရား ပုထိုးစေတီအများပင် ပြိုပျက်လေသည်။ ကုသိုလ်တော်များ ပြိုပျက်လေသည် နှင့်အတူ ရာဇဒေဝီမိဖုရားကြီးမှာလည်း နတ်ရွာစံ ကံတော်ကုန်ရချေသည်။ ရာဇဒေဝီမိဖုရားကြီးမှာ ဘုရင့်နောင်မင်းတရားကြီး၏ အလွန်အကျူးချစ်မြတ် နိုးအပ်သော မိဖုရားကြီးတစ်ပါးဖြစ်၏။ မင်းတရားတွင်မိဖုရားကြီးသုံးပါး၊ မိဖုရားငယ်လေးဆယ့်သုံးယောက်ရှိသည့်အနက်၊ ရာဇဒေဝီမှာ မိဖုရားကြီး တစ်ပါး ဖြစ်ချေသည်။ မင်းတရားကြီးသည်များစွာကြေကွဲဝမ်းနည်းတော် မူ၏။ ထို့အတူပင် သောင်းလောကဓာတ်တခွင်မှာလည်း ကြေကွဲဝမ်းနည်း ဘိသည့်အလား ခုနစ်ရက်တိုင်တိုင် မြေငလျင်ဆက်တိုက်လှုပ်ခဲ့လေသည်။*

ဤသို့အားဖြင့် ရာဇဓာတုကလျာသည် သက်တော်၄နှစ်၁၁လအရွယ်၌ မိတဆိုးသမီးတော်လေးအဖြစ် ဟံသာဝတီရွှေနန်းတော်တွင်းဝယ် မျက်ဆိုး သူငယ်ဖြင့် ကျန်ရစ်တော်မူရသည်။ ထို့ကြောင့်လည်း မင်းတရားကြီးမှာ သမီးတော်အပေါ်မေတ္တာတော်တွင် ဂရုဏာဆင့်ကာ အလွန်အကျူးအထူး သဖြင့် သနားယုယတော်မူခဲ့ရှာလေသည်။

---

* မဟာရာဇဝင်ကြီး(ဦးကုလား)ဒုတိယအုပ်၃၅၃ မှန်နန်းရာဇဝင်တော်ကြီး ဒုတိယတွဲ၃၇၇

ကဏ္ဍဝိရှုနာ နားသမင်္ဂလာ။ ။ရာဇဓာတုကလျာသည် ခမည်းတော်၏ မေတ္တာရိပ်ကို ခိုလှုံကာ နေအရဏ်ခ၊ သောပန်းကြာပဒုံကဲ့သို့ တဖြည်းဖြည်းကြီးထွားပွင့်ဖူး၍လာခဲ့သည်။ ခိန္ဓာဒသက အရွယ်ကညာပိုင်းကပင် သူမတူသောအဆင်း၊ ဖြူဝင်းသောအသားအရေ၊ ဣန္ဒြေသမာဓိနှင့် သာကီနွယ်ဖွား ကြန်အင်္ဂါမွတ်ထွားလှသည့်အတွက် ဟံသာဝတီ နန်းမြေကနက်၌ စန်းဓာတာတက်ကြွလျက်သာ ရှိ၏။ ကြက်တောင်၊ မောက်ချိုက်၊ ညွန့်ကိုက်၊ စုလည်းအရွယ်သို့ တရွေ့ရွေ့တက်ကာ အလှပန်းကြွလာခဲ့ရာ၊ သက်တော် တစ်ဆယ့်သုံးနှစ်သမီးအရွယ်သို့ ရောက်လျှင် ခမည်းတော်မင်းတရားကြီးက နန်းဉကင်ဗွေအလယ်ဝယ် လစန်းယုန်တင့်တယ် သကဲ့သို့ အဖွယ်အရာ ရွေ နားသ၊ မင်္ဂလာကိုဆင်ယင်စေခဲ့သည်။

"မင်္ဂလာစည်ဟည်း၊ ပွဲချီးနဘံ၊
စိန်အလျှံ၊ ရှိန်ပျံ့ရဇဘာ၊
သုဝဏ္ဏာ၊ မြတပနီယတ်၊
ရှိန်တညီညီ၊ ထိန်ထိန်စည်၊
စိန်ဝဇီအပ်ဖြင့်၊ လျှောက်ပတ်ဆန်းကြယ်စွာ၊
နားသတော်မူသည့်မင်္ဂလာ" ...ကိုစေတနာ ညွတ်ရုံး၊ မဉ္ဇူကုံးကဲ့သို့၊ တိုင်းလုံးခြိမ့်တုန်၊ အောင်ဓေယျုံအမှုဆောင်ပြုအသရေအောင်ဆုဝေစေခဲ့လေသည်။

ယင်းသို့ကဏ္ဍဝိရှုန နားသ မင်္ဂလာဆင်ယင်သည့်နေ့မှာကား သက္ကရာဇ်၉၃၄၊ တပေါင်းလဆန်း၃ရက်၊ ဗုဒ္ဓဟူးနေ့ပင်ဖြစ်ပေသတည်း။*

ထိုနေ့ ထိုရက်၏ နောက်ပိုင်းတွင် ရာဇဓာတုကလျာသည် စိတ်ရွှင်ကြည်နူးစွာဖြင့်ပင် ပင်တိုင်စံအဖြစ် စံမြန်းနေခဲ့သည်။ ပင်တိုင်စံ ဓာတုကလျာ၏ ကောင်းခြင်းအင်္ဂါ နိမိတ်သြဘာတို့သည် တစ်နေ့ထက်တစ်နေ့ ပွားပုံ့ကြွယ်ဖြိုး အသရေတိုးလျက် ရှိပေတော့သည်။

---

* မဟာရာဇဝင်ကြီး(ဦးကုလား)တတိယအုပ်၊ ၁၀ မှန်နန်းရာဇဝင်တော်ကြီး၊ တတိယတွဲ၊၁၀။ မှန်နန်းတွင်တပေါင်းလဆန်း ၇ ရက်ဟု ပြမှာထားသည်။

(ဓာတုကလျာ၏ အတ္တုပ္ပတ်ကို ဤတွင် ခေတ္တရပ်နားဦး၍ ရတုဘုရင် နတ်သျှင်နောင်၏ ဖွားရာအခန်းအား တလှိုင်းတကြီး ဝှဲချီးတင်ပြရေးခြယ် သ,ရပါဦးမည်)

## ကေတုမတီ-နန်းဌာနီ

"ထောင့်တိုင်း-စပ်ရှည်။
မြစ်ခပေါင်း၊ ပေါင်းလောင်း လက်ယာကွေ့၊
နန်းမြေ့စံတည်။
ပုပ်ပဲကဝိုက်လည်၊
မြောက်ဆီက ဆွာဖုံး။
ကြက်ညွှန်း နောင်ညီတို့၊
တရထည် မြရည်ဆို့၊
လွှမ်းဖို့မဆုံး။ ။"*

နတ်သျှင်နောင်

**တောင်ငူကြီး**။ ။ ဧယျာဝမှနတိုင်း ကေတုမတီမည်သော တောင်ငူပြည်ကြီးကို သက္ကရာဇ် ၆၄၁ ခုတွင် ပုဂံနန်းရိုးဖြစ်သည့် သဝန်ကြီးတည်ထောင်စပြုတော်မူသည်။** သဝန်ကြီးသည် တောင်ငူကြီး (ယခုကြက်ရိုးပင်ရွာ၏ မြောက်ဘက် ခပေါင်းမြစ်ဖျား မြောက်ဘက်ရှိ)တွင် သက္ကရာဇ် ၆၄၁ ခုနှစ်မှ ၆၇၉ ခုနှစ် အထိ မင်းပြုသည်။ သဝန်ကြီးနောက် ညီတော် သဝန်ငယ် ထီးနန်းဆက်ခံကာ သက္ကရာဇ် ၆၈၆ အထိ စိုးစံပြန်သည်။

---

*ကဗျာဗန္ဓသာရကျမ်း(ဦးတင်) ၅၀၅၊ ကဗျာ စာကိုယ်တွင် ပန်းဖဲက ဝိုက်လည် ဟု ပါရှိသည်။ ပန်းဖဲချောင်းမဟုတ်ဘဲ ပုပ်ပဲချောင်းသာ ဖြစ်သောကြောင့် ပုပ်ပဲဟု ပြင်လိုက်သည်။ မဟာရာဇဝင်ကြီး (၃) ၁၅၃ အောက်ခြေ၊ ဆရာပွား၏ မှတ်ချက်တွင်မူ ပုပ္ပဲချောင်းဖြစ်ကြောင်း။ ယခုအခါ ပဲပဲချောင်းဟုတွင်ကြောင်းပြဆိုထားသည်။

**ဦးကုလားမဟာရာဇဝင်ကြီး(၃)၁၅၁ မှ အဆိုဖြစ်သည်။ ပါမောက္ခ ဦးချမ်းမြ၏ တောင်ငူရာဇဝင်အကျဉ်းချုပ် (၁၄)တွင်မူ သက္ကရာဇ် ၆၄၄ ခု၊ ကဆုန်လဆန်း ၉ ရက်နေ့ သဝန်ညီနောင်တို့ တည်သည်ဟု ဆိုထား၏။

**တောင်ငူကြီးမှသည် မြဝတီသို့။** ။ သဝန်ကြီးမှ မင်း ၂၉ ဆက်မြောက်၊ မင်းကြီးစည်သူ၏ တူ-သားမက်တော် မင်းကြီးညိုသည် သက္ကရာဇ် ၈၄၇-ခုနှစ်၌ မဟာသီရိဇေယျသူ ဘွဲ့တော်ဖြင့် ရွှေနန်းတက်တော်မူသည်။ မင်းကြီးညိုသည် 'လက်ရှိ တောင်ငူကြီးမြို့မှာ ကျဉ်းမြောင်းလှသည်၊ ပေါင်းလောင်း မြစ်နှင့်လည်း အလှမ်းကွာသည်၊ မြို့ကိုပြောင်းရွှေ့စံမြန်းရသော် ကောင်းပေရာ ၏' ဟု အကြံတော်ရှိ၍ ရှေးဦးစွာ တောင်ငူကြီးမှသည် ပုပ်ပဲချောင်းအနီးသို့ ပြောင်းကာ 'မြဝတီ' ဟု သမုတ်ပြီး မိဖုရားနှင့်တကွ အိမ်ဖြူတော်ဆောက်ကာ နေသည်။ ထိုမှတစ်ဖန် မြဝတီဌာနကို မကြိုက်မနှစ်သက်ပြန်၍ ခပေါင်းမြစ်နှင့် ပေါင်းလောင်းဆုံရာ အရပ်ကို ရွေးချယ်ကာ မြို့ပြောင်းစံမြန်းတော်မူသည်။

**မြို့တော်ဒွာရာဝတီ။** ။ သက္ကရာဇ် ၈၅၃-ခု၊ နတ်တော်လဆန်း ၁၂ ရက်၊ သောကြာနေ့၊ ကြာသပတေးမြေခံ၊ နက္ခတ် ၂၆-လုံး၊ ဃဋီ ၂၀၊ တနင်္ဂနွေ, သောကြာ, ရာဟု ဗြိဿာတွင် လဂ်နှင့်အတူ၊ အင်္ဂါ-တူတွင်၊ ဗုဒ္ဓဟူး ဓနုတွင်၊ စနေမကာရတွင်၊ ကြာသပတေး မေထုန်တွင်၊ မိန်၌စဉ်း၊ မိုးသောက်ရောင်ဖြူ မလာမီတွင် မင်းကြီးညိုသည် ဒွာရာဝတီမြို့ကို တည်ဆောက်တော်မူသည်။ ယင်းဒွာရာဝတီမြို့သည်ကား ယခုလောကဗ္ဗရာဟုခေါ်သော၊ မြို့ကြီးဟူ၍ အမည်ကျန်ရှိနေသည့် နေရာပင်ဖြစ်၏။ မင်းကြီးညိုသည် သက္ကရာဇ် ၈၅၃ ခုနှစ်မှစ၍၊ ဒွာရာဝတီမြို့တော်သို့ ပြောင်းရွှေ့စံမြန်းသည်။ ဒွာရာဝတီ မြို့တော်မှာလည်း တစ်နေ့တခြား စည်ကားသိုက်မြိုက်လာခဲ့သည်။ အင်းဝနေပြည်တော်နှင့်တကွ အရပ်ရပ်မှ လူအများလည်း ဒွာရာဝတီသို့ ခိုဝင်ရောက်ရှိလာကြသည်။ ဤသို့ မြို့နှင့်မဆန့် လူသူ ဆင်မြင်းမှ စ၍ များပြားပြန့်ပြောလာသည့်အတွက် မင်းကြီးညိုသည် မြို့သစ်တည်ရန် ကြံစည်တော်မူရပြန်သည်။

**ကေတုမတီမင်းနေပြည်။** ။ မင်းကြီးညိုသည် ဒွာရာဝတီမြို့တွင် နှစ်ပေါင်း ၂၀ မျှ စိုးစံပြီးနောက်၊ မြို့တော်သစ်နေရာကို ရှာဖွေပြန်ရာ ပေါင်းလောင်းမြစ်၏ အနောက်ဘက်၌ လျော်ကန်သင့်မြတ်သော နေရာကို တွေ့ရှိရ သည်။

သက္ကရာဇ် ၈၇၂ ခု၊ တန်ဆောင်မုန်း လပြည့်၊ အင်္ဂါနေ့၊ နက္ခတ် ၂၆ လုံး၊ မိန်စဉ်း၊ ဗြိဿာလဂ်၊ အင်္ဂါ, ရာဟု အတူ ကြာသပတေးမကာရတွင်၊ သောကြာ, ဗုဒ္ဓဟူး, တနင်္ဂနွေတူတွင် စနေသိဟ်၌ နံနက် ၂ ခါတွင်

'ကေတုမတီ'အမည်ရှိသော တောင်ငူကြီးကို စတင်တည်တော်မူသည်။ ယခု လေးကျွန်းကန်တော်ဟု ခေါ်သော ကြာအင်းကိုလည်း မြို့တော်အတွင်းသို့ သွင်းကာ၊ အရှေ့အနောက် အတာ ၇၀၀၊ တောင်မြောက်အတာ ၁၀၀၀ ရှိသော မြို့တော်ကို တည်စေသည်။ မြို့၏လေးမျက်နှာတွင် မြို့တံခါး ၂၀နှင့် သိမ်တော် ၂၀ တို့ကိုလည်း တစ်ပြိုင်နက် တည်သည်။ ကေတုမတီ တောင်ငူ ပတ်ဝန်းကျင်တွင်လည်း ဝေဠုဝတီ၊ ခညဝတီ၊ အောင်ချာဝတီ၊ ဒွာရာဝတီ၊ အာသာဝတီ၊ ဓေယျာဝတီ၊ သေလာဝတီ၊ ဖီလာဝတီ၊ ကေတုမတီဟူသော 'တီ ၉ တီ'မြို့များကို သတ်မှတ်တည်ထောင်တော်မူသည်ဟု တောင်ငူ ရာဇဝင်တွင် ဆိုသည်။

**တပင်ရွှေထီး မြတ်ဘုန်းကြီး။** ။ မြဝတီ၊ ဒွာရာဝတီနှင့် ကေတုမတီမင်း နေပြည်များကို တည်တော်မူခဲ့သော ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသည့် 'မဟာသီရိဇေယျသူရ'ဘွဲ့ခံ တောင်ငူမင်းကြီးညိုသည် သက္ကရာဇ် ၈၉၂ ခု နတ်တော်လဆန်း ၅ ရက်၊ ကြာသပတေးနေ့ ညဦး သူငယ်အိပ် ဆိတ်တွင်၊ အိမ်နိမ့်၂ဖ၊ မင်းစည်းစိမ် ၄ဖ၊ သက်တော် ၇၂ နှစ်၌ လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူသည်။

မင်းကြီးညိုနတ်ရွာစံသည့်နေ့ ညဦးတချက်တီးကျော်တွင်ပင် သားတော် မင်းတရားရွှေထီးသည် ကေတုမတီတောင်ငူထီးနန်းကို သိမ်းမြန်းစိုးစံကာ ခမည်းတော်ရိုက်ရာကို ဆက်ခံသည်။ အထိန်းတော်မင်းကြီးဆွေကို ခမည်းတော်ကဲ့သို့ အလေးအမြတ်ပြုကာ မင်းရဲသိခ်သူဘွဲ့ပေးသည်။ မင်းကြီးဆွေ၏ သားတော် နို့စို့ဖက် မင်းရဲထွတ်ကို ကျော်ထင်နော်ရထာဟူသော ဘွဲ့ပေး၍ နှမတော်မင်းသမီး သခင်ကြီးနှင့် စုံဖက်တော်မူသည်။ (ကျော်ထင်နော်ရထာမှာ နောင်တွင် ဘုရင့်နောင် မင်းတရားကြီးဖြစ်တော်မူလာ၏။)

**မင်းရဲသိခ်သူ ဘုန်းညွန့်လူ။** ။ မင်းတရားရွှေထီးသည် ကေတုမတီ ထီးနန်းတွင် သက္ကရာဇ် ၈၉၂ ခုမှ ၉၀၂ ခုနှစ်အထိ စိုးစံတော်မူသည်။ ထိုအတော အတွင်း ဘုန်းလက်ရုံး အာဏာတော် ကြီးမားကျယ်ပြန့်လာသည့် အားလျော်စွာ မင်းတရားရွှေထီးသည် ကေတုမတီတွင် နန်းစံသည်ထက်၊ ဟံသာဝတီ နေပြည်တော်တွင် ထီးနန်းစိုက်ရန် ပို၍ အာသာဆန္ဒရှိခဲ့သည်။ မြန်မာနိုင်ငံတော် တစ်ခုလုံးကို စုစည်း ကွပ်ကဲ၍ အုပ်ချုပ်ရန် အချုပ်အခြာကျ၍ အချက်အချာဖြစ်

သော ဌာနမှာ ဟံသာဝတီသာဖြစ်ကြောင်း၊ ဟံသာဝတီသို့ ပြောင်းရွှေ့စံမြန်းသင့်ကြောင်းကို ဘုရင့်နောင်က မင်းတရားကြီးအလိုကျ လျှောက်တင်သည်။ ထို့ကြောင့် *မင်းတရားရွှေထီးသည် ကေတုမတီမှသည် ဟံသာဝတီသို့ သက္ကရာဇ်* ၉၀၂ ခုနှစ်တွင် ပြောင်းရွှေ့စံမြန်းသည်။

မင်းတရားကြီးသည် ကေတုမတီ နေပြည်တော်အား ဘုရင့်နောင်၏ ခမည်းတော် မင်းရဲသိင်္ခသူဘွဲ့ရမင်းကြီးဆွေကို သက္ကရာဇ် ၉၀၂ ခုဒွိပင် လွှဲအပ် အုပ်ချုပ်စေသည်။ အိမ်ဖြူဒဝယ် သုံးဆောင်ဆောက်၍ နေစေကာ ထွက်စည်ဝင်စည်ပေးသည်။ အလုံးအရင်း ဆင်မြင်းအများလည်း ပေးတော်မူသည်။ တောင်ငူဘုရင် မင်းရဲသိင်္ခသူသည် သက္ကရာဇ် ၉၀၂ ခုမှသည် ၉၁၀ ခုနှစ်အထိ တောင်ငူတွင် စံစားသည်။ သက္ကရာဇ် ၉၁၀ ခုတွင် မင်းရဲသိင်္ခသူ လွန်တော်မူ၏။

**သီဟသူ (တောင်ငူဘုရင်မင်းခေါင်)။** ။ သက္ကရာဇ် ၉၁၀ ခုတွင် တောင်ငူကို မင်းပြုသော ဘုရင့်နောင်၏ ခမည်းတော် မင်းရဲသိင်္ခသူ ကံတော်ကုန်သောအခါ၊ မင်းတရား ရွှေထီးသည် မင်းရဲသိင်္ခသူ၏ သားတော် အလတ် (ဘုရင့်နောင်၏ ညီတော်အကြီး)အား သီဟသူ ဟူသောဘွဲ့မည်ဖြင့် ကေတုမတီကို ပေးတော်မူသည်။

သီဟသူသည် တောင်ငူဒွိနန်းစံ၍ နှစ်နှစ်မြောက်တွင် ဟံသာဝတီပြည့်ရှင် မင်းတရားရွှေထီးအား သမိန်စောထွတ်ကလုပ်ကြံသော အရေးတော်ပေါ်ပေါက်၍ လာသည်။ မင်းတရားရွှေထီးနတ်ရွာ စံတော်မူသောအခါ ဘုရင့်နောင်မှာ သံလျင်သို့ ချီ၍ သူပုန်များရန်ကို ချေမှုန်းအောင်မြင်ကာ ဒလသို့ ရောက်ရှိတော်မူစဉ်ဖြစ်၏။ ထိုစဉ်က တောင်ငူမင်း သီဟသူမှာ ဟံသာဝတီသို့ အစောင့်အနေ ရောက်ရှိနေသည်။ တပင်ရွှေထီးနတ်ရွာစံသည်နှင့် တစ်ပြိုင်နက် တောင်ငူမင်း သီဟသူသည် နောင်တော်ရင်း ဘုရင့်နောင်၏ သစ္စာကိုမျှ မစောင့်သိဘဲ ဟံသာဝတီမှ ဆင်လုံး မြင်းရင်းနှင့် အမျိုးအမတ်တို့ကိုခေါ်၍ တောင်ငူသို့ အပြင်းချီသွားသည်။ တောင်ငူ အရောက်တွင် မြို့ပြ၊ ကျုံး မြောင်း၊ ကတုတ်၊ ရင်တားတို့ကို ပြင်ဆင်ပြီးလျှင် "မင်းခေါင်" ဟူသော အမည်ကို ခံယူကာ ခြားနားလေသည်။

**ဘုရင့်နောင်မင်းတရား။** ။ ဒလသို့ရောက်ကာ အာဏာလက်လွှတ် ပိုင်နက်ကင်းနေသော ဘုရင့်နောင်သည် အမှူးအမတ်များနှင့် တိုင်ပင်တော်မူ၍၊ ခမည်းတော်စံခဲ့ရာ ကေတုမတီ တောင်ငူသို့ ချီတက်ခဲ့သည်၊ တောင်ငူမရောက်ခင် ဆယ်တိုင်ကျော်ခန့် အကွာ ရွာသစ်ကြီးအရှေ့ လွင်လဟာတွင် စခန်းချတော်မူ၍ မြို့သစ်ရေပုပ်တပ်တော်ကို 'ဇေယျဝတီ' ဟူသော အမည်သမုတ်ကာ ဆင်လုံး မြင်းရင်းနှင့် ဗိုလ်ဝင်ခံတော် မူသည်။ သက္ကရာဇ် ၉၁၂ ခု၊ တော်သလင်း လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့တွင် ဇေယျဝတီမှ ကေတုမတီသို့ ချီ တက်ဝန်းရံသည်။ ဘုရင်မင်းခေါင် မရပ်တည်နိုင်တော့၍ ခမည်းတော်ဆရာဘုန်းတော်ကြီးကို ဘုရင့်နောင်ထံ တောင်းပန်ပေးရန် လျှောက်ထားသည်။ ဤသို့အားဖြင့် သက္ကရာဇ် ၉၁၂ ခု၊ တပို့တွဲလဆန်း ၃ ရက် တနင်္ဂနွေနေ့တွင် အရေးတော်ပြီးပြေကာ ဘုရင့်နောင်သည် တောင်ငူကို သိမ်းပိုက်သည်။ ကေတုမတီတွင် ယာယီနန်း ဆောက်ကာ ဘိသိက်ခံ၍ မင်းပြုသည်။ မိမိအား သစ္စာဖောက်ထောင်ထား ခြားနားခဲ့သော ညီတော် တောင်ငူဘုရင်မင်းခေါင်ကို အပြစ်မပြုဘဲ 'မင်းခေါင်' ဟူသော အမည်ကိုပင် ထပ်မံ၍ ချီးမြှင့်တော်မူခဲ့သည်။

ဘုရင့်နောင်မင်းတရားကြီးသည် ကေတုမတီ နေပြည်တော်တွင် မင်းစည်းစိမ် နှစ်နှစ်စံစားကာ ဟံသာဝတီနေပြည်တော်သို့ ပြောင်းရွှေ့ပြီး ထီးနန်းစိုက်ထူတော် မူသည်။ ထိုအခါ မင်းခေါင်သည် တောင်ငူဘုရင် မဟာသီဟသူရ ဓမ္မရာဇာ မင်းအဖြစ် ပြန်လည်ရောက်ရှိတော်မူခဲ့၏။

ဘုရင့်နောင် မင်းတရားကြီးသည် သက္ကရာဇ် ၉၄၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ချက်တဖြုတ်နာ၍ နတ်ပြည်စံတော်မူသည်။ ထိုအခါ ဟံသာဝတီတွင် ဘုရင့်နောင်မင်းတရားကြီး၏ သားတော် ငါးဆူဒါယကာ နန္ဒဘုရင်သည် သက္ကရာဇ် ၉၄၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် စနေနေ့တွင် ခမည်းတော်၏ အရိုက်အရာ ရွှေနန်းကို ဆက်ခံ စိုးစံတော်မူသည်။ ဘထွေးတော် တောင်ငူ မင်းခေါင်ကို တောင်ငူတွင်ပင် ဘုရင်အဖြစ် ပြန်လည်ခန့်အပ်ရုံမျှမက၊ ဘုရင်မင်းခေါင်၏ သမီးတော် ၃-ပါးလုံးကိုယူကာ မိဖုရား မြှောက်တော်မူသည်။

**မင်းရဲသီဟသူ (တောင်ငူရွှေနန်းတည်မင်း)။** ။ တောင်ငူဘုရင်မင်းခေါင်သည် သက္ကရာဇ် ၉၄၆-ခု၊ ဝါဆိုလတွင် နတ်ရွာစံတော်မူသည်။ ထိုအခါ

မင်းခေါင်၏ သားတော် မင်းရဲကျော်ထင်ကို မင်းရဲသီဟသူအမည်ဖြင့် တောင်ငူမြို့ကို ပေးတော်မူ၍ မင်းပြုရသည်။ ခမည်းတော် တောင်ငူဘုရင် မင်းခေါင်၏ အဆောင်အယောင် အစီးအနင်းတို့ကိုလည်း ပေးတော်မူသည်။

တောင်ငူဘုရင် မင်းရဲသီဟသူသည် ကေတုမတီ တောင်ငူရွှေနန်းကို အသစ်တဖန် တည်တော်မူလိုပြန်သည်။ ထို့ကြောင့် သက္ကရာဇ် ၉၆၄-ခု၊ နတ်တော်လဆန်း ၈-ရက်၊ ကြာသပတေးနေ့၊ နက္ခတ် ၂၃-လုံး၊ ၆ ဃဍီ၊ မကာရစန်း၊ တူလဂ်၊ ညဉ့် ၃-ချက်တီးကျော်တွင် ကေတုမတီ ရွှေနန်းသစ်ကို တည်တော်မူသည်။ ၄င်းသက္ကရာဇ် ၉၆၄-ခု၊ တန်ခူးလဆန်း ၁၀-ရက်၊ သောကြာနေ့၊ နက္ခတ် ၆-လုံး၊ ၁၅-ဃဍီ၊ မေထုန်စန်း၊ ကုံလဂ်နှင်တကွ ညဉ့် ၃-ချက်တီးကျော်တွင် ရှင်မိဖုရားခေါင်နှင့် နန်းတက်တော်မူသည်။

ကေတုမတီနန်းမြို့တော်ကို သရဒီပအောင်ချာဝတီ၊ အရှေ့တံခါးကို ဥဒေတိဝဍ္ဍန၊ တောင်တံခါးကို ကောင်းမှုမော်ကွန်း၊ အနောက်တံခါးကို ဇေယျဆာယာ၊ မြောက်တံခါးကို သီဟဝိဇယဟု သမုတ်တော်မူသည်။ နန်းတက်တော်မူလျှင် 'မဟာဓမ္မရာဇာ'ဟူသော အမည်ကို သမုတ်တော်မူသည်။ ရှင်မိဖုရားမှာ အတုလ အဂ္ဂမဟာဒေဝီဟူသော အမည်ကို ခံတော်မူသည်။

ဤသို့ သက္ကရာဇ် ၆၄၁ ခုနှစ်မှစ၍၊ ပုဂံ နန်းရိုး သဝန်ကြီးတည် ထောင်ခဲ့သော ကေတုမတီ မင်းနေပြည်မှာ၊ တောင်ငူရွှေနန်းတည် မင်းရဲသီဟသူ လက်ထက်တော်တိုင်မပြတ်သော မင်းဆက်ဖြင့် အခြေရှည်စွာ တိုးတက်စည်ကားလာခဲ့သည်။

ယင်းတောင်ငူဘုရင် သမိုင်းစဉ်ကား ရတုတံခွန်စိုက် စာဆိုဘုရင် တောင်ငူနတ်သျှင်နောင်၏ မျိုးနွယ်စဉ်ဆက်ကို ပြရန် နိဒါန်းသွယ်ခဲ့ခြင်းသာလျှင် ဖြစ်ပေတော့သတည်း။ *

❒

---

*ကေတုမီမင်းနေပြည်နှင့် တောင်ငူနန်းဆက်ကို တင်ပြရာတွင် ဦးကုလား မဟာရာဇဝင်တော်ကြီး (၃-တ)၊ မှန်နန်းရာဇဝင်တော်ကြီး (၃-တ)၊ တောင်ငူ ရာဇဝင်အကျဉ်းချုပ်၊ ရာဇဝင်သံခိပ်နှင့်အဖြေ (ဟံသာဝတီ ဦးဘရင်)နှင့် အခြား စာအုပ်စာတမ်းများ၏ အဆိုတို့ကို ညှိနှိုင်းခဲ့ပါသည်။

# ဘုန်းသမ္ဘာရှင် – ဓောနတ်သျှင်

သက္ကရာဇ် ၉၃၉ ခု…

ကေတုမတီ တောင်ငူရွှေမြို့တော်ကြီးသည်ကား သာယာတင့်တယ်သော အသရေကို ဆောင်လျက်ရှိသည်။ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး၏ ခမည်းတော်တူ မယ်တော်ကွဲ ညီတော်ဖြစ်သော၊ အင်းဝ ဘုရင် သတိုးမင်းစော၏ ခမည်းတော်တူ-မယ်တော်တူ နောင်တော်ကြီး အရင်းလည်း ဖြစ်သော၊ မဟာသီဟသူရ ဓမ္မရာဇာ ဘွဲ့ခံ ဘုရင်မင်းခေါင် သည် ကေတုမတီပြည်ကြီးကို စည်ထီးခရိုင် နိုင်ငံနှင့်တကွ အုပ်ချုပ်နေသော ကာလဖြစ်သည်။

ယင်းသို့သော ခါကောင်းချိန်မြတ်တွင် ဘုရင်မင်းခေါင်၏ သားတော် မင်းရဲကျော်ထင်နှင့် မိဖုရား ခင်စောမှ နောင်တွင် မြန်မာစာပေလောကၶ ရတုတံခွန်စိုက် တောင်ငူဘုရင်အဖြစ် ထင်ရှားလာမည့် သားတော်နတ်သျှင် နောင်ကို ဖွားတော်မူခဲ့လေသည်။ *

**ခမည်းတော်မျိုးရိုး။** ။ စာဆိုတော် နတ်သျှင်နောင်၏ မျိုးရိုးမှာ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး၏ ခမည်းတော် တောင်ငူဘုရင် မင်းရဲသိခ်သူမှ အနွယ်မပျက် ဆင်းသက်ခဲ့သော မင်းမျိုးစိုးမျိုးအစစ် ဖြစ်သည်။

နတ်သျှင်နောင်၏ ခမည်းတော်ဘက်မှ ဘိုးတော်မှာ၊ ဘုရင့်နောင်မင်းတ ရားကြီး၏ ညီတော် တောင်ငူဘုရင် မင်းခေါင်ဘွဲ့ခံ သီဟသူဖြစ်သည်။ ဘုရင်မင်းခေါင်သည် မင်းသားဘဝ ဇေယျနန္ဒဘွဲ့ဖြင့် နေရစဉ် မင်းတရားရွှေ ထီး ဟံသာဝတီ၌ တပင်တိုင်ပြာသာဒ် ဆောက်တော်မူ၍ သက္ကရာဇ် ၉၀၇ ခုနှစ်တွင် ရာဇာဘိသေက ခံတော်မူသည့် အခမ်းအနား၌ ပြည်ဘုရင်ထွေးနောက် မိဖုရားတွင် မြင်သော သမီးတော်လေးကျွန်း မိဖုရားနှင့် စုံဖက်ပေးသနားတော် မူခြင်း ခံရသည်။ **

---

* နတ်သျှင်နောင်၏ ဖွားသက္ကရာဇ်ကို မဟာရာဇဝင်ကြီးနှင့် ညီနှိုင်းကာ သက္ကရာဇ် ၉၃၉ ဟု ဖော်ပြလိုက်သည်။ ပါမောက္ခဦးဘောမောင်တင်နှင့် ပါမောက္ခဦးချမ်းမြတို့ကမူ ဖွားသက္ကရာဇ် ၉၄၀ ပြည့်ဟု ပြထား၏။ ယင်းအဆိုနှင့် ပတ်သက်၍ ရှင်းလင်းချက်ကို နောက်ဆက်တွဲတွင် အကျယ်တဝင့် ဖော်ပြပါမည်။

** မဟာရာဇဝင်ကြီး (ဦးကုလား) ဒုတိယအုပ် ၂၁၀

ဒုတောင်ငူဘုရင် မင်းခေါင်နှင့် လေးကျွန်းမိဖုရားတို့မှ သားတော်၊ နောင်တွင် တောင်ငူရှေ့နန်းတည်မင်းတရား ဖြစ်လာမည့် မင်းရဲသီဟသူအား ဖွားမြင်သည်။ မင်းရဲသီဟသူကား နတ်သျှင်နောင်၏ ခမည်းတော်ဖြစ်သည်။

**မယ်တော်မျိုးရိုး။** ။ နတ်သျှင်နောင်၏ မယ်တော်ဘက်မှ ဘိုးတော်မှာ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ကိုယ်တော်တိုင် ဖြစ်တော်မူသည်။ ဘုရင့်နောင်မင်းတရားကြီးသည် အင်းဝရှေ့နန်းကြော့ရှင်မင်း၏ သမီးတော် သီရိဘုန်းထွတ်အား စန္ဒာဒေဝီဘွဲ့ဖြင့် မိဖုရားမြှောက်တော်မူသည်။ ဘုရင့်နောင် မင်းတရားကြီးနှင့် စန္ဒာဒေဝီတို့မှ သမီးတော် မင်းခင်စောကို မြင်တော်မူသည်။ သမီးတော် မင်းခင်စောမှာ နတ်သျှင်နောင်၏ မယ်တော် ဖြစ်သည်။

**ခမည်းတော်-မယ်တော် နှစ်ပါးပျော်။** ။ ဘုရင့်နောင် မင်းတရားကြီးသည် သက္ကရာဇ် ၉၃၃ ခု၊ နယုန်လဆန်း ၇-ရက် စနေနေ့တွင်၊ စန္ဒာဒေဝီရှင်မိဖုရားမှ မြင်သော သမီးတော်မင်းခင်စောနှင့် ညီတော် တောင်ငူဘုရင် မင်းခေါင်၏ သားတော် မင်းရဲကျော်ထင် (နောင်တွင် မင်းရဲသီဟသူ)အား နန်းတွင်းတွင်ပင် ကြီးကျယ်ခမ်းနားစွာ ကိုယ်တော်တိုင် စုံဖက်ပေးတော်မူသည်။*

**ညီနောင်လေးပါး။** ။ မင်းရဲသီဟသူနှင့် မင်းခင်စောတို့မှ သားတော်ကြီး နတ်သျှင်နောင်နှင့် ညီတော် မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ကို အစဉ်တစိုက် ဖွားမြင်တော်မူခဲ့သည်။

**နတ်သျှင်နောင်နှင့် ဓာတုကလျာ။** ။ ❖ နတ်သျှင်နောင်သည် သက္ကရာဇ် ၉၃၉ ခုနှစ်တွင် ဖွားမြင်သည်။ ရာဇဓာတုကလျာမှာ သက္ကရာဇ် ၉၂၁ ခုနှစ်တွင် ဖွားမြင်သည်။ ထို့ကြောင့် တစ်ပါးနှင့်တစ်ပါး သက် တော်အားဖြင့် ၁၈-နှစ်ကြီး ၁၈-နှစ်ငယ်ဖြစ်သည်။ အရွယ်တော် ချင်းကွာခြားတော်မူလွန်း၏။

❖ နတ်သျှင်နောင်သည် ဟံသာဝတီဆင်ဖြူများရှင်၊ ဘုရင့်နောင် မင်းတရားကြီး၏ မြေးတော်ဖြစ်သည်။ ရာဇဓာတုကလျာမှာ ဘုရင့်နောင် မင်းတရားကြီး၏ သမီးတော်ဖြစ်သည်။ ထို့ကြောင့် ဆွေတော်မျိုးတော် ဝါအားဖြင့် တူတော်နှင့်အရီးတော်ဖြစ်ကာ အလှမ်းကွာခြားလှသည်။

* မဟာရာဇဝင်ကြီး (ဦးကုလား) ဒုတိယအုပ်၊ ၄၃၇

ဂဝတိ

❖ နတ်သျှင်နောင်မှာ ဟံသာဝတီဘုရင်၏ လက်အောက်ခံ တောင်ငူဘုရင်၏ သားတော်မျှသာဖြစ်သည်။ ရာဇဓာတုကလျာမှာကား ဟံသာဝတီ နေပြည်တော်မှ ပင်တိုင်စံဒေဝီ ဖြစ်သည်။ ရာထူးနိမ့်မြင့် အခြေအနေအားဖြင့်လည်း ကွာခြားလှသည်။

ဤသို့သော ကွာခြားချက်များကို မေတ္တာတရားကကျော်လွှားနိုင်ခဲ့လေသည်။ အမျိုးမျိုးအဖုံဖုံသော ဒုက္ခအခက်အခဲ ဝဲဂယက်များကြားမှ ကြင်ချစ်သူ မောင်မယ်နှစ်ပါးတို့ မလျော့သော လုံ့လဖြင့် ကျော်လွန်ကာ မေတ္တာ၊ သစ္စာ၊ သမုဒယာ၊ သွယ်ခဲ့ပုံတို့ကို ရှေ့ခန်းများတွင် ကျွန်တော် တတ်စွမ်းနိုင်သမျှ ဆက်လက် တင်ပြသွားမည် ဖြစ်ပေသတည်း။

## ပင်တိုင်စံ–ဓာတုမယ်

'ကမ္ဘောဇသာဒိ' ရွှေနန်းတော်ကြီး ဆောက်လုပ်ပြီးစီးခဲ့သည်မှာ ၁၄–နှစ်မျှ ရှိခဲ့ပေပြီ။ ရွှေနန်းတော်ကြီးထက်တွင် စကြဝတေးမန္တာတ်မင်း၏ အသရေဖြင့် စံနေတော်မူသော ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ ဘုန်းတော်လက်ရုံးတော်မှာလည်း စကြဝဠာ ကမ္ဘာ မြေမိုး ဖြန်းဖြန်းကျိုးမျှ အနန္တတန်ခိုးထွားလျက် လက်နက်နိုင်ငံတော် နယ်ပယ်တလွှားတွင် မြင့်မားကြီးကျယ်သည်ထက် ကြီးကျယ်လျက်ရှိသည်။

မင်းတရားကြီး ဘုန်းတော်ကြီးမြတ်သည်နှင့်အမျှ သမီးတော် ချစ်ရာဇဓာတုကလျာ၏ ချောမွေ့ကြန်ညီ လှဂုဏ်ဆောင်သော သတင်းတို့သည်လည်း ကျော်လွှံ့အံ့အဲ သောင်းသောင်းသဲမျှ ဂယက်ဝဲထလျက်ရှိသည်။ ခမည်းတော် မင်းတရားကြီးသည် အခြားသားတော် သမီးတော်တို့ကို အရွယ်ရောက်လျှင်ပင် သင့်မြတ်ရာရာ ရွေးချယ်ရှာလျက် လက်ထပ်မင်္ဂလာ အခမ်းအနားကို ဆင်ယင်ပေးမြဲဖြစ်သည်။ သို့သော် ရာဇဓာတုကလျာကို မူကား ချစ်မြတ်နိုးလွန်း အားကြီးတော်မူသဖြင့် အပျိုရည် သန့်သန့် ဂုဏ်ခန့်ခန့်နှင့် ရှိစေရန် ပင်တိုင်စံနန်းတွင် အထီးဆို၍ ယင်ဖိုမှ မသန်းစေရဘဲ စံမြန်းနေစေလေသည်။ ရာဇဓာတုကလျာ ကိုယ်တိုင်မှာလည်း အရွယ်တော် အားဖြင့် နှစ်ဆယ်ကျော်သွားသည့်တိုင်အောင် ကိလေသာရမက်မှောင်ကို ခွာရှောင်တိမ်းဖဲကာ တစ်ဦးတည်း ဇကာစာဖြင့် ထွေထွေရာရာ တွေးခြင်းမရှိဘဲ အေးခြင်း ...တိတရားကိုသာ ရှာလျက် ရှိသည်။ ဓာတုမယ်၏ သီလဂုဏ်သတင်း

** မွှေးကြိုင်သော...ကြားသိရသူတိုင်းကပင် ကြည်ညိုယုံးစိတ်ထားဖြင့် ...

စားလျက်ရှိသည်။ ဓာတုမယ်မှာလည်း ဤသည်ကိုပင် ဂုဏ်တစ်ခုဖြင့် ပျော်မွေ့ရှာကာ စိတ်ဝမ်းသာလျက်ရှိ၏။

## မင်းဘုန်းမြတ်လျှံ–နတ်ရွာစံ

သက္ကရာဇ် ၉၄၃ ခု၊ တန်ဆောင်မုန်းလပြည့်နေ့···

ဟံသာဝတီမင်း နေပြည်တော်တွင် မကြုံစဖူး ထူးထူးကဲကဲ မိုးကြီးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်။ ထက်အာကာဝဠာတခွင်မှ ပြာမင်မှုန်ဆိုင်း မိုးတိမ်တောင်တို့ အသိုင်းအဝိုင်းနှင့် အရှိန်းထအောင် လှိုင်းကြွနေသည်။ မြို့တော်တွင်းဝယ် ရေများလျှံတက်နေသဖြင့် မြို့သူမြို့သားတို့မှာ လှေကိုပင်စီးနေရ၏။ မိုးထဲလေထဲတွင်ပင် နှံကောင်တို့သည် အုပ်လိုက် အုပ်လိုက် ကောက်နှံအခင်းများပေါ်သို့ ကျလျက်ရှိ၏။ ဒေးပသွယ် အရပ်တွင် ပတ္တမြားမိုးရွာသည်ဟူသော ကောလာဟလကလည်း ပျံ့နှံ့လာသည်။ ကောင်းမှုတော် မဟာစေတီနှင့် ကျိုက်ကိုစေတီတော်တို့ရောင်တော်ပြသည်။

ဤသို့ တိတ်နိမိတ်များ ထူးထူးခြားခြား ဖြစ်ပေါ်လာသည့် နေ့တွင်ပင် 'သီရိတြိဘဝနာဒိတျာပရပဏ္ဍိတသုဓမ္မရာဇာဓိပတိ'ဘွဲ့တော်ခံ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီးမှာ လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူလေသည်။ *

---

*ဘုရင့်နောင် မင်းတရားကြီးမှာ မြန်မာ့သမိုင်းစဉ်တွင် ဘုန်းတန်ခိုး အကြီးဆုံးဘုရင်တစ်ပါးဖြစ်တော်မူသည်။ သက္ကရာဇ် ၈၇၇ ခု၊ တပို့တွဲလဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားသည်။ သက်တော် ၁၉နှစ် သက္ကရာဇ် ၈၉၆ ခုနှစ်တွင် တပင်ရွှေထီးနှမတော် သခင်ကြီးနှင့် စုံဖက်ကာ ကျော်ထင်နော်ရထာဟူသော ဘွဲ့မည်ကိုခံရသည်။ သက်တော် ၂၃ နှစ်၊ သက္ကရာဇ် ၉၀၀ ပြည့်တွင် ဘုရင့်နောင်ဘွဲ့ခံရသည်။ သက်တော် ၃၄ နှစ်၊ သက္ကရာဇ် ၉၁၁ ခုနှစ်တွင် ကေတုမတီမြို့ကို အလိုတော်ပြည့်၍ မင်းပြုသည်။ သက်တော် ၃၆ နှစ်၊ သက္ကရာဇ် ၉၁၃ ခုနှစ်တွင် ဟံသာဝတီမြို့ကို အလိုပြည့်ကာ ရွှေနန်းတက်သည်။ မင်းစည်းစိမ် ကေတုမတီတွင် ၂ နှစ်၊ ဟံသာဝတီတွင် အနှစ် ၃၀၊ နှစ်ပါး ပေါင်း ၃၂ နှစ် ကာလပတ်လုံး အမျိုးဘာသာ သာသနာအကျိုးကို ဆောင်တော်မူသည်။ သက္ကရာဇ်၉၄၃ ခုနှစ်တွင် ချက်တဖြုတ်နာ၍ နတ်ရွာစံတော်မူသည်။ အကျယ်ကို မှန်နန်းရာဇဝင်၊ မဟာရာဇဝင်တော်ကြီး၊ တပင်ရွှေထီးဝတ္ထု (ဦးမောင်ကြီး)၊ ဘုရင့်နောင် (ဦးသိမ်းမောင်)နှင့် [illegible] ရာဇဝင်ချုပ် (ဦးစိန်လွင်လေး) တို့တွင် ရှုပါ။

ပင်တိုင်စံမယ် ညှိုးလျှဖွယ်။ ။ ခမည်းတော် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံတော်မူသောအခါ ရာဇဓာတုကလျာမှာ သက်တော် ၂၂ နှစ်သို့ ရောက်ရှိနေပေပြီ။ ပင်တိုင်စံမယ်၏ ကျောက်ထီးတန္တအလေးအမြတ်ပြုရာ၊ မှီခိုအားထားလဲလျောင်းရာအဖြစ် တည်ရှိခဲ့သော ခမည်းတော် နတ်ရွာစံသည် ဆိုလျှင်ပင် ဓာတုမယ်သည် ရွှေတောင်ကြီးပြိုသကဲ့သို့ စိတ်နှလုံးဝယ် ညှိုးလျော်ဖွယ်ဖြစ်ခဲ့ရသည်။ ဓာတုမယ်သက်တော် ၄ နှစ် ၁၁ လအရှိတွင် မယ်တော် ရာဇဒေဝီ နတ်ရွာစံခဲ့ကာ၊ ယခုသက်တော် ၂၂ နှစ်တွင်ခမည်းတော် မင်းတရားကြီး နတ်ရွာစံပြန်လေရာ အဘယ်မျှအပူလုံးတကြွကြွနှင့် ယူကြုံးမရ ဖြစ်ရှာတော်မူရသည်ကို တွေးရှုနိုင်ပေမည်။သို့သော် တရားဓမ္မကွန်နှင့် စပ်ကာ ဆင်ခြင်ပါက ဓာတိရှိလျှင် ဇရာဖြစ်ပေါ်ကာ ဗျာဓိနှင့် မရဏတို့သည်သာလျှင် အဆုံးစွန်ရလဒ်ပေမို့ ဓာတုမယ်မှာ တရားဓမ္မ သံဝေယူရန်မှအပ မည်သို့မျှ မတတ်နိုင်အားရှာပါပေ။ ရာဇဓာတုကလျာမှာ ဤသို့ပင် ဒုက္ခအပူမီးကို ပျိုရွယ်စဉ်ကာလကပင် ရင်ဝယ်ပိုက်ခဲ့ရရှာလေသည်။

## ဘုန်းကြွယ်ရာဇာ–ငါးဆူဒါယကာ

မင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက်၊ သားတော်ကြီး ငါးဆူဒါယကာ နန္ဒဘုရင်သည် သက္ကရာဇ် ၉၄၃–ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄–ရက်၊ စနေနေ့တွင် ဟံသာဝတီထီးနန်းကို ဆက်ခံစိုးအုပ်တော်မူသည်။ ထိုနေ့၌ပင် သားတော်မင်းကြီးစွာကို မဟာဥပရာဇာဟူသော အမည်ဖြင့် အိမ်ရှေ့အရာ နှင်းအပ်တော်မူသည်။ အိမ်ရှေ့မိဖုရားကား အင်းဝဘုရင်သတိုးမင်းစော၏ သမီးတော် နတ်သျှင်မယ်ဖြစ်၏။

ငါးဆူဒါယကာ နန်းတက်ချိန်တွင် ဟံသာဝတီလက်အောက်ခံ ပဒေသရာဇ် ဘုရင်များမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

(က) **အင်းဝဘုရင် သတိုးမင်းစော။** ဘုရင့်နောင်မင်းတရားကြီး၏ 'ခမည်းတော်တူ–မယ်တော်ကွဲ' ညီတော်ဖြစ်သည်။ ဘုရင့်နောင်၏ မိဖုရား ခေါင်ကြီးမှဖွားသော သမီးတော်ကြီးနှင့် စုလျားရစ်ပတ်လက်ထပ်ထားသောကြောင့် ဘုရင့်နောင်၏ သမက်တော်လည်း ဖြစ်သည်။ ငါးဆူ ဒါယကာဘုရင်နှင့်မူ တူဝရီးလည်းတော်၊ သမီးယောက်ဖလည်းတော်သည်။ ထို့အပြင် ငါးဆူဒါယကာ၏ သားတော် အိမ်ရှေ့မင်း

ကြီးစွာနှင့် မိမိ၏ သမီးနတ်ရှင်မယ်ကို လက်ဆက်စေသောကြောင့် ခမည်းခမက်လည်း တော်ပြန်သေး၏။ ဤသို့ ဟံသာဝတီဘုရင်နှင့် အင်းဝဘုရင်မှာ သွေးချင်းအထပ်ထပ်၊ ဆွေချင်းအမြတ်မြတ် တော်စပ် လျက် ရှိသည်။

(ခ) **တောင်ငူဘုရင်မင်းခေါင်**။ ဘုရင့်နောင်မင်းတရားကြီးနှင့် 'ခမည်းတော်တူ-မယ်တော်ကွဲ' ညီတော်ဖြစ်၏။ အင်းဝဘုရင် သတိုးမင်းစောနှင့်မူ 'ခမည်းတော်တူ-မယ်တော်တူ' နောင်တော်ကြီး အရင်းဖြစ်၏။ ငါးဆူဒါယကာ ဘုရင်က ဘုရင်းမင်းခေါင်၏ သမီးတော် ၃-ပါးလုံးကို ယူကာ မိဖုရားမြှောက်ထား၍ ငါးဆူဒါယကာနှင့် တူဝရီးသာမက သမီးယောက္ခမလည်း တော်သည်။ စာဆိုတော် နတ်သျှင်နောင်၏ ဘိုးတော်အရင်းဖြစ်သည်။

(ဂ) **ပြည်ဘုရင်သတိုးဓမ္မရာဇာ**။ ဘုရင့်နောင်မင်းတရားကြီးနှင့် 'ခမည်းတော်တူ-မယ်တော်တူ' ညီတော်အရင်းဖြစ်သည်။ ငါးဆူဒါယကာ၏ မိဖုရားငါးပါးအနက် တစ်ပါးဖြစ်သူ 'မင်းတရားမယ်တော်' မှာ ပြည်ဘုရင်၏ သမီးတော်ဖြစ်၍၊ ငါးဆူဒါယကာနှင့် တူဝရီးသာမက သမီးယောက္ခမလည်း တော်သည်။ ဇင်းမယ်ဘုရင် နော်ရထာစော (ရာဇဓာတုကလျာ၏ မောင်တော်ကြီးအရင်း)၏ ကြင်ဖက် 'ဆင်ဖြူရှင် မယ်တော်' မှာ ပြည်ဘုရင်၏သမီးတော်ဖြစ်၍၊ နော်ရထာစော၏ ယောက္ခမလည်းတော်သည်။

(ဃ) **ဇင်းမယ်ဘုရင် နော်ရထာစော**။ ဘုရင့်နောင်၏ ရာဇဒေဝီ မိဖုရားမှ ဖွားမြင်၍ ငါးဆူဒါယကာနှင့်ညီအစ်ကို 'ခမည်းတော်တူ-မယ်တော်ကွဲ' ဖြစ်သည်။ ရာဇဓာတုကလျာ၏ မောင်တော်ကြီးအရင်း၊ ပြည်ဘုရင်၏ သမက်တော်ဖြစ်သည်။

(င) **ယိုးဒယားဘုရင် ဗြနရာဇ်**။ ယိုးဒယားဘုရင်ဟောင်း ဗြသာ မိရာဇာ (ချက္ကရဖတ်)၏ သားမက်၊ ပိဿလောက် (ဖစ္စနုလုတ်)မြို့စား၊ ဩယာဓမ္မရာဇာ (မဟာထမ္မရာဂျာ)ဘွဲ့ခံ ယိုးဒယားမင်းသား၊ နောက် ဘုရင့်နောင် မင်းတရားကြီးက စော်ဘွားသောင်ကြည် (ချောဖဆောင် ခွဲ)အမည်ဖြင့် ယိုးဒယားပြည်တွင် ဘုရင်ပြုလုပ်စေခဲ့သည်။ ယခုဗြန ရာဇ် (ဖရာနရက်)မှာ ဖော်ပြပါ စော်ဘွားသောင်ကြည် (ချော[illegible] ခွဲ)ခေါ် ဩရာဓမ္မရာဇာ၏ သားဖြစ်သည်။ ငယ်စဉ်က ဟံသာဝတီ

ဘုရင့်နောင် ခြေတော်ရင်း၌ ခစားခဲ့ဖူးရာ မြန်မာဓလေ့ ထုံးစံနှင့်တကွ မြန်မာဘာသာကိုသာ တတ်မြောက်သည်။

(စ) **လင်းဇင်းဘုရင်ဥပရာဇ်။** လင်းဇင်းဘုရင်ဟောင်း ဖြဲစဲစစ်၏ညီ မိုင်းစံမြို့စားဖြစ်သည်။ ဟံသာဝတီ၌ ၁၀ နှစ်တိုင်နေဖူးသည်။ မကြာခဏ ပုန်ကန်ထကြွသဖြင့် ဟံသာဝတီတပ်များ သွားရောက်နှိမ်နင်းရသည်။

(ဆ) **မဏိပူရဘုရင် (ကသည်းစော်ဘွား)။** ဘုရင့်နောင်အား သမီးတော်ဆက်ကာ အညွှံခံထားသော ကသည်းစော်ဘွားပင်ဖြစ်သည်။ ရာဇဝင်၌ အမျိုးအမည်ကို မဖော်ပြ၊ စော်ဘွား၏ ယောက်ဖတော်ကို ခုံစဲကြမ္ဘာဟုခေါ်သည်။

မှတ်ချက်။ ။ ငါးဆူဒါယကာ လက်ထက် ပဒေသရာဇ်မင်းများ၏ အမည် မှတ်တမ်းကို သေချာစွာ ဂရုစိုက်သင့်သည်။ ဤအချက်အလက်များကို သိထားမှသာလျှင် ရှေ့ပိုင်းတွင် ရေးသားမည့် 'ရာဇဓာတုကလျာ'ဘဝဖြစ်စဉ်ကိုငှင်း၊ 'နတ်သျှင်နောင်'၏ ဘဝဖြစ်စဉ်ကိုငှင်း၊ သဘောပေါက်နားလည်နိုင်ပေမည်ဖြစ်၏။ သွေးချင်းနောက တည်ဆောက်ခဲ့သော ဘုရင့်နောင်မင်းတရားကြီး၏ နိုင်ငံတော်မှာ မည်သို့ပျက်စီး တိမ်းပါးခဲ့သည်ကို ရှေ့ပိုင်းတွင် တွေ့ရပေလတ့်တည်း။

## အိမ်ရှေ့စံနှင့် ဓာတုမယ်

ကုလ္လဓီနံ၊ မိန်းမတို့၏။ ဓနံ၊ ဥစ္စာကား၊
ရူပံ၊ အဆင်းတည်း။ ပုရိသာနံ၊ ယောကျ်ားတို့၏
ဓနံ၊ ဥစ္စာကား၊ ဝိဇ္ဇာ၊ အတတ်သာတည်း။

(လောကနီတိ၊ ကုလ္လဓိကဏ္ဍာ)

ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက် အရိုက်အရာကို ဆက်ခံသော ငါးဆူဒါယကာသည် နှမတော် ဓာတုကလျာအား ခမည်းတော်လက်ထက်ကနှင့်မခြား သမီးတော်များနှင့်အလားတူ အရေးတယူ မြှောက်စားတော်မူခဲ့သည်။ ဓာတုကလျာ စုဖုရားအတွက် မိဖုရားကြီးများနှင့် တတန်းတည်းထားကာ အဆောင်တော်သတ်သတ်ဖြင့် စံမြန်းစေသည်။ အရာရာတွင် မတောင့်မတ မကြောင့်မကြရှိစေရန်လည်း လိုအပ်သရွေ့ကို ချီးမြှင့်တော်မူသည်။

သက်တော်နှစ်ဆယ့်နှစ်နှစ်အရွယ် ဓာတုကလျာမယ်မှာ ဤသို့အားဖြင့် အသရေတင့်ခဲ့ရပြန်သည်။ ရုပ်ရည် လက္ခဏာမှာ သမုဒ္ဒြီက ကျမ်းနှင့်ညီစွာ ရွှေသားပကတိအဆင်းကဲ့သို့ ဝင်းဝါစိုပြေလျက် ကိုယ်နေကိုယ်ဟန် လုံးရပ် သဏ္ဌာန် ကြန်အင်ညီညွတ်၍ ထွတ်မြတ်သော ရူပလက္ခဏာ အင်္ဂါသမ္ပတ္တိ ဥပမိစက်ဝန်းနှင့် ပြည့်စုံကာ ဟံသာဝတီ နန်းတော်ကြီး တစ်ခုလုံးရှိ အလှဘုရင် များက သမတတင်လောက်အောင် လှပခံ့ညားခဲ့လေသည်။ ဝိုင်းစက်လှပသော မျက်နှာတော်နှင့် ယန္တရားစက်ကဲ့သို့ လှည့်လိုက်တိုင်း လည်လျက်ရှိသော မျက်လုံးအစုံတို့မှာ ယောကျ်ားများကို မဆိုထားဘိ၊ မိန်းမသားအချင်းချင်းပင် စိတ်အာရုံတုန်လှုပ်ချောက်ချားသွားလောက်ပေ၏။ အမျိုးမျိုး အချိုးကျကာ လှချင်တိုင်းလှ ပြေပြေပြစ်ပြစ်နှင့် ချစ်ချင်စရာ၊ အလှရတနာတို့၏ မကိုဋ်မြို့ သရဖူဆိုလောက်သော ရာဇဓာတုကလျာ စုဖုရားမှာ ရုပ်ရည်တော် ထူးမြတ် လှသလောက် စိတ်နှလုံးတော်ကလည်း သဘောထားပြည့်ဝ၍ စာရိတ္တအရာ တွင်လည်း ဟိရီနတ်သမီးကဲ့သို့ အကျင့်သီလနှင့် ပြည့်စုံကာ၊ သိရီနတ်သမီး ကဲ့သို့ ဘုန်းကျက်သရေနှင့် ပြည့်စုံခဲ့လေသည်။*

ဓာတုကလျာ၏ ရုပ်လက္ခဏာမှာ လူမက-နတ်မမျှ အလှခေါင်အုပ် လှခေါင်ချုပ်ဖြစ်၍ နေသည့်အပြင် အမူအကျင့်ကလည်း မည်သူနှင့်မျှ မတူအောင် အလိမ္မာဂုဏ်နှင့် ပြည့်စုံနေသောကြောင့် ဓာတုကလျာ စုဖုရား၏ ကောင်းသတင်းနှင့် ကောင်းခြင်းဂုဏ်တို့သည် ပန်းသတင်းလေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်ဆိုဘိသကဲ့သို့ ဟံသာဝတီ ရွှေနန်းတွင် သာမက နိုင်ငံတော်အဝှမ်း ပျံ့နှံ့လျက်ရှိသည်။

ဓာတုကလျာကို ချစ်ကြင်လိုသည့်စေတနာ၊ မေတ္တာသွယ်လိုသည့်သူ၊ ရွှေလက်ဆွဲကာ ချစ်ပွဲဝင်လိုသည့် ပုဂ္ဂိုလ် ထိုထိုဤဤ အလီလီပင်များပြား လှသည်။ သို့ပေသော်ငြားလည်း၊ ဂုဏ်အရှိန်တကက်ကြွား မဟူသကနတ်ပန်း အလားသို့ အခြေအနေမြင့်မားလွန်းလှသည့်အတွက် မည်သူတဦးတယောက် မျှပင် မကြံဝံ့ မစည်ဝံ့ကြပေ။ သို့မှာကြောင့်လည်း ရာဇဓာတုကလျာမှာ အချိန်အရွယ်တော် ရောက်သည့်တိုင်အောင် ကြင်ဖော် ကင်းကာတစ်ကိုယ် တော်တည်း စံမြန်းနေရခြင်းဖြစ်သည်။

---

* ဓာတုကလျာ ရွှေစကြာ ၅၀

''စန္ဒိမံ၊ လကို၊ ဝိနာ၊ ကြဉ်သော၊
ရတ္တိ၊ ညဥ့်သည်။
နသောဘတေ၊ မတင့်တယ်။
ဝိစိဝိနာ၊ လှိုင်းတံပိုးမှ ကင်းသော၊
အဏ္ဏဝါ၊ သမုဒ္ဒရာသည်လည်း၊
နသောဘတေ၊ မတင့်တယ်။
ဟံသဝိနာ၊ ဟသ်ာမှကင်းသော၊
ပေါက္ခရဏီ၊ ရေကန်သည်၊
နသောဘတေ၊ မတင့်တယ်။
ပတိဝိနာ၊ လင်မှကင်းသော၊
ကညာစ၊ သတို့သမီးသည်လည်း။
နသောဘတေ၊ မတင့်တယ်။''

(လောကနီတိ၊ ဣတ္ထိကဏ္ဍ)

နီတိကျမ်းအဆူဆူတွင် ကြင်ဖော်ကင်းသော အမျိုးသမီးအား တင့်တယ်ခြင်းမရှိဟု ဆိုကုန်သည်။ မည်သို့ပင်ဆိုစေ ရာဇဓာတုကလျာမှာမူ ဤသို့ တစ်ကိုယ်တော်တည်း စံမြန်းနေရသောဘဝကိုပင် သောကကင်းဝေးသည် ထင်ကာ စိတ်ချမ်းမြေ့ ကြည်သာနေမည်မှာကား ယုံမှားဖွယ်မရှိပေ။

**အိမ်ရှေ့ဘုရား မေတ္တာပွား။** ။ ဓာတုကလျာ စုဖုရားသည် ကေစာဘဝကိုပင် ရှင်အားနှစ်သိမ့်ကာ အမတ ငြိမ်းချမ်းရေးကို ရနေဘိသကဲ့သို့ ပျော်မွေ့နှစ်ချိုက်နေခဲ့သည်။ အထိန်းတော်၊ အခြွေတော်၊ အရွေတော်များဖြင့် စိတ်အေးကြည်သာ ဘဝစခန်းသာတွင် လန်းဖြာကာ နေမိသည်။ သည်ဘဝတွင်ဖြင့် ကြည်မြစွာ နေရပေတော့မည်ဟူ၍လည်း အောက်မေ့တော်မူရှာသည်။ သို့သော်...

''တောဂနိုင်စိမ့်စမ်း၊ ဟေဝန်ချောင်ရိပ်နန်း၌ ရွှင်လန်းနှစ်သက်စွာ လွတ်လွတ်လပ်လပ် နေရှာသော ဒရယ် သူငယ်ပျိုမလေးအား သူကောင့်သားကျားငစဉ်းလဲက စားချင်ဝါးချင်သောအာလျဖြင့် စိတ်ဆန္ဒပြင်းစွာ ပုန်းအောင်းကာ အချက်ရှာနေဘိသကဲ့သို့''...

မင်တိုင်စံ ဓာတုမယ်ကို ရင်ဝယ်ပိုက်ဖြား တယုတယနှင့် သမုဒယပွားကာ ဖသသအာရုံ ကာမဂုဏ်ဖြင့် ထုံချင်၊ လှောက်ချင်၊ ရွှေမေတ္တာဆင်သ၊ ချင်သော အာဏာရှင် တစ်ဦး၏ အဖြစ်ကိုမူ သိရှိတော်မူဟန် လက္ခဏာမရှိပေ။

ဓာတုမယ်၏ စင်ကြယ်သောခန္ဓာ၊ တင့်တယ်သော ကာယ၊ သုံးဆယ့်နှစ်ကောဋ္ဌာသအစုကို အပိုင်အနိုင် ယှဉ်ပြိုင်ချစ်ရန် အခွင့်အလမ်း ကြံနေသူကား အခြားသူမဟုတ်၊ ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာဘုရင် ဇေရာစ်၏ ရွှေရင်နှစ်သည်းချာ မင်းကြီးစွာအမည်ခံ နန်းရန်အိမ်ရှေ့မင်းပင် ဖြစ်ပေသည်။

အိမ်ရှေ့ကိုယ်တော်နှင့် စုဖုရား ချစ်သစ္စာထားကာ မေတ္တာပွားမည်ဆိုလျှင် ရွှေနှစ်ပြားကို ဂဟေသားသော်လည်း အခြားမထင်သကဲ့သို့ တင့်တယ်ခြင်းမဖြစ်ပါသလောဟု စောဒနာပြုဖွယ် ရှိ၏။ အဖြေကား တင့်တယ်ခြင်းမဖြစ်ဟုသာဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော်၊ အိမ်ရှေ့မင်းမှာ ကြင်ယာသက်ထား အိမ်ရှေ့မိဖုရား ရှိနှင့်ပြီးသောကြောင့်ပင်တည်း။

ငါးဆူဒါယကာမင်းတရားသည် မိမိရွှေနန်းသိမ်းတော်မူသော နေ့၌ပင် သက်တော် ၂၇ နှစ်ရှိ သားတော်ကြီး မင်းကြီးစွာကို၊ အစ်မတော်ရင်းဖြစ်သော အင်းဝဘုရင် သတိုးမင်းစော၏ မိဖုရားမှ ဖွားမြင်သူ သက်တော် ၂၅နှစ်ရှိ 'နတ်ရှင်မယ်တော်' အမည်ရှိ မင်းသမီးနှင့် စုလျားရစ်ပတ်လက်ထပ်ပေးကာ 'မဟာဥပရာဇာ' ဟူသော အမည်ဖြင့် အိမ်ရှေ့နှင်းတော်မူခဲ့သည်။

နတ်ရှင်မယ်တော်မှာ ဆင်းရူပကာအားဖြင့် ညှံ့ဖျင်းသူမဟုတ်ပေ။ ဟံသာဝတီ ရွှေနန်းနှင့် အင်းဝနန်းတခွင်တွင် ပြိုင်ယှဉ်နိုင်သူ ဖက်မရှိဟု တိုင်းနိုင်ငံသိ ချောမောသူ တစ်ဦးဖြစ်သည်။ အသားတော်ဖြူဖြူ အမူအရ သိမ်မွေ့၍ စိုစိုပြေပြေနှင့် ကိုယ်နေကိုယ်ဟန် မဟာဆန်သည်။ နှာတံပေါ်ပေါ် မျက်နှာတော်သွယ်သွယ် စင်ကြယ်မြင့်မြတ်သော ရုပ်ဓာတ် ကျက်သရေလည်း ရှိသည်။ ပြည့်ဖြိုးလတ်ဆတ်၍ ဖသဓာတ်နှင့် ပြည့်ဝသော အသားနေပုံ၊ ခါးနေပုံ၊ ရင်နေပုံ၊ တင်နေပုံတို့မှာ ယောကျ်ားသားတို့၏ စိတ်ဓာတ်ကို တဖျပ်ဖျပ်တလှုပ်လှုပ် နေအောင်သွေးဆောင်နိုင်စွမ်းရှိသည်။ *

အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာနှင့် နတ်ရှင်မယ်တော်တို့၏ ထိမ်းမြားလက်ထပ်မှုမှာ တင့်တောင်း တင့်တယ် ကောင်းခြင်းကြွယ်လှသည်။ နှစ်ဖက်သော

---

* ဓာတုကလျာ ရွှေစကြာ ၃၀ ကို မှီးသည်။

ခမည်းတော် မယ်တော်တို့ကလည်း သဘောတူညီသည်။ မင်းမျိုး မင်းနွယ် မဟာနွယ်တို့၏ ထုံးစံအရ မောင်နှမ ဝမ်းကွဲချင်း မကွဲမပြား စုလျား ရစ်ပတ်ခဲ့ခြင်းလည်း ဖြစ်သည်။ သို့တမူ ဥပရာဇာ၏ မေတ္တာတော်မှာ မိမိ၏ ဒွေးလေးတော်ဖြစ်သူ ခေတုကလျာအပေါ် ပြောင်းလဲ ကျက်စားလာခဲ့ရခြင်းမှာကား အံ့သြဖွယ်ရှိလှပေသည်။

မေတ္တာတရားဆိုသည်မှာ ဤကဲ့သို့ပင် ဖြစ်၏။ တွေ့ရန်ခက်သည်၊ မြင်ရန်ခက်သည်၊ ဆွတ်ချူရန်ခက်သည်ဟူသော အရာဝတ္ထုကိုမှ ပို၍ တန်ဖိုးထားတတ်ကြသည်။ ပို၍ မြတ်နိုးတတ်သည်၊ ပို၍လည်း ခံမင်ခယ ဆန္ဒစောတတ်သည်။ ဤသို့ဖြင့် အိမ်ရှေ့မင်း၏ မေတ္တာတော်ယိမ်းယိုင်လာမှုကြောင့်ပင် ဟံသာဝတီရွှေနန်း၏ ကံကြမ္မာမှာ တနည်းတဖုံ ဖန်လာခဲ့ခြင်း ဖြစ်ပေတော်သည်တကား။

**မေတ္တာနှင့် သမုဒယာ။** ။ အိမ်ရှေ့ ကိုယ်တော်၏ ခေတုကလျာ အပေါ်ထားရှိခဲ့သော မေတ္တာမှာ တစ်နေ့တခြား ကြီးမားရင့်ထွားခဲ့သည်။ မတော်မသင့်သည့် အရာဖြစ်၍ ဤသို့သော မေတ္တာကို ထိမ်းချုပ်ထားခဲ့ဟန် လည်းတူသည်။ သို့သော် ချစ်မေတ္တာမည်သည် ရင်တွင်းဝယ် သိုမှီးထားရ လွန်းအားကြီးပါက ပွင့်အန်ပေါက်ထွက်တတ်သည့် ဓမ္မတာအတိုင်း အိမ်ရှေ့ကိုယ်တော်သည် စုဖုရား၏ မေတ္တာကို ပိုင်သ, နိုင်ရန် ကြိုးပမ်းရတော့သည်။

ခေတုကလျာ၏ မေတ္တာပန်းကို ဆွတ်လှမ်းနိုင်ရန် အရေးမှာ အတော်ပင်ခက်လှသည်။ အိမ်ရှေ့ကိုယ်တော်ဆိုသည်မှာ ရွှေနန်းရှင်ဘုရားမှလွဲလျှင် နိုင်ငံတော်တွင် အထွတ်အထိပ်ဖြစ်၍ တန်ခိုးအာဏာစက်နှင့် ပြည့်စုံလှသည်။ နိုင်ငံတော် အတွင်းရှိ မည်သည့်အမျိုးသမီးကိုမဆို မေတ္တာတော်တိမ်းညွတ်ပြီဆိုလျှင် သိမ်းပိုင်သည့် အာဏာလည်း ရှိသည်။ ရာဇဝင်ကို လေ့လာမည်ဆိုလျှင် ဘုရင်ရာဇာဓိရာဇ်ဟု ဘုန်းတန်ခိုးကြွယ်ခဲ့သည့် ဘုရင်သည် အိမ်ရှေ့မင်းသား ဗညားနွဲ့ ဘဝဌ်ရှိစဉ် တစ်နေ့ ဒဂုန်ဆံတော်ရှင်၌ ပန်းရောင်းနေသူ အိမ်ထောင်လက်ရှိ မွေမနိုက်ဆိုသူအား တွေ့၍ ချစ်ခင်အားကြီးသည့်ဇောဖြင့် ကောက်ယူသိမ်းပိုက်ကာ မိဖုရားမြှောက်ခဲ့သည်။ ဘုရင်အဖြစ်သို့ ရောက်သောအခါ မွေမနိုက်အား ပိယရာဇာဒေဝီအမည်ဖြင့် မိဖုရားကြီးအဖြစ် ဗွေသဖန်း၌ ရေဖျန်းခံခဲ့ရသည်။ ယခုလည်း အိမ်ရှေ့ကိုယ်တော် မင်းကြီးစွာသည် ခေတု

ကလျာကို အခမ္မသိမ်းပိုက်မည်ဆိုက အာဏာတော်ပြ၍ သိမ်းနိုင်မည်သာ ဖြစ်၏။

သို့သော် တဖက်မှ တွေးလျှင် အခမ္မသိမ်းပိုက်ရန် အရေးမှာ လွယ်မယောင်နှင့် ခက်လှပေသည်။ ဓာတုကလျာသည် အိမ်ရှေ့မင်းထက် သက်တော်အားဖြင့် ၅ နှစ်ခန့်ငယ်သည်ဟု ဆိုရစေကာမူ ဆွေတော်မျိုးတော် ဝါတော်အားဖြင့်ကား ကြီးမားလှသည်။ ဘိုးတော်ဘုရင့်နောင် မင်းတရား၏ မြေးရင်တော်နှစ်သမီးတော်စစ်ဖြစ်ကာ ခမည်းတော်ကိုယ်တိုင်က မိဖုရားကြီးများ အခြေအနေနှင့် တတန်းတည်းထားပြီး ချီးမြှင့်စားတော် မူရသည်။ အကယ်၍သာ ဘုရင့်နောင် မင်းတရားကြီး သက်တော်ထင်ရှားရှိမည်ဆိုလျှင် မင်းကြီးစွာအနေဖြင့် ဓာတုကလျာအား မော်၍ပင် ဖူးဝံ့ရန် ဝေးကွာလှပေသေး၏။ ယခုမူ ကုသိုလ်ကံအကြောင်းအားလျော်စွာ  အိမ်ရှေ့မင်းဖြစ်လာရသည့်အတွက် မင်းမာန်တက်ကာ ကြံဝံ့ခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် အိမ်ရှေ့ကိုယ်တော်သည် မအပ်မရာ မေတ္တာဓာတ်အရာတွင် အာဏာကို အလွဲသုံးစားမပြုဝံ့ ရှာခဲ့ပေ။ ညွတ်ရာညွတ်ကြောင်း ကောင်းမြတ်သည့် စိတ်ထားမျိုးနှင့်သာ ဖျောင်းဖျောင်းဖျဖျ မိမိအလိုသို့ပါအောင် သွေးဆောင်ရန် စိတ်ကူးရလေသည်။

အိမ်ရှေ့ကိုယ်တော်သည် ရာဇဓာတုကလျာထံ မေတ္တာမျှရန်အရေးကို ကိုယ်တိုင်ကိုယ်ကျမပြုဝံ့ရှာသည့်အတွက်  အောင်သွယ်တမန်တော်အဖြစ် နှမတော်အထွေး "ခင်မနှောင်း" အား အသုံးပြုခဲ့သည်ဟုအဆိုရှိ၏။ ခင်မနှောင်းမှာ သက်တော်ကလည်းငယ်၊ နှုတ်ရေးကလည်း ကြွယ်သဖြင့် အောင်သွယ် စခန်းကို အောင်မြင်စွာ ဖွင့်လှမ်းနိုင်ခဲ့ဟန်တူသည်။

အိမ်ရှေ့ကိုယ်တော်သည် ထိုတွင်မျှမက ဓာတုကလျာ၏ အထိန်းတော်များမှ တစ်ဆင့်လည်း ကြိုးပမ်းသည်။ အထိန်းတော် အယာတော်နှင့် အခြွေအရံတို့မည်သည်မှာ အရှင် ကောင်းကကျွန်မြင့်၊ ရေတင့်တော့ကြာတင့်တတ်သည့် သဘောကိုနားလည်ကြသည့်အတိုင်း အိမ်ရှေ့မင်း၏ တံစိုးလက်ဆောင်ကိုယူကာ မိမိတို့၏ သခင်မနှောင်ရေး၊ မိမိတို့၏ နှောင်ရေးကိုတွေးလျက် တတ်အားသမျှ အမှုထမ်းကြမည်မှာ ဓမ္မတာပင်ဖြစ်၏။

အိမ်ရှေ့ကိုယ်တော်မှာမူ ဓာတုကလျာကို အစွဲအလန်းကြီးစွာဖြင့် မေတ္တာတော်တိမ်းညွတ်ရန် ကြံစည်ရာတွင် နှောင်ရေးကို အလေးအနက်ထားကာ

တွေးတောဟန်မတူပေ။ အိမ်ရှေ့ဥပရာဇာဆိုသူမှာ တစ်နေ့တွင် ရွှေနန်းရှင်ဖြစ်လာမည့် ပုဂ္ဂိုလ်ပင်ဖြစ်သည်။ ရွှေနန်းရှင် ဖြစ်သည်ဆိုသည်နှင့် တစ်ပြိုင်နက် ဗွေသဖန်း၌ ရေဖျန်းခံကာ အဂ္ဂမဟေသီ ဒေဝီမိဖုရားကြီးတစ်ပါးကို ရွေးချယ်ရတော့မည်ဖြစ်သည်။

ထိုအခါတွင်...

'ရာဇဓာတုကလျာ'နှင့် 'နတ်ရှင်မယ်တော်'... ဤနှစ်ပါးအနက် မည်သူအား မိဖုရားကြီးအဖြစ် တင်မြှောက်ရပါအံ့နည်း။

ဤပြဿနာသည် တကယ့်အဓိက ပြဿနာဖြစ်၏။ ထုံးတမ်းစဉ်လာအတိုင်းဆိုလျှင် လက်ရှိ အိမ်ရှေ့ကိုယ်တော်၏ မိဖုရားနတ်ရှင်မယ်တော်သည်သာလျှင် အဂ္ဂမဟေသီ ဒေဝီရာထူးကို ခံယူထိုက်ပေသည်။ ခံလည်းခံယူရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခမည်းတော် ငါးဆူဒါယကာနှင့် အရီးတော် အင်းဝဘုရင် မိဖုရားနှစ်ပါး၊ ဘိုးတော်ဘုရား၏ အလိုတော်ကျသာကီယထုံးစံ စုလျားနှံ၍ သီဟာပျံ ဗွေသဖန်းတွင် ရေဖျန်းခံရစေရန် လက်ထပ်ခဲ့ခြင်းဖြစ်သည်။ ဤအစဉ်အလာကို ဖျက်ရန်အရေးကား အထူးပင်ဝန်လေးဖွယ်ရာဖြစ်၏။

တဖက်တွင် ကြည့်ပြန်က အကယ်၍ ရာဇဓာတုကလျာဒေဝီနှင့် အိမ်ရှေ့မင်းတို့ စုလျားရစ်ပတ် လက်ထပ်ထားသည်ဖြစ်ပါလျက် မိဖုရားခေါင်ကြီးတင်မြှောက်ရမည့် အရေးပေါ်က ရာဇဓာတုကလျာအား မတင်မြှောက်ဘဲနတ်ရှင်မယ်တော်ကိုသာ တင်မြှောက်မည်ဆိုလျှင် ရာဇဝင်တော် ရိုင်းပေရော့မည်၊ အကြောင်းသော်ကား အိမ်ရှေ့မိဖုရား နတ်ရှင်မယ်တော်မှာ အရွယ်တော်ကြီးသော်လည်း မယ်တော်ဖက်ကဆိုလျှင် ဆွေဝါမျိုးဝါအလိုက် ဓာတုကလျာ၏ တူမတော်သည်။ နတ်ရှင်မယ်တော်၏ မယ်တော်နှင့်မှ ဓာတုကလျာမှာ 'ခမည်းတော်တူ မယ်တော်ကွဲ' ညီမတော်သည်။ တူမတော်ဖြစ်သူက အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးဖြစ်ကာ ဒွေးလေးတော်က လက်အောက်ခံ မိဖုရားငယ်အဖြစ် နေရမည်ဆိုလျှင် မှုချသင့်တော်မည်မဟုတ်ချေ။

အိမ်ရှေ့ကိုယ်တော်၏ မေတ္တာပန်ကြားလွှာကို ဓာတုကလျာလက်ခံရစဉ်ကပင် ဤပြဿနာကို စဉ်းစားမိမည်ကား ဓမ္မတာပင်ဖြစ်၏။ ထို့ကြောင့်လည်း အိမ်ရှေ့ကိုယ်တော်အပေါ် မေတ္တာရေး ပြန်လိုသည့်တိုင်အောင် ဤပြဿနာဖြေရှင်းနိုင်သည်အထိ ဆိုင်းငံ့ စဉ်းစားကာ အချိန်ဆွဲခဲ့ဟန်တူသည်။

မည်သို့ပင်ဆိုစေကာမူ ကြီးမားကြံ့ခိုင်လှသော ကျောက်တိုင်ကျောက်တုံးကြီးပင် ရေငွေ့ဖန်များသောအခါ ပြိုလဲတတ်ချေ၏။ သံချောင်းသံတိုင်ကြီးများပင်လျှင် အပူဓာတ် တွေ့ထိဖန်များသောအခါ အရည်ပျော်ကျ တတ်ချေသေး၏။ အကြင်နာတရား ကရုဏာပွားကာ နူးညံ့သိမ်မွေ့လှသော ဓာတုကလျာကဲ့သို့ ရွှေနန်းသူတစ်ပါး၏ အသည်းနှလုံးမှာ ကျောက်တုံးကျောက်စိုင်ဖြင့် ဖန်တီးထားခြင်းမဟုတ်ရာကား၊ ခ,ခ,ယ,ယ ဝပ်တွားတောင်းပန် အသက်ကိုနှံကာ မေတ္တာတောင်းခံဖန် များလတ်သော် အိမ်ရှေ့ကိုယ်တော်အပေါ် ဂရုဏာသက်ကာ သမုဒယာဆက်မိမည်မှာ အမှန်ပင်ဖြစ်၏။

“မိန်းမဓာတ်မျိုး၊ ထောပတ်အိုးတည့်၊
ဆိုရိုးစကား၊ ဖိုယောကျ်ားကား၊
ခိုးများလူလူ၊ မီးနှင့်တူ၏။” …

စဏာကျနီတိတွင် ဤသို့လျှင် အမျိုးသမီးတို့အား ထောပတ်နှင့် ဥပမာပြုကာ အမျိုးသားတို့ကို မီးနှင့် နှိုင်းခိုင်း ပြမှာထားသည်။ မီးအပူဓာတ်နှင့်တွေ့လျှင် ထောပတ်မှာမည်မျှပင် ခဲနေစေကာမူ ယိုစီးကျတတ်မြဲ ဓမ္မတာပင်ဖြစ်သည်။

ယခုလည်း ရာဇဓာတုကလျာ အသည်းနှလုံး ထောပတ်အိုးမှာ အိမ်ရှေ့ကိုယ်တော် မင်းကြီးစွာ၏ မေတ္တာဓာတ်မီးနှင့် တွေ့သောအခါ သနားကရုဏာတို့သည် ယိုစီး၍ ကျလာခဲ့ရတော့သည်။

ရာဇဓာတုကလျာ၏ ကံကြမ္မာမှာ ဤသို့သာဖြစ်၏။ ငယ်ရွယ်စဉ်ကပင် ‘မိတဆိုး’ ဖြစ်ခဲ့ရသည်။ အရွယ်တော် ရောက်သောအခါ ‘ဘတဆိုး’ ဖြစ်ခဲ့ရ ပြန်သည်။

အတင်းအဓမ္မ မေတ္တာကိုတောင်းခံသဖြင့် အသည်းနှလုံးကို ပုံကာပေးအပ်တော်မူလိုက်ရပြန်လေတော့… ထိုပုဂ္ဂိုလ်မှာ မင်းဖျိုမင်းလွင်မဟုတ်ဘဲ မိဖုရား လက်ရှိနှင့် ‘အိမ်ထောင်ရှင်’ ဖြစ်နေရပြန်သည်။

ရာဇဓာတုကလျာ၏ ကံကြမ္မာကား ဆိုးလေစွ။

□

## ခေတ္တကလျာ-အရေးတော်ပုံ

အိမ်ရှေ့ကိုယ်တော်နှင့် ခေတ္တကလျာတို့၏ 'ရွှက်ပုန်းသီး' မေတ္တာမှာ တစ်နေ့တခြားကြီးထွားရှု လာခဲ့သည်။ မေတ္တာခေတ်ကြီးထွားလာလေသလောက် သတင်းတို့ကလည်း အပြင်အပသို့ ပေါက်ကြားခဲ့လေသည်။ သို့သော်... မေတ္တာပိုင်ရှင် နှစ်ပါးမှာ တစ်ပါးကလည်း နိုင်ငံတော်၏ ဒုတိယအထွတ်အထိပ် အိမ်ရှေ့ဥပရာဇာကိုယ်တော်၊ တစ်ပါးကလည်း ဘုရင်မင်းတရားကြီး၏ နှမတော်ပင်တိုင်စံဒေဝီ၊ ဤသို့သော ကြီးမြတ်လှသည့် ဂုဏ်တို့ကြောင့်၊ မည်သူတစ်ဦးတစ်ယောက်ကမျှ ကဲ့ရဲ့ခြင်း၊ စကားတင်းဆိုခြင်းမပြုဝံ့ ကြချေ။ အထွတ်အထိပ် ဆွေတော်မျိုးတော် နှစ်ပါး၏ အချစ်ရေးကိုအား လည်းမပေးဝံ့၊ ကဲ့ရဲ့သင်္ဂြိုဟ်စကားတင်း ဆိုခြင်းလည်း မပြုဝံ့၊ မသိကျိုးကျွံ သာ နေကြရရှာသည်။

မည်သို့ပင် သိုသိုသိပ်သိပ်နှင့် တိတ်တဆိတ်ပြုသည်ဖြစ်စေကာမူ တစ်နေ့တွင်ကား ပေါ်ပေါက်ရမည်မှာ အမှန်ဖြစ်၏။ အိမ်ရှေ့ကိုယ်တော်နှင့် ရာဇခေတ္တကလျာတို့၏ အချစ်ရေးကို ရန်ဆူးရန်ငြောင့်သဖွယ် ပြုနိုင်မည့်သူကား အိမ်ရှေ့ကိုယ်တော်၏ မိဖုရား နတ်ရှင်မယ်တော်သာလျှင် ဖြစ်၏။ နတ်ရှင်မယ်တော်သည် မိန်းမသားများထဲမှ မိန်းမသားတစ်ပါးဖြစ်သည်။ မိန်းမသားတို့၏ သဘာဝအတိုင်း မိမိ၏ ခြောက်သားတော်က ဤသို့ အကျင့်ဖောက်ပြန်ကာ သီလကြောင် ဖြစ်နေခြင်းကို မည်သည့်နည်းနှင့်မျှ သဘောတူနိုင်ခြင်းမရှိပေ။

ခြောက်သားတော်မှာ အိမ်ရှေ့ ဥပရာဇာဖြစ်၍ ကိုယ်လုပ်တော် မောင်းမတော်အဖြစ် မည်၍မည်မျှ ကောက်ယူထားသည်ဆိုစေကာမူ အခွင့်လွှတ်နိုင်ကောင်းဖွယ်ဖြစ်သည်။ အဆွယ်အပွား ကိုယ်လုပ်တော်ထားခြင်းသည် ယောကျ်ားတို့၏ ဓမ္မတာလည်း ဖြစ်သည်။ သို့သော်ယခုအရေးမှာ ကိုယ်လုပ်တော် မောင်းမတော် ကောက်ယူခြင်းမဟုတ်။ တကယ့် အဓိပတိ ဒွေးလေးတော်ပင်တိုင်စံကိုမှ မေတ္တာကူးလူးဆက်သွယ်နေခြင်း ဖြစ်သည်။ တော်ရာလျော်ရာ အဆင့်အတန်းမျိုးလည်း မဟုတ်ပေ။

အကယ်၍ အိမ်ရှေ့ကိုယ်တော်က ရွှေနန်းသိမ်းတော်မူနိုင်သည့် အခြေသို့ ရောက်လျှင် အဘိသေကခံရန် အဂ္ဂမဟေသီ ရွေးရာ၌ မိမိနှင့် ထိပ်တိုက်ပြိုင်ဖက် ဖြစ်လာနိုင်သော အခြေတွင် ရှိသည်။ ဤသို့ရာထူးကို လုလာမည့်သူတစ်ဦးနှင့် မေတ္တာမျှနေခြင်းကို နတ်ရှင်မယ်တော်သည် မည်သို့သော

အကြောင်းနှင့်မျှ ခွင့်လွှတ်နိုင်စွမ်း မရှိပေ။ ခွင့်လွှတ်ရိုးထုံးစံလည်း မရှိပေ။ ထို့ကြောင့် နတ်ရှင်မယ်တော်သည် အိမ်ရှေ့ကိုယ်တော်နှင့် ရင်ဆိုင်ရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

❒

## မင်းကြီးစွာနှင့် နတ်ရှင်မယ်တော်

သက္ကရာဇ် ၉၄၄-ခု၊ တစ်ခုသောမာသ၊ တစ်နေ့သောအခါ···

အိမ်ရှေ့ကိုယ်တော်မင်းကြီးစွာသည် နှမတော် နတ်ရှင်မယ်တော်၏ အဆောင်တော်သို့ ကူး၍လာသည်။ ဤအခါတွင် မကျေနပ်ချက်များ ရင်တွင်းဝယ် အပြည့်ရှိနေသော နတ်ရှင်မယ်တော်၏ မျိုသိပ်ခံစားရချက်များမှာ ပွင့်ထွက်၍ လာခဲ့၏။ လင်စိတ် သားစိတ် ဆိုသည်မှာ မြွေဆိပ်ကျားဆိပ်ထက်ပင် ဆိုးရွားတတ်သည်။

နတ်ရှင်မယ်တော်သည် အိမ်ရှေ့ကိုယ်တော်အား ရာဇဓာတုကလျာနှင့် မေတ္တာသွယ်သည့်အကြောင်းကို ဖွင့်ဟမေးမြန်းသည်။ စကားနာ ထိုးသည်-ဆူပူသည်၊ ငေါက်ငမ်း ကြိမ်းဝါးသည့် လက္ခဏာပင်ရှိပေမည်။ တဖက်တွင်လည်း အိမ်ရှေ့ကိုယ်တော်မှာ ရာဇဓာတုကလျာအပေါ်တွင်သာ မေတ္တာက ပိုလွှမ်းကဲလွှမ်းပြီး တိမ်းညွတ်နေလေသဖြင့် ရွှေနှုတ်တော် လေချော်ကာ ဒေါသအမျက် ပြင်းထန်ပေမည်။

တစ်ပါးနှင့်တစ်ပါး အပေးအယူမမျှတ၊ မေတ္တာပန်းကလည်း ညှိုးနွမ်းနေလေပြီမို့ စိတ်တော် ကြည်သာခြင်း ရှိတော်မူနိုင်ကြမည်မဟုတ်ပေ။ ရာဇအသရေကို ဆောင်နေကြရသော်လည်း ဒေါသမြွေဟောက် ပြင်းဆိပ်တောက်လာကြသောအခါ အကျိုးအကြောင်း အဆိုးအကောင်းကို တွေးနိုင်ကြဟန်မတူတော့။ ကောဓောအတ္ထံနဇာနာတိ··· မြတ်ဘုရား၏ စကားတော် လာတွင်ပါရှိလေသည့်အတိုင်း မောင်မယ်နှစ်ပါးမှာ နှုတ်ကျွံရာမှ ခြေလွန်လက်လွန်ဖြစ်ကြရရှာသည်။

အိမ်ရှေ့ကိုယ်တော်သည် ရာဇမာန်ရှကာ မိဖုရား နတ်ရှင်မယ်တော်အား ပခုံးတော်ကိုလက်ဖြင့် တွန်းဖယ်လိုက်လေသည်။ နုနယ် သေးသွယ်၍ အင်အားမရှိ ဣတ္ထိယဇာတ် နေနတ်နွယ်ရိုး မဟာမျိုးအစစ်ဖြစ်သူ အိမ်ရှေ့မိဖုရားမှာ သလွန်တော်ပေါ်မှ ခွေယိုင်လဲကျရရှာသည်။ ထိုအခါတွင် အဆင့်မသင့်သဖြင့်

သံလွန်တော် အစွန်းနှင့် နဖူးတော် တပ်တပ်အပ်အပ် ဂဟေဆော်မိသဖြင့် သွေးတော်တို့က ယိုစီးကာကျဆင်းခဲ့လေသည်။

အိမ်ရှေ့ကိုယ်တော် ထွက်ကြွသွားသောအခါ အထိန်းတော်အပျိုတော်များ ပြာပြာသလဲ ပြေးထွက်လာကြကာ မိဖုရားအား ပြုစုကြသည်။ နဖူးမှသွေး တော်ကို ဝတ်လဲတော်ဖြင့် သုတ်ကာ သွေးဆေးတော်များ သုတ်လိမ်းပေးကြ သည်။

ဒဏ်ရာမှာ ကြီးကျယ်လှသည်ကား ဟုတ်ဟန်မတူ။ သို့သော် သာကီ ယဇာတ် နုနယ်သော အမျိုးဇာတ်ပေမို့ စိတ်မာန်တက်ကြွ အမျက်တော်ခ, စဖွယ် ဖြစ်ခဲ့လေသည်။

"သည်သွေးတော်များဟာ ဓာတုကလျာ၏ ကောင်းမှုပဲ။ မဟာဆီ မဟာသွေးတို့ရဲ့ သွေးတစ်ပေါက်ဟာ ရာဇဝင် တစ်စောင်လုံးကို သွေးအတိဖိုး လွှမ်းစေလိမ့်မယ်…"

နတ်ရှင်မယ်တော်သည် ဤသို့ ကြိမ်းဝါးကာ နဖူးမှ ယိုကျ၍ သွေးစွန်းခဲ့ သော ဝတ်လဲတော်ကို ဘူး*တွင်သွတ်၍ တံဆိပ်လက်ရာနှင့်တကွ ခမည်း တော် အင်းဝဘုရင် သတိုးမင်းစောထံ ဆက်သစေလေသည်။

သွေးတော်စွန်းသည့် ဝတ်လဲတော်ထည့်ထားသော ဘူးနှင့်အတူ နတ်ရှင် မယ်တော်၏ အမှာစကားမှာ အောက်ပါအတိုင်းဖြစ်သည်။

"မဟာဥပရာဇာသည် ဇင်းမယ်ဘုရင် နှမဓာတုကလျာသို့သာ နှလုံး တိမ်းညွတ်၍ မပြတ် အစေအပါး ပြုလေသည်။ ကျွန်ုပ်ကိုမူကား မချစ်မ နှစ်လို၊ ဖြစ်ဆောင့်ဖြစ်ဆန်းသော ပြုသောကြောင့် စိတ်ဆင်းရဲလှသည်"**

---

* မဟာရာဇဝင်ကြီး (ဦးကုလား)တတိယအုပ်၊ ၇၀ နှင့် မှန်နန်းရာဇဝင်၊ တတိယတွဲ ၇၇ တွင် 'သွေးကိုဝတ်လဲတော်နှင့် သုတ်၍ဗူးတွင်သွတ်ပြီး' ဟု ပါသည်။ သုသော မိတရာဇဝင်တတိယတွဲ ၅၁၃မှ 'ပုတာနှင့်သွတ်၍' ဟု ပါသည်။ ဓာတုကလျာ (ရွှေ စကြာ)၁၁၉ တွင် 'ကျွန်းသားနှင့်လုပ်ထားသော ပုတာကလေးတွင်ထည့်၍' ဟု ဖော်ပြ သည်။ နတ်သျှင်နောင် (လယ်တီပဏ္ဍိတ) ၁၁၇ တွင်မူ 'သွေးလိမ်းသော ဝါဂွမ်းများ ကို ရွှေကျည်တောက်တွင်းသို့ ကိုယ်တော်တိုင်သွင်းပြီး' ဟု ပါရှိသည်။ ပုတာနှင့် ဘူးမှာ မတူပေ။ ပုတာမှာ သေတ္တာကို ခေါ်ခြင်းဖြစ်၏။

** မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ် ၇၀၊

ယင်းသည့် အိမ်ရှေ့မိဖုရား၏ စာလွှာနှင့် သွေးစွန်းသည့် ဝတ်လဲတော်သည် ဖုံးပေါက်ကွဲစေရန် မီးတို့လိုက်သော စနက်တံနှင့်တူပေတော့သည်။

**အင်းဝ-ဟံသာဝတီစစ်ပွဲ။** ။ ရာဇဓာတုကလျာနှင့် စပ်လျက် ဖြစ်ပေါ်လာရသော အိမ်ရှေ့မင်း မိဖုရားအရေးတော်ပုံကြောင့် အင်းဝဟံသာဝတီ၏ စစ်ပွဲမှာ မလွဲမရှောင်သာအောင် ဖြစ်ပွားရချေတော့မည်။

နတ်ရှင်မယ်တော်၏ လျှောက်တင်ချက်နှင့် သွေးစွန်းဝတ်လဲတော်တို့ အင်းဝဘုရင် သတိုးမင်းစောနှင့် မိဖုရားထံသို့ ရောက်သွားသောအခါ၊ ခမည်းတော်နှင့် မယ်တော်တို့မှာ သမီးတော်တစ်ပါး၏ အဖြစ်ဆိုးအတွက် စိတ်လက်မသာ ဖြစ်တော်မူကြရသည်၊ ဟံသာဝတီဘုရင်၏ နှမတော်အရင်းဖြစ်သူ အင်းဝ ဘုရင်၏ မိဖုရားမှာ ပို၍ စိတ်ထိခိုက်တော်မူသည်။ ထို့ကြောင့် "ငါသည် မောင်ကောင်းနှမ, အဘကောင်းသမီးမှု ဖြစ်ပါ၏။ လင်ကောင်းမယားမဖြစ်ပါ"*ဟု မောင်တော် အင်းဝဘုရင်ရှေ့တွင် အထပ်ထပ်အခါခါ ဆိုမြည်ရေရွတ်လေသည်။ ထိုအခါ အင်းဝဘုရင်သည် "ငါမရှိလျှင် ငါ့သမီးသူ့ကျွန်ဖြစ်လေတော့မည်"ဟု အကြံတော်ရှိ၍ စိတ်ကြေကွဲတော်မူသည်။ ထို့ကြောင့် ယောက်ဖတော် ဟံသာဝတီဘုရင်ကို ခြားနားတော့အံ့ဟု ဆုံးဖြတ်ချက်ချတော်မူလိုက်လေသည်။

အင်းဝဘုရင် သတိုးမင်းစောမှာ ရာဇဝင်တွင် စာတင်ခံရလောက်အောင် သတ္တိပြောင်သော ပုဂ္ဂိုလ် တော်တစ်ဆူ ဖြစ်၏။ ဘုရင့်နောင် မင်းတရား၏ ညီတော်ဖြစ်သည်နှင့်အညီ သေနင်္ဂဗျူဟာစစ်ပညာတွင်လည်း ကျွမ်းကျင်တော်မူလှသည်။ လင်းဇင်းပြည် မိုင်းစံမြို့ကို ချီတက် တိုက်ခိုက် သိမ်းပိုက်ရစဉ်က ဆင်စီး၍ တိုက်ရာ မြို့ထိပ်မှ လှံဖြင့်လွှတ်ကာ ထိုးလိုက်သဖြင့်၊ ထိုလှံသည် သတိုးမင်းစော၏ လက်ယာဖက်ပေါင်ကို ထုတ်ချင်းခတ်စူးဝင်သွားရုံမျှမက စီးတော်မူသော ဆင်ကိုယ်ထဲသို့ပင် လက်သုံးသစ်ခန့် ဝင်သွားသည်။ ဤမျှပြင်းထန်သော လှံစိုက်သည့် ဒဏ်ကို ခံရသော်လည်း စစ်ရေးတွင် လစ်ဟင်းမည် စိုးရိမ်သဖြင့် လှံကို နုတ်ယူခြင်း မပြုဘဲ တန်းလန်းစိုက်နေသော လှံ၏ အရိုးကိုသာ လက်သုံးတော်ဓားဖြင့် ဖြတ်၍ ဆက်လက်တိုက်ခိုက်လေရာ

---

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ် ၇ဝ၊

မိုင်းစံမြို့ကို သိမ်းပိုက်မိပြီး အောင်ပွဲခံရတော်မူသည်။ တိုက်ပွဲအောင်မြင်ပြီးမှပင် ပေါင်မှ လုံသွားကိုနုတ်၍ ဆေးထည့် ကုသသောဟူ၏။

ဤသို့သော သတ္တိကြောင့်ပင် ပဒေသရာဇ်မင်းမျှသာ ဖြစ်သော အင်းဝ ဘုရင်သတိုးမင်းစောသည် ဟံသာဝတီပြည့်ရှင် ဧကရာဇ်အား ထောင်ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သတိုးမင်းစောသည် ရှမ်းပြည်နယ် ကိုးစော်ဘွားထံ သံတမန် စေ၍ မိမိဖက်မှ စိတ်ဝမ်းညီရန် စည်းရုံးသည်။ ရှမ်းပြည်နယ်ကိုးစော် ဘွားတို့က အင်းဝဘုရင်ဖက်မှ ညီမည်ဟု လျှောက်ထားသည်။ နောင်တော် တောင်ငူဘုရင်ထံ မင်းတရား ကျွန်သီးမှူးကိုင်း၊ နောင်တော်ပြည်ဘုရင်ထံ မြင်းမူစားကိုင်း၊ ဇင်းမယ်ဘုရင်ထံ တောင်သမန်စားကိုင်း၊ အသီးသီးစေ သည်။ သို့သော် တောင်ငူမင်း၊ ပြည်မင်း၊ ဇင်းမယ်မင်းတို့သည် အင်းဝဘုရင် သတိုးမင်းစောနောက် မပါကြဘဲ ဟံသာဝတီဘုရင်ကိုသာ သစ္စာခံလေသည်။

ဟံသာဝတီဘုရင် ငါးဆူဒါယကာသည် အင်းဝဘုရင်လာ၍ တိုက်မည် ထက် မိမိက အင်းဝသို့ ချီတက်တိုက်ခိုက်မည်ဟု ကြံကာ လက်အောက်ခံ ပြည်နယ်များဖြစ်ကြသော ယိုးဒယား၊ လင်းဇင်း၊ ဇင်းမယ်၊ ပြည်၊ တောင်ငူ မင်း အသီးသီးတို့ထံမှ တပ်ကူများကို ဆင့်ခေါ်သည်။ ဤသို့ စစ်ပြင်သည်မှာ အချိန်ကာလတစ်နှစ်ကျော် ကြာသည်။

သက္ကရာဇ် ၉၄၅ ခု၊ တန်ခူးလပြည့်နေ့တွင် ဟံသာဝတီဘုရင် ငါးဆူဒါ ယကာသည် ကိုယ်တိုင်တပ်မကို အုပ်ချုပ်ကာ တပ်ပေါင်းတစ်ဆယ့် ခုနစ်တပ် ဖြင့် အင်းဝသို့ ချီတက်သည်။ ယင်းတစ်ဆယ့်ခုနစ်တပ်တွင် ပါဝင်သော စစ်အင်အားမှာကား တိုက်ဆင် ၁၅၀၀၊ မြင်း ၁၅၀၀၀၊ စစ်သည်သူရဲ ၁၅၀၀၀၀ ဖြစ်သောဟူ၏။ ပြည်မင်း၊ တောင်ငူမင်းတို့မှာလည်း မိမိတို့အားနှင့် စစ်ကြောင်းချီရသည်။ ဇင်းမယ်မင်း၊ လင်းဇင်းမင်းတို့မှာ မိုးနဲကြောင်းမှ အင်းဝသို့ ချီရသည်။ ဟံသာဝတီမြို့တော်တွင်ကာ မဟာဥပရာဇာ မင်းကြီးစွာ ကို မြို့စောင့် ခန့်ထားတော်မူခဲ့သည်။ ဟံသာဝတီဘုရင်၏ တပ်မှာ အင်းဝအနီး ပင်းယသို့ရောက်သောအခါ တပ်ချ၍ နေတော်မူသည်။

**မင်းနှစ်ပါး စီးချင်းတိုက်ပွဲ။** ။ အင်းဝမြို့တော်အပါးတွင် ဟံသာဝတီတပ်တို့ ဖြည့်တင်းကျမ်းပြည့်လျက်ရှိသည်။ တကယ့်အရေးတွင် အင်းဝဘုရင်ဖက်မှ ကူညီမည့်သူမှာ ပါးရှားလျက်ရှိ၏။ ကတိပြုထားသော ရှမ်းပြည်နယ် ကိုးစော် ဘွားတို့မှာလည်း စစ်ကူရောက်လာခြင်း မရှိသေးပေ။ တကယ့်တိုက်ပွဲသာ

ဖြစ်လျှင် အင်းဝဖက်မှ ရှုံးနိမ့်မည်များ သေချာပေသည်။ ထိုအခါတွင် အင်းဝဘုရင်က ဟံသာဝတီ ဘုရင်ထံ သဝဏ်လွှာ တစ်စောင်ကို စေသည်။

ကျွန်ုပ်တို့ သမီးယောက်ဖနှစ်ဦး တိုက်ခိုက်မည့် စစ်ပွဲတွင် "တောင်လဲရာ မြက်ပြတ်" ဆိုဘိသကဲ့သို့ တိုင်းသူပြည်သားတို့ ဆင်းရဲပင်ပန်းခြင်းဖြစ်သည်။ ငါနှင့် ဆင်စီးချင်းတိုက်မည်၊ အမျိုးအမတ် ဗိုလ်ပါတို့ကြည့်နေစေ"

အင်းဝဘုရင်၏ ဖော်ပြပါ စီးချင်းတိုက်ရန် ကမ်းလှမ်းချက်ကို ဟံသာဝတီဘုရင်က လက်ခံတော်မူလိုက်သည်။ ဤသို့အားဖြင့် မင်းနှစ်ပါး စီးချင်းတိုက်ပွဲကို သက္ကရာဇ် ၉၄၆ ခု ကဆုန်လပြည့်ကျော် တစ်ရက် အင်္ဂါနေ့တွင် ဆင်နွှဲရန် သတ်မှတ်လိုက်လေသည်။*

အင်းဝဘုရင်နှင့် ဟံသာဝတီဘုရင် နှစ်ပါးလုံးပင် ဆင်စီးမြင်းစီး သေနင်္ဗျူဟာ အတတ်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်ကြသည့် အာဇာနည်များ ဖြစ်ကြသည်။ ယခုစီးချင်းတိုက်ပွဲ ဆင်မည့်အရေးတွင် အင်းဝဘုရင်ဖက်မှ တစ်ပန်းသာနေသည်မှာ 'ဆင်တော် သန်မြင်စွာ' ရှိနေသည့် အရေးပင်ဖြစ်၏။ ဆင်တော်သန်မြင်စွာသည် အောင်ပွဲရဆင်ကျော်ဆင်မော် ဖြစ်ကာ အစွေ့အစူးသန်သည်။ အားအင်ပြည့်တင်း၍ အစွယ်ချင်း ဆိုင်မိသော အခါ အနိုင်ရအောင်သာ ဇွေ့ရမ်းထိုးနှိပ်လေ့ ရှိသည်။ ဆင်တော်အစွယ်များ တွင် ဥတိန္နနတ်သားအမြဲစောင့်ကြပ်လေ့ ရှိသည်ဟုပင် အဆိုရှိ၏။ ထို့ကြောင့်ပင် ဟံသာဝတီဘုရင်မှာ နန္ဒကျော်ထင်၏ လျှောက်ကြားချက်အရ ဆင်တော် သန်မြင်စွာနှင့် ယှဉ်ဖက်နိုင်ရန် 'စောရန်နှင်း' ဆင်တော်ကို ရွေးချယ်ရသည်။

သက္ကရာဇ် ၉၄၆ ခု၊ ကဆုန်လပြည့်ကျော် ၁-ရက် အင်္ဂါနေ့…

စည်မောင်းခရာ စစ်ကြွေးသံဗြာလျက် တပ်အသီးသီး ရဲတင်းသံဟည်းကာ ချီတက်လာကြသည်။ မြေပြင်သိမ့်သိမ့် တထိန့်ထိန့် ဖြစ်လျက်ရှိသည်။ ဟံသာဝတီနှင့် အင်းဝနှစ်ဖက်တပ်များဖြစ်ကြသော ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့သည် ရတနာပူရအင်းဝမြို့တော်၏ တောင်ဘက်ပင်းယနှင့် တံတားဦးအရပ်တွင် အသီးသီး စစ်မျက်နှာ ဖြန့်လျက်ရှိကြ၏။ ဤသို့အားဖြင့်

---

*မဟာရာဇဝင်ကြီး ဦးကုလား တတိယအုပ် ၇၃ တွင် သက္ကရာဇ် ၉၄၆ ခု၊ တန်ခူးလပြည့်ကျော် ၁ ရက် အင်္ဂါနေ့ဟု ဆိုသည်။ နေ့ရက် အစဉ်ကို ကြည့်၍ မှန်နန်းရာဇဝင်တော်ကြီး၏ အဆိုကို ဖော်လိုက်ခြင်း ဖြစ်၏။

'သမီးယောက်ဖ၊ တူတော်နှင့် ခမည်းခမက်' ဆွေစဉ်မျိုးဆက် ရင်းနှီးလှသော်လည်း အမျိုးသမီးတစ်ဦး၏ အရေးအခင်းအတွက် အမျက်ကို မထိန်းနိုင်ရှာဘဲ စီးချင်းထိုးပွဲကြီး ကျင်းပကာ အပြိုင်အဆိုင် အနိုင်နွှဲကြပေတော့မည်။ ဝမ်းနည်းဖွယ်ကောင်းလှပေစွ။

**သန်မြင်စွာနှင့် စောရန်နှင်း။** ။ ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာသည် ဆင်တော်စောရန်နှင်းကို ရွေကွန်ရက်လွှမ်း၍ စီးနင်းလာသည်။ 'ရာဇတမန်'ကို ကုန်းလယ်တွင်တင်၍ 'ဧယျဗလ'ကို နောက်တော်က ထိုင်စေသည်၊ လက်ဝဲက ဆင်ကူ ၃၀၊ လက်ယာက ဆင်ကူ ၃၀ နေစေ၍ ပင်းယမြောက် သစ်ဆိမ့်အရပ်တွင် စစ်အင်ကျင်း၍ နေတော်မူသည်။

အင်းဝဘုရင် သတိုးမင်းစောမှာလည်း ဆင်တော်သန်မြင်စွာကို ရွှေကွန်ရက် လွှမ်းကာ စီးနင်းတော်မူသည်။ 'ဗလရာဇသူ'ကို ကုန်းလယ်တွင်တင်၍ 'ကျောက်ရစ်စား'ကို နောက်တော်မှ ထိုင်စေသည်။ လက်ဝဲတော်က ဆင်ကူ ၃၀၊ လက်ယာတော်က ဆင်ကူ ၃၀ စီရင်၍ အင်းဝမြို့တော်မှ ထွက်ကာ တန်တားဦးအရပ်တွင် စစ်အင်ကျင်း၍ နေတော်မူသည်။

မင်းနှစ်ပါး စစ်ရေးဆိုင်မိကြ၍ တိုက်ကြတော့မည်ဟု ပြင်ဆင်နေကြဆဲတွင် ဟံသာဝတီဘုရင်၏ ကျွန်တော် 'တရုတ်မော်စား'သည် 'ရဲမြတ်စွာ'မည်သော ဆင်ကိုစီး၍ ချွန်းဖွင့်ကာ အင်းဝဘုရင် သတိုးမင်းစောရှိရာသို့ အပြင်းစေလွှတ်လာသည်။

ဤသို့ ဟံသာဝတီမင်း၏ ကျွန်တော်တရုတ်မော်စား စည်းဖောက်သည်ကို မြင်လျှင် အင်းဝဘုရင်၏ ကျွန်တော် 'ပြင်စည်စား'သည်လည်း 'ကျွန်တော်များ ဝင်တမ်းဖြစ်လျှင် ငါလည်း မဝင်နိုင်ရာသလော'ဟူသည့် စိတ်ထားဖြင့် ကြုံးဝါးကာ 'နာဂဝရ'မည်သော ဆင်ကို ချွန်းဖွင့်၍ ရင်ဆိုင်ခုခံသည်။ တရုတ်မော်စားဆင်နှင့် ပြင်စည်စား၏ ဆင်တို့ ထိပ်တိုက်ဆိုင်မိကာ တိုးဖို့တိုက်ခိုက်ကြရာ မနည်းကြာသည်။ ထိုစဉ် အင်းဝဘုရင် သတိုးမင်းစောသည် တရုတ်မော်စား၏ ဆင်ကို သိပ်၍လိုက်တိုက်တော်မူသည်။ ဤတွင် တရုတ်မော်စား၏ဆင် ရဲမြတ်စွာသည် မရပ်မတည်နိုင်ဘဲ မျက်နှာသုန်၍ ပြေးရာ အင်းဝဘုရင်ဆင်တော် ကုံးလယ်စီး ဗလရာဇသူက လှံနှင့်လွှတ်သည်။ တရုတ်

မော်စားမှာ နံတွင်လုံသင့်၍ ဆင်ထက်မှကျကာ သေဆုံးရ၏။ တရုတ်မော်စား၏ဆင် ရဲမြတ်စွာကိုလည်း အင်းဝဘုရင်ဖက်မှ ရရှိသွားလေသည်။*

ပွဲဦးထွက်တွင် အင်းဝဘုရင်ဖက်မှ ဤသို့အောင်ပွဲကို ဆင်လိုက်ရသဖြင့် အားတက်၍လာသည်။

ဟံသာဝတီဘုရင်သည် မိမိကျွန်တော် တရုတ်မော်စား၏ မရှုမလှ ကျဆုံးရပုံကို တွေ့သောအခါ ငြိမ်မနေအားတော့ဘဲ စီးတော်မူသော ဇောရန်နှင်းကို ချွန်းဖွင့်တော်မူ၍ အင်းဝဘုရင်၏ ကျွန်တော် ပြင်စည် စားစီးသော နာဂဝရ ဆင်ကို တိုက်လေသည်။ နာဂဝရမှာ ဇောရန်နှင်းကို အားချင်းမတန်သဖြင့် မျက်နှာလှည့်၍ အပြေးတွင် ပြင်စည်စားလည်း ဆင် ထက်ကျလေသည်။ ထိုအခါ ဟံသာဝတီမင်းဖက်က ပြင်စည်စားကို အရှင်ပင် ဖမ်းယူလိုက်သည်။

ကျွန်တော်နှစ်ဦးတို့ ကင်းရှင်းသွားသောအခါ ဘုရင်နှစ်ပါးတို့၏ စီးချင်းတိုက်ပွဲ စ၍လာသည်။ ဆင်တော်နှစ်စီးယှဉ်ကာတိုက်ပွဲကို ဆင်ကြသောအခါ ဘုန်းတော်ကြီးသော မင်းများချည်းဖြစ်၍ အတန်ကြာပင် တစ်ပါးကို တစ်ပါး မဖျက်ဆီးနိုင်ကြချေ၊ မင်းနှစ်ပါးတွင် ဆင်ကူခန့်သူတို့ကလည်း ကူညီ၍ မတိုက်ဝံ့ကြဘဲ ကြည့်၍သာနေကြသည်။

အင်းဝဘုရင်သည် တာရှည်ရည်သွေး အချိန်ဝေးလျှင် အရေးမလှစည်စိုးသဖြင့် ဆင်တော်သန်မြင်စွာကို ဆုတ်၍ အားယူစေပြီးမှ ချွန်းဖွင့်ပြီးလျှင် ယောက်ဖတော် ဟံသာဝတီမင်း၏ ဆင်တော်ဇောရန်နှင်းကို တိုက်လေသည်။ အင်အားကြီးလှသည်ဖြစ်၍ ဆင်တော်သန်မြင်စွာ၏ အစွယ်သည် ဇောရန်နှင်းအား ထိုးမိသည်။ စွယ်လုံးကျွံအောင် ထိုးမိသဖြင့် ဇောရန်နှင်းသည် မရပ်

---

* ယခုစီးချင်းတိုက်ပွဲတွင် ဘုရင်အချင်းချင်း စီးချင်းတိုက်တော်မူမည်၊ နှစ်ဖက်တပ်များ ကြည့်နေစေဟု သဘောတူညီဖြစ်သည်။ ဤသို့သော အရေးတွင် ဟံသာဝတီဘုရင်ဖက်က စည်းမစောင့်ဘဲ တရုတ်မော်စား ရဲထွက်၍ ဆင်ဖြင့် တိုက်လာခြင်းမှာ ဟံသာဝတီဘုရင်ဖက်မှ အကောက်တော် ကြံကြောင်း ထင်ရှားသည်။ သယ်တီပဏ္ဍိတ၏ နတ်သျှင်နောင် ၂၅၁၊ ၂၅၂ မှတ်ချက်တွင် ရှုပါ။

မတည်နိုင်ဘဲ ခိုက်ခိုက်တုန်၍ လဲပြိုမတတ်ရှိလေသည်။*

ဟံသာဝတီဘုရင်၏ ဆင်စောရန်နှင်း ဤသို့ အထိနာသွားကာ မိမိတို့၏ ဘုရင်အရှုံးပေါ်တော့မည်ကိုသိသောအခါ၊ ဟံသာဝတီမင်း၏ လက်ဝဲလက်ယာ ဆင်ကူအမတ်တို့သည် အတင်းဝင်ရောက်ကာ မိမိတို့သခင်ဖက်မှ ကူညီကြသည်။ အင်းဝဘုရင်သတိုးမင်းစောမှာ မိမိ၏ ဆင်တော်သန်မြန်စွာ ပန်းလှ ပြီးဖြစ်၍ နောက်သို့ ဆုတ်တော်မူရလေသည်။ ဟံသာဝတီဘုရင်မှာ ဆင်တော် စောရန်နှင်းပေါ်မှ 'ဥပေါသထ'မည်သော ဆင်တော်ပေါ်သို့ ပြောင်း၍ စီးနင်းရသည်။ ဆင်တော်စောရန်နှင်းကိုမူ ဆင်နှစ်စီးတွဲမှို၍ ယူရရာ ဆယ်တာ ခန့်သို့ ရောက်လျှင် ဆင်တော်မှာ (သေ)ချေသည်။ ဤသို့အားဖြင့် ဟံသာဝတီ မင်း၏ ဒဏ်ကို ဆင်တော် စောရန်နှင်းက ခံလိုက်ရပေတော့သည်။

❑

## အင်းဝဘုရင်၏အပြစ်တော်ဆိုး

အင်းဝဘုရင်သည် ဤသို့လျှင် စီးချင်းတိုက်ပွဲ နှစ်ချီနှစ်လားတွင် အောင်ပန်းဆင်ခဲ့ရသည်။ သို့သော် ဆင်တော် သန်မြင်စွာမှာ ပင်ပန်းလှပြီဖြစ်၍ ရေစိမ်စေရသည်။ 'ငါ့ဆင်တော် အလိုရဦးမည်လော'ဟု မေးတော်မူရာ ကျွန်တော်က 'ဆင်တော်ပင်ပန်းလှသည်၊ ရေသို့ဆင်းချေသည်၊ အလိုတော် မရှိပြီ'ဟု လျှောက်ထားကြသည်။ ထိုအခါ အင်းဝဘုရင်သည် နောက်သို့ ဆုတ်ရချေသည်။ အင်းဝဘုရင် နောက်သို့ ဆုတ်ရလျှင် ဟံသာဝတီဘုရင် သည် လက်ဝဲလက်ယာ ဆင်ကူများနှင့် ဥပေါသထဆင်ကို စီးကာ ထွက်လာ

---

* ဟံသာဝတီဘုရင် ငါးဆူးဒါယကာသည် သက်တော် ၁၃ နှစ် အရွယ်ကပင် ဆင်စီးမြင်းစီး ကျွမ်းကျင်ကာ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ မင်းတရား ရွှေထီးလက်ထက် ယိုးဒယားပြည်တိုက်ပွဲတွင် ရဲလုလင်အမည်ရှိ ဆင်ကိုစီး၍ ယိုးဒယားဘုရင်၏ သားမက်ညြယာလက်ကွန်း အိမ်စီးသော အရပ် ၇ တောင်ရှိ ဖေယျနုဘတ်မည်သော ဆင်ကို မုန်အိုးထိုးကာ မျက်နှာသုန်၍ ပြေးသည်အထိ အနိုင်တိုက်ခဲ့ဖူးသည်။ မင်းတရားရွှေထီးက အားရတော်မူ၍ အင်းဝပထမမင်းခေါင်ကြီး၏ သား မင်းရဲကျော်စွာနှင့် တူသည်ဆိုကာ မင်းရဲကျော်စွာဘွဲ့ကို ချီးမြှင့်တော်မူသည်။

သည်။ ရဲမက်တော်တို့ကလည်း အင်းဝဘုရင် ဆုတ်သည် မြင်လျှင် အောင်စည်အောင်မောင်း ကြွေးကြော်ကာ အတင်းလိုက်ထပ်၍ တိုက်သည်။ ဟံသာဝတီဘုရင်၏ အင်အားကြီးလှသည်နှင့် အင်းဝဘုရင်မှာ မခံနိုင်၍ ရုံးမိသမျှသော ရဲမက်တော်တို့နှင့် တန်တားဦးကသည် အင်းဝမြစ်ကူး၍ မန္တလေးအရှေ့ဖုန်းကန်ကြီး (မှန်နန်းရာဇဝင်အဆို ဘုတ်ကန်ကြီး) တောင်ခြေရင်းအထိ အပြင်းဆုတ်ရလေသည်။ ထိုအခါတွင် ဟံသာဝတီတပ်တို့သည် ရတနာပူရအင်းဝရွှေနန်းကိုသိမ်းကာ အောင်ပွဲခံလိုက်ကြရ၏။ သမီးတော်၏ အရှက်ကြောင့် စစ်မက်ပြိုင်ခဲ့ရသော အင်းဝဘုရင်သတိုးမင်းစောမှာ ဤသို့အားဖြင့် မိမိ၏ ပိုင်နက်အင်းဝကိုပါ လက်လွှတ်လိုက်ရပေတော့သည်။

သို့သော် အင်းဝဘုရင်မှာ အားလျှော့အားငယ်တတ်သည့် ပုဂ္ဂိုလ်အမျိုးအစားမျိုး မဟုတ်ချေ။ မန္တလေးအရှေ့ ဖုန်းကန်ကြီးတောင်ခြေတွင် ဗိုလ်ဝင်ခံကာ ဟံသာဝတီတပ်ကို တိုက်ရန် တာစူနေပြန်သည်။ သို့တမူလည်း အင်းဝဘုရင်အဖို့ လက်ရုံးအားအန် ဘုန်းကံတို့က လျော့ကျရမည့် အချိန်သို့ ဆိုက်ရောက်လာဟန် တူသည်။ ကံကြမ္မာနှင့် ဓာတာတော်မခိုင် ယိမ်းယိုင်နွဲ့ပါးသော အလှည့်အခွင့် ကြုံကြိုက်တော်မူဆဲဖြစ်သည်အားလျော်စွာ သဲကမ်းပါးပြိုသည့်အလား တစ်နေ့တခြား အင်အားယုတ်လျော့ခြင်း ဖြစ်လေသည်။ အချို့သော ရဲမက်စစ်သည်တို့သည်မှာ အားသာရာ ဟံသာဝတီမင်းဖက်သို့ ပြောင်းရွှေခိုလှုံကြသည်။

ဤတွင် အခြေအနေမလှရှာတော့၍ အင်းဝဘုရင်သည် ဟံသာဝတီကို သိမ်းပိုက်နိုင်ကာ လက်စားချေရန် တရုတ်ဥတည်ဘွားထံ စစ်ကူတောင်းမည် အကြံဖြင့် တရုတ်ပြည်သို့ မြင်းခုနှစ်ဆယ်၊ လူနှစ်ထောင်ဖြင့် ထွက်ခွာသွားသည်။ သို့သော် စစ်ချီ၍ ခန္တီးသို့ အရောက်တွင် အဖျားအနာ ကပ်ရောက်ကာ နတ်ရွာစံရှာလေတော့သည်။

မဖြစ်လောက်သောအမှု၊ မကြီးကျယ်ရသော အရေးတွင် ရာဇသွေးဆူကာ စစ်မက်ပြုလိုသည့်အတွက် အင်းဝဘုရင် သတိုးမင်းစောမှာ ဤသို့လျှင် ဒုက္ခတွေ့ကြုံကာ နတ်ရွာစံရသည်။ သတိုးမင်းစောနှင့် ဟံသာဝတီ ငါးဆူဒါယကာတို့၏ အဖြစ်မှာ သမိုင်းဆရာတို့အဖို့ သတိသံဝေရကာ ဆင်ခြင်ဖို့ကောင်းလှ၏။ အင်းဝသတိုးမင်းစောသည် တပင်ရွှေထီး၊ ဘုရင့်နောင်တို့ တည်ဆောက်ခဲ့သော မြန်မာ့လက်နက်နိုင်ငံတော် ချဲ့ထွင်ရေး၊ သွေးစည်းရေး

အရေးတော်ပုံတွင် လက်ရုံးတစ်ဆူ အားကိုးတော်မူခြင်းခံခဲ့ရသူဖြစ်၏။ ဘုရင့်နောင် ကိုယ်တော်တိုင် ညီတော်သတိုးမင်းစောကို မြတ်နိုးခဲ့သည်။ နတ်ရွာစံတော်မူလျှင် နိုင်ငံအလုံး မပြိုကွဲစေရန် သွေးနှီးညီညွတ်စေဖို့ စိတ်ဝမ်းမကွဲစေဖို့ ဆွေစဉ်အဆက် အကူးအလှယ် လက်ဆက်စေခဲ့သည်။ သို့သော် ပျက်ချိန်တန်သောအခါ ထိုဆက်မိသော ဆွေမျိုးအရေးကြောင့်ပင် ဒေါသမာန်မှာပို၍ ကြီးလာခဲ့ရ၏။ သတိပြုဘွယ်ကောင်းလှသည်။

## ယိုးဒယားထောင်ထားခြင်း

မြန်မာ့လက်အောက်ခံ ယိုးဒယားဘုရင် ဗြနရာဇ်သည် အကြံသမားဖြစ်လေသည်။ မြန်မာ့လက်အောက်မှ တော်လှန်ရုန်းထွက်ရန် အခွင့်အခါကို အမြဲတမ်း ရှာကြံနေသူလည်း ဖြစ်သည်။ ယခုအင်းဝ-ဟံသာဝတီ ဆွေတော်၊ မျိုးတော်ချင်း အရေးအခင်းဖြစ်လာသောအခါတွင် သူ့အတွက် အချက် ကောင်း အကွက်ကောင်းဝင်၍ သွားသည်။

အင်းဝသို့ ချီတက်ရန် အရေးပေါ်သောအခါ ဟံသာဝတီဘုရင် ငါးဆူဒါယကာသည် လက်အောက်ခံ နိုင်ငံများသို့ တပ်တော်များစေလွှတ် ကူညီရမည်ဟု ဆင့်ခေါ်ခဲ့သည်။ ယင်းသို့ ဆင့်ခေါ်ချက်အရ ဇင်းမယ်၊ လင်းဇင်း၊ တောင်ငူ၊ ပြည်စသည့် တပ်များ ချီတက် ကူညီကြရသည်။ ယိုးဒယားဘုရင် ဗြနရာဇ်မှာ အမိန့်တော်ကို မသွေဖည်ဝံ့ကြ၍ တပ်ပေါင်း ၁၂-တပ်၊ တိုက်ဆင်- ၃၀၀၊ မြင်း-၃၀၀၀၊ စစ်သည်သူရဲ ၆၀၀၀၀ ခန့်နှင့် စစ်ကူချီလာသည်။ သို့သော် ဝတ်ကြေဝတ်ကုန်မျှ ချီလာခြင်းဖြစ်ရာ ရှေ့တပ်ကို အမှီမလိုက်ဘဲ ဖင့်နွှေးလေးကန်စွာ ပြုလုပ်နေသည်။

ဟံသာဝတီဘုရင် အင်းဝသို့ ဆိုက်ရောက်သောအခါတွင် အကြံတစ်မျိုးဖြင့် စစ်တောင်းလက်ယာမှနေ၍ ဟံသာဝတီသို့ ချီလာသည်။ ဟံသာဝတီမြို့ကို စောင့်နေရသော အိမ်ရှေ့မဟာဥပရာဇာ မင်းကြီးစွာက "ခမည်းတော်ဘုရား အင်းဝသို့ ချီတော်မူပြီ။ အင်းဝသို့ ချီလေတော့" ဟု ဆိုသည်။ သို့သော် အင်းဝသို့ မချီဘဲ ဟံသာဝတီသို့သာ ဆက်၍ ချီတက်သည်။

ယိုးဒယား-ဗြနရာဇ်၏ မရိုးသားသောအကြံကို အိမ်ရှေ့ကိုယ်တော်သိလေသဖြင့် မြို့တော်ကို ခုခံရန် အလျင်အမြန် ဆောင်ရွက်ရလေသည်။ ကျုံးမြောင်းကို အရေးတကြီး ပြင်ကာ အမြောက်သေနတ်တင်ပြီး အတပ်

အကြပ် ခံတော်မူရလေသည်။ ယိုးဒယား ဗြနရာဇ်လည်း မြို့ရင်းသို့ ချီပြီး တပ်တောင်တာ ခင်းကာ အခွင့်အခါကို စောင့်နေလေသည်။ အကယ်၍ ဟံသာဝတီ-အင်းဝစစ်ပွဲတွင် ဟံသာဝတီဖက်မှ ရှုံးနိမ့်လျှင် ဟံသာဝတီကို အပိုင်စီးရန် အကြံဖြစ်၏။

ထိုသို့အခြေအနေ လိပ်ခဲတင်းလင်းရှိဆဲ အင်းဝဘုရင်အား ဟံသာဝတီက အောင်နိုင်ကာ အလိုတော်ပြည့်၍ ပြန်တော်မူလာကြောင်း သတင်းများ ကြားသိရသည်။ ဗြနရာဇ်သည် အောင်ပွဲပြန် ဟံသာဝတီဘုရင်ကို ကြိုဆိုရန် တာဝန်ရှိသော်လည်း မကြိုဆိုဘဲ ဟံသာဝတီမှသည် မုတ္တမသို့ ပြန်သွားလေ သည်။ မုတ္တမအရောက် အရှေ့ဖက်တလွှားတွင် ရှိသော လူများကို သိမ်းယူ ကာ ထောင်ထားသည့်အနေဖြင့် ယိုးဒယားသို့ ပြန်ခဲ့လေသည်။

ဟံသာဝတီဘုရင်သည် ယိုးဒယားတို့ ထောင်ထားသည့် အကြောင်းကို ကြားသောအခါ ရဲမက် ၅၀၀၀၀နှင့် တပ် ၄-တပ်ကို လွှတ်လိုက်သည်။ ဟံသာဝတီသို့ အရောက်တွင်လည်း သားတော် အိမ်ရှေ့ဥပရာဇာကို ဗိုလ်ချုပ် ခန့်ကာ ရဲမက် ၇၀၀၀၀ နှင့် နောက်ထပ်ချီစေလေသည်။

အိမ်ရှေ့ဥပရာဇာသည် ခမည်းတော်ဘုရား အမိန့်အတိုင်း ယိုးဒယားသို့ ချီတက်သည်။ ယိုးဒယား ဗြနရာဇ်က အယုဒ္ဓယမြို့တော်၏ မြောက်ဘက် စုက္ကလိအရပ်တွင် တပ်တည်ကာ ခံသည်။ တိုက်ပွဲတွင် မြန်မာဘက်မှ အရပ် အနေမသင့်၍ နောက်ဆုတ်ရ၏။ မိုးကျလုနီးပြီဖြစ်၍ အိမ်ရှေ့မင်း၏ တပ်များ ယိုးဒယားမှ ပြန်လာခဲ့ကြရသည်။

ထိုအချိန်မှစ၍ ယိုးဒယားပြည်ကို မြန်မာတို့ လက်လွှတ်ခဲ့ကြရသည်။ မြန်မာတို့က ယိုးဒယားသို့ ၅-ကြိမ်ချီတက်ကာ တိုက်ခိုက်ပြီး၊ ယိုးဒယား ဘုရင် ဗြနရာဇ်ကလည်း မြန်မာနိုင်ငံသို့ ၃-ကြိမ်တိုင် လာရောက် တိုက်ခိုက် နှောင့်ယှက်ခဲ့သည်။

ရာဇဓာတုကလျာအား အိမ်ရှေ့ကိုယ်တော် မင်းကြီးစွာ မြတ်နိုးမှုကြောင့် အမှိုက်ကစပြာသာဒ် မီးလောင် ခဲ့ရသည့်အဖြစ်၊ မြန်မာ့လက်ရုံးတစ်ဆူ အင်းဝ ဘုရင် ဆုံးရှုံးခြင်း၊ ယိုးဒယားကို လက်လွှတ်ရခြင်းတို့ ဖြစ်ပေါ်ရသည်။ ဤကား မြန်မာ့ပိုင်နက် အစပြု၍ ပျက်ခြင်းဖြစ်၏။ နောက်ပိုင်းတွင် ဘေးဒုက္ခ အဖုံဖုံ ပေါ်လာသည်ကို တွေ့ကြရပေအံ့။

ကောက်ချက်ချမည်ဆိုလျှင် ဤအရေးတော်ပုံသည်ကား၊ ရာဇဓာတု

ကလျာ၏ အရေးတော်ပုံ'ဟုသာ မော်ကွန်း ထိုးသင့်ပါသတည်း။

❒

## အိမ်ရှေ့မိဖုရား–ဓာတုကလျာ

ဟံသာဝတီဘုရင်သည် အင်းဝပြည်ကို အောင်နိုင်တော်မူပြီးနောက် မင်းတရားရွှေထီး၏ သားတော် မင်းလက်ယာကို မြို့ဝန်အဖြစ် ခန့်တော်မူသည်။ တစ်မယ်တော်တည်း အတူဖွားဖြစ်သည့် အင်းဝဘုရင် သတိုးမင်းစော၏ မိဖုရား အစ်မတော်ရင်းကိုလည်း လှော်ကားနှစ်စင်းတွဲ ဖောင်တော်တွင် ကိုယ်လုပ်မောင်းမတော်တို့နှင့်အတူ စီးစေလျက် လှေရံအများနှင့်တကွ ဟံသာဝတီ သို့ ဆောင်ကြဉ်းတော်မူခဲ့သည်။ ဟံသာဝတီသို့ ရောက်သောအခါ ခံ့ညားသပ် ယပ်စွာ စကြော ၃–ထပ် အိမ်ဖြူဆောက်စေ၍ အစ်မတော်ဘုရားအား စိတ်အေး ချမ်းသာစွာ စံစားစေသည်။

အိမ်ရှေ့မင်း၏ မိဖုရား ဆင်ဖြူရှင်မယ်နှင့် အိမ်ရှေ့မင်းမှာမူ စိတ်နှလုံးကြည်သာတော်မူခြင်း မရှိကြတော့ချေ။ မေတ္တာဓာတ်ကင်းကွာ လာသောအခါ အနေအထိုင်တော်များပါ ကင်းကွာကြရမည်မှာ ဓမ္မတာပင်ဖြစ်၏။

အိမ်ရှေ့မင်းအနေနှင့် စိတ်ဒေါသအလျောက် တွန်းဖယ်မိရာ သလွန်တော်စွန်းဖြင့် ထိခိုက်မိကာ သွေးယိုသည်ကို ရေးကြီးခွင်ကျယ်လုပ်လျက် စစ်မက်ဖြစ်ပွားစေရန် တိုင်တမ်းရမည်လောဟု အိမ်ရှေ့မိဖုရားအပေါ် အပြစ်တော်မြင်လျက် အချစ်တော်မဝင်နိုင်ဘဲ ဖြစ်ရသည်။

အိမ်ရှေ့မိဖုရားကလည်း ဓာတုကလျာ၏ မာန်ဖြင့် မိမိအား အကြင်နာမဖက်၊ ကရုဏာမသက်ဘဲ ရက်စက်စွာပြု၍ သွေးယိုရသည်။ သွေးယိုမှုကို တိုင်တန်းသဖြင့် စက်မက်ဖြစ်ပွားရသည်။ ထို့ကြောင့် မိမိ၏ ခမည်းတော်ဘဝရှုံးရလေသည်ဟု ယူဆကာ အိမ်ရှေ့မင်းအပေါ် စိတ်နှလုံး နာကျည်းမိလေရှာသည်။

မေတ္တာဆိုသည်မှာ အသည်းနှလုံး၌သာ ဖူးပွင့်လာတတ်သည့် သဘောရှိသည်။ မေတ္တာအညွန့်အညှောက် ဖြိုးဝေစေရန် နှလုံးသွေးဖြင့် အစဉ်မပြတ်သွန်းလောင်းပေးရသည်။ နှလုံးသွေး ချောက်ခမ်းပြီဆိုမှဖြင့် မေတ္တာအညွန့်လည်း မရှင်သန်၊ သစ္စာပွင့်ဖူးတို့မှာလည်း ညှိုးလျော်ကာ မြန်းတတ်သည်။ ယခုလည်း အိမ်ရှေ့မောင်မယ်တို့သည် မေတ္တာညှိုးနွမ်းခဲ့ရလေပြီ။ သစ္စာပန်းလည်း မပွင့်ဖူးနိုင်ချေပြီ။

အိမ်ရှေ့ကိုယ်တော်မှာ နတ်ရှင်မယ်တော်အပေါ် မေတ္တာတော်လျှော့ပါး လာလေလေ… တစ်ဖက်တွင် ဓာတုကလျာအား မြတ်နိုးလေလေ ဖြစ်ခဲ့ရ သည်။ ကလျာဓာတု ကြာဝတ်စုံ၏ ရွှေရင်တွင် နေနားကာ ချစ်မေတ္တာတရား ကို ပွားများချင်ရှာသည်။ ထင်ထင်ပေါ်ပေါ် ကြင်ယာတော်အဖြစ် မြှောက်စား ကာ နန်းညွန့်ရှယ်လူး အသရေရွှင်စံ ဒေဝီခံ၍ မဟေသီအဟန်ဖြင့် တင့်တောင်း တင့်တယ် ကောင်းအင် ကြွယ်စေလိုသည်။

ဓာတုကလျာသည် အိမ်ရှေ့ကိုယ်တော်၏ မေတ္တာတော်ကို လက်ခံမိပြီး သား ဖြစ်သောကြောင့် အိမ်ရှေ့ကိုယ်တော်၏ အကြံအား ငြင်းဆန်ရန် ခက်နေ လေသည်။ သို့သော် နိုင်ငံနှင့်အစုမ်း ကြိမ်မီးအုံးသကဲ့သို့ ဖြစ်သွားရသော အင်းဝ-ဟံသာဝတီအရေးတော်ပုံမှာ မိမိနှင့် စပ်သွယ်ကာ အစပြုရခြင်း ဖြစ်ရာ လူသူအပေါင်း၏ ဝေဖန်ချက်ကလည်း လျှံကြွနေဆဲဖြစ်၏။ သာမာန် မင်းသမီးတစ်ပါးဆိုလျှင် ဤသို့ ဖြစ်ပွားရသည့်အတွက် ဂုဏ်သတင်းညှိုးနွမ်း ကာ မလိုသူတို့၏ အသရေဖျက်မှုတွင် နစ်မျောသွားရပေမည်။ ရာဇဓာတုက လျာကဲ့သို့သော ပင်တိုင်စံ ဖြစ်နေကာ မူလကပင် သီလသမာဓိအားကြီးခြင်း နှင့် ပြည်သူများ၏ ရိုသေလေးမြတ်ခြင်းခံရသူ ဖြစ်သောကြောင့်သာ ခံသာ ခြင်းဖြစ်သည်။

ဓာတုကလျာသည် ထို့ကြောင့်ပင် အိမ်ရှေ့ ကိုယ်တော်၏ သွေးဆောင် စကားကို ငြင်းပယ်နေခြင်းဖြစ်ဟန်တူသည်။ အိမ်ရှေ့ကိုယ်တော်၏ အလိုသို့ ပါရပါကလည်း အမနာပ စကားများပို၍သာ များလာမည့်အရေးကို အတွေး နှင့် ကြောက်နေမိခြင်းလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် အတွင်းကြိတ် မေတ္တာမျှနေခြင်းဖြင့်သာ ရောင့်ရဲတင်းတိမ်ရကာ အိမ်ရှေ့ကိုယ်တော်နှင့် အတိ အလင်း စုလျားရစ်ပတ် လက်ထပ်ခြင်းကို မပြုဝံ့ရှာပေထ။

သို့နှင့်ပင် အချိန်တို့သည် ကြာညောင်း၍ လာခဲ့သည်။ ပြဿနာက လည်း ပြေလည်ခြင်းမရှိခဲ့။ ရက်မှသည်လသို့… လမှသည် နှစ်သို့… ကူးမြောက်ခဲ့လေပြီ။

**ယိုးဒယားသို့ ဒုတိယအကြိမ် ချီပြန်ခြင်း။** ။ သက္ကရာဇ် ၉၄၆-ခုနှစ် အင်းဝ-ဟံသာဝတီ အရေးတော်ပုံ အပြီး ယိုးဒယားဘုရင် ဖြနရာဇ် ထောင်ထားသောကြောင့် အိမ်ရှေ့ဥပရာဇာ ကိုယ်တော်တိုင် ချီတက်နှိမ်နင်း သော်လည်း စုက္ကလီတိုက်ပွဲတွင် အရပ်အနေမသင့်သောကြောင့် ပြန်လာခဲ့ရ

ကြောင်း ဖော်ပြခဲ့ပြီးလေပြီ။ ဤသည်ကိုပင် အခဲမကြေလေသည်ဖြစ်၍ သက္ကရာဇ် ၉၄၇-ခု၊ တန်ခူးလတွင် မဟာဥပရာဇာ မင်းကြီးစွာ ကိုယ်တော်တိုင် ဦးစီးဦးချုပ်ပြုကာ တပ်ပေါင်း ၁၉-တပ်ဖြင့် ယိုးဒယားသို့ ချီတက်ပြန်လေသည်။ တပ်ပေါင်း ၁၉-တပ်တွင် တိုက်ဆင် ၁၀၀၀၊ မြင်း ၁၂၀၀၀၊ စစ်သည်သူရဲ ၁၂၀၀၀၀ ပါဝင်သည်။ လကွန်းဟူသော အရပ်သို့အရောက် ယိုးဒယားဗြနရာဇ်က ၁၅ တပ်စီရင်၍ ကြိုလှာသည်။ မဟာဥပရာဇာသည် နန္ဒကျော်ထင်၊ ဘယဂါမဏိ၊ ဗညားကျန်းထော၊ သက်ရှည်ကျော်ထင် တပ် ၄-တပ် ခွဲ၍ တိုက်စေသည်။ ဤတွင် ယိုးဒယားတပ်တို့ ရှုံး၍ စုက္ကလိအရပ်သို့ ဆုတ်ကာခံရ၏။ မြန်မာတို့ ထပ်မံ၍ လိုက်လံတိုက်ရာ ဆင် ၃၀ ကျော်နှင့် လူ ၂၀၀၀၀ ကျော်ကို ရလေသည်။

စုက္ကလိခံတပ်ကို မြန်မာတပ်တို့ တိုက်ရာတွင် အတွင်းမှ စိန်ပျောင်း မြတပူ ထူထပ်သောကြောင့် မရပေ။ ဤသို့လျှင် စစ်ရေးမှာ တစ်လခန့် ကြာသွားလေသည်။ မဟာဥပရာဇာသည် တပ်မှူးစစ်ကဲတို့နှင့် တိုင်ပင်ညှိနှိုင်းကာ တပ်ကို ဆုတ်ယောင်ပြ၍ ရန်သူကို မြူခေါ်ရန် စစ်ဗျူဟာသစ်ကို ချမှတ်သည်။ မဟာဥပရာဇာ၏ နည်းဗျူဟာအတိုင်း စစ်ကိုဆုတ်ဟန်ပြုကာ ထွက်လာသော ယိုးဒယားတပ်တို့အား စစ်မျက်နှာ ဖြန့်၍ခံကာ တိုက်ခိုက်သည်။ သို့သော် ယိုးဒယားတပ်တို့ အင်အားကြီးသဖြင့် လက်ဝဲကြောင်း ဗညားပရံ၊ နန္ဒသူရိယတပ် ၆-တပ်ပျက်သည်။ အလယ်ကြောင်း မဟာဥပရာဇာ ၇-တပ်ကို တိုက်ပြန်ရာပျက်၍ ဆုတ်ရသည်။ လက်ယာကြောင်း ဘယဂါမဏိ၊ နန္ဒကျော်ထင်တို့ တပ် ၆-တပ်သာ သံမြို့နှင့် အတူခံ၍ မပျက်ဘဲ ရှိသည်။

မဟာဥပရာဇာသည် ဤတစ်ကြိမ်တွင် စစ်ရေးမသာဘဲလျက် ဆင်မြင်း လူသူကို စုရုံးကာ ပြန်ခဲ့ကြသည်။ ဟံသာဝတီနေပြည်တော်သို့ သက္ကရာဇ် ၉၄၈-ခု ဝါခေါင်လကျမှ ဆိုက်ရောက်ခဲ့လေသည်။

**ယိုးဒယားသို့ တတိယအကြိမ် ချီပြန်ခြင်း။** ။ ယိုးဒယားဘုရင် ဗြနရာဇ် ထောင်ထားပြီးနောက် နှစ်ကြိမ်တိုင်တိုင် ချီတက်လုပ်ကြံစေသော်လည်း အရေးတော်မပြီးသောကြောင့် အခက်အခဲ တွေ့ရလေသည်။ "ယိုးဒယား သောင်းကျန်း ပုန်ကန်လေသည်ကို အလိုတော်မပြည့်လျှင် လင်းဇင်၊ မိုင်းစံ၊



ယိုးဒယားမြို့အနီး ယိုးဒယားရေတပ်နှင့် မြန်မာရေတပ်တို့ တိုက်နေပုံ။ (ယိုးဒယားရာဇဝင် စာအုပ်တစ်အုပ်မှ ရသည်)

အကျော်, လဝိုက်အစရှိသော ရှမ်းပြည်နယ် ယွန်းပြည်အပေါင်းတို့အစ ထော်ရရော် ရှိမည်''ဟု ဗညားကျန်းထောက ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာအား လျှောက်ထားသည်။ ထို့ကြောင့် သည်တစ်ကြိမ်တွင် ဟံသာဝတီရွှေနန်းရှင် ကိုယ်တော်တိုင် ချီတက်မှ ဖြစ်မည်ဟု သဘောကြိုက် ညီကြသည်။

ယိုးဒယားအား သည်တစ်ကြိမ်တွင် အရအမိတိုက်တော့အံ့ဟု အကြံပြုကာ ဟံသာဝတီ ဘုရင်ကိုယ်တော်တိုင် တပ်မပြုကာ တပ်ပေါင်း ၂၄ တပ်နှင့် သက္ကရာဇ် ၉၄၈ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက် တနင်္ဂနွေနေ့တွင် ယိုးဒယားသို့ ချီတော်မူသည်။ တပ်ပေါင်း ၂၄ တပ်တွင်ပါသည့် အင်အားကား တိုက်ဆင် ၁၂၀၀၊ မြင်း ၁၂၀၀၀၊ စစ်သည်သူရဲ ၂၅၂၀၀၀ ဖြစ်၏။*

မြန်မာရွှေနန်းရှင်ကိုယ်တော်တိုင် စစ်ကြီးအင်ကြီးနှင့် ချီတက်တော်မူလာကြောင်း ကြားသိရသည့်အခါ ယိုးဒယား-ဗြနရာဇ်သည် ကျေးလက်ရွာလက်တွင်ရှိသော ဆန်ရေစနှင့် သူရဲသူခက်တို့ကို ရွေးချယ်ကာ ယိုးဒယားမြို့တွင်းသို့ချည်း သွင်း၍ ခံလေသည်။ ပြောင်းသေနတ် လက်နက်ထူထပ်စွာဖြင့် ခုခံသောကြောင့် မြန်မာ့တပ်တော်များ ထိပါးရှနာများလှသည်။ တပ်တော်အားကြီးသဖြင့် စားနပ်ရိက္ခာလည်း ဆွဲ့ပါးလေသည်။ ယိုးဒယားမြို့ကို ၇-လခန့်ကြာအောင် ဝိုင်းရံတိုက်ခိုက်သော်လည်း အရေးတော်မပြီးချေ။ ထို့ကြောင့် သက်ရှည်ကျော်ထင်၏ လျှောက်ထားချက်ကို လက်ခံကာ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ရပြန်သည်။

ဟံသာဝတီ နေပြည်တော်သို့ သက္ကရာဇ် ၉၄၉ ခု၊ ဝါဆိုလဆန်း ၁၄ ရက် အင်္ဂါနေ့တွင် ပြန်လည်ဆိုက်ရောက်တော်မူ၏။

**ဓာတုကလျာကို မိဖုရားမြှောက်ခြင်း။** ။ ဟံသာဝတီဘုရင် ငါးဆူဒါယကာသည် တပ်ပေါင်း ၂၄ တပ်ကို အုပ်ချုပ်ကာ ယိုးဒယားပြည်သို့ ချီတက်မည့်အခါတွင် ဟံသာဝတီနေပြည်တော်အား သားတော်ကြီး မဟာဥပရာဇာ မင်းကြီးစွာကို မြို့စောင့်ခန့်ထားတော် မူခဲ့လေသည်။ သို့မို့ကြောင့်လည်း 'မင်းတရားကြီး ယိုးဒယားသို့ ချီအတက် ဥပရာဇာ၏ အချက်'ဖြစ်သွားလေသည်။

---

*** မှန်နန်းရာဇဝင်တော်ကြီး၊ တတိယတွဲ၊ ၈၇ တွင် ဖော်ပြသည့်အတိုင်း ဖြစ်၏။ မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ်၊ ၈၁ တွင် စစ်သည်သူရဲ ၅၅၂၀၀၀ ဟု ပြသည်။**


ရာဇဓာတုကလျာနှင့် ရွှက်ပုန်းသီး မေတ္တာမျှနေရသော အဖြစ်ကို မဟာဥပရာဇာသည် နှစ်လိုခြင်းမရှိဘဲ ရင်ထဲ၌ တအုံနွေးနွေးဖြစ်နေရသည်။ ထင်ယင်ပေါ်ပေါ် ကတော်ကောက်ရန် အခွင့်လမ်းကို အမြဲတမ်း ရှာကြံလျက်ရှိသည်။ ယခုအခါ ခမည်းတော်လည်းမရှိ၊ မိမိကြောက်ရွံ့ ရိုသေရမည့်သူလည်း နတ္ထိ၊ နေပြည်တော်တွင် တန်ခိုးအာဏာကုန် လွှဲအပ်ခြင်း ခံရသည့်အခိုက်ဖြစ်၍ ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်တော့ပေ၊ အချိန်ဆွဲလျှင်လွဲရတော့မည်ကို စိုးရိမ်လျက်ရှိသည်။

ထို့ကြောင့် ခမည်းတော်ဘုရား ယိုးဒယားသို့ ရောက်ပြီဟု ကြားသိရသည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့ဥပရာဇာသည် ပင်တိုင်စံ ဓာတုကလျာအားအတိအလင်းပင် မင်္ဂလာအခမ်းအနားနှင့်တကွ ခံ့ညားသားနားစွာ အိမ်ရှေ့မိဖုရားအဖြစ် တင်မြှောက်တော်မူလိုက်လေသည်။

ထိုအချိန်တွင် ဓာတုကလျာ စုဖုရားမှာ သက်တော် ၂၇ နှစ်သို့ ရောက်ခဲ့ပေပြီ။ ဓာတုကလျာထံတော်သို့ အိမ်ရှေ့မင်း မင်းကြီးစွာက လက်ဆောင်ပဏ္ဏာနှင့် အစေအပါးပြုနေသည်မှာ ၉၄၄ ခုနှစ်ကတည်းကဖြစ်ရာ၊ အိမ်ရှေ့မင်းနှင့် ရွှက်ပုန်းသီး မေတ္တာမျှနေရသည့်သက်တမ်းသည် ၄ နှစ်ခန့်မျှရှိပေမည်။ ဤ ၄-နှစ်အတွင်း မည်ရွေ့မည်မျှ ဓာတုကလျာ စိတ်ဆင်းရဲနေရမည်ကို တွေးကြည့်ကာ သိမြင်နိုင်ပေမည်။ ယခုမှသာလျှင် အိမ်ရှေ့မိဖုရားအဖြစ် ထင်ထင်ပေါ်ပေါ် နေရရှာသည်။

ဟံသာဝတီဘုရင်သည် ယိုးဒယားမှ ပြန်လည်ဆိုက်ရောက်လာသောအခါတွင် သားတော်အိမ်ရှေ့မင်း၏ ရာဇဓာတုကလျာအား မိဖုရားမြှောက်ကြောင်း ကြားလေသော် ရတ်တရက်အားဖြင့် ရာဇမာန်ရှုဟန် လက္ခဏာရှိသည်။ သို့သော် အိမ်ရှေ့မင်း၏ မယ်တော်အရှင် နန်းမတော်ဘုရား၏ ဖျောင်းဖျသံတော်ဦးတင်ချက်အရ၎င်း၊ သားတော်ကြီးအား ကိုယ်ပွားတော်တစ်ဆူအဖြစ်ချစ်မြတ်နိုးလွန်းအားကြီးသောကြောင့် ၎င်း၊ အကြောင်းကြောင်းကို ထောက်ထားကာ ခွင့်ပြုကျေနပ်တော်မူလိုက်ရလေသည်။

မူလအိမ်ရှေ့မိဖုရား နတ်ရှင်မယ်ကိုမူကား... "ငါ့တူမတော် နတ်ရှင်မယ်တော်ကို မချစ်မကြည် ပြုသည်" ဟူ၍သာ မိန့်ကြားကာ မိဖုရားမယ်တော်၊ အင်းဝမိဖုရားနှင့်အတူ ယူ၍ထားတော်မူသည်။ တူမတော် မညှိုးမငယ်စေရန် ကိုယ်လုပ် မောင်းမ အခြွေအရံများနှင့် ခမ်းနားစွာ မြှောက်စားချီးမြှင့်ထား တော်မူလေသည်။



# နတ်သျှင်နောင်

(ဓာတုကလျာ အိမ်ရှေ့မိဖုရားအဖြစ်သို့ ရောက်ခန်းတွင် ခေတ္တရပ်နားကာ ရတုစာဆို နတ်သျှင်နောင်၏ အခန်းကို ဖွင့်ပါဦးအံ့။)

## နတ်သျှင်ကိုယ်တော်-တကဏ္ဍ်းပေါ်

တောင်ငူမြို့တွင် မင်းထီးမူနေသော ဘုရင်မင်းခေါင်သည် သက္ကရာဇ် ၉၄၆ ခု ဝါဆိုလတွင် နတ်ရွာစံတော်မူသည်။ ထိုအခါတွင် ဟံသာဝတီဘုရင်ငါးဆူဒါယကာသည် တောင်ငူဘုရင်မင်းခေါင်၏ သားတော် မင်းရဲကျော်ထင်ကို 'မင်းရဲသီဟသူ' ဟူသောဘွဲ့ဖြင့် တောင်ငူကို ပေးတော်မူ၏။ ခမည်းတော် တောင်ငူမင်း၏ အဆောင်အယောင် အစီးအနင်းတို့ကိုလည်း ပေးသနားတော်မူသည်။ ယင်းတောင်ငူဘုရင် မင်းရဲသီဟသူကား နတ်သျှင်နောင်၏ ခမည်းတော်ပင်ဖြစ်ချေသည်။

ခမည်းတော် မင်းရဲသီဟသူ တောင်ငူနန်းမွေကို ဆက်ခံရချိန်တွင် သားတော်ကြီး နတ်သျှင်နောင်မှာ သက်တော် ၇ နှစ်မျှသာ ရှိချေသေးသည်။

နတ်သျှင်နောင်သည် ငယ်ရွယ်စဉ်ကာလကပင် ခမည်းတော် မင်းရဲသီဟသူ၏ လက်ရုံးသဖွယ်ဖြစ်ခဲ့သည်။ ဆင်စီး မြင်းစီး၌ ကျွမ်းကျင်သည်။ ဓားခုတ်လှံထိုးတွင်လည်း ပွန်းတီးသည်။ လုပ်ရည်ကြံရည်နှင့်လည်း ပြည့်စုံသည်။ မင်းသွေးမင်းမာန်ကမူ တက်ကြွလွန်းအားကြီး လှချေသည်။

**နတ်သျှင်နောင်၏ ပထမအောင်ပွဲ။** ။ သက္ကရာဇ် ၉၄၈ ခုနှစ်တွင် ယိုးဒယားသို့ ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာကိုယ်တော်တိုင် တပ်ပေါင်း ၂၄ တပ်ဖြင့် ယိုးဒယားသို့ ချီတော်မူခဲ့သည်။ ယင်းသို့ ချီလေရာတွင် တောင်ငူမင်း မင်းရဲသီဟသူ တပ်လည်း ပါဝင်ခဲ့သည်။ ထိုစဉ်က သက်တော် ၉-နှစ်အရွယ်သာ ရှိသေးသော နတ်သျှင်နောင်သည် ခမည်းတော်တပ်နှင့်အတူ လိုက်ပါချီတက်ခဲ့၏။ ယိုးဒယားမြို့ကို ၇-လတိုင်တိုင် ဝန်းရံသော်လည်း မအောင်မြင်ပေ။ နောက်တစ်ကြိမ် ချီတက်အံ့ဟုဆိုကာ ဟံသာဝတီဘုရင် ငါးဆူဒါယကာသည် နေပြည်တော်သို့ သက္ကရာဇ် ၉၄၉ ခု ကဆုန်လဆန်း ၁၄-ရက်နေ့တွင် ပြန်လာခဲ့သည်။ ထိုသို့ တပ်တော် ပြန်မည့်အရေးတွင် ဟံသာဝတီဘုရင်သည် တောင်ငူမင်းနှင့် သားတော် နတ်သျှင်နောင်တို့ကို နောက်တပ်အုပ် ခန့်တော်မူခဲ့သည်။

ယိုးဒယားမင်း ဗြနရာဇ်လည်း ဟံသာဝတီမင်း ပြန်လေကြောင်း သိလျှင်

၁၅-တပ်စီရင်၍ တရောမိုင်းတက်၊ အင်းတော်အရပ်တိုင်အောင် လိုက်လာသည်။ ထိုအခါ နောက်အုပ်ခန့်ထားခဲ့သော တောင်ငူဘုရင်နှင့် တောင်ငူဘုရင်သားတော်နတ်သျှင်နောင်တို့ ခံ၍တိုက်လေလျှင် အင်းတော်က ပြန်ဆုတ်လေသည်။

ဤကား နတ်သျှင်နောင် ၉-နှစ်-၁၀-နှစ်သားအရွယ်တော်က ပထမဦးဆုံး အောင်ပွဲရခဲ့သော ပွဲကြီးဖြစ်၏။

**ရှင်းလင်းချက်။** ဦးကုလား၏ ရာဇဝင်ကြီး (တတိယအုပ်) စာမျက်နှာ ၈၃၊ ဟံသာဝတီဘုရင် နေပြည်တော်သို့ ပြန်ခန်းတွင် တောင်ငူဘုရင်နှင့် နတ်သျှင်နောင်တို့အား နောက်တပ်အုပ် ခန့်ထားခဲ့ကြောင်း ပြဆိုမှာထားခြင်း မရှိပေ။ မှန်နန်းရာဇဝင်တော်ကြီး (တတိယတွဲ) စာမျက်နှာ ၈၉ တွင်ကား တောင်ငူမင်းနှင့် သားတော် နတ်သျှင်နောင်တို့ပါကြောင်းကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြထားသည်။

"ရာဇဝင်ကြီး ရာဇဝင်လတ်တို့၌ တောင်ငူဘုရင်နှင့် သားတော် နတ်သျှင်နောင်တို့ပါကြောင်း ယိုးဒယားမင်း ဖြုန်ရာဓိ လိုက်လာလျှင် အင်းတော်အရပ်တွင် တောင်ငူဘုရင်နှင့် သားတော် နတ်သျှင်နောင်တို့ ခံတိုက်သည်ဟု မဆို။ ။ ယခု (မှန်နန်းရာဇဝင်တွင်)ပြဆိုခဲ့သည်ကား မင်းရဲနရာချေင်းတွင်။ ။ ထို့နောက်တခြား၊ ယိုးဒယားတို့၊ သိကြားတမျှ၊ မယ်တော်ဘုလျှင်၊ ချိုကြဝန်းရံ၊ စောင့်လုပ်ကြံသော်၊ ဝှန်းလျှံကုန်းကြည်း၊ ရေလည်းဖြင်ဖြင်၊ မြေပြင်မလပ်၊ နေရပ်မသာ၊ ပြန်ချေရာတွင်၊ ကြော်ငြာကျိုက်ပွက်၊ မြို့လုံးထွက်၍၊ လက်နက်လှံဓား၊ လေးမြားမီးပေါက်၊ အမြောက်မြတပူ၊ ကတ္တူလွှန်းကြင်၊ မြင်းဆင ခြေတပ်၊ ကြည်းရေ ကြပ်လျက်၊ လိုက်ထပ်ဖြဖြ၊ မီးပွားကျသို့၊ ရှုနပျက်ပြေ၊ ဆုံးချေ တချို့၊ တောသို့ပြေးဝင်၊ ရေတွင်မျောနစ်၊ သွေးချောင်းဖြစ်မျှ၊ စီစစ်ကြောင်းလမ်း၊ ဖောက်စမ်းတိုးဖောက်၊ အင်းတော်ရောက်လည်း၊ တစ်ယောက်မည်သူ၊ လက်ကူမည်ထား၊ စကားကိုမျှ၊ မဟာတတ်ချေ၊ မိုးမြေမမြော်၊ ဘိုးတော်ရှင်ရင်း၊ ယည်ကျော်မြင်းနှင့်၊ 'မိမင်းမောင်ကြီး၊ ဦးရီးနတ်သျှင်၊' တူပင်နှစ်ပါး၊ နောက်နေထား၍ လှံခားချွတ်ဝံ့၊

တိုက်သတ်လွှင့်က၊ ကြေလွင့်ပျောက်ရှ၊ ရန်မျိုးခသည်၊ ဟု စပ်ဆိုသည်နှင့် အညီတည်း။ ရာဇဝင်သစ်မှာ ဤမင်းရဲနှရာ ချေင်းတွင်၊ မိမင်းမောင်ကြီး၊ ဦးရီးနတ်သျှင် ဟု ဆိုသောစကားကို မဟာဥပရာဇာကိုဆိုသည့် အယူနှင့် ခမည်းတော် မင်းတရား ယိုးဒယားသို့ ချီတော်မူရာ မဟာဥပရာဇာပါသည်ဟု ဆိုလေသည်။ ချေင်းကိုလည်း၊ 'မိမင်းမောင်ကြီး၊ ဦးရီးနတ်သျှင်' ဟု ဆိုရာ၌၊ 'မိမင်းမောင်ကြီး၊ ဦးရီးနှစ်ပါး' ဟု ညွှန်းလေသည်။ မင်းရဲနှရာချေင်းမူ အစောင်စောင်ပင်၊ 'မိမင်းမောင်ကြီး၊ ဦးရီးနှစ်ပါး' ဟု မရှိ။ ။"

ဖော်ပြပါ မှန်နန်းရာဇဝင်တော်ကြီး၏ အဆိုကို ထောက်ထား၍ နတ်သျှင်နောင်သည် သက်တော် ၉နှစ်-၁၀နှစ်အရွယ်ကပင် စစ်မြေပြင်သို့ လိုက်ကာ ရဲစွမ်းသတ္တိကို ပြခဲ့ကြောင်း ဟ်ထင့်ချမှတ်ယူယုံကြည် အပ်ပေသည်။ ဦးကုလား ရာဇဝင်တော်ကြီးတွင် နတ်သျှင်နောင် ပါဝင်ကြောင်း မဆိုခဲ့ခြင်းကား ၉ နှစ်-၁၀ နှစ်သားအရွယ်မျှသာ ဖြစ်ခြင်းကြောင့် ငယ်နှောင်းသည့်အနေဖြင့် ချန်လှပ်ထားခဲ့ဟန်တူသည်။

**နတ်သျှင်နောင်၏ ဒုတိယအောင်ပွဲ။** ။ ယိုးဒယားပြည်-ထောင်ထားမှုကို အိမ်ရှေ့ဥပရာဇာတစ်လှည့် မင်းတရားကြီးတစ်လှည့် ၃ ကြိမ်တိုင် ချီတက်တိုက် ခိုက်သော်လည်း အောင်မြင်မှုမရှိသောအခါ ဟံသာဝတီလက်အောက်ခံ ပဒေသရာဇ်တို့၏ အာခံလိုသည့် အရိပ်နိမိတ်များပေါ်ထွက်လာသည်။ ပထမ ပုန်ကန်သည့်သူမှာ 'အင်းယားစား' ဖြစ်သည်။ သက္ကရာဇ် ၉၄၉ ခု၊ တန်ဆောင်မုန်းလဆန်းတွင် အင်းယားစား ပုန်ကန်မှုကို တပ် ၄ တပ်၊ စစ်သည် ၄ သောင်းနှင့် ချီတက်နှိမ်နင်းစေရာ အင်းယားစား သားမယား နှင့်တကွ အောင်မြင်ခဲ့သည်။

သက္ကရာဇ် ၉၅၂ ခုတွင် မိုးကောင်း စော်ဘွား ပုန်ကန်သောင်းကျန်းသည်။ မိုးကောင်းစော်ဘွားကို နှိမ်နင်းရန် မင်းတရားကြီးသည် တပ်ပေါင်း ၁၃ တပ်နှင့် မိုးကောင်းသို့ ချီစေသည်။ တပ် ၁၃ တပ်တွင် တိုက်ဆင် ၅၀၀၊ မြင်း ၆၀၀၀၊ စစ်သည်သူရဲ ၁ သိန်းပါသည်။ မိုးကောင်းသို့ သက္ကရာဇ် ၉၅၂ ခု တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင် ချီသည်။ ထိုတပ်များတွင် တောင်ငူမင်း နတ်သျှင်နောင်၊ တောင်ငူတပ်အားနှင့် တစ်တပ်ပါရသည်။

ထိုအခါတွင် နတ်သျှင်နောင်မှာ သက်တော် ၁၃ နှစ်အရွယ်မျှသာ ရှိသေးသည်။

မိုးကောင်းချီတပ်တွင် ပြည်သတိုးဓမ္မရာဇာက အကြီးအမှူးပြုသည်။ မိုးကောင်းအရောက် ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ရာ အောင်ပွဲဆင်နိုင်ခဲ့သည်။ တန်ခူးလတွင် ဟံသာဝတီသို့ ပြန်၍ ရောက်သည်။ ဟံသာဝတီမင်းသည် အောင်ပွဲရနတ်သျှင်နောင်၏ သူရသတ္တိနှင့် ရဲစွမ်းသတ္တိကို သဘောကျတော် မူလှသဖြင့် အားရချီးကျူးတော်မူသည်။ ဦးကုလားရာဇဝင်ကြီး (တတိယတွဲ) စာမျက်နှာ ၈၈-တွင် နတ်သျှင်နောင်၏ ဒုတိယအောင်ပွဲကို အောပ်ပါအတိုင်း မော်ကွန်းထိုးထားသည်။

"တောင်ငူမင်း သားတော် နတ်သျှင်နောင် အစရှိသော တပ်မှူးစစ်ကဲ အပေါင်းတို့ကိုလည်း အဆောင်အယောင်စား ကျေးစားလက် ပေးတော်မူလေသည်။"

နတ်သျှင်နောင်၏ ဘုန်းသမ္ဘာမှာ ဤတစ်ကြိမ်တွင် လူသိရှင်ကြား ပွင့်လန်း၍ လာသည်။ သက်တော် ၁၃ နှစ်သာ ရှိသေးသည့် အရွယ်တွင် အရေးတော်ပုံတစ်ခုကို တပ်မှူးအဖြစ် ဆောင်ရွက်ကြိုးပမ်း အောင်ပန်းဆင်နိုင် ခဲ့ခြင်းမှာ ထူးကဲလှသည်ဟု ဆိုထိုက်လှပေသည်။ ပြည့်ရှင်မင်းတရားကြီး ကိုယ်တော်တိုင်က အဆောင်အယောင် စားကျေး စားလက် အချီးမြှင့်ခံရခြင်း မှာလည်း မကြုံတောင်း ကြုံရခြင်းသာ ဖြစ်၏။ မင်းတရားကြီး ကိုယ်တော် တိုင်က ရဲဆုချီးမြှင့်ကာ အသိအမှတ်ပြုတော်မူခြင်း ခံရသည်လည်း ဖြစ် သည်။

နတ်သျှင်နောင်သည် ပထမဦးစွာ လက်ရုံးရည် သူရသတ္တိဖက်တွင် ထင်ပေါ်ကျော်ကြား ခဲ့ခြင်းဖြစ်၏။ နောက်မှသာ နှလုံးရည် ကဗျာလင်္ကာ ဖက်က အထူးတလည် ထင်ရှားကျော်ကြားခဲ့ရခြင်း ဖြစ်လေသည်။ ကျွန်တော်တို့သည် နတ်သျှင်နောင်၏ လက်ရုံးရည်အစွမ်းကို ရှေ့အခန်းတွင် အံ့မခန်း ဆက်လက်၍ တွေ့ရချေဦးမည်။

❐

## မဟာဥပရာဇာ၏ နိဂုံးချုပ်ခရီး

မဟာဥပရာဇာမင်းကြီးစွာသည် ရာဇဓာတုကလျာကို ရွေလက်ဆွဲကာ အောင်ပွဲ ခံနိုင်ခဲ့သဖြင့် ပျော်တပြုံးပြုံး မော်မဆုံး ဖြစ်လျက်ရှိသည်။ မချစ်မကြင်သူ မိဖုရား နတ်ရှင်မယ်တော်နှင့်လည်း အတူတကွမနေရတော့။ ကြင်ချစ်သူ ဓာတုကလျာနှင့်လည်း နွေညဥ့်မပြတ် ရွှင်သောနှလုံး၊ ပြုံးသောမျက်နှာ ပီယဝါစာ သာယာသော အသံဖြင့် ဖန်ဖန်ချီအီ ဖရဏာပီတိ ဖွမ်းဆီထိဘိသကဲ့သို့ တအိအိနေလောက်အောင် လောကီသုခ ချမ်းသာခြင်း အမတကို ရလျက်ရှိချေပြီ။

သည်ဘဝတွင်ဖြင့် နှိုင်းဆဖွယ် မမြင်လောက်အောင် ပြည်ခွင်တလွှားအသရေပွားကာ မြိုက်ချမ်းသာတရားကို ရှာတော့မည်ရှိကာမှ ရန်ကြွင်းရန်စ ယိုးဒယားပြဿနာက ရှုတ်ပွေကာ လာပချေပြန်သည်။ ခမည်းတော် မင်းတရားကြီးမှာလည်း ယိုးဒယားကိုမှ ပြန်လည်၍ မပိုင်သ,ရလျှင်၊ သည်ဘဝဖြင့် မနေလိုတော့ပြီဟု သိန္နဋ္ဌာန်တော် ပိုင်းဖြတ်ထားဟန် တူသည်။ ကိုယ်တော်တိုင် ချီတက်၍လည်း အရေးမပြီးလေသောကြောင့် သားတော် မောင်အိမ်ရှေ့ဥပရာဇာကိုပင် တစ်ဖန် ချီတက် တိုက်ခိုက်ရန် မိန့်တော်မူပြန် လေသည်။

**ယိုးဒယားသို့ စတုတ္ထအကြိမ်ချီခြင်း။** ။ သက္ကရာဇ် ၉၅၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့တွင် အိမ်ရှေ့ကိုယ်တော်သည် ခမည်းတော်၏ အမိန့်ဖြင့် ယိုးဒယားစစ်ကို ဦးဆောင်ကာ ချီတက်ရသည်။ ဤတစ်ကြိမ်မှာ စတုတ္ထအကြိမ် ချီတက်ခြင်းဖြစ်၏။ ယိုးဒယားသို့ ချီရာတွင် တပ်ပေါင်း ၂၄ တပ်၊ တိုက်ဆင် ၁၀၀၀၊ မြင်း ၁၂၀၀၀၊ စစ်သည်သူရဲ ၂ သိန်းပါဝင်သည်။

သည်တစ်ခါတွင် ယိုးဒယား ဖြနရာဇ်သည် 'လကွန်း' အရပ်တွင် ဆီးကြို ကာ အိမ်ရှေ့ဥပရာဇာတပ်အား စောင့်လျက်ရှိသည်။

တိုက်ပွဲ အကြိမ်ကြိမ် တိုးပြီးပြီ ဖြစ်ရာကား၊ ယိုးဒယားဖြနရာဇ်သည် ဥပရာဇာကို လှည့်စားရန် 'လကွန်း' အရပ်တွင်ပင် ဆင်ညှံ့ မြင်းညှံ့များကို ဖြန့်ထားပြီး၊ မိမိကိုယ်တိုင်မှာမူ အမတ် ၆ ကျိပ်၊ ဆင်ကောင်း ၆၀နှင့် တောထဲမှ အသင့်ပုန်း၍နေသည်။ မဟာဥပရာဇာတပ်များသည် ယိုးဒယားစစ်သည် တို့ကိုမြင်လျှင်၊ ပရိယာယ် ဆင်ကွက်ကို သတိမထားမိဘဲ အကြောက်

အရှုံ့မရှိ ချွံချွံလိုက်၍ တိုက်သည်။ ယိုးဒယားစစ်သည်တို့ ဆုတ်လေရာ အောင်ပြီအမှတ်ဖြင့် နိုင်ချင်ကြက်ကဲ့သို့ အတင်းလိုက်အတိုက်တွင် တောထဲ၌ ပုန်းအောင်းကာ ချက်ကောင်းစောင့်နေသော ယိုးဒယားဗြနရာဇ်၏ တပ်များက တောမှထွက်၍ တစ်ဟုန်ထိုး တိုက်သည်။ ဤတွင် မဟာဥပရာဇာ တပ်နှင့်တ. ကွ နောက်ပါတပ်ပေါင်း ၂၄ တပ်လုံးပါ ပျက်လေတော့သည်။ ပုဂံမင်း၊ ပုသိမ်မင်း တို့ကိုလည်း ယိုးဒယားတို့ ဖမ်းမိရယူသွားသည်။ ရဲမက်တော်တို့ လည်း အထိအပါး အရှုံးအနာ အသေအပျောက်များသည်။

မဟာဥပရာဇာသည် တိုက်ပွဲတွင် အထိနာလှသဖြင့် နေပြည်တော် ဟံသာဝတီသို့ အလျှင်အမြန်ပင် ပြန်ရချေသည်။ ငါးဆူဒါယကာ လက်ထက် ယိုးဒယားနှင့် ဖြစ်ရသည့် စစ်ပွဲတွင် ဤပွဲမှာ မြန်မာတို့ဖက်မှ အခံရဆုံး၊ အနာဆုံး၊ ဂုဏ်သရေအကျဆုံး ဖြစ်၏။

မဟာဥပရာဇာ၏တပ်သည် နေပြည်တော်သို့ တန်ခူးလတွင် ပြန်လည်၍ ဆိုက်ရောက်သည်။ ဟံသာဝတီငါးဆူဒါယကာ ဘုရင်မှာ ဤအဖြစ်ဆိုးကြောင့် မြတ်နိုးတော်မူလှသော သားတော် အိမ်ရှေ့မင်းကိုပင် မတင်စဖူး နှုတ်ပြစ်တင်တော်မူသည်။ တိုက်ပွဲရှုံးလာခဲ့သည့် တပ်မှူးစစ်ကဲ အပေါင်းတို့ကို ကား လည်ကိုလှီး၍ ဖောက်ကာ အပြစ်ပေးလေတော့သည်။*

**ယိုးဒယားတို့ ထိုးစစ်ဆင်လာခြင်း။** ။ မြန်မာတို့၏ ထိုးစစ်လေးကြိမ်တိုင်တိုင် နှိမ်နင်းနိုင်ကာ နောက်ဆုံး စစ်ပွဲတွင် ထူးထူးကဲကဲ အောင်ပန်းဆွတ်ခဲ့ရသဖြင့် ယိုးဒယားဗြနရာဇ်သည် မိမိကိုယ်ကို အထင်ကြီးကာ သွေးကြွ၍ သွားရှာသည်။ ဇမ္ဗူတွင် တလူဟု လက်သီး လက်ရုံးတန်းကာ မော်မော်ကြွားကြွား လည်း ပြုလာသည်။

"ဟံသာဝတီက အကြိမ်ကြိမ်ချီလာသည်၊ လုပ်ရည် ကြံရည် ငါတို့ကို မတန်၊ ချီလေသမျှ ပျက်၍ ပြန်ရလေသည်။ ယခု ဟံသာဝတီတိုင်အောင် ချီ၍ စမ်းမည်"**

ထိုသို့ ခံစစ်မှ ထိုးစစ်သို့ပြောင်းရန် စစ်သူကြီး ဩယာဝင် တစ်တပ်၊ ဩယာသုဝဏ္ဏလောက် တစ်တပ်၊ ဩသာပိတ်စဲတစ်တပ်၊ ဩယာပိသ

---

* မဟာရာဇဝင်ကြီး (ဦးကုလား)တတိယအုပ် ၈၇

** မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ် ၈၉

လောက် တစ်တပ်၊ သည် ၄ တပ်တို့ကို တိုက်ဆင် ၄၀၀၊ မြင်း ၄၀၀၀၊ စစ်သည်သူရဲ ၅၀၀၀၀ တို့ဖြင့် ချီလာ၍ 'ဝင်းယော်'သို့ ရောက်သည်။ ဟံသာဝတီ ငါးဆူဒါ ယကာသည် ယိုးဒယားတို့ ချီတက်လာသော သတင်းကို ကြားသောအခါ 'မုတ္တမသုံးဆယ့်နှစ်မြို့စားတို့ ဆီးကြို၍ ခံလေ'ဟု အမိန့်တော်ရှိသည်။ မုတ္တမ သုံးဆယ့်နှစ်မြို့စားတို့လည်း ဆင်မြင်း အလုံးအရင်းနှင့် စုရုံးကာ ယိုးဒယားတပ်တို့ အခြေပြုသော ဝင်းယော်သို့ ချီတက်ကာ ဆင်နှင့်မြို့ကို ချဉ်း၍ လုပ်ကြဲကြသည်။ ယိုးဒယားတပ်တို့ မခံနိုင်၍ ဝင်းယော်မြို့ကို ညဥ့်တွင်းချင်းပင် တူးဖြိုကာ အပြင်းခွာထွက်ပြေးကြသည်။ ရဲမက်တော်တို့က ၂ စခန်းတိုင်အောင် လိုက်၍ တိုက်သည်။ နောက်မမှီသဖြင့် ပြန်ခဲ့ကြရသည်။ ဟံသာဝတီမင်းမှာ ယိုးဒယားတပ်တို့အား တွန်းလှန်သည့် မြို့စားတို့ကို အားရကာ အထိုက်အလျောက် ဆုပေးတော်မူသည်။

ဤအရေးတော်ပုံပြီးသည့်နောက် ဟံသာဝတီမင်းသည် မည်သို့သဘောရသည်မသိ၊ ဟံသာဝတီ ရွှေမြို့တော်ဝန်းကျင်တွင်ရှိသော တံခါးပြအိုးများကို ယိုးဒယား တန်ဆောင်းပြအိုးတို့ကဲ့သို့ချည်း လုပ်စေသည်။

**ယိုးဒယားသို့ ပဉ္စမအကြိမ်ချီတက်ခြင်း။** ။ ယိုးဒယားတို့ မြန်မာနယ်သို့ ကျူးကျော်ဝင်ရောက်ကာ ထိုးစစ်ဆင်လာခြင်းမှာ ဟံသာဝတီအတွက် စိတ်မအေးဖွယ်ဖြစ်သည်။ အစရှိက အနှောင်နှောင်ဆိုသကဲ့သို့ ဤကဲ့သို့သာ စစ်ခြေစမ်းလာခဲ့လျှင် ကြာသော် ခက်ဖွယ်ရှိလာချိမ့်မည်။ ထို့ကြောင့် ဟံသာဝတီမင်း ငါးဆူဒါယကာသည် နောက်ဆုံးအကြိမ်အဖြစ် အင်ကြီး အားကြီး ထိုးစစ်ဆင်ကာ ယိုးဒယားကို တိုက်ခိုက်ချေမှုန်းရန် ဆောင်ရွက်ပေတော့သည်။

"ကျေးဇူးတော် သစ္စာတော်ကိုသာထောက်၍ အမှုတော်ကို ကြိုးစားအားထုတ်၍ ထမ်းတပြီးကား ယိုးဒယား ပြန်ရာဓိငယ် ငါ့လက်တော်က လွတ်ရမည် သဘောရှိသလော။ ယင်းသို့ ဖြစ်သောကြောင့် သည်တစ်ကြိမ်အသက်ကိုစွန့်၍ အမှုတော်ကို ထမ်းကုန်"*

သက္ကရာဇ် ၉၅၄ ခု၊ နတ်တော်လဆန်းတွင် ကျင်းပသော ညီလာခံ၌ ဟံသာဝတီမင်းသည် မှူးတော် မတ်တော်အပေါင်းတို့ကိုခေါ်၍ ဤသို့တစ်ချက်လွှတ် မိန့်ကြားတော်မူသည်။

---

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ် ၈၉-၉၀

ထိုအခါ ကျွန်တော် ဗညားလောက အောက်ပါအတိုင်း လျှောက်ထားသည်။

"စစ်တို့၏ သဘောသည် အင်အားနည်းသည်များသည်ဟူ၍ မမှတ်ရလေ၊ အရဲ,အစွမ်း, လုပ်ရည်ကြံရည်သာ အရင်းဖြစ်ချေသည်။ ယင်းသို့ဖြစ်သောကြောင့် သားတော် မဟာဥပရာဇာ၊ သားတော်အငယ် သတိုးဓမ္မရာဇာ (ပြည် စား သားတော် မင်းကြီးနှောင်း)၊ တောင်ငူမင်း-သားတော် 'နတ်သျှင်နောင်' တို့သည် အရဲအစွမ်း လုပ်ရည်,ကြံရည် စုံကြလေသည်။ အလုံးအရင်းများနှင့်တကွ ခန့်ရုံတော်မူမှ အရေးတော်ပြီးလွယ်မည်။"*

ဟံသာဝတီမင်းသည် ကျွန်တော်ဗညားလော၏ လျှောက်ထားချက်ကို သဘောကြိုက်ညီတော်မူသည်။

ယိုးဒယားသို့ သည်တစ်ကြိမ် ချီတက်ခြင်းကား ပဥ္စမအကြိမ်ဖြစ်သည်။ ရာဇာတုကလျာ၏ ကြင်ယာတော် မဟာဥပရာဇာကိုယ်တိုင် ဦးစီးကာ စတုတ္ထအကြိမ်မြောက် ချီတက်ခြင်းလည်းဖြစ်သည်။

မဟာဥပရာဇာသည် သုံးကြိမ်တိုင်တိုင် မိမိကွပ်ကဲချီတက်မှု မအောင်မြင်ခဲ့သည် ဖြစ်ရကား စိတ်နှလုံးသား ခက်ထန်မာကြောကာ၊ သည်တစ်ကြိမ်တွင် မရမနေအောင်ပန်း ဆင်တော်မူမည်ဟု ယတိပြတ် ဆုံးဖြတ်ထားဟန်တူသည်။ ယခင်တစ်ခေါက် စစ်ရေးမညီခဲ့သဖြင့် ခမည်းတော်၏ နှုတ်ပြစ်တင်ခြင်းကို ခံယူခဲ့ရသည်။ မိမိ၏ စစ်ကဲတပ်မှူးတို့မှာလည်း လည်ဖောက်ကာ ကွပ်မျက်ခြင်း ခံခဲ့ရသည်။ မိမိကိုယ်တိုင်ကို အပြစ်ပေးခြင်းမခံခဲ့ရ စေကာမူ လက် အောက် တပ်မှူးများ အပြစ်ပေးခံခဲ့ရသဖြင့် ဂုဏ်သရေ ထိပါးရသည်။ ထိုခမည်းတော်နှုတ်ပြစ်ကြွေးကို မဆပ်နိုင်လျှင် သည်တစ်ချီတွင် ရာထူးဂုဏ်သိမ်ပင် ထိခိုက်ရတော့မည်ကဲ့သို့ အခြေအနေက ဖန်တီးလာ၏။

ထို့ကြောင့် သက္ကရာဇ် ၉၅၄ ခု၊ နတ်တော်လဆန်း ၁၂ ရက်** ဗုဒ္ဓဟူးနေ့ တွင် ဟံသာဝတီနေပြည်တော်မှသည် ယိုးဒယားသို့ ချီရပြန်သည်။

---

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ် ၉၀

** မဟာရာဇဝင်ကြီး၏ အဆိုဖြစ်သည်။ မှန်နန်းရာဇဝင်တွင် နတ်တော်လဆန်း ၂ ရက်နေ့ဟု ပြမှာထား၏။

မဟာဥပရာဇာ ဦးစီးဦးကိုင်ပြုသော မြန်မာ့တပ်တော်ကြီးသည် အောင်စည် အောင်မောင်း တီးခတ်ဆော်ကျူးကာ ထွက်ခဲ့လေပြီ။ နတ်သျှင်နောင် အုပ်ချုပ်သော တောင်ငူတပ်အပါအဝင် တပ်ပေါင်း ၂၉၊ တိုက်ဆင် ၁၅၀၀၊ မြင်း ၂၀၀၀၀၊ စစ်သည်သူရဲ ၂၄၀၀၀၀ တို့မှာလည်း မြေမိုး တုန်ဘိဘနန်း ချီတက်ကာ သွားကြ၏။

မဟာဥပရာဇာ၏ ကြင်ဖက်သက်လျာ ဓာတုကလျာမှာကား ဟံသာဝတီ နေပြည်တော်တွင်ပင် မြောက်သားတော်အတွက် စိတ်လေးလံစွာဖြင့် ကျန်ရစ်ခဲ့ရှာလေသည်။

## မင်းနှစ်ပါးစီးချင်းတိုက်ပွဲ

သက္ကရာဇ် ၉၅၄-ခု၊ တပို့တွဲလဆန်း ၈-ရက်…

မြန်မာ့တပ်မတော်ကြီးသည် စစ်ခရီးအညောင်းမခံဘဲ ချီတက်လာကြရာ ယိုးဒယားပြည် အယုဒ္ဓယမြို့တော်သို့ ရောက်ရှိလာလေပြီ။ သည်တစ်ချီတွင် အရေးတော်ပုံ အောင်မြင်စေရန်အတွက် မြို့သိမ်းတိုက်ပွဲဆင်နွှဲရန် အားမာန်တက်ကြွကာ ရှိသည်။ မဟာဥပရာဇာကိုယ်တော်မှာလည်း တင်ခဲ့သော ရာဇဝင်ကြွေးများကိုဆပ်ကာ အပြီးသတ်အောင်လံထူရန် ရဲသွေးများ ဆူလျက်ရှိသည်။

မြန်မာတပ်တို့ စစ်အင်ခင်းကျင်းနေစဉ် အယုဒ္ဓယမြို့တွင်းမှ ဘုရင်ဖြနရာဇ်သည် ရင်ဆိုင်တိုက်ပွဲဆင်နွှဲရန် အင်ကြီးအားကြီးနှင့် ထွက်လာခဲ့လေသည်။ ထိုအခါ မဟာဥပရာဇာသည် ဘုရင်ဖြနရာဇ်နှင့် ရင်ဆိုင်တွေ့ကာ စီးချင်းထိုးရန် အသင့်ပြင်လေသည်။

မဟာဥပရာဇာသည် ဆင်တော် ရဲဘုန်းစုံ*ကို စီးကာတိုက် ရန်ပြုသည်။ မဟာဥပရာဇာ၏ လက်ယာဖက်မှ 'ညီတော်ပြည်ဘုရင် မင်းကြီးနှောင်း (သတိုးဓမ္မရာဇာ)ကို အလုံးအရင်း စစ်သည်အင်အားနှင့် နေစေသည်။ မဟာဥပရာဇာ၏ လက်ဝဲဖက်မှ 'ညီတော် တောင်ငူမင်းသား နတ်သျှင်နောင်' ကို အလုံးအရင်းစစ်သည် အင်အားနှင့် နေစေသည်။ အိမ်ရှေ့မင်း၏ ငယ်ကျွန်တော် ဇာပရိစား**အား မှန်ပြည့်နေသော ဆင်တော် 'ပေါက်ကျော်ဇေယျ' ကို

---

*_** မှန်နန်းရာဇဝင်တော်ကြီး၏ အဆိုအမိန့်အတိုင်း 'ရဲဘုန်းစုံ'၊ ဇာပရိစားဟု ရေးသားသည်။ မဟာရာဇဝင်ကြီးတွင်မူ ငရဲစုံဇာပရိစားဟု ရှိ၏။



ယိုးဒယားဘုရင်ဖြနရာဇ်နှင့်ဟံသာဝတီမဟာဥပရာဇာတို့
စီးချင်းတိုက်ကြပုံ။

စီးစေလျက် လက်ယာဘက် မနီးမဝေးတွင် နေစေသည်။ 'ပေါက်ကျော်ဓေယျ' မှာ အင်အားကြီးမားကာ အထိုးအဖော့ကောင်းလှသည်။ သည်တစ်ပွဲ နွှဲမည်ပြုစဉ် မုန်ပြင်းလှသဖြင့် မျက်နှာကို ပုဆိုးဖြင့်အုပ်ထားရလေသည်။

ယိုးဒယားဖြနရာဇ်သည် စီးချင်းတိုက်ရန်အတွက် 'ဖြလပုံ'မည်သော ဆင်ကို စီးကာ အလုံးအရင်းများနှင့် မြို့က ထွက်လာသည်။

ဖြနရာဇ်သည် အရွယ်အားဖြင့် မဟာဥပရာဇာနှင့် မတိမ်းမယိမ်းဖြစ်သည်။ ငယ်စဉ်က ဟံသာဝတီတွင်နေကာ သေနင်္ဂဗျူဟာကို အတူတူ သင်ယူဖူးခဲ့သည်။ စစ်ပွဲတွင် မကြာခဏ ယှဉ်ပြိုင်တိုက်ခိုက်ရဖူးသဖြင့် တစ်ဦးနှင့်တစ်ဦး လုပ်ရည်ကြံရည်ကို သိပြီးဖြစ်၏။

**မဟာဥပရာဇာ၏ ကြမ္မာတော်ဆိုး။** ။ ဤသို့သော မင်းနှစ်ပါး စီးချင်းတိုက်ရန် အခွင့်အခါမျိုးကို ရတော့ရခဲပါဘိခြင်း။ ဤပွဲတွင် ယိုးဒယား-ဖြနရာဇ်သာ ကျဆုံးချေက ဟံသာဝတီ ငါးဆူဒါယကာ မင်းနှင့် မဟာဥပရာဇာတို့၏ ကံဇာတာမှာ အထွတ်အထိပ်တက်ကာ ယိုးဒယားမှာလည်း ထောင်ထားနိုင်ရန် ဝေးစွ၊ နလံပင်ထူနိုင်တော့မည် မဟုတ်ချေ။ သို့သော် ကံကြမ္မာဟူသည်မှာ ဖန်လှာချက် ဆန်းလှပေ၏။ ကြံတိုင်းလည်းမဖြစ်၊ မကြံပေသော်လည်း ဖြစ်တတ်ချေသည်။

ယိုးဒယား-ဖြနရာဇ်သည် မဟာဥပရာဇာကို မြင်သည်နှင့် မိမိဖက်က လက်ဦးတိုက်နိုင်ရန် 'ဖြလပုံ'ကို ချွန်းဖွင့်၍ အပြင်းလွှတ်လာသည်။ မဟာဥပရာဇာ၏ ကျွန်တော် ဇာပရိုစားသည် ဖြနရာဇ် လွှတ်လာသည်ကို တိုက်မည်ဟူ၍ စီးသည့် 'ပေါက်ကျော်ဓေယျ'ဆင်၏ မျက်နှာကို အုပ်ထားသော ပုဆိုးကိုဖွင့်လေသည်။ ပေါက်ကျော်ဓေယျသည် ပုဆိုးရုပ်သည်နှင့်တစ်ပြိုင်နက် ဖြနရာဇ်စီးသော ဆင်ဖြလပုံကိုကားမဖော့၊ နောက်သို့ပြန်ကာ မဟာဥပရာဇာ စီးသော 'ရဲဘုန်းစုံ'ကို အပန်းတကြီး ဖော့လေသည်။ ဤတွင် မဟာဥပရာဇာသည် ဖြနရာဇ်၏ ဆင်ထက် ပေါက်ကျော်ဓေယျကို အာရုံပြုရကာ အပန်းတကြီးတိုက်တော်မူရချေသည်။

ထိုသို့ တိုက်နေစဉ် ရဲဘုန်းစုံ ဆင်တော်ပေါ်တွင် တင်ထားသော 'က'သည် 'လည်'၍ သွားသောကြောင့်၊ က,ကို ပြင်ဆင်နေဆဲ ယိုးဒယား တပ်ဖက်မှ လွှတ်လိုက်သည့် စိန်ပြောင်းသင့်ကာ ဆင်ဦးတွင်ပင် မဟာဥပရာဇာ မင်းကြီးစွာမှာ နတ်ရွာစံလေတော့သည်။

**နတ်သျှင်နောင်၏ သတ္တိနှင့် စွမ်းရည်။** ။ မဟာဥပရာဇာ၏ဆင်တော် ကုံးလယ်စီးတုရင်ဗလသည် မဟာဥပရာဇာအမြောက်သင့်ကြောင်း သိလျှင်၊ မဟာဥပရာဇာကို မ,၍ ဆင်တော်ကို အနီးရှိ ဆောက်ချုံသို့ မှီနေစေသည်။

ယိုးဒယား-ဗြနရာဇ်သည် မဟာဥပရာဇာနတ်ရွာစံကြောင်းကို မသိသဖြင့် လိုက်၍ မတိုက်ဝံ့ဘဲ အမ်းနေစဉ်၊ လက်ဝဲက 'နတ်သျှင်နောင်' သည် 'ဥပေါသထ'ဆင်တော်ကို စီး၍ ရဲစွမ်းတမန်ဖြင့် တိုက်လေသည်။ ယိုးဒယား-ဗြနရာဇ်သည် နတ်သျှင်နောင်၏ တိုက်စစ်ကို မခံနိုင်ဘဲ ရွေ့လေသည်။ ဤသို့ ရွေ့ကြောင်းကို သတိုးဓမ္မရာဇာစသော တပ်မှူးစစ်ကဲ အပေါင်းတို့က မြင်လျှင် ချွန်းဖွင့်ကာ သိပ်၍တိုက်သည်။ တိုက်ပွဲမှာ တဖြည်းဖြည်းကျုံးနားသို့ ရောက်လာ၏။ ဗြနရာဇ်သည် အရှုံးပေါ်တော့မည်ကို သိ၍ အလျှင်ဆုတ်ပြီး မြို့က ခံနေလေသည်။ ထုံးဖိုစား လက်ဝဲ ဓားမှူးနှင့် ဝင်းယော်စားတို့မှာ ဗြနရာဇ်ကို အလိုက်ကျုံသောကြောင့် ယိုးဒယားတို့ ရသွားလေသည်။

နတ်သျှင်နောင်၏ တောင်ငူတပ်သားတို့မှာ တိုက်ပွဲတွင် ရဲစွမ်းသတ္တိပြသ နိုင်သည့် အနေဖြင့် ယိုးဒယားအမတ် ဩယာပတ်နှင့် ဩယာစက္ကိတို့ကို အရှင်ရလိုက်လေသည်။

**နေပြည်တော်သို့ ပြန်ခန်း။** ။ မဟာဥပရာဇာ နတ်ရွာလားပြီဖြစ်၍ မြန်မာ့တပ်တော်ကို တစ်တိုင်ကျော်ခန့် အကွာအထိ ဆုတ်၍လာခဲ့ရသည်။ တပ်မှူးစစ်ကဲ အပေါင်းတို့နှင့်တိုင်ပင်ကာ အိမ်ရှေ့မင်း အလောင်းတော်ကို သည်တွင်သင်္ဂြိုဟ်၍ ယိုးဒယားအား ဆက်တိုက်မည်လော၊ အလောင်းတော်ကို ယူ၍ ပြန်မည်လောဟု စောကြောနှီးနှောကြသည်။ ထိုအခါတပ် ၏ အကြီးအမှူး ပြည်ဘုရင် သတိုးဓမ္မရာဇာ (မင်းကြီးနှောင်း)က နေပြည် တော်သို့ ပြန်ရန် ဆန္ဒပေး၏။

မဟာဥပရာဇာ၏ အလောင်းတော်ကို ကောင်းစွာ သရက်သားကို ဖျဉ်လုပ်ပြီးလျှင် ပြဒါးသွပ်၍ တပ်စဉ်အတိုင်းဆောင်ကာ နေပြည်တော်သို့ ပြန်လာရလေသည်။ တပေါင်းလတွင် ဟံသာဝတီသို့ ရောက်သည်။

ဟံသာဝတီမင်းတရားသည် သားတော်မဟာဥပရာဇာ ဆုံးချေ၍ အ လောင်းတော်ကို ဆောင်ယူကာ ပြန်လာကြောင်း သိရလျှင် များစွာကြေကွဲ တော် မူလေသည်။ မိဖုရားအပေါင်းနှင့်တကွ ဆီးကြို၍ စကြဝတေးမင်းကို သင်္ဂြိုဟ်သကဲ့သို့ ဆင်လုံးမြင်းရင်း မှူးတော်မတ်တော် တို့နှင့်တကွ ခန့်ရန်၍ သင်္ဂြိုဟ်တော်မူသည်။

ခမည်းတော်မင်းတရား ဤမျှစိတ်ထိခိုက်တော်မူလျှင် မြောက်သားတော် ရာဇဓာတုကလျာမှာ မည်၍မည်မျှ ပူပန်တော်မူရမည်ကို စဉ်းစားကြည့်ကြရန် ချန်လှပ်ထားခဲ့ရပါသတည်း။

## ရာဇဓာတုကလျာနှင့် နတ်သျှင်နောင်

..."ဖန်စကြာလျှင်၊ နွေခါအလျောက်၊ မြောက်သို့ချဉ်း၍၊ ဖျဉ်းကားပုံ့ရှင်း၊ အင်ကြင်းပေါက်လဲ၊ ရဲရဲတွေးတွေး၊ ရွှံ့ရွှံ့ကွေးလျက်၊ စံသေးပြင်ခုံ၊ မြစ်မှာတုံလည်း၊ စုံစုံကျေးငှက်၊ လည်ယှက်လည်တင်၊ လွမ်းဖွယ်ရင်၍၊ ရှင်ကြမြူးစံ၊ ချစ်သံခေါ်ထူး၊ ရင့်ကျူးဝမ်းပါး၊ သနားဖွယ်မှု၊ သည်ရတုမူ၊ ရှုကကဲလွန်၊ အလွမ်းသန်သည်။ ။ လေသွန်သာညီ-လတကား။"

နတ်သျှင်နောင်

ဆောင်းနတ်မယ်ကား ရှောင်ခွာခဲ့လေပြီ။ နွေရတုသို့ မူးမူးပုံ့ကြွ ဖဂ္ဂုဏ၀ရာသီ သရဖီကလည်း သင်းခဲ့လေပြီ။ လေပြည် လေညှင်း သုတ်ဆော် သွင်းလျက် အင်ကြင်းပေါက်လဲတို့ ရဲရဲတွေးတွေး ရွှံ့ရွှံ့ကွေးကာ ရွှေကျေးတမာ မြူးရှင်ကြရှာပြီ။ မိန်ရာသီအစ တပေါင်းလပေမို့ ရွက်ဟောင်းတို့ ကြွေကြွေ လျော့ပြီး ရွက်သစ်ပုရစ်အစို့ အညှောင့်တို့ တင့်ရောက်လွန်ကြူး အပျော်ထူးကြ ပေပြီ။ အဟောင်းအဟောင်းတို့ ကြေမြေ့ကာ အသစ်အသစ်တို့ ပေါ်ထွက် ရမည့် အချိန်အခါပင်တည်း။

ဤသို့သော ရတုအခါသမယတွင် ဘဝင်နွမ်းကာ မရှင်လန်းနိုင်ရှာသူ မယ်တစ်ပါးကား ဟံသာဝတီရွှေနန်းတွင် ရှိနေခဲ့လေသည်။ ပန်းမာလာနေသွေ့ သို့ ကြေမြေ့ နေသူမှာကား ရာဇဓာတုကလျာပင် ဖြစ်ပေတော့သည်။

ရာဇဓာတုကလျာအတွက် ဆွေးရတက်ဖြာဝေရန်အကြောင်းကလည်း အလုံအလောက်ရှိခဲ့၏။ သည်တစ်ချီ ယိုးဒယားပြည်အလုံးကို ထုံးလိုချေ ရေလိုနှောက်ကာ အောင်ပန်းဆွတ်မည်ဆို၍ ရဲတင်းသံဟိန်းပြီး စစ်ထွက်သွား ခဲ့သူ မောင်တော် မဟာဥပရာဇာမင်းကြီးစွာသည် သက်ခန္ဓာပြတ်စဲကာ နတ်ရွာပွဲဝင် ခဲ့ရလေပြီ၊ သရက်သားပျဉ်နှင့် ပြဒါးသွပ်ကာ ဆောင်ကြဉ်းလာခဲ့သော မြောက်သားတော် မဟာဥပရာဇာ၏ ရုပ်အိမ်တော်ကိုသာ ရာဇဓာတုကလျာ သည် ဆီးကြိုခဲ့ရရှာသည်။



ယခုတော့… လူ့လောကအတွင်းမှ မောင်တော်သည်ကွက်ပျောက်၍ သွားချေပြီ၊ မိုနိုအားထားရာ ရွှေတောင်ကြီးလည်း ပြိုလေပြီ။ အခြေအနေတော် နွမ်းကာအသည်း နှလုံးလည်း ကျွမ်းရလေပြီ။ မချိပူပင်တစ်ဆူလင်ကြောင့် နှစ်ပြင်စက္ကူဖွေဆိုင်ထဲက ငွေပုလဲဥ သဏ္ဍာန် မြမျက်ရည်တို့ကသာ လျှံကျခဲ့ရတော့၏။

နောက်ကြောင်းကိုပြန်၍ တွေးလိုက်လေသော်…

ရာဇဓာတုကလျာသည် အိမ်ရှေ့မိဖုရား နတ်ရှင်မယ်တော်၏ မုန်တိုင်းကြားမှ မဟာဥပရာဇာနှင့် ၄ နှစ်တာမျှ သိုသိုသိပ်သိပ် လျှို့လျှို့ဝှက်ဝှက် ချစ်ကြိုးသွယ်ယှက်ခဲ့ရသည်။ အထင်အရှား မြောက်သားတော်အဖြစ် ၆-နှစ်မျှ အိမ်ရှေ့ မိဖုရားအရာကို ရခဲ့သည်။ ၂-ရပ်ပေါင်း ၁၀-နှစ်တိုင်တိုင်ပေါင်းသင်း ကြင်ဖက်လာရလေသည့် မြောက်သားတော်ချစ်သည်းချာနှစ်ပေမို့တွေးမိတိုင်း ဆွေးမြေ့ကာ မမေ့တဲ့နိုင်၊ မပျောက်တဲ့အား၊ ဆွေးဆွေးမြေ့မြေ့လွမ်းဆွတ်လျက်သားနှင့်… တွေးမဝ, ဆွေးမဝ, ငေးမဝ ဖြစ်နေရရှာလေသည်။

သည်အပူကို ဖျောက်နိုင်ရန်ကလည်း မလွယ်၊ မေ့နိုင်ရန်ကလည်းဝေး၊ ရွှေရင်အသည်းဝယ်တွေးလိုက်တိုင်း ပူဓောင်၍၊ ပရိဒေဝမီးသာလျှင် လှိုင်းဘောင်ဘင် ခတ်လေသဖြင့်၊ ချော့သူလည်းမလာ၊ စာနာသူလည်း မတွေ့၊ ရင်ငွေ့ဖြင့် ပိုက်ဖြားကာ ကြင်အား ပိုမည့်သူအား ကြံစည်သော်မှပင် ဝေးလေဟန်ရှိ သေးသည်။

သို့သော်… ရာဇဓာတုကလျာ၏ ရွှေဖူးစာကံအကြောင်းကား ဤမျှနှင့်တန့်ရပ်သေးဟန်မတူ။ ဖူးစာနတ်မောင်သည် ပြောင်သလိုလှောင်သလိုနှင့်ယဉ်နဂို သွယ်နွဲ့ဖြာသော ရာဇဓာတုကလျာဒေဝီတစ်ပါးကို အပလီအရေးအားမောက်ပြန်ပေဦး တော့မည်တမုံ့။

**ရွယ်လူးရဲခေါင် နတ်သျှင်နောင်။** ။ တောင်ငူမင်းသား နတ်သျှင်နောင်သည်

ဒွေးလေးတော်လည်းဖြစ်၊ မရီးတော်လည်းဖြစ်သော * ရာဇဓာတုကလျာ၏ အဆောင်တော်သို့ တစ်နေ့တွင် ရောက်ခဲ့ရလေသည်။

နတ်သျှင်နောင်သည် ယိုးဒယားမြန်ရာဇ်နှင့် မဟာဥပရာဇာတို့၏ စီးချင်းတိုက်ပွဲတွင် အထိကရ ပါဝင်ဆင်နွှဲခဲ့ရသူ၊ မျက်မြင်သက်သေတစ်ဦးဖြစ်သည်။ မဟာဥပရာဇာ ကျဆုံးတော်မူရပုံကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ ယခု ရာဇဓာတုကလျာထံသို့ အခစားရောက်ရှိခဲ့ရခြင်းမှာ ရာဇဓာတုကလျာအား မဟာဥပရာဇာ မည်သို့မည်ပုံ ကျဆုံးခဲ့ရကြောင်းကို သံတော်ဦးတင်ရန် ဖြစ်ပေသည်။

နတ်သျှင်နောင်သည် အေးချမ်းငြိမ်သက်ကာ ကျောင်းသခ်မ်းရိပ်နှင့်ပင်တူနေသော ရာဇဓာတုကလျာ၏ အဆောင်တော်ထဲတွင် ဣန္ဒြေရစွာဖြင့် ထိုင်လျက်ရှိသည်။ အိမ်ရှေ့မိဖုရား၏ အဆောင်တော်ဖြစ်သဖြင့် တင့်တယ်ခန့်ညားမှုနှင့် အထက်တန်းကျမှုကား ကြည့်၍ပင် မဝနိုင်အောင်ရှိသည်။ မင်းဟူ မင်းလွှင်ဖြစ်သဖြင့် ဤသို့ အဆောင်မျိုးကို တစ်ခါမျှ ရောက်ဖူးခဲ့ခြင်းလည်း မရှိပေ။ ယခုမူ ဖိတ်ဖိတ်တောက်နေသော ကတ္တီပါမှီအုံးတော်ကြီးကို မှီကာ မရီးတော် ဓာတုကလျာထွက်ကြွတော်မူလာမည့် အခါကို စောင့်မျှော်နေရပေပြီ။

တစ်ခဏအကြာတွင် ရာဇဓာတုကလျာသည် အဆောင်တော်ဧည့်ခန်းအတွင်းသို့ ဆင်မယဉ်သာ လှမ်းနည်းမျိုးဖြင့် လှမ်းကြွကာ လာသည်။ သိမ်မွေ့သော ခြေသံကို ကြားရသဖြင့် နတ်သျှင်နောင်သည် ငုံ့ထားသော ဦးခေါင်းကို မော်ကာ ကြည့်မိသည်။ မရီးတော် စုဖုရားကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် နတ်သျှင်နောင်သည် ရင်ထဲတွင် တလှပ်လှပ်ဖြစ်၍၊ အသားများ တဆတ်ဆတ်တုန်ကာ မရပ်မတည်နိုင်ဘဲ ရှိလေသည်။

"တင့်လှပေဟန်၊ ဖက်မရန့်တည့်၊

---

*** ရာဇဓာတုကလျာမှာ ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်ကာ နတ်သျှင်နောင်မှာ မြေးတော်ဖြစ်သောကြောင့် တစ်ပါးနှင့် တစ်ပါး ဒွေးလေးတော်နှင့် တူတော်တော်သည်။ တစ်ဖန် ဓာတုကလျာ၏ ကြင်ယာတော် မဟာဥပရာဇာနှင့် နတ်သျှင်နောင်မှာ ဝမ်းကွဲနောင် ညီတော်ဖြစ်၍ ဓာတုကလျာနှင့် နတ်သျှင်နောင်မှာ မရီးတော် မတ်တော် တော်ပြန်သည်။**

ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့” . . .

အနုကိုခင်၊ အယဉ်ကိုကြိုက်၊ အချောကိုနှစ်ခြိုက်ကာ စရိုက်က နုနယ် အလှဝယ် ခင်တွယ်တတ်သူ စာဆိုတော်တစ်ဦးပီပီ . . . ရာဇဓာတုကလျာ၏ ကြန့်အင်မှာ စာဆို၏ဘဝင်ကို လှိုင်းဘောင်ဘင်ခတ် ဖြိုးဖြိုးဖျတ်မျှ ဖြစ်သွားစေသည်။ ဇမ္ဗူပေါ်နယ်တစ်ရိုးတွင် အလှမျိုးစုံလှသူ ရာဇဓာတုကလျာ၏ အသွင်ကြောင့်လည်း ဟာဒယနှလုံးသားတွင် ငလျင်ကျဘိသကဲ့သို့ ရှိခဲ့ရလေသည်။

ရာဇဓာတုကလျာမှာ ထိုအချိန်အခါတွင် အရွယ်တော်အားဖြင့် ၃၃ နှစ်မျှသာ ရှိပေသေးသည်။ ဤအရွယ်တော်ကား ဝဏ္ဏဒသက အင်ကုန်အားကုန် အဆင်းစုံတတ်သော အရွယ်သာ ဖြစ်သည်။ လူ့ဘဝတစ်သက်တာန်းတွင် သွေးသားအတက်ကြွဆုံး၊ အဆင်းအလှဆုံး၊ ရုပကာ အတင့်ဆုံးအရွယ်လည်း ဖြစ်သည်။ နုနုပျိုပျို၊ စိုစိုဖပ်ဖပ်၊ ဖဿဓာတ် ပြည့်ဝ၍ အလှကျက်သရေတိုးကာ ပြည့်ပြည့်ဖြိုးဖြိုး အချိုးကျကျ ပသာဒဂုဏ်ကို ဆောင်နေချိန်လည်း ဖြစ်သည်။

နတ်သျှင်နောင် ကိုယ်တော်လေးမှာကား ထိုအချိန်သမယတွင် သက်တော် ၁၅ နှစ်မျှသာ ရှိချေသေး၏။ ဤအရွယ်တွင် လက်ရုံးစွမ်းပြကာ ကြမ်းကြုတ်ခက်ထန်သော စစ်ပွဲကြီးများတွင် မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲစွမ်းတင့်လျှံ လက်ရုံးတော် အားအန်ကို ပြနေခဲ့သော်လည်း အမှန်မှာမူ ခိဋ္ဌဒသက စိတ်နှလုံးပွင့်လွင့်သည့် အရွယ်မျှသာ ဖြစ်ပေသေးသည်။ ရဲစွမ်းပြရမည့်အခါတွင် သီဟရာဇာ ကေသရာအလား ကြံ့ခိုင်အားနှစ် စွမ်းပကား ရှိခဲ့သော်လည်း၊ မေတ္တာသွေးနှင့် အနုဆေးအရာ ကြာနုတ်ကေသာ ဒေဝီရတနာ ရှေ့မှောက်တွင်ကား သိုးငယ်တမျှ နူးညံ့သော နှလုံးသားနှင့် သိမ်မွေ့တော်မူလွန်းလှသည်။

ရာဇဓာတုကလျာနှင့် နတ်သျှင်နောင်တို့သည် နတ်ရွာစံအိမ်ရှေ့ကိုယ်တော်၏ အကြောင်းကို နီးနှောပြောပြ အဖြစ်စုံကို သနစ်ကုန်ဖွင့်ဟကာ ကြားနာကြသည်။ ယိုးဒယားမြန်နရာဇ်နှင့် အိမ်ရှေ့ကိုယ်တော်တို့ စီးချင်းတိုက်ပွဲဆင်နွှဲတော်မည်ဖြစ်ပုံ၊ အိမ်ရှေ့ကိုယ်တော်မှာ မိမိဖက်တော်သား ဓာပရိုစား၏ မှန်ကျသောဆင်တော် ပေါက်ကျော်ဖေယျကြောင့် ရေတိမ်နစ်ခဲ့ရပုံ၊ နတ်သျှင်နောင်က ဥပေါသထ ဆင်တော်စီးကာ ချွန်းဖွင့်၍တိုက်ပုံ၊ နောက်ဆုံး မြန်နရာဇ် အယုဒ္ဓယမြို့တော်တွင်းသို့ ဝင်ပြေးရပုံကို ဇာတ်လမ်းသဖွယ် တင်လျှောက်

ကြားချက်အား၊ ရာဇဓာတုကလျာမှာ ပင့်သက်တရှူရှူ သက်ပြင်း တရှိုက်ရှိုက်နှင့် နားစိုက်ကာ ထောင်ခဲ့ရသည်။

ထို့နောက်သော် အချိန်လင့်ပြီဖြစ်၍ နတ်သျှင်နောင်သည် မရီးတော် ရာဇဓာတုကလျာထံပါးမှ မခွဲရက်ရက် မခွာနိုင်နိုင်ဖြင့် ထွက်လာခဲ့ရ၏။

**ဘုံးထွတ်နန်းတောင် နေတို့လော။** ။ နတ်သျှင်နောင်သည် မရီးတော် ရာဇဓာတုကလျာကို ဖူးတွေ့ခဲ့ရပြီးသည့်နောက် စိတ်နှလုံးတော် နောက်လျက်ရှိသည်။ ကလျာဓာတု ကြာဝတ်စု၏ ဆင်းရူပကာသည် အသည်းနှလုံးထဲသို့လည်း ဝင်ရောက်မွှေနှောက်ကာ ရူပါရုံ တစ္ဆေချောက်ဘိသကဲ့သို့လည်း ရှိ သည်။ မှိုအုံးတော်ကို မှီကာ ရွှေမျက်တောင်အစုံကို ပိတ်လျက် အိပ်စက်မည် ကြံလေတိုင်း ဓာတုကလျာ၏ ပုံပန်းသွင်ပြင်ကသာ ပြက်ပြက်ထင်ထင် ပေါ်ထွက်လာသည်။ နတ်သျှင်နောင်၏ တစ်လောကလုံးတွင် ‘ဓာတု’သည်သာ ကြီးစိုးအုပ်မိုးလျက်ရှိလေပြီ။

လတာပေါင်းက ပြောင်းရွှေ့ပြီး တန်ခူးသို့ပင် တိုင်ခဲ့သည်။ အောက်ပြည် အောက်ရပ်ပေမို့ မိုးတို့က အဆက်မပြတ် ဈွေသွန်လျက်ရှိသည်။ နတ်သျှင်နောင်သည် မိမိ၏ ဇာတိရပ်ဌာန် ကေတုမတီနန်းသို့ မပြန်နိုင်သေးဘဲ ဟံသာဝတီတွင်သာ အကြောင်းကိုရမယ်ရှာ၍ ခိုကပ်နေလေသည်။ ဟံသာဝတီကို သူသည် အဘယ်မှာလျှင် ခွဲခွာနိုင်ပါအံ့နည်း။

မိုးအကာတွင် အမွှံမောင် ပဒ္မုန်မှူးသည် နေ့ရက်မချန် အင်အားစွမ်းပြနေသည်။ ‘အချမ်း’ကြောင့် ‘အလွမ်း’ သန်လာသည်။ ‘အလွမ်း’၏နောက်တွင် ‘အတမ်း’က ထပ်ချပ်မကွာ လိုက်ပါလာခဲ့ပေပြီ။

နတ်သျှင်နောင်ကိုယ်တော်၏ အသည်းနှလုံးမှာ နူးညံ့၍လာ၏။ နှလုံးသားမှာလည်း ကဗျာရေအလျဉ်တို့ တစိမ့်စိမ့် ယိုစီးကျလာလေသည်။ ကိုယ်တော်သည် ပရပိုဒ်ကို ဖြန့်ခင်းလေသည်။ ယင်းပရပိုဒ်ဖြူတော်ပေါ်၌ ခရာဝန်း လက်ရေးတော်စာလုံးတို့က တစ်လုံးပြီးတစ်လုံး တိုးလာကြ၏။ ကာရန်တို့သည် တခုနှင့်တခု ဆက်မိကြ၏။

“တင့်လှပေဟန်၊ ဖက်မရန်တည့်၊
ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊
ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်၊
ရွန်းရွန်းစက်မျှ၊ ဝင်းလက်ရောင်ရွှေ၊

အခေါင်ပေတည့်၊ တောင်နေနတ်ဟန်၊
မြတ်သစ်ကြန်နှင့်"

ရာဇဓာတုကလျာ၏အလှသည် စာပန်းချီ ဆေးစုံချယ်လိုက်သည့်အခါတွင် တက်ကြွဝံ့ကြွားစွာ ပေါ်ထွက်၍ လာသည်။

"ရာဇဓာတုကလျာကား ယှဉ်ဖက် ပြိုင်ဆိုင်ဖွယ်ကင်းကာ တင့်တယ်လှပပါပေ၏။ နတ်ပြည်ခြောက်ထပ်၊ နတ်ခြောက်ရပ်မှ ဘုံကြိုးပြတ်ကာ သက်ဆင်းလာသည့် ဒေဝစ္ဆရာ နတ်ကညာနှင့်လည်း တူတန်လှပါပေ၏။ အသားအရေက ဖြူပြာသော အဆင်းဖြင့် လတ်ဆတ်သည်၊ ချောမွတ်သည်၊ ညက်ညောလှပါပေသည်။ ကိုယ်ရည်ကိုယ်ရောင် ရွှန်းရွှန်းစက်စက်၊ ဝင်းဝင်းလက်လက် ရွှေအသွေးသို့ ကွန့်ထွက်ကာ လှတန်ဆောင် လှအခေါင်ဖြစ်ပါပေသည်။ လက်ယာစံ ဒေဝီ နတ်တစ်ပါးကဲ့သို့ မြင့်မြတ်သစ်လွင်သော အသရေကြန်အင်နှင့် ပြည့်စုံပါပေသည်"။

နတ်သျှင်နောင်သည် ရာဇဓာတုကလျာ ဆံပန်းမြကေသာ လျှောကျကာနေပုံ၊ စိတ်နှလုံးနှောင့်စဖွယ် အဝတ်အထည်တို့ဖြင့် ဆင်မြန်းထားပုံ တို့ကိုဖွဲ့ဆိုလေသည်။

နတ်သျှင်နောင်သည် ရာဇဓာတုကလျာ၏ ရုပ်သွင်ကို ကမ္ဗည်းတင်သ၊ ရာဍ္ဍိ စိတ်နှလုံးတွင် ထပ်ဟပ်လေ့သမျှသော အတွေးကို ရေးဖွဲ့ခဲ့လေသည် ချည်းဖြစ်သည်။

"ထုံသရေလည်း၊ ထွေထွေကြည့်တိုင်း၊
ပြစ်မျိုးရိုင်းသည်၊ စံနိုင်းလော်သစ်၊
ရွှေနှယ်နစ်မျှ၊ တင်ပြစ်မစက်၊
လှဲ့လှဲ့ညက်ကို၊ ထက်နတ်ဘုံနေ၊
ခုသာကြွေသို့၊ ထင်ချေရှုမြော်၊
အကျော်ပုံ့မွန်း၊ ဝင်းငြိမ့်ရွှန်းကို၊
တောင်နန်းနေလော၊ နတ်ပေလောဟု၊
တွေးတောချေမိ၊ တပ်မသိခဲ့"...

ဤသို့သော အဖွဲ့အနွဲ့မျိုးကို မြန်မာစာပေလောကတွင်၊ စာဆိုတော် နတ်သျှင်နောင် တစ်ပါးတည်းသာလျှင် ဖွဲ့စွမ်းနိုင်မည်ဟု ထင်ရပေသည်။

"ရာဇဓာတုကလျာ၏ သင်းပျံ့ထုံကြိုနေသော အသရေတော်သည်

ကြီးမားဝင့်ထွားလှပါပေ၏။ အထွေထွေ အမျိုးမျိုးကြည့်လေတိုင်းပင် အပြစ်ဟူသမျှတို့သည် ဓာတုမယ်နှင့် တွေ့ရသောအခါ ရှိုင်း၍သွားရသည်။ စံနမူနာနှိုင်းခိုင်းရမည်ဆိုပါက လှော်သစ်ဦးစ ရွှေကဲ့သို့၄င်း၊ ယင်းရွှေသီဂိနှင့် ခြယ်နစ်ဖန်တီးထားသကဲ့သို့၄င်း၊ အပြစ်ဟူသမျှတို့သည် စက်ခြင်း, ကူးခြင်း, တင်ခြင်းမရှိ ပကတိအားဖြင့် ဝင်းလက်ညက်ညော ချောမောလှပပါဘိ၏။ ထက်ကောင်းကင် အာကာခွင်တရိုး နတ်မိုးနတ်ပြည် နတ်ဌာနီမှ အခုသာလျှင် ဘုံကြိုးပြတ်ကြွေလာသူသကဲ့သို့ ထင်မြင်ကာရှုမြော်ရပါ၏။ ကျော်စောခြင်း အလှတရားတို့ဖြင့် ပလွှားကြိုင်ပျံ့မွှန်းသော ဝင်းဝင်းညက်ညက် ရွှန်းပသူလှ ရတနာမှာ လက်ယာစံ ဒေဝီရတနာလော–ဒေဝစ္ဆရာမယ်ပင်လော ဟု စာဆို့အနေဖြင့် တွေးတောမိကာ တပ်အပ်သေချာ သိနိုင်ခြင်း မရှိတော့ ပါပေ...''

ရတုပိုဒ်စုံ၏ အချပိုဒ်များတွင်ကား စာဆို၏ ဟဒယအတွင်းသားရှိ စိတ်ထားတို့ကို ပေါ်လွင်လေအောင် ဖော်ပြထားသည်။ ရှုလော။

''နတ်ပင်ယိုးမှား၊ ပိုးဝါးတွေးချတ်၊
စိတ်လုံးညွတ်သည်။ ။,
ဘုံထွတ်နန်းတောင် နေတို့လော၊
တိုင်းပင်တင့်မှတ်၊ လှခေါင်ထွတ်သည်။
ကြာနတ်တန်းဆောင် ပေတို့လော။
အူသည်းစုညွတ်၊ သက်လုံးပြတ်သည်။
လျှံပတ်ထွန်းရောင် ဝေလို့လော''။

ဤသစ္စာတိုင် ရူပကလျာဘွဲ့ရတုမှာ ရာဇဓာတုကလျာနှင့် ပတ်သက်၍ နတ်သျှင်နောင်၏ အဦးအစ ပထမဆုံးသော ရတုဖြစ်ပေသည်။ မြန်မာစာပေ လောကတွင် ရူပကလျာဘွဲ့ ရတုများအနက် အကောင်းဆုံး အမွန်ဆုံးရတု လည်း ဖြစ်ပါပေသည်။

## ချစ်ပိုင်ဆက်ရာ–လက်ဆောင်လျာ

နတ်သျှင်ကိုယ်တော်သည် အင်းဝနေပြည်တော်တွင် နေထိုင်ရစဉ်အတွင်း ရာဇဓာတုကလျာ၏ အဆောင်နန်းသို့ မပြတ်သွားလာကာ ကြည်သာရွှင်ပြုံး နှလုံးလန်းလန်းနှင့် နှုတ်ခွန်းဆက်သ,လေ့ ရှိသည်။ ရာဇဓာတုကလျာမှာလည်း နတ်သျှင်ကိုယ်တော်အား အရေးပေးကာ စကားညှိခံပြောကြားလေ့ရှိဟန်

တူသည်။ သို့သော် 'ညှော်သည်' နှင့် 'အိမ်သည်' ဤနှစ်သွယ်တွင် အတွင်းစိတ်သဘောထားချင်းကတော့ မတူညီကြပါပေ။

နတ်သျှင်ကိုယ်တော်မှာ ရာဇဓာတုကလျာ၏ ရူပါရုံကွန်ယက်တွင် အမိခံရသူပီပီ၊ အချောအလှကို ဦးနိုက်၊ အနုအယဉ်ကို ရင်ဝယ်ပိုက်ကာ နှစ်ခြိုက်ပီတိ ရွှင်ပျော်လိုသည့် စိတ်ထားဖြင့် သွားခြင်းသာ ဖြစ်ဘိရာသည်။ ရာဇဓာတုကလျာမှာမူကား မိမိ၏တူတော်-မတ်တော်ကလေးမို့ အရေးပေးကာ ပကတိဖြူစင်သော သဘောဖြင့်သာ ညှော်ခံတော်မူခြင်းဖြစ်တန်ရာ၏။ ဓာတုကလျာစုဖုရားမှာ နတ်သျှင်ကိုယ်တော်ထက် သက်တော်အားဖြင့် ၁၇ နှစ်-၁၈နှစ်ခန့်ကြီးသဖြင့် သက်တော်ခေါက်ချိုးမက ကွာခြားနေသည်။ တူအရွယ်-သားအရွယ်မျှ ရှိသည်ဟု သဘောထားကာ တွေ့ဆုံစကားပြောရာတွင် မသက်ာခြင်း၊ ယုံမှားဖြစ်ခြင်း၊ ရှိုးတိုးရှန့်တန့်ဖြစ်ခြင်းလည်း ရှိပုံမတူ။ မိမိကဲ့သို့ 'မုဆိုးမ' အသက်အရွယ်တော် ကြီးသူကို မင်းပျိုမင်းလွင်တစ်ဦးက တိတ်တခိုး မေတ္တာမျှနေမည်ဟုလည်း မဥပါဒ်မိခဲ့။ အရိုးခံ စိတ်ထားဖြင့် ညှော်ခံခြင်းသာ ဖြစ်နိုင်ပေသည်။

နတ်သျှင်ကိုယ်တော်သည် ဟံသာဝတီတွင် ကြာရှည် ရည်သွေးနေလိုသေးသော်လည်း နေ၍ မဖြစ်ပေ။ ခမည်းတော်တောင်ငူမင်း မင်းရဲသီဟသူသည် ဤသားတော်ကြီးကို လက်ရုံးတစ်ဆူအားကိုးတော်မူနေရရာ တောင်ငူနန်းသို့ ပြန်ရန်ခေါ်သည်။ သို့နှင့် နတ်သျှင်ကိုယ်တော်မှာ တောင်ငူသို့ မပြန်ရက်ရက်ဖြင့် ပြန်ကြွရရှာလေသည်။ ကိုယ်ခန္ဓာကသာ တောင်ငူသို့ ပြန်ရလေသော်လည်း အသည်းနှလုံးမှာမူ ဟံသာဝတီရှိ ဓာတုကလျာ စုဖုရားထံတော်တွင်သာ ကျန်ရစ်ခဲ့ရလေသည်။

"ရတုသုံးထွေ၊ တတွေတွေလျှင်၊
သန်ခွေမခန့်။ မတန့်ဆွာချောင်း၊
မြစ်ပေါင်းလောင်းနှင့် ခပေါင်းခရိုင်၊"...

(မင်းတရားရွှေထီး-ခြင်း)

**ကေတုမတီဝယ် အလွမ်းကြွယ်။** ။ ကေတုမတီ တောင်ငူနန်းမြို့တော်မှာ သာယာတင့်တယ် အလှဓာတ်ကြွယ်ဝလှသည်။ ရတနာရောင်တို့ဖြင့် တောက်ပြောင်နေသော ရွှေနန်းတော်...ခပေါင်း၊ ပုပ်ပဲ၊ ဆွာ၊ သရထည်းချောင်း

အသီးသီးနှင့် ရတုသုံးပါးလုံးပင် ရေအလျဉ် တဝေ့ဝေ့ စီးဆင်းနေသော ပေါင်းလောင်းမြစ်… သစ်ပင်တောမြိုင် ပင်ချင်းဆိုင်၍ ဂနိုင်အခြေကျက်သရေ တင့်လှသော တောရိပ်ဝနှာ… ဤသို့အားဖြင့် ကေတုမတီ ခရိုင်တရိုးမှာ အလှမိုးစွေနေလေသည်။

နတ်သျှင်ကိုယ်တော်သည် ယခင်အခါကမူ မိမိ၏ ဘိုးတော်ဘေးတော်တို့ အစုအစဉ်-အလျဉ်မပျက် နန်းသက်စိုက်ဆောက်ရာ ကေတုမတီရပ်ဌာနကို ပျော်စရာအသွင် နတ်နန်းဘုံ ထင်မှတ်ခဲ့သည်။ ယခုအခါတွင်ကား ထိုသို့သော ပျော်စရာများမှာ ရှောင်ရှား ကွယ်ပျောက်အဝေးမောက်ဖွယ်သာ ဖြစ်ခဲ့ရလေပြီ။

မင်းဖျိုမင်းလွင်ဟူသည်မှာ သက်တော်လေး ထောက်၍ လူလားမြောက်ပြီဆိုမှဖြင့် ကိုယ်လုပ်တော် ကိုယ်စီဖြင့် လူ့ဘဝရသဆီကို ထိုထိုအီအီ ပျော်ရွှင်ကြည်တတ်ကြသည်။ နတ်သျှင်ကိုယ်တော်မှာမူ၊ ယင်းသို့သော အစဉ်ကိုဖျက်ကာ ဆင်စီးမြင်းစီး သေနင်္ဂဗျူဟာ စစ်ရေးစစ်ရာများကိုသာ အပြီးတိုင်တတ်အောင် ကြိုးပမ်းသင်ကြား စွန့်စားခြင်း ဝါသနာရှိခဲ့သည်။ တဖက်ကလည်း ရတုကဗျာ လင်္ကာဖွဲ့သီပျော်ရေးညီခဲ့သည်။ ထို့ကြောင့် ကိုယ်လုပ်တော်ကင်းကာ အထီးကျန်မင်းဖျိုအဖြစ် ကာလကို လွန်ခဲ့ရှာ၏။

ယခုမူ…ရတုကဗျာဖြင့် စစ်ဗျူဟာအပြင် အချစ်ဗျူဟာ စစ်မြေပြင်၌အောင်ပွဲကို အလှမ်းဝေးကာ လွမ်းဆွေးလျက်နေရသည်။ ဤချစ်ဗျူဟာစစ်ပွဲ၌အောင်မြင်ဖို့ကလည်း ကျဲလှ၏။ ဒွေးလေးတော်တလီ၊ မရီးတော်တမည်ဖြင့် နှစ်လီသော ဂုဏ်သကတ်ဖြင့် အသက်တော်ကလည်း ခြားလေခြင်းကြောင့် ချစ်ရေးကို တွေးမိလေတိုင်း စိတ်တွင် ဆုတ်နစ်ခဲ့ရ၏။ အကြောင်းကြောင်းကို ထောက်လျှင် ဝေဟင်မြင့်ကြွား ပင်ယံထက်မှ ပန်းသဇင်အလားသို့ ရောက်သွားရန် အချက် ခူးရန်ကလည်း ခက်လှသည်။

ရာဇဓာတုကလျာ သဇင်မယ်ကို မည်မျှပင်ခင်တွယ်ရသော်လည်း အောင်မြင်ဖွယ်မရှိ၊ အများကြား၍လည်း မလျော်၊ ကြိုးစားရန် အခွင့်လည်း မပေါ်၊ သေသော်သေဖွယ် … ဝေဒနာကကြွယ်ရသည်။

သို့သော် နတ်သျှင်ကိုယ်တော်မှာ အသက်ပင် ငယ်သော်လည်း စိတ်ဓာတ်က ပြင်းထန်လှ၏။ မရမနေ… လုံ့လဥဿဟနှင့် ကြိုးစားမှုကိုလည်း မည်သည့်အခါမျှ လျော့တတ်သူမဟုတ်။ တိဟိပဋိသန္ဓေ ဖွဲကြီးကြီးဖြင့်

ကြိုးပမ်းတတ်လေသောကြောင့်၊ မသွေအမှန် တစ်နေ့တွင် ရာဇဓာတုကလျာကို ရွေလက်ဆွဲကာ နန်းပလ္လင်ပျံ့ ဗွေကနက်၌ ဘိသိက်ဖက်ကြင်စံရမည်ဟု သန္နိဋ္ဌာန်ချပြီးဖြစ်၏။

အရေးအကြီးဆုံးသောအချက်မှာ ရာဇဓာတုကလျာထံ မိမိ၏ မေတ္တာကိုတင်ပြကာ၊ တုံ့ပြန်မေတ္တာကို ခံယူရန်ဖြစ်သည်။ ထို့ကြောင့်လည်း နတ်သျှင်ကိုယ်တော်၏ ပေကညစ်ဖြင့် ဖွေလှစ်လိုက်သော 'ရှစ်ဆိုင်ရှက်ကြာ' ချီ သစ္စာတိုင် ပိုဒ်စုံရတုက ပေါ်ထွက်လာရခြင်းဖြစ်ပေသည်။

"ရှစ်ဆိုင်ရှက်ကြာ၊ ဖြန့်မိုးကာလျက်၊
မင်းသာစံမှတ်၊ စက်ပြာသာဒ်သို့၊
ရှိညွှတ်ရည်ဆက်၊ ဖူးသည့်ရက်ဝယ်၊
စိတ်စက်နှလုံး၊ စုရုံးကြွင်းမဲ့၊ ကြွေခဲ့မတတ်၊
ဆွတ်လွတ်လှည့်ကာ၊ ဗျာပါကျိုးပြစ်၊
စင်စစ်မသိ၊ မျက်စိလိုလိုက်၊ ပါကြိုက်သရွေ့၊
မြော်သည့်နေ့က၊ မမေ့စဖူး၊ အကျူးအလွန်၊
ဆယ်ပြန်ဆယ်ထပ်၊ တည်ရမဲ့ဆုံး၊
ယူသို့ကျုံးသည်။ ။ သက်လုံးဆက်ပါချင်တော့သည်"။

နတ်သျှင်ကိုယ်တော်သည် အတိတ်၏ ရှုခင်းတစ်ရပ်ကို ရတုကဗျာဖြင့် ဖွင့်ထုတ်ဖော်ပြလိုက်လေသည်။ ဟံသာဝတီရွှေနန်းသို့ အဖူးမြော်လာသည့် အခိုက်ဝယ် ဓာတုမယ်အား တွေ့ခဲ့ရကြောင်း၊ ထိုသို့ဖူးတွေ့သည့် အချိန်ကာစ၍ မမေ့စဖူး အလွန်အကျူး ချစ်မြတ်နိုးခဲ့ရကြောင်း၊ ဓာတုမယ်အား မိမိ၏အသက်ကိုပင် ဆက်လိုပါကြောင်း… သစ္စာတိုင် ခွင့်တောင်းကာ လျှောက်ထားပန်ကြားခဲ့သည်။

"နှစ်ပြိုင်ဖက်ရှာ၊ ဝတိန်သာမှ၊ စံရာစံထား၊
ရွေးခဲ့ခြား၍၊ သိကြားတမျှ၊ ပြိုင်လှာသလည်း၊
သော်တရောင်တွင်၊ ကြယ်နှယ်ထင်ဟု၊
သခင်ကကို၊ များမိန့်ဆိုလိမ့်၊ ဝင်းညိုမွေးမွှတ်၊
ပြာလတ်နွဲ့ချော၊ သဘောစင်ဖြူ၊ မည်သို့ဟူ၍၊
မြင်သူမူးမော်၊ တွေးခေါ်ဟာမြွက်၊ ဆိုမျိုးခက်ခဲ့၊
အဖက်ကျူးလွန်၊ တင့်မောဟန်ကို၊ မြော်ပြန်မြင်နှိုင်း၊

တန့်မဆိုင်းသည်။ ။ ရှုတိုင်းမျက်နှာ ထင်တော့သည်''။

ရာဇဓာတုကလျာ၏ ရှုပကာ ဆင်းရုပ်ကို နှိုင်းထုတ်ဖက်ရှာလျှင် အခက်သာတွေ့ရပေမည်။ တာဝတိံသာ နတ်နန်းမြေမှ စံရာစံထား နတ်မိမယ်တစ်ပါးကို ရွေးချယ်ခဲ့ကာ ရာဇဓာတုကလျာနှင့် ပြိုင်လှာပါသော်လည်း ထိုယှဉ်ပြိုင်လှာသူသည် ဓာတုမယ်နှင့် ယှဉ်ဖက်လျှင် စန်းသော်တာလမင်းနှင့် ကြယ်သိမ် ကြယ်မွှားပမာ ကွာခြားပါတော့မည်။ ဓာတုမယ်သည် ဝင်း၀ါ, ညိုညွှက်, မွေးကြူ, ချောမွတ်လှသည်။ ဖြူပြာ, လတ်ဆတ်, နွဲ့နှောင်း, ချောမွေ့လှသည်။ စိတ်သဘောတော်ကလည်း ပြည့်ဝဖြူစင်သည်။ မြင်ရသူတိုင်း မူးမော်တွေဝေကာ ဓာတုမယ်၏ ဂုဏ်အပေါင်းကို မည်သို့ပင် ချီးကျူးဖွဲ့ဆိုလေသော်လည်း ပြည့်စုံအောင် ဆိုရန်အရေးမှာ ခက်ခဲလှပေသည်။ ယှဉ်ဖက်ရန် မမြင် အလွန်အကြူး တစ်ပါးသူထက် ကျူးအောင် တင့်တယ်လှခြင်းကိုသာ တွေ့ရပေမည်။ အရပ်ဒီသာ ဆယ်မျက်နှာသို့ ရှုလေတိုင်းပင် ရာဇဓာတုကလျာ၏ အသရေ တင့်နေသော မျက်နှာပြင်ကိုသာ ထင်မြင်နေမိရပါတော့သည်။

''ချစ်ပိုင်ဆက်ရာ၊ လက်ဆောင်လျာမှု၊ သက်သာဖြစ်သင့်၊
ပေထိုက်တင့်ဟု၊ ကြိုးခွင့်လျှောက်မည်၊ ကြံခင်းစည်ဝယ်၊
ဝိုက်လည်ခ,ယ၊ ဘယ်သူသ,၍၊ လှများစံကျွန်း၊
မိန့်တော်ခွန်းကို၊ မြဝန်းရစ်သီ၊ မဆင်မီဝယ်၊
ချစ်ဆီတည့်လျော်၊ ကြားရသော်မျှ၊ လွမ်းပျော်ကြွေလွတ်၊
ပြေတို့တတ်၏၊ ပြွတ်ပြွတ်ခန့်ရည်၊ မသိသည်နှင့်၊
နွှေလည်ရာသီ၊ ပွင့်ပြိုင်ညီက၊ နာရီပါဒ်ဝက်၊
လျှပ်တစ်ပြက်မျှ၊ စုံမက်ဆ,ပွား၊ ချန့်မအားသည်။
သနားရက်သာ မြင်တော့သည်''...

ရတု၏ နောက်ဆုံးအပိုဒ်တွင် နတ်သျှင်ကိုယ်တော်၏ ပူဇော်ပါကို အထင်အရှား တွေ့လာရတော့သည်။ ဓာတုမယ်အပေါ် ထားမိသည့်မေတ္တာ, ဂရုဏာ, သမုဒယာတို့မှာ အမျှင်တန်းကာ ရှင်လန်းခွင့်လည်း မရှိတော့ပေ။ နတ်သျှင်ကိုယ်တော်သည် ဤသစ္စာတိုင် ရတုနှင့်အတူ ဓာတုမယ်ထံ ချစ်သက်လက်ဆောင်အဖြစ် ဆက်သရန်အရာကို ရှာဖွေသည်။ တောင်ငူ နယ်မြေရှိ စိမ့်ကြီးမြိုင်ကြီးတို့တွင် ထူးခြားမြင့်မြတ်သော ဂမုန်းအင်သဖင်တို့ရှိသည်။

ထိုဂမုန်းအင်သဇင်တို့ကို ဆက်ရအံ့လော၊ နောက်ဆုံးတွင် နတ်သျှင်ကိုယ်တော်သည် 'ချစ်ပိုင်ဆက်ရာ၊ လက်ဆောင်လျှာ'မှာ မိမိ၏ အသက်ဇီဝိန်ပင် ဖြစ် တော့သည်ဟု ယတိပြတ်ဆုံးဖြတ်လိုက်၏။ ထို့ကြောင့်လည်း သူသည် 'သစ္စာတိုင်ရတုနှင့်အတူ မိမိ၏ အသက်ကိုပါ၊ လက်ဆောင်လျှာအဖြစ် ဆက်ကြောင်း' ဖော်ထုတ်တင်ပြသည်။

နတ်သျှင်ကိုယ်တော်၏ မေတ္တာကား ထုထည်အင်အားကြီးမား လှပါပေစွ၊ တန်ဖိုးအားဖြင့် အနဂ္ဃထိုက်လှပေစွတကား။

## နတ်သျှင်သူ့ကြောင့်–တရေးမောင့်ခဲ့

"ဆွတ်ပုံ့ဖွယ်အောင်၊ ယုဂန်တောင်က၊
ဝေမောင်အုံ့ပျ၊ နွေနှောင်းလကို၊
ငြိမ့်မျှသံလေး၊ ရင့်ရှုကြွေးက၊
နီးဝေးပတ်ကုံး၊ တိုင်းအလုံးဝယ်၊
ညွတ်ရုံးကြာတူ၊
ဖော်နည်းသူကို၊ သည်းအူပြတ်ခေါင်၊
ကြေလွယ်အောင်လှျှင်၊
လေဆောင်ပြင်းထန်၊ ကြောက်ဖွယ်လွန်စွ"

နတ်သျှင်နောင်

"နွေရတု နှောင်း၍ မိုးဥတုသို့ပြောင်းခဲ့လေပြီ၊ လျှပ်ပန်းလျှပ်နွယ်တို့က ပြက်သန်း၍ လာသည်။ တိမ်တောင်နှင့် မြစိုင်၊ စိန်တိုင်နှင့် ကိတ္တပတ်အရောင်ချင်း ဟပ်လျက်၊ နတ်မုရိုးသံ တံပိုးသံများကလည်း ညိုးညံ့ကာ ရိုက်ခတ်လျက်ရှိသည်။

ဤသို့သောအချိန်အခါတွင် ဟံသာဝတီနန်းဌာန၌ အလွမ်းဗျာပါ ခ၊နေရသော ရာဇဓာတုကလျာသည် မိမိ၏ ဘဝကံအကြောင်းမလှပုံတို့ကို တွေးကာ အဆွေးကြီးဆွေးနေရသည်။ အားကိုးရာ မဏ္ဍိုင် အိမ်ရှေ့ကိုယ်တော် နတ်ရွာစံခဲ့ရပြီးနောက် အခြေအနေတို့က ပြောင်းလဲလာရ၏။ ကြင်ဖော်မဲ့ကာ ရွှေအားတောင်ယံရစဉ် နတ်ရွာစံ အိမ်ရှေ့ကိုယ်တော်၏ ညီတော် အင်းဝမင်းရဲ ကျော်စွာရန်က တမောင့် ဖြစ်လာသည်။

ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာသည် သားတော်ကြီး အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာ ကံတော်ကုန်ပြီးနောက်၊ အင်းဝစား သားတော် မင်းရဲကျော်စွာကို အိမ်ရှေ့နေရာ နှင်းရန် အကြံတော်ပြုတော်မူသည်။ အင်းဝမင်းရဲကျော်စွာမှာ နောင်တော်မင်းကြီးစွာနှင့်မတူ စာရိတ္တအနေဖြင့် ဆိုးရွားသည်ဟု ကျော်ကြား၏။ စိတ်အမျက် ခက်ထန်ကာ သေရည်သေရက် သောက်စား မူးရစ်တတ်သည်။ ကိုယ်လုပ်တော်အများဖြင့် ပျော်ပါးတော်မူလွန်းသည်ဟု နာမည်ပျက်လှသည်။ အင်းဝမင်းရဲကျော်စွာသည် မိမိအား အိမ်ရှေ့နှင်းခဲ့ပါက မရီးတော်ရာဇဓာတုကလျာ၏ ရွှေလက်တော်ဆွဲကာ ပျော်ပွဲဆင်မည်ဟူသော သတင်းကလည်း ထွက်လာသည်။ ဓာတုမယ်သည် ဤသို့သော မတ်တော်မောင်လူရမ်း ကားကို မေတ္တာမျှနိုင်ပါမည်လော။”

**လောကဓာတ်ရုံ**။ ။ အမှန်အားဖြင့် ဤလောကကြီးမှာ ဓာတ်ရုံကြီးနှင့် တူလှပါပေတော့သည်။ အမျိုးမြတ်သည်-အမျိုးယုတ်သည်၊ ချမ်းသာသည်-ဆင်းရဲသည်၊ ရူပကာလှသည်-အကြည့်တန်သည်၊ လူကောင်းဖြစ်သည်-လူဆိုးဖြစ်သည်... အလီလီကွဲပြား မည်သို့ပင် ခြားနား ကြသော်လည်း ဤလောကကြီးအတွင်းသို့ ရောက်လျှင်ကား ‘ကံ-ဓာတ်ဆရာ’နှင့် မလွဲမသွေ တွေ့ရမည်သာ ဖြစ်ပေသည်။ လောကတွင် ကံထက်ကြီးမားသော စွမ်းအားမရှိ၊ ကံကို ကိုယ်စိုးကိုယ်ပိုင် စေစားနိုင်သူမရှိ။ ကံသာလျှင် ဘုရင်၊ ကံသာလျှင် အရှင်၊ ကံသာလျှင် နေရာတကာတွင် မကိုင်နှသရဖူကို ဆောင်းကာ ဦးစီးဦးကိုင် ပြုတတ်သည်။

“ဓာတ်ရုံလောက၊ လူရှင်များဖြင့်၊
ကိုယ့်ဓာတ်သွင်ကို၊ စီစဉ်ကလို့၊
ဘဝဓာတ်ရင်း၊ တိုရှည်ခင်း၍၊
ရှောင်ကွင်းခဲ့ဓာတ်ရုံ၊ ကံဓာတ်ဆရာ၊
သူ့အာဏာလဲ၊ သေချာစုံအောင်၊
နားငုံစဉ်စိုက် လိုက်ရတယ်”...*

မှန်ပေသည်။ ကံ-ဓာတ်ဆရာ၏ အာဏာကို သေချာစုံလင်အောင် နားငုံစဉ်စိုက် လိုက်ရပေသည်။ မည်သူမျှ ကံဓာတ်ဆရာအား ထော်လော်ကန့်

---

* ‘တက္ကသိုလ်မောင်သန့်စင်’အမည်ခံ ပါမောက္ခ ဦးဧမောင်၏ ‘လောက ဓာတ်ရုံ’ ကဗျာမှ ကောက်နုတ်သည်။

လန့် လုပ်၍ မရနိုင်ပေ။

(က) … ''အချို့စာတ်သား၊ သူအများကို၊
ရှင်အားငယ့်ထက်သန်၊ ကြည်ဇာတ်လမ်းမှာ၊
ရယ်သွမ်းခံလျက်၊ စံစားတော့ပြန်ပြန်၊
တူစုံနွဲ၊ ပျော်ပွဲဖန်ဟု၊
ကံဇာတ်ဆရာ ညွှန်းတော့တယ်။

(ခ) တချို့မှာမူ၊ လွမ်းဆွေးပူလို့၊
တ,ရှုငယ် မရှင်၊ ငိုတအင်ဖြင့်၊
ငြိုငြင်ရယ်မလပ်၊ ဖြေမဆည်နိုင်၊
သဲခွေယိုင်၍၊ ပွေမှိုင်ထပ်သည်၊
လွမ်းဇာတ်ဖြင့်သာ သိမ်းရတယ်''*

ကံဇာတ်ဆရာကြောင့် လူသားတို့သည် 'ကြည်ဇာတ်လမ်း'နှင့် 'လွမ်းဇာတ်လမ်း' နှစ်ကွဲနှစ်ဝ တနဲစီ ကပြကာ လောကဇာတ်ရုံတွင် အသုံးတော်ခံနေကြရ၏။

ယခု… ရာဇဓာတုကလျာမှာမူ 'ကြည်ဇာတ်လမ်း'နှင့် 'လွမ်းဇာတ်လမ်း'တွင် လွမ်းဖက်ကသာ, သာ၍ နေပေသည်။ ဤမျှ အလွမ်းပြင်းလာလေတော့ လူ့လောကီ ဒုစရိုက်မှ ကင်းဝေးရာ၊ တနည်းအားဖြင့် 'ကံဇာတ်ဆရာ၊ သူကင်းကွာမည့်၊ နေရာကြင့်နှင်း၊ ဟိုဖက်နန်း'ကို မြန်းလိုသည့် စိတ်ကပေါ်၍ လာသည်။

**မဟာစေတီ မွေ့သရီ။** ။ ရာဇဓာတုကလျာသည် ဒုစရိုက်တို့ဖြင့် ပြိုးပြွမ်းလှသော လောကီအာရုံ ကာမဂုဏ်တို့ကို ပယ်စွန့်တာ၊ မဂ္ဂင်ရေကြည် အိုးရှစ်မည်ကို ရှေ့တည်၍ သောက်လိုစိတ် ပြင်းပြလာခဲ့ဟန်တူသည်။ ပရိဒေဝ ဒုက္ခအပူမီးကို ပြေငြိမ်းကာ ခေမာ အမတလမ်းကို လက်လှမ်းလိုဟန် လက္ခဏာလည်း ရှိသည်။

''ကလျာရွှေညီ၊ နန်းကေသီသို့၊
ဦးချီလက်စုံ၊ ရှိပဒုံဖြင့်၊
ခိုလှုံဖျဖျ၊ ခ,စားကြ၍၊

---

* 'လောကဇာတ်ရုံ'က (ပါမောက္ခကြီး ဦးဖေမောင်)

ဂီတာသံအေး၊ ငြိမ့်လေးညင်းတွဲ၊
နန်းဟန်ဖွဲ့၍၊ ကန့်ကလျ၊
ဖြေဖျော်ကြလည်း၊ သောကကိန်းအောင်း၊
ပူလက်ဟောင်းကြောင့်၊ ပျော်ကြောင်းမထင်၊
ပူကြွေးတင်၍၊ မရွှင်လျက်နှင့်၊
ရွှင်ယောင်ကျင့်သည်။
ခုဖြင့် ဖြေခက်သည်တကား။ ။"

ရာဇဓာတုကလျာ

အထက်ပါစာလွှာမှာ ရာဇဓာတုကလျာ၏ ဘဝသရုပ်ကို ဖော်ထုတ်အပ်သော ရတုကဗျာဖြစ်၏။ ရာဇဓာတုကလျာကိုယ်တော်တိုင် စပ်ဆို သီကုံးတော်မူထားခြင်းလည်း ဖြစ်သည်။

"ကလျာမယ် ရံရွေတော်တို့ စုံညီစွာဖြင့် နန်းကေသီအလား ဦးချီနံ့သ, လက်အုပ်ရှိုင်ကြာပဒုံဖြင့် တညီတညာ ခိုလှုံခ,စားကြမှုကို ဓာတုမယ်မှာ ခံစား,စံစား နေရသည်။ ငြိမ့်ညောင်းလေးပင် ညှင်းညှံ့တွဲ့နွဲ့သော ထီးဟန်နန်းဆန်လှသည့် အေးအေးမြမြ တေးဂီတတို့ကိုလည်း နားဝတွင် ကြည်နူးကာ စိတ်နှလုံး ညွတ်နူးလောက်အောင် သောတဆင်ရသည်။ ကကြိုးကဟန် စုံညီစွာဖြင့် ရှုမငြီးသည့် အကတော်ကိုလည်း ကြည့်တော်မူရသည်။ ဤသို့ မိမိအား ဖြေဖျော်ကြလေသော်လည်း ဓာတုမယ်မှာ မပျော်ရွှင်နိုင်ချေ။ ဟဒယနှလုံးသားတွင် ခိုဝင်ကိန်းအောင်းနေသည့် သောက၊ မောင်တော်ဥပရာဇာဆိုးရွားသော ကြမ္မာဖြင့် ကံတော်ကုန်ခဲ့ရခြင်းအတွက် ခံစားရသည့် ပရိဒေဝ၊ ထိုထိုသော ပူပင်ဖွယ်ဝဋ်ကြွေးဟောင်းတို့သည်သောင်းပြောင်းထွေလာ နှိပ်စက်လျက် ရှိရှာသည်။ ပျော်အောင် ဖြေဖျော်၍လည်း မပျော်၊ အလွမ်းပျောက်ရန် အရှုံးဖောက်ပြသော်လည်း မရယ်နိုင်။ မပျော်ဘဲနှင့် ပျော်ယောင်၊ မရွှင်ဘဲနှင့် ရွှင်ယောင်ပြုကျင့် နေရသည့်ဘဝ၊ ဟန်ဆောင်နေရသည့် လောကအတွက် ဓာတုမယ်မှာ အခက်တွေ့တော်မူနေရရှာသည်။"

တစ်ပူမီး တစ်ခုမငြိမ်းခင် နောက်အပူမီးတစ်ခုက တက်၍လာသည်။ ထိုအပူကား အခြားမဟုတ်။ မောင်တော် နတ်သျှင်နောင်၏ မလျော့သောဇွဲ၊ မြဲသောဝီရိယ၊ ထပ်ကာထပ်ကာ တောင်းခံသည့် မေတ္တာ···တို့ပင် ဖြစ်သည်။

ဓာတုမယ်က ကလေးငယ်ဟုသာ ထင်နေခဲ့သော နတ်သျှင်ကိုယ်တော်

မှာ၊ မိမိကလေးငယ်မဟုတ်ကြောင်းကို ရတုကဗျာတို့ဖြင့် သက်သေထုတ်ကာ ပြလျက်ရှိသည်။ အဆောင်တော်တွင်း သဥ္ဇာလီညောင်စောင်း အပါးရှိ ရွှေက လပ်ပေါ်၌ နတ်သျှင်ကိုယ်တော်ထံမှ ဆက်သည့်ရတုစာတော်တို့မှာ တစ်ပုဒ်ထက် တစ်ပုဒ်ဆုတ်သည်မရှိ၊ တိုးသည်ထက်သာ တိုး၍လာချေသည်။

''ရစ်ခွေပတ်ဝိုက်၊ လည်နှိုက်ရင်ခွင်၊
စုံကြချင်၍၊ သာရွှင်လေးမြတ်၊
လျှောက်လှည့်ပတ်လည်း၊ နှုတ်လွတ်မမြွက်၊
ဆယ်မြက်သာတည်။ ။လေးနက်မတုံ့နေဘိသည်။
မဏိစူဠာ၊ စွယ်လက်ယာလျှင်၊ ခြောက်ဝါဉာဏ်ဖြန့်၊
ကယ်လိုက်ကွန့်လော့၊ သက်စွန့်ဆက်ဆက်၊
ကြိုးအံ့ခက်သည်။ ။ရေထက်လွှမ်းယဉ်တွေဘိသည်။
ဆင်းကြန်ကြည်လှဲ့၊ မြရည်ကဲ့သို့၊
ကြင်ဖွဲ့စတော၊ ရှုလေလေတည့်။
မှိုင်းဝေတိမ်ထက်၊ လွန်စုံမက်သည်၊
ရှေးထက်ကဲလွန်ချေဘိသည်။''*

နတ်သျှင်ကိုယ်တော်သည် ရာဇဓာတုကလျာထံမှ မေတ္တာတုံ့ပြန်မှုကို မရသဖြင့် မည်ရွေ့မည်မျှ ဒုက္ခရောက်ကာ စိတ်ဆင်းရဲနေရကြောင်းကို အ ထက်ပါပိုဒ်စုံရတု အချပိုဒ်များက ဖော်ပြနေလေသည်။ ထို့ကြောင့်လည်း ရာဇဓာတုကလျာမှာ မရှုနိုင် မကယ်နိုင်ဖြစ်ကာ စိတ်သောက ဖြစ်နေခြင်းပေ တည်း။

ရာဇဓာတုကလျာသည် ပူပင်ကြောင့်ကြဟူသမျှကို ပယ်ကာ ကမ္မဋ္ဌာန်း ဘာဝနာဖြင့် အေးကြောင်းရှာလိုသော်လည်း နတ်သျှင်ကိုယ်တော်အတွက် အခက်တွေ့နေရသည်။

ထိုအချိန်အခါက ကောင်းမှုတော် မဟာစေတီ၏ အရှေ့ဖက်တွင် ခမည်းတော် ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီး တည်ဆောက်ဖန်ဆင်းခဲ့ သော 'တာဝတိံသာ'အမည်ရှိ ဥယျာဉ်တော်ကြီး ရှိခဲ့သည်။ ထိုဥယျာဉ်တော် ကြီးကို မင်းတရားကြီးသည် တရားဘာဝနာ ကျင့်သုံးလိုသူများ စိတ်အေးချမ်း

---

* 'မထိုက်ရပ်ရာ' ချီ သစ္စာတိုင် မယ်ဘွဲ့ရတု၊ အချပိုဒ်များ

သာ လာရောက်ကျင့်ကြံနိုင်ကြစေရန် သက္ကရာဇ် ၉၂၂-ခု၊ ပြာသိုလပြည့်ကျော် ၂ ရက်နေ့က စတင်စီမံခဲ့ခြင်းဖြစ်၏။ ဥယျာဉ်မှူးတို့၏ စိုက်ပျိုးယုယမှုဖြင့် ယခုအခါ ပန်းမာလ် သစ်ပင်တို့နှင့်တကွ ဝေဝေဆာဆာ ကျက်သရေဖြာကာ တာဝတိံသာ နတ်ရပ်အလား တင့်တယ်၍ နေပေပြီ။

ရာဇဓာတုကလျာသည် ဥယျာဉ်တော်အတွင်းဝယ် ကျောင်းသခ်မ်းဆောက်လုပ်ပြီးနောက် နေထိုင်သီတင်းသုံးကာ မဂ်လမ်းကို ရှာချင်နေရှာသည်။ မဟာစေတီရင်ပြင်တွင် ဖြူဝတ်လဲနှင့် စိတ်ပုတီးကိုင်စွဲကာ မဂ်လမ်းကို ဆိုင်လိုသည်။ သို့သော်... ထိုသို့သော လောကီရေးကိုပယ်ပြီး လောကုတ္တရာလမ်းကို ထွင်ရန် အရေးတွင် နတ်သျှင်ကိုယ်တော်က အတားအဆီးပြုနေသည်။ ဓာတုမယ်၏ ရင်တွင်းဝယ် နတ်သျှင်ကိုယ်တော်၏ အရေးက လွှမ်းမိုးချုပ်ကိုင်ကာ ကိုယ်လိုရာလမ်းကို ဖြောင့်တန်းစွာ မသွားနိုင်ဘဲ ရှိသည်။ ထို့ကြောင့်လည်း ထိုအဖြစ်ကို ရတုကဗျာဖွဲ့ကာ ညည်းညူမိရှာတော်မူသည်။

"မဟာစေတီ၊ မွေသရီ၏၊ မြေညီခင်းပြန့်၊
သလင်းသန့်ဝယ်၊ နှင်းပန့်တပဲ၊ ဝတ်ဖြူလဲနှင့်၊
နန်းထဲနန်းလေ့၊ သီမဌေ့ဘဲ၊ ချမ်းမြေ့စိတ်ကြည်၊
ပီတိရည်ဖြင့်၊ ခိုင်တည်နှလုံး၊ တဖြောင့်သုံး၍၊
နှောင်ထုံးကေမင်၊ ဖြေလျော့ချင်လည်း၊
'နတ်သျှင်သူ့ကြောင့်၊ တရေးမှောင့်ခဲ့'၊ မဖြောင့်
ပုံ့လွှင့်၊ နှောင်ကြိုးဝင့်သည်။
လုလင့်ငွေမျက်ရည်တကား။ ။"

(ရာဇဓာတုကလျာ)

နတ်သျှင်ကိုယ်တော်ကြောင့် ရာဇဓာတုကလျာ၏ သမာဓိတော်မှာလည်း ပျက်ယွင်းခဲ့ရပေပြီ။

နတ်သျှင်ကိုယ်တော်ကြောင့် ဓာတုကလျာ၏ စိတ်တော်မှာ အနှောင့်အယှက်နှင့် တွေ့ခဲ့ရပေပြီ။

ဤသို့ဆိုလျှင် သံမဏိအသည်းနှလုံးဖြင့် ကြံ့ကြံ့ခိုင်ခိုင်နေနိုင်ပါတော့မည်လော--သူငင်တိုင်း ယိမ်းရပေတော့မည်လော--

□

## နတ်သျှင်ကိုယ်တော်-ဂုဏ်နံ့ကျော်

မဟာဥပရာဇာ ဂျုဆုံးတော်မူပြီးသည့်ကာလ၊ သက္ကရာဇ် ၉၄၅ ခုနှစ်၏ နောက်ပိုင်းတွင် နတ်သျှင်ကိုယ်တော်၏ ဂုဏ်သတင်းမှာ မြန်မာနိုင်ငံတော်အနှံ့ ကျော်ကြားအံ့အဲ ထူးကဲစွာ ပေါ်ထင်လျက်ရှိသည်။ အမျိုးအနွယ်တော်၏ ဂုဏ်၊ အရွယ်တော်၏ ဂုဏ်၊ လုပ်ရည်,ကြံရည်, လက်ရုံးရည်နှင့် ပြည့်စုံသည့် ဂုဏ်၊ မင်းယောကျ်ား ပီသခြင်းနှင့်တကွ ချောမောလှပ ရူပကာယ တင့်တယ်သည့်ဂုဏ်တို့ဖြင့် ပြည့်ဝကာ အခြားတပါးသော မင်းပျိုမင်းလွင်တို့နှင့် ယှဉ်လျှင် အပြတ်အသတ် ကွာခြားချင်တိုင်း ကွာခြားလျက်ရှိသည်။

အမျိုးအနွယ်ဂုဏ်နှင့် သူရသတ္တိ လက်ရုံးတော်ဂုဏ်တို့ကို အထူးတင်ပြဖွယ် မလိုတော့ပေ။ ရှေ့အခန်းများက အချက်ရတိုင်း တင်ပြခဲ့ပြီး ဖြစ်သည်။ ရုပ်ရည်ရူပကာယ ဂုဏ်ကိုကား ယခုအခါ တင်ပြလိုပေသေးသည်။

နတ်သျှင်ကိုယ်တော်သည် မျိုးနှင့် ရိုးနှင့် အလှဂုဏ်ထည်သော အစဉ်အလာရှိခဲ့သည်။ နတ်သျှင်ကိုယ်တော်၏ ဘိုးတော်ရင်း 'တောင်ငူဘုရင် မင်းခေါင်'မှာ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးအပါအဝင် ညီအစ်ကိုတော်များထဲတွင် ရုပ်ရည်ဖက်၌ အချောအလှဆုံးဖြစ်သည်။ ထို့ကြောင့်ပင် ရွှေနန်းရှင်မင်းတရား ရွှေထီးကိုယ်တော်တိုင်က 'ညီလှ'ဟု ခေါ်တော်မူလေ့ရှိကာ အထူးယုံကြည်ချစ်ခင်တော်မူကြောင်း မှန်နန်းရာဇဝင်တော်ကြီး၌ အတိအလင်းဖော်ပြခဲ့သည်။

နတ်သျှင်ကိုယ်တော်၏ ဘွားတော် 'သီရိဘုန်းထွတ်'ဘွဲ့ခံ၊ ဘုရင့်နောင်၏ မိဖုရားကြီး စန္ဒာဒေဝီမှာ ဟံသာဝတီနန်းရှိ မိဖုရားအပေါင်းတွင် အချောအလှဆုံးဖြစ်သည်။ ထို့ကြောင့် ကဝိလက္ခဏာ သတ်ပုံကျမ်းပြုဆရာ စိန္တကျော်သူဦးဩက ""သီရိဘုန်းထွတ်၊ လှတမွတ်၊ မင်းမြတ်သုံးဆက်ကြင်"" ဟု မှတ်တမ်းတင် မော်ကွန်းထိုးထားခဲ့သည်။

စန္ဒာဒေဝီမိဖုရား၏ ချောလှဂုဏ်ကို အတန်ငယ်ပြလိုပါသည်။ စန္ဒာဒေဝီဘွဲ့ခံ သီရိဘုန်းထွတ်သည် အင်းဝရွှေနန်းကြော့ရှင်- ဘုရင်နရပတိ၏ သမီးတော်ဖြစ်သည်။ သီရိဘုန်းထွတ် ၁၆-နှစ်သမီးအရွယ် ရောက်သောအခါတွင် ပြည်ဘုရင် နရပတိက မိဖုရားမြှောက်တော်မူသည်။ စည်းစိမ်တော် ၆ နှစ်အရှိတွင် ပြည်ဘုရင်နရပတိ နတ်ရွာစံတော်မူသောအခါ၊ ညီတော်ရှင်သရက်သည် 'မင်းခေါင်'အမည်ဖြင့် ထီးနန်းဆက်ခံကာ၊ မရီးတော် သီရိ

ဘုန်းထွတ်ကိုပင် မိဖုရားဆက်၍ မြှောက်သည်။ ပြည်ဘုရင်မင်းခေါင် နန်းသက် ၄ နှစ်အရတွင် ပြည်မြို့ကို မင်းတရားရွှေထီး လုပ်ကြံဆောင်မြင်၍ မင်းခေါင်နန်းကျသည်။ ပြည်ဘုရင် မင်းခေါင်နှင့် မိဖုရားသီရိဘုန်းထွတ်ကို တောင်ငူသို့ ခေါ်ကာထားသည်။ ဘုရင့်နောင်မင်းတရားကြီး အထွတ်အမြတ် ရောက်တော်မူသောအခါ ပြည်ဘုရင် မင်းခေါင်နှင့် မိဖုရားသီရိဘုန်းထွတ်ကို ဟံသာဝတီသို့ ခေါ်ထားသည်။ မကြာမီ ပြည်ဘုရင်မင်းခေါင်အား မယုံသင်္ကာရှိ၍ ကွပ်မျက်တော်မူသည်။ မိဖုရားသီရိဘုန်းထွတ်ကိုမူ ဘုရင့်နောင်မင်းတရားကြီးက ကောက်ယူကာ စန္ဒာဒေဝီအမည်ဖြင့် မိဖုရားကြီး မြှောက်ပြန်သည်။

စန္ဒာဒေဝီဘွဲ့ခံ သီရိဘုန်းထွတ်သည် ပြည်ဘုရင် နရပတိနှင့် ၆ နှစ်၊ ရှင်သရက် (မင်းခေါင်)နှင့် ၁၄ နှစ် ပေါင်းသင်းခဲ့ရသည်။ ဘုရင့်နောင်မင်းတရားကြီး ကောက်ယူ မိဖုရားမြှောက်ချိန်တွင် သက်တော် ၃၆ နှစ်ပင်ရှိလေပြီ။ သားတော် တစ်ယောက်၊ ကြင်ဖက်တော် နှစ်ဆက်၊ မုဆိုးမ သက်တော် ၃၆-ရှိ သီရိဘုန်းထွတ်အား ဧကရာဇ် မင်းတစ်ရားကြီးတပါးက မိဖုရား မြှောက်သည် ဆိုခြင်းမှာ တော်ရုံတန်ရုံ အချောအလှဂုဏ်နှင့်တော့ ဖြစ်နိုင်မည် မဟုတ်ချေ။

မှတ်တမ်းများအဆိုအရ ဆင်ဖြူရှင်ဘုရင့်နောင် မင်းတရားကြီးတွင် မိဖုရားကြီး ၃-ပါးနှင့် မိဖုရားငယ် ၄၃-ပါး ရှိသည့်အနက် အချောအလှဆုံးဟု အမည်ကျော်ခဲ့သူ ၄-ပါးသာရှိသည်ဟု သိရသည်။ ထို ၄-ပါးမှာ-

ရာဇဓာတုကလျာစုဖုရား၏ မယ်တော် ရာဇဒေဝီမိဖုရားကြီး၊ နတ်သျှင်နောင်၏ ဘွားတော် စန္ဒဒေဝီမိဖုရားကြီး (သီရိဘုန်းထွတ်)၊ ယိုးဒယား ဘုရင် မြနရာဇ်၏ နှမတော်, ယိုးဒယားမိဖုရား အမျိုးရုံနှင့် ဖင်းမယ်မိဖုရား ခင်ကောက်တို့ ဖြစ်တော်မူကြသည်။

ထို့ကြောင့် နတ်သျှင်ကိုယ်တော်မှာ အလှတွင် မျိုးနှင့်ရိုးနှင့် ချီ၍ ကျော်ကြားခဲ့သည့်သမိုင်းစဉ် ရှိခဲ့သည်။

ထိုသို့ အဖက်ဖက်မှ ပြောရက်ဖွယ်မရှိဘဲ အသရေတင့်ကဲကာ လက်ရုံး, နှလုံး၊ သတ္တိဗျတ္တိ အားလုံးစုံသည့် မင်းပျိုမင်းလွင် တစ်ပါးသည် မေတ္တာမျှလိုသူ၊ သစ္စာပန်လိုသူ ထုနှင့်ထည်နှင့် စန်းပွင့်လျက် ရှိသည့်ကြားမှ၊ အသက်တော်ချင်း ကွာခြားကာ ဆွေမျိုးဝါချင်း မြင့်မားသော ဓာတုကလျာအား မေတ္တာထားခဲ့သည်မှာ အံ့သြဖွယ် ရှိလှပါပေသည်။ ဖူးစာကံ အကြောင်းဟူ၍သာ ကောက်ချက်ချရမည်ဖြစ်ပေ၏။

□

## ရှုပ်ထွေးလာသော နိုင်ငံတွင်း ရေးရာများ

နတ်သျှင်ကိုယ်တော်နှင့် ရာဇဓာတုကလျာတို့ မေတ္တာတော်အစပျိုးရန် ကြံဆောင်တော် မူနေသည့် အချိန်အခါတွင်ပင် ဟံသာဝတီ ရွှေပြည်ကြငှန်းတွင် စိုးမိုးအုပ်ချုပ် မင်းလုပ်တော်မူနေသည့် ငါးဆူဒါယကာ၏ ရာဇပလ္လင်မှာ တုန်လှုပ်၍ လာလေသည်။ နိုင်ငံတွင်းရေးရာတို့မှာလည်း တစ်နေ့တခြား ရှုပ်ထွေးမှုများဖြင့် တိုးတက်ခဲ့၏။ အမှားတို့ကိုလည်း ဆက်တိုက်ပင် ကျူးလွန်လာခဲ့သည်။

**ပထမအမှားတော်ပုံ။** ။ ယိုးဒယားပြည်၏ သောင်ထားမှုကို ဘုရင်ငါးဆူဒါယကာသည် ငါးကြိမ် ငါးခါတိုင်တိုင် ချီတက်တိုက်ခိုက်စေခဲ့သည်။ မင်း၏ ဩဇာ ညှိုးဖျင်းလာမှု၊ သေနင်္ဗျူဟာ မပိုင်နိုင်မှုနှင့် ဆက်တိုက် စစ်ချီရသဖြင့် စစ်ပန်းမှုတို့ကြောင့် ဟံသာဝတီဘုရင်၏ လက်အောက်ရှိ ပြည်သူပြည်သားတို့မှာ စစ်ဒဏ်ကို ကြီးကျယ်စွာ ခံစားရသည်။ စစ်ကိုချည်း ချီနေရသဖြင့် စားနပ်ရိက္ခာထုတ်လုပ်မှုဖက်မှ ကျဆင်းလာသည်။ ပြည်သူ ပြည်သားတို့၏ ကြံ့ခိုင်သန်စွမ်းသော သားကောင်းတို့မှာလည်း စစ်ပွဲယဇ်ပလ္လင်တွင် အသက်စတေးခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် လူသန်လူမာများ တစ်နေ့တခြား ယုတ် လျော့၍ လာသည်။ သားကောင်းများ မရှိ၍ ကုန်ထုတ်လုပ်အားမှုအစ ကျ ဆင်းကုန်သည်။ မနိုင်သော ဝန်ကို ထမ်းကာ မနိုင်သောစစ်ကို ဆက်တိုက် တိုက်ခြင်းဖြင့် ငါးဆူဒါယကာသည် ပထမအမှားတော်ပုံကို ကျူးလွန်လေသည်။

**ဒုတိယအမှားတော်ပုံ။** ။ စစ်ချီတက်ရဖန်များ၍ နိုင်ငံတွင်းရှိ ယောကျ်ားများသည် တိုင်းမှုကိုကြောက်ကာ ရဟန်းဘောင်သို့ တက်ကြသည်။ ထိုသို့ ရဟန်းဘောင်သို့ အတက်များကြသည်ကို ငါးဆူဒါယကာကြားသိလေသော် ဝိနည်းကျမ်းဂန်နှင့်အညီ မကျင့်ဟုဆိုကာ နိသျှည်းပေးရသည်။ သက္ကရာဇ် ၉၅၅ ခု၊ ဝါဆိုလတွင် နိသျှည်းပေး၍ မရသော ရဟန်းတို့ကို လူထွက်စေသည်။ မွန်ရဟန်း ဘားမဲ့၊ ဘားတမော့ ဆရာတော်တို့ကို မယုံကြည်၍ ဟုဆိုကာ ညောင်ရမ်းသို့ပို့သည်။ အချို့ရဟန်းတို့ကို အင်းဝ၊ စစ်ကိုင်း၊ ရှမ်းပြည်နယ်တို့ သို့ပို့သည်။ ထိုအခါ သာသနာတော်တွင် လှုပ်လှုပ်ရှားရှားနှင့် ကသောင်းကနင်းဖြစ်ကာ ဆူပူကြသည်။ ရဟန်းသံဃာတော် တို့ကို ထိပါး၍ ပြည်သူတို့ မင်းကို အကြည်အညို မဲ့လာကြသည်။

**တတိယအမှားတော်ပုံ။** ။ မဟာဥပရာဇာ မင်းကြီးစွာ ယိုးဒယားတိုက်ပွဲတွင် ကျဆုံးပြီးနောက် အိမ်ရှေ့နေရာ လစ်လပ်ရာ သားတော် အင်းဝ-မင်းရဲကျော်စွာကို အိမ်ရှေ့ပေးရန် သက္ကရာဇ် ၉၅၅ ခု၊ ပြာသိုလဆန်း ၈-ရက်နေ့တွင် နေပြည်တော်သို့ ခေါ်တော်မူသည်။ ရောက်လျှင် အိမ်ရှေ့နေရာပေးတော်မူသည်။ အိမ်ရှေ့မင်းသစ် မင်းရဲကျော်စွာသည် အဆင်အခြင်ဉာဏ် ကင်းမဲ့သည်။ သေရည်သေရက် မူးယစ်ကာ ကိုယ်စိုး ကိုယ်ပိုင် ထင်ရာကို ပြုတတ်သည်။ မင်းရဲကျော်စွာအား အိမ်ရှေ့ပေးခြင်းမှာ မှားခြင်းကြီးမက မှားလှစွာ၏။

မင်းရဲကျော်စွာသည် လက်အောက်ခံ မွန်လူမျိုးတို့အား လယ်မလုပ်စေရဟု အာဏာနှင့် မြစ်တားသည်။ ထို့နောက် မိမိပိုင် ကျွဲအရှည်း နှစ်ထောင်ကျော် သုံးထောင်နှင့် မြေပြင်အနှံ့လုပ်ကာ ရသမျှစပါးကို မိမိ၏ ကျီတိုက်ထဲသို့ သွင်းသည်။ စပါး ရှားသောအခါ မိမိပိုင် ကျီတော်မှ စပါးကို ဈေးတင်ကာ ထုတ်ရောင်းသည်။ ထိုအခါ ပြည်သူပြည်သားတို့ ဆူပူ ကြကုန်သည်။

**စတုတ္ထအမှားတော်ပုံ။** ။ အိမ်ရှေ့မင်း မင်းရဲကျော်စွာသည် တိုင်းပြည်ကို အုပ်ချုပ်ရေး၌ ကျွမ်းကျင်မှုမရှိဘဲ မိမိ၏ငယ်ကျွန်တော်၊ လူယုံတော်၊ မိမိဖက်သားများကို ရာထူးအမျိုးမျိုးခန့်၍၊ အရေးပေးကာ စီမံခြယ်လှယ်စေသည်။ နဂိုရှိရင်းစွဲ အမတ်တို့မှာ မင်းရဲကျော်စွာ၏ လူများ ကြိုးဆွဲရာကို ကနေကြရသည်။ ထိုအခါ အုပ်ချုပ်ရေးဖက်၌ များစွာ လစ်ဟင်းလေသည်။

မင်းရဲကျော်စွာသည် မြောက်ဖက်တလွှား ဧရာဝတီမြစ်စဉ်တလျှောက် ကျော်စည်တတန်းတွင် ရှိသော လူအပေါင်းကို ဟံသာဝတီသို့ သိမ်းယူခဲ့သည်။ ထိုသူတို့သည် အထက်အညာမှ အောက်ပြည်သို့ သားကွဲ မယားတကွဲနှင့် လိုက်ခဲ့ရပြီး ဒုက္ခတွေ့ရသည်။ ငါးဆူဒါယကာ ဘုရင်ကိုယ်တိုင် အိမ်ရှေ့မင်းအား ခေါ်ယူတားမြစ်ကာ ပြန်လည်ပေးပို့စေရသည်။

**ထောင်ထားခြားနားမှုများ။** ။ ထိုသို့သော အရေးအခင်းတို့ကြောင့် နိုင်ငံတော်တစ်ဝန်းလုံး ကြိမ်မီးအုံးသကဲ့သို့ ဖြစ်ရလေသည်။ တိတ်နိမိတ်တို့ကလည်း အမျိုးမျိုး ဖြစ်ပေါ်လာသည်။ ၉၅၅-ခု၊ တန်ခူးလတွင် ဘုရားရုပ်တုတော်များ ချွေးယိုသည်။ ၉၅၆-ခု ဝါဆိုလပြည့်ကျော် ၁၃-ရက်၊ သောကြာနေ့တွင် ဟံသာဝတီနန်းတော်အား မိုးကြိုးခ,သည်။ နိုင်ငံပျက်မည့် အရိပ်နိမိတ်များ အသီးသီးဖြစ်ပေါ်၍ လာသည်။ နယ်ပယ်ဒေသ အသီးသီးမှာလည်း ထောင်ထားခြားနားရန် အကြံပြုကြသည်။

(က) **မော်ပီ။** သက္ကရာဇ် ၉၅၅-ခု နတ်တော်လတွင် မော်ပီမြို့စား ပုန်ကန်သည်။ အမှူးအမတ်တို့ ချီတက်လုပ်ကြံရာ အောင်သည်။ ရက်ရက်စက်စက် နှိမ်နင်းသတ်ဖြတ်သဖြင့် မွန်များ ပြည်၊ တောင်ငူ၊ ရခိုင်၊ ယိုးဒယား၊ ဇင်းမယ်သို့ ကိုယ်လွတ်ထွက်ပြေးကြရသည်။

(ခ) **မော်လမြိုင်။** သက္ကရာဇ် ၉၅၆ ခု၊ တန်ဆောင်မုန်းလတွင် မော်လမြိုင်စား ပုန်ကန်သည်။ ငါးဆူဒါယကာမင်းက တပ် ၈-တပ်၊ တိုက်ဆင် ၄၀၀၊ မြင်း ၄၀၀၀၊ ရဲမက် ၈၀၀၀၀နှင့် ချီတက်တိုက်ခိုက်စေသည်။ မော်လမြိုင်စားသည် မွန်၊ယိုးဒယားတို့နှင့် ပေါင်းကာ တစ်ချက်တည်း စုရုံးတိုက်ခိုက်သဖြင့် စစ်ရေးနိမ့်ကာ ပြန်လာရသည်။ ငါးဆူ ဒါယကာမင်းက စစ်ရှုံးတောင်ငူမင်းကို နှုတ်ပြစ် အနာအကျင်တင် သည်။ သီရိဓမ္မာသောက ကိုလည်း အပြစ်တော်ပေး၍ အနိစ္စရောက်ချေသည်။

(ဂ) **ယိုးဒယား။** သက္ကရာဇ် ၉၅၆ ခု၊ ပြာသိုလတွင် ယိုးဒယားမြန်ရာဇ်သည် မော်လမြိုင်မြို့စားနှင့် ပေါင်းကာ ဟံသာဝတီသို့ တပ်ပေါင်း ၂၄-တပ်၊ တိုက်ဆင် ၆၀၀၊ မြင်း ၆၀၀၀၊ ရဲမက် ၁၂၀၀၀၀-နှင့် ချီတက်လာသည်။ ဇင်းမယ်၊ တောင်ငူမင်းတို့ ဟံသာဝတီဖက်က တိုက်ရန် စစ်ကူလာမှ ဆုတ်ခွာသည်။ အပြန်တွင် မုတ္တမအရှေ့ဖက် မွန်တို့ကို သိမ်းယူသွားသည်။

(ဃ) **ပြည်။** ဟံသာဝတီ ငါးဆူဒါယကာ၏ သားတော်အငယ် ပြည်မင်း သတိုးဓမ္မရာဇာသည် ခမည်းတော်ကို စစ်ကူမည့် အဟန်ဖြင့် ဆင်လုံး မြင်းရင်းနှင့် ချီတက်လာသည်။ တောင်ငူအရောက်တွင် တောင်ငူမင်း ဟံသာဝတီသို့ စစ်ကူ ချီတက်သွားကြောင်း ကြား၍၊ ဟံသာဝတီသို့ ဆက်လက် မချီတက်ဘဲ၊ တောင်ငူကို လုပ်ကြံသည်။ အိမ်ကြက်ချင်း ခွပ်ကြသည်မှာ ရာဇဝင်ရိုင်းလေစွ။ ထိုအခါ တောင်ငူမြို့စောင့် နတ်သျှင်နောင်သည် ကျုံးမြောင်းပြင်၍ မြို့ထိပ်က အမြောက်သေနတ်စီ ရင်ပြီး အပန်းတကြီး ခုခံရသည်။ ပြည်မင်းသည် ကျွဲနွားများသိမ်းပြီး ပြည်သို့ ပြန်သည်။ ရောက်လျှင် မင်းတုန်း၊ တိုင်းတား၊ မြေထဲ၊ သရက်၊ စကု၊ စလင်း၊ ပုခန်းကြီးတိုင်အောင် သိမ်းယူပြီး ခမည်းတော် ဟံသာဝတီ ငါးဆူဒါယကာ မင်းကို ခြားနားလေသည်။

ဤသို့အားဖြင့် ဟံသာဝတီမင်း၏ လက်နက်နိုင်ငံတော် တစ်ခုလုံး ထောင်ထားခြားနားမှုနှင့် ပြိုးပြွမ်းကာ ရှုပ်ထွေးဆူပူ၍ နေသည်။

* ခြသေ့ကြီးလည်း မျက်လုံးနီချေပြီ။

* ဟံသာဝတီလည်း ပျက်စီးကိန်း ကြုံပေတော့မည်။

## ကေတုမတီနှင့် နတ်သျှင်နောင်

သက္ကရာဇ် ၉၅၆၊ သက္ကရာဇ် ၉၅၈။

ဟံသာဝတီ လက်နက်နိုင်ငံတော် တစ်ခုလုံးမှာ ဝါးအစည်း ပြေသကဲ့သို့ ကသောင်းကနင်း ဖြစ်လျက်ရှိသည်။ ထိုကာလအတောအတွင်းတွင် တောင်ငူ နတ်သျှင် ကိုယ်တော်မှာ စစ်ရေးတွင်ရော အချစ်ရေး၌ပါ ဗျာပါသောက များနေရ၏။

ဤအချိန်တွင် 'တောင်ငူ ရွှေနန်း' ရပ်တည်နိုင်ရေးအတွက် တာဝန်မှာ နတ်သျှင်ကိုယ်တော်အပေါ်သို့ ပုံကျလျက်ရှိသည်။ ဟံသာဝတီဘုရင် ငါးဆူဒါယကာမှာ သားတော်အငယ် ပြည်မင်းသတိုးဓမ္မရာဇာ အပါအဝင် လက်အောက်ခံ နိုင်ငံအများ ထောင်ထား ခြားနားကြသဖြင့် စိတ်နှလုံး ဆောက်တည်ရာ မရနိုင်ဘဲ ဖြစ်နေသည်။ 'အသားထဲကလောက်ထွက်' ဟူသကဲ့သို့ သွေးရင်းသားရင်းထဲမှပင် ပုန်စားပုန်ကန်မှု ပြုလာကြသောအခါ မည်သည့်သူအပေါ်တွင်မှ ယုံကြည်စိတ်ချတော်မူခြင်းမရှိတော့ချေ။ ထို့ကြောင့် လက်အောက်ခံ ပြည်နယ်များအပေါ်တွင် ဖိနှိပ်ကွပ်ညှပ်မှုများကို တိုးတက်ပြုလုပ်လာသည်။

နတ်သျှင်ကိုယ်တော်သည် ရှေ့ရေးကို မြော်မြင်တတ်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်အတိုင်း မိမိ၏ ကေတုမတီလက်နက်နိုင်ငံ တည်မြဲစေရန် မပြတ်လှုံ့လ ပြုရသည်။ ခမည်းတော် တောင်ငူမင်း- မင်းရဲသီဟသူသည် လည်း သားတော်ကြီးအား အစစအရာရာ လွှဲအပ်ထားတော်မူ၏။ ထို့ကြောင့် ပင် နတ်သျှင်ကိုယ်တော်သည် ညီတော် ၃-ပါးဖြစ်သော တောင်ငူမင်းရဲ ကျော်စွာ မင်းရဲသီဟသူ (ခမည်းတော်နှင့်အမည်တူ)၊ မင်းရဲကျော်ထင်တို့ဖြင့် ညှိနှိုင်းကာ နိုင်ငံအရေး, စစ်ရေး, ကာကွယ်ရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်ခဲ့လေ သည်။

တစ်ဖက်က စစ်ရေးကို အလေးပြုနေရစဉ်၊ အခြားတစ်ဖက်မှလည်း အချစ် ရေးကို မေ့လျော့ထားခြင်း မရှိပေ။ ဟံသာဝတီရှိ ရာဇဓာတုကလျာ ထံတော် သို့ ရတုကဗျာများကို ပေးပို့လျှောက်ထားနေဆဲဖြစ်သည်။ ဘုရားတိုင် ရတုများ၊ စစ်ချီရတုများ၊ သစ္စာတိုင်ရတုများ၊ ကျေးစေရတုများနှင့် ရာသီဘွဲ့ရတု များမှာ တစ်ချိန်ထက်တစ်ချိန် ဦးရေတိုး၍ တိုး၍သာ လာသည်။

## မဥ္ဇူသက-ရဲဆုရ

တစ်ကြိမ်တစ်ခါတွင် နတ်သျှင်ကိုယ်တော်သည် ရာဇဓာတုကလျာ စုဖုရားထံ 'သိကြား-ကျေးစေ၊ ပန်တော်ဆက်ဘွဲ့'ရတု ပိုဒ်စုံတစ်ပုဒ်ကို ပို့ဆက်လိုက် လေသည်။

"ဆက်ဒန်အိုင်သာ၊ ဂန္ဓမာနှင့်၊ ကေလာတောင်ထွတ်၊
နဝတတ်၌၊ နေမှတ်ပျော်ပါး၊ ကြာဝတ်စား၍၊
သိကြားနတ်က၊ ပို့လှာသ,သည်၊ တေဇလျှံပြောင်
ကျေးများနောင်" ...

နတ်သျှင်ကိုယ်တော်သည် မိမိစေလွှတ်မည့် ကျေးသားလေးအား ဤကဲ့သို့ပင် တဂုဏ်တထူး သိဒ္ဓိဦး၍ ချီးကျူးခဲ့သည်။ ထိုသို့ သိကြားနတ်ရှင် ကိုယ်တော်က လူမင်းသား နတ်သျှင်ကိုယ်တော်ထံ ဆက်သလှာရသော ကျေးကလေးကို ရာဇဓာတုကလျာထံသို့ စေရာတွင် အောက်ပါအတိုင်း မှာကြားလိုက်လေသည်။

"ညိုရောင်သွယ်ရွှန်း၊ လုကြွင်နှမ်းမူ၊ လွမ်းပန်းမပြယ်၊
သနားဖွယ်တည့်၊ နောင်နှယ်ညွှတ်ခွေ၊ ရှိပလေလိမ့်၊
စေ့ရေးမေးမြူ၊ မိန့်တော်မူက၊ မဥ္ဇူပွင့်ခက်၊
ခိုင်ကိုဆက်၍၊ ကျူးရက်မရှည်၊ ပြည့်လွယ်မည်ကို၊
မိုးခြည်တိမ်ခြေ၊ ပုံ့နှင့်ချေလော့၊ မြတေငယ်သွေး၊
လုငြိမ့်လေးသည်။ ။လွမ်းရေး ဖြေတော်မူလိမ့်မည်။"

ညှိုးငယ်သူ ပင်တိုင်စံ လှတစ်ပါးထံတော်သို့ လွမ်းရေးဖြေနိုင်စေရန်အ တွက် နတ်သျှင်ကိုယ်တော်သည် ကျေးသားငယ်အား မဥ္ဇူသက နတ်ပန်းကို ဆက်သခိုင်းလေသည်။ ဓာတုမယ်ထံ ဆက်သလိုက်သည့် ယင်းသို့သော

မဥ္ဇူသကနတ်ပန်းကို နတ်သျှင် ကိုယ်တော်သည် မည်ကဲ့သို့ ရခဲ့ပါလေသနည်း။ အလွယ်တကူလော… ခက်ခဲစွာလော… ဤအရေးကို စောကြောဖို့ လိုပေသေးသည်။ မဥ္ဇူသက နတ်ပန်းကို ရခဲ့ဟန်ကား…

"ခက်သန်ခိုင်မြှာ၊ တပင်သာတည့်၊ ဟေမာမြိုင်စပ်၊
စစ်မှူးကွပ်၍၊ စောင့်ကြပ် ဂုမ္ဘဏ်၊ အတန်တန်တိ၊
လှံကွန်လေးမြား၊ လက်နက်ထားနှင့်၊
လွှားလွှားပစ်သတ်၊ ထိုထိုနတ်ကို၊
သွယ်ညွှတ်တင့်ခေါင်၊ လှသည်မောင်ဟု၊
ပေါက်ပြောင်မာတင်၊ ရဲဖက်ဆင်နှင့်၊
ချွန်းငင်ငဲ့လိုက်၊ ခြိမ်းတည့်လိုက်သော်၊
စည်ရိုက်ပြိုလည်း၊ လက်နက်လှည်းမှ၊
သိမ်းဆည်းကုံးမြောင်၊ ပန်တင့်အောင်ဟု၊
ကြင်နှောင်မည့်သူ၊ ဆွတ်ခဲ့ယူသည်၊ 'မဥ္ဇူသက၊
ရဲဆုရ' ကို၊ နှိမ့်ချရှိသေ၊ ဆက်နှင့်ချေလော့၊" …

ဓာတုမယ်ကို ဆက်သ,ရန် မဥ္ဇူသက နတ်ပန်းအား နတ်သျှင် ကိုယ်တော်သည် အလွယ်တကူ ရရှိခဲ့ခြင်း မဟုတ်ပေ။ နတ်ပန်းကို စောင့်ကြပ်မှူးကွပ်နေသည့် နတ်ဂုမ္ဘာဏ် ဘီလူးတို့ကို လက်နက်လေးမြားနှင့် တိုက်ခိုက်စစ်ပြိုင် ခဲ့ရသေးသည်။ စီးတော်ဆင်နှင့် တွန်းဝှေ့ထိုးနင်း စစ်အင်ကျင်းခဲ့ရသေးသည်။ နောက်ဆုံးရန်ဖက် နတ်ဘီလူးတို့ လက်နက်ချကာ အရှုံးပေးကာမှ မဥ္ဇူသက နတ်ပန်းအား ရရှိခဲ့ခြင်းဖြစ်သည်။ ထိုဒေဝီမဟေသီတို့သာ ပန်သင့်ပန်ထိုက်သော 'မဥ္ဇူသက-ရဲဆုရ' ကို ရာဇဓာတုကလျာ စုဖုရားထံ ဆက်သစေလေသည်။

ဤရတုကို နတ်သျှင်ကိုယ်တော်သည် ဟံသာဝတီဘုရင် ငါးဆူဒါယကာနှင့် သားတော် အိမ်ရှေ့ဥပရာဇာ မင်းရဲကျော်စွာ၏ ရန်မှ ကာကွယ်ရန် အတွင်းကျိတ်စစ်ရေးပြင်ဆင်နေဆဲအချိန်တွင် ရေးသားခြင်း ဖြစ်ဟန်တူ၏။ ဤကျေးစေရတုသည် အပြင်ပန်းအားဖြင့် 'ရိုးရိုးမေတ္တာဘွဲ့ ကျေးစေရတု' သာဖြစ်သည်ဟု ထင်မြင်နိုင်သည်။ မိမိ၏ ချစ်သူထံ ထူးထူးကဲကဲ မဥ္ဇူသက နတ်ပန်းကို ဆက်လိုသည့်ဆန္ဒကို ဖွဲ့နွဲ့ထားသည်ဟု လည်း ယူဆနိုင်သည်။ သို့သော်…

ဤရေတုအထဲ၌ တကယ့်အတွင်းပါ ရည်ရွယ်ချက် သဘောထားမှာကား ယင်းသို့မဟုတ်ပါချေ။ နတ်သျှင်ကိုယ်တော်သည် ကဗျာ့ပရိယာယ်ဖြင့် မိမိ၏ အတွင်းစိတ်ဆန္ဒ၊ မိမိ၏ မျှော်မှန်းချက်ပန်းတိုင်ကို ဤရေတုဖြင့် ဖော်ပြလိုက်ခြင်း ဖြစ်၏။

နတ်သျှင်ကိုယ်တော်သည် မိမိ၏ နှလုံးရည်-လက်ရုံးရည်ကို အားကိုး အားထားပြုကာ တစ်နေ့တွင် ဘိုးတော်ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင် မင်းတရားကြီးအလား မြန်မာ့လက်နက် နိုင်ငံတော်ကြီး တစ်ခုလုံးကို သိမ်းခြုံ အုပ်မိုးကာ ဧကရာဇ်တစ်ဆူ ဖြစ်တော်မူလိုသော အကြံအစည်၊ ဖွဲ့၊ ဆန္ဒရှိတော်မူ သည်။ ထိုသို့ ဖြစ်မြောက်ရန် အကြံအစည် ပြုတော်မူကြောင်းကို နောက်ပိုင်း တွင် အသေအချာ တွေ့ရပေမည်။

ကျေးစေရေတုပါ-'မဥ္ဇူသကနတ်ပန်း'ဟူသည်ကား ဧကရာဇ်မင်းအဖြစ် ဆောင်းမိုးရန် ထီးဖြူတော်ကို ဆိုလိုခြင်းဖြစ်သည်။

နတ်ပန်းစောင့် နတ်ဂုမ္ဘဏ်တို့သည်ကား ဟံသာဝတီ ဘုရင်ငါးဆူဒါ ယကာနှင့် အိမ်ရှေ့မင်း မင်းရဲကျော်စွာတို့ကို ဆိုလိုခြင်းဖြစ်သည်။

မဥ္ဇူသက နတ်ပန်းကိုရရှိရန် နတ်မျိုးကုမ္ဘဏ်တို့ဖြင့် စစ်ခင်းကျင်းသည် ဆိုခြင်းမှာ၊ နတ်သျှင်ကိုယ်တော်က မိမိ၏ လက်ရုံးအင်အားဖြင့် ဟံသာဝတီ ဘုရင်တို့အား စစ်ဖက်ပြိုင်မည့် အကြောင်းကို ဆိုလိုရင်း ဖြစ်သည်။

နောက်ဆုံး 'မဥ္ဇူသက-ရဲဆုရ'ဟု တင်စားထားသည့် ဧကရာဇ်ထီးကို၊ မိမိအသက်မက မြတ်နိုးလှသည့် ရာဇဓာတုကလျာ စုဖုရားထံ ဆက်သမည်ဟု ကြီးစွာသော ဆန္ဒ၊ အောင်မြင်မည်ဟု ယုံကြည်ချက်ဖြင့် ကတိပေးလျှောက် ထားခြင်းလည်း ဖြစ်သည်။

နတ်သျှင်ကိုယ်တော်သည် ဤရေတုဖြင့် မိမိသည် ဟံသာဝတီကို ထောင် ထားခြားနားရန် ကြံစည်နေကြောင်း၊ အရေးတော်ပုံ အောင်မြင်ရမည်ဖြစ်ကာ ထီးဖြူကနက်ကို လက်ဝယ်ပိုင်သရမည်ဟု ယုံကြည်ကြောင်း၊ ထိုအခါတွင် 'ရာဇဓာတုကလျာ'အား 'မဟေသီ မိဖုရားခေါင်ကြီး'အဖြစ် တင်မြှောက်မည် ဖြစ်ကြောင်း အတိအလင်း ဖော်ပြခဲ့လေသည်။

ရာဇဓာတုကလျာမှာလည်း ဤကဲ့သို့သော နတ်သျှင်၏ ကတိပေးချက် အတွက် အားတက်ခဲ့ရသည်။ ဟံသာဝတီတွင် အိမ်ရှေ့မင်း မင်းရဲကျော်စွာ၏

ရန်ကို ကြောက်ကာ ညှိုးငယ်နေခဲ့ရသော်လည်း မောင်တော် နတ်သျှင်၏ အားပေးမှုကြောင့် စိတ်ဖြေနိုင်ခဲ့ဟန် တူသည်။ ထိုအချိန်တွင် ဓာတုမယ်သည် နတ်သျှင်နှင့် ချစ်ကြိုးသွယ်ခဲ့ပြီး လေပြီတည်း။

## တောင်ငူနှင့် ဖင်းမယ်ထောင်ထားခြင်း

သက္ကရာဇ် ၉၅၈ ခုနှစ်…

ဟံသာဝတီ ခြသေ့်ကြီးကာ မျက်လုံးနီချေပြီတကား။

ငါးဆူဒါယကာ ဘုရင်သည် တစ်နေ့တခြား အနေရကြပ်တည်း၍ လာသည်။ အားကိုးဖွယ် မြို့စားရွာစားတို့က ထောင်ထားကြလေသဖြင့် စိတ်ဝမ်း ညှိုးငယ်ကာ သွေးလန့်၍လည်း လာသည်။ ဟံသာဝတီကို လာရောက် တိုက်ခိုက် နှောင့်ယှက်မည်ကို စိုးသောကြောင့် တောင်ငူ ကျေးစပ်မှစ၍ မြောက်ဖက်တလွှားတွင်ရှိသော လူများကို ဟံသာဝတီသို့ ချည်းသွင်းတော် မူသည်။ ထိုအချိန်အခါ၌ ဟံသာဝတီမင်း၏ သစ္စာကို စောင့်သိကြသေးသော ပဒေသ ရာဇ်မင်းများမှာ တောင်ငူ၊ ညောင်ရမ်းနှင့် ဖင်းမယ်မင်းတို့သာဖြစ် ကြတော့သည်။ ငါးဆူဒါယကာ ဘုရင်သည် ဤမင်းသုံးပါးကိုပင် ယုံကြည် တော် မမူတော့ချေ။ ထို့ကြောင့် အောက်ပါအမိန့်ကို ထုတ်ဆင့်သည်။

"တောင်ငူမင်း မင်းရဲသီဟသူသည် သားတော်ကြီး နတ်သျှင်နောင်နှင့် ဆင်တော် ဥပေါသထကိုငှင်း…

ညောင်ရမ်းမင်း မင်းရဲနန္ဒမိတ် (ဘုရင့်နောင်၏ မိဖုရားငယ်မှ ဖွားသော သားတော်ငယ်၊ ငါးဆူဒါယကာမင်း၏ ခမည်းတော်တူ-မယ်တော်ကွဲ ညီ တော်)သည် သားတော်အကြီး သခင်လတ်နှင့် ဆင်တော် ဇမ္ဗူတံဆိပ်ကို ငှင်း…

ဖင်းမယ်မင်း နော်ရထာစော (ရာဇဓာတုကလျာ၏ မောင်တော်ကြီး) သည် သားတော် မင်းသားတုလောင်းနှင့် ဆင်တော် ဇမ္ဗူကျက်သရေကို ငှင်း…

ဟံသာဝတီတို့ ဆက်သ,ကာ၊ ဟံသာဝတီမင်း လက်အောက်တွင် လာရောက် အမှုထမ်းရမည်…"

ဤအမိန့်ကား အာမခံတောင်းသည့် သဘောမျိုးသာဖြစ်၏။ တစ်စုံတစ်ရာ ထောင်ထားမှု အရေးအခင်းဖြစ်လျှင် ဓားစာခံအဖြစ် အသုံးချရန်လည်းဖြစ်သည်။ *

ဤသို့ ဟံသာဝတီဘုရင် ငါးဆူဒါယကာက အမိန့်ထုတ်ပြန်လိုက်သောအခါ တောင်ငူနှင့် ဇင်းမယ်မင်းတို့သည် မခံမရပ်နိုင်ဖြစ်ခဲ့ရလေသည်။

"ငါတို့မှာ အထွေအရာမရှိ၊ နောင်တော်အမှုကိုသာ ကြိုးစားအားထုတ်၍ ထမ်းပါမည်။ သို့ကို သားသမီး၊ ဆင်၊ မြင်း တောင်းတော်မူသည်။ နောင်တော်ဘုရား သားတော် ပြည်သတိုးမင်္ဂရာဇာမှာ ခြားနားလေပြီးသည်ကို ငါတို့မှာ မဆိုသာပြီ"... **

ဤသို့ အမှတ်ရှိတော်မူကြ၍ တောင်ငူမင်းနှင့် ဇင်းမယ်မင်းတို့ အသီးသီးခြားနားကြလေသည်။ တောင်ငူနှင့် ဇင်းမယ်မင်းတို့ခြားနားသည်နှင့် တစ်ပြိုင်နက် ညောင်ရမ်းမင်းသည်လည်း မြို့ကို ခိုင်လုံအောင် စီရင်ပြီးလျှင် အလုံးအရင်းနှင့် သွင်း၍ အခိုင်အလုံနေလေတော့သည်။

ထိုအခါ ဟံသာဝတီမှာ လက်အောက်ခံမြို့ကြီး ပြကြီးမရှိတော့ဘဲ ထီးထီးသာ ကျန်လေတော့သည်။

**နတ်သျှင်ကိုယ်တော်၏ စည်းရုံးမှု။** ။ ဟံသာဝတီဘုရင်တွင် အားကိုးရာနည်းပါးသွားပြီကို သိသောအခါ တောင်ငူက တစ်စခန်းထရန် ကြံလေသည်။ ဟံသာဝတီကို တိုက်ရန်အရေးတွင် တောင်ငူသည် မဟာမိတ်ကို ရှာကြံလေသည်။ ထိုသို့ ရှာကြံရာ၌ ဇင်းမယ်၊ ပြည်၊ ညောင်ရမ်းစသည်တို့ကို အားကိုးအားထားပြု၍ မရနိုင်ကြောင်း သိသည်။ ထို့ကြောင့် ဝေးဝေးလံလံတွင် သီးသီးခြားခြား ရှိနေသော ရခိုင်ဘုရင် မင်းရာဇာကြီးကို မဟာမိတ်ဖွဲ့ရန် ပြုလေတော့သည်။

---

* ငါးဆူဒါယကာသည် အင်းဝဘုရင်နှင့် အရေးအခင်းဖြစ်တော့မည် ပြုစဉ်ကလည်း တောင်ငူမင်း မင်းခေါင်အား အင်းဝဘုရင်ဖက်သို့ မပါစေရန် သမီးတော် ၃ ပါး စလုံးကို ဟံသာဝတီသို့ တောင်းယူရန် မိဖုရားမြှောက်ခဲ့ဖူးသည်။ ထိုအကြောင်းကို ဦးကုလား မဟာရာဇဝင်ကြီး (တတိယအုပ်) ၇၁ တွင် ကြည့်ပါ။

** မဟာရာဇဝင်ကြီး (ဦးကုလား) တတိအုပ် ၉၆

တောင်ငူဘုရင်နှင့် သားတော် နတ်သျှင်ကိုယ်တော်သည် ထိုအကြံအစည်ကို သဘောကျကာ ရခိုင်ဘုရင်ခံသို့ အောက်ပါ 'ရွှေပေ-သဝဏ်လွှာ' ကို ရေးပြီးလျှင် ကျည်တောင်စားနှင့် ကင်းသာစားတို့ကို တမန်ပြု၍ စေလိုက်၏။

"ဟံသာဝတီကို ညှိ၍ လုပ်ကြံပါ၊ အရေးပြီးလျှင် ဆင်ကြီး, မြင်းကြီး, သမီးကညာပေးပါမည်။"*

တောင်ငူဘုရင်ထံမှ စေလွှာကို ရခိုင်ဘုရင် ရသောအခါ တမန်တော် ကျည်တောင်စားနှင့် ကင်းသာစားတို့ကို အကျိုးအကြောင်း မေးတော်မူသည်။ နောက်ဆုံးသဘောတော်ကြိုက်ညီ၍ ဟံသာဝတီကိုတိုက်ရန် ရခိုင်က ကူညီမည် ဟု ပြန်ကြားသည်။ တောင်ငူဘုရင်သည် ရခိုင်တို့ မိမိဖက်က ပါမည်ကို အားရတော်မူသော်ကြောင့် တမန်တော် ကျည်တောင်စားအား ဇေယျတမန် ဘွဲ့ဖြင့် ၄င်း၊ တမန်တော် ကင်းသာစားအား ရာဇတမန်ဘွဲ့ဖြင့် ၄င်း ချီးမြှင့်ကာ ဆုလာဘ် အသီးသီးပေးတော်မူ၏။

ကေတုမတီသည် ဟံသာဝတီကို ထောင်ထားရန်မျှသာမဟုတ်၊ တိုက်ခိုက်သိမ်းပိုက်ရန်ပင် တာစူနေပြီ ဖြစ်ပေတော့သတည်း။

❑

## ဟံသာဝတီနန်းဆက်ပျက်သုဉ်းခြင်း

ဟံသာဝတီထီးနန်းမှာ ယိမ်းယိုင် တုန်လှုပ်၍ နေချေပြီ။ ငါးဆူဒါယကာမင်းသည် အမှားများကို ကျူးလွန်တော်မူပြန်သည်။ မိမိ၏ လက်ရုံးတော်သဖွယ် အားကိုးရသူများကို မယုံသင်္ကာစိတ်ဖြင့် ဆက်တိုက် သုတ်သင်စေလေရာ ၉၅၈-ခုနှစ်တွင် သစ္စာရှိ ငယ်ကျွန်တော် 'သက်ရှည်ကျော်ထင်'အား အကြောင်းမဲ့ တံကျင်လျှိုစေသည်။ ဤသို့အားဖြင့် အင်အားဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်နေဆဲ··· တပေါင်းလသို့ ရောက်လတ်သော် ရခိုင်မင်းရာဇာကြီး၏ သားတော် အိမ်ရှေ့ဥပရာဇာသည် ကုရှပ်သမ္ဘာန် တိုက်လှေ ၅၀၀ ကျော်ခန့်နှင့် ချီတက်လာတော့သည်။ ရခိုင်မဟာဥပရာဇာသည် ဟံသာဝတီသို့

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ်၊ ၉၆-၉၇

မချီဘဲ သံလျင်ကို ဝိုင်းရံလုပ်ကြံကြသည်။ သံလျင်စားမခံနိုင်၍ ထွက်ပြေးလေလျှင် ရခိုင်ဥပရာဇာသည် သံလျင်မြို့ကို သိမ်းကာ အခိုင်အလုံ နေလေတော့သည်။

**နတ်သျှင်နောင်စစ်တပ်ခွန်လွှင့်ခြင်း။** ။ သက္ကရာဇ် ၉၅၉-ခု၊ တန်ခူးလတွင် တောင်ငူဘုရင် မင်းရဲသီဟသူသည် တပ်ပေါင်း ၇-တပ်၊ တိုက်ဆင် ၃၀၀၊ မြင်း ၅၀၀၀၊ စစ်သည်သူရဲ ၅၀၀၀၀နှင့် ကေတုမတီ တောင်ငူမှသည် ဟံသာဝတီသို့ စစ်တပ်ခွန်လွှင့်၍ လာသည်။ တပ်ဦးမှ ချီတက်လာသူကား သားတော်ကြီး နတ်သျှင်နောင်ပင် ဖြစ်၏။ ဟံသာဝတီမြို့တော် အနီး ကောလိယတွင် တောင်ငူတပ်သို့ အခိုင်အမာ စခန်းပြုကာနေသည်။ ထိုအခါ ဟံသာဝတီသားတို့ အနေအထိုင် ကျဉ်းမြောင်းလေ၏။

သက္ကရာဇ် ၉၆၀ အရောက်တွင် ဟံသာဝတီ ရွှေမြို့တော်သို့ ချဉ်း၍ ၃-ဖက်၊ ၃-တန်က ရံသည်။ တောင်ငူဘုရင် တပ်မက မြို့ရှေ့မှ ရံသည်။ သားတော်ကြီး နတ်သျှင်နောင်က မြို့မြောက်က ရံသည်။ ရခိုင် မဟာဥပရာဇာက မြို့တောင်ကရံသည်။ ထိုအခါ မြို့တွင်းသားတို့ အစားအသောက် ဆွံ့ရှား၍ မင်းဆွေ စိုးမျိုးအထင်အရှား တောင်ငူတပ်သို့ ဝင်လေသည်။

အိမ်ရှေ့မင်း မင်းရဲကျော်စွာ၏ ကျွန်တော်တို့ အရေးမခင်၊ အရေးမဆို၊ အရေးမထောက်၊ အရေးမရှာဘဲ၊ အင်းတရော်၊ အင်းကြည်၊ ဒိုင်း ၄၉၊ စို့သားနှင့် ဒိုင်းကောင်းအမည်ရ တစ်ကျိပ်တို့သည် မည်သည့်ဖက်မှမဝင်ဘဲ အင်းဝသို့ ထွက်ပြေးတိမ်းရှောင်သည်။ အိမ်ရှေ့မင်းမှာ အားကိုးမဲ့လျက် အကြံရခက်သွားသည်။ ထို့ကြောင့် တောင်ငူမင်းထံ 'စည်းစိမ်မပျက်၊ အသက်မသေနေရပါလျှင် ဝင်ပါတော့မည်' ဟု စေသည်။ တောင်ငူမင်းက လည်း၊ 'ဝင်ခဲ့တော့၊ ငါ့သမီးနှင့် စုံဖက်၍ သူကောင်းပြုမည်' ဟု မှာတော်မူ၏။ ဤတွင် အိမ်ရှေ့မင်း မင်းရဲကျော်စွာသည် ခမည်းတော် ငါးဆူဒါယကာကိုမှ တိုင်ပင်လျှောက်ကြားခြင်း မရှိဘဲ ကိုယ်လွတ်ရုံးကာ တောင်ငူတပ်သို့ ဝင်လေသည်။

**အိမ်ရှေ့မင်းကို ကွပ်တော်မူခြင်း။** ။ တောင်ငူဘုရင် မင်းရဲသီဟသူသည် အညံ့ခံဝင်လာသော ဟံသာဝတီအိမ်ရှေ့မင်း မင်းရဲကျော်စွာကို အလုပ်အကျွေး မိန်းမ ယောကျ်ား ၃-ကျိပ်ကျော်နှင့် တောင်ငူသို့ ပို့လေသည်။ နတ်သျှင်ကိုယ်တော်သည် နိုင်ငံတွင် ဤမျှ ဆိုးသွမ်းကာ စာရိတ္တပျက်လှသူ မင်းရဲကျော်စွာ

အား အရှင်ထားလျှင် အရေးပျက်တော့မည်ဟု တွေးဆ၍ မယ်တော် တောင်ငူ မိဖုရားထံစေကာ မင်းရဲကျော်စွာကို ကွပ်ဖို့ ခမည်းတော်သီတော် မမူစေရဘဲ အမှတ်ပြုသည်။

ဤသို့အားဖြင့် ဟံသာဝတီ မဟာဥပရာဇာ မင်းရဲကျော်စွာမှာ တောင်ငူနတ်သျှင်နောင်၏ လက်ချက်ဖြင့် တောင်ငူ၌ နတ်ရွာစံတော်မူလေသည်*

**ဟံသာဝတီကို အောင်ခြင်း။** ။ ဟံသာဝတီမင်း ငါးဆူဒါယကာသည် သားတော် အိမ်ရှေ့စံ မင်းရဲကျော်စွာ တောင်ငူတပ်သို့ ဝင်လေကြောင်း သိတော်မူသောအခါ အားလျော့လိုက်လေတော့သည်။

"ငါကား ငါ့သားအဖို့ ဟူ၍ ရုံးစုပါသည်။ ငါ့သားပင် တစ်ဖက်ပြုချေသော်၊ ငါ့စည်းစိမ်ကို ငါ့ညီယူပါစေတော့၊ ငါမူကား (တောင်ငူ) မြတ်စောညီနောင် ခြေတော်ရင်းမှာ သီတင်းသုံး၍ နေပါတော့မည်"

ဤသို့သော အညံ့ခံစကားကို ရသောအခါ တောင်ငူဘုရင်သည် မြို့ကြီးစားနှင့် မြို့လုစားတို့ကို ဟံသာဝတီမြို့တွင်းသို့ ဝင်စေကာ စီးတော်ဆင်မှစ၍ ဆင်အပေါင်းကို သိမ်းယူစေပြီး အမှုးအမတ်တို့ကို တပ်တော်သို့ ခေါ်၍ သစ္စာပေးသည်။ ထို့နောက် သူရဲသူခက်တို့ကို သစ္စာပေးသည်။ ရွှေနန်းတော် ပတ်ဝန်းကျင်ကို တောင်ငူရဲမက်ချည်း ဝန်းရံ၍ နေစေသည်။ အားလုံးပြီးစီးလျှင် ဆင်လုံးမြင်းရင်း ခြံရံလျက် တောင်ငူဘုရင်သည် ဟံသာဝတီရွှေနန်းသို့ တက်တော်မူလေသည်။

**ရခိုင်သို့ လက်ဆောင်ဆက်ခြင်း။** ။ ဟံသာဝတီကို အောင်မြင်သောအခါ တောင်ငူဘုရင် မင်းရဲသီဟသူသည် ကတိစကား ထားရှိခဲ့သည့်အတိုင်း ရခိုင်ဘုရင်ကို လက်ဆောင်ဆက်ရန် ပုဆိုး, ခါသာ, မိုင်းလုံး ရွှေဖျင်တို့ကို ရခိုင်တပ်သို့ ပို့စေသည်။ ထို့နောက်မှ ဆင်ဖြူတစ်စီးနှင့် ဟံသာဝတီရှင်မိဖုရား၏ သမီးတော် ခင်မနှောင်းအား မိဖုရားကြီးတို့၏ အဆောင်အယောင်နှင့် ရခိုင်တပ်သို့ပို့ စေသည်။ (ထိုအချိန်က ရခိုင်ဘုရင် မင်းရာဇာကြီးမှာ သက်တော် ၆၀-ကျော်ပြီဖြစ်၍ ဟံသာဝတီမင်းသမီး ခင်မနှောင်းမှာ သက်တော် ၂၀-ကျော် မျှသာ ရှိသေးသည်။)

---

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ်၊ စာမျက်နှာ ၉၈-၉၉ တွင် ရှုပါ။

**တောင်ငူပါမင်းတရား။** ။ တောင်ငူဘုရင်သည် မိမိထံတော်သို့ အညွှံခံခဲ့သော နန်းကျဟံသာဝတီဘုရင် ငါးဆူဒါယကာနှင့် မိဖုရားခေါင်ကြီး တို့ကို အလုပ်အကျွေး ကိုယ်လုပ် ၃-ကျိပ်ပေး၍ အမှုးအမတ်အပေါင်း ဝန်းရံစေကာ ဝေါဖြင့် တောင်ငူသို့ပို့ စေလေသည်။ တောင်ငူသို့ ရောက်လျှင် ရေတဲတော် မြောက်တွင် သာယာလှသော တဲတော် ၂-ဆောင် ဆောက်၍ ကောင်းမွန်စွာ နေတော်မူရသည်။ ဟံသာဝတီမင်းအား တောင်ငူသို့ ရောက်၍ တောင်ငူရောက်မင်းတရား ဟုလည်း ခေါ်ဝေါ်ကြသည်။

ဟံသာဝတီအရေးမှာ သက္ကရာဇ် ၉၆၁-ခု၊ ပြာသိုလဆန်း ၄-ရက်၊ တနင်္ဂနွေနေ့တွင် ပြီးပြေလေသည်။

## ယိုးဒယားနှင့် ရခိုင်အရေး

ဟံသာဝတီအရေးပြီးပြေပြီဟု ဆိုသော်လည်း နောက်ဆက်တွဲအဖြစ် ရာဇဝင်တွင် စာတင်ရမည့်ကိစ္စများ မြောက်များစွာထွက်ပေါ်လာခဲ့သည်။

ဟံသာဝတီတွင် ဖြစ်ပျက်ခဲ့သည့် အရေးအခင်းတို့ကို ကြားသောအခါ ယိုးဒယားဘုရင် ဗြနရာဇ်သည် အချက်ပေါ်ပြီဟု ယူဆကာ စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ချီတက်လာလေသည်။ ထိုအခါ တောင်ငူဘုရင်သည် ယိုးဒယားရန်အား ဟံသာဝတီမှခံ၍ တိုက်ရအံ့လော၊ တောင်ငူသို့ ပင်ပြန်ကာခံရမည်လောဟု အမှုးအမတ်တို့နှင့် တိုင်ပင်တော်မူ၏။ ထိုအခါ နန္ဒကျော်ထင်ဆိုသူက 'တောင်ငူသို့ ပြန်ကာခံသင့်သည်။ ဟံသာဝတီတွင် ရခိုင်မင်းကို အလစ်အလပ်ကြည့်၍ လုပ်စေရမည်'ဟု အချက်အလက်နှင့်တကွ တင်ပြရာ တောင်ငူဘုရင် သဘောကြိုက်ညီပြီး တောင်ငူသို့ ပြန်လည်ကြွချီသည်။ ဟံသာဝတီမှ လူမျိုးပေါင်းစံကို တောင်ငူသို့ သွင်းသည်။ တောင်ငူသို့ သက္ကရာဇ် ၉၆၁-ခု၊ တပေါင်းလပြည့်ကျော် ၅-ရက်နေ့၌ ရောက်တော်မူလျှင် ကျုံးမြောင်းပြင်ကာ မြို့ထိပ်၌ အမြောက် စိန်ပြောင်းဆင်ပြီး ခံတော်မူသည်။

**ယိုးဒယားတပ်တောင်ငူသို့ ချီခြင်း။** ။ ယိုးဒယား-ဗြနရာဇ်သည် တောင်ငူသို့ ချီကာ ကျွဲမကူးချောင်း အရောက်တွင် တပ်ခိုင် တပ်လုံတည်သည်။ ယိုးဒယားဘုရင်သည် တောင်ငူမင်းထံ အောက်ပါစာသဝဏ်ကို စေသည်။

"တောင်ငူမင်းကို စစ်ပြုမည်ဟူ၍ ကျွန်ုပ်မလာ၊ ဟံသာဝတီဘုရင်ကို ဘုရားကဲ့သို့ ကိုးကွယ်ချင်သောကြောင့် တောင်းမည်ဟူ၍ သာလာသည်" ...

ယိုးဒယား၏ စာသဝဏ်ကို တောင်ငူမင်းက အောက်ပါအတိုင်း ပြန်ကြားလေသည်။

"နောင်တော်ရှင်ဘုရင်ကို ယိုးဒယားမင်းသာ ဘုရားကဲ့သို့ ကိုးကွယ်ချင်သည်မဟုတ်၊ ငါလည်း ဘုရားကဲ့သို့ ကိုးကွယ်ချင်၍ တောင်ငူသို့ ယူထားသည်။ မပေးသာ" ...

ဤသို့ အပေးအယူ မညီမျှကြသဖြင့် ယိုးဒယား-ဗြနရာဇ်သည် ဟံသာဝတီဘုရင်ကို မရမနေဟု ဆုံးဖြတ်ကာ တောင်ငူကို တိုက်လေတော့သည်။

**ဗြနရာဇ်နှင့် နတ်သျှင်ကိုယ်တော်။** ။ ဗြနရာဇ်သည် ကေ်ပါဒ ဗျူဟာခေါ် ကျီး၏ ခြေထောက် သဏ္ဍာန်ကဲ့သို့ စစ်ချီ၍ လာသည်။ ယိုးဒယားတပ်အင်အားမှာ ဆင် ၆၀၀၊ မြင်း ၇၀၀၀၊ စစ်သည်ရဲမက် ၂၀၀၀၀၀ ပါသည်။ ကေ်ပါဒဗျူဟာအရ ဗြနရာဇ်သည် မိမိ၏ မင်းတပ်မကို အလယ်၌ ထားကာ ရှေ့တပ် ၃-သွယ်ထားလျက် နောက်ထပ် ၁-သွယ်ထား၍ စစ်ဆင်ခြင်းဖြစ်သည်။ ရှေ့တပ် ၃-သွယ်အနက်ဝဲ-ယာ တပ်တို့တွင် စစ်ကဲသို့ ကြီးမှူးစေ၏။

နတ်သျှင်ကိုယ်တော်မှာ သက်တော် ငယ်ရွယ်သော်လည်း သေနင်္ဂဗျူဟာအရာ၌ ပြိုင်ဖက်မရှိ တက်ကျွမ်းပြီးဖြစ်၏။ ထို့ကြောင့် စစ်ခံခြင်း ၆-ပါးတွင် တစ်ပါးပါသည့် 'ကေ်ပါဒဗျူဟာ'အား 'မကာရဗျူဟာ' မကန်းကွက်ကဲ့သို့ စစ်ထိုးခြင်းဖြင့် ဖျက်ရမည်ကို သိပြီးဖြစ်သည်။

ထို့ကြောင့် နတ်သျှင်ကိုယ်တော်သည်၊ မိမိကအလယ်တပ်မ၊ ညီတော်မင်းရဲကျော်စွာက စစ်ရင်း၊ ညီတော်သီဟသူကို စစ်ဖျားထားကာ၊ တိုက်ဆင် ၄၀၀၊ မြင်း ၄၀၀၀၊ ရဲမက် ၄၀၀၀၀ ဖြင့် တပ် ၄-ခု လေးတန်ချပြီး မကာရဗျူဟာဖြင့် စစ်ထိုးလေသည်။ ထိုအခါ ဗြနရာဇ်၏တပ်များ ဝက်ဝက်ကွဲအောင် စစ်ရှုံးရကာ နတ်သျှင်ကိုယ်တော်သည် သုံ့ပန်း၊လက်နက်၊ ဆင်မြင်း မြောက်မြားစွာရပြီး အောင်ပွဲခံလေသည်။*

---

* ဤတိုက်ပွဲကို အမတ်ကြီးလက်ဝဲသုန္ဒရကိုယ်တိုင် သူ၏ ဗျူဟာစတ္တိ ဖို့တွင် ချီးကျူးရေးသားထားခဲ့သည်။ အကျယ်ကို သေနင်္ဂဗျူဟာ စစ်သမိုင်း၊ (တည်း-ဗိုလ်မှူးဘသောင်း) စာမျက်နှာ ၉၄-၁၀၁ တွင် ကြည့်ပါ။ မြန်မာ့ စစ်မှတ်တမ်းများနှင့် သေနင်္ဂဗျူဟာများ (ဦးစိန်လွင်လေး)တွင်လည်း အကျယ်ကို ရှုပါ။

**ဟံသာဝတီနန်းမီးသင့်ခြင်း။** ။ ဟံသာဝတီနန်းတော်ကို စောင့်ကြပ်ကျန်ရစ်ခဲ့သော ရခိုင်မင်းသည်၊ ယိုးဒယားမင်းချီလာသည်ကို ကြားစကပင်၊ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင် ဆောက်လုပ်တော်မူခဲ့သည့် ရွှေနန်းတော်ကြီး၊ ကျောင်းကြီး၊ အိမ်ကြီးများ အားလုံးကို မီးတိုက်လေသည်။

ဤသို့အားဖြင့် ရာဇဝင်တွင် စာတင်ခဲ့ရကာ၊ အနောက်နိုင်ငံသားတို့ကပင် အံ့ဩမကုန်ဖြစ်ခဲ့ရသော ဟံသာဝတီရွှေနန်းတော်သစ်ကြီးမှာ သင်္ခါရဓမ္မတရားကို မလွန်ဆန်နိုင်ရှာဘဲ ပြာပုံဘဝသို့ ရောက်ခဲ့ရပေသတည်း။

ဝမ်းနည်းကြေကွဲဖွယ် ကောင်းလေစွတကား။

**ဟံသာဝတီဘုရင် နတ်ရွာစံခြင်း။** ။ တောင်ငူရောက်ဟံသာဝတီမင်း ငါးဆူဒါယကာ သက်တော်ထင်ရှား ရှိနေခြင်းအတွက် နတ်သျှင်ကိုယ်တော်သည် နောင်ရေးကို စိတ်မအေးဘဲ ရှိနေသည်။ ယိုးဒယားတပ်များ ဆုတ်ခွာသွားပြီးနောက် နတ်သျှင်ကိုယ်တော်သည် ခမည်းတော်အား ဤသို့လျှောက်သည်။

"ဟံသာဝတီရှင်ဘုရင်ကို အရှည်ထားတော်မူလျှင် အရေးတော်လစ်လပ်ချိမ့်မည်။ ရန်စကိုဖြတ်ရမှ သင့်မည်ထင်သည်"

နတ်သျှင်၏စကားကို ခမည်းတော်က ဤသို့အကြောင်းပြကာ မြစ်တား၏။

"နောင်တော်ကို ပြည်ထဲအရေးမြင်၍ ငါလုပ်ကြံတော်မူသည်။ ရန်ငြိုးထား၍ လုပ်ကြံတော်မူသည် မဟုတ်။ နောင်တော်ကို ဘုရားတစ်ဆူဂူတစ်လုံးကဲ့သို့ ငါမှတ်တော်မူသည်။ ယနေ့မှစ၍ သည်စကားကို မလျှောက်နှင့်"*

နတ်သျှင်ကိုယ်တော်သည် ခမည်းတော်ကို လျှောက်ထား၍ မရမှန်းသိသောအခါ မယ်တော်မိဖုရားနှင့်တိုင်ပင်သည်။ ထိုနောက်သက္ကရာဇ် ၉၆၂-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့တွင် ခမည်းတော် မသိရအောင်၊ ဟံသာဝတီမိဖုရားတဲတော်သို့ အကူးတွင် ညဉ့်ကို လုပ်ကြံ၍ အနိစ္စရောက်ရှာသည်။

ဤသို့လျှင် ဟံသာဝတီ ဆင်ဖြူများရှင်၏ သားတော်ကြီး၊ ဟံသာဝတီမင်း ဧကရာဇ်၊ ငါးဆူဒါယကာနန္ဒဘုရင်သည် ဘုရင်ကျအဖြစ် တောင်ငူတွင်

---

* မဟာရာဇဝင်ကြီး (ဦးကုလား)တတိယအုပ် ၁၀၂

သိမ်ငယ်စွာ စံစားစဉ် သက်တော် ၆၆-နှစ်၌ နတ်သျှင်ကိုယ်တော်နှင့် မယ်တော်တောင်ငူမိဖုရားတို့၏ အကြံအစည်ဖြင့် ရေတိမ်နစ်ကာ နတ်ရွာလား ရှာလေသတည်း။

"တက်ကြွားကြွကြွ၊ မြင့်လွန်းကလည်း သောကနောက်ဆုံးရှိချေ၏။"

## ဘုရင့်နောင်မင်းတရားကြီး၏ပိုင်နက်ကွဲပြားခြင်း

ယင်းသို့သောအခါ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး၏ နိုင်ငံတော်များဖြစ်သော…

သရေခေတ္တရာ ပြည်ကြီး။
ကေတုမတီ ပြည်ကြီး။
ရတနာပူရ ပြည်ကြီး။
ကလေး ပြည်ကြီး။
သောင်သွပ် ပြည်ကြီး။
မိုးကောင်း ပြည်ကြီး။
မိုးညှင်း ပြည်ကြီး။
ဗန်းမော် ပြည်ကြီး။
မိုင်းမော ပြည်ကြီး။
စည်ခွင် ပြည်ကြီး။
ဟိုသာ ပြည်ကြီး။
လာသာ ပြည်ကြီး။
စန္ဒား ပြည်ကြီး။
မိုင်းဝန်း ပြည်ကြီး။
မိုင်းလျဉ်း ပြည်ကြီး။
ကိုင်းမား ပြည်ကြီး။
သန္နီ ပြည်ကြီး။
မိုးမိတ် ပြည်ကြီး။
အုန်းပေါင် ပြည်ကြီး။
သီပေါ ပြည်ကြီး။

ညောင်ရွှေ ပြည်ကြီး။
မိုးနဲ ပြည်ကြီး။
ကျိုင်းတုံ ပြည်ကြီး။
ကျိုင်းရုံး ပြည်ကြီး။
ဧင်းမယ် ပြည်ကြီး။
လင်းဧင်း ပြည်ကြီး။
အကျော် ပြည်ကြီး။
လဝိုက် ပြည်ကြီး။
ယိုးဒယား ပြည်ကြီး။
တနင်္သာရီ ပြည်ကြီး။
ဒဝယ် ပြည်ကြီး။
မုတ္တမ ပြည်ကြီး။

သည့်တိုင်းကြီး ပြည်ကြီးအပေါင်း ထီးဆောင်းမင်းတကာတို့သည် အသီးသီးသောင်းကျန်း ခြားနားကြလေသည်။*

## တောင်ငူရွှေနန်းပန်ခြယ်ဆန်း

ဟံသာဝတီကို အောင်တော်မူပြီးနောက်၊ တောင်ငူဘုရင် မင်းရဲသီဟသူသည် တောင်ငူရွှေနန်းတော်သစ်ကို တည်ထောင်တော်မူသည်။

သက္ကရာဇ် ၉၆၄-ခု၊ နတ်တော်လဆန်း ၈-ရက်၊ ကြာသပတေးနေ့ နက္ခတ် ၂၃-လုံး၊ ၆-ဃဋီ၊ မကာရစန်း၊ တူလဂ်၊ ညဉ့် ၃-ချက်တီးကျော်တွင် တောင်ငူ-ကေတုမတီ ရွှေနန်းကို တည်ထောင်သည်။

သက္ကရာဇ် ၉၆၄-ခု၊ တန်ခူးလဆန်း ၁၀-ရက်၊ သောကြာနေ့၊ နက္ခတ် ၆-လုံး၊ ၁၅-ဃဋီ၊ မေထုန်စန်း၊ ကုံလဂ်နှင့် တကွ ညဉ့် ၃-ချက်တီးကျော်တွင် ရှင်မိဖုရားခေါင်ကြီးနှင့် နန်းတက်တော်မူသည်။ နန်းမြို့တော်ကို 'သာရဒီပ-အောင်ချာဝတီ'၊ အရှေ့တခါးကို ဥဒေတိဝဍ္ဎန၊ တောင်တံခါးကို ကောင်းမှုမော်ကွန်း၊ အနောက်တံခါးကို ဇေယျဆာယာ၊ မြောက်တံခါးကို သီဟဝိဇယ၊ သမိုက်တော်မူသည်။ ဘွဲ့တော်ကိုလည်း မင်းရဲသီဟသူမှ မဟာဓမ္မရာဇာသို့ ပြောင်း၍ ခံတော်မူသည်။ ရှင်မိဖုရားမှာကား အတုလအဂ္ဂမဟာ ဒေဝီအမည်တော်ကို ခံတော်မူ၏။

---

* မဟာရာဇဝင်ကြီး (ဦးကုလား) ၁၀၅-၁၀၆

တောင်ငူရွှေနန်းတည် မင်းတရားသည် သားတော်အကြီးနတ်သျှင်နောင်ကို ဥပရာဇာဟူသောအမည်ဖြင့် အိမ်ရှေ့မိဖုရား ဖြစ်ဖူးလေပြီးသော ဇင်းမယ်ဘုရင် နှမတော်ဓာတုကလျာနှင့် စုံဖက်တော် မူသည်။ ဟံသာဝတီအိမ်ရှေ့မင်းအဆောင်အယောင်နှင့်တကွ ဒိုင်းစု၊ သင်းစု၊ မြင်းစုလည်း ပေးတော်မူသည်။

## နတ်သျှင်ကိုယ်တော်နှင့် ဓာတုကလျာ

"နှစ်ကိုယ်သစ္စာ၊ အဟိုမေတ္တာ၊ မြဲအောင်သာ၊
ကေသာလေမြတ်ဖျား၊ တင်ဦးထား၊
နှစ်ပါးကျိန်သစ္စာ၊ စုလျားတဲ့ရစ်ခွေကာ၊
သေချာလေ မှန်ကြောင်းလျား၊
တူနှစ်ကိုယ် ချစ်ရေးတော်ထား၊
ရွှေစာလေနှစ်ပြား၊ စုလျားတဲ့ဂဟော၊
ဆော်မြဲပ-မှန်ပုံသေ"...

သစ္စာတိုင်-ပတ်ပျိုး

တောင်ငူ ရွှေနန်း ကြငှန်း ရောင်ဝေ မြတ်ကနက်ဗွေဝယ်၊ သစ္စာတော်ဖွေတော်မူကြသည့် မဟာဥပရာဇာ အိမ်ရှေ့ကိုယ်တော် နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ စုဖုရားတို့မှာ ရွှေမေတ္တာပန်းကို ဆင်ကာ ပျော်တော်မူကြရပေပြီ။

ထိုအချိန်တွင် ရာဇဓာတုကလျာ စုဖုရားမှာ သက်တော် ၄၃ နှစ်ရှိတော်မူပြီဖြစ်၏။ မဟာဥပရာဇာ နတ်သျှင်ကိုယ်တော်မှာကား သက်တော် ၂၅ နှစ်သာ ရှိတော်မူပေသေးသည်။

'ချစ်မေတ္တာ' ဟူရာတွင် အသက်သည်၄င်း၊ အရွယ်သည် ၄င်း၊ ဂုဏ်သည် ၄င်း၊ ဆွေတော်မျိုးတော် ဝါသည်၄င်း၊ အရေးမဟုတ်ကြ။ ချစ်မေတ္တာဟူသည့် အခက်အခဲ ဟူသမျှကို ကျော်လွှားနိုင်သည်သာ ဖြစ်၏။

အပျိုစင်လည်းမဟုတ်၊ မုဆိုးမဘဝ အရွယ်တော် ကျစပြုပြီ ဖြစ်သော်လည်း ရာဇဓာတုကလျာ စုဖုရားအား၊ မင်းပျိုမင်းလွင် မဟာဥပရာဇာ နတ်သျှင်ကိုယ်တော်က မြတ်နိုးတော်မူသည်ကို အံ့ဩဖွယ်ပင်ဖြစ်ပါပေသတည်း။

မောင်မယ် နှစ်ပါး၏ ရွှေမေတ္တာကို ကျွန်တော်သည် ဤကဲ့သို့ပင် ဝှဲချီးတမာ-ဂုဏ်ပြုအပ်ပါသတည်း။

□□□

## အစီရင်ခံလိုပါသည်

နတ်သျှင်ကိုယ်တော်နှင့် ရာဇဓာတုကလျာ စုဖုရားတို့၏ အတ္ထုပ္ပတ္တိကို ဤတွင် ခေတ္တရပ်နားကာ၊ နတ်သျှင်ကိုယ်တော်၏ "ရတု-စာတော်" များကို ဖော်ပြခွင့်ပြုပါရန် အစီရင်ခံလိုပါသည်။ နတ်သျှင်ကိုယ်တော်နှင့် ရာဇဓာတုကလျာတို့ မေတ္တာအေးရိပ်တွင် ခွေးသိပ်နေဆဲ ကဗျာ အဆီအနှစ် ရသာခဲများဖြစ်ကြသော ရတုစာတော်များကို ဖတ်ရှုလေ့လာခြင်းဖြင့် အပန်းဖြေတော်မူကြပါ။

ရတု ကဗျာများ၏ နောက်ပိုင်းတွင် ကံဇာတ်ဆရာ၏ စီမံခြယ်လှယ်မှုအရ ကြေကွဲဖွယ်၊ တသဖွယ်၊ သနားဖွယ် ဇာတ်လမ်းတို့ဖြင့် ပြီးပြွမ်းနေသော နတ်သျှင်ကိုယ်တော်မောင်နှံ၏ အတ္ထုပ္ပတ္တိဇာတ်လမ်းကို ဆက်လက်တင်ဆက်ပါမည် ခင်ဗျား။

## ရတုများကို တည်းဖြတ်ခြင်း

နတ်သျှင်နောင်၏ ရတုစာတော်များကို တည်းဖြတ်ရာ၌ အောက်ပါ စာအုပ်စာတမ်းများကို ကိုးကားညှိနှိုင်းပါသည်။ အပင်ပန်းခံကာ စာမူများကို တစ်စောင်နှင့်တစ်စောင် တိုက်ဆိုင်ပြီးမှ မူအသန့်ဆုံးဖြစ်စေရန် ကြိုးစားထားပါသည်။ မူကွဲများကိုမူ ဂျမ်းလေးမည်စိုးသောကြောင့် မပြသာတော့ပါ။ ကျွန်တော် ဝိဇ္ဇာဂုဏ်ထူးတန်းတွင် တက်ရောက်သင်ကြားခဲ့ရစဉ်က ခံယူခဲ့ရသော ပါမောက္ခကြီး ဦးဖေမောင်နှင့် ကထိက ဦးကျော်ရင်တို့၏ အာဘောဂများကို တာသဝေမတိမ်းလိုက်နာကာ ဤရတုများကို တည်းဖြတ်ထားပါသည်။ မူကွဲများကို မပြသာခြင်းကို ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံပါသည်။


*စိန်လှိုင်လေး*

*တည်းဖြတ်သူ*

# တောင်ငူဘုရင် နတ်သျှင်နောင်

## ဆို

# ရတု–စာတော်များ



## ကိုးကားညှိနှိုင်းသောကျမ်းများ

၁။ နတ်သျှင်နောင်ဆိုရတု၊ (သုတေသနမူ)
တည်းဖြတ်သူ ပါမောက္ခ-ဦးချမ်းမြ
ပြည်ကြီးမဏ္ဍိုင်တိုက်။ ၁၃၀၁ ခု(ခန့်)ရိုက်။

၂။ တောင်ငူဘုရင် နတ်သျှင်နောင်ဆိုရတု။
(ဟံသာဝတီမူ)၊ ၁၉၂၀ ခုနှစ်ရိုက်။

၃။ နတ်သျှင်နောင် ရတုပေါင်းချုပ်။
(ဟံသာဝတီမူ)၊ တည်းဖြတ်သူ-ဦးအုန်းရွှေ၊
၁၉၆၆ ခုနှစ်ရိုက်။

၄။ တောင်ငူမင်းဆို ရတုစာတော်နှင့် ရှင်ဥတ္တမသမာလာ
အဖြေ။ မြန်မာ့ကြက်သရေပုံနှိပ်တိုက်၊
၁၉၂၀ ခု ရိုက်။

၅။ တောင်ငူမင်းဆို ရတုပိုဒ်စုံအဖြေ။
သံတော်ဆင့်ဦးတိုး၊ ဟံသာဝတီတိုက်၊ ၁၈၉၉ ခု။

၆။ ပေါရာဏဒီပနီကျမ်း၊ ပတွဲ၊ တတိယနှိပ်။
မော်ပီဆရာသိန်းကြီး။ ၁၂၉၂ ခုရိုက်။
(စာမျက်နှာ ၁၉၆)။

၇။ ကဗျာသာရတ္ထသင်္ဂြိုဟ်၊
ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ကျော်လင်း
စာနယ်ဇင်း၊ (စာမျက်နှာ ၂၉၀-၂၉၇)။

၈။ ကဗျာဗန္ဓသာရကျမ်းရင်း၊ တတိယနှိပ်ခြင်း။
ပုဂံဝန်ထောက်မင်းဦးတင်၊ အမျိုးသားပုံနှိပ်တိုက်။
၁၂၉၁ ခုရိုက်။ (စာမျက်နှာ ၁၃၁-၁၃၂)

၉။ မင်းနဝဒေးဆို ရတုပေါင်းချုပ်။ ပိဋကတ်တော် ပြန့်ပွားရေးဌာန။
တည်းဖြတ်သူ-ဟံသာဝတီဦးဘရင်၊
(စာမျက်နှာ ၁၃၉-၁၄၀)။

၁၀။ ဘာချာသိပ္ပ ဝိစိတြကဗျာရာသီ။ ဒုအကြိမ်နှိပ်။
လယ်တီမဏ္ဍိုင်။ ၁၃၂၁ ခု။
(စာမျက်နှာ ၁၂၀-၁၂၂)

၁၁။ ကဝိဘာရတီကျမ်း (ဒုတိယတွဲ)
ပုပ္ပါးဦးကျော်ရင်၊ ဟံသာဝတီပုံနှိပ်တိုက်။
၁၉၃၇ ခု၊ (စာမျက်နှာ ၃၉၀-၃၉၂)။
၁၂။ ကဗျာညွှန့်ပေါင်း၊ (ပထမတွဲ)
အယ်ဒီတာ ဆရာရွှေ။ ရန်ကုန်စတိုးနှင့် ပုံနှိပ်တိုက်။
၁၂၈၆ ခု။ (စာမျက်နှာ ၁၀၉-၁၁၃)
၁၃။ ကဗျာသင်္ဂဟမေဒနီ၊ ထပ်မံပုံနှိပ်။ ပညာအုပ်မင်း
ဦးလွင်၊ ဟံသာဝတီတိုက်။ ၁၉၆၆ ခု၊
(စာမျက်နှာ ၈၁-၈၂၊ ၉၃၊ ၁၅၈-၁၅၉၊၁၈၈-၁၉၀၊ ၁၉၉-
၂၀၀၊ ၂၀၉-၂၁၀)
၁၄။ စာပေလောက၊ ဆရာဇော်ဂျီ-ဆရာမင်းသုဝဏ်၊
ဟံသာဝတီ၊ ၁၉၄၉ ခု။ (စာမျက်နှာ ၇၉-၈၄)
၁၅။ စစ်ထွက်စာဆိုများ၊ (ဟံသာဝတီ ဦးဘရင်)
စာပေဗိမာန်၊ ၁၉၆၆ ခု၊ (စာမျက်နှာ ၂၆-၃၂)

## အခန်း-၁၊ဘုရားတိုင်ရတုများ

ရတုတံခွန်စိုက် တောင်ငူဘုရင်နတ်သျှင်နောင် သီကုံးဖွဲ့ဆိုခဲ့သော 'ဘုရားတိုင်ရတု' ပုဒ်ရေပေါင်း မြောက်မြားစွာရှိသည့်အနက် ယခုအခါ ပိုဒ်စုံရတုပုဒ်ရေ ၂၀ကိုသာ ရှာဖွေတွေ့ရှိရသည်။ နတ်သျှင်ကိုယ်တော် ဖွဲ့ဆိုခဲ့သော ဘုရားတိုင်ရတုများမှာ လက်ရှိစာရင်းအရ အောက်ပါအတိုင်း ဖြစ်ကြသည်။

| | | |
|---|---|---|
| ၁။ | မုဋ္ဌော ဘုရားတိုင် | ၁ ပုဒ် |
| ၂။ | ကျောက်ဆောက် ဘုရားတိုင် | ၁ ပုဒ် |
| ၃။ | သကျမဥ္ဇူ ဘုရားတိုင် | ၄ ပုဒ် |
| ၄။ | မြတ်စောညီနောင် ဘုရားတိုင် | ၂ ပုဒ် |
| ၅။ | မြတ်သိတင် ဘုရားတိုင် | ၂ ပုဒ် |
| ၆။ | ချောင်းမ ဘုရားတိုင် | ၁ ပုဒ် |
| ၇။ | ကျိုက်ကို ဘုရားတိုင် | ၁ ပုဒ် |

| | | |
|---|---|---|
| ၈။ | သံလျင်ကျိုက်ခေါက် ဘုရားတိုင် | ၁ ပုဒ် |
| ၉။ | တောင်ငူရွှေဆံတော် ဘုရားတိုင် | ၁ ပုဒ် |
| ၁၀။ | ဟံသာဝတီရွှေမောဓော ဘုရားတိုင် | ၁ ပုဒ် |
| ၁၁။ | မြင်ထင် ဘုရားတိုင် | ၁ ပုဒ် |
| ၁၂။ | မြင်ထင်မြင်ပေါ် ဘုရားတိုင် | ၁ ပုဒ် |
| ၁၃။ | စွန်းတောင်း ဘုရားတိုင် | ၁ ပုဒ် |
| ၁၄။ | ယပ်စောက် ဘုရားတိုင် | ၁ ပုဒ် |
| ၁၅။ | အင်းဝ-ရွှေစည်းခုံ ဘုရားတိုင် | ၁ ပုဒ် |

နတ်သျှင်ကိုယ်တော် တိုင်တည်ဖွဲ့ဆိုခဲ့သော ဘုရားများတွင် လူသိနည်း၍ တိမ်မြုပ်နေသော ဘုရားများ၏ တည်ရာဌာနနှင့် ဘုရားသမိုင်း အကျဉ်းချုပ်ကို သုတဂဝေသီ ပုဂ္ဂိုလ်များအတွက် အကျိုးပွားစေရန် စေတနာဖြင့် ဖော်ပြလိုပါသည်။

## ၁။ မုဋ္ဌောကျောက်ဆောက်ညီနောင်ဘုရား

တောင်ငူမြို့အနောက်ဖက် တာ ၁၀၀၀၀ အကွာ ခပေါင်းချောင်းနားတောင်ထိပ်တွင် တည်ရှိတော်မူသည်။ လက်ဦးဒါယကာမှာ မဇ္ဈိမဒေသမှ သီရိဓမ္မာသောက မင်းတရားကြီးဖြစ်သည်၊ သီရိဓမ္မာသောကမင်းတရားကြီးသည် သံသရာဝဲဩဃမှ ထွက်မြောက်လိုသည့် စေတနာမွန်ဖြင့် လမင်းစန္ဒာရာဟုခံတွင်းမှ လွတ်ကင်းသည့်အချိန်တွင် စေတီပေါင်း ၈၄၀၀၀ ကို တစ်ပြိုင်နက် တည်တော်မူခဲ့သည်။ ယင်းစေတီတော်များအနက် မုဋ္ဌောကျောက်ဆောက် ညီနောင်စေတီတော် နှစ်ဆူလည်းပါဝင်၏။ ယခုအခါ 'ရှင်ပင်ကျောက် ဆောက် စေတီ' ဟု ခေါ်ကြသည်။ တောင်ငူရာဇဝင်တွင် ကရင်ဘတည်သည် ဟု အဆိုရှိ၏။ လုံးပတ်သံတောင် ၁၄၊ အရပ်သံတောင် ၉ စီရှိသည်။

## ၂။ သကျမဥ္စူဘုရား

သကျမဥ္စူဘုရားသည် စေတီတော်မဟုတ်ဘဲ ကြေးသွန်းဆင်းတုတော်ကြီးသာ ဖြစ်တော်မူသည်။ ဒါယကာမှာ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီးပင် ဖြစ်သည်။ ဘုရင့်နောင် မင်းတရားကြီးသည်

မင်းအဖြစ်သို့ ရောက်တော်မူပြီးနောက် သက္ကရာဇ် ၉၂၁ ခုနှစ်တွင် ကြေးစင်အချိန် ၁၀၀၀ကို ပဉ္စလောဟာ ဘုရားသွန်းလုပ်တော်မူ၍ 'သကျမဥ္စု' ဘုရားဟု ဘွဲ့တော်သ,သည်။ သကျမဥ္စုဘုရားအား ခမည်းတော်ဘုရား (တောင်ငူဘုရင်မင်းရဲသိခ်သူ)၏ အရိုးအိုးတည်ရှိရာ ဂူအပေါ်၌ တည်ထားကိုးကွယ်သည်။ ယခုအခါ တောင်ငူရွှေဆံတော်စေတီတွင် ဂန္ဓကုဋီတိုက်တော်အတွင်း၌ ကြေးရုပ်တုတော်တစ်ဆူ၊ စေတီတော်၏ အနောက်ဖက်ရှိ တန်ဆောင်းဖြင့် ထားသောကြေးရုပ်တော်တစ်ဆူအားဖြင့် ရုပ်တုတော် နှစ်ဆူရှိသည်။ မည်သည့် ဆင်းတုတော်သည် 'သကျမဥ္စု' ကိုယ်တော်ဖြစ်မည်ကို ယတိကျ ခန့်မှန်းခြင်း မပြုနိုင်ပေ။ နတ်သျှင်နောင်သည် ဘိုးတော်ဘုရင့်နောင်၏ ကောင်းမှုတော် သကျမဥ္စု ဘုရားကို တိုင်တည်သော ရတုပိုဒ်စုံပေါင်း ၄ ပုဒ်တိတိ သီကုံးတော်မူခဲ့ရာ၊ ဤဘုရားကို အထူးရိုသေလေးမြတ် ဆည်းကပ်ကိုးကွယ်ခြင်းရှိဟန်တူသည်။

## ၃။ မြတ်စောညီနောင်ဘုရား

တောင်ငူမြို့ အရှေ့ဖက်တာပေါင်း ၃၀၀၀ အကွာ ပြုံးချောင်း (ယခင်-တရထည်းချောင်း) ကမ်းပါးပေါ်တွင် တည်ရှိသည်။ မူလဒါယကာမှာ သီရိမ္ဗာသောကမင်းတရားကြီးပင် ဖြစ်သည်။ မှဋ္ဌောကျောက်ဆောက် ညီနောင်ဘုရားနှင့် တစ်ပြိုင်နက်တည်တော်မူခြင်းဖြစ်၏။ စေတီတော်တည်ရာဌာနသည် ဘုရားအလောင်း ကြက်မင်းညီနောင် ဖြစ်တော်မူစဉ်က ကျင်လည် ကျက်စားခဲ့ရာ ဌာနဖြစ်သည်ဟု အဆိုရှိသည်။ ရှေးအခါက တရထည်းချောင်းကမ်းပါးတွင် တည်ရှိ၍ တရထည်းဘုရားဟု ဘွဲ့တော်သ,သည်။ ထို့နောက်တွင်မှ မြတ်လှစွာသော ညီနောင်ဘုရားဖြစ်သောကြောင့် 'မြတ်စောညီနောင်'ဟု ဘွဲ့တော်ပြောင်းလဲလာခဲ့သည်။ မြတ်စော-မြတ်လှအမည်ရှိ ညီနောင်နှစ်ဦး တည်ခဲ့သည်ဆိုခြင်းမှာ နောက်လူတို့၏ ထိုးဇာတ်မျှသာ ဖြစ်ဟန်တူသည်၊ ညီနောင်ဘုရားနှစ်ဆူတွင် နောင်တော်မှာ လုံးပတ်သံတောင် ၁၀၀၊ အရပ်တော်သံတောင် ၃၀ ရှိသည်။ ညီတော်မှာ လုံးပတ် သံတောင် ၁၉၀၊ အရပ်တော်သံတောင် ၅၄ ရှိသည်။ ညီတော်က နောင်တော်ထက် လုံးပတ်ရော အရပ်တော်ပါ ကြီးမားမြင့်မား၏။

## ၄။ မြသိတင်ဘုရား

တောင်ငူမြို့အရှေ့မြောက်ဖက် တာပေါင်း ၂၈၀၀ အကွာခန့်တွင် တည်ရှိသည်။ ပေါင်းလောင်းမြစ်၏ အရှေ့ဖက်ကမ်းနဖူးတွင် တည်ရှိ၍ သာယာတင့်တယ်လှသည်။ မူလဒါယကာမှာ နရပတိစည်သူမင်းဖြစ်သည်။ ယခုအခါ 'ကန္နီဘုရား' ဟု ခေါ်ကြသည်။ လုံးပတ်သံတောင် ၆၉၊ အရပ်တော် သံတောင် ၃၁ ရှိသည်။

## ၅။ ရှောင်းမမွေ့တော်ဘုရား

တောင်ငူမြို့အရှေ့မြောက်၊ ပေါင်းလောင်းမြစ် အရှေ့ဖက်တာ ၃၀၀၀ အကွာခန့်တွင် တည်ရှိသည်။ မူလဒါယကာမှာ သီရိဓမ္မာသောက မင်းကြီးဖြစ်သည်ဟု အဆိုရှိ၏။ လုံးပတ်သံတောင် ၆၀၊ အရပ်သံတောင် ၃၀ ရှိသည်။

## ၆။ ကျိုက်ကိုဘုရား

ဟံသာဝတီရှိ ကျိုက်ကို့ဘုရားကို ဆိုလိုဟန်တူသည်။ ကေတုမတီမြို့တော် တစ်ဝိုက်တွင် ကျိုက်ကိုဘုရားဟူ၍ ရှာဖွေမတွေ့ရှိရသေးပေ။

## ၇။ တောင်ငူရွှေဆံတော်ဘုရား

ကေတုမတီတောင်ငူမြို့ပေါ်တွင် တည်ရှိသည်။ မူလစေတီတော် ဒါယကာမှာ ဘုရင့်နောင် မင်းတရားကြီး၏ ညီတော် တောင်ငူဘုရင် 'သီဟသူရမဟာဓမ္မရာဇာ' ဘွဲ့ခံ ဘုရင်မင်းခေါင် ဖြစ်သည်။ သက္ကရာဇ် ၉၃၂ ခု၊ တန်ဆောင်မုန်းလတွင် ဆံတော်ရှင်ကုန်းကို မြေညှိစေသည်။ ယင်းနှစ် တပေါင်းလပြည့်နေ့တွင် အုတ်မြစ်တော် စတင်၍ ချသည်။ သက္ကရာဇ် ၉၃၅ ခုနှစ်တွင် သပိတ်မှောက်အထိ ပြီးစီး၍ ဌာပနတိုက်ကို စီရင်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် ဌာပနာတိုက်ပိတ်ပြီး တပေါင်းလပြည့်နေ့တွင် ထီးတင်တော်မူသည်။

နတ်သျှင်ကိုယ်တော်သည် ဘိုးတော် တောင်ငူဘုရင်မင်းခေါင်၏ ကောင်းမှုတော် ဆံတော်ရှင်စေတီနှင့် ပတ်သက်၍ ဘုရားတိုင်ရတုတစ်ပုဒ်သာ ဖွဲ့ဆိုခဲ့ကြောင်း တွေ့ရသည်။ သီဟိုဠ်ဘုရင် ဓမ္မပါလက ဘုရင့်နောင်မင်းတရား သို့ ဆက်သလော ဆံတော် ၈ ဆူအနက်၊ မင်းတရားကြီးက တောင်ငူဘုရင်

မင်းခေါင်ကို ဆံတော်တစ်ဆူ ကိုးကွယ်ရန် သနားတော်မူသည်။ ထို့ကြောင့် ရွှေဆံတော်ဘုရားဟု ဘွဲ့မည်သ,ထားခြင်း ဖြစ်၏။ ဆံတော်ဌာပနာထား ကြောင်းကို နတ်သျှင်ကိုယ်တော်က ဘုရားတိုင်ရတုတွင် အောက်ပါအတိုင်း ဖွဲ့ခဲ့သည်။

"လက်ဆောင်ရှိအုပ်၊ ထိပ်ထက်ရုပ်၍၊
ကျွန့်ပ်သာပျော်၊ တိုင်လျှောက်ဖော်အံ့၊
မည်ခေါ်ပတ်ဝန်း၊ သောင်းလုံးမွန်းသည်။
ဆံပန်းကေသာ-မြတကား။"

## ၈။ မြင်ထင်မြင်ပေါ်ညီနောင်ဘုရား

တောင်ငူမြို့ အရှေ့ဖက် တာပေါင်း ၂၀၀၀ ကွာတွင် တည်ရှိသည်။ ယခုအခါ မြင်ပုန်းမြင်ထင်ဟု ပြောင်းလဲ ခေါ်ဝေါ်ကြသည်။ လုံးပတ်သံတောင် ၈၀၊ အရပ်တော် သံတောင် ၂၀ စီရှိသည်။ ဒါယကာမထင်ရှားပေ။

□□□

---

မှီငြမ်းပြုရန်။ (က) တောင်ငူရာဇဝင်အကျဉ်းချုပ်နှင့် ရွှေဆံတော်ဘုရားသမိုင်း (ပါမောက္ခ ဦးချမ်းမြ)

(ခ) နတ်သျှင်နောင်ဆိုရတု (တည်းဖြတ်သူ ပါမောက္ခ ဦးချမ်းမြ)

(ဂ) မှန်နန်းရာဇဝင်တော်ကြီး

(ဃ) မဟာရာဇဝင်တော်ကြီး (ဦးကုလား)

တောင်ငူဘုရင်

# နတ်သျှင်နောင်ဆို

ဘုရားတိုင်ရတု–စာတော်များ



## အခန်း ၁

### ၁။ မုဋ္ဌောဘုရားတိုင်၊ ပိုဒ်စုံရတု–မယ်ဘွဲ့

(စာပြိုင်၊ အခံ)

၁။ တသောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊
ယုဂန်လှည့်သွား၊ လ,ရထားနှင့်
နတ်သားနီးကြ၊ သောကာလဝယ်၊
သောကမဖွာ၊ ဌာပနာသား၊
သဗ္ဗာဉာဏ်ပေါင်း၊ မရှုတောင်းသည်၊
ညီနှောင်းနောင်စော၊ မြတ်မုဋ္ဌော။
ကြာမောနေ့ရက်၊ သက်ဆက်သည်ချည်း၊
မနည်းကုံးသီ၊ များလေပြီတည့်၊
နွဲ့မှီတူစုံ၊ ဘုန်းချင်းဆုံကို၊
ကြေးမုံအသွင်၊ ရှုမြင်နေကျ၊
ပါချင်လှ၍၊ ထိန်းပရွှေဖော်၊
လျှောက်ပါသော်လည်း၊ နားတော်မညွတ်၊
ဆင်းကြာနတ်သည်။ ။
နှုတ်လွှတ်မပါ မြွက်သောကြောင့်။

၂။ မပျောင်းရစ်ဟန်၊ ဗျာပန်ချန်ခဲ့၊
ပြန်ပြန်ကြိုးခက်၊ တို့မမြွက်၍၊
ဘုန်းစက်ဗျာဒိတ်၊ ချစ်နိမိတ်ကို၊
မယ့်စိတ်ယုံထိုက်၊ သို့စင်ကြိုက်ဝယ်၊
သုံးတိုက်ပယ်မှောင်၊ ထွတ်ဘုန်းခေါင်လျှင်၊
ငြိမ်းအောင်ပြေကြောင်း၊ ဖြည့်ပါကောင်း၏၊
တသောင်းဇမ္ဗူ၊ လှည့်ယူကြိုက်ရာ၊
ရွေးခဲ့ရှာလည်း၊ စကြာရဟတ်၊
ပန်းကာပတ်လိမ့်၊ ညွတ်ညွတ်ခခ၊
ယုယပျော်ပါး၊ သနားလေလေ၊
ထွေထွေမသိ၊ မျက်စိတန်ဆောင်၊

ထွန်းပြောင်လျှံဝါ၊ သခင်သာဟု၊
မေတ္တာမတန့်၊ သက်လုံးခန့်သည်။ ။
ကြင်ညှိန့်မဖြာ ရက်သောကြောင့်။
၃။ ခပေါင်းမြစ်ဝှန်၊ သည်ကိုလွန်၍၊
ရန်မာန်အောင်မြေ၊ လှည့်ခဲ့ခွေသား၊
မင်းနေညီနောင်၊ မြို့ထွတ်ခေါင်ဝယ်၊
ခြောက်ရောင်ဘဝင်၊ နှင့်သာစက်မျှ၊
ကွန်ရက်ခြည်စုံ၊ ပွင့်ငုံလျှံတောက်၊
သုံးပါးနောက်ကို၊ မရောက်ဘူးပါ၊
ခုသာလျှောက်ပန်၊ မလွန်ခေါက်ရက်၊
ကြားတိုင်းထက်လည်း၊ ရွှေစက်တင်ဦး၊
ရသော်ထူး၏၊ ညွှတ်နူးစိမ့်သား၊
သည်စကားမူ၊ ပုံရှားမဠူ၊
နှင့်သာတူရှင့်၊ မဖြူစိတ်ညို၊
ရှိမည်ကိုလည်း၊ မြွက်ဆိုသမ်းမဲ၊
မတုံ့ဖဲသည်။ ။
ချေလဲမသာ ခက်သောကြောင့်။

## ၂။ ကျောက်ဆောက်ဘုရားတိုင်၊ ပိုဒ်စုံရတု–မယ်ဘွဲ့

(စာပြိုင်အလိုက်)

၁။ တသောင်းရှစ်မည်၊ လေးထောင့်တည်ကို၊
ရစ်လည်လှည့်ပတ်၊ လပြာသာဒ်နှင့်၊
ရန်နတ်နီးခိုက်၊ သောစဉ်ကြိုက်ဝယ်၊
ထိန့်ရိုက်သပြေ၊ အာဏာမြေသား၊
သရေမမ္မ၊ သောကရွှေမှောက်၊
တည်ခဲ့မြောက်သည်၊ ကျောက်ဆောင်လျှံပြောင်၊
မိတည်းနောင်။ ။
ရည်စောင်လနှစ်၊ အသစ်အသင့်၊

ကြားဆင့်လေသံ၊ မပျံ့စဖူး၊
အမူးအမော်၊ ကြိုးသည်သော်ကား၊
နားတော်ပျံ့ညောင်း၊ ညွတ်ပေကောင်းဟု၊
ရွှေပေါင်းလှည့်ဖြား၊ လျှောက်ပါငြားလည်း၊
ရွှေသားမြလျှံ၊ မွတ်ညက်စံသည်။ ။
ချစ်သံမြွက် မခြည်သောကြောင့်။
၂။ မပြောင်းရစ်တည်၊ ဗျာပါရည်နှင့်၊
သာကြည်ကြားခက်၊ မိန့်မမြွက်တည့်၊
ခွဲဝက်သံချို၊ အလိုလိုလျှင်၊
ကွဲပြိုလွင့်ရှာ၊ သူ့စိတ်မှာကို၊
အာဏာကြီးဘိ၊ ငြီးဖွယ်ရှိမျှ၊
ပြစ်တီဖွေဖွေ၊ ရိပ်ကာနေလည်း၊
ခြောက်ထွေကွန့်ရစ်၊ ရှင်တော်စစ်ကို၊
သစ်သစ်ပြန်ခေါက်၊ ပန်ခဲ့လျှောက်ရှင့်၊
မရောက်သင့်တောင်း၊ ညို့နွဲ့နောင်းလျှင်၊
ယုံကြောင်းယုံခဲ၊ မတုံ့ပဲကို၊
မှတ်မြဲတတွေ၊ ပါလေစေဟု၊
ဖြေဖြေခခ၊ ထိန်းယငယ်ချို၊
သွေးသီမသာ၊ ကြိုးကာကာသည်။ ။
မေတ္တာသက် မလည်သောကြောင့်။
၃။ ခပေါင်းမြစ်လည်၊ ခုနစ်မည်လျှင်၊
ဖန်ရည်ရောင်ဖုံး၊ တောင်အလုံးကို၊
မြကုံးရံပတ်၊ ခွေခဲ့ညွတ်မှ၊
ရန်လွတ်ညီနောင်၊ နေပြည်ထောင်ကို၊
တင့်အောင်လက်ယာ၊ လည်ခဲ့လာသား၊
အဝါခြောက်စုံ၊ တက်ပျံ့ဖြိုးဖြိုး၊
ပြိုးပြိုးပြောင်စက်၊ မတန်ပြက်၍၊
ကွန်ရက်ခြည်ထူး၊ ပြပါဦးလော့၊
နူးနူးညံ့ညံ့၊ ပျံ့ပျံ့ဖြားဖြား၊

စကားမဥ္ဇူ၊ ကြားသူသံချို၊
သို့သာဆိုရှင့်၊ စွန်းညိုစိတ်မှာ၊
မသိသာခဲ့၊ သစ္စာတွေးခေါ်၊
နောင်စွန်းမြော်သည်။ ။
မိန့်တော်ခက် မရည်သောကြောင့်။

## ၃။ သကျမဥ္ဇူဘုရားတိုင်၊ ဗိုဒ်စုံရတု-မောင်ဘွဲ့*

၁။ လွတ်ဦးသဘင်၊ စံညာခွင်က၊
ပလ္လင်ပြောင်ရွှန်း၊ ဖြူရိပ်ဝန်းလျက်၊
တသန်းနေနှင့်၊ လ,နှယ်တင့်သား၊
ဘုံမြင့်နန်းသူ၊ ကြည်ဆုယူသည်၊
မဥ္ဇူမှန်ကင်း၊ မြတ်ရှင်ရင်း။ ။
ညင်းညင်းပျပျ၊ ယုယခွေညောင်း၊
ညွတ်ညွတ်ပျောင်းမျှ၊ ယုံကြောင်းယုံဖွယ်၊
အသွယ်သွယ်ကို၊ နားဝယ်မြဲမြဲ၊
ဆိုမောလှလျက်၊ ချစ်စန္ဒဲဖြင့်၊
နောင်ဘုန်းမြင့်သည်။ ။
ရှေးနှင့်မတူ ထွေသောကြောင့်။

၂။ ပြတ်မူးအကြင်၊ ပန်းနှယ်ပင်တည့်၊
လည်တွင်ခွေပတ်၊ ဆင်မတတ်ဟု၊
အထွတ်တိုင်ထိ၊ ဆိုဦးရှိလျက်၊
ချစ်မိမချစ်၊ အသစ်သစ်လျှင်၊
မရစ်စုံမက်၊ မေတ္တာယွက်၍၊
မျှသက်ဝေမြဲ၊ မဝေဘဲနှင့်၊

---

* ဟံသာဝတီမူ (စတုတ္ထနှိပ်ခြင်း)၌တွင် ဤရတုအား ကျောက်ဆောက် ဘုရားတိုင် မယ်ဘွဲ့ဟု ပြမှာထားသည်။ ရတုစာကိုယ်ကို လေ့လာလျှင် သကျမဥ္ဇူဘုရားတိုင် - မောင်ဘွဲ့သာ ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ မဥ္ဇူမှန်ကင်း မြတ်ရှင်ရင်း၊ သိင်္ဂီမဥ္ဇူဆင်းရုပ်တူ ဟူသော စကားများကို ထောက်ပါ။

မင်းရဲဘုန်းမြင့်၊ ကြင်စိတ်ဖင့်၍၊
သူနှင့်ကျွမ်းဟန်၊ အလွမ်းချုန်ခဲ့၊
ရောင်ဝှန်လျှံညီ၊ ဉာဏ်တော်သိလော့၊
ဆံရှိမမေ့၊ ဖြစ်သရွေ့ကို၊
စေ့စေ့သာဖြည်း၊ လျှောက်ရုံးစည်းသည်။ ။
မယ့်ချည်းမကြင် နေသောကြောင့်။
၃။ ညွှတ်နူးမရှင်၊ ဗျာပါစင်လည်း၊
ပူပင်ညှိုးမြန်း၊ မကြီးလွန်းတည့်၊
ဆိုဆန်းမဆို၊ တော်မည်ကိုမူ၊
မြင်းမိုရ်ထက်မျှ၊ လွန်မကဟု၊
နောင်မြည်မြွတ်၊ လှည့်စားမှတ်ဖြင့်၊
ပတ်ပတ်ဝန်းဝန်း၊ ဆန်းဆန်းထူးထူး၊
မူးမူးလည်အောင်၊ တော်ယောင်ဘနန်း၊
ကျိန်မျိုးကျွန်း၍၊ ချစ်ပန်းမဆင့်၊
လင့်နွဲဖင့်သော်၊ သူနှင့်ကြင်မှ၊
မကြင်ရဟု၊ သိဂ်မဠူ၊
ဆင်းရုပ်တူကို၊ ဆုယူရှိငုံ၊
လျှောက်သည်တုံကား၊ မစုံချင်လစ်၊
အသစ်သစ်သည်။ ။
အချစ်သူသို့ ဝေသောကြောင့်။

## ၄။ သကျမဠူဘုရားတိုင်-ပိုဒ်စုံ

၁။ သကျမဠူ ထိန့်ရိုက်ဆူသား၊
ရိပ်ဖြူရွက်ရှင်၊ ဖြန့်မိုးဆင်လျက်၊
ပလ္လင်ရွှေနန်း၊ လွှတ်ညာစွန်းက၊
စက်ရွှန်းမိုးမျှ၊ တိုင်းမဲ့ပ,သည်၊
သိဂ်စံလျော်၊ ဆင်းရုပ်တော်။ ။
မူးမော်ဘနန်း၊ အသက်ကျွန်းမျှ၊
ဝန်းဝန်းပတ်ပတ်၊ ညွှတ်ညွှတ်ခွေခေါက်၊

မလျှောက်စတောင်း၊ နေ့ရက်ပေါင်းလျက်၊
ယုံကြောင်းယုံအောင်၊ သက်လက်ဆောင်နှင့်၊
တောင်ယောင်သံချို၊ သို့စင်ဆိုမှ၊
နောင်ညီုရဲဖျား၊ ရန့်ညွှန့်တားသည်။ ။
တပါးသူနှင့် ကြင်သောကြောင့်။
၂။ ဖက်မျှရည်တူ၊ ကိုယ်ကိုဟူက၊
မည်သူမတန်၊ သို့သည်ဟန်နှင့်၊
အလွန်အကျူး၊ ဆိုစဦးက၊
ဖြည့်ဖြူးသည်သော်၊ နာသူပျော်မျှ၊
မံတော်ပဲပင်၊ တော်ရပ်ဆင်၍၊
မကြင်လ,တုံ၊ ကြင်လ,တုံနှင့်၊
မယုံကြည်သာ၊ လေပြည်လာသို့၊
မယ့်မှာရစ်ခွေ၊ သူ့ကြောင့်ဖြေသော်၊
ခြောက်ထွေရောင်တောက်၊ ငါးမာရ်ဖျောက်ကို၊
မလျှောက်ဝံ့ထွေ၊ ကြောက်ရွံ့နေလည်း၊
မပြေဖြေဖျော်၊ တိုက်မြွက်ဖော်သည်။ ။
ဉာဏ်တော် သိစေချင်သောကြောင့်။
၃။ မြွက်ဟသည်မူ၊ နေခြည်စက်မြူး၊
တန်းခိုးထူးသား၊ လွှတ်ဦးဥကင်၊
နန်းညာတင်သည်၊ ရှင်ပင်မဉ္ဇူ၊
သိတော်မူလော့၊ ဇမ္ဗူလုံးတွင်၊
သည့်နှယ်ပင်တည့်၊ နာချင်ဖွယ်သာ၊
ပျားသကာသို့၊ မေတ္တာပုံ့ကြည်၊
ဆိုတတ်သည်ကို၊ ဖွေနှည်ရည်တူ၊
ရှာမေးမြူလည်း၊ မည်သူပင်မျှ၊
ဖက်မရတည့်၊ သစ္စာ့အပုံ၊
ကျိန်မျိုးစုံကို၊ လုံခြုံအသက်၊
စုနှင်းဆက်ရှင့်၊ မယ့်သက်ချစ်ရန်၊
ယုံမိလွန်သည်။ ။
ဧကန်တော်မည် ထင်သောကြောင့်။

## ၅။ သကျမဥ္ဇူဘုရားတိုင် ပိုဒ်စုံရတု-မောင်ဘွဲ့

၁။ မကြောက်ခြည်မြူ၊ သစ္စာဟူက၊
ရိပ်ဖြူဖြန့်ဝန်း၊ ရာ့တနန်းသို့၊
ပြဋ္ဌာန်းစိုးဆောင်၊ မည့်အခေါင်လျှင်၊
သောင်းထောင်ဆယ်ပြန်၊ ကျိန်မျိုးလွန်လျက်၊
သက်ချန်မှတ်ရော်၊ မဝေသော်လည်း၊
မူးမော်စိတ်ပန်း၊ မျှမပြန်းတည့်၊
ထောင်မွန်းနေတူ၊ ဘုန်းညွန့်လူသည်၊
မဥ္ဇူသကျာ၊ မြတ်သည်ရာကို၊
သူသာမသင့်၊ လေတမင့်ဟု၊
ဉာဏ်ဖြင့်မြော်သိ၊ မတိုင်မိလည်း၊
ခုပြီးမြွက်ဖော်၊ မလျှောက်ဖျော်သည်။ ။
နားတော်နှင့် မလျှောက်သောကြောင့်။
၂။ မလျှောက်သည်မူ၊ လျှောက်မည်ကြောင်းလျှား၊
ရှိလှည့်ငြားလည်း၊ ထွက်ဖျားခေါင်ရောက်၊
မကြားလောက်၍၊ မအောက်မေ့ရှာ၊
မယ့်ဗျာပါတည့်၊ အာကာတရှည့်၊
မိုးပြင်ပြည့်မျှ၊ ဆိုသည့်နှုတ်ထွက်၊
နှင့်ယှင်းကွက်ခဲ့၊ မြိုးမြွက်ရိပ်ခြည်၊
ရှိမည်စင်ထား၊ သူ့နားလေသံ့၊
မပျံ့တွေးသော၊ နေစမောရှင့်၊
မလျော့ပြီချင်၊ ဆက်တိုင်းပင်ဟု၊
ဥကင်သနန်း၊ လွှတ်ညာစွန်းက၊
ရေသွန်းပုံ့ကြိုင်၊ မဥ္ဇူခိုင်နှင့်၊
ဆက်တိုင်ရှိရည်၊ ခုလျှောက်သည်မူ။ ။
မြူခြည်မျှ မထောက်သောကြောင့်။
၃။ မထောက်ရည်တူ၊ ဖက်မပြုတည့်၊
ဇမ္ဗူခွန်ဆွတ်၊ ပွင့်မည်နတ်ကို၊
မယ်မှတ်ဝမ်းနည်း၊ ဖွယ်သာပည်း၏၊

ဆုလည်းမြွက်တောင်း၊ လျှောက်သောကြောင်းမူ၊
သက်ပေါင်းတင့်စုံ၊ ယုံမည်မခန့်၊
စိတ်ဟွန့်ကြဲများ၊ ရန်ညွန့်တားလျှင်၊
မခြားတောင်းပ၊ နေ့လချိုးလက်၊
မှန်မည်ခက်ခဲ့၊ ဘုန်းစက်ပိုကြည်၊
ဇာဒိတ်သည်လည်း၊ မြရည်ရဲလေ့၊
ဆိုသရွေ့ကို၊ အောက်မေ့ကာကာ၊
မသက်သာသည်။ ။
သစ္စာကျိုန်မကြောက်သောကြောင့်။

## ၆။ သကျမဥ္စုဘုရားတိုင်ရတု–မယ်ဘွဲ့

၁။ ညွတ်ညွတ်ညိုသွယ်၊ လူ့ဘုံဝယ်၌၊
နှုန်းဆွယ်မဆံ၊ ကင်းဝေးလံသား၊
ထက်ယံမြင့်သွန်း၊ ခြောက်ဆောင်နန်းဝယ်၊
ရွှေဝန်းရံပတ်၊ စံသင့်မှတ်သား၊
ကြာဝတ်မဥ္စူ၊ ရေနန်းသူလည်း၊
ပြိုင်တူနှုန်းဆွယ်၊ မမျှဖွယ်တည့်၊
တင့်တယ်ကျစ်လျစ်၊ ကြင်ကျွမ်းချစ်ကို၊
တလှစ်ဇမ္ဗူ၊ မြင်တိုင်းသူတို့၊
သည်းအူညွတ်ပျောင်း၊ မျက်ခြည်ညှောင်းမျှ၊
ပုံ့လောင်းကြိုင်ဆုံး၊ ကြက်ရုံးသဇင်၊
ပန်ဆင်စမှတ်၊ ကုံးတုလွတ်လည်း၊
ဝါကျွတ်လွန်ပြီ၊ ကျွန်းဖွယ်ရှိလိမ့်၊
လျှံညီပွင့်ဆိုင်း၊ မျှမနှိုင်းသည်။ ။
ဆက်တိုင်းပျော်ဖက်၊ ရန်လှည့်သော။
၂။ တွတ်တွတ်ဆိုဖွယ်၊ နှုတ်ပုံ့ကြွယ်လည်း၊
စပယ်,မုလေး၊ ထုံလှာမွှေးသို့၊
ရေးရေးစိတ်တွင်၊ မိန့်နိုးထင်၍၊
သာရှင်လန့်ကြား၊ ပြန်တုံမှားခဲ့၊
သန်အားချစ်သက်၊ ကြင်ကျွမ်းဖက်ဟု၊

မပယွက်ဆံမြူ၊ နှင်းထိုက်သူကြောင့်၊
သည်းအူဝှန်ဖြိုး၊ မြေမိုးမြင်းမိုရ်၊
နှုန်းဆိုစီလျဉ်၊ ကြံ့ရှာစဉ်ဝယ်၊
နတ်ယဉ်စီးလစ်၊ အာကာမြစ်လည်း၊
သွယ်ရစ်လှတင့်၊ မြကုံးပွင့်သို့၊
ကုံးဆင့်ကုံးရန်း၊ ဝိုက်ဝိုက်ဝန်း၍၊
တိမ်နန်းဘုံသစ်၊ ဥကင်လှစ်က၊
သုံးခေတ္တပန်း၊ မဥ္ဇူမှန်းသား၊
ကြဂှန်းသကျ၊ ရှင်ချစ်ဘလျှင်၊
ပြည့်ရစုံလွယ်၊ ချစ်ရေးကယ်လော့၊
ခြောက်သွယ်ရောင်မြူး၊ ဘဝဂ်ကျူးသည်။ ။
ရှုးမူးပြန်တက် ဝှန်လှည့်သော။
၃။ ထွတ်ထွတ်ပျို့ရွယ်၊ မွတ်မွတ်သွယ်သား၊
သက်ဆယ်နှစ်စွန်း၊ ရက်မယွန်းတည့်၊
လျှံထွန်း တန်ဆောင်၊ ရွှန်းတင့်ခေါင်ကို၊
မြင်ယောင် ထင်မက်၊ စက်လည်း သွယ်ခွေ၊
နေလည်း ပြိုက်ရွှမ်း၊ ငြိမ့်မျှ လွမ်း၍၊
ကြင်ကျွမ်း ချစ်ညွှန့်၊ မကွန့်ကဲဆင့်၊
တိုးတက်မြင့်သော်၊ ကြာနှင့်စုရေး၊
ဖူးချင်နေးခဲ့၊ ထစ်ကြွေးအုံ့ပျ၊
ခါသစ်လကို၊ တူကွ ရင်ရွှေ၊
ဖူးလွယ်စေဟု၊ သပြေမှည့်သီး၊
သွန်း၍ပြီးသား၊ ရွှေထီးရတနာ၊
ဖြန့်မိုးကာလျက်၊ မည်သာတော်နှင့်၊
သပ္ပါယ်တင့်သည်၊ ဖျောက်လွင့်ဗျာပါ၊
ရှင်တော် ရာကို၊ ရိုးညွှာ ခိုင်လန်း၊
နံ့တူပန်းနှင့်၊ ထိပ်စွန်း သံညောင်း၊
ဆုယူကောင်းသည်။ ။
ဆယ်ချောင်းရှိ လက်ပန်လှည့်သော။

## ၇။ မြတ်စောညီနောင် ဘုရားတိုင်ပိုဒ်စုံရတု–မောင်ဘွဲ့*

၁။ တဆယ့်နှစ်ခွေ၊ ပတ်လည်နေသား၊
ယဉ်တွေသီဒါ၊ တောင်မျက်နှာက၊
အာကာ ကွန့်တက်၊ တိမ်သို့ယှက်မျှ
ကျောက်စက်ဝှန်ချာ၊ ဆင်ကလာ၍၊
လက်ယာရံရစ်၊ နီလာမြစ်ကို၊
ရှင်ချစ်ဘုန်းဝှန့်၊ ပြုံးရိပ်ညွန့်ကြောင့်၊
စင်သန့် ချမ်းကြည်၊ ပြုံးချောင်းမည်သား၊
မြရည်ရှက်သန်း၊ သီဒါစွန်းထက်၊
တသန်းလျှံထွေ၊ တည့်မွန်းနေသို့၊
သရေမမှာ၊ စကြာစိုးဆောင်၊
တည်ခဲ့ထောင်သည်။ ။
ညီနောင်စုံရှင် တော်တကား။
၂။ မဖွယ့်ချစ်နေ၊ မယ့်မှာပေကား၊
လျှော့ဖြေတပါး၊ သူ့ပြင်သားသို့၊
နည်းများခွဲဝက်၊ တီမှာ ယွက်လိမ့်၊
စံထက်စံမျှ၊ ညီမွတ်လှလျှင်၊
ရှေးက သည့်နှယ်၊ တုံ့မလှယ်တည့်၊
ကြံရွယ် ရေးရာ–ချေတင်ပါတည်း၊
မျက်သာ ထွေထွေ၊ ငါမပြေက၊
အနေတကျ၊ ဆယ်ဆ ဆယ်ပြန်၊
ရှိလေတန်ဟု၊ ကျူးလွန် မျက်တော်၊
ထွက်ကြွားသော်လည်း၊ မမြော် ကျိုးပြစ်၊
ကျွန်ုပ်ဖြစ်မူ၊ စိစစ် မတတ်၊
ကြင်လေးမြတ်သည်။ ။
သတ်မှတ်ယုံထင် ပျော်တကား။

* စာပြိုင်အခံရတု ဖြစ်သည်။ စာပြိုင်အလိုက်ရတုမှာ 'တဆယ်နှစ်ခွင်' ရှိ မိုးတောမယ်ဘွဲ့ ရတုဖြစ်သည်။

၃။ အလယ့်ရစ်ဖြေ၊ သုံးလည်ခွေ၍၊
မပြေမညှံ့၊ မတုံ့တဖန်၊
တောင်စွန်အပ၊ ငါးရာ ငါးမြစ်၊
ညွန့်သစ် မြင်တိုင်း၊ မနိုင်းရှည့်နိုင်၊
လွမ်းခေါင်တိုင်မျှ၊ ဆွယ်ပြိုင်မသိ၊
ကျွန်ုပ်ရှိခဲ့၊ မိုးထိ ရောက်ကွန့်၊
အာကာ ညွှန့်ဝယ်၊ ဆံပန့်အစစ်၊
စုံရှင် ချစ်လျှင်၊ သူ့ပြင်မဲ့ထွေ၊
ဟုတ်တိုင်းဖြေ၍၊ တထွေ ယူချုတ်၊
မယ့်အမှတ်ကို၊ စက်လွှတ် ကွန့်မြူး၊
ဖြည့်ပါ ဦးလော၊ မထူးကြံသက်၊
ဘုန်းချင်းယှက်သည်။ ။
ဖြစ်ဆက်ဆုံ ကြင်ဖော်တကား။

## ၈။ မြတ်စောညီနောင်ဘုရားတိုင်ပိုဒ်စုံရတု-မောင်ဘွဲ့။

၁။ မင်းသာနေမှတ်၊ အောင်မြေထွတ်၌၊
ပြသာဒ်ပြောင်ရွှန်း၊ မြို့ဘုံ နန်းနှင့်၊
ထောင့်ယွန်းရှေ့ဖက်၊ တောင်မြင့်ထက်ဝယ်၊
ပြိုးပြက် ရိပ်ရိပ်၊ ချိပ်ချိပ် လျှပ်လျှပ်၊
ထိန်ထိန်လျှပ်မျှ၊ တိမ်ထပ်မဆီး၊
ဝေးလည်းနီးသို့၊ ရေ,မီး,လနှင့်၊
နေနှယ်တင့်သား၊ ရှင်ပင့်အစစ်၊
မိန့်ရစ် ရာထား၊ ရှင်တော်စားဟု၊
ခြောက်ပါးရောင်ခြည်၊ မတန့်လည်သား၊
ငါးမည်တထောင်၊ တိုင်ခန့်ဆောင်သည်။ ။
ညီနောင်စည်းခုံ၊ စုံရှင်ချစ်။
၂။ ကြွင်းဝါကြွေလွှတ်၊ နွေသို့ ပတ်မျှ၊
သာထွတ် သာဖျား၊ လတပါးထက်၊
ရွှေသား ရွှေကုံး၊ တောအလုံးနှင့်၊
အိုင်ထုံးဆည်တန့်၊ စဲညွှန့်ပြင်ယံ၊

ပျံ့ပျံ့ နားနား၊ ဖြားကာခေါ် ကျူး၊
ဖော်ပြိုင်မြူးရှင့်၊ ချစ်ထူး မဆို၊
နှောင်မြဲ ညိုလျှင်၊ ထွေလို ရှေးနှင့်၊
ဖင့်ဖင့် နွဲ့နွဲ့၊ လလှဲ့ရက်ဝေး၊
နေ့သာ သွေးခဲ့၊ မှူရေး ဆည်ချုပ်၊
ဗျာပါမြုပ်၍၊ ကျွန်ုပ်ဆက်တိုင်၊
နိမိတ်ပြိုင်သည်။ ။ရွှေစိုင် နှစ်စုံကြုံသင်နှစ်။

၃။ နှင်းခွာ ခွေပတ်၊ ကြင်စမှတ်က၊
အထွတ်အတိုင်၊ မပြိုင်မမျှ၊
ခ၊ခ၊ဖြားဖြား၊ စကားစက်လည်၊
ဆိုမျိုးသည်လည်း၊ မတည်စဘူး၊
လေသို့ ကျူးခဲ့၊ ကျေးရှူးအခေါင်၊
ညီတော်နှောင်ဟု၊ တန်ဆောင်ဦးစွန်း၊
ဆယ်ရပ်ပန်းကို၊ သွန်းသွန်း ရွှေစိုင်၊
စုံနှစ်ခိုင်နှင့်၊ မပိုင်၍တည်း၊
ဝမ်းနည်းနားတော်၊ လျှောက်သည်သော်ကား၊
ရှုမြော်သို့ပေ၊ ဟုတ်တိုင်းဖြေလော့၊
အထွေအထူး၊ စိုးမှူးမော်ရ၊
ဟူသမျှသည်။ ။ သူပ မကြုံယုံစင်စစ်။

## ၉။ မြသိတင်ဘုရားတိုင်ပိုဒ်စုံရတု–မယ်ဘွဲ့

၁။ မနီးရုံလည်၊ တောင်တို့သည်လည်း၊
ရှေ့ရည်အထွတ်၊ သို့သာညွတ်၍၊
သုံးပတ်လှည့်ကာ၊ ဆင်ရှိရာက၊
အာကာကွန့်ရစ်၊ ကမ်းနီးမြစ်ထက်၊
ထစ်ထစ်ရောင်ထင်၊ မြသိတင်ဟု၊
ပလ္လင်ဖောင်းကျည်၊ နတ်လည်ကြာနား၊
ချရား ရွှေငုံ၊ ပွင့်ရုံ ရှက်တင်၊
ထွေထွေ ထင်လျက်၊ ဆံရှင်စူဠာ၊

လှူတကာတို့၊ ဆင်ရာ ဦးစွန်း၊
မြတ်တုကျွန်းကို၊ ဖူးပန်းကြီးအင်၊
ရည်ထင်ခန့်ရော်၊ ရောက်ရမြော်သည်။ ။
နားတော် လျှောက်ဖွယ် ရှိသောကြောင့်။
၂။ တသီးလျှံခြည်၊ နေလသည်လည်း၊
မြုပ်ဖည်နိမ့်ဝိုက်၊ ရှင်တော့် ရိုက်သို့၊
ရောက်ကြိုက်ကလျှင်၊ စိတ်ဝယ်ထင်စွ၊
မြသွင် လိုလို၊ ရွှေကိုလျောလျော၊
တောလည်း ခြယ်သင့်၊ ပင်တိုင်းတင့်သား။
ကြားဆင့်လေသွန်၊ ကျော်စော ဟန်ထက်၊
တိုင်းလွန်မသိ၊ မြော်သော်ရှိ၏၊
မျက်စိမပန်း၊ လျှံထွန်းသရေ၊
အထွေထွေတိ၊ မီးရေတက်ပျံ၊
စောဘုန်းလျှံကို၊ နှစ်ကြံမဖောက်၊
ပြန်ခဲ့လျှောက်၏၊ နတ်အောက် မဟူ၊
လှမဋ္ဌူသည်။ ။
မှတ်ယူ ထွေးလေဘိသောကြောင့်။
၃။ အပြီးကြံစည်၊ ကြိုးပေသည်ဟု၊
နားလည် ရေးရာ၊ သိတန်ပါလျက်၊
မေတ္တာ စသိပ်၊ တုံ့မရိပ်ခဲ့၊
သုံးကျိပ် သုံးမည်၊ နေရာတည်သား၊
ထက်ပြည်မြင့်မှာ၊ ဆံစူဠာသို့၊
သဒ္ဓါကြည်ညွတ်၊ ဆွတ်ဆွတ်စုံမက်၊
မရက်သွားချင်၊ ရှေ့တော်ပြင်ဝယ်၊
ဦးတင် ပြန်ခေါက်၊ ကျုံး၍ လျှောက်ပိမ့်၊
ဖြေဖျောက် သံချို၊ မယ့်စိတ်ကိုလည်း၊
မငြိုပျံ့မွေး၊ ပြည့်မည်ရေးကို၊
ကွန့်ရှေး စက်ရှင်၊ ဖြည့်စေချင်သည်။ ။
သက်ထင် စုပုံ မိသောကြောင့်။

## ၁၀။ မြသိတင်ဘုရားတိုင်ပိုဒ်စုံရတု-မယ်ဘွဲ့

၁။ သမုဒ်ရော၊ မြစ်ငါးဖြာမှ၊
ဆုံလှာလှည့်ဝိုက်၊ ရစ်၍ ဆိုက်မှ၊
လိုက်လိုက် ဖြိုးဖြိုး၊ ဖြန့်မိုးစကြာ၊
အဝါဟူးဟူး၊ နေထက်ထူးသား၊
ပန်းဦးမဥ္ဇူ၊ ဆက်လှူသဘင်၊
မြသိတင်ဟု၊ ကျွန်းခွင်ပျံ့မွှေး၊
လေသွန်ပြေးသည့်၊ ညီထွေးနောင့်နည်း၊
တမျှတည်းကို၊ သာဖြည်းပျံ့ပျူး၊
လျှောက်ပါဦးအံ့၊ အမူးအမော်၊
ညိုးယော်ခွေပျောင်း၊ မဖြစ်တောင်းတည့်၊
ရှင်နှောင်းနှံ့ညို၊ ယုံမည်ကိုမျှ၊
သံချိုဟမြွက်၊ ရိပ်မည်ခက်ခဲ့၊
ကိုးချက်နာရီ၊ နှံ့မှီစက်ပါး၊
လရထားသည်။ ။
နဂါးနီးပြန်ခဲ့တကား။

၂။ ကမုဒ်ရွှေကြာ၊ ထပ်တရာမှ၊
ရောက်လှာပြိုင်ဖော်၊ နှိုင်းဆသော်လည်း၊
တွေးခေါ်မည်ပင်၊ လူမျိုးထင်လိမ့်၊
မြသွင်လိုလို၊ ရွှေကိုယ်ရှိမ်းရှိမ်း၊
ပြစ်ယိမ်းကင်းနေ၊ သွယ်ခွေရွက်ညို့၊
ဖြူမြိတ်စို့လည်း၊ နားသို့ညွှတ်ညွှတ်၊
မလွှတ်လောက်သေး၊ ထွန်းရိပ်ပြေးရှင့်၊
မှလေး,စပယ်၊ နှံ့ကြွယ်ကြိုင်ပည်း၊
မိန့်မည်နည်းခဲ့၊ နတ်လည်းနိုးခဲ၊
ခဝဲပွင့်သော်၊ ရိုက်ဆော်ကျူးဖြား၊
မကြားအောင်မျှ၊ ကြာမောလှ၏၊
ပန်းလျှဆန်းသာ၊ စိတ်မှာဖြေခက်၊
ဝါရက်ဝယပင်၊ စုံလျှင်ခန့်ရည်၊

လျှောက်ပါသည်ကို၊ သွန်းကြည်စံလျှော်၊
နှောင်းစွန်းမြော်သည်။ ။
နားတော်ငြီးပြန်ခဲ့တကား။

၃။ တမုတ်ပြေဝါ၊ စိမ်းပြာညိုမြ၊
ခြယ်စုံလှသို့၊ ညွန့်ပမမြန်း၊
ထွေထွေစွန်းသား၊ ရေပန်းမြစ်ဆိပ်၊
ပွင့်မျောရိပ်က၊ နတ်အိပ်ခဲ့သေး၊
ရင်းမာမွေး၍၊ ငှက်ကျေးနှုန်းပုံ၊
ပျော်ချင်တုံလည်း၊ ပေါင်းရုံမျှရက်၊
လင့်မည်ခက်ခဲ့၊ သည်ထက်ကြာဘိ၊
မေ့ဖွယ်ရှိ၏၊ မျက်စိစိတ်ပျံ့၊
မကြိုးဝံ့တည့်၊ နှုးညံ့သာချို၊
ဆိုသည်ပီပီ၊ နှင့်မညီသော်၊
ကုံးသီးမြဝတ်၊ လွှတ်မလွှတ်ကို၊
ချစ်ထွတ်တင်ထား၊ သနားပါအောင်၊
လက်ဆောင်အသက်၊ နှင်းဆက်ပါချင်၊
ဝါလုံးစင်သည်။ ။
လွမ်းအင်ကြီး ပြန်ခဲ့တကား။

## ၁၁။ ချောင်းမမွေတော် ဘုရားတိုင် ပိုဒ်စုံရတု-မောင်ဘွဲ့

၁။ ချောင်းမမွေတော်၊ မြတ်ဇီနော်ဟု၊
သုံးဘော်ရပ်သူ၊ နတ်လူအလုံး၊
ညွှတ်လှာရုံးသား၊ ရှိကုံးဝန်းမြောင်၊
မယ့်လက်ဆောင်မူ၊ "လ,ရောင်နေလျှံ၊
မခံလေညှင်း၊ မိုးနှင်းမဖျန်း၊
ရေမသွန်းတည့်၊ ချင့်မှန်းကမ္ဘာ၊
နှစ်သင်္ချာက၊ ညှိုးဝါမယော်၊
ပန်းလွတ်ကျော်"နှင့်၊ ကြင်ဖော်နန်းရန်၊
မတော်ပြန်ကို၊ လျှောက်ပြန်မလွယ်၊
ဆိုရေးကျယ်သည်။ ။

မုန်းဖွယ်မများ တောင်းကိုလည်း။

၂။ မောင်းမှူးရွှေလှော်၊ ရှုတိုင်းပျော်ကို၊
ထိပ်ပေါ်ကသော၊ ဆင်မရာလည်း၊
စကြာထံအောက်၊ ဆက်လှာရောက်က၊
ပြန်လျှောက်ဖွယ်ချည်း၊ ဝမ်းဝယ်ပည်းစွ၊
မုန်းလည်းမနိုင်၊ ပျက်ခေါင်တိုင်သည့်၊
မြစိုင်တင်းကျမ်း၊ တပိုင်းမွမ်းနှင့်၊
စိမ်းရွှမ်းမရွေး၊ ရေလျှံပြေးသို့၊
ကြွင်ရေးသစ်သစ်၊ ကြံသည်ဖြစ်ကို၊
ရှင်ချစ်ဘုန်းမွေး၊ မိတည်းရေးလျှင်၊
အရေးကယ်ယူ၊ ဖြည့်တော်မူလော့၊
တလူဘဝ၊ တွေ့ဘိရရှင့်၊
သည်ကလွန်လေ၊ လူ့မြေနတ်ရွာ၊
လဲသောခါမူ၊ ကမ္ဘာဆက်များ၊
ဝေးစေခြား၍၊ သုံးပါးညီနှောင်း၊
မယ့်သက်ပေါင်းလျှင်၊ လေးကြောင်းပါယ်ရွာ၊
လွတ်ပါလိမ့်လော၊ သနားမောစွ၊
ရှင်စောခုက၊ ဗျာဒိတ်ဟာလော့၊
ပဉ္စသီလံ၊ မြဲမြံဆောက်တည်၊
မယ်စောင့်သည်ကို၊ စိတ်ကြည်ဖြူထွေ၊
အမျှဝေ၏၊ သပြေစိုးမှန်၊
လက်ရုံးအန်နှင့်၊ ဆက်ဒန်နာဂ၊
ပြောင်မုန်ဝသို့၊ မမျှလူဝယ်၊
သည်သူ့နှယ်သည်။ ။

နှုန်းဆွယ်မရှား တောင်းကိုလည်း။

၃။ ကြောင်းစထွေငေါ်၊ လျှောက်သည်သော်မူ၊
မူးမော်ဘနန်း၊ လွန်ထူးဆန်းသား၊
ရေသွန်းနှင်းအပ်၊ လက်ထပ်ထိမ်းမြား၊
စုလျားရစ်သီ၊ မပတ်မီက၊

ချစ်ညီဖောက်ပြန်၊ မတော်ဟန်ကို၊
နန်းရန်ရှယ်ရှိ၊ ကျင့်တပြိုကား၊
မျက်စိစောင်းလှည့်၊ မကြည့်ချင်ပြီ၊
ထက်ဆီဘုံဖျား၊ သိကြားကိုသာ၊
မယ့်သည်လျာဟု၊ ဝမ်းမှာမှတ်ရှည့်၊
နေစလှည့်လိမ့်၊ ထားပြည့်ဝန်းရံ၊
ဆင်ပုံမြင်းထွေ၊ စောင့်နှင့်နေလျက်၊
ရဝေနန်းချောင်၊ သလွန်ညောင်ဝယ်၊
သုံးမြောင်ရံကာ၊ နေလှည့်ရာကို၊
စကြာလက်ရုံး၊ ကြိုးပြီးဆုံးမ၊
နှလုံးဖောက်ပြန်၊ မတော်ဟန်ကို၊
နိဗ္ဗာန်သခင်၊ သိစေချင်ဟု၊
ရွှေစင်ရောင်နွယ်၊ တင်ဆက်ရှယ်သည်။ ။
ကုန်းသွယ်မသား တောင်းကိုလည်း။

## ၁၂။ ကျိုက်ကိုဘုရားတိုင်ရတု-မယ်ဘွဲ့

၁။ မွန်းချက်အထွေ၊ သိန်းသန်းနေတည့်၊
ရစ်ခွေပေါင်းရံ၊ ပြိုင်လှာစံလည်း၊
ရောင်လျှံပလွှတ်၊ ပွတ်ကချွတ်သို့၊
မတ်မတ်သွန်းသွန်း၊ ကုံ့ကုံ့ရှန်းလျှက်၊
ထက်စွန်းမြင်းမိုရ်၊ တိမ်နှင့်ဆို့သည်၊
ကျိုက်ကို့မည်မှတ်၊ မွေတုလွတ်။ ။
ဆုညွှတ်ကုံးဆက်၊ သက်လည်းသည်မှာ၊
မပါလွမ်းလျှဉ်၊ ကြားရစဉ်ဝယ်၊
ဖြေဖြဉ်တားဆည်၊ နတ်ကရည်၍၊
ငှက်မြည်နိမိတ်၊ စိတ်နှင့်မပြောင်း၊
မှတ်၍တောင်းသည်။ ။
ခပေါင်း ပေါင်းခန့် ဆက်တင်သော။

၂။ ထွန်းစက်သရေ၊ တသောင်းနေ၌၊
သပြေမြရည်၊ သွန်း၍လည်သည်၊
ငါးမည်ထွန်းလျှံ၊ နှင့်သာစံသား၊
တင့်ရုံပြင်လျှာ၊ သခင်မှာသို့၊
ရောက်လှာပေက၊ ထူး၍လှ၏၊
ညိုမြမွတ်မွတ်၊ မြတ်ထွတ်မူယူ၊
ပြာဖြူလိုလို၊ လဲ့ညိုမွှတ်စင်၊
ရုပ်သွင်ချောညက်၊ ကျွန်ုပ်သက်ကို။
ဘုန်းစက်လျှံပတ်၊ မိန့်တော်လွှတ်၍၊
ချမ်းမြတ်ငြိမ်းပြေ၊ စုံလျှင်းစေဟု၊
ရစ်ခွေသုံးပတ်၊ လှည့်၍ ညွှတ်သည်။ ။
မျှားနတ်နှောင်းစွန့် သက်တင်သော။
၃။ မြန်းရွှက်မကြွေ၊ ကြန်ရွှေဝါကျင်၊
တောမြင်မြင်လည်း၊ ပြောင်စင်မလွှင့်၊
ကျန်သေးလင့်လျက်၊ ရှင်ပင့်ထက်ဝန်း၊
စုံတသွန်းလည်း၊ စွန်းစွန်းသစ်သစ်၊
ပွင့်ရစ်ပြိုးပြက်၊ ခြေတော်စက်သို့၊
တင်ဆက်မတတ်၊ တိမ်းမူးညွှတ်လျက်၊
ချွတ်လော့ဘုန်းကြွယ်၊ မယ်သို့ရည်နီး၊
လွှန်းပန်းကြီးခဲ့၊ ခရီးလေလျှံ၊
ငှက်သို့စံ၍၊ ပျံ့ဘိတတ်မူ၊
ဆုညွှတ်ကုံးဆင့်၊ လျှောက်စတင့်၏၊
နေသင့်မဆိုင်း၊ ဆီရှည့်နိုင်းသည်။ ။
ပင်တိုင်းညောင်းညွန့် ရွက်ဆင်သော။

## ၁၃။ ကျိုက်ခေါက်ဘုရားတိုင်ပိုဒ်စုံရတု-မယ်ဘွဲ့*

၁။ ဖြန့်ဝန်းစကြာ၊ ဖြူရိပ်သာနှင့်၊
အာကာပျံကြွ၊ ဆက်ဒန်ရသည်၊
ယင်းကစဉ်ရှည်၊ ကျော်စောတည်သား၊
ရုံလည်သမုဒ်၊ ရစ်ဝုတ်ရှက်ဆုံ၊
တကုံမည်မှတ်၊ မူးမော်ညွတ်မျှ၊
မိနတ်တန်းဆောင်၊ နေပြည်ထောင်ဝယ်၊
ပွင့်ရောင်အပ၊ ဖူးစည့ွန့်ကိုက်၊
ငုံလိုက်စဲစဲ၊ ပုလဲသန္တာ၊
နီလာခြယ်နှစ်၊ တင့်ကြောင်းရစ်သို့၊
ရှင်ချစ်ရှိရာ၊ ပန်းတကာလည်း၊
ကုံးလာရွှေစက်၊ ထိမူးဆက်၏၊
ဘဝဂ်ရပ်သူ၊ နတ်လူဝှန်ချောက်၊
ညွှတ်ခ,ရောက်သည်။ ။
ကျုတ်ခေါက်ကောင်းကင် ထွတ်တင်သော။

၂။ ကွန့်ရွှန်းရှက်ဖြာ၊ နေအရာလျှင်၊
ထွန်းဝါပြိုင်ရုံ၊ တူကြောင်းစံလည်း၊
မဆံဝေးကြီး၊ တိမ်ထပ်ဆီးသို့၊
မနီးရောင်ခြည်၊ မြုပ်ပျောက်လည်လိမ့်၊
ထက်ပြည်အာကာ၊ ရုံခါမဟူ၊
မဋ္ဌူရှည်ပွင့်၊ မိုးလုံးတင့်သား၊
ရှင်ပင့်စတော၊ ခုနှစ်နေတည့်၊
မီး,ရေ,လေဆုံး၊ ခြောက်ဘုံလုံးက၊

---

*သံလျင်မြို့သို့ရောက်မှ ဖွဲ့ဆိုသည်ဟု ပါမောက္ခဦးချမ်းမြက အဆိုပြုသည်။ ဥတုကို အသေအချာလေ့လာလျှင် အစောပိုင်းကပင် ဖွဲ့ဆိုခြင်းဖြစ်ကြောင်း တွေ့ရမည်။ ကထိက ဦးသက်တင်ကမူ သက္ကရာဇ် ၉၄၉ ခုတွင် နတ်သျှင်နောင် တောင်ငူသို့ ခေတ္တအသွား သံလျင်စား၏ ခယ်မကို တွေ့ရာတွင် ဆိုသည်ဟု ဖော်ပြထား၏။

ရွက်ကျူးရှိဦး၊ စောဘုန်းထူးကို၊
မဖူးကြားကာ၊ သည်သာစက်၌၊
ကြုံကြိုက်တွေ့ရ၊ ဆယ်ဆဆယ်ပြန်၊
ကျူးလွန်စုံမက်၊ ရှေးထက်ဝမ်းမြောက်၊
ပြည့်ဆုလျှောက်သည်။ ။
မရောက်တောင်းသင့် မှတ်ထင်သော။

၃။ ခန့်မှန်းသက်သာ၊ ချစ်သူမှာနှင့်၊
လွမ်းတာမဝေး၊ ပြည့်မည့်ရေးကား၊
ကျူးအေးမစ၊ မပြမိုးသား၊
နည်းများညိုစင်၊ မဆင်ခင်ဝယ်၊
ရှင်ပင်တေဇ၊ ထွန်းဉာဏ်ဝါဖြင့်၊
သစ္စာရှေးရှု၊ ရှုတော်မူလော့၊
ဇမ္ဗူနဒ၊ ဝေပူမြနှင့်၊
သိင်္ဂီတဝက်၊ သွန်း၍ရှက်သို့၊
မွတ်ညက်ပြာဝင်း၊ သွယ်နွဲ့ရှင်းကို၊
လူချင်းဝယ်သော်၊ မူးမော်ပန်းကာ၊
မရရာတည့်၊ စကြာရှေ့တည်၊
ရောက်တိုင်းလည်လည်း၊ နှစ်မည်မထောက်၊
စံဖြစ်လောက်သည်။ ။
ခြောက်ယောက်နှောင်းမြင့် နတ်ပင်သော။

## ၁၄။ ရွှေဆံတော်ဘုရားတိုင်ရတုပိုဒ်စုံမောင်ဘွဲ့

၁။ ရက်လခါကျော်၊ နတ်စက်ပျော်၍၊
မည်ခေါ်သန်ဦး၊ ဝါသို့ကူးက၊
ပုံ့ပျူးမိုးစည်၊ လျှပ်စက်ခြည်နှင့်၊
ခြောက်ပြည်မက၊ အစိုးရသား၊
သူဇာ့သက်မှတ်၊ မြရည်ဆွတ်၍၊
မွတ်မွတ်လိမ်းချေ၊ ထုံးနေတိုင်းမြဲ၊
သင်းတွဲစိန့်ပြည်၊ စုံခြည်ကွက်ကတ်၊

တုလွတ်မျက်နှာ၊ သိင်္ဂါခြယ်သန်း၊
စိန်ပန်းပွင့်ညီ၊ သရီကိုယ်ထည်၊
ရစ်လည်သတောင်း၊ ပန်းပေါင်းကြိုင်မြဲ၊
အုံးဆင်နွဲ့လျက်၊ မြခဲတန်းဆောင်၊
မတော်ခေါင်ကြောင့်၊ လက်ဆောင်ရှိအုပ်၊
ထိပ်ထက်ရုပ်၍၊ ကျွန်ုပ်သာပျော်၊
တိုင်လျှောက်ဖော်အုံ့၊ မည်ခေါ်ပတ်ဝန်း၊
သောင်းလုံးမွန်းသည်။ ။
ဆံပန်းကေသာ မြတကား။
၂။ မြွက်ဟာသာပျော်၊ လျှောက်သည်သော်မူ၊
ရာကျော်ထောင်သောင်း၊ ဘဝပေါင်းလည်း၊
မပြောင်းရွှေရင်၊ စုံကြချင်ဟု၊
မြေပြင်ပတ်ဝန်း၊ ဇမ္ဗူကျွန်းတွင်၊
ကြော့လန်းရည်တူ၊ တင့်မျိုးဟူက၊
မည်သူမမျှ၊ ဖက်မရသား၊
အများသက်ခန့်၊ နောင်ဘုန်းညွန့်လျှင်၊
မတန့်လွှန်ကျူး၊ ဆိုစဦးက၊
ပွဲ့ပျူးချိုပျား၊ နှာသူနားဝယ်၊
ပျော်ပါးဖွယ်တိ၊ ကြားသော်ရှိလိမ့်၊
မျက်စိစိတ်ဝမ်း၊ ခွဲခြားထွေပြား၊
ချစ်သူများကြောင့်၊ တိမ်းပါးတွန့်တို့၊
မည်သို့ကျိုးနေ၊ မရှိလေဟု၊
ရှိသေထိပ်ထက်၊ စုံသည်လက်ဖြင့်၊
ငယ်ဖက်ရံဝန်း၊ မြွက်ဆိုမှန်းသည်။ ။
စံခန်းလေသာက တကား။
၃။ တွက်ဆရှာသော်၊ သုံးရွှေဖော်နှင့်၊
မြဲတော်နေကျ၊ မမှတ်ရတည့်၊
ကျိုင်းမြည်ရောင်၊ ညီများနောင်လျှင်၊
ယုံအောင်ချိုသာ၊ နှုတ်ပျူဟာနှင့်၊

မယ့်မှာလှည့်ဖြား၊ ဆိုသည်များကို၊
မှတ်သားပေဖွယ်၊ သူတို့ဝယ်လည်း၊
သည့်နှယ်သို့ချည်း၊ ဝမ်းနည်းမပြေ၊
ကျိုးနေမဲ့ဘိ၊ တွေးခေါ်ရှိ၍၊
မျက်စိ စိတ်တွင်၊ လူတို့ထင်ခဲ့၊
သောင်းခွင်ရပ်သူ၊ နတ်လူညွှတ်ခ၊
တောင်းတိုင်းရသည်၊ လောကထွတ်တင်၊
မြတ်ချစ်ရှင်လျှင်၊ ဆံမျှင်မြူရှိ၊
ကြွင်းမဲ့သိလော့၊ ကတိဖြူထွတ်၊
ကျွန်ုပ်မှတ်ကား၊ လွမ်းဆွတ်ချစ်ပန်း၊
ညှိုးမမြန်းသည်။ ။ ရံဝန်းနေသာစွတကား။

## ၁၅။ ရွှေမော်ဓောဘုရားတိုင်ပိုဒ်စုံရတု-မယ်ဘွဲ့

၁။ ခေါင်ထွတ်ဆက်ကာ၊ မင်းတို့သာလျှင်
ဆင်ရာမကိုင်ရွ၊ ရှင်တော်ရိုက်ဟု၊
ထိဆိုက်ယူးယူး၊ မိုးညွှန့်ဦးဝယ်၊
သောက်ရှူးရောင်ခြည်၊ နေလသည်လည်း၊
တူမည်ပြိုင်ခိုင်း၊ မှုမနိုင်းတည့်၊
တိမ်ဆိုင်းဘဝဂ်၊ ပြိုးပြက်တင့်မော၊
ရောင်စုံရောသည်၊ မော်ဓောမည်ရှန်း၊
လူ့ထိပ်စွန်းကို၊ ပန်းလည်းနံ့သင့်၊
သခင့်ရက်တူ၊ မဥ္ဇူများရှင်၊
ဂမုန်းအင်နှင့်၊ ဖူးချင်ခန့်ရည်၊
ခုလျှောက်သည်ကား၊ ရွှေပြည်ခရီး၊
ရောက်ပန်းကြီးသည်။ ။
ဆောင်းမြီးကြွချီ ချီစေသော့။

၂။ ရောင်လွှတ်စက်ဝါ၊ ဉာဏ်သီတာဖြင့်၊
ဗျာပါဟူက၊ မရှိရတည့်၊
ကြောင့်ကြဖြေချွတ်၊ ငြိမ်းစေတတ်ဟု၊

လူနတ်ယုံကြည်၊ ကျော်စောရည်ထက်၊
မြော်သည်လွန်ကျူး၊ ဆယ်ဆထူး၏၊
ဖူးမည်သံချို၊ ကျွတ်ဆုကိုမျှ၊
မဆိုရက်သေး၊ တောင်းဖော်ဝေးခဲ့၊
လွမ်းရေးတချို့၊ မယ်သို့ရှေ့ရည်၊
ရောက်ချင်သည်နှင့်၊ ရွှေပြည်သနစ်၊
သာသည်ဖြစ်ကို၊ စိစစ်ပြန်မိ၊
နှစ်ထပ်ရှိခဲ့၊ ညှိလော့ဘုန်းစက်၊
တပေါင်းရက်ဝယ်၊ ပျံ့ငှက်မယွန်း၊
သည်ကမှန်းသည်။ ။မဝန်းပြည့်မီ မီစေသော။

၃။ ရောင်မွတ်ညက်ပြာ၊ ခြောက်ဘုံသာက၊
စံရာစံထက်၊ နတ်ပင်သက်ဟု၊
မှတ်မြွက်ဆိုမိ၊ ပြစ်မရှိတည့်၊
မျက်စိမပန်း၊ လျှံထွန်းသရေ၊
လှခေါင်နေကို၊ ထွေထွေကြည့်လျှင်၊
ချစ်၍ထင်ခဲ့၊ လေးပင်မြတ်မော၊
သဘောစင်သန့်၊ မြရည်ညွန့်နှင့်၊
ရောခန့်ခြယ်နစ်၊ ဇမ္ဗူရစ်သို့၊
ကျစ်လျစ်သွင်ရုပ်၊ လှခေါင်ချုပ်ကြောင့်၊
ကျွန်ုပ်ညွတ်တွား၊ ရှင်တော်စားဝယ်၊
လွမ်းအားခေါင်ရောက်၊ ရေသို့မြောက်မျှ၊
ဖြေဖျောက်ကယ်မ၊ လျှောက်သမျှကို၊
သုံးပါးဦးစွန်း၊ မိန့်တော်မှန်းလော့၊
မယွန်းကြလို၊ ဆက်တိုင်းကိုလည်း၊
ကုသိုလ်ရည်ဖြိုး၊ ထပ်၍ပျိုးသည်။ ။
ချစ်ကြိုးတင်ညီ ညီစေသော။

## ၁၆။ မြင်ထင်ဘုရားတိုင်ပိုဒ်စုံရတုမယ်ဘွဲ့

၁။ ဖူးပါစေချင်၊ မြတ်ချစ်ရှင်ဝယ်၊
လက်ငယ်ကြည်ဖြူ၊ စုံဘိမူကား၊

အတူသံမြ၊ တောင်းတို့ရ၏၊
ကဲဆထပ်ကာ၊ နောင်သာနောင်ချည်း၊
ဖော်နည်းမရှင်၊ မြတ်မြင်ထင်ဝယ်၊
အိမ်ရှင်ကလျာ၊ မယ်မပါဟု၊
မျှော်ကာမတည်၊ မူးမော်လည်ရှင့်၊
ကျွတ်မည်ဆုမျှ၊ မြွက်ဟမိန်းပြတ်၊
မတောင်းတတ်ခဲ့၊ ရှိဝတ်ပူဇော်၊
ကြည့်ချေမြော်သော်၊ ရှင်တော်ကြွငှန်း၊
ထွတ်ဦးစွန်းသည်။ ။
ပြောင်ရှန်း ပြောင်ရွှေ ဝှန်တော့သည်။

၂။ ဦးကာရွှေစင်၊ ဆယ်မီးတင်သို့
ကေရှင်သွယ်မြ၊ စည်းစကပင်၊
သက်မျှမိပေ၊ မျိုးမြတေကို၊
ဖန်ဝေမူးမော်၊ မြင်ရမြော်သော်၊
တိမ်ပေါ်လျှံထွန်း၊ သစ်ရိပ်နန်းက၊
ကြော့လန်းဆင်းဝါ၊ တောင်လှန်းကာလျှင်၊
သန္တာခြေဆွဲ၊ လည်ချင်းနွဲ့၍၊
ရောင့်ရဲပျော်ရေး၊ ပါစုံမေးသို့၊
ကျူးအေးသာယာ၊ အခါသရစ်၊
သည်အဖြစ်ကို၊ ငယ်ချစ်မမြင်၊
ပျော်ဖွယ်ဖြင်မျှ၊ မြိုင်ခွင်ပတ်ဝန်း၊
ရှုဖွယ်ဆန်းသည်။ ။
ခေါင်နန်းခေါင်ဗွေ မှန်တော့သည်။

၃။ ဖြူးပြာဝေဆင်၊ တောတပြင်လည်း၊
ပျော်ရှင်ဖွယ်သာ၊ မြိုင်ရိပ်ကာလျက်၊
နံ့သာကြိုင်မွှန်း၊ လှကြွင်းကို၊
ပြိုင်မှန်းစံတည်၊ နှန်းသင့်မည်သား၊
ဖွေနည်လူ့ရွာ၊ ရခဲစွာရှင့်၊
ဗယ်ညာရုံသန်း၊ ရွှေပေါင်းဝန်းသည်။ ။
တောင်နန်း တောင်နေရန်တော့သည်။

## ၁၇။ မြင်ထင်မြင်ပေါ်ဘုရားတိုင်ပိုဒ်စုံရတု မောင်ဘွဲ့

၁။ အရှေ့မတ်မတ်၊ တောင်မြင့်ထွတ်နိုက်၊
စက်လွတ်ရောင်ထွေ၊ မယ်တို့နေသည်၊
နန်းမြေဆီနှင့်၊ မြော်သာသင့်လျက်၊
ရှင်ပင့်တရှည့်၊ စိတ်ကိုဖြည့်သည်၊
မိတည်းနောင်တော်၊ မြတ်နှစ်ဖော်။ ။
သာပျော်ပုံ့ပျူး၊ နားပါးမူးမှူ၊
ထွေထူးသံချို၊ တော်မည်ကိုလျှင်၊
နောင်ညိုဘုန်းပေ့၊ ဆိုစလေ့မူ၊
အောက်မေ့စေရ၊ တွေ့သမျှလည်း၊
ခ,ယခွေညွတ်၊ ယုံအောင်တတ်ရှင့်၊
လူနတ်သဘင်၊ ရှုအံ့ရင်သည်။ ။
မြင်ထင်မြင်ပေါ် သုံးလူ့ဘော်။
၂။ တစေ့ရှာရှာ၊ နောင်ခြင်းရာကို၊
ဆယ်မြွာရှိလက်၊ အစုံဆက်၍၊
တိုက်မြွက်ပြန်ခေါက်၊ ကျွန်ုပ်လျှောက်အံ့၊
နှစ်ယောက်မပြိုင်၊ မြရည်စိုင်လျှင်၊
ယုံပိုင်လျှင်းအောင်၊ တော်ယော်တည့်ရှည့်၊
ပေါ်ပြည့်သာကြည်၊ နှုတ်မြရည်နှင့်၊
လည်လည်ပတ်ပတ်၊ သက်ထက်မြတ်ဟု၊
အထွတ်ညွန့်မှာ၊ ဆိုဘူးပါလျက်၊
မေတ္တာဝေသင့်၊ မဝေဖင့်သော်၊
သူနှင့်ကြင်၍၊ မကြင်မေ့ခဲ့၊
စေ့စေ့မြွက်ပုံ၊ ပြည့်ဆုယုံသည်။ ။
နှစ်စုံမြတ်ကျော် ဉာဏ်ဖြင့်မြော်။
၃။ မမေ့ထွေထွေ၊ အောက်မေ့ချေက၊
ရောင်ထွေလျှံပတ်၊ မြတ်ထက်မြတ်သား၊
မွေဓာတ်နှစ်ဖော်၊ ကျွန်းလုံးကျော်သည်၊
မြင်ပေါ်မြင်ထင်၊ မယ့်သခင်သည်၊

စက်ရှင်ထွန်းမြူး၊ ရှုပါဦးလော့၊
မယ့်ထူးကြင်မိ၊ ဖော်မရှိကို၊
သိစိမ့်မြွက်ဖော်၊ တိုင်ခွင့်မြော်လည်း၊
နားတော်မလျှောက်၊ ကြောက်လည်းကြောက်၏၊
မလျှောက်နေလည်း၊ ဆိုလေတိုင်းပင်၊
ယုံသည်ထင်လိမ့်၊ ပူပင်ချင်ဖွယ်၊
အသွယ်သွယ်ကို၊ ဝမ်းဝယ်ဝှက်သို၊
နှုတ်သံချိုနှင့်၊ မယ့်ကိုတခြား၊
ချစ်စောင်ထားသည်။ ။
တပါးကြင်ဖော် သူနှင့်ပျော်။

## ၁၈။ စွန်းတောင်းဘုရားတိုင်ပိုဒ်စုံရတုမယ်ဘွဲ့

၁။ နေလရစ်တည်၊ တောင်တို့သည်လည်း၊
ဘုန်းစည်ထွတ်ချာ၊ ထံစကြာသို့၊
လက်ယာလှည့်ဝိုက်၊ နှိမ်၍ဆိုက်သား၊
လိုက်လိုက်သပ်သပ်၊ ကြာချပ်ချရား၊
ရှိုရှားဖောင်းရစ်၊ ကုံးနစ်သက်တင်၊
ရောင်ထင်သွယ်ခွေ၊ အထွေထွေတီ၊
စုံခြေထက်ဝန်း၊ ပန်းလည်းခိုင်ဆင့်၊
ခါသင့်မင့်၊ မွှေးပျံ့ရှစ်ရပ်၊
ပွင့်ရောင်စပ်မျှ၊ ခြောက်ထပ်ဘုံသာ၊
ကြိုက်ရာရာကို၊ မကြာတောင့်တ၊
တောင်းတိုင်းရသား၊ နေ,လတသန်း၊
မကထွန်းသည်။ ။တောင်စွန်းစံနေရာကသော။
၂။ ဝေမျှချစ်ရည်၊ ကြံပါမည်ကို၊
ဝိုက်လည်ခဲခက်၊ တညရက်ဝယ်၊
ဆယ်ထက်မကာ၊ လျှောက်များလှလည်း၊
စ,နရိပ်ခြည်၊ မည်သို့သည်မျှ၊
ဝင်းကြည်ငြိမ့်မွတ်၊ နှုတ်မလွှတ်ခဲ့၊
ပြာသာဒ်ကိုးပါး၊ စက်ရထားနှင့်၊

ကြွားကြွားပျံမှတ်၊ မင်းသာညွတ်သည်၊
မွေခတ်သရီ၊ နောင်တော်ညီကို၊
ရာသီခါသင့်၊ အချိန့်ပွင့်သား၊
စုံခွင့်သည်တွင်၊ နိမိတ်ရင်၍၊
သဇင်နှစ်ခိုင်၊ ဆက်ပန်တိုင်ရှင့်၊
ရောင်စိုင်ပ,ဝန်း၊ သောင်းတိုက်ခန်းသည်။ ။
ပြောင်ရွှန်းလျှံထွေ ဖြာမျှသော။
၃။ ဇွေစထစ်မြည်၊ ဝါကသည်လျှင်၊
တောင်လည်ပြန်ဆွတ်၊ နွေသို့ပတ်မျှ၊
ညွတ်ညွတ်ပျံ့လွင့်၊ နားတော်နှင့်ကို၊
မသင့်သင့်အောင်၊ ရည်စောင်သံချို၊
လျှောက်သည်ကိုမျှ၊ မြွက်ဆိုမေတ္တာ၊
သူနှင့်စာ၍၊ သစ္စာဧကန်၊
မှန်မမှန်ကို၊ ထောက်ပြန်ယူဆ၊
သိပါရမူ၊ ခယထွေထွေ၊
ချေသော်ကျေ၏၊ ဆံမွေရတနာ၊
မယ့်စိတ်မှာကို၊ ဉာဏ်ဝါခြည်မောင်း၊
ဖြည့်ပါကောင်းစွ၊ မပြောင်းကျိုးပြစ်၊
ကျွန်ုပ်ဖြစ်မူ၊ နှစ်သစ်မဆန်း၊
စ,မယွန်းသည်။ ။
ဆောင်ညွှန်းကံဝေပါမှသော။

## ၁၉။ ယပ်စောက်ဘုရားတိုင်ပိုဒ်စုံရတု–မောင်ဘွဲ့

၁။ ယပ်စောက်မည်သာ၊ သုံးလူ့ချာကို၊
ထွေရာကြောင်းဝန်၊ ကျွန်ုပ်ပြန်အံ့၊
ဘုန်းဉာဏ်စက်ရှင်၊ နားတော်တင်လော့၊
ရည်ထင်မင်းလျာ၊ ရှေးသောခါက၊
မေတ္တာရစ်ရှက်၊ မြဲနှောင်ခက်၍၊
နှောင်သက်သခင်၊ ငယ်ကကြင်ဟု၊
သို့ပင်ကြိမ်ခေါက်၊ ယုံကျွန်ရောင်ရှင့်၊

ယွင်းဖောက်ထွေလာ၊ ခုမှသာလျှင်၊
သစ္စာသွေးဖင့်၊ နောင်ဘုန်းမြင့်သည်။ ။
သူနှင့်ဆံဘိ သည်တကား။
၂။ ခပ်ကောက်ဖည်ခွာ၊ နောင်မင်းလျာကို၊
သည်သာရှေးလွန်၊ ကြမ္မာဖန်၍၊
တွေ့ပြန်ရလည်း၊ ဘဝနောင်ခါ၊
သံသရာဝယ်၊ ဖွတ်လျှာဝါးငုံ၊
မုသားပုံကို၊ ကြိုက်ကြုံသည်ထား၊
သတင်းနားမျှ၊ ကြားရသည်လျှင်၊
မဖြစ်ချင်ဟု၊ သို့ပင်ပြန်ခေါက်၊
ကျွန်ုပ်လျှောက်ရှင့်၊ ယွင်းဖောက်ထွေပြား၊
ကျင့်သည်များကို၊ မယ့်နာနိုက်တွင်၊
မကြားထင်၍၊ ယုံချင်ဖွယ်အောင်၊
ရှုပဆောင်၍၊ မရှောင်လေပါ၊
နောင်မင်းလျာသည်။ ။
သစ္စာခံဘိ သည်တကား။
၃။ ထပ်လျှောက်ကြည်စွာ၊ မယ်တို့မှာလည်း၊
ထွေလာဆန်းထူး၊ ရင်းမာဦးနှင့်၊
ညွှတ်နူးကြည်ဖြူ၊ လက်ဆောင်မူသော်၊
စိတ်တူမရှား၊ ဖော်ချင်းများနှင့်၊
ဖြစ်လားမကြွင်း၊ နားတော်သွင်း၍၊
မြဆင်းတခဲ၊ နောင်မင်းရဲလျှင်၊
ရှောင်လွှဲသစ္စာ၊ မကျင့်ရာဟု၊
မယ်သာယုံဘိ၊ နာချေမိရှင့်၊
ခုပြိဖင့်သွေ၊ သူသို့ဝေလည်း၊
ဆံမွေမြူခြမ်း၊ မို့သမ်းစိတ်က၊
မလေးလှတည့်၊ ကြားကလူရှင်၊
ပြစ်များတင်လိမ့်၊ သည်တွင်ဘဝ၊
နောင်ကျိုင်းမြသည်။ ။

နှစ်ခွကြဲ့ဘိသည်တကား။

## ၂၀။ ရွှေစည်းခုံဘုရားတိုင်ဗိုဒ်စုံရတု

၁။ ဖက်လွတ်စံရာ၊ ရစ်သန်းဖြာသား၊
ရောရှက်ရုံ၊ မင်းဝံဌာန၊
အောင်ချက်မဝယ်၊ ဇော်တလျှံဟုံ၊
ကိုးမည်စုံသား၊ နိတုံသွန်းမြောက်၊
မြေကပေါက်သို့၊ မောက်မောက်ဖြိုးဖြိုး၊
ဆောင်းမိုးစကြာ၊ ဖြန့်ဝန်းကာလျက်၊
ဗျာပါလွမ်းပူ၊ ရှိသသူတို့၊
ဆုယူတောင့်တ၊ တောင်းသမျှကို၊
ကြောင့်ကြပယ်သိမ်း၊ ရေမယိမ်းတည့်၊
ငြိမ်းအောင်ချမ်းကြည်၊ ဖြည့်လျှင်းသည်ဟု၊
သောင်းပြည်လူ့ရပ်၊ ခြောက်ထပ်နတ်ရွာ၊
ကျော်ဝှန် ဝါလျက်၊ ဗြဟ္မာ တသွန်၊
ရှိပန်ကပ်ဆည်း၊ ကျွတ်ဆုရည်းသည်။ ။
ရွှေစည်းခုံ ရှင်တော်တကား။

၂။ စက်ပတ်လျှံဖြာ၊ ရောင်အဝါလည်း၊
စိမ်းပြာ ရစ်လျက်၊ ပြိုးပြက် မောင်းမောင်း၊
ခြောက်မည် လောင်းလျက်၊ သိန်းသောင်း နေဝန်း၊
ပြိုင်၍ ထွန်းသို့၊ ရွှန်းရွှန်း ကွန့်တက်၊
ဘဝဂ်ထုတ်ချင်း၊ လျှံဝင်း ပြောင်နှံ့၊
သာကြည်ပုံ့ပျူး၊ ယန်ပါ ဦးအံ့၊
တိမ်းမူး ခွေပျောင်း၊ ကျွန်သာ ညောင်းမျှ၊
နှစ်ဆောင်း နှစ်နွေ၊ ကျူးသောထွေကို၊
စေ့ရေဖန်ခေါက်၊ ကြိမ်ကြိမ် လျှောက်လည်း၊
စံမြောက် ပြိုင်ဝေး၊ ဖြူမွတ်မွေးလျှင်၊
စိတ်တွေးငယ်မူ၊ သို့သာဟူ၍၊
ပုံ့ကြူသြဇ၊ မြွက်မဟသော်၊
ဆွတ်မျှခွေပတ်၊ မဖြေတတ်ခဲ့၊

တမွတ်သာတည်း၊ မေတ္တာစည်းသည်။ ။
ဆွေနည်းယုံကြင်ဖော်တကား။

၃။ သက်မှတ်နံ့ရာ၊ သခင်သာဟု၊
မေတ္တာမြင်းမိုရ်၊ နှင့်သာဆိုလည်း၊
တိမ်ညိုဝန်းလည်၊ မိုးစည်သံထင်၊
ပါဝင်ရာသီ၊ နီးခဲ့ပြီတည့်၊
တိမ်ဆီတင်မျှ၊ ကြားသည်ကပင်၊
ကဲဆစုံမက်၊ စက်လည်းမတည်၊
ဖြေဆည်မတုံ့၊ နွဲ့ဆွတ်ပျံ့တိမ်းပါး၊
ဖန်ရထားနှင့်၊ နဂါးစက်ခွင်၊
နီးပါးလျှင်ဟု၊ သာရှင်မညောင်း၊
စုံချင်ကြောင်းကို၊ ဉာဏ်ပေါင်းခွေပတ်၊
ရှင်တော်ချွတ်လော့၊ နတ်လည်း နီးခဲ၊
ခဝဲ ဂီဝါ၊ ပျော်မည်ကြာ၍၊
လွမ်းတာရက်လ၊ ငံ့နှင့်ရခဲ့၊
အလှတမူ၊ ပြာဖြူမွတ်ညက်၊
ဆယ်ထက်မကာ၊ ဦးရွှေရသား၊
နိက္ခစတေ၊ တထောင်ရွှေကို၊
ကိုးထွေ မျက်နစ်၊ သွန်း၍ဖြစ်သို့၊
ကျစ်လျစ်မှုနည်၊ တည်ကြည်လျောက်ပတ်၊
စံမျိုးလွတ်သား၊ သွယ်ညွတ်လျချည်း၊
ပြင်ဆုံဆည်းသည်။ ။
နေလည်းစုံရှင် ပျော်တကား။

တောင်ငူဘုရင်-နတ်သျှင်နောင်ဆို
ဘုရားတိုင်ရတုစာတော်များ
စုစုပေါင်း ပုဒ်ရေ ၂၀၊
ဤတွင်ပြီး ပြည့်စုံပြီ။

တောင်ငူဘုရင်

# နတ်သျှင်နောင်ဆို

## ရာသီဘွဲ့-ရတုစာတော်များ







## အခန်း ၂

### ၁။ မိုးတောပန်းထွက်ချာဘွဲ့ပိုဒ်စုံရတု

၁။ ဆွတ်ပုံ့ဖွယ်အောင်၊ ယုဂန်တောင်က၊
ဝေမှောင်အုံ့ပျ၊ နွေနှောင်းလကို၊
ခြိမ့်မျှသံလေး၊ ရင့်ရှုကြွေးက၊
နီးဝေးပတ်ကုံး၊ တိုင်းအလုံးဝယ်၊
ညွှတ်ရုံးကြာတူ၊ ဖော်နည်းသူကို၊
သည်းအူပြတ်ခေါင်၊ ကြွေလွယ်အောင်လျှင်၊
လေဆောင်ပြင်းထန်၊ ကြောက်ဖွယ်လွန်စွ၊
မြဟန်ရောင်ချိပ်၊ မှိုင်တည့်ရိပ်လျက်၊
သုံးထိပ်တောင်ချာ၊ ဆီကသာလျှင်၊
လျှပ်ဝါပြက်သန်း၊ တိမ်ညိုတန်းသည်။ ။
မထွန်းနေခြည် ရီတော့သည်။
၂။ ပတ်ခြံ့ကွယ်မှောင်၊ ထွန်းနေရောင်ကို၊
တိမ်တောင်တက်ခြည်၊ ပိတ်ဖုံးသည်နှင့်၊
ငွေရည်သဏ္ဍာန်၊ ရေတံခွန်လည်း၊
စီးဝှန်ဖြူးသွယ်၊ ဆန်းတကြယ်လျှင်၊
အံ့ဖွယ်ထွေလာ၊ တိမ်ရိပ်ချာက၊
ဗယ်ညာပတ်ချုပ်၊ ရွာစရုပ်နှင့်၊
မှိုင်းအုပ်လှည့်ကာ၊ မလင်းကြာသော်၊
ရွှေသာပြောင်ဝင်း၊ နန်းပြုတင်းက၊
လေညှင်းမြူးရှင်၊ ကြည့်စဉ်တွင်၌၊
ဘုန်းအင်ကြီးလှ၊ ဆင်ထိုက်ရသား၊
မမျှပန်းချင်း၊ မွေးတုကင်းကို၊
မယှဉ်းသတိ၊ ရှုမိမိသည်။ ။
မျက်စိမူးလည် သီတော့သည်။
၃။ မှတ်ငံ့ရှုယ်စောင်၊ ဆုမြတ်ခေါင်ကို၊
ပြည့်အောင်ကြိုးကြံ၊ သုံးမည်ကံလည်း၊

တဆံခြည်မျှ၊ မယွင်းရတည့်၊
သီလကဲလွန်၊ နိဗ္ဗာန်ရည်ခန့်၊
ရွံ့လန့်မထိတ်၊ မှတ်သည်စိတ်ဖြင့်၊
နိမိတ်ရှေးရိုး၊ ချီးပင့်နှိုးလျက်၊
လူမျိုးမတန်၊ မင်းထိုက်ရန်၍၊
ကောက်ကျစ်၊ ပေါက်ပြလှဲ့မျှ၊
ညှာတံပွင့်ချပ်၊ ဖြူလှပ်ပုလဲ၊
ဓော်တစွဲသို့၊ ဖြစ်ခဲဆင်းဝါ၊
'ပန်းထွတ်ချာ' ကို၊ ကြမ္မာကြိုက်ဆုံ၊
မြော်ရတုံက၊ အာရုံရှင်ကြည်၊
ပြည့်တော့မည်ဟု၊ မှတ်ရည်တရုံး၊
မိဋ္ဌာန်သုံးသည်။ ။နှလုံးမြဲတည်ပီတော့သည်။

## ၂။ မိုးတောမောင်ဘွဲ့အလွမ်းပိုဒ်စုံရတု

၁။ ဘဝဂ်လုံးလျှင်၊ မြကုံးခိုင်ပန်း၊
ဆိုင်၍ဝန်းသို့၊ နတ်နန်းလုလင်၊
တင့်ရည်းထင်နှင့်၊ ညီစင်ရည်စွန်း၊
လာမှသွန်းလော့၊ ဆင်ဆန်းထွေချိပ်၊
လွမ်းဖွယ်ရိပ်က၊ ခြူးစိပ်စိန်ခက်၊
ဝန်းရှက်ကြာညောင်၊ လရောင်ပြက်ကာ၊
မွေ့ရာကြက်ရုံး၊ သဇင်အုံးထက်၊
နှလုံးဝယ်ပ၊ ပျောင်းပျမဲ့ဟန်၊
ဆံစွန်ရိပ်စင်၊ ကေရှင်ပန်းရော၊
ဆီပုံ့ချောသည်။ ။
သဘောတမ်းသာ နေတော့သည်။
၂။ တသက်လုံးတွင်၊ တကုံးကိုပင်၊
ပန်ရလျှင်လည်း၊ ချစ်ကြင်သို့ချည်း၊
များကာပည်းခဲ့၊ ဝမ်းနည်းစရာ၊
ဗျာပါပျိုးလပ်၊ မထပ်လွမ်းသစ်၊
နောင့်ဖြစ်သိထွေ၊ မေ့လျော့နေလည်း၊

ဖြေဖြေဖြည့်ဖြည့်၊ တော်တော့၏ဟူ၊
ဆိုသသူက၊ လှောက်ကူသံသာ၊
လာဆန်းလာလော့၊ မရှာပဲကို၊
ရှာရပ်လိုနှင့်၊ တိမ်ညိုကာမိုး၊
မြပွင့်ဖြိုးသည်။ ။
လေမျိုးလွမ်းရာ ဖွဲ့တော့သည်။

၃။ အခက်လုံးပင်၊ မရုံးခြယ်ရှက်၊
နီလာစက်သို့၊ ပန်းငှက်မည်ဟူ၊
ဗျာပါယူနှင့်၊ မဠူခြည်မောင်း၊
သုံးပါးနှောင်းကို၊ ဆယ်ချောင်းလက်မိုး၊
အစုံခိုး၍၊ ယိုးယိုးမယ်မယ်၊
မယ့်ဝယ်အဖြစ်၊ အသစ်သစ်လျှင်၊
ကြင်ချစ်စောင်ဖွဲ့၊ နှုတ်တည်မဲ့နှင့်၊
ယွင်းခဲ့တုံတုံ၊ မယုံသာမော၊
သူ့သဘောကို၊ မရောကောင်းချေ၊
စိတ်ကိုဖြေလည်း၊ မပြေလုံးချုပ်၊
ရုံး၍အုပ်သည်။ ။
ကျွန်ုပ်ဝမ်းမှာ ခွေတော့သည်။

## ၃။ မိုးတောမောင်းဘွဲ့အလွမ်းပိုဒ်စုံရတု

၁။ ဘဝဂ်ကပင်၊ ယိုကျမတတ်၊
မိုးလုံးညွတ်မျှ၊ မြဝတ်ဆံပွင့်၊
ကုံးနစ်ဆင့်သို့၊ ထက်မြင့်တိမ်စွန်း၊
ယုဂန်နန်းက၊ လျှပ်ပန်းလျှပ်ခြည်၊
မယ်သို့ရည်လျက်၊ မတည်ပျောင်းရှား၊
ဝမ်းပါးညွတ်ခွေ၊ ရှိလေစေဟု၊
သက်ဝေကြင်ရာ၊ မိန့်လိုက်မှာသို့၊
အာကာတိမ်ညို့၊ ဝန်းရစ်ဆို့သည်။ ။
မြင်းမိုရ်ထွေလည် ဆင်တော့သည်။

၂။ အဖက်မျှအင်၊ ရမထင်တည့်၊
ယုံချင်ဖွယ်ကို၊ ဆိုသရွေ့လည်း၊
မွေ့မွေ့ညဲ့ချောင်း၊ ညွတ်ညွတ်ပျောင်းမျှ၊
ထောင်သောင်းမက၊ သက်နှင့်မျှ၍၊
ယွင်းခွမလှည့်၊ ကြင်မောင်၏ဟု၊
ဆိုသည့်ဖြစ်ကို၊ ညိုရစ်မယ့်သက်၊
မေ့လေရက်သော်၊ ဘဝင်မိုးသူ၊
မတော်မူနှင့်၊ မယ်တူသူ့သက်၊
နှင်းဆက်ဝေပို့၊ မေတ္တာချို့သည်။ ။
သူသို့ သွေဖည် ကြင်တော့သည်။
၃။ မရက်စချင်၊ သို့အောင်စင်ကို၊
ဝမ်းတွင်မှတ်ခွေ၊ တိမ်မြုပ်နေရှင့်၊
ထွေထွေခ,ခ,၊ ပျပျသာညောင်း၊
ညှံ့ညှံ့ချောင်းနှင့်၊ ယုံကြောင်းမယ့်မှာ၊
သစ္စာမြွက်ဆို၊ ကျိန်မျိုးကိုလည်း၊
မြင်းမိုရ်နှင့်မျှ၊ နှိုင်းကမတည့်၊
မာဃမလွတ်၊ နတ်လည်းမကျန်၊
ဓိဋ္ဌာန်ပန်ရိုး၊ ရိုညွတ်ကျိုးသည်။ ။
ကျိန်မျိုးဖွေနည်စင်တော့သည်။

## ၄။ မိုးတောမောင်ဘွဲ့ အလွမ်းပိုဒ်စုံရတု

၁။ ဘဝင်ရှည့်ညီ၊ မြရည်စီသို့၊
မိုးသီမိုးဖွဲ့၊ နွဲ့နွဲ့နွဲ့ယိမ်း၊
ရိုက်ခြိမ်းရိုက်ဆင့်၊ မတင့်တောင်းအောင်၊
ပန်းရောင်လျှပ်လျှပ်၊ တိမ်ထပ်တိမ်ဝတ်၊
ခြယ်၍ပတ်သို့၊ နန်းထွတ်အောင်ချာ၊
သူ့မှာလွမ်းရှု၊ တို့နှင့်တု၍၊
ညို့သူကြင်သူ၊ မဟူစဘူး၊
တန်ခူးသာမျှ၊ ကြာလှကဆုန်၊
နယုန်တို့လည်၊ ရောက်လမည်ဟု၊

မတည်သွေယွန်း၊ မိန့်ရွှေခွန်းသည်။ ။
ဖြေဆန်းဖြေရှာလေတော့သည်။
၂။ မမြွက်လှည့်ဉာ်၊ မစီတို့လျှဉ်၊
မစဉ်တို့တတ်၊ မေ့သော်မြတ်၏၊
ပြတ်ပြတ်ဆက်ဆက်၊ ခန်တွက်နေကျ၊
ကျွန်မျှမဆင့်၊ နှုတ်ဖြင့်လျှောက်လှာ၊
မှာသရွေ့လည်း၊ တနေ့တပါး၊
လသာလျှားခဲ့၊ စကားအနန်း၊
ဒန်းလည်းပျို့မွေး၊ ဆင်မီဝေးခဲ့၊
မုလေး,ခတ္တာ၊ ရင်းမာပွင့်နီး၊
လှိုင်ခန့်စိုးရှင့်၊ ကြိုးကာချာသွန်း၊
ဝါသို့ယွန်းသည်။ ။
မှီဝန်းဝယ်သာခွေတော့သည်။
၃။ အရွက်မှည့်စီ၊ ခါရောက်ညီက၊
လေဆီလွင့်ယိမ်း၊ တောခပ်သိမ်းလည်း၊
လန်းစိမ်းညွန့်ကိုက်၊ မိုးသို့လိုက်ခဲ့၊
ယုံထိုက်သံချို၊ မှာတိုင်းကိုလည်း၊
မဆိုရက်လှည့်၊ ဝမ်းနည်း၏ရှင့်၊
ရောက်မည့်အပ၊ ကြားရကာကာ၊
ကြာရက်လေမော၊ ပွင့်မျှောရေယန်း၊
ပြင်ကျွန်းကမ်းမြစ်၊ လျှမ်းလျှမ်းနစ်ခဲ့၊
ကုံးရစ်ခွေမိုး၊ စိုးသည်ထက်ကို၊
စိတ်စက်ဖြေကာ၊ နေစဉ်ခါဝယ်၊
နွဲ့လှာဆင်မှတ်၊ ခြယ်၍ပတ်သည်။ ။
မြဝတ်အာကာ ထွေတော့သည်။

### ၅။ မိုးတော အလွမ်းအဖြည့်ခံရတု

၁။ ဘဝဂ်ရှည့်ဝေ၊ မြရည်တွေသို့၊
သီခွေသီဆွတ်၊ နွဲ့ညွတ်နွဲ့ခေါက်၊
ကျူးမြောက်ကျူးဆင့်၊ မတင့်စတောင်း၊

မောင်းမောင်းရွှေရောင်၊ တိမ်တောင်တိမ်ပန်း၊
ဆင်ရစ်ရန်းသို့၊ စံနန်းထွတ်ချာ၊
မယ့်မှာလွမ်းပည်း၊ တို့မှာနည်းဖြင့်၊
ခမည်းဘုန်းဝှန်၊ မမှန်စဘူး၊
တန်ခူးမျှသာ၊ မြင့်စွာကဆုန်၊
နယုန်သို့လျှင်၊ ရောက်မည်လျင်ဟု၊
မထင်ရွှေကာ၊ နှုတ်ရွှေကြာနှင့်။- ။
ဗျာပါဖြေရှာ လေတော့သည်။
၂။ မခွက်လှည့်ထွေ၊ မဖြေလှည့်လျှည့်၊
မစည့်လှည့်ချင်၊ မေ့သော်ရှင်၏၊
ထင်ထင်ပြပြ၊ ကာလနေ့ရက်၊
ခန့်တွက်ပြန်ချင့်၊ မဆင့်ကျေးကျွန်၊
တုံ့ပြန်သောလျောက်၊ လျှောက်သရွှေလည်း၊
တနေ့တထူး၊ လသာကူးရှင့်၊
ရွှေဖူး,စကား၊ ချရား,အိမ်ဒန်း၊
အနန်းမြပွင့်၊ ဆင်မီမြင့်ခဲ့၊
ကြိုင်လွင့်ရင်းမာ၊ ခတ္တာ,ဖြူဆွတ်၊
ပွင့်မှတ်လွန်နိုး၊ စိုးကြောင့်ကြရှင့်၊
ကာလသရစ်၊ ကျိုးကထစ်လျင်၊
ပတ်ရစ်ဆင့်ကာ၊ သန်ယွန်းလှာသည်။ ။
မှီရာအုံးဝယ် ခွေတော့သည်။
၃။ အရွက်မှည့်ကြွေ၊ ခါရောက်ထွေဖြင့်၊
ဝန်းလေသုတ်ဆင်၊ တောမြင်မြင်လည်း၊
ညိုစင်စိမ်းလန်း၊ မိုးသို့ယွန်းခဲ့၊
ယုံဆန်းသာကြည်၊ မှာတိုင်းသည်လည်း၊
အတည်မကျ၊ ဝမ်းနည်းလှ၏၊
နေ့ညရောက်မည်၊ ကြားသည်နှင့်ပင်၊
ရက်ဖြင်မြင့်က၊ ကြာလေစလှည့်၊
လျှမ်းပြည့်ကိုင်းကျွန်း၊ နစ်မွန်းမြေလွင့်၊

ရေပန်းပွင့်က၊ ဖူးခွင့်ရောက်မည်၊
မှတ်တည်အားသံ၊ ကြံသောထက်လျှင်၊
ခန့်တွက်ဖြေဆည်၊ နေလှည့်သည်ကို၊
ကျူးမြည်ရစ်သန်း၊ ညိုပြာဝန်းသည်။ ။
တိမ်ပန်းရှက်လည် ထွေတော့သည်။*

## ၆။ မိုးတော၊ မောင်ဘွဲ့အလွမ်း စာပြိုင်အခံ၊ ပိုဒ်စုံရတု

၁။ မည်းမှုဆင်သည်၊ မြသွင်ရည်ချပ်၊
ကုံး၍ထပ်သို့၊ ရှစ်ရပ်ရိပ်ညို၊
ရှာရုပ်လိုနှင့်၊ စိတ်ကိုသာစမ်း၊
လွမ်း,မလွမ်းဟု၊ တိမ်ငြမ်းဆိုင်ဝန်း၊
တင့်ရည်းဆန်းနှင့်၊ ရေးငန်းဖွဲ့ကာ၊
မရှာလှာသော်၊ ဆံကြာကေရှင်၊
လက်သင်ပင့်လျော၊ မကျောဆီရွှမ်း၊
ပတ်မြိတ်မွမ်းနှင့်၊ နေတမ်းသာလျှင်၊
မရှင်ချင်တည့်၊ ပေါ်ပြင်ဆံမျှ၊
ပျောင်းပျမ့်ရုပ်၊ မြင်းမိုရ်အုပ်သို့၊
ခေါင်ချုပ်ဘုန်းဟော့၊ ကြင်မရွှေ့ကို။ ။
အောက်မေ့ မိမည်စိုးတော့သည်။
၂။ ကျည်းကပင်သည်၊ အေးရှင်ကြိုင်ပျံ့၊
နတ်ရန့်သို့၊ အလွှံ့ထုံသင်း၊
သလင်းပြက်စုံ၊ စိန်ညောင်ဘုံထက်၊
လျောင်းတုံမယ့်ချည်း၊ နောင့်ကိုနည်း၍၊
နောင်လည်းသည်ဖြစ်၊ မချစ်ကြင်လို၊

---

* 'ဘဝဂ်ရှည့်ဝေ'ရှိ အဖြည့်ခံရတုကို အချို့က နတ်သျှင်နောင်ဆို မဟုတ်ဟု ယူဆသည်။ သို့သော် အာဘော်ကိုကြည့်လျှင် နတ်သျှင်နောင်ဆိုမှန်း ထင်ရှားသည်။ တတိယအပြည့်ပိုဒ်ကို မည်သည့်စာဆို ဖြည့်ကြောင်း မသိရသေးပေ။

မြွက်ဆိုပန်ဆန်း၊ လွမ်းမှန်းဆံရှိ၊
မသိလံကွာ၊ ဗျာပါဖွဲ့ရေး၊
လွင့်စေဝေးဟု၊ မုလေးငှက်ပန်း၊
ပွင့်ခိုင်လန်းနှင့်၊ ရွှေနန်းလွတ်သာ၊
ရှေ့လက်ယာက၊ စကြာရွက်ရှင်၊
ကာဆင်ဖြန့်ရိပ်၊ ပလ္လင်ထိပ်ဝယ်၊
မာရ်နှိပ်ခေါင်ချိုး၊ ဖက်မဲ့နိုးကို၊
စုံဖြိုးလက်အုပ်၊ ဆယ်ချောင်းရုပ်၍။ ။
ကျွန်ုပ်ရှိရည်ခိုးတော့သည်။

၃။ နည်းမှကြင်သည်၊ များလျှင်ချစ်တည်၊
မကျမည်ကြောင့်၊ လွမ်းသည်ပိုးဝါး၊
စကားမလွှင့်၊ နေစတင့်ရှင့်၊
သူနှင့်သူနှယ်၊ သက်လှယ်မတတ်၊
ကြည်ညွတ်သည်ဖြစ်၊ ကြားလစ်ကာကာ၊
မယ်မှာတချို့၊ သူသို့ရောက်ပြန်၊
မကန်မြေမိုး၊ ဆိုစမျိုးထက်၊
နန်းရိုးရွက်ပျို၊ လွန်၍ဆိုသည်၊
စိတ်ကိုကြွင်းမဲ့၊ သီလေကဲ့သို့၊
ခြိမ်းဖွဲ့ယုံဖွယ်၊ မဲ့ဝယ်ဝေးစေ၊
သဘောနေနှင့်၊ ထွေထွေလည်လည်၊
ကျူးမြည်လျှောက်ကူ၊ တော်မည့်သူက၊
ရင့်ရှုလှာဆန်း၊ မရှာဝန်းသည်။ ။
လျှပ်ပန်းညိလည် ဖြိုးတော့သည်။

## ၇။ မိုးတော၊ အလွမ်းမောင်ဘွဲ့စာပြိုင်အလိုက်၊ ပိုဒ်စုံရတု

၁။ မည်းမျှရစ်သည်၊ မြနှစ်ဆံဝတ်၊
ကုံး၍ပတ်သို့၊ မိုးနတ်လုလင်၊
လွမ်းရေးဆင်သော်၊ ကေရှင်ဆီရွှမ်း၊
နေတမ်းလက်သင်၊ တိုင်းပင်မကြော၊
ပတ်လျှော့လျော့နှင့်၊ သဘောအပ၊

ပျောင်းပျမဲ့ထွေ၊ ဗှက်ခွေစသိပ်၊
ရိုးရိပ်ခြည်မျှ၊ ပြင်မပြရှင့်၊
စိတ်ကသာတည်း၊ ဝမ်းနည်းရစေ၊
မြင်းမိုရ်နေသို့၊ လျှော့ဖြေလိုလို၊
ချစ်နကိုသည်။ ။မြွက်ဆိုမည်မျှ ပြင်းတော့၏။

၂။ နည်းမှချစ်သည်၊ အဖြစ်ကိုလည်း၊
နောင်ညိုဘုန်းဟော့၊ မကျန်မေ့ခဲ့၊
သူ့ရှေ့သူ့မှာ၊ မေတ္တာအသက်၊
နှင်းဆက်သမျှ၊ ကြားရတုံတုံ၊
မယုံတချို့၊ မယ်သို့ရောက်သစ်၊
အဖြစ်ကျူးလွန်၊ မကန်မြေမိုး၊
ဆိုစမျိုးထက်၊ နန်းရိုးညွန့်လူ၊
ပွင့်မည်သူလျှင်၊ အယူနှစ်ဖြာ၊
ရှိလှည့်ရာကို၊ ဗျာပါမသည်း၊
ဝမ်းနည်းမပျောက်၊ လွမ်းလှောက်မဆင်၊
အတိုင်းပင်သည်။ ။ပြစ်စင်ကြည်မြ ကင်းတော့၏။

၃။ ကျည်းကဖြစ်သည်၊ ပွင့်သစ်ရနံ့၊
မွှေးပျံ့ထုံသင်း၊ သလင်းပြက်ကာ၊
စက်ဘုံသာဝယ်၊ ရီးညှာကင်းလွတ်၊
မုလေးသတ်သား၊ ချူးနတ်ရပ်သွင်၊
ခြယ်လွင်ပြောင်သန်း၊ သလွန်ဆန်းထက်၊
ညိုးမြန်းခွေပျောင်း၊ မယ့်ထူးလျောင်းရှင့်၊
နန်းလောင်းပွင့်လျှာ၊ မေ့လှည့်ရာကို၊
အာကာမြင့်မြမ်း၊ စိတ်ကိုစမ်းလည်း၊
ပျောင်းသမ်းခွေညွတ်၊ လွမ်းမဆွတ်တည့်၊
မယ်မှတ်ညီဟန်၊ သူ့ဖိုချန်သည်။ ။
မေ့ကျန်သည်က ပင်းတော့၏။

## ၈။ မိုးတိုင်အလွမ်းမောင်ဘွဲ့ စာပြိုင်အလိုက် ပိုဒ်စုံရတု

၁။ မည်းမျှပတ်သည်၊ တိမ်ဝတ်သွယ်ခက်၊
စီ၍ရက်သို့၊ ဘဝဂ်မြည်ပြု၊
လိုမဲ့လိုလျှင်၊ မယ့်ကိုလွမ်းရာ၊
လွမ်းဖို့ရှာ၍၊ ထစ်ရှာလှချင်၊
တပေါင်းစင်က၊ မင်းလွင်ပီပီ၊
မရာသီခဲ့၊ စစ်ဆီကသာ၊
လျှပ်ဝါညွန့်ရှည်၊ မယ်နေသည်ကို၊
ကျူးမြည်သံချို၊ ညညကိုမူ၊
မြင်းမိုရ်မိုးသား၊ ဝမ်းပါးနွဲ့လျ၊
ခြိမ်းလှာပြသည်။ ။
နောင်ကပင်လည်း စေသည်လော။
၂။ ကျည်းကသတ်သည်၊ ပွင့်ဝတ်ရနံ့၊
မွှေးပျံ့ထုံသင်း၊ သလင်းပိတ်လှပ်၊
စက်တိုင်းထပ်လည်း၊ ရပ်လပ်ချမ်းအေး၊
လုံမည်ဝေးခဲ့၊ စိန်ရေးကြာနွယ်၊
ရွှေခြယ်ပြောက်သန်း၊ သလွန်ဆန်းထက်၊
ခွေမြန်းညွတ်သွယ်၊ ရှိလေဖွယ်ဟု၊
သွယ်လှယ်ယုံကျွန်၊ ရောက်လှာတန်လျက်၊
ပျော်ရန်သာရှင်၊ မယ့်စိတ်တွင်မူ၊
သို့စင်မေ့မည်၊ တဆံခြည်မျှ၊
မှတ်ရည်ဆက်ဆက်၊ မယုံရက်တည့်၊
ချိုးလက်ခန့်ရေ၊ လွှတ်လိုက်စေလျက်၊
မြင့်ပေလှည့်ကာ၊ မရောက်လှာသည်။ ။
ကျွန်သာနွဲ့ဖင့် နေသည်လော။

---

* မူအစောင်စောင်တွင် 'မိုးတောရတု' ဟုရှိသည်။
မိုးတောမဟုတ်၊ 'မိုးတိုင်ရတု' ဖြစ်၏။

၃။ ခြည်းလျှညွှတ်သည်၊ ပြာလတ်နွဲ့ရှင်း၊
လှမှန်ကင်းမူ၊ ချစ်တင်းကြားချင်၊
လင့်လျက်ပင်တည့်၊ ရည်းထင်ငြိမ်းဝါ၊
လမြော်ကြာသို့၊ ပမာသဏ္ဍာန်၊
ရှိလိမ့်ဟန်ကို၊ မပြန်ဝံ့ရက်၊
တင့်ထက်ပိုက်ဖြား၊ ဆည်ဖြေတား၍၊
ရက်များမရှည်၊ ပြန်လျှင်မည်ဟု၊
မြရည်သက်ရှည့်၊ မှာခဲ့သည့်ကြောင့်၊
ပျောင်းချည့်သမ်းညို၊ ရောက်နိုးလွမ်းရာ၊
နေစဉ်ခါဝယ်၊ သာယာပျံ့ဖြည်း၊
တခွန်းတည်းဖြင့်၊ ဖြုတ်ချည်းလန့်ထိတ်၊
စိတ်နှင့်ညီမော၊ မြူမရောသည်။ ။
ဥသြလွန်သာ ပေသည်လော။

## ၉။ မိုးတိုင် အလွှမ်းမောင်ဘွဲ့စာပြိုင်အလိုက်ပိုဒ်စုံရတု

၁။ မည်းမျှလာသည်၊ ပမာမြနှစ်
သီ၍ရစ်သို့၊ ပြိုလစ်လိုလိ၊
ကြောက်ဖွယ်တိလျှင်၊ မျက်စိကြည့်မှောက်၊
တို့ဆီရောက်က၊ ရေပေါက်ပုလဲ၊
ကြဲကာရင့်ရှူ၊ မိုးသားဖြူနှင့်၊
သည်းအူဆံဖျား၊ မှူမခြားတည့်၊
ဖော်ရှားနည်းမောင်၊ ညီများနောင်က၊
ခုအောင်တုံ့ခေါက်၊ မရောက်စေကျွန်၊
ကြာလေဟန်ကို၊ မေ့ကျန်သာရှင်၊
နှောင့်ကာပင်သည်။ ။
ဆောလျှင်မစေ မြင့်သည်လော။

၂။ ကျည်းကာပါသည်၊ နံ့သာပန်းသတ်၊
ဖြူဆွတ်ခင်းနှီး၊ ပတီးပိတ်ပါး၊
ကိုယ်နှင့်ခြား၍၊ ဆောင်းဖျားနွေရင်း၊
မိုးသက်ကြွင်းနှင့်၊ ဝါတွင်းလွန်ဝယ်၊

ချမ်းသည့်နှယ်လျှင်၊ လုံဖွယ်စက်ကွေး၊
ရှိမည်ဝေးခဲ့၊ လေးလေးမြတ်မြတ်၊
မူးပြတ်ညွတ်ပျောင်း၊ ရှိလေကောင်းလျက်၊
ပျော်ကြောင်းရှင့်မှာ၊ ဘယ်အာဏာကြောင့်၊
ကြာလေသနည်း၊ မယ်လည်းစူးစူး၊
မယုံဘူးတည့်၊ မကျူးနေ့ရက်၊
လွတ်လိုက်လျက်ကို၊ ဝေးချက်မြေတာ၊
တမန်သာတည်။ ။မလာနွဲ့သွေ ဖင့်သည်လော။

၃။ ချည်းလျှပြာသည်၊ ပမာနတ်ဆင်း၊
ဆွေစိုးမင်းမူ၊ သီတင်းသီလ၊
ပဋ္ဌငါးမည်၊ ပြည့်စုံတည်လျက်၊
နေခြည်ငြိမ်းဝါ၊ လမော်ကြာသို့၊
ပမာသဏ္ဍာန်၊ ရှိလိမ့်ဟန်ကို၊
တမန်ယုံနေ၊ မပြတ်စေဟု၊
သက်ဝေမင်းရဲ၊ နွဲ့ကာပုံ့ပျူး၊
မှာခဲ့ဘူးရှင့်၊ အမူးအမော်၊
မြော်မည်အလျှင်၊ တ,စဉ်တွင်ကို၊
မည်းစင်ကျောကျော၊ မရောခြယ်တန့်၊
နီလာညွန့်သို့၊ လန့်လန့်လက်လက်၊
ကျီးနက်သံသာ၊ အာလှာဖြုတ်ခြည်း၊
ရင့်ရှုဖြည်းသည်။ ။
နေ့တည်းရောက်နေ သင့်သည်လော။

## ၁၀။ မိုးတိုင်အလှမ်းမယ်ဘွဲ့* ပိုဒ်စုံရတု

၁။ လွမ်းလှရာတွင်၊ အာကာယုဂန်၊
ထက်စွန့်ရှေ့နောက်၊ တောင်မြောက်မလပ်၊

*၁၉၆၆ ရိုက် ဟံသာဝတီမူတွင် ဤရတုကို 'မြသိတင်'ဘုရားတိုင်၊ မိုးတော၊ ဆောင်ဘွဲ့ရတုဟု ပြမှာသည်။ အမှန်မှာ မိုးတိုင်မယ်ဘွဲ့ဖြစ်သည်။

ကိုးရပ်ပတ်လည်၊ မြခြည်မြညွန့်၊
ခြယ်တန့်ခြယ်ဆန်း၊ တိမ်ပန်းတိမ်ဦး၊
သွန်းမြူးမသည်း၊ ကျဖြည်းဆီးဖြောက်၊
လွမ်းလျောက်လွမ်းဝေ၊ ကြီးလေစေဟု၊
ဖြောက်လေပုံ့ဖြည်း၊ နောင့်ချည်းဖော်ကွာ၊
နေလှည့်ရာကို၊ အာကာတိမ်ထွက်၊
ခေါင်နေနတ်လျှင်၊ နှင်းဆွတ်မြမှို့၊
ဖြူးအုံ့ဝေမှိုင်း၊ လျှပ်ပန်းဆိုင်းသည်။ ။
နေ့တိုင်းသို့ပင် ဓွေခန့်လော။
၂။ ရွှမ်းကျရွာဆင်၊ နေ့ညည့်ပင်တည့်၊
မင်းလွင်မှိုင်းဝေ၊ မြောက်လေချိုပျ၊
သွန်းချဖြောက်ဖျန်း၊ လျှပ်ပန်းလျှပ်ခြည်၊
ဝန်းလည်ရစ်ခွေ၊ ထွေထွေခြယ်ဆန်း၊
တိမ်ပန်းရွှေပွင့်၊ကုံးဆင့်ကုံးနစ်၊
ကြွေးဟစ်ရင့်ကျူး၊ တောင်ကူးမြောက်ပါး၊
တိမ်သားမှိုင်းဝေ၊ လွမ်းသာဖွေက၊
ရစ်ခွေရှက်သန်း၊ မှီအုံးဝန်းဝယ်၊
ဆယ်ကျွန်းစံနေ၊ လော်သစ်ရွှေသို့၊
သရေပထွန်း၊ နွဲ့ငြိမ့်ရွှန်းလျှင်၊
ပျောင်းမြန်းပူပန်၊ ရှိလိမ့်ဟန်ကို၊
တည့်မှန်သို့ပင်၊ ထင်စဉ်တွင်၌၊
စက်ရှင်စီကုံး၊ ကိုးရပ်လုံးသည်။ ။
လွမ်းဖုံးသို့ပင်၊ ဝေခန့်လော။
၃။ နွမ်းလျကြာတင်၊ နေ့ရက်ဖြင်မျှ၊
သောင်းခွင်လက်ယာ၊ ကျွန်းအောင်ချာဝယ်၊
စကြာရဟတ်၊ လေးမည်ပတ်သား၊
မန္တာတ်တွင်မော၊ ဘေးလောင်းစောသို့၊
မုနောခံမြောက်၊ ဘိသိက်မြှောက်၍၊
ကွန်းပြောက်သဘင်၊ ဘုံသာခွင်ဝယ်၊

ရွှက်ရှင်လှစ်တွန်း၊ ထောင်နေထွန်းသို့၊
ဖြန့်ဝန်းရိပ်ဖြူ စံတော်မူက၊
နှစ်ဟူပေသင့်၊ လွမ်းရက်မြင့်ခဲ့၊
သခင့်ရှပ်ရည်၊ ပြစ်ခြည်မစွန်း၊
ဝင်းရွှန်းသရေ၊ သနွေတည်ကြည်၊
ကျင့်မူနည်းနှင့်၊ ရွှေရည်ပုံ့ကြူ
နှုတ်မဉ္ဇူကို၊ ပန်းတူနားဦ၊
ထင်စဉ်ကြိုက်ဝယ်၊ တိမ်တိုက်လှစ်တွန်း၊
ခြိမ့်ခြိမ့်သွန်းသည်။ ။လျှပ်ပန်းသို့ပင် ထွေခန့်လော။

## ၁၁။ မိုးတောအလွမ်း–မောင်ဘွဲ့ပိုဒ်စုံရတု

၁။ စက်ပြာသာဒ်လျှင်၊ ခေါင်ထွတ်လည်လှည့်၊
နေစည့်စည့်ကို၊ မည်သည့်ချိန်ခါ၊
မရွေးရှာသော်၊ ဗျာပါစိတ်ဝမ်း၊
ရှိစိမ့်စမ်းသို့၊ မြိတ်မွမ်းမဉ္ဇူ
ဆီပုံ့ကြူနှင့်၊ လျစ်လျူတမ်းသာ၊
ဆံကြာကွင်းလျှော၊ နေစတော့ရှင့်၊
ကြင်လျော့မှတ်မေ့၊ ပေစလေ့ကို၊
သောင်းနေခွန်ယူ၊ စိုးမည်သူလျှင်၊
သက်တူသာချို၊ ကျိန်မျိုးဆိုသည်။ ။
မြင်းမိုရ်သာပြန် ဘိသောကြောင့်။
၂။ သက်မမှတ်ချင်၊ မည်သည်တွင်မျှ၊
ချေတင်သည်ပ၊ မှန်မရခဲ့၊
ခုကစင်လျက်၊ ယွင်လေရက်သော်၊
နေ့နက်ဖြန်ကာ၊ အာဏာစက်ရိပ်၊
လွှမ်းမိုးနှိပ်က၊ ဆယ်ကျိပ်ထွတ်ထား၊
များသည်းကြားနှင့်၊ ပျော်ပါးသာရွှင်၊
သဘင်ညီလာ၊ စံမေ့ရှာလိမ့်၊
ဗျာပါပျောက်ရှု၊ နေစမြဲသား၊

သင်းတွဲဘုံရွှေ၊ စိမ်းပြေဝါနီ၊
ဆင်သင့်စီဝယ်၊ ကျူးသီကျူးတန့်၊
နတ်မိုးကွန့်သည်။ ။လွမ်းညွှန့်ဖြာဝှန်ဘိသောကြောင့်။
၃။ ဖက်အလွတ်ပင်၊ ညွတ်ညွတ်ခ,ခ၊
ဆိုသမျှလည်း၊ မြမြပုံ့ဖြည်း၊
နာဖွယ်ချည်းကို၊ မယ့်လည်းသို့လိုက်၊
မှတ်မပိုက်တည့်၊ မရိုက်မရင့်၊
မဆော်ဆင့်နှင့်၊ ရာမြင့်ဘုန်းယော့၊
စိုးမည်ရှေ့လျှင်၊ မမေ့ပါကောင်း၊
စုရုံးပေါင်း၍၊ အကြောင်းဖော်မြွက်၊
မစရက်ခဲ့၊ စိတ်စက်လွင့်မြန်း၊
စေစိမ့်ဆန်းလျှင်၊ ဝန်းဝန်းဝင့်ဝင့်၊
ကျူးထစ်ရင့်၍၊ ထက်မြင့်တိမ်မှုန်၊
ရေးပြခုန်သည်။ ။ပဇ္ဈုန်ခါလွန်ဘိသောကြောင့်။

## ၁၂။ မိုးကြိမ်း* အလွမ်းမယ်ဘွဲ့ပိုဒ်စုံရတု

၁။ တပေါင်းကစင်၊ ခုန်ကြွရိုက်ကျူး၊
ကွန့်ချင်မြူးခဲ့၊ တန်ခူး ကဆုန်၊
နယုန်လနွှေ၊ ယွန်းပါစေလော့၊
ပြတ်ကြွေသည်းအူ၊ ရှိသသူလည်း၊
မပူပြန်ကောင်း၊ ခြိမ်းမောင်းရိုက်မဲ၊
သို့မှတ်ပဲမျှ၊ လွမ်းမြဲကိုလျက်၊
တုံ့နိုင်ခက်ခဲ့၊ သုံးဖက်အလွတ်၊
ကြိမ်းချွတ်စက်ဟုန်၊ တသုန်သုန်လျှင်၊
ပဇ္ဈုန်မျက်သန်၊ ရေးကိုလွန်၍၊
မချန်မြမြ၊ ဝန်းလှာပြသည်။ ။
သည်မျှနှင့်သာ တန်လေတုံ့။

---

* မိုးတောရတုမဟုတ်၊ မိုးကြိမ်းရတုဖြစ်သည်။

၂။ နှမောင်းမြသွင်၊ ညွန့်ကြဆင်၍၊
ရင့်လျှင်တချို့၊ ရွှေသို့တပိုင်း၊
ပင်တိုင်းစုံသာ၊ ဝေသောခါမှ၊
စစ်မှာပျောင်းရိ၊ လွမ်းမှန်းသိလိမ့်၊
မညှိရှာခန့်၊ စိတ်လိုလွန့်၍၊
မိုးညွန့်လုလင်၊ဆင်ခြင်တန်လျက်၊
ရေးကိုဖျက်ခဲ့၊ စုံမက်သသူ၊
မပူစေရ၊ သို့မှဖြေတည့်၊
ပျော်နေလွန်းရှာ၊ တရံခါမျှ၊
မြော်ပါမထင်၊ မေ့ကျန်ရှင်သည်။ ။
နောင်လျှင်လွမ်းရ ပြန်ချေတုံ။

၃။ မပျောင်းပျချင်၊ သည်နှယ်ပင်တည့်၊
မရှင်မပျော်၊ မဖျော်မဖြည်၊
လွမ်းသည်အပ၊ နေ့ညရောက်လှာ၊
ကြားကာကြားပြန်၊ မမှန်တို့ဘူး၊
နွေဦးကိုမျှ၊ နေ့ညမပြည့်၊
ထင်တုံလှည့်ရှင့်၊ ဘယ်သည့်ရေးရာ၊
စစ်မြေတာဝယ်၊ ကြောင်းချာရှိထွေ၊
မြင့်မောလေဟု၊ မင်းနေမှာသက်၊
မမေ့ရက်တည့်၊ ရွှမ်းစက်ခြိမ့်မျှ၊
မဟုတ်ကကို၊ စိုးရဟန်ချည်း၊
ရှင်တင့်ရည်းသည်။ ။နတ်လည်းကာလမှန်စေတုံ။

## ၁၃။ မိုးတောအလွမ်းမောင်ဘွဲ့ပိုဒ်စုံရတု

၁။ ပြဆန်းမဆင်၊ ထက်ကောင်းကင်က၊
သဘင်ချိန်ဆိုင်း၊ နတ်တင့်နှိုင်းသား၊
သင်တိုင်းရုံရစ်၊ နီလာသစ်လည်း၊
စနစ်ပုံ့မွေး၊ မဖြေသေးတည့်၊
လေးလေးရွှန့်ရွှန့်၊ ကျူးတန့်ကျူးမြောက်၊
နှံ့ခေါက်နှံ့နှံ့၊ မိုးဖွဲ့သီဆွတ်၊

မုန့်ဖျင်ဝတ်၍၊ မညွှတ်မခွေ၊
မနေမလွှမ်း၊ တံစုံစမ်းသို့၊
မြင့်မြမ်းဆိုင်ဝန်း၊ ညီသည့်နှန်းက၊
လျှပ်ပန်းလျှပ်မိုး၊ လွှမ်းညွှန့်ဖြိုးသည်။ ။
တိမ်ခိုးချွေလွှင့် စောတော့၏။

၂။ ပျမြန်းမရှင်၊ ညှိုးရှပ်သွင်ကို၊
မထင်မပြ၊ လွှမ်းစမဝှက်၊
တိုင်းထက်မဆောင်၊ ကြာသြောင်စိန်ရေး၊
ခြူးနွယ်သေးထက်၊ မုလေးစံပယ်၊
လှယ်ကာပျံ့ရှား၊ ရှည်တာထားမှ၊
မြောက်စားရှုအီ၊ စာမရီဟု၊
ပွင့်ညီဆိုင်းရုံး၊ ဘုံဝန်းအုံးထက်၊
ကြက်ရုံးမြိတ်ခွေ၊ ခွဲချေရေးရေး၊
ဆီမွှေးပုံ့မွှမ်း၊ မနွမ်းရွှေဝတ်၊
လိမ်းချေမွှတ်နှင့်၊ ဆွတ်လွတ်ဖွယ်ခင်း၊
မယ်ဦကင်းသည်။ ။
လွှမ်းရှင်းနေတင့် မောတော့၏။

၃။ စယွန်းမထင်၊ နှုတ်အသွင်မူ၊
တပင်တကုံး၊ တခိုင်လုံးသို့၊
စုရုံးရွေးရှဲ့၊ ထွေမလှဲ့တည့်၊
အသဲအလျှံ့၊ အတုံ့အဖြေ၊
နေလည်းခ,ယ၊ ယုံမှယုံမှား၊
တပါးအမှတ်၊ တွေးချွတ်ပေကောင်း၊
သူနှင့်ပေါင်း၍၊ နွေနှောင်းလမှ၊
တောင်ကတောင်မြောက်၊ ရှေ့နောက်ထောင့်ယွန်း၊
မည်မှန်းမည်ပင်၊ မထင်ထပ်ထပ်၊
ရှစ်ရပ်လည်ကျွေ့၊ ဆိုသရွေ့မူ၊
ဗယ်ဝေ့ညာကူး၊ ပုံမထူးသည်။ ။
တန်ခူးလေနှင့် လျောတော့၏။

## ၁၄။ မိုးတောအလွမ်းမယ်ဘွဲ့ပိုဒ်စုံရတု

၁။ ရွှန်းမြေ့သည်လျှင်၊ ခြောက်ပြည်ဘုံသူ၊
ရှာရွေးယူလည်း၊ တူရခက်၏၊
သက်လည်းဆယ်မြွတ်၊ နတ်လည်းမနှုန်း၊
ဘုန်းလည်းဖြိုးညွန့်၊ စင်သန့်မျိုးမည်၊
ပြစ်ခြည်ကင်းဝေး၊ လှငြိမ့်လေးနှင့်၊
မနေးရင်ရွှေ၊ စုံလျှင်စေဟု၊
မဟေသရီ၊ နောင်တော်ညီဝယ်၊
ရုံစီဆင့်လောင်း၊ တောင်းမှတ်ဆုကြောင့်၊
လှလှူရှင်တမ်း၊ စိတ်ဝမ်းဖြေဆည်၊
နေလှည့်သည်ကို၊ ရိုက်မြည်ဆော်ကြိုး၊
လှို့ပြန်နှိုးသို့၊ နှင်းမိုးရောဆောင်၊
နတ်ထွတ်ခေါင်သည်။ ။
လွမ်းအောင်ခန့်စီ ရင်သလော။

၂။ ဝန်းဝေ့လည်လျှင်၊ သာသည်သရစ်၊
ညောင်းနုသစ်နှင့်၊ မြစ်လည်းငွေတူ၊
ပြင်ငူစဲကျွန်း၊ ပေါ်စထွန်းက၊
မယွန်းကြင်ချစ်၊ ဆယ်ပြန်ရစ်၍၊
ပျိုမျစ်စံသင့်၊ မျိုးဘုန်းမြင့်ကို၊
မဖင့်ဝေသက်၊ ကြိုးခေါက်ရက်တည့်၊
စက်လည်းမလုံ၊ ခြုံလည်းလေးကာ၊
ချမ်းလှည့်ရာကို၊ စာနှာမနေ၊
သို့ပင်ခွေသော်၊ ဆောင်းနွေမဲ့ဟန်၊
ရာသီပြန်ခဲ့၊ မမှန်ထွေလာ၊
ကြိမ်းကာရွာသည်။ ။
ကောဇာပြောင်းတည့် လျှင်သလော။

၃။ ညွန်းရှေ့ရည်လျှင်၊ လေးမည်ရောင်ထွေ၊
မြင်းမိုရ်ဗွေက၊ ရွှမ်းစေဆော်ဖန်၊
ထစ်ဟန်ပုံ့ပျုံး၊ ကျူးရင့်နွဲ့လျက်၊

စဲအုံ့မထင်၊ မမြင်နေခြည်၊
ဝေ့လည်ဝေ့ချမ်း၊ နှင်းမိုးပွှမ်း၍၊
စိတ်ဝမ်းမပွင့်၊ လွမ်းသည်နှင့်ကို၊
ထက်မြင့်ဘုံနေ၊ သူဇာ့ဆွေလျှင်၊
မေ့လေသည့်ပြင်၊ ရှုမရင်တည့်၊
ကောင်းကင်လေသွန်း၊ တဝန်းဝန်းလျှင်၊
စက်ပန်းမြူးခုန်၊ ထစ်သံဟုန်သည်။ ။
ပဒ္ဒုန်မိုးလ ထင်သလော။

## ၁၅။ မိုးတိုင်၊ (သိကြားတိုင်)အလွမ်းမယ်ဘွဲ့* ပိုဒ်စုံရတု

၁။ သိန်ခရစ်လျှင်၊ ထွန်းသစ်ရောင်ထွေ၊
လျှံဝါဝေမျှ၊ ရွှေမြေသတီ၊
စံလွတ်ဘိသား၊ ဂီရိဗဟို၊
တောင်မြင်းမိုရ်၏၊ နဂိုလယ်ချာ၊
ဝေယန္တာဝယ်၊ သူဇာတို့မောင်၊
စံလွတ်ခေါင်လျှင်၊ ဝန်းမြောင်ရံကာ၊
သည်းလျာတို့နှင့်၊ ကြင်သင့်ဌာန်ဖြိုး၊
ရွှင်မျိုးလွန်လှ၊ မြူးစံကြသော်၊
ကာလရည်းငံ၊ ပင်ခြေရံလည်း၊
မလျှံမစွန်း၊ ရဂုံဝန်းဝယ်၊
ကြင့်န်းရှစ်ရပ်၊ ထွန်ရေးစပ်က၊
ညွှန့်ထပ်ပျိုးသန်၊ စိုက်ချိန်တန်ကို၊
ရှာသွန်ရှာခွင့်၊ ရှာပါသင့်၏၊
နေတင့်စရာ၊ နတ်ဒေဝါသည်။ ။
အခါကိုမျှ မသိလော။

* သုတေသနမူ၊ ဟံသာဝတီမူတို့တွင် 'မိုးတော-ရတု'ဟု ချည်းပြသည်။ အမှန်အားဖြင့် 'မိုးတိုင်'သို့မဟုတ်၊ 'သိကြားတိုင်'ရတုသာ ဖြစ်သည်။

၂။ ရှိန်ကထစ်လျှင်၊ လျှပ်စစ်စက်ဝါ၊
လောင်မီးပါ၍၊ အာကာသ,ခွင်၊
မိုးတပြင်ဝယ်၊ သံထင်ဆော်ရိုက်၊
ရီမိုက်ဝေမှောင်၊ ဒေဝါခေါင်လျှင်၊
ရုပ်ဆောင်ရွာမြည်၊ ဟန်သာရည်၍၊
ပျော်မည်အရာ၊ ထပ်ကာများလွန်၊
မဖန်မေ့လေ၊ သို့ပင်နေသော်၊
ညွတ်ခွေသည်းအူ၊ ရှိသ,သူလည်း၊
ဆည်ယူမတတ်၊ မိန်းမျှညွတ်ခဲ့၊
ဖြစ်မြတ်အဆက်၊ ကမ္ဘာထက်ဝယ်၊
သံမြွက်ဟာရိပ်၊ နှုတ်တံဆိပ်ကို၊
မြဲသိပ်မှတ်ယုံ၊ တည်ထိုက်တုံဟု၊
သုံးဘုံထိပ်မှ၊ ဦးကိုင်ရသား၊
နတ်များမင်းစံ၊ ထွတ်ဘုန်းလျှံသည်။ ။
စိတ်ကြံနိုင်ရေး မညီလော။

၃။ ချိန်အသစ်လျှင်၊ ရောက်လစ်ကုံးတင့်၊
ခါသို့သင့်က၊ ဖူးဆင့်ညွန့်ထွက်၊
ပင်ချင်းရှက်မျှ၊ ပွင့်ရွက်သွယ်လျှံ၊
ခက်ရိုးတံလည်း၊ ပတ်ရံညီရုံး၊
သီနစ်ကုံးသို့၊ ပင်လုံးဝေဆာ၊
တင့်မည်ရာနှင့်၊ ပွင့်လျာငုံစော၊
တောင်တောအဝန်း၊ လုပ်ခန်းခင်းကြံ၊
လက်ငင်းအသင့်၊ လုံးစုံလင့်လျက်၊
ရွာခွင့်မဆော်၊ ရွှင်ကြောင်းဖျော်၍၊
မပျော်ပိုင်ရာ၊ သာသနာကို၊
ထိပ်မှာရွက်တင်၊ ကြိုးဆောင်ချင်ဟု၊
စက်ပင်မလွဲ၊ ရှင်တော်ပွဲဝယ်၊
လွန်ကဲကြံစည်၊ လျှောက်ဖူးသည်နှင်၊
ကျင့်ရည်တခြား၊ မိုးသိကြားသည်။ ။
စကားမညီ မရှိလော။

## ၁၆။ မိုးတောအလွမ်းမယ်ဘွဲ့ပိုဒ်စုံရတု

၁။ စက်ခြည်လျှံဝေ၊ ကျူးသံခြေနှင့်၊
ရွာစေမလင်း၊ ဖြည်းလေသွင်းက၊
ရင်တွင်းငြိမ့်မျှ၊ ချမ်းစိမ့်လှ၏၊
သိင်္ဂီရည်လေး၊ ပြစ်မျိုးဝေးနှင့်၊
ပိုက်ထွေးတူစုံ၊ ပျော်ရတုံ့မူ၊
မခြုံသော်မျှ၊ လုံလှတော့မည်၊
မှတ်သည်ကိုသာ၊ ဖော်ကွာနှောင့်နှေး၊
ချစ်သူဝေးခဲ့၊ ကွေး၍ခြုံလည်း၊
မလုံချမ်းမြဲ၊ လွမ်းဆွေးကြဲသည်။ ။
သည်းထဲကိုသာ ချွေတော့သည်။
၂။ မြွက်သည် သံတွေ၊ မိန့်တော်ထွေကို၊
မပြေလှည့်နိုး၊ ကွာခွန့်စိုး၍၊
သမ်းညှိုးတ,ဆို၊ လွမ်းသည်ကိုလည်း၊
ရွှမ်းစိုမပြေ၊ ရှိလေစေဟု၊
မြောက်လေ ဖြည်းပျ၊ ရွာသွန်း ချသော်၊
ကိုယ်ပ ကိုယ်တွင်း တချင်းတည်းသာ၊
ချမ်းသာခါ၌၊ ဗယ်ညာ လပ်ခဲ့၊
စက်ဖော်မဲ့၍၊ ချောနွဲ့ရောင်မြေ့၊
မှာသရွေ့ကို၊ ရစ်ဝေ့တိမ့်နှယ်၊
အသွယ်သွယ်သည်။ ။
လွမ်းဖွယ်ကိုသာ ဖွေတော့သည်။
၃။ ဖက်ရည်စံနေ၊ ပြစ်မျိုးကွေ၍၊
ရွှေကိုပုံဖြင့်၊ သွန်းသည်နှင့်လျှင်၊
နှိုင်းသင့်တွေးခေါ်၊ မှတ်ချေသော်လည်း၊
ပြိုင်ဖော်မရ၊ လှနေကျကို၊
သည်က ကြင်၍၊ မရှင်ပျောင်းချွေ့၊
တနေ့တည၊ တခဏမျှ၊
ရှုတ မတည်၊ နေလှည့် သည်ကို၊

ကျူးမြည်ရိုက်ကြည်း၊ မြောက်လေဖြည်းနှင့်၊
ဆီးသည်းနှင်းပြွမ်း၊ ကိုယ်လုံးချမ်းသည်။ ။
ပြိုက်ရွှမ်း ယိုဖြာ ခွေတော့သည်။

## ၁၇။ မိုးတိုင်အလွှမ်းမယ်ဘွဲ့* တပြိုင်အလိုက်

၁။ တဆယ့်နှစ်ခွင်၊ ရာသီတွင်၌၊
ကောင်းကင်မှိုင်းဝေ၊ နွေလည်း ကုန်ကျွန်း၊
ဝသန် ဆန်းက၊ လျှပ်ပန်း တိမ်ပြင်၊
ဖြူစင်ပုလဲ၊ ကြဲကာ ရွာဖြိုး၊
မိုးလည်း တပြိုက်၊ တိမ်တိုက် ရွှေ့ပြောင်း၊
လေလျှင်လောင်းက၊ ကန်ချောင်း ကိုင်းကျွန်း၊
ပြင်ထွန်း ကမ်းငူ၊ သဲဖြူဆိပ်သာ၊
မြစ်သီတာလည်း၊ အခါအလိုက်၊
ပြုံးရေဆိုက်သား၊ ကျွန်းတိုက်စူးထိုး
စေ့ပျိုးကာလ၊ ချိန်ဖြစ်ကလျှင်၊
ဌာန ချက်ဗွေ၊ မယ်တို့နေသည်၊
အောင်မြေ ရပ်မှာ၊ သို့သောခါကား၊
အသာ ဟူက၊ ပည်းမှုကြည်း,ရေ၊
အထွေထွေသည်။ ။အုပ်ထွေရှည်စုံ ရှင်လိမ့်မည်။
၂။ အလယ့်ရစ်ဆင်၊ ရဂုံခွင်လည်း၊
ညီစင်ရွှက်ချပ်၊ လှပ်လှပ်လှတင့်၊
မြကုံးဆင့်သို့၊ နိမ့်မြင့်ပင်တိုင်း၊
ဆိုင်းဆိုင်း လူလူ၊ အဖြူအပြာ၊
အဝါအချို့၊ မိုးပန်းတို့သည်၊
ခါသို့ လိုက်ကြ၊ ငုံစ ဆင်တွဲ၊
ကြဲကာ ပေါ်ထွက်၊ ကျေးငှက်သိုက်တွင်၊

* တပြိုင်အလိုက်ရတုဖြစ်သည်။ တပြိုင်အခံရတုမှာ 'တဆယ့်နှစ်ခွေ'ချီ မြတ်စောညီနောင် ဘုရားတိုင်အောင်ဘွဲ့ရတုဖြစ်သည်။

လည်ချင်းတင်၍၊ သာရွှင်ယှဉ်ဖော်၊
မ,နှင့် ပျော်လျက်၊ စိုက်ခေါ် သနား၊
ဝမ်းပါးဖွယ်ပင်၊ လှူ့အသွင်ကို၊
မြင်ရ ဘိမူ၊ ဇာတိအောင်ချာ၊
ရွှေပြည်သာ၌၊ ကလျာငါးရပ်၊
ခြောက်ပြစ်လပ်သား၊ ချည်းလှပ်ညီဝါ၊
မွတ်ပြာလဲ့လဲ့၊ နွဲ့သည်တို့နှင့်၊
လွမ်းတာမြင့်ခဲ့၊ ထပ်ဆင့်ညွတ်ခွေ၊
သည်းလေ လေလျှင်၊ ဆယ်ထွေ ဆယ်ဖန်၊
ကြုံးလွန် မေတ္တာ၊ မယ်တို့မှာသည်။ ။
လွမ်းသာ ပည်းမျှဖြင်လိမ့်မည်။

၃။ မဖွယ့်ချစ်ခင်၊ မယ်ပလျှင်လည်း၊
ပြင်တပါးသို့၊ နည်းများမကွက်၊
စိတ်မယွက်တည့်၊ မြရွက် မြိတ်ညွန့်၊
မဖြန့် လက်သင်၊ ကေရှင်ထုံးသစ်၊
ဆယ်ကျော်နှစ်က၊ ငါးထစ် စောင့်ထပ်၊
ဘုံသာ ရပ်ဝယ်၊ ပညပ်စဉ်လာ၊
မမွှတာဟု၊ ကေသာ သွယ်ညွတ်၊
ခြောက်ရောင် ထွတ်ကို၊ ရှိဝတ် ရည်ညွှန်း၊
ဆယ်ခိုင်ပန်းနှင့်၊ ရွှေဝန်း ရီညာ၊
ခါရောက်ကမူ၊ ရွှေ့များအလယ်။
သနားဖွယ်လျှင်၊ ဆွေမယ် ယဉ်မြေ့၊
အောက်မေ့ ရေးရေး၊ ကြံတွေး တွက်ဆ၊
ပျောင်းပျ မူးမော်၊ ဖော်သား ချင်းနှင့်၊
လွမ်းတင်းစကား၊ နောင့်ကြောင်း လျားကို၊
ဖန်များ ဆိုတုံ့၊ တလှုံ့လှုံ့တည့်၊
ရွှေတုံး တမျှ၊ ငြိမ့်လေး မြသား၊
အလှမွတ်ဖျို၊ ဆင်းကြာညီသည်။ ။
နောင်ကို ဖူးမြော်ချင်လိမ့်မည်။

## ၁၈။ မိုးတောအလွမ်းမယ်ဘွဲ့ပိုဒ်စုံရတု

၁။ မဖြောက်ဖြည်းပါ၊ ခြိမ့်ခြိမ့်သာတည့်၊
ဗယ်ညာ ရှေ့နောက်၊ နွဲ့ခေါက်ဝန်းရစ်၊
ကြွေးဟစ် သံရင့်၊ ရိုက်ဆင့် မစဲ၊
စက်ပန်း ကြဲလျက်၊ မြခဲ ဖြိုးဖြိုး၊
ရွာသွန်းကြိုး၍၊ လိုစိုး မြူးခုန်၊
နတ်ပဇ္ဇုန်လျှင်၊ သုန်သုန်မဲလျက်၊
ယုဂန်ချက်က၊ ရေးထက် ထူးဆန်း၊
ကျူးကာ သွန်းသည်။ ။
စက်ပန်း မိုးလုံး ပွင့်ပြီသော။
၂။ မပြောက် မည်းပြာ၊ တဆင်း သာတည့်၊
ညိုဝါသမ်းမဲ၊ မရောပဲလျှင်၊
ပုလဲငုံဖူး၊ နွဲ့ရင့် ကျူးက၊
တိမ်ဦး လုလင်၊ မြပန်းဆင်လျက်၊
ရွှေရင် သည်းအူ၊ ဆွတ်ချွေ ယူသို့၊
မည်သူ မထိုက်၊ လှမကိုင်ရကြောင့်၊
ခေါ်စိုက် မြင်မိ၊ ရေးရေးရှိလျက်၊
လျှပ်တိ တောင်မြောက်၊ရှေ့နောက်ဝေမှိုင်း၊
လွမ်းသာ ဆိုင်း၍၊ ရှုတိုင်း မျက်နှာ၊
ထင်ယောင် ရှာသည်။ ။
သည်းချာ နှလုံးလွင့်ပြီသော။
၃။ မဖောက်သည်းချာ၊ မယ့်ကိုသာလျှင်၊
လှူဒါပေးဘူး၊ ရေးကျေးဇူးကြောင့်၊
တိမ်းမူးမတည်၊ ရှိရသည်ကို၊
ဘုန်းစည် မာဃ၊ မဖန်မ,လည်း၊
သုံးပါးဦးစွန်း၊ ဉာဏ်ခြည် ရန်းလော့၊
လျှပ်ပန်း လျှံဖုံး၊ ကိုးရပ် လုံးလျှင်၊
စက်ကုံး ခြယ်ဆင့်၊ နွဲ့ကာ ရင့်လျက်၊
နေ့နှင့် ညဥ့်လုံး၊ ဓွေ မဆုံးတည့်၊

ပတ်ကုံး ဒိသာ၊ ရပ်မျက်နှာလျှင်၊
မြည့ာချပ်ပုံ၊ ဖြိုးမျှ ငုံသည်။ ။
တူစုံ စက်ခါ သင့်ပြီသော။

## ၁၉။ မိုးတောအလွမ်းမယ်ဘွဲ့ပိုဒ်စုံရတု

၁။ ယခုကစင်၊ ကြိမ်းပမြူးကွန့်၊
ရွာမည်ခန့်သော်၊ တိမ်ညွန့်ညိုသစ်၊
မြမရှစ်တည့်၊ ခုနှစ်မည်ရပ်၊
ကြွင်းသေးလပ်လျက်၊ မည်းထပ်မှောင်ပါ၊
မြောက်ကသာလျှင်၊ သည်မှာတည့်ပေ၊
မယ်တို့နေဟု၊ ဆွတ်ချွေနှလုံး၊
စုရုံးမည်ခက်၊ သို့စင်ရက်ခဲ့၊
ဖြည်းသက်ရိုက်ကျူး၊ ဆင်မူးမူးဝယ်၊
ဟူးဟူးပြန့်ခေါက်၊ လေရှေ့ရောက်က၊
ရေပေါက်မိုးပန်း၊ ကြဲလှာဖျန်းသည်။ ။
ရွှေနန်းဆီက သာလှည့်သော။

၂။ အနုမြသွင်၊ တောတခွင်လည်း၊
ပြောင်စင် မလွင့်၊ ကျန်သေး လင့်လျက်၊
စက်ဖြင့် ဟူးဟူး၊ မြူးကာ ခုန်မဲ၊
ခါဟုတ်ပဲကို၊ မွန်းလွဲ ခြည်ငြိမ်း၊
ညချမ်းယိမ်းက၊ ထစ်ခြိမ်းမည်းညို့၊
ရွာအုံ့သို့လျှင်၊ ဆယ်ဖို့အတွက်၊
သက်သာမှတ်သည်၊ ပြာလတ်ညက်ခြေ၊
နန်းရိပ်နေလည်း၊ ရစ်ခွေဗျာပါ၊
သည့်နှယ်ရွာက၊ ရုံခါဖြေဆည်၊
တုံ့မတည်လိမ့်၊ လျှပ်ခြည်မိုးပန်း၊
ပြလှာသန်းသည်။ ။
ထွေဆန်းစီမျှ ဖြာလှည့်သော။

၃။ ရတုလလျှင်၊ စိတ္တခါလည်၊

နွေပြန်သည့်မူ၊ ရွှေရည်ကားတော၊
ရစ်နှောမိုးသား၊ ကြုံးဝါးကြိမ်ကြိမ်၊
တိမ်မူခုနှစ်၊ ရှစ်စင်မပြည့်၊
ယွန်းတည့်ပတ်ခွေ၊ ရေရှေ့လေနှင်၊
မင်းနေသီဂီ၊ မယ်တို့ဆီက၊
ကျူးသီရစ်ဖွဲ့၊ ပန်းလှာနွဲ့သော်၊
ဖန်လဲတဆို၊ ရသည်ကိုမျှ၊
မြင်းမိုရ်နတ်မျှူး၊ သနားဦးလော့၊
ဆယ်ကျူးသက်စစ်၊ နောင်ကြင်ချစ်မူ၊
သဉ်နှင့်ရက်စွန်း၊ ရာသီပန်းနှင့်၊
ကြင့်နှမ်းဓာတ်မွေ၊ ဆံခွေမဥ္ဇူ၊
မြတ်နှစ်ဆုကို၊ ဆုယူရည်ညွှန်း၊
တင်လိမ့်မှန်းသည်။ ။
ရွှေဝန်းရီ ညခါလှည့်သော။

## ၂၀။ မိုးတောအလွမ်းမောင်ဘွဲ့ပိုဒ်စုံရတု

၁။ ထစ်မြည်လိုမူ၊ တိမ်ညိုမည်းနက်၊
ဆိုင်းရုံရှက်၍၊ ပွင့်ခွက်ရွှေဝါ၊
စိမ်းပြာခြယ်ထပ်၊ စီမွမ်းအပ်သို့၊
ကိုးရပ်ပတ်ပတ်၊ ချောင်းချောင်း လွှတ်လျက်၊
ကြင်လွတ်မဲ့ဘူး၊ တန်ပါဦးလော့၊
လွန်ကြူးကြိုက်ဆူ၊ သည်တမူကား၊
သည်းအူနှလုံး၊ မရုံးကွဲပြို၊
နေသည်ကိုလျှင်၊ အလိုမဲ့ပဲ၊
ခြိမ်းမဲပြင်းစွာ၊ ရွမ်းနှင့်လာသည်။ ။
စစ်မှာကပင် ခန့်သည်လော။

၂။ ချစ်သည်ကိုမူ၊ မည်ဆိုထုတ်ပွက်၊
မဟ,ရက်တည့်၊ ဖျောက်လျက်ဆည်ငြိမ်၊
ချုပ်ပြေတိမ်သည်၊ တကြိမ်ရှေးဦး၊
ဟူးဟူးထန်ပြင်း၊ သက်ဆင်းကိုယ်ထင်၊

မြင်လနိုးဘိ၊ ယူးယူးရှိလျက်၊
မျက်စိဖွင့်အံ့၊ မျှမဝံ့တည့်၊
ခြံ့ခြံ့တော်ရိုက်၊ ပဲ့တင်လိုက်၍၊
နား၌ခြစ်ခြစ်၊ ကြိုးဖြန်းထစ်က၊
ပြိုလစ်မည်ပင်၊ ထင်တုံလန့်စိုး၊
လက်ကာမိုးလျက်၊ အစိုးတရ၊
နွေကြီးကကို၊ ကြောင့်ကြဗျာပါ၊
ရှိအောင်ရှာသည်။ ။
ထစ်ရွာလှချင်ကွန့်သည်လော။
၃။ ရှစ်မည်ဂြိုဟ်မူ၊ မြင်းမိုရ်လက်ယာ၊
လှည့်ကြရာဝယ်၊ ဖလ်ဝါညီးညီး၊
ရွှေယာဉ်စီး၍၊ ခရီးမပါး၊
လယ်ချက်သွားသော်၊ မြစ်နားကမ်းခွင်၊
သဲပြင်တောတောင်၊ ပွင့်ယောင်လှူလှူ၊
ရွက်နုလဲ့လဲ့၊ နွဲ့နွဲ့နောင်းနောင်း၊
ငှက်ပေါင်းကျူးညီ၊ သာမျိုးပြီက၊
နွှဲမှီယုယ၊ ကြင်ပေလှလျက်၊
မွေးဘမဲ့ဆွေ၊ မမှာနေလည်း၊
ဆယ်ထွေဆယ်ထပ်၊ စိတ်လပ်မလစ်၊
လွမ်းသည်ဖြစ်နှင့်၊ သည်နှစ်တာဆန်း၊
ဝါကျွန်းသည်လ၊ ချီခဲ့ရသော်၊
တူကွရင်ရွှေ၊ ဖူးလွယ်စေဟု၊
စစ်မြေမရှည်၊ ပြန်လျင်မည်ကို၊
ခြောက်ပြည်မက၊ အစိုးရသား၊
မာဃသူဇာ၊ သနားပါသည်။ ။
မေတ္တာမြှရှင် ညွှန့်သည်လော။

## ၂၁။ မိုးတောအလွမ်းမယ်ဘွဲ့ပိုဒ်စုံရတု

၁။ အာကာတသွန်၊ မြယုဂန်က၊
မမှန်ကာလ၊ တန်ခူးမျှကို၊

မိဿရာသီ၊ ပြီပြီမရောက်၊
ကြူးခေါက်ရွှင်မြဲ၊ မဟုတ်ပဲလျက်၊
နွဲ့နွဲ့ယယ၊ အုံ့ပျမှိုင်းဆန်း၊
လျှပ်ပန်းပြကာ၊ မလာမရိပ်၊
ချိပ်ချိပ်မည်းမည်း၊ ရိုက်ကြည်းအုံးအင်း၊
ခြင်းခြင်းညီးညီး၊ လောင်မီးပွင့်ဝါ၊
ဆင်တိုင်းပါ၍။ ။ရှာဘိသည်လည်း ဟံသာမိုး။
၂။ ဗျာပါစဟန်၊ သွန်ကပီပီ၊
သုံးချီကျူးလတ်၊ မပြည့်ပတ်ဝယ်၊
တွတ်တွတ်လန့်လန့်၊ ရွှန့်ရွှန့်ဖြည်းဖြည်း၊
တို့လည်းအသက်၊ ကြင်ဖက်ကြင်သူ၊
အတူမစုံ၊ ဝေးတုံ၍မျှ၊
တ,သည်လည်းကောင်း၊ အပျောင်း,အတိမ်း၊
အယိမ်း,အခွေ၊ ရှိလေစေဟု၊
ဝေကာမျှမော၊ လွမ်းညှိုးရော၍၊
ဥသြဖော်ရှာ၊ ချစ်သံသာနှင့်။ ။
နွဲ့လှာသည်လည်း တရေးနိုး။
၃။ ခါဝါဝသန်၊ ချိန်မတန်လည်း၊
ချိန်လွန်ကွန့်မြူး၊ သို့စဉ်ဦးက၊
ယူးယူးဆွတ်ဆွတ်၊ ဆိုချွတ်ထင်ယောင်၊
တန်အောင်ထားခက်၊ မဝှက်ပြေကြောင်း၊
ပျောင်းတိုင်းဟောင်းထကဲ့၊ တပေါင်းကုန်မြောက်၊
ကာလရောက်သော်၊ နတ်အောက်မနိမ့်၊
လှလေးငြိမ့်ကို၊ လွမ်းစိမ့်သောဟု၊
စောစောမြဲ၊ မိုးကညိုဝန်း၊
ပန်းလည်းသဘင်၊ ခါသင့်ရင်၍။ ။
မရွှင်သည်လည်း ရှုညွတ်ဖြိုး။

## ၂၂။ မိုးတောအလွမ်းမောင်ဘွဲ့ပိုဒ်စုံရတု

၁။ နွေနှောင်းရက်လျှင်၊ ကျွတ်ထွက်ခါပြီး၊
သန်သို့နီးက၊ လျှံညီးမစဲ၊
လျှပ်ပန်းကြဲလျက်၊ အဖွဲ့တဖြိုက်၊
အပြိုက်တတန်၊ အထန်တခါ၊
လမှာနယုန်၊ ကဆုန်ရာသီ၊
မညီထွေလာ၊ နွေပင်သာကို၊
ဒေဝါပဇ္ဇုန် ကခုန်ရွှင်ပျော်၊
မြူးတုံသော်လည်း၊ နတ်ကျော်မာဃ၊
ကာလရှည်ဝေး၊ မတန်သေးဟု၊
ခေါ်ကြွေးသံညောင်း၊ မြစ်ပါကောင်း၏၊
ရေးနှောင်းစဉ်ဆက်၊ ရွာသည်ထက်လည်း၊
နေ့ရက်မမှတ်၊ စောစောဆွတ်သည်။ ။
ခွေညွတ်မတည် ရွှမ်းဘိသည်။
၂။ လေညောင်းရှက်ဆင်၊ ဖြတ်ခြည်းပင်တည့်၊
ကောင်းကင်အလုံး၊ လွှမ်းဖုံးမည်းမို့၊
ပတ်ကုံးဆို့၍၊ ဗယ်သို့ညာလည်၊
လေပြည်လေသာ၊ ကျစဉ်ခါကို၊
အာကာကလည်း၊ နတ်တင့်ရည်း၍၊
ပေါင်းစည်းသားမြေး၊ တအေးအေးလျှင်၊
သာလေးညင်းညင်း၊ နတ်စောင်းငြင်းနှင့်၊
ကခြင်းသံညီ၊ မိုးဖွဲ့သီ၍၊
မယ့်ဆီရွာလတ်၊ ရေချမ်းဆွတ်သော်၊
မယ်မှတ်တမူ၊ အယူနှစ်ထွေ၊
ရှိလေစနီး၊ လွမ်းစိုးဗျာပါ၊
နေစဉ်ခါကို၊ ဒေဝါမိုးမင်း၊
ဖန်ဆင်းမမြော်၊ ကမြူးဆော်သည်။ ။
ရွှင်ပျော်မတည် လွမ်းဘိသည်။

၃။ ခွေပျောင်းလျက်ပင်၊ မပျော်ရွှင်တည့်၊
မိခင်ထိန်းယ၊ အစ်မဆွေမျိုး၊
သိခန့်စိုး၍၊ မညှိုးရစေ၊
မွတ်ချေမျက်နှာ၊ ကေသာဆီရွှမ်း၊
ပူသည်ဝမ်းကို၊ မနွမ်းရအောင်၊
သာရပ်ဆောင်၍၊ တုံ့အောင်ချုပ်ဖြေ၊
နေစေခိုက်ကို၊ မည်းမိုက်အုံ့ပျ၊
မြောက်ရပ်ကလည်း၊ အစရိုက်ဆင့်၊
ကျူးလာရင့်၍၊ လေနှင့်မိုးပါ၊
ရွာလာထပ်လောင်း၊ မီလျောင်းအုံးဝန်း၊
ခြူးပန်းပုလဲ၊ မစဲပြိုက်ကျ၊
ပျောင်းပျသည်းဆူး၊ စိတ်ကိုနှူးသည်။ ။
ကိုယ်ထူးမတည် နွမ်းဘိသည်။

## ၂၃။ မိုးတောအလွမ်းမယ်ဘွဲ့ပိုဒ်စုံရတု

၁။ တာရက်လကို၊ ရှက်ကွန့်လို၍၊
ရစ်ညှိုပြကာ၊ သည်မျှသာနှင့်၊
ထစ်ရွာမမြူး၊ တန်ပါဦးလော့၊
ကိုယ်ထူးဖော်နည်း၊ သည်နှယ်ချည်းလျှင်၊
တို့လည်းခွေညွတ်၊ လွမ်းပေတတ်ဟု၊
ဘုံထွတ်ပိုင်သ၊ သိကောင်းလှလျက်၊
ကာလတန်ပြီ၊ သို့မရှိတည့်၊
လျှပ်တိတောင်မြောက်၊ ရှေ့နောက်ထင်မှတ်၊
စက်ခြည်လွှတ်သည်။ ။
နတ်လည်း ရွှမ်းဆော် ဘိ၏သို့။
၂။ ပြာညက်မြညို၊ လှသည်ကိုမူ၊
နှုန်းဆိုစရာ၊ လှည့်ပတ်ရှာသော်၊
စကြာနှင့်ပင်၊ ခက်မည်ထင်၏၊
ဆယ်တွင်နှစ်မည်၊ ရံလည်ဦးရှက်၊

ရွှေနှယ်စက်၍၊ ဆက်ဆက်တိုင်းပင်၊
လွန်၍ကြင်သည်၊ ဖူးချင်နေကျ၊
မွတ်မွတ်လှကို၊ ဆံမျှမတန့်၊
လွမ်းညွန့်ထပ်ရစ်၊ စစ်တပ်မြေတာ၊
ရပ်ရာထူးခြား၊ ပေးလေငြားလည်း၊
စက်ပါးတွင်ပင်၊ ထင်တုံရေးရေး၊
ချစ်စိတ်ပြေးသည်။ ။မဝေးရှုမြော် မိ၏သို့။

၃။ ရာမြွက်တ,ဆို၊ ချစ်သည်ကိုမူ၊
ကွဲပြိုစိတ်ပျံ့၊ ဆည်မဝံ့တည့်၊
အလွှဲ့တောင်တော၊ သင်းချောပမာ၊
သန္တာလိုလို၊ မြည်ပိုတချို့၊
ရွှေသို့တဝက်၊ ဖူးထွက်ရွှန့်ရွှန့်၊
ရွက်ညွန့်ဝေဝေ၊ လေလည်းတုံ့ရစ်၊
မြစ်လည်းကြည်စံ၊ ခေါ်သံငဲ့ရှာ၊
ချစ်ပျူငှာနှင့်၊ ယှဉ်ကာန္တဲလျက်၊
လည်ချင်းရှက်သည်။ ။ကျေးငှက် လွမ်းဖော်ညီ၏သို့။

## ၂၄။ မိုးတောအလွမ်းမယ်ဘွဲ့*ပိုဒ်စုံရတု

၁။ တန်ခူးကစင်၊ ဆန်းစတက်သစ်၊
နွေသရစ်လည်း၊ တစ်နှစ်သုံးလေး၊
မစွန်းသေးတည့်၊ မဝေးစရာ၊
ဝါအခါကို၊ စာနာမထောက်၊
ကိုယ်ကလျှောက်၍၊ မအောက်မေ့ပါ၊
လိုမဲ့သာလျှင်၊ ဗျာပါလွမ်းပူ၊
ရှိသသူကို၊ သည်းအူပြတ်ကြွေ၊
အငွေ့ရွှေသို့၊ အရွှေအဝါ၊

---

* သုတေသနမူ၊ ဟံသာဝတီမူတို့တွင် နောက်ဆက်တွဲ အခန်း၌ ထည့်သွင်းဖော်ပြထားသည်။ နတ်သျှင်နောင်ဆို ရတုမှန်မမှန်ကို ဝေဖန်ပိုင်းခြား သုတေသနပြုရန် လိုသေးသည်။

အပြာအနက်၊ ဖြိုးဖြိုးတက်၍၊
သံလျက်သံချိုင်၊ စိုးတပိုင်လျှင်၊
ရေစိုင်ပုလဲ၊ ဖျန်းဆွတ်ကြဲ၍၊
ခြိမ့်မဲမျက်သုန်၊ ကွန့်မြူးခုန်သည်။ ။
ပဒ္မနုန်မိုးလ ထင်ဘိသည်။

၂။ ဝန်းမြူးကျဆင်၊ ကာလတပဲ၊
ဝေဝေကြဲက၊ ဝမ်းကွဲဖော်နည်း၊
နောင်သို့ချည်းလျှင်၊ အူသည်းပြတ်ကြွေ၊
တဖန်ဝေသို့၊ ချုပ်ဖြေတားဆည်၊
နေပါသည်ကို၊ ခန့်ရည်စာနာ၊
ဗျာပါထပ်မွမ်း၊ ချစ်သူဝမ်းကို၊
အလွမ်းကွန့်မြူး၊ စိတ်ကိုနှုးသို့၊
မထူးတည်သာ၊ ကြာသည့်နှစ်လ၊
တွတ်ဆမဝံ့၊ တပျံ့ဆွတ်ဆွတ်၊
ခွေညွှတ်မသာ၊ သီတာအယဉ်၊
ရှိမောစဉ်ဝယ်၊ တိမ်လျှဉ်ဆိုင်းထပ်၊
ခုနှစ်လပ်လျက်၊ နန်းရပ်အောင်ချာ၊
သည်မှာသက်ဝေ၊ မယ်တို့နေဟု၊
ရစ်ခွေရှက်သန်း၊ ဆိုင်၍ဝန်းသည်။ ။
ရွှေနန်းဆီက ရင်ဘိသည်။

၃။ ဆန်းထူးမြသွင်၊ တောဝန်းကျင်လည်း၊
ရွှေစင်မညို၊ ညွန့်နဂိုနှင့်၊
စိမ်းလိုလိုသန်၊ သန္တာဟန်သို့၊
ရက်ကျန်မနှော၊ ရှုဖွယ်မော်မျှ၊
ဥညြ,ပဲထွေး၊ မြစ်တွေး,ဟသာ၊
ပြင်သာယာထက်၊ ကျေးငှက်စုံတူ၊
ချစ်မူရှုကို၊ သည်းအူတုံ့တုံ့၊
ပြတ်လှုံ့ဆ,ပွား၊ မြင်တိုင်းပါးခဲ့၊
သနားစုံမက်၊ ကြင်မျိုးထက်လည်း၊

ကျူးဆက်လွန်၏၊ တူမရှည့်တည့်၊
လွမ်းလှည့်လေစေ၊ ဆော်ဆော်ထွေမူ၊
မပြေဖြည့်ပျော်၊ မေ့လေသော်ဟု၊
ရွှမ်းဆော်စီရင်၊ မြောက်ခွင်စူးစူး၊
လေရှေ့ဦး၍၊ တိမ်ဖူးဆိုင်းတက်၊
မြည္သွန်ရှက်သည်။ ။ကြင်ဖက်မယ်က ဆင်ဘိသည်။

## ၂၅။ ဆောင်းရာသီ၊ အလွမ်းမယ်ဘွဲ့* ပိုဒ်စုံရတု

၁။ မြမြမွေး၍၊ ဆီးသေးနှင်းဖြူ၊
မြူလည်းကြွေလင့်၊ မပွင့်နေခြည်၊
မကြည်ကောင်းကင်၊ ထက်ခွင်အုံ့ပျ၊
ငြိမ့်မျှကိုယ်တွင်း၊ ဆီးနှင်းကျရွှမ်း၊
ချမ်းတို့စွလည်း၊ ရင့်မြကြာညောင်း၊
တပေါင်းရက်ကျူး၊ မဖူးရက်လေ၊
ဟေမရာသီ၊ နာရီပွားတိုး၊
သောက်မိုးညဥ့်ရှည်၊ ဆောင်းခါလည်သည်။ ။
ချမ်းသည် ရေအဟန်တကား။

၂။ ပျပျမွှေး၍၊ ပိုက်ထွေးရင်ငွေ့၊
တူစက်လေ့ကို၊ အောက်မေ့မြင်ယောင်၊
ရှင်မောင်ခေါ်တမ်း၊ ငယ်ဖော်ကျွမ်းဟု၊
အလွမ်းရှည်မြင့်၊ ကြာသနှင့်သော်၊
ထပ်ဆင့်ဗျာပါ၊ မပျော်စွာ၍၊
အခါသရစ်၊ ဆောင်မျိုးနှစ်လည်း၊
အဖြစ်သည်နှယ်၊ မရှိဖွယ်တည့်၊
သက်လှယ်နှောင်နှင့်၊ ကြင်ပေတင့်စွ၊
မျက်ပွင့်စံတည်၊ မျိုးချစ်ကြည်သည်။ ။
လွမ်းသည် သူမတန်တကား။

---

* နဝဒေးကြီး ဆိုဟုလည်း အမှတ်အသားရှိသည်။ မင်းနဝဒေးဆို ရတုပေါင်းချုပ်၊ (ပိဋကတ်တော် ပြန့်ပွားရေး) စာမျက်နှာ ၂၃၅၊ ရတုပုဒ်စဉ် ၂၁၃ ကို ကြည့်ပါ။

၃။ ရွှရွှကွေး၍၊ ငွေးငွေးပျပျ၊
ရဲရဲလှသား၊ ခိုင်မြပွင့်ဖူး၊
ဆောင်းပန်းဦးလျှင်၊ တထူးသူနှင့်၊
မတင့်လေရာ၊ မယ်နှင့်သာလျှင်၊
ကြမ္မာဖန်ဆင့်၊ ရည်၍တင့်သား၊
သခင့်ပန်ဖို့၊ စီရင်ပို့၍၊
စိမ်းညို့ရွက်ထပ်၊ ချပ်လှပ်ထွားထွား၊
တခြားထူးထွေ၊ ညာတင့်ခြေဝယ်၊
ငုံပြေချပ်ဝန်း၊ တဆန်းထူးလည်၊
ပန်းရွှေရည်သည်။ ။ကျွမ်းမည်သခင်ရန်တကား။

## ၂၆။ ဆောင်းရာသီ၊ အလွမ်းမယ်ဘွဲ့* ပိုဒ်စုံရတု

၁။ နတ်လကျွန်း၍၊ ဆန်းတုံပြာသို၊
ပင်တိုင်းညိုမှျ၊ မြလိုပုံ့မွှန်း၊
ထုံရည်သွန်းသို့၊ နတ်ပန်းခွံမြ၊
ပေါ်သည်လဝယ်၊ တရာ့တဆောင်း၊
ရုံးလှာပေါင်းလည်း၊ တူကြောင်းတရှည့်၊
ချမ်းလှ၏ရှင့်၊ လွမ်းသည်ဖြစ်ကို၊
သို့စင်ဆိုလည်း၊ ရွယ်ပျိုငြိမ့်လေး၊
မယ်နှင့်ဝေးခဲ့၊ အေးအေးငြိမ့်ငြိမ့်၊
စိမ့်စိမ့်ဆွတ်ဆွတ်၊ သေပြတ်ဘနန်း၊
မကျန်းမအီ၊ မြွက်ချီမဟ၊
ပျောင်းပျမရှင်၊ မျိုးသခင်နှင့်၊
ရွှေရင်နွဲ့ပိုက်၊ နှလုံးတိုက်ဝယ်၊
ခါလိုက်ပတ်ချပ်၊ မှိုင်းအုပ်ဆီးကြွေ၊
ချမ်းထွေထွေသည်။ ။

---

* နဝဒေးကြီး ဆိုဟုလည်း အမှတ်အသားရှိသည်။ မင်းနဝဒေးဆို ရတုပေါင်းချုပ်၊ (ပိဋကတ်တော် ပြန့်ပွားရေး) စာမျက်နှာ ၁၆၁၊ ရတုပုဒ်စဉ် ၁၄၄ ကို ကြည့်ပါ။

ဝေဘိသည်လည်း အိုဘဲ့နှင်း။

၂။ ညွတ်ခဝန်း၍၊ နှုန်းနှန်းပြိုင်ရည်၊
အပြည်ပြည်ဝယ်၊ စံတည်ဇကာ၊
ဟူသမျှလည်း၊ ထိပ်စကြက်ရုံး၊
မန္တူကုံးသို့၊ သက်လုံးမပြောင်း၊
ကြင်ပေကောင်းစွ၊ မြသောင်းကေရှင်၊
မလွတ်ခင်က၊ ရည်းထင်နေကြ၊
ကြိုက်သမျှလည်း၊ နှစ်လတာရှည်၊
ကြိုးရမည်ကို၊ ဆံခြည်မြူသေး၊
မရှိဝေးခဲ့၊ ရေးရေးစိတ်ပြတ်၊
နေကြမှတ်၍၊ လွမ်းဆွတ်လည်းလျောင်း၊
ကြာသို့ပျောင်းမျှ၊ သည်းတောင်းဝှန်ထဲ၊
လွန်ဆကဲတွင်၊ ဆီးဖွဲ့နှင်းဖက်၊
ဖြည်းလေသက်က၊ ရောရှက်ကျေးရွှေ၊
စိတ်ကိုချွေသို့၊ ဆည်နေဖျော်ဖြည့်၊
မနိုင်လှည့်တည့်၊ ကြင်သည့်ခြင်းရာ၊
ဆင်းပြင်လျာကို၊ စိတ်မှာသို့ပင်၊
စက်တိုင်းထင်ခဲ့၊ မြောက်ခွင်နတ်ဘုံ၊
ရပ်လုံးခြုံဝယ်၊ ငါးစုံအင်နှင့်၊
ဆင်တိုင်းသင့်၍။ ။တင့်ဘိသည်လည်း ညိုလှဲ့ဝင်း။

၃။ ဆွတ်မျှဖျန်း၍၊ မကျန်းပျောင်းပျ၊
ဖြစ်ချင်းတကို၊ မြွက်ဟလုံးခြုံ၊
ဆိုမကုံတည့်၊ အာရုံစိတ်ပြေး၊
ဆင်းငြိမ့်လေးဝယ်၊ နတ်ပေးတမှတ်၊
သက်လုံးညွတ်၍၊ သည်းဆွတ်ကြိမ်ဖန်၊
ထိပ်ဦးဝှန်မျှ၊ လွမ်းမာန်မိန်းမူး၊
မပြေဘူးတည့်၊ ရှုမူးလျှံဝေ၊
ကြင်ထိုက်ပေသား၊ မြတေဖြူဝင်း၊
ပြာလဲ့ရှင်းကို၊ နှုန်းကင်းဖက်ရှောင်၊

သုံးရွှေဘောင်ဝယ်၊ လှခေါင်စံကျွန်း၊
လနှယ်ထွန်း၍။ ။ ရွှန်းဘိသည်လည်း ပျို့နှဲ့ရှင်း။

## ၂၇။ နွေရာသီမယ်ဘွဲ့ အလွမ်းပိုဒ်စုံရတု

၁။ ဖန်စကြာလျှင်၊ နွေခါအလျောက်၊
မြောက်သို့ချဉ်း၍၊ ပျဉ်းကားပုံ့ရွှင်း၊
အင်ကြင်းပေါက်လဲ၊ ရဲရဲတွေးတွေး၊
ရွှံ့ရွှံ့ကွေးလျက်၊ စဲမေးပြင်ခုံ၊
မြစ်မှာတုံလည်း၊ စုံစုံကျေးငှက်၊
လည်ယှက်လည်တင်၊ လွမ်းဖွယ်ရင်၍၊
ရွှင်ကြည်မြူးစံ၊ ချစ်သံခေါ်ထူး၊
ရင်ကျူးဝမ်းပါး၊ သနားဖွယ်မှူ၊
သည်ရတုမူ၊ ရှုကကဲလွန်၊
အလွမ်းသန်သည်။ ။လေသွန်သာညီလတကား။

၂။ ချန်ရက်ကြာတင်၊ ရေးနှယ်ပင်တည့်၊
ပြာစင်ရွှေလှော်၊ ထွေးနှောင်းမြော်လျှင်
စိတ်တော်နှစ်ကြုံ၊ သူတို့လံ၍၊
မြလျှံလိုလို၊ စိမ်းစိမ်းညိုသား၊
နဂိုဦးကိုင်၊ ရွှေစံပိုင်လျှင်၊
ယိမ်းယိုင်တတ်၏၊ မှတ်ခဲ့မည့်ကြောင့်၊
ယုံသည့်တမန်၊ လျှင်စဟန်နှင့်၊
ပြန်ပေခဲ့၍၊ သမ်းမှဲ့ပျောင်းရွှေ့၊
အောက်မေ့မြော်ခိုက်၊တ,စဉ်ကြိုက်ဝယ်၊
ရွှေ့ဒွိသာမော၊ ရောက်ပြီပြောသို့၊
ဥသြတည့်မှန်၊ ပြလှာညွန်သည်။ ။
စေကျွန်လာဆီကတကား။

၃။ ပြန်သက်ရာစင်၊ ဝေသက်ကြင်သား၊
နှောင်းမြင်ငြိမ့်လေး၊ ဖြူမွတ်မွေးလျှင်၊
သုံးလေးရက်ငါး၊ မှာစင်ထားဘိ၊

နည်းများဆွတ်ပျံ့၊ ဆယ်ရံ့ရံဖန်၊
ကြောင်းဝန်ရှိ၍၊ တနေ့တည၊
သာကိုမျှလည်း၊ မကသောင်းနှစ်၊
စင်ရှိလစ်သို့၊ ချစ်သည်စိတ်ဝမ်း၊
အလွမ်းဝှန်သွယ်၊ နောင့်နှယ်ကြွယ်၍၊
ရှိဖွယ်ပေပင်၊ ရေးရေးထင်စွ၊
ထက်ခွင်ယုဂန်၊ ပူရှိန်လွန်သည်။ ။
နွေပြန်ရာသီ စတကား။

## တောင်ငူဘုရင်-နတ်သျှင်နောင်ဆို

## ရာသီဘွဲ့ရတုစာတော်များ

(က) မိုးရာသီဘွဲ့ရတုပေါင်း ၂၄ပုဒ်။
(ခ) ဆောင်းရာသီဘွဲ့ရတုပေါင်း ၂ပုဒ်။
(ဂ) နွေရာသီဘွဲ့ ရတု ၁ပုဒ်။
စုစုပေါင်း... ၂၇ပုဒ်။

တောင်ငူဘုရင် နတ်သျှင်နောင်ဆို
ရာသီဘွဲ့ရတု စာတော်များ
စုစုပေါင်း ပုဒ်ရေ ၂၇၊
ဤတွင် ပြီးပြည့်စုံပြီ။

တောင်ငူဘုရင်

# နတ်သျှင်နောင်ဆို

သစ္စာတိုင်ရတုစာတော်များ







## အခန်း (၃)

### ၁။ ရှုပကာလျာဘွဲ့မိုဒ်စုံရတု

၁။ တင့်လှပေဟန်၊ ဖက်မရန်တည့်၊
ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့၊
ပြာပြာလတ်လတ်၊ မွတ်မွတ်* (ညက်ညက်၊
ရွှန်းရွှန်းစက်မျှ၊ ဝင်းလက် ရောင်ရွှေ၊
အခေါင်ပေတည့်၊ တောင်နေနတ်ဟန်၊
မြတ်သစ်ကြန်နှင့်၊ ပန်းမာလ်)ရေးချေ၊
ထုံးနေမကျော၊ ပတ်လျှောဆံကြာ၊
ကျတိုင်းသာလျှင်၊ ရွှေဝါပိတ်ရှင်း၊
ထည်ချင်းစံပယ်၊ နံ့ကြွယ်လှိုင်ကြူ၊
မဋ္ဌူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်၊
မရည်းမထင်၊ ဖြုတ်ခြည်းမြင်က၊
နတ်ပင်ယိုးမှား၊ ဝိုးဝါးတွေးချွတ်၊
စိတ်လုံးညွတ်သည်။ ။
ဘုံထွတ်နန်းတောင် နေတို့လော။

၂။ ရင့်မြရွှေကျန်၊ ရွှက်မပွန်တည့်၊
ဝါကြန်နီမောင်း၊ ပင်တိုင်းပြောင်းက၊
သက်ပေါင်းထင်ယုံ၊ လှနိတုံလည်း၊
ပန်းစုံရောယှက်၊ ထုံးမြရွက်နှင့်၊
လိုက်ဖက်တင့်မှတ်၊ ကိုယ်ဝတ်တော်မှာ၊
မလ္လာ ရန့်၊ မွေးပျံ့ ကြိုင်ရှင်း၊
ပယင်း ရွှေရည်၊ ပွတ်လဲ့ ကြည်သို့၊
မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိမ်းမျှ၊

---

* ရတုမူ အစောင်စောင်တွင် ကွင်းဝိုက်ပြထားသော စာပိုဒ်များမပါ၊ ကွင်းဝိုက်တွင်းရှိ စာသားများသည် ရတုစာကိုယ်မူရင်းမှ ကျန်ရစ်ခဲ့ကြောင်းနှင့် နှုတ်ငုံရရှိသော ပညာရှိကြီးများထံမှ နာခံမှတ်သားရသည့်အတိုင်း ထည့်သွင်းထားခြင်း ဖြစ်သည်။

ခပ်သိမ်း ကလျာ၊ ရှုဖွယ် သာလျှင်၊
သိင်္ဂါလျှံ တောက်၊ လက်ကောက် လက်ကျပ်၊
ရည်လျှပ် ဆံကျင်၊ မျှမဆင်လည်း၊
တိုင်းပင်တင့်မှတ်၊ လှခေါင်ထွတ်သည်။ ။
ကြာနတ် တန်းဆောင်ပေတို့လော။

၃။ ဆင့်ချစ္စေသွန်၊ ရက်မချန်တည့်။
ယုဂန်အလုံး၊ မြရည်ဖုံးသား။
လှဆုံးတင့်နေ၊ ထုံသရေလည်း၊
ထွေထွေကြည့်တိုင်း၊ ပြစ်မျိုးရိုင်းသည်၊
စံခိုင်းလျှော်သစ်၊ ရွှေနှယ် နစ်မျှ၊
တင်ပြစ် မစက်၊ လဲ့လဲ့ညက်ကို၊
ထက်နတ် ဘုံနေ၊ ခုသာ ကြွေသို့၊
တင်ချေ ရှုမြော်၊ အကျော် ပုံမွှန်း၊
ဝင်းငြိမ့် ရွှန်းကို၊ တောင်နန်း နေလော၊
နတ်ပေလောဟု၊ တွေးတောချေမိ၊
တပ်မသိခဲ့၊ ထင်မိ ဖြုတ်ခြည်း၊
မြော်ကတည်းက၊ အူသည်းစုညွတ်၊
သက်လုံးပြတ်သည်။ ။
လျှံပတ်ထွန်းရောင် ဝေတို့လော။

(မှတ်ချက်။ ။ **ဖင်းမယ်ဘုရင် နှမတော် ရာဇဓာတုကလျာကို တောင်ငူ နတ်သျှင်နောင်မြင်ရာတွင် ဤရတုကို ဆိုသည်ဟု ဆရာကြီးသခင် ကိုယ်တော် မှိုင်းက ကဗျာသာရတ္ထသဂြိုဟ်တွင် အဆိုပြုထားသည်။)**

## ၂။ သစ္စာတိုင်မယ်ဘွဲ့စာပြိုင်အလိုက် ပိုဒ်စုံရတု

၁။ ဖြူညွှန့်ရွှက်ဆိုင်၊ ဝန်းရိပ်မြိုင်လျက်၊
ရောက်တိုင်တိမ်ထွတ်၊ ပျံမတတ်တည့်၊
ပြာဿဒ်လျှံလန်း၊ စံနတ်နန်းသို့၊
ရည်ညွှန်းရှိဦး၊ စက်ထံဖူးသော်၊
ဆောင်းကျူး နွေးစ၊ သာလွန် ညဉ့်၊

သက်မျှ စုရုံး၊ နှလုံး ကြွင်းမဲ့၊
ကြွေခဲ့ မတတ်၊ ဆွတ်လွတ် အူသည်း၊
နေလည်း ဗျာပါ၊ ရုံခါ ခဏ၊
လျှပ်တပြမျှ၊ တွေးဆ ပြစ်ရှိ၊
မကြံမိတည့်၊ မျက်စိလျှံမျှ၊
မှတ်မြော်ကလျှင်၊ ကြင်စကြင်ခွေ၊
ဖြိုးထွေ မွှမ်းစိုင်၊ သွယ်ကုံးဆိုင်သည်။ ။
သက်ပိုင်စိုးစေ ချင်တော့သည်။
၂။ တူခန့်ဖက်ပြိုင်၊ စံသာတိုင်သား၊
ခြောက်ဆိုင်မြင့်ခန်း၊ လှတဝန်းဝယ်၊
တောင်စွန်း ညာဖျား၊ ထွတ်တင်ထားနှင့်၊
နှစ်ပါးနှိုင်းရှည့်၊ နှုန်းလှာ လှည့်လည်း၊
ဖြိုးပြည့် လလျှံ၊ ကြယ်နှယ် ရုံလိမ့်၊
ဖက်လံခြားဝေး၊ မုလေး ညွန့်ဖူး၊
စံပယ်ဦးသို့၊ အကျူးအလွန်၊
ဆယ်ပြန် ဆယ်တက်၊ ဆယ်ဆ သက်ကို၊
နှစ်ချက် မထင်၊ ဆက်ပါချင်၏၊
စက်လျှင်မြော်နှိုင်း၊ နေ့တိုင်းမြော်လွန်၊
လွမ်းသာဗုန်သည်၊ မကန်မိုးမြေ ဖြင်တော့သည်။ ။
၃။ ယူသွန့်ဆက်ပိုင်၊ လက်ဆောင်ခိုင်မူ၊
ထွတ်တိုင် အသက်၊ ပန်သာ တွက်၍၊
ကြိုးရက် မစစ်၊ ကြင်သည် ဖြစ်ကို၊
ကျစ်လစ် စသိပ်၊ ဘယ်သူ ရိပ်၍၊
လှထိပ် စံမြောက်၊ နားတော် ရောက်လိမ့်၊
ကျူးမြောက် မြစင်၊ မဆင် ခင်ဝယ်၊
သခင် ထွေသာ၊ ကြားရပါမူ၊
သီတာ မယိမ်း၊ စိတ်ပုံ့ ငြိမ်းရှင့်၊
ချစ်တိမ်း မညွတ်၊ စ,မသတ်တည့်၊
ပြတ်ပြတ် ရေးရာ၊ မသိ သာခဲ့၊

အခါရတု၊ ဆောင်းလု နွေစ၊
ပွင့်ညီလှက၊ လျှပ်မျှ မကျန်၊ ဆယ်ဖို့ လွန်သည်။ ။
မတန်ဖြိုးဝေ ဆင်တော့သည်။

## ၃။ သစ္စာတိုင်မယ်ဘွဲ့*ဂမိုဒ်စုံရတု

၁။ မထိုက်ရပ်ရာ၊ မြိုင်စုံ သာဝယ်၊
သူဇာ မိုးနေ၊ ဘုံက ကြွေသို့၊
ဆံကေ ရှင်မြ၊ ထုံး ရွှရွလည်း၊
ယုယ မပြင်၊ လက်သင် မြိတ်လွတ်၊
သွယ်နွဲ့ညွှတ်ကို၊ ဆွတ်ဆွတ် ခွေ့ခွေ့၊
ကြင်မိ၍တည့်၊ မင်းနေ့ စတော၊
နန်းအောင်မြေဝယ်၊ ရစ်ခွေပတ်ဝိုက်၊
လည်နှိုက် ရင်ခွင်၊ စုံကြ ချင်၍၊
သာရှင် လေးမြတ်၊ လျှောက်လှည့်ပတ်လည်း၊
နှုတ်လွှတ်မမြွက်၊ ဆယ်မြတ် သက်သည်။ ။
လေးနက်မတုံ နေဘိသည်။
၂။ သမိုက် အပ်စွာ၊ ရစကြာကို၊
တောင်ညာနန်းနှိုက်၊ တင်ပေထိုက်ဟု၊
ဝိုက်ဝိုက် လည်လည်၊ ဆည်ဆည် ဖြေဖြေ၊
ပြေစိမ့် ဖြားယောင်း၊ ညွှတ်ခွင့် တောင်းလည်း၊
သံညောင်း ရိပ်ခြည်၊ မဟ သည်ကြောင့်၊
ကြိုးမည် မသာ၊ နှစ်ကြာ ကျူးမြင့်၊
လင့်လှည့် ခဲ့ဘိ၊ လွမ်းခေါင် ထိမျှ၊
မဏိ စူဠာ၊ စွယ်လက်ယာလျှင်၊
ခြောက်ဝါ ဥဏ်ဖြန့်၊ ကယ်လိုက် ကွန့်လော့၊
သက်စွန့် ဆက်ဆက်၊ ကြိုးအံ့ ခက်သည်။ ။
ရေထက်လွမ်းယဉ်တွေဘိသည်။ ။

---

* တောင်ငူမင်းအငယ်စားဟု အမှတ်အသားရှိသည်။ သို့သော် ရတု အာဘော်ကို လေ့လာလျှင် နတ်သျှင်နောင်၏ လက်ရာပင် ဖြစ်မည်ဟု ယူဆသည်။

၃။ တမြိုက် လျှပ်ဝါ၊ လသော်တာလျှင်၊
ချိန်ခါ မမြန်း၊ ညှိပြိုင် ထွန်းသို့၊
မှောင်ကျွန်း ဖက်ကင်း၊ ပြာနှံ့ ရှင်းသည်၊
သံညင်း ဩဇ၊ တုံ့မဟတည့်၊
ထပ်မျှ ဖန်လဲ၊ ကျွန်သာ လှဲ၍၊
ဆကဲ ချစ်ဝန်၊ လေးသော ဟန်ကို၊
ဆင်းကြွန် ကြည်လှဲ့၊ မြရည် ကဲ့သို့၊
ကြင်ဖွယ် စတေ၊ ရှုလေ လေတည့်၊
မှိုင်းဝေ တိမ်ထက်၊ လွန်စုံ မက်သည်။ ။
ရှေးထက်ကဲလွန် ချောဘိသည်။

## ၄။ သစ္စာတိုင်မယ်ဘွဲ့ စာပြိုင်အခံ ပိုဒ်စုံရတု

၁။ ရှစ်ဆိုင် ရွက်ကြာ၊ ဖြန့်မိုး ကာလျက်၊
မင်းသာ စံမှတ်၊ စက်ပြာသာဒ်သို့၊
ရှိညွတ်ရည်ဆက်၊ ဖူးသည့်ရက်ဝယ်၊
စိတ်စက် နှလုံး၊ စုရုံး ကြွင်းမဲ့၊
ကြွေခဲ့ မတတ်၊ ဆွတ်လွတ်လှည့်ကာ၊
ဗျာပါ ကျိုးပြစ်၊ စင်စစ် မသိ၊
မျက်စိ လိုလိုက်၊ ပါကြိုက် သရွေ၊
မြော်သည့် နေ့က၊ မမေ့ စဘူး၊
အကျူး အလွန်၊ ဆယ်ပြန် ဆဃီထပ်၊
တည်ရပ်မဲ့ဆုံး၊ ယူသို့ကျူးသည်။ ။
သက်လုံး ဆက်ပါ ချင်တော့သည်။
၂။ နှစ်ပြိုင် ဖက်ရှာ၊ ဝတီ သာမှ၊
စံရာ စံထား၊ ရွေးခဲ့ ခြား၍၊
သိကြား တမျှ၊ ပြိုင်လှာသ,လည်း၊
သော်တာ့ ရောင်တွင်၊ ကြယ်နှယ် ထင်ဟု၊
သခင်ကကို၊ များမိန့်ဆိုလိမ့်၊
ဝင်းညို့ မွေးမွတ်၊ ပြာလတ် နွဲ့ချော၊
သဘော စင်ဖြူ၊ မည်သို့ ဟူ၍၊

မြင်သူ မူးမော်၊ တွေးခေါ်ဟာမြွက်၊
ဆိုမျိုး ခက်ခဲ့၊ အဖက်ကျူးလွန်၊
တင့်မော ဟန်ကို၊ မြော်ပြန် မြင်နှိုင်း၊
တန့်မဆိုင်းသည်။ ။
ရှုတိုင်းမျက်နှာ ထင်တော့သည်။
၃။ ချစ်ပိုင်ဆက်ရာ၊ လက်ဆောင်လျာမူ၊
သက်သာဖြစ်သင့်၊ ပေထိုက်တင့်ဟု၊
ကြိုးခွင့်လျှောက်မည်၊ ကြံခင်း စည်ဝယ်၊
ဝိုက်လည် ခ,ယ၊ ဘယ်သူသ၍။
လှမျှားစံကျွန်း၊ မိန့်တော်ခွန်းကို၊
မြဝန်းရစ်သီ၊ မဆင်မီဝယ်၊
ချစ်ဆီတည့်လျှော်၊ ကြားရသော်မျှ၊
လွမ်းပျော်ကြွေလွတ်၊ ပြေတို့တတ်၏၊
ပြတ်ပြတ်ခန့်ရည်၊ မသိသည်နှင့်၊
နွေလည်ရာသီ၊ ပွင့်ဖြိုးညီက၊
နာရီပါဒ်ဝက်၊ လျှပ်တပြက်မျှ၊
စုံမက်ဆပွါး၊ ချန်မအားသည်။ ။
သနားရက်သာ မြင်တော့သည်။

## ၅။ သဇ္ဇာတိုင်မယ်ဘွဲ့ ပိုဒ်စုံရတု

၁။ သက်မှတ်ပါမည်၊ ဖြည်းသာပျံ့ကြည်၊
လျှောက်လျှင်းသည်လည်း၊ ကျူးရှည်မြင့်လစ်၊
နှစ်ပင်ဖြစ်ခဲ့၊ ကျစ်လျစ်ပျပျ၊
လျှောက်သမျှကို၊ တုံ့မျှမပြန်၊
ကျွန်လည်းလှယ်လှယ်၊ ကြာနှယ် ပျောင်းခွေ၊
ပန်းကာပေတည်း၊ သဲမြေကိုင်းကျွန်း၊
ရေပန်းမြစ်ဝှမ်း၊ ပွင့်ရောင်မွမ်းက၊
ယှဉ်ကျွမ်းတောင်ရှက်၊ နွဲ့ကြစက်သည်။ ။
ကျေးငှက်ဖော်နှင့် နေပြီသော။
၂။ စက်ပတ်ဖြာလည်၊ နတ်တို့သည်လည်း၊

ကိုးမည်မျက်ရှင်၊ ဒုရင်သွန်းသွန်း၊
ခပန်းရစ်နှောင်၊ ပန်းရောင်ရည်စွတ်၊
ချိန်သင့်ဝတ်၍၊ ကြိမ်ချွတ်ကြလျက်၊
ခွင်းစုံဖက်သား၊ ဘဝဂ်တိမ်ဝယ်၊
တိမ်ချင်းနွယ်လျက်၊ တိမ်ငယ်ရိပ်ကြွ၊
တင့်ရည်းလှသည်၊ မာဃသဘင်၊
ရေသွန်းယင်သော်၊ ဝါဝင်လုံးလုံး၊
ရက်ကျိုးချိန်ဖင့်၊ သို့စင်မြင့်ခဲ့၊
သခင့်စိတ်မှာ၊ ကျွန်ုပ်သာကို၊
တွေလာလေပင်၊ မှတ်နိုးထင်သည်။ ။
နတ်ပင်နှိုးဆော် ပေပြီသော။


၃။ ညက်မွှက်ပြာကြည်၊ ပြစ်ဟူသည်လည်း၊
ရိပ်ခြည်ဝေးလွင့်၊ မရှိတင့်တည့်၊
ခြောက်ဆင့်ဘုံနေ၊ နတ်သာပေဟု၊
မြတေတမွှတ်၊ ဝင်းငြိမ့်လက်လျှင်၊
ဝါကျွတ်လွန်ပွဲ၊ သဘင်စဲက၊
ခဝဲရွှေရည်၊ ပေါ်တော့မည်ဟု၊
ရိပ်ခြည်မပြ၊ မွှက်ကာ ဟယလျက်၊
ရေဆခန့်တွက်၊ ကိုးဆယ်ရက်ကို၊
သန်ဖက်မထင်၊ နက်ဖြန်ပင်သည်။ ။
ကြာတင် ကြောင့်ကြ ဖြေပြီသော။

တောင်ငူဘုရင်-နတ်သျှင်နောင်ဆို
သဇ္ဈာတိုင်ရတု စာတော်များ
စုစုပေါင်း ၅ ပုဒ်၊
ဤတွင်ပြီးပြည့်စုံပြီ။

တောင်ငူဘုရင်

# နတ်သျှင်နောင်ဆို

## စစ်ချီရတုစာတော်များ



## အခန်း (၄)

### ၁။ စစ်ချီအမျှော်စိုက်-မောင်ဘွဲ့

၁။ ရေဖျန်းသဘင်၊ တာသစ်ရင်က၊
ကြွေးရှင်ဝတ်ချွေ၊ ငှက်ပေါင်းရွှေနှင့်၊
စုံခြေတခွင်၊ ညွှန့်ညွှန့်တွင်နိုက်၊
ရွှေစင်ချပ်ဝေ၊ လှပ်လှပ်ပြေမျှ၊
မင်းနေဦးစွန်း၊ ဆက်နန်းဘုံထွတ်၊
သာခေါင်လွတ်က၊ ရေဆွတ်မယ်နှင့်၊
စုံခွင့်မမှီ၊ လွမ်းဖွယ်သီသော်၊
ထိပ်ဆီမမတ်၊ ကင်းလွတ်လက်ရုံး၊
နှလုံးမရှင်၊ ရှိရာတွင်ကို၊
မင်းလွင်လေသာ၊ ဝန်းဆင်လာသည်။ ။
မယ်သာပျောင်းရစ် စွတကား။

၂။ ခွေမြန်းမရှင်၊ အောက်မေ့လျှင်လည်း၊
သဘင်ကာလ၊ ရှေးသော်ကမူ၊
ဝေမျှအသက်၊ စုပုံဆက်၍၊
တခက်ပုံ့ကြိုင်၊ တခိုင်လုံးလုံး၊
တကုံးစင်ထား၊ နည်းရှားစဉ်ခိုက်၊
တပွင့်ကြိုက်လည်း၊ ခေါ်စိုက် မ,တ၊
မမျှဦးဘဲ၊ မပန်မြဲရှင့်၊
ရက်လဲလကျွန်း၊ သွေ့ယွန်းခုမူ၊
ဘယ်သူပန်ဖော်၊ ပန်ဖက်မြော်၍၊
ရှင်ပျော်သဖြင့်၊ စိတ်လွတ်လွင့်လိမ့်၊
ဖြည်းဆင့်သာဖြား၊ လျှောက်ကြားချီချ၊
မှာသမျှကို၊ နှမမယ်မှတ်၊
ယွင်းပေချွတ်ခဲ့၊ နွေလတ်ရတု၊
စိမ်းနုညိုပြာ၊ လွတ်နိုင်းသာသည်။ ။
သွယ်ဖြာညောင်းသစ် မြတကား။

၃။ ထွေဆန်းတပြင်၊ မိုးလုလင်လည်း၊
ရွှင်ချင်ခါကြိုက်၊ စိတ်လိုလိုက်၍၊
ကျူးရိုက်ညင်းညင်း၊ လွမ်းရေးခင်းသော်၊
ကြင်ချင်းကြင်သူ၊ ကြင်သသူလည်း၊
မပူရစေ၊ သက်သာဝေ၍၊
ဆယ်ထွေဆယ်သစ်၊ ရှိဖွယ်ဖြစ်လိမ့်၊
စစ်လည်းကြာလွန်း၊ ပန်းလည်းသည်မှာ၊
ပွင့်ကာနွမ်းခေါက်၊မရောက်ဆင်ဖက်၊
ရှုမရက်တည့်၊ ဘဝဂ်ယုဂန်၊
ချီဟန်လိုလို၊ နေကိုချုပ်တား၊
နည်းများပြဆန်း၊ ဝန်း၍နှဲမှီ၊
ဆင်တန်ပြီတည့်၊ စစ်ဆီသူ့မြေ၊
မရှာလေနှင့်၊ ထွေထွေစိမ်းဝါ၊
မယ်တို့မှာသည်။ ။
ခြယ်မြွာမောင်းလှစ် မှူတကား။

## ၂။ စစ်ချီအမျှော်ဓိုက်–မောင်ဘွဲ့*

၁။ အောက်မေ့ချေချေ၊ ပြေကြောင်းဖြေလည်း၊
ထွေထွေလွမ်းဆွတ်၊ မပြေတတ်ခဲ့၊
လနတ်ပြည့်ဝန်း၊ ချီရက်စွန်းဝယ်၊
ရည်ညွှန်းကိုယ်စား၊ ရယစေသားဟု၊
ရွှေလားသန္တာ၊ လှရာရာကို၊
မြူတာသွန်းမှတ်၊ ရေပန်းသတ်နှင့်၊
စွယ်မာတ်သရေ၊ ဆံမွေသကျ၊
စည်းခုံမြဝယ်၊ မပျပျောင်းရှပ်၊
လျှောက်စဉ်ချုပ်၍၊ ကျွန်ုပ်သံညောင်း၊
ပန်နက်တောင်းရှင့်၊ တပေါင်းသဘင်၊

* နဝဒေးကြီး၏ 'အောက်မေ့နေသော်' ချီ ရတုကို လိုက်သော အလိုက်ရတုဖြစ်သည်။

မမြင်သည်ပ၊ လွတ်မျှအာသာ၊
သည်အတာသည်။ ။
စစ်မှာကြာပြန် ရခဲ့လော။

၂။ ခြောက်သွေ့ရွှေရွှေ၊ ပင်တိုင်ကြွေ၍၊
ချပ်ပြေညွန့်ညောင်း၊ မြမြမောင်းက၊
မူပျောင်းမသမ်း၊ မတမ်းရတုံ၊
သက်လုံးစုံလျှင်၊ လွမ်းခြုံမပြယ်၊
လေပေဖွယ်တည့်၊ မယ့်နှယ်ကြင်လေ၊
စစ်ဝယ်ဖွေက၊ မပြေညိုးချောက်၊
မအောက်မေ့ရက်၊ စုံမက်မမူ၊
ဘယ်သူဝှက်ခွေ၊ နေတတ်လိမ့်နည်း၊
ပန်းလည်းနွေလ၊ ပေါ်သမျှဝယ်၊
မလှစရာ၊ ဇလတ္တာနှင့်၊
သိင်္ဂါချပ်ညီ၊ သရဖီသည်။ ။
မမှီခါလွန်ကြခဲ့လော။

၃။ နောက်ရှေ့ဝေဝေ၊ ရှုလေလေတည့်၊
လွမ်းခွေလွမ်းရစ်၊ အသစ်အဟောင်း၊
ပေါင်းကြရုံးချုပ်၊ ဝန်းလှာအုပ်ဟု၊
ကျွန်ုပ်စိတ်တွင်၊ ထင်တုံ၏သို့၊
မယ်တို့နားတွင်၊ ထင်ပါကြစုံ၊
မတုံ့စဖူး၊ တာယူးယူးဝယ်၊
တန်ခူးပန်းမန်၊ မပန်မှီလာ၊
ဖွေရှာစစ်က၊ ကြာရလေသေး၊
ဗျာပါလေးစွ၊ နီးဝေးရှုမြော်၊
ကြည့်ချေသော်လည်း၊ မူးမော်ခွေညွတ်၊
မပြေတတ်ခဲ့၊ ပတ်ပတ်ခြစ်ခြစ်၊
ကွန့်ရစ်ထစ်ချွန်း၊ စက်သံမှုန်းသည်။ ။
မိုးအုန်းလာဟန် မြခဲ့လော။

## ၃။ စစ်ချီ၊ ပူပုံ–မယ်ဘွဲ့

၁။ ပေါ်နွေလလျှင်၊ တောင်ကဒြိမ့်မြူး၊
မင်းလွှင်ဦးနှင့်၊ ပုံ့ပျူးချုပ်ထိုင်း၊
မုန်တိုင်း ဆင်လို၊ တိမ်ညို မှိုင်းထပ်၊
ပြက်လျှပ် ပြကာ၊ စိမ်းဝါ မိုးပန်း၊
ထွေထွေ စွန်းက၊ ရေသွန်း သာကြည်၊
ပျော်ရ မည်ကို၊ မြရည် သက်မှတ်၊
ရောက်ခဲ့ လတ်ဟု၊ ချစ်ထွတ် တင်သည်၊
ပြာစင် ရှန်းလတ်၊ ဖြူဝင်း မွတ်လျှင်၊
ကြာညွှတ်ဖယောင်း၊ နေရှိန်ပြောင်းသို့၊
ဆင့်လောင်း လွှမ်းပုန်၊ ရှိလိမ့် ဟန်ကို၊
တိမ်စွန် လေလျှင်၊ ဖူးရောက်ချင်သည်။ ။
ငှက်သွင် ပျံကြွ မတတ်သော။
၂။ မြော်ချေ ကလျှင်၊ ကာလ အလျှောက်၊
ပိတောက်လျှံခဲ့၊ ပုလဲငုံသွယ်၊
အလှယ်လှယ်တိ၊ စံပယ်ဖြူမွှေး၊
စကား သေးကို၊ မြတ်လေး စုံမက်၊
ကျွန်ုပ်လက်ဖြင့်၊ ရွေးလျက် ရွှရွှ၊
မဆင် ရတည့်၊ ကာလ သို့အောင်၊
ရည်စောင် ပန်းမန်၊ မမှီ လွန်က၊
ချိန်တန် သို့သည်၊ ပြန်မည် လေသာ၊
မရောက်လာဟု၊ ကြံကာ ခွေ၍၊
နေလိမ့် မည်ကို၊ ရှိသည် မှုရန်၊
မင်းရေးဝန်ကြောင့်၊ လျှောက်ပန်စေမှု၊
မချေ ရသော်၊ ပြိုက်ကျ သွယ်ဖြည်း၊
နှင်းထက်သည်း၍၊ ဝမ်းနည်းလျက်ပင်၊
ပျောင်းလိမ့်ထင်သည်။ ။
ညက်စင်စံမျှား အထွတ်သော။
၃။ ဖျော်ဖြေမှုလျှင်၊ ယုယသံချို၊

ပြေလိုစိမ့်သား၊ ကျူးပိုက်ဖြား၍၊
ချီသွားမူးမူး၊ ရှေ့ရက်ဦးက၊
မကျူးထင်ထင်၊ ကဆုန်တွင်ကို၊
ကျိုင်းစင်မြဲခဲ၊ စစ်ပွဲရန်နှည်၊
ပြန်လျှင်းမည်ဟု၊ နှုတ်ခြည်ပေါ်သာ၊
ဆိုလေရှာကြောင့်၊ မလ္လာရန့်၊
ထုံပျံ့ပန်းသတ်၊ ခြူးနတ်ဆင့်ကုံး၊
စိန်ပွင့်အုံးဝယ်၊ ပင့်ရုံးရွှရွ၊
လက်သင်မယ်၍၊ သက်မျှငယ်ချစ်၊
ပျောင်းလိမ့်ဖြစ်ကို၊ စိစစ်မိမိ၊
သတိချုပ်ဆည်၊ ပြေမည်မျှဝေး၊
ချစ်ဝန်လေးခဲ့၊ ရေးရေးဖူးချင်၊
မယ်သို့လျှင်သည်။ ။
စက်ရှင်လျှံမျှ ရဟာတ်သော။

## ၄။ စစ်ချီ၊ ပူပုံ-မယ်ဘွဲ့

၁။ ကြာမည်ရက်လည်း၊ နှင်းထွက်နွေစွန်း၊
မဝန်းပြည့်မြောက်၊ လေးငါးခြောက်ဝယ်၊
ဖူးခေါက်ပြန်မီ၊ ဆိုတိုင်းညီပြီ၊
ရာသီပေါ်မှန်း၊ ထွေထွေပန်းကို၊
ထူးဆန်းစီရက်၊ လှရာဖက်၍၊
မယ့်လက်စီရင်၊ ပန်ရဆင်အုံ၊
သို့စင်မြင့်ကြာ၊ စစ်မှာလွမ်းမဲ့၊
နေလေခဲ့ဟု၊ နွဲ့နွဲ့ပျောင်းပျောင်း၊
သတောင်းစိမ်းဝါ၊ မျက်နှာရွှေချည်၊
ကိုယ်ထည်တုလွတ်၊ အုံးမှီမွတ်ဝယ်၊
ဆွတ်လွတ်၍သာ၊ တင့်ပြင်လျာသည်။ ။
ဇျာပါပည်းမျှ ဝေလိမ့်မည်။
၂။ ဝါသည်ရွက်လည်း၊ ပင်ထက်မထား၊

လေသို့ယား၍၊ ထွားထွားမကြန့်၊
သန္တာခန့်သို့၊ မြည္ဟန့်ရစ်ဝေ၊
နှင်းခဲ့ပေကာ၊ ရွှေရွှေစံစံ၊
ခေါ်သံရင့်ရှူ၊ အတူတွန်ဖြည်း၊
ရှုံးစည်းစုလျက်၊ ကျေးငှက်လည်ခွေ၊
စုံစုံနေရှင့်၊ နန်းမြေအောင်ချာ၊
လှနတ်မှာမူ၊ ဗျာပါဖြေဖွယ်၊
ရှင်မခြယ်တည့်၊ ညှိုးငယ်မယ့်ရပ်၊
တဲ့အောင်ချုပ်လည်း၊ မှိုင်းအုပ်ထွေထွေ၊
တိမ်သို့ဝေမျှ၊ ဖျော်ဖြေမ,စ၊
ယုယဆည်တား၊ သူနှင့်ခြားသည်။ ။
ပျော်ပါးမေ့ ကျန်ပေလိမ့်မည်။
၃။ သာကြည်မွှက်လည်း၊ ပြိုက်စက်စဉ်စီ၊
မပီလှည့်လွန်း၊ ညှိုးမြန်းခွေယိမ်း၊
တိမ်းသားနေဝယ်၊ ချပ်ပြေရွှရွှ၊
ကုမုဒသို့၊ နေကျနေ့ရက်၊
မှာသည်ထက်ကို၊ ဆတက်ပွားပြန့်၊
လယ်လုံးလွန်သော်၊ မေ့ကျန်ရက်သည်၊
ဖြစ်တော့မည်ဟု၊ ရွှေပြည်မှာနေ၊
မှတ်ပလေလိမ့်၊ နွေခါအစ၊
ဆောင်းလအပြေ၊ လေသွေးပြန်ခေါက်၊
ကာလရောက်က၊ နတ်ခြောက်ဘုံမှာ၊
ဝတီသာနှင့်၊ စံရာပြိုင်ခိုင်း၊
သာရှည့်နိုင်းသည်။ ။
ရှုတိုင်းပျော်ဖွယ် တွေလိမ့်မည်။

### ၅။ စစ်ချီ၊ ပူပုံ-မယ်ဘွဲ့

၁။ မှာခဲ့ရက်လျှင်၊ ဆောင်းထက်မယွန်း၊
နွေမဆန်းတည့်၊ မဝန်းလေပြည်၊

မှီလမ်းည်ဟု၊ ဆိုသည်နှင့်ညီ၊
ရောက်တန်ပြီလျက်၊ လွမ်းသီရစ်ခွေ၊
မဆင့်လေပဲ၊ ဖျော်ဖြေစရာ၊
စစ်မြေတာဝယ်၊ ပစာပျော်ဖွယ်၊
ပျော်ကြောင်းချယ်၍၊ တို့ဝယ်ဆွတ်လွတ်၊
မေ့ကျန်တတ်ဟု၊ ချစ်ထွတ်တင်သည့်၊
လေးပင်စံမြောက်၊ သူနှင့်ထောက်လည်း၊
ခြောက်ယောက်နတ်နှောင်း၊ ပြာနွဲ့နှောင်းသည်။ ။
တပေါင်းရောက်လျှင် မှတ်လိမ့်မည်။
၂။ ပြာလဲ့ညက်စင်၊ စံရွှေတွင်၌၊
ခြယ်ဆင်နိုင်းဆ၊ ဇောတိရသို့၊
ခြောက်ပါးအစွန်း၊ ပြာလဲ့ရွှန်းကို၊
ဖြေဆန်းဗျာပါ၊ ဖြေသည်သာတည့်၊
လာမြီသို့စင်၊ ကြာတင်ဖွယ်စုံ၊
ရောက်တုံအံ့ဟု၊ ဆွတ်ပျံ့မယိမ်း၊
မရှိမ်းမသွယ်၊ အုံးဝယ်အပ၊
ပတ်မျှပီပီ၊ မမှီမနွဲ့၊
နေမြဲပျော်ပါး၊ ရှိမည်ထားဘိ၊
နည်းများရက်နေ့၊ ကြာသရွေ့ကို၊
ချေ၍ကျေခက်၊ တို့မမြွက်တည့်၊
ချစ်မျက်ထွေယူ၊ နေကိုတူသည်။ ။
မဥ္ဇူကဲ့သို့ ညွတ်လိမ့်မည်။
၃။ ဖြာနွဲ့ခက်ရှင်၊ ပန်းတို့လျှင်လည်း၊
ပွင့်ချင်ကြမူး၊ အထူးထူးတည့်၊
ဆွတ်ခူးရင့်ကျန်၊ တောင်ပြန်ရစ်သည်း၊
နှင်းညွန့်နည်းက၊ တောလည်းတောလုံး၊
ရွှေကုံးရွှေနစ်၊ မြစ်လည်းမြစ်ခွင်၊
ကြည်စင်မြမြ၊ ပြင်စပြင်ထိပ်၊
နွဲ့အိပ်လည်ရှက်၊ ကျေးငှက်စုံစုံ၊

ကင်းငုံရွှေဆွတ်၊ ရက်ယူဝတ်၍၊
ဆယ်မြတ်အခေါင်၊ လကုန်အောင်ထက်၊
ချမ်းရှောင်ပူယွန်း၊ တပေါင်းဆန်းက၊
ထက်ဝန်းကြည်းရေ၊ အထွေထွေသည်။ ။
မင်းနေသာတု လွတ်လိမ့်မည်။

## ၆။ စစ်ချီ၊ ပူပုံ-မယ်ဘွဲ့

၁။ နွေရက်နီးလျှင်၊ စုံတောခွင်လည်း၊
မြသွင်မညို့၊ အချို့သင့်၏၊
ထပ်ဆင့်ဖြည့်သွန်၊ တောင်လေပြန်က၊
မထန်နှင်းဖွဲ၊ ဆောင်းစဲလွယ်မူ၊
နွေအားလုသော်၊ ရတုအလျောက်၊
လဲနှင့်ပေါက်လည်း၊ လျှံတောက်ရွှေဆင်း၊
တောလုံးဝင်းမျှ၊ သက်နှင်းတို့နှင့်၊
ပျော်ခွင့်သောခါ၊ ပြည်အောင်ချာဝယ်၊
နံ့သာကြိုင်မွှန်း၊ ခပ်သိမ်းပန်းကို၊
ထူးဆန်းကုံးမြောင်၊ မြဥသျှောင်ဝယ်၊
တင့်အောင်စီရင်၊ မယ့်လက်သင်၍၊
ဆင်စမြဲကို၊ သည်းကဲညွတ်ပျောင်း၊
ခွေသစ်လောင်းသည်။ ။
တပေါင်းပြည့်မည်လျင်လတည်း။

၂။ ကြွေရွက်ပြီးလျှင်၊ ပန်းသစ်ပင်လည်း၊
မင်းလွင်လေနှင့်၊ နတ်ထည့်လင့်သို့၊
ရင့်သည်ကားလဲ၊ ဆံကွဲညွန့်ကိုက်၊
နွေသို့လိုက်၍၊ ကျွမ်းတိုက်ခါသင့်၊
ဆင့်လတော့မည်၊မြင်လယ်သည်ကြောင့်၊
ရွှေပြည်တောင်ငူ၊ နန်းမြင့်သူကို၊
တရူဆိုတမ်း၊ မေတ္တာမွမ်း၍၊
စစ်လမ်းမြေတာ၊ ချီလေရာဝယ်၊

နီလာရိုးရဲ၊ ရွှေခဲတချို့၊
ညို့ညို့လူလူ၊ အူရရှူလျှင်၊
မဇ္ဈူပွင့်လုံး၊ ပွင့်ရောင်ဖုံးသည်။ ။
တောလုံးလွမ်းဖွယ် မြင်လတည်း။

၃။ ဝေသက်ကြီးလျှင်၊ လွန်းကဲကြင်၍၊
လည်တွင်ဆွဲလျက်၊ ဇောတမျက်သို့၊
ပိုက်ဖက်ရင်ရွှေ၊ ပျော်မြဲပေကို၊
စစ်မြေခန်းဝါ၊ မင်းရေးရာကြောင့်၊
မြင့်ကြာရှည်ညောင်း၊ ချမ်းရက်ဆောင်းလည်း၊
ပြောင်းတော့မည်ရှတ်၊ မင်းလွင်မှုတ်သော်၊
ကျေးနှုတ်ဖူးစ၊ တွန်ချိုသေးမြနှင့်၊
ရော်ကျကြွေခြောက်၊ မြိုင်တလျှောက်လည်း၊
ခါရောက်ညီညို၊ သိသည်အလား၊
နွေသို့ပါးက၊ ညက်ထွားပြာဝင်း၊
မျိုးများမင်းနှင့်၊ မှန်ကင်းထွက်ခေါင်၊
မြတ်ညီနောင်ဝယ်၊ ရှည်စောင်တူကွ၊
မတောင်းရဟု၊ ရှုတနှောင့်နှေး၊
ကြံ့ရှာတွေးသည်။ ။
လွမ်းရေတိမ်နှယ် ဆင်လတည်း။

တောင်ငူဘုရင်-နတ်သျှင်နောင်ဆို
စစ်ချီရတုများ
စုစုပေါင်း ၆ ပုဒ်
ဤတွင် ပြီးပြည့်စုံပြီ။

တောင်ငူဘုရင်

# နတ်သျှင်နောင်ဆို

ကျေးစေရတဲ့ စာတော်များ







## အခန်း (၅)

### ၁။ ကျေးတာမန်စေ၊ (မောင်ကာစေဟာန်)*

၁။ ကိုးထွေမျက်ရည်၊ စီခက်ပုံသွန်း၊
တင့်ဘနန်းတည့်၊ သ,ညွှန်းရှေးသော်၊
ကြမ္မာဆော်၍၊ ရှုဖျော်မြွက်ချည်၊
စိတ်တူသည်ကို၊ ဘုန်းစည်ဝရတ်၊
နောင်ဖို့မှတ်သား၊ ဘုံထွတ်သိင်္ဂါ၊
သိုက်နန်းမှာကား၊ ရောက်လှာကံဖြင့်၊
ရွှန်းရွှန်းတင့်သည်၊ နောင်မင်းကြံဖက်၊
ညီရွှေငှက်။ ။ရည်ညက်ကိုယ်ရောင်၊
နေသို့ပြောင်သား၊ ရွှေတောင်နန်းမြင့်၊
ဘုံခြောက်ဆင့်ဝယ်၊ စံသင့်ဖက်လွတ်၊
ထားသွယ်မွတ်သို့၊ ခက်ညွတ်ထွေလာ၊
ဂန္ဓမာနှင့်၊ ခွေစာချီကောက်၊
ပျံ့ချေလျှောက်လော့၊ မီးပေါက်လေးမြား၊
လုံထားချွန်ထက်၊ ဝင်းလုံးရှက်သည်။ ။
ထားစက်အပြည့် ပင်ကိုလည်း။

၂။ ဖြိုးဝေ စက်ခြည်၊ ထားလုံ ရှည်တိ၊
မီးလည် တောင်ခပ်၊ အထပ်ထပ်လျှင်၊
မလပ် ဝင်းတော်၊ ကွပ်ကဲဆော်သည်၊
လူကျော်အတိ၊ ထောင်ပြည့် ရှိလည်း၊
မသိစေကြောင်း၊ ထွေလည်ချောင်း၍၊
သံညောင်း ဟပြ၊ မောင်တော် ကဟု၊
ဇော်တ ရည်လေး၊ ပြစ်မျိုး ဝေးသည်၊
ညီကျေး ကျော်စံ၊ မြဖူးလျှံ။ ။

---

* ၁၉၆၆ ရိုက်၊ ဟံသာဝတီမူတွင် 'မောင့်ထံစေဟန်'ဟု ပါသည်။ မှားသည်။ မောင်က မယ့်ထံ စေခြင်းဖြစ်၏။

မိန့်တော် သံသာ၊ ကြားရပါပြီ၊
ရွှံ့ရှာ မဲ့ငြား၊ ကြိုးစွန့် စား၍၊
ရွှေဖွားတော်အောက်၊ ရန်လွှင့်ဖောက်မှ၊
ဖူးရောက် လှာချိမ့်၊ လှမနိမ့်ကို၊
စိမ့်စိမ့် စိမ်းညို၊ မြလို စာခွေ၊
ဆက်တို့ ချေလော့၊ ဝေဝေ မှိုင်းအုပ်၊
မချုပ် မိခင်၊ နေလုလင်လျှင်၊
ကြွဝင် တျားတျား၊ စက်ရထားသည်။ ။
ပြန်သွား မလှည့်ခင်ကိုလည်း။

၃။ မိုးနေ ထက်ပြည်၊ ပတ်ဝန်း လည်တီ၊
ချိုသည် အေးပေါက်၊ ပွင့်ဝတ်သောက်သည်၊
ပျော်လောက် စိတ်ဖျော်၊ ကျေးကြဲဖော်။
နန်းတော် ဘုံဦး၊ ဝင်လေ ဖူးမှ၊
ရူးရူး တည့်မတ်၊ ပြာသာဒ် ဘုံသာ၊
နန်းသိင်္ဂါထက်၊ ကလျာ စင်ရှင်း၊
ဖြူဝင်း နွဲ့ညက်၊ လှဲ့စက် ထွန်းလျှံ၊
ဆင်းစံ သီရိ၊ မြတ်ခေါင် ထိကို၊
မွေးမိသည်ရင်း၊ လွမ်းသောခြင်းကား၊
နီရွှင်း ပုဆိုး၊ ကောင်းမျိုး ဝေခေါင်၊
ထုံးသျှောင် နက်မည်း၊ ဖော်နည်းကွဲသည်၊
ဝတ်မြဲ နားတောင်း၊ တင့်ကြောင်း မဆင်၊
နေ့ရက်ဖြင့်မျှ၊ ဖူးချင် လွမ်းလျဉ်၊
အောင်မေ့ စဉ်ဝယ်၊ ဝိညာဉ် လှဲ့ချွတ်၊
အအူပြတ်မျှ၊ တိမ်းညွတ် သမ်းပျောင်း၊
ဖြစ်သောကြောင်းကို၊ လွမ်းပေါင်းရှိထပ်၊
လွမ်းစာ ကပ်လော့၊ ဖြူလှပ် နွဲ့ရှင်း၊
လှမှန် ကင်းနှင့်၊ မယွင်း နှစ်ရာ၊
ထပ်ထပ်သာသည်။ ။
အာကာတရှည့် စင်ကိုလည်း။

## ၂။ နဝရတ်ကျေးစေ၊ ထိုးကွင်းဘွဲ့ (မယ်ကာစေဟာန်)

၁။ နဝ မျက်ခြည်၊ ကိုးပါးရည်တိ၊
ရစ်လည်လျှံလက်၊ ထွေထွေစက်သား၊
တောင်ရှက် မြီးသွန်း၊ စိန်ပွင့်စွန်းသည်၊
တုကျွန်း လွတ်ပြိုင်၊ ကျေးမြစိုင်။ ။
ကြံ့ခိုင်ရုပ်ဝါ၊ ကေသရာသို့၊
နန်းလျာ အလတ်၊ ခါးမပတ်က၊
လေးမြတ် ချင်းရာ၊ မိန့်တော်စာနှင့်၊
မေတ္တာချစ်ကြည်၊ ရစ်လှာသည်ကို၊
ရှိရည် မချန်၊ လျှောက်လိုက်ဟန်မူ၊
ပျို့အန် ဖွယ်အောင်၊ သလင်းတောင်နှင့်၊
မြရောင်တဝက်၊ နန်းပွင့်ဆက်ကို။ ။
နှစ်ချက် ကြံစည် တွေးသေးသည်။
၂။ တံမျှ သက်ကြည်၊ စုနှင်းမည်ကို၊
ရည်လည်း ရည်လျက်၊ မရည်ခက်ခဲ့၊
ကိုးမျက် လျှံဆုံး၊ တင့်မျိုးကျူးသည်၊
ကိုယ်လုံး ပြောင်ရွှန်း၊ ကျေးများပန်း။ ။
နေဝန်း သွင်ရုပ်၊ လှခေါင် ချုပ်သို့၊
ကျွန်ုပ်စေသည်၊လျှောက်ချေထံအောက်၊
ရွံ့မကြောက်နှင့်၊ ဖြိုးမောက် မဆင့်၊
ပတ်မမြင့်တည့်၊ ရှေ့နှင့် နောက်သာ၊
နံမှာ ဖြူရောင်၊ သလင်း တောင်ကို၊
မည်းအောင် ဖြည့်လေ၊ ပြည့်မှ စေလော့၊
မြင်ချေသည်မူ၊ ခြောက်ပြည် သခင်၊
နေလုလင်လည်း၊ သို့စင် လွန်ကဲ၊
တင့်မည် ခဲစွ၊ မင်းရဲကျော်စွာ၊
မည်သာ လွင့်ပေါ်၊ မင်သေ့ သော်မူ၊
နံတော် နှစ်ဖက်၊ စွန်းမစက်သည်။ ။
မရှက် ပတ်လည် ဝေးသေးသည်။

၃။ မမြ ရှက်လည်၊ သည်တမည်ကြောင့်၊
ချစ်ကြည် ချင်လည်း၊ အရှင် ကျွန်ဝတ်၊
နှုတ်မလွှတ်ခဲ့၊ မျိုးမြတ်ဘုန်းသစ်၊
လျှောက်သည့် ဖြစ်ကို၊ မောင်ချစ်တမန်၊
ကြွင်းမဲ့ ပြန်လော့၊ တသွန်သာထွတ်၊
ဘုံနေမှတ်က၊ ခ,ညွတ်များစွာ၊
စံ၍သာလျှင်၊ မယ်မှာ လိုက်လေ၊
ပြန်ခဲ့ ပေရှင့်၊ ဖြူဝေ ဖြန့်ကြက်၊
ရဲဘုန်းတက်ကို။ ။
နေ့ရက် တာရှည် သွေးသေးသည်။

**(မှတ်ချက်။ ။ နတ်သျှင်နောင်မင်း၏ ညီတော် မင်းရဲကျော်စွာနှင့် မင်းသမီး တစ်ပါးတို့ ရည်ငံရင်းရှိရာ၊ မင်းရဲကျော်စွာတွင် ထိုးကွင်းမရှိသေးသောကြောင့်၊ မင်းသမီးက ပြက်ရယ်ပြုပြီး ကျေးစေဟာန်ကို နတ်သျှင်နောင်ဖွဲ့ဆိုထားခြင်း ဖြစ်သည်။)**

## ၃။ ယုဂန်ကျေးစေ၊ ထိုးကွင်းဘွဲ့ (မောင်ကာစေဟာန်)

၁။ နတ်နန်းဘုံသာ၊ ဝေယန္တာဝယ်၊
သူဇာ သိကြား၊ မျက်ရှု ဖြားလျက်၊
စက်ပါး ရင်ခွင်၊ လှယ်လှယ်သင်၍
ဝိပြင် တတ်စုံ၊ ပြန်လျှောက်ကုံမှ၊
ပွင့်ငုံ နန်းညွန့်၊ စေဖို့ ခန့်သည်၊
ယုဂန့် တန်းဆောင်၊ ကျေးထွတ်ခေါင်။ ။
ခြောက်ဆောင် သူနတ်၊ နတ်ဟု မှတ်သား၊
နွဲ့ညွတ် ငြိမ့်လေး၊ ဖြူမွတ် မွေးလျှင်၊
နှစ်ထွေး ငယ်မူ၊ ရှေးအယူကို၊
ဆံမြူခြမ်းလောက်၊ ကြွင်းမဲ့ ပျောက်အောင်၊
ဖျောက်စိမ့် စေ့ရေ၊ ယခုစေရှင့်၊
သပြေပတ်ကုံး၊ ခေါင်လက်ရုံးနှင့်၊
ကျွန်းလုံး ချီးဝှဲ၊ ပြိုင်ဖက် ရှဲသည်။ ။

မင်းရဲကျော်စွာ ယုံကျွန်သော။

၂။ ဆွတ်ဖျန်း ထုံလာ၊ ဂန္ဓာမာနှင့်၊
ပမာ တမျှ၊ စံကေကို၊
မြမရှက်လည်၊ တမည် ပေသာ၊
ဆင်းရုပ် ဝါမူ၊ စကြာ မန္ဓာတ်၊
နေနတ် လုလင်၊ သိကြား ပင်မျှ၊
နိုင်းအင် ပြိုင်ဆွယ်၊ မမျှ ဖွယ်တည့်၊
ယုံငယ် ကျွန်ကျေး၊ တမန် ရေးက၊
သံလေး ခြင်းတ၊ လျှောက်သမျှကို၊
ဖျောက်ရ သက်ံ့၊ ကျွန်ပ်လာရှင့်၊
ထွေသာ သံညောင်း၊ (ကြင်မည့် ကြောင်းကို၊
နန်းလောင်း ပွင့်လျှာ၊ မိန့်တော်စာနှင့်
အာဏာတော်စွန်း)၊ ကြိုင်ရိပ်ရွှန်းသည်။ ။

ပုံ့မွန်းသော်က ထုံဟန်သော။

၃။ ပတ်ဝန်း ဆုံမြွာ၊ ရှိစုံ ကြာဖြင့်၊
တရာ ဖြူရိပ်၊ မင်းများ ထိပ်၏၊
တံဆိပ်ဖြန့်ကာ၊ မိန့်အာဏာကြောင့်၊
ပျောက်ကွာ ကင်းရှောင်၊ ရန်လုံး အောင်၍၊
မြရောင် မိုက်မောင်း၊ ပတ်သည် ကြောင်းကို၊
သံညောင်း မြမြ၊ နဝ မျက်ဟန်၊
ရှေးတမန်ပင်၊ ကေန် မြနေ၊
ကြည့်ပါ စေဟု၊ စေ့ရေကြွင်းမဲ့၊
လျှောက်ပေ ခဲ့ရှင့်၊ ပြာလဲ့ ညက်စင်၊
နောင်သခင်ကို၊ မြင်က သိသာ၊
ကြယ်တကာတွင်၊ သော်တာ ပ,ဝန်း၊
တိမ်စင် ထွန်းသို့၊ ချစ်ပန်း ကသိဏ်း၊
ရစ်ထုံးဆိုင်းသည်။ ။

ဆက်တိုင်း ပျော်ကြ စုံရန်သော။

(မှတ်ချက်။ ။ မင်းသမီးထံသို့ မင်းရဲကျော်စွာက ချေပလျှောက်ထားစေသော ကျေးတမန်စေ၊ အပြန်ရတု ဖြစ်သည်။)

## ၄။ မြင်းမိုရ်ကျေးစေ၊ ထိုးကွင်းဘွဲ့ (မောင်ကာစေဟန်)

၁။ အထွတ် ထက်မှာ၊ တောင်တကာလည်း၊
သီတာ ခုနှစ်၊ နေလ ရစ်၍၊
ကသစ် ရှိရာ၊ ၀တီ သာ၀ယ်၊
သုဝါ သူရ၊ ရာဇ နွယ်မြတ်၊
စဉ်မပြတ်တည့်၊ ပုံ့ဆွတ် နွယ်မှည့်၊
ဖြေဖြည့် ဖျော်ဖြား၊ နတ်နှစ်ပါးလျှင်၊
ဘုန်းအားနှင်းသ၊ ရောက်သည်ကပင်၊
နတ်စ ဆိုင်ကျေး၊ ရွှေချိုင့်မွေး။ ။
နှစ်ထွေး ရိပ်မှောင်၊ မရှိအောင်လျှင်၊
မြရောင်လွှမ်းရစ်၊ ပတ်သည်ဖြစ်ကို၊
ကျစ်ကျစ်ထွေထွေ၊ လျောက်ချေစေ၍၊
စေ့ရေပြန်ခေါက်၊ ကျွန်ုပ်လျှောက်ရှင့်၊
ချစ်ဖေါက်မလဲ၊ သစ္စာမြဲသည်။ ။
မင်းရဲကျော်စွာ တမန်သော။

၂။ တမှတ်သက်သာ၊ ချစ်မေတ္တာမူ၊
သူ့မှာခွဲ၀က်၊ တဆံရှက်မျှ၊
ချစ်ဖက်ရစ်ဖွဲ့၊ မယိမ်းနွဲ့တည့်၊
တဆယ့် နှစ်မည်၊ ပတ်ကြလည်သား၊
ယဉ်ကြည်သီတာ၊ မြစ်ငါးဖြာထက်၊
စကြာဖြန့်မိုး၊ မတန်နိုးတည့်၊
ကြင်မျိုးတိုင်းထက်၊ လွန်ခေါက်ရက်လျှင်၊
ကျူးဆက်ဆင့်ပွား၊ လင့်ရငြားလည်း၊
နည်းများမကွက်၊ ကြာသည်ရက်ကို၊
သန်ဖက်မှာစင်၊ နက်ဖြန်ထင်ရှင့်၊
ဖူးချင်ခန့်ရော်၊ မမြွက်သော်လည်း၊
နားတော်လည်တန်၊ ရွှေနှုတ်ဟန်ကို၊
မချန်မဖျောက်၊ မှန်ကားလျှောက်သည်။ ။
တံ့ခေါက်ဖော်ပြ မတန်သော။

၃။ ရဟတ်စကြာ၊ ဘုန်းကြောင့်ပါသား၊
တောင်ညာစံမြောက်၊ ထွတ်တိုင်ရောက်နှင့်၊
နှစ်ယောက်ယှဉ်ဖော်၊နေကြသော်လည်း၊
ရွှေလှော်ပုံသွန်း၊ မျှမယွန်းတည့်၊
မပန်းမျက်စိ၊ မညှိတန်းဆောင်၊
နေနှယ်ပြောင်သား၊ကိုယ်ရောင်လျှံပတ်၊
ဝင်းနွဲ့မွတ်မူ၊ ကျူးမြတ်ရက်လ၊
ကြာမောလှ၏၊ ငါမှသော်ကား၊
သည်စကားကို၊ ကြောင်းလျှားစဉ်စီ၊
မေ့ခဲ့ပြီတည့်၊ နွဲ့သီနွဲ့ဆွတ်၊
နတ်လည်းစက်ကာ၊ ရင်းမာထွေလည်၊
ပွင့်တော့မည်ဟု၊ နှုတ်ခြည်ဖော်ရပ်၊
မပြန်ချုပ်သည်။ ။
ကျွန်ုပ်မော်ရ စ ဟန်သော။

## ၅။ သိကြားကျေးစေ ပန်းတော်ဆက်ဘွဲ့ *(မောင်ကစေဟန်)

၁။ ဆက်ဒန်အိုင်သာ၊ ဂန္ဓာမာနှင့်၊
ကေလာတောင်ထွတ်၊ နဝတတ်၌၊
နေမှတ်ပျော်ပါး၊ ပွင့်ဝတ်စား၍၊
သိကြားနတ်က၊ ပို့လှာသသည်၊
တေဇလျှံပြောင်၊ ကျေးများနောင်။ ။
ညိုရောင်သွယ်ရွှန်း၊ လှကြင့်နန်းမူ၊
လွမ်းပန်းမပြယ်၊ သနားဖွယ်တည့်၊
နှောင့်နှယ်ညွတ်ခွေ၊ ရှိပလေလိမ့်၊
စေ့ရေမေးမြူ၊ မိန့်တော်မူက၊
မဥ္ဇူပွင့်ခက်၊ ခိုင်ကိုဆက်၍၊

---

* တောင်ငူမင်းရဲနှရာစာဟု အမှာစကားပါသော်လည်း၊ နတ်သျှင်နောင်၏ လက်ရာမှန်း ထင်ရှားသည်။

ကျူးရက်မရှည်၊ ဖူးလွယ်မည်ကို၊
မိုးခြည်တိမ်ခြေ၊ ပျံနှင့်ချေလော့၊
မြတေငယ်သွေး၊ လှငြိမ့်လေးသည်။ ။
လွမ်းရေးဖြေတော် မူလိမ့်မည်။
၂။ ခက်သန်ခိုင်မြွာ၊ တပင်သာတည့်၊
ဟေမာမြိုင်စပ်၊ စစ်မှူးကွပ်၍၊
စောင့်ကြပ်ကုမ္ဘဏ်၊ အတန်တန်တို၊
လုံကွန်လေးမြား၊ လက်နက်ထားနှင့်၊
လွှားလွှားပစ်သတ်၊ ထိုထိုနတ်ကို၊
သွယ်ညွှတ်တင့်ခေါင်၊ လှသည်မောင်ဟု၊
ပေါက်မြောင်မာတင်၊ ရဲဖက်ဆင်နှင့်၊
ချွန်းငင်ငွဲလိုက်၊ ခြိမ်းတည့်လိုက်သော်၊
စည်ရိုက်ပြိုလည်း၊ လက်နက်လှည်းမှ၊
သိမ်းဆည်းကုံးမြောင်၊ ပန်တင့်အောင်ဟု၊
ကြင်နှောင်မည့်သူ၊ ဆွတ်ခဲ့ယူသည်၊
မဥ္ဇူသက၊ ရဲဆုရကို၊
နှိမ့်ချရှိသေ၊ ဆက်နှင့်ချေလော့၊
မြတေငါးအင်၊ ညက်မွတ်စင်မူ၊
ဝါဝင်ကာလ၊ နီးခဲ့မှလျှင်၊
တွေးဆမရက်၊ လှများထက်သည်။ ။
ချီးလက်ရေတော် မူလိမ့်မည်။
၃။ ဖက်ရန်ပြိုင်ရာ၊ သို့ရောက်လှာက၊
ဘုံသာခြောက်ဆူ၊ စံသသူလည်း၊
မတူဖက်လွတ်၊ ချစ်၍မှတ်သား၊
မျိုးမြတ်ဖြူပြာ၊ မယ့်နေရာသို့၊
လူးလာပြန်ခေါက်၊ နေ့ချင်းရောက်လိမ့်၊
မှာလျှောက်သရွေ့၊ စေ့စေ့မကျန်၊
ကြွင်းမဲ့ပြန်သော်၊ ကျူးလွန်ဖွေရှာ၊
ဆက်စရာဟု၊ လက်ယာထပ်ဆင့်၊

ခိုင်လုံးတင့်ကို၊ သခင့်အိမ်သူ၊
လှမ်းယူရွရွ၊ ယုယညက်ခွေ၊
လက်ညှံ့ရွှေနှင့်၊ ဆွတ်ချွေရွက်သင်၊
မြင်မှင်ရှက်ခေါက်၊ ပွင့်ညှောင့်သီရုံး၊
တညီကုံးမှ၊ သက်ဆုံးရာကျော်၊
ဆက်တိုင်းသော်လည်း၊ ကြင်ဖော်တူရှည့်၊
ပျော်ချင်လှည့်ဟု၊ ရွှေမှည့်မင်းစံ၊
အလျှံပြိုးပြက်၊ တောင်ထိပ်ထက်ဝယ်၊
နံ့ဖက်သင့်နေ၊ သာလျှောင်းမွေကို၊
ရှိသေညွှတ်ကြည်၊ ဝေးကရည်၍၊
ပြစ်ခြည်ကင်းလွတ်၊ လှငြိမ့်မွတ်သည်။ ။
ဆုမြတ်ဝေတော် မူလိမ့်မည်။

## ၆။ ရင်းမာကျေးစေ၊ ကုလီသဘင်ဘွဲ့* (မယ်ကာစေပဟန်)

၁။ ခုနစ်တောင်စွန်၊ အတန်တန်တိ၊
ကုမ္ဘဏ်ရှစ်သောင်း၊ လက်နက်ပေါင်း၍၊
စီးစောင်းခြေမျှ၊ ချရမည်ထား၊
တိမ်ကြားမိုးက၊ ပျံသော်မှလည်း၊
ချဉ်းရမဲ့ထွေ၊ ရံဝန်းနေသည်၊
စိန့်ခြေရပ်ဝေး၊ ရင်းမားကျေး။ ။
ညွှတ်ကွေးခရုံး၊ လေးကျွန်းလုံးကို၊
ယူကျုံးတော့မည်၊ လက်ရုံးရည်ကြောင့်၊
ဘုန်းစည်ကြီးမြတ်၊ မင်းများနတ်လျှင်၊
လွှံ့ပတ်မြေပေါ်၊ ပတ်နှံ့ကျော်သည်၊
ညီတော်လေးပါး၊ မှူးမတ်များနှင့်၊

---

* တောင်ငူခေတ် နတ်သျှင်နောင်လက်ထက် အထူးခေတ်စားသော ကစားနည်း တစ်မျိုးဖြစ်၏။ ကုလီရိုက်ကစားနည်းမှာ ယခုခေတ် ပိုလိုရိုက် ကစားနည်းနှင့် အသွင်မခြားလှပေ။

ကစားပျော်မှု၊ ကုလီလုသော်၊
အတုမဲ့နိုး၊ သတိုးဘုန်းဝှန်၊
နိုင်ပြန်မဲ့နား၊ ယခုကြား၍၊
ကျေးသားတမန်၊ ကြည့်ပြန်ပါချေ၊
မယ်ကာစေသည်။ ။
ချုပ်နေရောင်ထင် ဆည်းညတွင်။
၂။ ညခင်းချုပ်နေ၊ ပျံတုံလေသော်၊
ရဝေပွင့်ခန်း၊ ဘိသိက်သွန်းသား၊
လွတ်နန်းသာတောင်၊ မိုးခေါင်မြင့်ဖျား၊
တိမ်တိုက်ကြားက၊ နားမြည္ဆုန့်ရှင်၊
သရက်ပင်ဝယ်၊ နေမြင်သာ၏၊
ရှုချေကြည့်လော့၊ သို့သည့်ခတ်ချက်၊
ငါတို့ဖက်က၊ လျှပ်ပြက်သောဟန်၊
ကြိုး၍လှန်လည်း၊ လက်မြန်သူက၊
စက်မီးကျသို့၊ စကြာသခင်၊
ဘဝရှင်လည်း၊ ကျင်လျှင်စဟန်၊
လက်မြန်လက်ကောင်း၊ မတင့်တောင်းတည့်၊
နန်းလောင်းပွင့်လျာ၊ ရဲကျော်စွာလည်း၊
မာန်ပါခတ်သံ၊ မိုးကြိုးချုံသို့၊
နိုင်းစံမဲ့ထွေ၊ တင့်လှပေ၏၊
ပွဲရေလည်လည်၊ အတည်တည်သည်။ ။
နိုင်မည်ကိုပင် ရည်းကြထင်။
၃။ နိုင်မည်ရည်းထင်၊ အတင်တင်ဝယ်၊
သူ့ခွင်စက်ပါး၊ ပါသည်များကို၊
ကြိမ်းဝါးတုံမှ၊ အံ့ားပါးကျ၍၊
တို့ကသတိုး၊ တဖန်ကြိုးလည်း၊
တန်နိုးမဲ့ထွေ၊ ပွဲမကျေခဲ့၊
ကြီးထွေတန်းခိုး၊ ရင့်နိုးသမ္ဘာ၊
ရဲကျော်စွာလည်း၊ မာန်ပါခြိမ်းမဲ၊

လက်ဝဲလက်ယာ၊ လိုက်လှည့်ကာတည့်၊
စက်ဝါနေတူ၊ သီဟသူလျှင်၊
သွေးယူခဲ့ကာ၊ မတတ်သာ၍၊
ကြမ္မာကံယိုး၊ ရှက်စနိုးရှင့်၊
သတိုးမဲ့မွ၊ ရဲနေကျလည်း၊
လက်ချမှိုင်တွေ၊ ရှုံးလှချေသည်။ ။
ပွဲရေများဖြင့် ပည်းမှုပင်။

၇။ မြင်းမိုရ်ကျေးစေ၊ ကုလီသဘင်ဘွဲ့ (မယ်ကာစေဟန်)

၁။ ဝေယန္တာတွင်၊ သူဇာသိကြား၊
မျက်ရှုဖျား၍၊ စက်ပါးဝယ်ပ၊
မဃွာရတည့်၊ ဒီပလုံးသူ၊
ခွန်သ,စုသည်၊ ကေတုမတီ၊
မိုးဆီမြင့်မျှ၊ ရန်မျိုးခသား၊
ပြည်များတန်ဆောင်၊
မြင်းမိုရ်နောင်ဝယ်၊ ရွှေတောင်ထွတ်သာ၊
နေကလာ၍၊ ရောက်လှာ စဉ်ကြိုက်၊
မွေးဖို့ထိုက်သည်၊ မကိုဋ်မြောက်ဘင့်၊
ကျေးမျက်ပွင့်။ ။နေမင်း နှယ်ရင်း၊
မင်းထက် မင်းလျှင်၊ သလင်း အုတ်စီ၊
နန်းမြေညီဝယ်၊ ကုလီသဘင်၊
မြင်းနှင့် ရှင်၏၊ သိချင် အမှန်၊
ရှုံးနိုင်ဟန်ကို၊ ယမန် ကြောင်းရေး၊
စေသည့် ကျေးလျှင်၊ ဖင့်နှေးရှောင်လွဲ၊
မရောက်ပဲနှင့်၊ ဆင့်ကဲ ပြန်ခေါက်၊
ဖွတ်လျှာ လျှောက်သည်။ ။
ဝမ်းမြောက်သာထွေ ဖြည့်ရှာလေ။

၂။ နေဖန်ဝါလျှင်၊ တိမ်ခွာထောင်မွန်း၊
ပြိုင်၍ ထွန်းသို့၊ လေးကျွန်း သနင်း၊
စကြာ မင်းဝယ်၊ ရာစင်းဖြူရောင်၊

စိုးစိမ့်ဆောင်သည်၊ ဆင်ပြောင် ဆဒ္ဒန်၊
နင်းကွန် ပျံလွှား၊ ဦးနှောက်စားသား၊
ခွန်အား မာန်ဟော့၊ ခြသေ့် မင်းနှယ်၊
ရန်နွယ် လှစ်ခွင်း၊ အိမ်ရှေ့မင်းနှင့်၊
သတင်း ဝှန်ကဲ၊ ဆင့်လိုက်လှဲသား၊
မင်းရဲကျော်ထင်၊ ကျွန်းခွင် လက်ချ၊
တဖက်ကမူ၊ တောဓ ကျော်ဟိုး၊
စက်ရှိန်မိုးသို့၊ သတိုး မဇ္ဈာ၊
ရာဇာတမွတ်၊ ဘုန်းထွတ်ညွန့်လူ၊
သီဟသူဟု၊ ပစ္စူ ရိပ်ကာ၊
စကြာရည်သွား၊ နန်းရန်ထားချည်း၊
ကစား စဉ်တွင်၊ ကျွန်ုပ်မြင်၏၊
ရွှေစင် ရည်လေး၊ ရင်းမာ ကျေးမူ၊
နှစ်ထွေးပိုးဝါး၊ အမြင်မှားခဲ့၊
မယ့်နား လေ့သင့်၊ ကြားသည်နှင့်မူ၊
သူက နိုင်လေ၊ မတန်ချေတည်း၊
လူ့မြေစံထား၊ မြင်းမိုရ်သားသည်။ ။
ကိုယ်စားမြင်စေ ကြည့်ပါချေ။

၃။ သေသွန်ညာတင်၊ လွတ်သဘင်ဝယ်၊
အောင်မြင်မြေနိုက်၊ အောင်စေ့စိုက်သည်၊
တိမ်တိုက်မြင့်မတ်၊ မြပြာသာဒ်က၊
မြော်မှတ်သာထွေ၊ မျှော်ရှုနေသား၊
ရှုံးချေမနှောင်း၊ နိုင်ကြောင်းအားကိုး၊
တဖန်ကြိုး၍၊ သတိုးမင်းကျော်၊
ဖက်တော်ကိုယ်ပင်၊ သူထင်မိလျက်၊
လိုက်လံဖျက်သော်၊ တောင်ဖက်ပို့မြဲ၊
မပို့ပဲလျှင်၊ မင်းရဲကျော်စွာ၊
ရိုက်တုံပါလည်း၊ မြောက်မှာစက်ပါး၊
တဖန်ခြားခဲ့၊ ကြိုးစားပန်းရှူ၊

သီဟာသူလျှင်၊ ဖမ်းယူမြှောက်ချီး၊
ကူလီသီးကို၊ မြေကြီးတွင်သာ၊
ယားလိုက်ကာတည့်၊ နိုင်ပါမည်ထား၊
နည်းများတန်သော်၊ ကြည့်စပျော်တည့်၊
စေတော်မူရွေ့၊ စေ့စေ့မြင်လျှင်၊
ကျွန်ုပ်ပင်မျှ၊ မရှင်သဖြင့်၊
အားနာနှင့်၏၊ သခင့်ကြင်ချစ်၊
ဘုန်းသစ်ရဲခေါင်၊ ညီနောင်နှစ်ပါး၊
မှူးမတ်များနှင့်၊ ရှက်အားကျဟန်၊
ယခုပြန်သည်။ ။
အမှန်နှုတ်ခြေတည့်သာပေ။

## ၈။ မြကျေးတမန်စေ (တုသိတာနတ်ပြည်၊ ဘုရားလောင်း နတ်သားထံစေဟန်)

၁။ ရေးမှတ်လင့်ရည်၊ အာရုံတည်က၊
ကျင်လည်ကြရာ၊ လူတို့ရွာဝယ်၊
မကွာဆုရန်၊ တောင်းဖက်မှန်၍၊
ထိုက်တန်သောအား၊ မိုးသိကြားလျှင်၊
မှတ်သားမယ်သို့၊ ရောက်အောင်ပို့သည်၊
မွေးဖို့တော်ပေ၊ ကျေးမြတွေ။ ။
တိမ်ခြေမြင့်ထွတ်၊ သုံးဘုံနတ်ကို၊
ပျံညွတ်လျှင်လှ၊ လွန်လေမှလျှင်၊
ဘုရားအလျာ၊ တုသိတာဝယ်၊
ပွင့်ခါရည်ငံ၊ လင့်လျက်စံ၏၊
မြလျှံနီစက်၊ ဝတ်ဆံချက်မူ၊
ဖြစ်ခက်ပေရာ၊ ခေါင်ရန်းဝါကို၊
လိမ္မာတတ်ခေါင်၊ ကျေးများနောင်သည်။ ။
[illegible]

၂။ ဝေးထွတ်မြင့်ရှည်၊ ထက်ဘုံပြည်နှိုက်၊
ပန်းလည်ရုံပတ်၊ လုံးစုံနတ်ဝယ်၊
တမွတ်ထားရန်၊ သွားဟန်နေရပ်၊
မြဲချုပ်လေစံ၊ ဆိုသံမရိုင်း၊
ဟ,တိုင်းစက်ပြောင်၊ တင့်ခေါင်ကဲလွန်၊
ဗောဓိရန်ကို၊ ဧကန်သတိ၊
မြော်လျှင်သိအံ့၊ ဆံရှိမြုမွေ၊
မရှုံ့လေနှင့်၊ လေးထွေသစ္စာ၊
ပွင့်သောခါလျှင်၊ မြတ်ရာရှေ့ရည်၊
ဆိုလျှင်းသည်ဟု၊ ရိပ်ခြေဖော်ပြ၊
ယခုလပင်၊ မှတ်ရပါရန်၊
မိန့်တော်ပန်မှ၊ လာပြန်မည်နေ့၊
ကြားလျှောက်၍တုံ၊ ပျော်မွေ့ရုံသာ၊
ကျေးပျော်ရာသည်။ ။
ပညာမြော်ငဲ့ စက်ပါခဲ့။
၃။ လေးမြတ်တင့်သည်၊ ပွင့်ဆင်းရည်ကို၊
မှတ်တည်သတိ၊ ရှုမိမိတည့်၊
မျက်စိလွန်ကျူး၊ သီဝေမူးမှူ၊
ခြားထူးထွေဆန်း၊ ပေါ်သစ်ပန်းတို့၊
သောင်းဝန်းလွှံ့ပတ်၊ လောကဓာတ်ဝယ်၊
လူနတ်မြော်နှင့်၊ ကျွတ်မည်လင့်သည်၊
ရိုက်ဆင့်ဝှန်ကျော်၊ မြတ်လောင်းတော်တို့၊
ကော်ရော်ညွှတ်လျက်၊ ခန့်ပိုင်ဆက်လော့၊
ဖိုလ်မဂ်ရတာန်၊ မြဲမှန်နေကျ၊
စောင့်သီလလည်း၊ တစမယွင်း၊
ကြည်ရွှင်းစိတ်ထက်၊ ရေစက်သွန်းချ၊
မြေမှုမလပ်၊ တဲထပ်ယူလေ့၊
ကြိုးသရွေ့ကို၊ ကျန်မေ့လေတုံ၊
မိကြေးမုံသည်။ ။စေ့စုံကြွင်းမဲ့မြွက်ပါခဲ့။

## ၉။ မြကျေးတမန်စေ (ဦးတည် မင်းသမီးထံစေဟန်)

၁။ ချင့်တာသုံးထောင်၊ သချာ်ဆောင်၍၊
တောင်လည်းရံဝန်း၊ ပန်းလည်းကြိုင်ပျံ၊
သာမောလှ၏၊ မိဘမျိုးဆွေ၊
ရွှေတောင်နေသား၊ ခြေကားသန္တာ၊
နှုတ်အာပတ္တမြား၊ ပြယားမျက်စိ၊
ကိုယ်လုံးညီမျှ၊ နှံ့သိပညာ၊
လိမ္မာဆန်းကြယ်၊ လွန်တင့်တယ်လျက်၊
မင်းဖွယ်စိုးယ၊ သိကျွမ်းလှသည်၊
နရစံတည်၊ ကျေးမြရည်။ ။
ကျူးရှည်မြေခြား၊ နိုင်ငံပြားသည်၊
တိုင်းကားပြောစည်၊ သင်းတွဲပြည်နှိုက်၊
ကြီးသည်အာဏာ၊ တရာရိပ်ဖြူ၊
အမိုးမူလျက်၊ ကျိုက်ဆူသတင်း၊
ဥတည်မင်း၏၊ ရင်တွင်းသမီး၊
လျှံညီးဆင်းဝါ၊ ထွန်းကလျာသို့၊
မကြာဆောလျှင်၊ ပျံစေချင်သည်။ ။
မြသွင်ကျေးသား တမန်သော။
၂။ ဆင့်ကာကုံးမြောင်၊ ပန်းလက်ဆောင်နှင့်၊
မြဲအောင်ခွေလိပ်၊ ခတ်တံဆိပ်ကို၊
ဦးထိပ်တင်တွေ၊ ပျံရောက်လေသော်၊
လှနေစံမြောက်၊ နှစ်ယောက်မဆွယ်၊
ရွှေနန်းလယ်၌၊ သုံးရွယ်ဝန်းရံ၊
တင့်စံနှစ်ခြိုက်၊ နေသောကြိုက်ဝယ်၊
သောင်းတိုက်ရပ်သား၊ ဝပ်တွားရုံးစု၊
ခွန်ဆက်ပြုသည်၊ ကေတုမတီ၊
သီဟိနန်းတည်၊ ပွင့်လင်းစည်သား၊
ရွှေပြည်အုပ်စိုး၊ အခေါင်မိုးသည့်၊
နေမျိုးလူ့ဖျား၊ မင်းတရား၏၊

သည်းကြားရင်သွေး၊ သားတော်ထွေးဟု၊
နီးဝေးကြေညာ၊ ကျော်ဇုန်ဝါလျက်၊
အာဏာလွှန်ကဲ၊ ပြိုင်ဖက်ရှဲသား၊
မင်းရဲကျော်ထင်၊ကျွန်ုပ်ရှင်က၊
ရပ်ခွင်မြေခြား၊ စေသောအားဖြင့်၊
ထံပါးရွှေမှောက်၊ ရောက်သောဟန်ကို၊
မကျန်ကြောင်းလျား၊ ပြန်လျှောက်ကြားသည်၊
စကားကွင်းမဲ့ မချန်သော။
၃။ သင့်စွာထုံးနှောင်၊ မိန့်စာစောင်နှင့်၊
ရွှေရောင်အသား၊ ကြိုင်ပျံ့ရှားသည်၊
စကားသီရုံး၊ ဆက်ပြီးဆုံးမှ၊
တောလုံးဟောဝန်၊ ကျူးကဲလွှန်၍၊
တမန်တို့ခေါက်၊ ပြန်လာရောက်ဟု၊
ပေါက်ပေါက်ပျားရည်၊ ချစ်ကြည်မြတ်လေး၊
လက်တော်ကျွေး၍၊ ဆေးလေးကြောင်းဝန်၊
လျှောက်လိုက်ဟန်ကို၊ ဘုန်းဇုန်နတ်တူ၊
မေးတော်မူ၍၊ ရန်သူအလုံး၊
ကြောက်ရွံ့ချုံးသည်၊ ပတ်ကုံးကျော်ကြား၊
ထွတ်ဘုရား။ ။နှစ်ပါးတွေးဆ၊
မယွင်းခွနှင့်၊ မြွက်ဟသံသြောင်း၊
လျှောက်လိုက်ကြောင်းမူ၊ တသောင်းသချာ၊
ကျွန်းမျက်နှာထက်၊ များစွာအပေါင်း၊
ရှစ်သောင်းလေးထောင်၊ မြို့ကုန်အောင်ကို၊
အခေါင်လက်ရုံး၊ သိမ်းကျုံးအာဏာ၊
စိုးသောခါမှ၊ လက်ယာတောင်နေ၊
ဖြစ်ပါစေဟု၊ သံခြေသာချို၊
ကျွန်ုပ်ကိုလျှင်၊ မြွက်ဆိုကြောင်းလျား၊
လျှောက်လိုက်ကြားသည်။ ။
ပျို့ထွားချောနွဲ့ နတ်ဟန်သော။

## ၁၀။ ကျေးစေ၊ (ရခိုင်မင်းသမီးထံ စေဟန်)

၁။ ယူဇနာလျှင်၊ သချ်ာမြင့်ဆောင်း၊
တာပြန့်ပေါင်း၍၊ ရှစ်သောင်းလေးထောင်၊
မြင့်ခေါင်သွယ်ဖြူး၊ မြင်းမိုရ်ဦးနှိုက်၊
နတ်မျိုးအများ၊ သိကြားတို့သာ၊
စေထိုက်စွာသည်၊ နရာသုဝ၊
ကျေးညိုမြ။ ။ပျံကြွချေခု၊
နောင်မင်းမှူကို၊ နိုင်းတုမရ၊
သာလှခေါင်တိုင်၊ မြို့ရခိုင်ကို၊
စိုးပိုင်သနင်း၊ ထိုသည့်မင်း၏၊
ရင်တွင်းသည်းကြား၊ ပိုက်ခြံဖွားသည်၊
ညက်ထွားပြာဖြူ၊ ဆင်းနတ်တူကို။ ။
လေယူလျှောက်ချေ၊ ကျေးမြတွေ။
၂။ တူမကွာလျှင်၊ ဆက်တိုင်းပင်တည့်၊
ရွှေရင်တူကွ၊ ပျော်ချင်လှသည်၊
ဌာနဝေးခေါင်၊ သားထွေးမောင်လျှင်၊
ရွှေရောင်ဝင်းဝါ၊ ရွှေပေစာနှင့်၊
သိင်္ဂါရောင်ရွှန်း၊ သဘင်နန်းနှိုက်၊
များလွန်းခြေရံ၊ ပျော်စံစဉ်တွင်၊
ကျေးမြရှင်လျှင်၊ မဝင်ဦးပဲ၊
နွဲ၍တန့်နေ၊ အပန်းပြေမှ၊
သာတွေညင်းညင်း၊ တောင်ပြူတင်း၌၊
သက်နှင်းဝေထိုက်၊ နေစဉ်ကြိုက်ဝယ်၊
နန်းနှိုက်ပည်းမျှ၊ ထိန်းယဖော်ရွှေ၊
မမြင်စေနှင့်၊ ဝင်လေခန်းရောက်၊
ဆင်းစံမြောက်ကို။ ။
ညွှတ်လျှောက်သောထွေလေးလှစေ။
၃။ လူတကာလျှင်၊ မွှမ်းဖြင်စောင့်ရှောက်၊

အထောက်ထောက်ကို၊ ရွှံ့ကြောက်မဲ့ထွေ၊
ဝင်ရောက်လေသော်၊ သံချေမြမြ၊
ဘယ်သူကဟု၊ ဩဇကြောင်းလျှား၊
မေးနှင့်ငြားမူ၊ မြစ်ကားငါးသွယ်၊
သာမျိုးကြွယ်၍၊ ပျော်ဖွယ်လွန်လှ၊
ပြောဝကျယ်မော၊ မင်းဝံကြောထက်၊
ပြင်းသောတေဇာ၊ ဇေကျရာ၏၊
သည်းချာသားတော်၊ ရှင့်ယှဉ်ဖော်က၊
လွှမ်းသော်ဖြေရာ၊ သဝန်စာနှင့်၊
လိမ္မာတွတ်တွတ်၊ လှများနတ်ကို။ ။
ရှိညွှတ်သောထွေ ကွေးလှစေ။

## ၁၁။ မြင်းမိုရ်ကျေးစေရတုမယ်ဘွဲ့(စစ်မြေတာမှ စေဟာန်)

၁။ ရှုတိုင်းထွေလည်၊ ကိုးမျက်ရည်တိ၊
ရစ်ခြည်စီသန်း၊ ထွေထွေစွန်းသား၊
သိုက်နန်းပျော်ရာ၊ ဝတီသာမှ၊
သူဇာကြင်ဖက်၊ သ,လှာဆက်သည်၊
စိမ်းရွှက်လျှံပြေး၊ မြင်းမိုရ်ကျေး။ ။
မွေးမွေးတိမ်ယံ၊ သည်ကပျံ၍၊
နိုင်ငံတလွှား၊ ပျော်ဖွယ်ငြားမူ၊
နည်းများပန်းခြေ၊ သင့်ရုံနေမှ၊
အောင်မြေနန်းဘုံ၊ သာမျိုးစုံသည့်၊
မြစ်ဆုံသန်လျက်၊ မင်းဝန်ချက်ဝယ်၊
စံထက်တံဆိပ်၊ လှခေါင်ထိပ်မူ၊
လွှမ်းရိပ်ခြည်ထွေး၊ မိန့်နှင့်မေးသော်၊
မင်းရေးအောင်မြင်၊ ရန်လုံးစင်၍၊
ဝါမဝင်မီ၊ ပြန်လေပြီဟု၊
မိုးဆီတိမ်ကျူး၊ လျှောက်ချေဦးလော့၊

ထွန်းမြူးသော်တာ၊ လနှင့်သာလျှင်၊
စံရာနိုင်းမှျ၊ မွေးမွတ်လှသည်။ ။
ဆွတ်မျှရှင်တော်မူလိမ့်မည်။

၂။ နှကျိုင်းဝေစည်၊ စုံတလည်လည်၊
ရွက်ရှည်မြမြ၊ ရွရွရွန်းရွန်း၊
ငုံညွန့်တပြိုင်၊ ချပ်ဆိုင်အပြီး၊
ပွင့်ညီးတရုံး၊ သီ၍ကုံးသို့၊
တောလုံးပျံ့လှောင်း၊ မကြိုင်တောင်းတွင်၊
ရွက်ညောင်းပေါ်သစ်၊ လက်ယာရစ်လျက်၊
ကျစ်လျစ်ပွင့်သေး၊ ခိုင်လုံးမွေးကို၊
ရွေး၍ချီလေ၊ စစ်မြေဝေးခေါင်၊
ရှမ်းတောင်ဆီးရွမ်း၊ ချမ်းလည်းထပ်ချုံ၊
မလုံသည်နှင့်၊ ထစ်ရစ်သွန်းလောင်း၊
မိုးလည်းပြောင်းသော်၊ လွမ်းပျောင်းစဟန်၊
ပြန်လတော့မည်၊ လွန်လာသည်ဟု၊
ရိပ်ခြည်ဖော်ပြ၊ ယုယဆည်းတား၊
ဖျော်ဖြေဖြားသည်။ ။
ရွှေနားချင်တော်မူလိမ့်မည်။

၃။ တုနိုင်းဖွေနည်၊ လှမောသည်မူ၊
သုံးပြည်အထွတ်၊ လှခေါင်မှတ်သား၊
သည်နတ်ယှဉ်စံ၊ ပြိုင်သော်လံလိမ့်၊
မြလျှံလိုလို၊ မဆိုစသာ၊
ကလျာပြစ်လွင့်၊ ရှုတိုင်းတင့်သား၊
စိန်ပွင့်ခြူးကြာ၊ သလွန်သာထက်၊
မလ္လာခြည်မောင်း၊ သတောင်းဘုံမြင့်၊
အုံးဆင့်မှီမြဲ၊ နွဲ့လည်းယုယ၊
လက်တင်မ၍၊ စေ့မျှပြန်ခေါက်၊
ကျွန်ုပ်လျှောက်သား၊ ဝမ်းမြောက်ရွှင်ပျော်၊
မိန့်မှာသော်မူ၊ မောင်မြော်တိုင်းပြန်၊

ခက်သန်မဠျု ပန်းကိုမူကား။
နံတူနှစ်ရက်၊ တောင်ထိပ်ထက်ဝယ်၊
ပြိုးပြက်ရောက်လွတ်၊ မိုးလုံးပတ်သား၊
လူနတ်ကြည်ညို၊ မွေတော်ကိုလျှင်၊
ကုသိုလ်မျှဝေ၊ စုံလျှင်းစေဟု၊
လှနေမျှားထွတ်၊ ရှင့်သက်မှတ်သည်။ ။
ညွတ်၍တင်တော်မူလိမ့်မည်။

## ၁၂။ ဟောဝန်ကျေးစေရတု*

၁။ နဝမျက်ရှင်၊ ကိုးပါးအင်တည့်၊
ခြယ်သင်သီရုံး၊ စီ၍ကုံးသို့၊
တောင်မုံးလည်ရန်း၊ နှုတ်စွန်းပြယား၊
ထိပ်ဖျားရွှေသွယ်၊ တင့်တယ်ဆင်းရောင်၊
ကိုယ်လုံးပြောင်မျှ၊ ဝေးခေါင်တိုင်းခန်း၊
မလ္လာကျွန်းက၊ ဖက်ညွန်းရည်မွေး၊
နတ်တို့ပေးသား၊ ခွင့်ရေးမှုချို၊
ရာတိုင်းသိသည်၊ ဇာတိရှည်ဝေး၊
ဟောဝန်ကျေး။ ။နှစ်ထွေးမရှို၊
ကြင်ခေါင်ထိသား၊ မျက်စိနှစ်လုံး၊
စုရုံးနှင်းဆက်၊ နှောင်မင်းသက်လျှင်၊
ချိုးလက်ရေကာ၊ လကိုစာသော်၊
ခန့်မှာသည်နှင့်၊ မတန့်မြင့်ခဲ့၊
ရေဖြင့်လွတ်ကာ၊ နေတွေ့ကြာသို့၊
ပမာမယွင်း၊ ပြာထွတ်ဝင်းသည်။ ။
လွမ်းတင်းဖြေကာ ဖျော်လိမ့်မည်။

* နဝဒေးကြီး၏ လက်ရာဟုလည်း အဆိုရှိသည်။ ‘မင်းနဝဒေးဆိုရတု’ (ပိဋကတ်တော်ပြန့်ပွားရေး) စာမျက်နှာ ၁၃၉၊ ရတုပုဒ်စဉ် ၁၂၃ တွင်လည်း ဖော်ပြပါရှိသည်။

၂။ မမျှဖက်အင်၊ ဘုံခြောက်ခွင်ဝယ်၊
ကြာတွင်နေတတ်ဟူ၊ နွယ်ဝင်သူလည်း၊
မတူလှရည်၊ စံသာတည့်သား၊
ဖြာခြည်နွဲ့ရှင်း၊ လှမှန်ကင်းမူ၊
သလင်းပြက်စောင်၊ ဘုံဆောင်စက်ခန်း၊
သလွန်ဆန်းထက်၊ ခြယ်သန်းစီရက်၊
ပျောက်ကွက်ကျည်းဖြစ်၊ မှီအုံးသစ်ဝယ်၊
နွဲ့ရစ်မရှင်၊ နတ်သွင်သုံးထွေ၊
ရံမြဲရွှေနှင့်၊ နေသာကြိုက်တွင်၊
ရောက်လေလျှင်မူ၊ ဆံမျှင်မြူမွေ၊
မစွန်းစေနှင့်၊ စစ်မြေသူ့ရွာ၊
ထွေလာစမော၊ တောင်တောပတ်လည်၊
လေပြည်ထပ်လောင်း၊ အချမ်းပေါင်း၍၊
ပျောင်းသည်ဖြစ်ကို၊ စိစစ်ရေးကုံ၊
လျှောက်ခြေတုံလော့၊ မစုံဖော်ကွာ၊
မယ်တို့မှာကား၊ လွမ်းသာလှောက်ပင့်၊
မွေ့မပွင့်သည်။ ။
နှင်းနှင့်လေသာ ဆော်လိမ့်မည်။

၃။ တမျှသက်တင်၊ ဆက်တိုင်းကြင်သား၊
ဆံမျှင်မသွေ၊ ဘုံသုံးမြေဒ္ဓါ၊
ရှင်ပေခဲ့ဘူး၊ ရွှေသို့ဦးသား၊
စုံပူးတူကွ၊ နေသော်ကလျှင်၊
ကြင်ဆတိုးပွါး၊ နည်းများမတန့်၊
ချစ်ညွန့်ကဲတိုး၊ ပန်းသို့ပျိုးသား၊
ပြစ်မျိုးကွာလံ၊ လှထွတ်စံသို့၊
ပျံ့တုံလေမူ၊ ပန်းဖြေစလျှင်၊
မျှော်တင်တန့်နား၊ တောင်ပုပွါးဝယ်၊
စကားရွှေတူ၊ ပန်းမဥ္ဇူကို၊
ယူ၍ဆက်လော့၊ ရခက်ထွေလာ၊

ပန်းတကာထက်၊ လက်ယာခပ်မြင့်၊
လွှန်၍တင့်သည်။ ။
ပင်ဆင့်ထွေလာ ပေါ်လိမ့်မည်။

## ၁၃။ ကျေးစေ*

၁။ သီတာလုံရေ၊ သွန်းလောင်းစေဟု၊
ဘုံနေသိကြား၊ ရည်ခန့်ထား၍၊
ညွှန့်ထွားမြသွင်၊ ပေါ်လျှင်ပင်တည့်၊
သည်တွင်သည်ဟူ၊သည်မူသည်က၊
ခြေချမအား၊ ကင်းထားကင်းနေ၊
ခွဲဝေစုဝက်၊ စွယ်ယှက်ဘီလူး၊
ရှူးမူးသဏ္ဍာန်၊ စီဖန်ထက်ကြပ်၊
မလပ်ပင်ခြေ၊ ပုံဖြိုးထွေ၍၊
လူမွေကိုထား၊ ပျံသွားငှက်မျှ၊
ထက်ကမအား၊ ပိတုံးပျားလည်း၊
ရှောင်ရှားမစပ်၊ အထပ်ထပ်သည်။ ။
နေတပ်ဝင်ချ ပတ်ထူလှ။
၂။ ဂီဝါမုံရွှေ၊ ပွင့်လှထွေကို၊
ကြောနေစွမ်းခေါင်၊ ဖြူရောင်စွယ်မွေး၊
မကြုပ်သေးတည့်၊ တောင်မွေးညိုမွတ်၊
ယဉ်စီမှတ်ကို၊ ထွတ်ထွတ်ကြိုးနွယ်၊
ခြယ်လှယ်တင့်စုံ၊ ဆင်ပြီးတုံမှ၊
ကိုယ်ယုံကြိမ်းဝါး၊ ဆီတည့်သွား၍၊
တန့်နားကင်းထောက်၊ တိုင်လေရောက်သော်၊
လန့်ကြောက်ဘနန်း၊ ရံဝန်းဆီးဆ၊

---

* သုတေသနမူ၊ ဟံသာဝတီမူတို့တွင် 'သီတာလုံရေ'ချီရတု၊ 'လုံးစုံ မြရာ'ချီ ရတုနှင့် 'နဝမျက်ရှင်'ချီ ရတုတို့ကို နောက်ဆက်တွဲအဖြစ် သီးသန့် အခန်းပေးကာ ဖော်ပြထားသည်။

ကြို့နှင့်ကြလည်း၊ နရသနင်း၊
စကြာမင်း၏၊ ရင်တွင်းသည်းချာ၊
ကျော်စွာမင်းရဲ၊ ရန်ကဲဘုန်းဝှန်၊
နန်းလောင်းကျွန်ဟု၊ ဆံစွန်မရှုံ၊
ရှပ်ရှပ်နှံ့က၊ နှိုင်းစံရန်သူ၊
ဖက်မပြုသည်။ ။
မဉ္ဇူပွင့်စ ဆွတ်ယူရ။

၃။ နီလာဘုံနေ၊ နှိုင်းသင့်ထွေဖြင့်၊
ချစ်ပေစဖွယ်၊ လွန်ဆန်းကြယ်သား၊
ဘုန်းကြွယ်ထွတ်တင်၊ မြင်းမိုရ်သျှင်လျှင်၊
သဘင်ခါပွဲ၊ ဆင်စမြဲတည့်၊
ထူးကဲတင့်လွန်း၊ ထိုနတ်ပန်းနှင့်၊
ဝင်းထွန်းကြယ်ဝါ၊ ဆင်းကလျာ၏၊
ကေသာခေါက်ကျိုက်၊ ထုံးမြိတ်ဦလျှင်၊
လိုက်လိုက်ဆင်စိမ့်၊ ဆင်းယောင်ငြိမ့်ကို၊
နှစ်သိမ့်ထွေလာ၊ လျှောက်သောခါမူ၊
ပျူငှါမရော၊ တိုင်းသဘောဖြင့်၊
လိုက်လျောဆင်ခြင်၊ နောင်ကိုလျှင်လည်း၊
ကျွမ်းဝင်မှတ်ယူ၊ မိန့်တော်မူသည်။ ။
ကြည်ဖြူညွှတ်ခ နတ်တူမျှ။

## ၁၄။ ကျေးဧ

၁။ လုံးစုံမြဲ၊ သူဝမည်ပင်၊
ခေါ်ဝေါ်တွင်သည်၊
ကောင်းကင်ပျံလေ၊ ကြက်တောရွှေ။ ။
သက်ဝေကျွမ်းဝင်၊ နောင်မင်းကြင်သို့၊
သခင်ကိုယ်စား၊ ပန်းစကားကို၊
နှုတ်ဖျားရွှရွှ၊ ယုယမွေ့မွေ့၊
ချီခဲ့၍တည့်၊ အရှေ့မြင်းမိုရ်၊

ယုဂန်ဓိုရ်ကြ၊ ကိုယ်ကိုမှုတွေ၊
ပန်းနားဖြေမှ၊ ပျံလေစိုက်စိုက်၊
ပန်းခက်ကိုက်၍၊ တိမ်တိုက်ထိုးဖောက်၊
မရွံ့ကြောက်နှင့်၊ ထွန်းတောက်ပြောင်ပြောင်၊
ဉာဏ်တော်ရောင်ကြောင့်၊ မြောက်တောင်ရှေ့နောက်၊
ပတ်လျှောက်ဝန်းကျင်၊ လေပုန်းဆင်သည်။ ။
ကောင်ကင်ဝေ့လည်ပျောက်လိမ့်မည်။
၂။ ထုံးပုံပြ၍၊ ကြောင်းစမကျန်၊
စေ့စေ့ပြန်အံ့၊ တမန်ကျေးမြတ်၊
ရွှေနားညွှတ်လော့၊ ဆံဓာတ်ရှိရာ၊
မရောက်သာဟု၊ သင်္ကာစကား၊
အငြင်းများမှု၊ ဝိုးဝါးဆံမျှ၊
မကြောင့်ကြနှင့် မာဃလုလင်၊
မြင်းမိုရ်သျှင်၏၊ သည်ပင်မှတ်ထ၊
ဥဗျိုင်းမလျှင်၊ သာလှထူးလည်၊
သိကြားပြည်သို့၊ သာကြည်ရွှင်မြူး၊
ရောက်လေဘူး၏၊ ရှုးရှူးတည့်တည့်၊
ရိပ်ခြည်ကြည့်၍၊ ပျံလှည့်လျင်လျား၊
ညီကျေးသားသည်။ ။
ဘုရားသို့ရည် ရောက်လိမ့်မည်။
၃။ သုံးပုံပ၍၊ နေလတည့်မွန်း၊
တက်သစ်ထွန်းသို့၊ တသန်းရောင်ခြည်၊
အလျှံတည်သား၊ ဘုန်းစည်တောက်ထိန်၊
မာရဇိန်၏၊ ရောင်ရှိန်ခြောက်ဖြာ၊
ဆံစုဌာဟု၊ သဒ္ဒါနှစ်ချိုက်၊
နှလုံးပိုက်၍၊ စိုက်စိုက်အာရုံ၊
ပီတိဟုံဖြင့်၊ ကြည်ယုံသဘော၊
မြတ်ရှင်စောသို့၊ ကြက်တောကျေးလှ၊
ရောက်လေကလျှင်၊ စိမ်းမြညိုရောင်၊

ပန်းတန်ဆောင်သည်။ ။
ဖူးခေါင်ညွန့်ရှည် ပေါက်လိမ့်မည်။

တောင်ငူဘုရင်-နတ်သျှင်နောင်ဆို
ကျေးစေရတုစာတော်များ
စုစုပေါင်း ၁၄ ပုဒ်၊
ဤတွင်ပြီးပြည့်စုံပြီ။

## ကေတုမတီ-နန်းဌာနီ

ကေတုမတီ နန်းဌာနီ၏ ဂုဏ်သိရ်မှာ တက်နေအလား စွင့်စွင့်ဝွားဝွား ပေါ်ထွက်၍လာသည်။

* ဟံသာဝတီနန်းလည်း ကွယ်ချေပြီ။

* ဟံသာဝတီဘုရင် ငါးဆူဒါယကာ၊ သားတော်အိမ်ရှေ့ဥပရာဇာ မင်းရဲကျော်စွာတို့သည်လည်း နတ်သျှင်ကိုယ်တော်၏ အစီအရင်ဖြင့် လူ့လောကမှ ပျောက်ကွယ်၍ သွားခဲ့ချေပြီ၊

ဆွေတော်မျိုးတော် ဝါအားဖြင့်၄င်း၊ လက်နက်အင်အားဖြင့်၄င်း၊ စားကျေးစား လက်၊ လက်အောက်ခံ နိုင်ငံအားဖြင့်၄င်း၊ ဘုန်းလက်ရုံးအား ဖြင့်၄င်း၊ အခြားတပါး သော မင်းတို့ထက် သာလွန်ကဲမိုးသည်ဖြစ်၍ ကေတုမတီ အောင်ဌာနီ၏ အရှင်သခင် မဟာဓမ္မရာဇာဘွဲ့ခံ မင်းရဲသီဟသူမှာ တေဇတန်ခိုး ဝင့်ဝါဖြိုးလျက်ရှိသည်။

တောင်ငူဘုရင် မင်းတရားသည် ကေတုမတီ နေပြည်တော်အား ရာဇဌာနီ မြို့ကြီးပီသစေရန် ချဲ့ထွင်တည်ဆောက်တော်မူသည်။ ပေါင်းလောင်း အနောက်ဖက်၌ ဆင်းကျုံးတည်တော်မူသည်။ အရှေ့က ရန်းတံခါး ထား၍ မြစ်နားက ဆင်ကိုသွင်းရသည်။ ဆင်ကြည့်သောအခါ၊ နေတော်မူ စရာ ဆင်ကျုံး အနောက်တံတိုင်းနားတွင် ပြသာဒ် ဆောက်စေ၍၊ လက်ဝဲ မြေနန်း၊ လက်ယာမြေနန်းစမုတ် လည်း ထားတော်မူသည်။ မြို့တွင် ရွှေနန်း တော်သဘင်ကဲ့သို့ ဆင်သွင်းသောအခါ၊ သားတော်အိမ်ရှေ့မင်း နတ်သျှင် နောင် အစရှိသောမင်းညီမင်းသား မှူးမတ်များခြံရံလျက် သိကြားမင်း၏ အသရေကဲ့သို့ လွန်ကဲစွာ ကြည့်ရှုတော်မူသည်။ ဤသို့လျှင် ထိုခေတ်အခါက စစ်ဆင်စစ်တက်ရာတွင် အဓိကအင်အားဖြစ်သည့် ဆင်တပ်အတွက် ကြိုး ပမ်းတော်မူခဲ့၏။

မင်းတရားသည် ပေါင်းလောင်းမြစ် အနောက်၌ သာယာစွာသော မြေအပြင် ကိုလည်း ပြုတော်မူသည်။ ထိုမြေအပြင်ကား ဆင်ခင်းမြင်းခင်း ကျင်းပရန်အတွက် ဖြစ်၏။ စစ်လေ့ကျင့်ကွင်းဟုလည်း ဆိုနိုင်သည်။ နှစ်စဉ် နှစ်တိုင်း ဆင်များကို စမ်းစေတော်မူသည်။ ထိုတင်မျှမက ဆင်ခင်း၊ မြင်းခင်း မြေအပြင်၌ပင် စက်,ဓား,ပြောင်း,လေး, သေနတ်တို့ကို စမ်းတော်မူစေသည်။ ဤသို့ အားဖြင့် စစ်အင်္ဂါရပ်အစုံကို အသင့်ဖြစ်စေကာ အရေးတော်ပုံ ပေါ်လျှင် အသင့်စစ်တံခွန် လွှင့်နိုင်စေရန် ကြိုးပမ်းတော်မူ၏။ မုတ္တမ ကျေးစပ်၊ ပြည် ကျေးစပ်၊ သံလျင် ကျေးစပ်၊ အရှေ့ရှမ်းပြည် ကျေးစပ် တို့တွင် ကင်းရှည်၊ ကင်းတို အလုံးအရင်းနှင့်ထား၍ အသေအချာ ကြပ်မ စောင့်ရှောက်စေသည်။

## သားတော်များ

တောင်ငူဘုရင် မဟာဓမ္မရာဇာ မင်းရဲ သီဟသူမှာ အခြားသောမင်း တို့ထက်သာလွန်သော အချက်တစ်ချက်ရှိပေသေးသည်။ ယင်းအချက်ကား လက်ရုံးတော်သဖွယ် အားကိုးတော်မူရသည့် သားတော်ကြီးလေးပါးနှင့် ပြည့်စုံခြင်းဖြစ်၏။

(က) သားတော်ကြီး နတ်သျှင်နောင်။ မဟာဥပရာဇာဖြစ်တော်မူသည်။ ရာဇဓာတုကလျာနှင့် စုံဖက်၍ တင့်တောင်းတင့်တယ် ရှိတော်မူ သည်။ သေနင်္ဂဗျူဟာ ကျွမ်းကျင်တော်မူသည်။ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံ၍ ပေါက်ကျော်ထင်ပြ အကျော်ဇေယျ ရှိတော်မူ လှသည်။

(ခ) သားတော်လတ် နရာဓမ္မ။ မင်းရဲကျော်စွာဟူသော အမည်ကို ချီးမြှင့် ခံရသည်။ မင်းရဲကျော်စွာ၏ အဆောင်အယောင်ကို ပေးတော်မူ သည်။ နှမတော်အငယ် ဟံသာဝတီဘုရင် ငါးဆူဒါယကာ၏ အလယ်နန်း မိဖုရားဟောင်းနှင့် စုံဖက်ပေးစား ထားတော်မူသည်။

(ဂ) သားတော်လတ် ရဲစေသီဟ။ မင်းရဲသီဟသူ ဟူသောအမည်ကို ချီးမြှင့် ခံရသည်။ ဘေးတော် သီဟသူ၏ အဆောင်အယောင်ကို ပေးတော်မူ သည်။ နှမတော်အငယ် ဟံသာဝတီဘုရင် ငါးဆူဒါယကာ၏ မြောက် နန်းမိဖုရားဟောင်းနှင့် စုံဖက် ပေးစားတော်မူသည်။

(ဃ) သားတော်အငယ် နေမျိုးဒတ္တ။ မင်းရဲကျော်ထင်ဟူသော အမည်ကို

ချီးမြှင့်ခြင်းခံရသည်။ ညီတော် ကောလိယမင်း မင်းရဲကျော်ထင်၏ အဆောင်အယောင်ကို ပေးတော်မူသည်။နှမတော် ဟံသာဝတီ ဘုရင် ငါးဆူဒါယကာ၏ မြောက်နန်းမိဖုရားတွင် မြင်သော၊ ဟံသာဝတီဘုရင် သမီးတော် 'မင်းရွှေတုံး' နှင့် စုံဖက်ပေးစားတော်မူသည်။

တောင်ငူရွှေနန်းရှင်တွင် နတ်စစ်သူကြီး ၄-ဦးနှင့်တူသော သားတော် ၄-ပါးရှိသည့်အပြင် အားကိုးအားထားပြုဖွယ်ရာ ညီတော်တစ်ပါးလည်း ရှိလေသေးသည်။ယင်းညီတော်မှာ 'ကောလိယ-မင်းရဲကျော်ထင်' ဖြစ်၏။ မင်းတရားကြီး နန်းတက်တော်မူသောနေ့တွင်ပင် ညီတော် 'ကောလိယ မင်းရဲကျော်ထင်' အား သတိုးဓမ္မရာဇာမည်သောဘွဲ့ဖြင့် ဘကြီးတော် ပြည်ဘုရင်သတိုးဓမ္မရာဇာ၏ အဆောင်အယောင်ကို ပေးတော်မူသည်။ မဟာဥပရာဇာ ရွှေလှေစုကိုလည်းပေးသည်။

ဤသို့အားဖြင့် ကေတုမတီ တောင်ငူရွှေနန်းမှာ ဘုန်းပန်းတေဇာ ဝေဖြာနေခဲ့သည်။ တောင်ငူအနေအထားနှင့် ပတ်သက်၍ ဦးကုလား-မဟာရာဇဝင်ကြီး တတိယအုပ် စာမျက်နှာ (၅၁)လာ ဟံသာဝတီ ဆင်ဖြူများ ရှင် ဘုရင့်နောင် မင်းတရားကြီး၏ အဆိုအမိန့်ကို မှတ်သား သင့်သည်။

'ကေတုမတီ ပြည်ကြီးသည်လည်း ဘုန်းကြီးသော မင်းဧကရာဇ် တို့၏ နေရာနန်းမြို့ပင် ဖြစ်သည်။ ယင်းသို့သော မဟုတ်၊ ရောက် ဆောက်, ညောင်ရွှေစသော ရှမ်းပြည်နယ်ကြီးများလည်း အနီးအစပ် ဖြစ်သည်။ တောင်တွင်းကြီး, ရမည်းသင်း, ဝတီး, ယင်းတော်, လှိုင်း တက်,ညောင်ရမ်း စသော မြို့နေမြို့သားတို့လည်း ကေတုမတီ ပြည်ကြီးကို အားပြု၍ ခံနေရသည်။...'

ထိုသို့အချက်အချာဒေသ တိုင်းဌာနတွင် ရာဇမင်းဖျားသည် အင် အားတကြီး နှင့် စိုးစံတော်မူလျှက်ရှိသတည်း။

## မေတ္တာတုံ့လှယ်သစ္စာကြွယ်

သက္ကရာဇ် ၉၆၄-၉၆၅...

ယင်းသက္ကရာဇ်တို့သည် တောင်ငူနတ်သျှင် ကိုယ်တော်နှင့် ရာဇဓာတု ကလျာတို့ အတွက် ဘဝတသက်တာတွင် မမေ့မပျောက်နိုင်စကောင်းသော မော်ကွန်းထိုးဖွယ် နှစ်များပင် ဖြစ်ပေသည်။

ဖွားမြင်တော်မူသည်မှစ၍ စိတ် လက်ချမ်းသာစွာ ပျော်မွေ့စံစားခြင်း မပြုခဲ့ရှာသော ရာဇဓာတုကလျာမှာ ယခုအခါတွင် မေတ္တာအေးရိပ်၌ ချွေးသိပ်ကာ နေနိုင်တော် မူရှာပေပြီ။ သောကပရိဒေဝမီးတို့ကြောင့် ညှိုးနွမ်းခြောက်သွေ့ကာနေသော နှလုံးသားမှာလည်း နတ်သျှင် ကိုယ် တော်၏ မေတ္တာတော်ရေသွန်းလောင်းမှုကြောင့် စိုပြေတင့်ဆန်းလာခဲ့ ပေပြီ။

'အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ…'

မြတ်ဓမ္မစကြာ ဒေသနာတော်တွင် သုံးလူ့ထွတ်ထား ရှင်တော်မြတ် ဘုရားက ဒုက္ခသစ္စာတရားကို အထက်ပါအတိုင်း ဖွင့်ပြ မြွက်ကြားတော်မူ ခဲ့သည်။

'မချစ်သူနှင့်အတူ နေရသော ဆင်းရဲ၊
ချစ်သောသူနှင့် ကွေကွင်းရသောဆင်းရဲ၊
လို၍မရသော ဆင်းရဲ…'

ဤဆင်းရဲခြင်း သုံးတန်ကို ရာဇဓာတုကလျာမှာ ကျော်လွှားနိုင်ခဲ့ခြင်း ဖြစ်သည်။ သက်တော် ၄၃ နှစ်အထိ ထိုဆင်းရဲ ဒုက္ခမီးတို့သည် အသည်း နှလုံးများကို လောင်မြိုက်ခဲ့သည်။ ယခုမူ ထိုမီးတို့ ငြိမ်းအေးပြီးနောက်၊ ဘဝသုခကို ခံစားရလေပြီ။

'မချစ်သူနှင့်လည်း ကင်းကွာခဲ့ပြီ၊
ချစ်သူနှင့်လည်း အတူနေရပြီ၊
လိုသောအရာဝတ္ထုတို့ကိုလည်းရလေပြီ…'

## မိုးဥတုပြိုးနဂ္ဂါဆင်

တန်ခူးကုန်၍ ကဆုန်သို့ ယွန်းလာ ခဲ့၏။ အာကာသကောင်းကင် အဇ္ဈောနဘံ တစ်ခွင်တွင် ပဒ္မာနှင်မောင်အမွှံမှုူးက မိုးတေးကို သီကျူးခဲ့လေ ပြီ။

'မဖြောက်ဖြည်းပါ၊ ခြိမ့်ခြိမ့်သာတည့်၊
ဇယ်ညာရှေ့နောက်၊ နွှဲခေါက်ဝန်းရစ်၊
ကြွေးဟစ်သံရှင့်၊ ရိုက်ဆင်မစဲ၊

စက်ပန်းကြဲလျက်၊ မြခဲဖြိုးဖြိုး၊
ရွှာသွန်းကြိုး၍၊ လိုစိုးမြူးခုန်၊
နတ်ပဒ္မာ့နှင်လျှင်၊ သုန်သုန်မဲလျက်၊
ယုဂန်ချက်က၊ ရှေးထက်ထူးဆန်း၊
ကျူးကသွန်းသည်။ ။စက်ပန်းမိုးလုံးပွင့်ပြီသော်

(မဖြောက်ဖြည်းပါ - ချီ မိုးတောရတု)

မိုးဦးလေဦးမို့ နတ်စည်တော် ရိုက်ကျူး၍ တခြိမ့်ခြိမ့် မြူးလျက်ရှိသည်။ ပုစွန်လက်မ ကက္ကဋ္ဌစည်ကြီး၏ ဆော်ဟည်းသံမှာ ဗယ်ညာရှေ့နောက်ဝန်းရစ်ပတ်ခေါက်လျက် မစဲမည်အောင် တြင်းသံ ဟစ်ကြွေး စစ်ရေးကိုပြနေတော့သည်။ လျှပ်ပန်းလျှပ်နွယ်တို့ကလည်း ပြက်သန်း လျက်ရှိသည်။ သည်မိုးဦး ကာလသည် ရှေးရှေးယခင်က မိုးဦးများနှင့်မတူ၊ တစ်မိုးလုံးလျှပ်စက်ပန်းပွင့်ကာ တထူးတဆန်း ပဒ္မာ့နတ်မှုးကလည်း အာဏာတော်ထူးလျက်… ဘုန်းစွမ်းထက်နေလေတော့သည်။

ဇာကတီဆောင်ခန်း သဥ္စာညောင်ထက် နန်း၌ မပျက်တမ်းသစ္စာဖြင့်ရှစ်ကမ္ဘာသွေမဆိုးအောင် မမုန်းတမ်းချစ်နေရသည့် အိမ်ရှေ့စံ နတ်သျှင်ကိုယ်တော်နှင့် အိမ်ရှေ့မိဖုရား ရာဇဓာတုကလျာတို့မှာ အငြိုးပြင်းသည့်မိုးမင်းကိုပင် ကျေးဇူးတင်ရတော့မည် ကဲ့သို့ ရှိ၏။

"ခြူးစိပ်စိန်ခက်၊ ဝန်းရက်ကြာညောင်၊
လရောင်ပြက်ကာ၊ မွေ့ရာကြက်ရုံး၊
သဇင်အုံးထက်၊ နှလုံးဝယ်ပ၊
ပျောင်းပျမ့်ဟန်…"

(ဘဝင်လုံးလျှင် ချီ မိုးတောရတု)

တူနှစ်ကိုယ်နွဲ့ယှဉ်လျက်၊ ချစ်ပင်လယ်ကြောတွင် နစ်မျောကာ ရွှေသစ္စာတူပြိုင် ချစ်ပန်းခိုင်ဆင်ရ၍ ကြင်ရရန် ကြံစည်ကြိုးပမ်းချက်မှာ ယခုအခါမှပင်ပြည့်ရတော့သည်။ ယခုမူ…ပွင့်ပွင့် လင်းလင်း, ချစ်တင်းနှီးနှော, သဘောတော်ကျ စိတ်လိုရလျက် ပီတိခ, ညောင်း၊ နှစ်ထောင်းအင်ချိုက် ပျော်ပိုက်ရပေပြီ။

## အတိတ်ကအလွမ်းနှင့် ပစ္စုပ္ပန်ချစ်စခန်း

ရှေးယခင်ကမူ နတ်သျှင် ကိုယ်တော်သည် အစ်မတော် ဓာတုကြာဝတ်စုအား ရှုမြော်ကြည့်ကာ ဝေးရပ်ဌာနမှ မျှော်ကာသာ လွမ်း၊ တတမ်းတ,တ, နေခဲ့ရသည်။ အလှဘွဲ့ကို ချီးပ,ကာ ရတုကဗျာစာတော်ဖြင့် ဖျော်ဖြေ၍သာ နေခဲ့ရရှာသည်။ ယခုကဲ့သို့ ရွှေမိုးတပြင် အာကာခွင်ဝယ် ညိုစင်လဲ့မောင်း ရင့်ကျူးကာ လောင်းလျှင် နတ်သျှင်ကိုယ်တော်မှာ အဝေးမှ လွမ်းစိတ်နှင့် ဆွေးကာ၊ ဓာတုမယ်၏ ထွေတော်စကား ကြာဝတ်ပျားကို စိတ်နား၌သာ ကြားယောင်မိရှာခဲ့သည်။

"သခင့်ရပ်ရည်၊ ပြစ်ခြည်မစွန်း၊
ဝင်းရွှန်းသရေ၊ သန္တေတည်ကြည်၊
ကျင့်မူနည်နှင့်၊ ရွှေရည်ပုံ့ကြူ၊
နှုတ်မဇ္ဈူကို၊ ပန်းတူနား၌၊
ဆင်စဉ်ကြိုက်ဝယ်၊ တိမ်တိုက်လှစ်ထွန်း၊
ခြိမ့်ခြိမ့်သွန်းသည်။ ။လျှပ်ပန်းသို့ပင်ထွေခန့်လော့။"

(လွမ်းလှရာတွင် ချီ မိုးတောရတု)

ယခုမူ ဤသို့သော တမ်းတရက်၊ မှန်းဆရက်တို့မှာ ကုန်လွန်ခဲ့၏။ အတိတ်က လွမ်းဖွယ်တို့ ကုန်ကျမ်းလေသော်၊ ပစ္စုပ္ပန်အတွက် စိတ်ဖြေစေရာ အေးကွက်ကို တွေ့ရသည်။ မိုးကြောင့်လည်း စိတ်နှောင့်ရန်မလို၊ စိုးကြောက်၍လည်း စိတ်ဖောက်ရန် မရှိ။ ပကတိ လောကီသုခဖြင့် စံစားရပေပြီ။

ရှေးယခင်ကမူ နတ်သျှင် ကိုယ်တော်သည် နွေ,မိုး,ဆောင်း ဥတုသုံးပါး ပြောင်းရွှေ့သော်လည်း အလွမ်းကို မဖြေ နိုင်ရှာ။ တွေဝေမှိုင်ငေးကာ အပူတေးကိုသာ သီကြွေးခဲ့ရသည်။ ကေတုမတီ တောင်ငူတကြော်ရှိ မနော်မျက်ရှု ကြေးမုံ ပြုရသော သယမ္ဘူရှင်ချစ်၏ ဓာတ်စစ်မွေ တော် ဌာပနာရာ စေတီသာများထံ လှည့် ပတ်ကြွသွားကာ ဆုတောင်းဆုယူ ပြုရခဲ့ သည်။

"ထွန်းစက်သရေ၊ တသောင်းနေ၌၊
သပြေမြရည်၊ သွန်း၍ လည်လည်း၊
ငါးမည် ထွန်းလျှံ၊ နှင့်သာစံသား၊

တင်ရှုပြင်လျှာ၊ သခင်မှာသို့၊
ရောက်လာ ပေကာ၊ ထူး၍လှ၏၊
ညှို့မြမွတ်မွတ်၊ မြထွတ်မူရူ၊
ပြာဖြူလိုလို၊ လဲ့ညှို့မွတ်စင်၊
ရုပ်သွင်ချောညက်၊ ကျွန်ုပ်သက်ကို၊
ဘုန်းစက်လျှံပတ်၊ မိန့်တော်လွှတ်၍၊
ချမ်းမြတ် ငြိမ်းပြေ၊ စုံလျှင်းစေဟု၊
ရစ်ခွေ သုံးပတ်၊လှည့်၍ ညွှတ်သည်၊
များနတ် နှောင်းစွန့် သက်တင်သော၊"

(မွန်းချက်အထွေ ချီ၊ ကျိုက်ကို ဘုရားတိုင်ရတု)

ယခုမူ…'ချမ်းမြတ် ငြိမ်းပြေ၊ စုံ လျှင်းစေ'ရန် တောင်းဆုပတ္ထနာခဲ့မှုတို့မှာ ပြည့်ဝခဲ့လေပြီ။ ရှေးဖူးစာဥဏ္ဏာလုံကံဆုံကာ တွေ့ရပြီမို့ ဂေါသီတစန္ဒကူးမေတ္တာကို နှစ်လို့စွာ ပိုက်သိမ်း၍ အောင်ကိန်းကို ဆောင်ချစ်ကြိုးလည်း နှောင်ခဲ့ရပေပြီ၊ ဘုရားတိုင် ရတုနှင့် တောင်းဆုယူရန်လည်း မလိုတော့။ စေတီရင်ပြင်သာကို သုံးခါပတ်လှည့်ကာ ဦးညွှတ်၍ အပူတိုက်ဖွယ်လည်းမရှိတော့ပေ။

ရှေးယခင်ကမူ စစ်ထွက်သည့်အခါ တွင်မှလည်း စိတ်တော်ကမအေးရပေ။ ရန်သူပုန် အပေါင်းကို ဖြိုခွင်းကာ အောင်ကြွင်းဆင်ရန် ဟူသောစစ်ရေးရာက တစ်ဖက်၊ ဟံသာဝတီနန်း အမရဉ္ဇ စခန်းမလှဘဲ ညှိုးငယ်နေရှာသည့် အစ်မတော် ဓာတုကလျာအတွက် စိတ်မအေးရသည်က တဖြာ၊ နောက်ဆံ တော် တင်းပြီး နှလုံးသားဟဒယတွင် လောင်မီးက ပြင်းသမို့ … ညှိုးလျော် ယင်း တမ်းတခဲ့ရသည်။

"နောက်ရှေ့ဝေဝေ၊ ရှုလေလေတည့်၊
လွမ်းခွေ လွမ်းရစ်၊ အသစ် အဟောင်း၊
ပေါင်းကြရုံးချုပ်၊ ဝန်းလာအုပ်ဟု၊
ကျွန်ုပ်စိတ်တွင်၊ ထင်တုံ၏သို့၊
မယ်တို့နားတွင်၊ ထင်ပါကြစုံ၊
မတုံ့စဖူး၊ တာယူးယူးဝယ်၊

ထူးထူးပန်းမှန်၊ မပန်မိလာ၊
ဖွေရှာ စိတ်က၊ ကြာရလေသေး၊
ဗျာပါ လေးစွ၊ နီးဝေးရှုမြော်၊
ကြည့်ချေသော်လည်း၊ မူးမော်ခွေညွှတ်၊
မပြေတတ်ခဲ့၊ ပတ်ပတ်ခြစ်ခြစ်၊
ကွန့်ရစ် ထစ်ချုန်း၊ စက်သံ မှုန်းသည်၊
မိုးအုန်း ညို့ဂှန် မြခဲလော။ ။"

(အောက်မေ့ ချေ ချေ-ချီ၊ စစ်ချီရတု)

ယခုမူ၊ စစ်မြေစခန်းမှ ထွေတလာ အလွမ်းကို ပြန်လည်တမ်းတရန် မရှိ တော့၊ စစ်မြေလည်း ဝေးခဲ့ပြီ၊ အချစ်အောင်ပွဲကိုလည်း ဆင်နွှဲခဲ့ရပြီ။ စစ်သည်အလွမ်းကို ဆောင်စေ၏။ အချစ်သည် အလွမ်းကိုသာမက အတမ်း ကိုပါ ရှောင်၍ အောင်စခန်းကို ဖွင့်စေလေသည်။ မေတ္တာစစ်တိုက်ပွဲတွင် စစ်တံခွန်စိုက် နတ်သျှင်ကိုယ်တော်မှ အချစ်တံခွန်စိုက်အဖြစ်သို့ ပြောင်းခဲ့ရပေပြီ။

ရှေးယခင်ကမူ ပင်တိုင်စံ ရာဇဓာတုကလျာထံသို့ ကျွန်ယုံရွှေကျေးဖြင့် စာသဝဏ်ကိုပေးကာ အလွမ်းတေး သီကြွေးခဲ့ရသည်။ ရွှေကျေး တမန်ဖြင့် ဝေးလံသော ဒေသသို့ ညွှတ်ခပန်ထွာ ချစ်မေတ္တာလွှာကို ပို့ခဲ့ရသည်။ ဤသို့ အားဖြင့် 'ကျေးစေရတု' စာတော်တို့သည် ဝေဟင်ခရီးမှ လေယာဉ်စီးကာ ဓာတုမယ် ထံပါးသို့ ရောက်ခဲ့ရသည်။

"တုနှိုင်း ဖွေနှည်၊ လှမော သည်မူ၊
လှူပြည် အထွတ်၊ လှခေါင် မှတ်သား၊
မိုးနတ် ယှဉ်စံ၊ ပြိုင်သော် လံလီမ့်၊
မြလျှံ လိုလို၊ မဆို စသာ၊
ကလျာ ပြစ်လွင့်၊ ရှုတိုင်း တင့်သား၊
စိန်ပွင့် ခြူးကြာ၊ သလွန် သာထက်၊
မလ္လာ ခြည်မောင်း၊ သတောင်း ဘုံမြင့်၊
အုံးဆင့် စီမြဲ၊ နွဲလည်း ယုယ၊
လက်သင် မ,၍၊ စေ့မျှ ပြန်ခေါက်၊
ကျွန်ုပ်လျှောက်သား၊ ဝမ်းမြောက် ရွှင်ပျော်၊

မိန့်မှာ သော်မူ၊ မောင်မျှော် တိုင်းပြန်၊
ခက်သန် မဋ္ဌူ၊ ပန်းကို မူကား၊
နံတူ နှစ်ရက်၊ တောင်ထိပ် ထက်ဝယ်၊
ပြိုးပြက် ရောင်လွှတ်၊ မိုးလုံး ပတ်သား၊
လူနတ် ကြည်ညို၊ မွေတော် ကိုလျှင်၊
ကုသိုလ် မျှဝေ၊ စုံလျှင်းစေ" ...

(ရှုတိုင်းထွေလည်-ချီ၊ ကျေးစေရတု)

ယခုမူ ကျေးလည်းစေရန် မလိုတော့။ ချစ်သူဓာတုကလျာမှာ နတ်သျှင်မောင်တော်၏ အပါးဝယ်သာ ရှိလျှက် နေပေပြီ။ စာတစ်တန် ပေတစ်တန် ဖြင့်ဝေးလံရပ်ခြား စေရမည့်အစား၊ အနီးတွင်သာ ယုယပိုက်ဖြား ချစ်တင်းစကားဖြင့် ထောင်နှား နာနိုင်နေပြီ။

သြော်... အတိတ်က လွမ်းခဲ့ရသော်လည်း ပစ္စုပ္ပန်တွင်မူ အချစ်စခန်း ဖွင့်နိုင်ခဲ့လေပြီတည်း။

## ချမ်းဆောင်းရတု-ကင်းငုံလု

"မျိုးသခင်နှင့်၊ ရွှေရင်နွဲ့ပိုက်၊
နှလုံးကြိုက်ဝယ်၊ ခါလိုက်ပတ်ချုပ်၊
မှိုင်းအုပ်ဆီးကြွေ၊ ချမ်းထွေထွေသည်၊
ဝေဘိသည်လည်း - အိုဘဲ့နှင်း။ ။
ခြောက်ခွင်နတ်ဘုံ၊ ရပ်လုံးခြုံဝယ်၊
ငါးစုံအင်နှင့်၊ ဆင်တိုင်းသင့်၍၊
တင့်ဘိသည်လည်း - ညိုလဲ့ဝင်း။ ။
မြတေဖြူဝင်း၊ ပြာလဲ့ရှင်းကို၊
နှင်းကင်းဖက်ရောင်၊ သုံးရွှေဘောင်ဝယ်၊
လှခေါင်စံကျွန်း၊ လ,နှယ်ထွန်း၍၊
ရွှန်းဘိသည်လည်း - ပျိုနွဲ့ရှင်း။ ။"

(နတ်လကျွန်း၍-ချီ၊ ဆောင်းဘွဲ့ရတု)

မိုးရတုကတော့ ကုန်လုပေပြီ။ မိုးနတ်မယ် ရောင်ခွာတိမ်းတော့မည်ဆို လျှင်ပင်၊ ဆောင်းဒေဝီသည် လွှာကတီနှင်းဝတ်ရုံဖြင့် လူ့ဘုံလောကသို့ မရွံ့တရွံ့တိုးဝင်၍ လာသည်။ လောကဓာတ်အလုံးသည် အေးငြိမ်းခြင်း

အသွင်ကို ဆောင်လာခဲ့၏။ မြောက်ပြန်လေညှင်းတို့ပင် သုတ်သွင်းဆော် မြူးစ ပြုလိုခဲ့ပေပြီ။

ကေတုမတီ နန်းဌာနီမှာ တောတောင်ရေမြေ အထွေထွေတို့ဖြင့် ဝန်းဝိုင်းရစ်လည်ကာ ရှိသည့် ဒေသပေမို့ အခြားသော အရပ်ထက် အအေး ဓာတ် သန်တတ်သည်။ သို့သော်လည်း ကြင်ဖော်ကြင်ဖက် တူစုံမောင်နှံတို့ အဖို့ရာတွင်မူ သည်အအေးဓာတ်ကို ရွှေရင်ငွေ့အနွေးဓာတ်က လွှမ်းပတ် ထားနိုင်ပေသည်။

သီတင်းကျွတ်ပြီ ဆိုသည်နှင့်၊ ဥပရာဇာ နတ်သျှင်ကိုယ်တော်နှင့် အိမ် ရှေ့မိဖုရား ရာဇဓာတုကလျာတို့၏ ကြင်မေတ္တာစေတနာ ပွားခဲ့သည်မှာ ငါးလကျော်ခြောက်လအတွင်းသို့ ဝင်လာခဲ့သည်။

ထို ရွှေမေတ္တာသက် ခြောက်လမျှသော အချိန်စက်တို့တွင် ခဏတိုင်း၊ လယတိုင်း၊ ခရာတိုင်း··· ပျော်မွေ့ဖွယ်ဖြင့်သာ အတိပြီးခဲ့လေသည်။ လက်ထပ်သဘင် မော်ကွန်းယင်ပြီးသည့် အချိန်မှစ၍ မင်္ဂလာဖြိုးမြင့် တိုးတင့်ကျက်သရေ လျှမ်းလျှမ်းဝေလျက် ရွှေနှင့်ကားမြနေနှင့်လသို့ ရေကြာ့ ကြာမြင့် လျှံဝင့်သရေ ပွားဆင့်ဝေကာ မသွေသက်နှံ ကြင်ဖက်စံသည် မျက်ပျံဝန်းရစ်လည်ခဲ့သည်။ မင်္ဂလာမိုး သွန်းကာဖြိုးသည် တင့်တိုးကျက် သရေ ကြွယ်ခဲ့သည်။ ဣန္ဒြိသီရိ မဟိဒ္ဓိသည် ကိတ္တိဖြိုးကာ စည်ခဲ့သည်။

နတ်သျှင်ကိုယ်တော်နှင့် ကြင်ဖော် ရာဇဓာတုကလျာတို့အဖို့ လူ့ လောကကြီးမှ အလိုချင်ဆုံး အတောင့်တဆုံး အရာဝတ္ထုတစ်ခုသာ ရှိခဲ့သည်။ ထိုအရာကား 'ရင့်တွင်းပုတ္တာ သားသည်းလျာ'ပင် ဖြစ်၏။ နှစ်ကိုယ်တူ ကြင်ရေးနှင့် ချစ်ဆေးဖော်ကာ ရွှင်ပျော်ခဲ့လေငြားလည်း ထီးမွေနန်းညွှာက် တပါးသော သားတစ်ယောက်ကို ဝမ်းမြောက်ရွှင်ကြည် လိုချင်ခဲ့ပေသည်။ သို့သော်···သက်တော် ၄၃-နှစ်သို့ပင် ချဉ်းလုနီးပြီ ဖြစ်သည့် ရာဇဓာတုက လျာအဖို့ သားရတနာ ရနိုင်ပါဦးမည်လော···

အမှန်အားဖြင့် နတ်သျှင်ကိုယ်တော်သည် အရွယ်တော်နှင့် မလိုက် အောင်ပင် အကြံတော်က ကြီးမားတော်မူခဲ့၏။ ဘိုးတော် ဟံသာဝတီ ဆင် ဖြူများရှင် ဘုရင့်နောင် ကိုယ်တော်ကြီး၏ ထုံးကိုနှလုံးမူကာ ဧကရာဇ မင်းအဖြစ်ကို နှေ့ရှိသ၍ မျှော်မှန်းတော်မူခဲ့သည်။ မိမိအထွတ်အထိပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရာဇဓာတုကလျာ စုဖုရားအား အဂ္ဂမဟေသီ

လက်ယာစံ ဒေဝီအဖြစ် မြှောက်စားရန် စိတ်အားတော်လည်း သန်လှသည်။ ထိုအကြောင်းကို ရှေးမဆွကပင် ရာဇဓာတုကလျာထံ ရတုပန်း သွယ်ခဲ့ရာ၌ ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်၏။

"သောင်းခွင်လက်ယာ၊ ကျွန်းအောင်ချာဝယ်၊
စကြာရဟတ်၊ လေးမည်ပတ်သား၊
မန္တာတ်တွင်မော၊ ဘေးလောင်းစောသို့၊
မုန္နာခံမြှောက်၊ ဘိသိက်မြှောက်၍၊
ကွန်းပြောက်သဘင်၊ ဘုံသာခွင်ဝယ်၊
ရွက်ရှင်လှစ်တွန်း၊ တောင်နေထွန်းသို့၊
ဖြန့်ဝန်းရိပ်ဖြူ စံတော်မူ"...

(လွမ်းလှရာတွင်-ချီ၊ မိုးတောရတု)

ထိုမျှသာမက ဘိုးတော်၏ အရိုက်အရာကို သူသာလျှင် ဆောင်းသင့်သည်ဟု နှလုံးပိုက်တော်မူပြီးဖြစ်၏။ မင်းမြှောက်တန်ဆာ ငါးပါးအပါအဝင်ဖြစ်သော ထီးဖြူတော်ကို ဆောင်းတော်မူလိုသည့် ဆန္ဒ အာလျ ကလည်း အားကြီးတော်မူသည်။*

ထို့ကြောင့် တဖက်တွင် ကြင်စေတနာ လျှမ်းတက်သည့် နန်းဘိသိက်ဖက် ဓာတုမယ်နှင့် စံရှင်ယင်း၊ အခြားတဖက်တွင်လည်း အာဏာတော်တိုးတက်ကာ လက်ရုံးတော်ထက်၍ မြန်တိုင်းထက် ဤဇမ္ဗူ၌ ရည်တူဖွယ်ကင်းသော 'မင်းထက်မင်း' ဖြစ်စေရန် ကြံစည်တော်မူနေလေသည်။

သီတင်းကျွတ်သည် ကုန်ဆုံးဤလာခဲ့သည်၊ တန်ဆောင်မုန်းသို့ ချဉ်းနင်းဝင်ရောက်ကာ လာလေသည်။ မောင်မယ်နှစ်ဦးတို့မှာ ပျော်တပြုံးပြုံး မော်မဆုံးနှင့်...

## ဓာတုကလျာ နတ်ရွာစံခြင်း

"ဝါကျွတ်လွန်ပွဲ၊ သဘင်စဲကာ၊
ခဝဲရွှေရည်၊ ပေါ်တော့မည်"...

သက္ကရာဇ် ၉၆၅ ခု တန်ဆောင်မုန်းလ...

---

* ထိုအကြောင်းကို 'နတ်သျှင်နောင် သစ္စာဖောက်မဖောက်' အခန်းတွင် အကျယ်တဝင့် ဖော်ပြရေးသားပါမည်။

ကေတုမတီထိပ်ထား ရာဇဓာတုကလျာစုဖုရားသည် မင်္ဂလာအိမ်တော်၏ လက်ယာဖက်တွင် စိုက်ပျိုးထားသော ပန်းခုံတော်အတွင်း အပျိုတော်များ ခင်းထားသည့် သဋ္ဌာလီထက်တွင် ထိုင်တော်မူလျက် ဩကာသသဘာဝ လောက၏ တင့်တယ်သော အဆင်းကို ရှုကြည့်မူယင်း စိတ်ပန်းဖြေလျက်ရှိသည်။

ဟံသာဝတီနန်းမှ ကေတုမတီနန်းသို့ လွှဲပြောင်းစံစားရကာ မောင်တော်နတ်သျှင်နောင်၏ မေတ္တာရင်ခွင်တွင် ခိုလှုံခဲ့ရသည်မှာ ခြောက်လပင်ကျော်ပေတော့မည်။ နတ်သျှင်၏ ယုယမှုချစ်ကြင်မှု ပိုက်ထွေးမှုတို့ကိုလည်း အပြည့်အဝ ခံစားရကာ စိတ်နှလုံး ကြည်သာတော် မူခဲ့သည်။

ဤပန်းခုံတော်တွင် မောင်မယ်နှစ်ပါး ပိုက်ဖြားယုယလျက် သမုဒယနွယ်ဆက်ကာ ကြင်ဖက် ဖွင့်ခဲ့ရမှုကို ဓာတုမယ်သည် တစ်မြုံ့မြုံ့တွေးယင်း စိတ်နှစ်လုံး အေးမိသည်။ ကေတုမတီနန်းသို့ ရောက်ခါစက ဤပန်းခုံတော်တဝိုက်တွင် မြတ်လေးပန်းရုံမှ ရနံ့တို့က လှိုက်ကာ လှောင်းကာ မွှေးရနံ့သာခဲ့သည်။ မိဿဂိမှာန် သင်္ကြန်ခါကျူး အတာတော်ကူးခဲ့စဉ်က၊ နွေရာသီစရိုက် ညွန့်ကိုက်ဝေဖါး မြသွေးမြသားနှင့်တူသည့် သစ်ရွက်စိမ်းများ ကိုကြည့်ရှုတော်မူခဲ့ရ၏။ သာယာသော ဥညြတွန်သံများကို ရွှေနားစိုက်ကာကောင်းကင်နယ် တစ်ဝိုက်က လိုက်တမ်းပြေးတမ်းကစားသည့် တိမ်နဂါးတိမ်ဂဠုန်တို့နှင့် ဆေးအစုံ တိမ်ရုပ်ပုံ တိမ်မှော်ရုံများကို မျှော်တွေးပြီးအတွေးနှင့်အဆွေး နိပါတ်ကိုလည်း ဖွင့်တော်မူခဲ့ဖူးသည်။

နွေရာသီမို့ ရွှေဖီထုံပန်းကလေးတွေကလည်း တသင်းသင်းနှင့်၊ ပေါက်ကာစ သစ်ရွက်ချပ်လွှာကလေးများကလည်း အသာအယာ လေယူတိမ်းပြီးစိမ်းနေလိုက်ကြသည့် မြရွက်လွှာ။ မြေဇာမြက်ခင်းပေါ်တွင် လေညှင်းချွေ၍ကြွေကြသည့် ပန်းဝတ်မှုန်၊ မပွင့်တပွင့် အငုံရင့်အငုံထွား ကလေးများတွင်ပျားပိတုန်းကောင်များက တစီစီ၊ ဥညြသို့ အဖိုအမတို့၏ ကိုယ်တကြွကြွနှင့်ချိုမြမြတွန်ကြသည့် သံပြိုင်တေး။ ဤသို့သော နွေရာသီပန်းချီကားချပ်ကိုကျော်လွန်ခဲ့ရသည်။

တစ်ဖန်တုံ… အာကာနဘ်တွင် သွင်ဟာန်ထူးခြား မိုးသားတိမ်တိုက်တို့ လွှမ်းပိုက်ခြုံလွှာ ပစ္စုန်မှူး အမွှံမောင်၏ ရန်ထောင်လှာသော မိုးရတုကိုလည်း ကျော်လွှား၍ လာရသည်။

"ကိုးမည်မျက်ရှင်၊ ဒုယင်သွန်းသွန်း၊
ခါးပန်းရစ်နှောင်၊ ပန်းရောင်ရည်စွတ်၊
ချိန်သင့်ဝတ်၍၊ ကြိမ်းခတ်ကြလျက်၊
ခွင်စုံဖက်သည်၊ ဘဝဂ်တိမ်ဝယ်၊
တိမ်ချင်းနွယ်လျက်၊ တိမ်ငယ်ရိပ်ကြွ၊
တင့်ရည်းလှသား၊ မာဃသဘင်၊
ရေသွန်းယင်သော်၊ ဝါဝင်လုံးလုံး၊
ရက်ကျုံးချိန်သင့်၊ သို့စင်မြင်ခဲ့…"

(သတ်မှတ်ပါမည်၊ ချီရတု)

ဝါတွင်းလေးလ ကာလပတ်လုံး ဤကေတုမတီ နန်းဌာနီတွင် အချိန်ကုန်ဆုံး ခဲ့ရသည်၊ ယခုမူ…ဝါလ ကင်းလွတ်ကာ တန်ဆောင်မုန်းသို့ပင် ရောက်ခဲ့ပြီ။

"ညက်ပြာမွတ်ကြည်၊ ပြစ်ဟူသည်လည်း၊
ရိပ်ခြည်ဝေးလင့်၊ မရှိတင့်တည့်၊
ခြောက်ဆင့်ဘုံနေ၊ နတ်သာပေဟု၊
မြတေတမွတ်၊ ဝင်းငြိမ့်လတ်လျှင်-
ဝါကျွတ်လွန်ပွဲ၊ သဘင်စဲက၊
ခဝဲရွှေရည်၊ ပေါ်တော့မည်ဟု၊
ရိပ်ခြည်မပြ၊ မြွက်ကာဟ,လျက်…"

(သတ်မှတ်ပါမည်၊ ချီရတု)

"ဩော်… ၆-လကျော်လို့ ၇-လတွင်း ဝင်ပေတော့မည်…"

အချိန်ကာလ၏ ရွေ့ပြောင်းခြင်းကို ရာဇဓာတုကလျာသည် တွေးရည် တွက်ဆကာ စဉ်းစားခန်း ဖွင့်လျက်ရှိသည်။ အတိတ်ကအဖြစ် ပစ္စုပ္ပန်၏ အခြေအနေနှင့် အနာဂတ်အတွက် မျှော်မှန်းချက်တို့ကို တွေးယင်း စိတ်လေးနေဘိသကဲ့သို့လည်း ရှိသည်။

ပန်းတင်ခုံသို့ ထွက်ကြွရာမှအပြန်…ထိုနေ့ ညဉ့်ဦးယံတွင်ပင် ရာဇဓာတုကလျာမှာ သွေးလေဖောက်ပြား ဝေဒနာများ စွဲကပ်တော်မူသည်။ နတ်သျှင်ကိုယ်တော်သည် ချက်ချင်းပင် သမားဟူးရား အကျော်များဖြင့် ဂရုတစိုက် ကုသစေသည်။ ကိုယ်တော်တိုင်လည်း ပိုက်ထွေးယုယ ပြုစုတော်မူသည်။

ဝေဒနာတော်သည် မည်မျှပင် ကုသသော်လည်း ဆုတ်ယုတ်သည် မရှိ… တစ်နေ့တခြား တိုးတက်လျက်သာလာ၏။

ဖွားတော်မူစမှစ၍ တွေ့ကြုံခဲ့ရသော ကာယိက ဝေဒနာ၊ စေတသိက ဝေဒနာတို့ကြောင့် ခန္ဓာကိုယ်တော်မှာ ညှိုးနွမ်းနေရသည့်အထဲ ဝေဒနာက ဖိစီးကဲလွန်လာသောအခါ မလှုပ်မရှားနိုင်အောင်ပင် ရှိတော်မူသည်။

"အစ်မတော်…အစ်မတော် စုဖုရား…"

သဗ္ဗာလီ ညောင်စောင်းထက်ရှိ ကတ္တီပါ အခင်းပေါ်တွင် မှီအုံးတော်ကို မှီကာ မှိန်းလျက်ရှိသည့် ရာဇဓာတုကလျာကို နတ်သျှင်ကိုယ်တော်သည် ငေးမြော်ကြည့်ယင်း မျက်ရည်တော်များ ရစ်လည်၍ လာသည်။ လက်ဖဝါးတော် နုနုကို အသာကိုင်လျက် အစ်မတော် စုဖုရားဟု ခေါ်တော်မူလိုက်သောအခါ ဓာတုမယ်၏ မွေးယှက်နေသော မျက်တောင်တို့မှ တဖြေးဖြေး ကော့တက်ကာလာသည်။ သို့သော် မိဂသီ သမင်မ၏ အဆင်းကဲ့သို့ တစ်ကြိမ်က ကြည်လင်လှသော မျက်လုံးတော်တို့၏ အရောင်မှာ မှေးမှိန်လျက် ရှိလေပြီ။

"အစ်မတော်…အစ်မတော် စုဖုရား…"

"မောင်…မောင်တော် နတ်သျှင်…"

"နေသာတော်မူပါစ အစ်မတော်…"

ရာဇဓာတုကလျာသည် ဦးခေါင်းတော်ကို အားယူကာ ညိတ်ပြသည်။

"ဝမ်းသာလိုက်တာ အစ်မတော်ရယ်…ဟောဒီမှာ ပေါ်ဦးပေါ်ဖျား တောင်မြိုင်ယံက ဆက်လာတဲ့ သန့်စင်ပန်းများကို မောင်တော်ယူလာခဲ့ပါတယ်။ နှလုံးတော် အေးကြည်ဖို့ မွှေးတော်မူပါရော့…"

သန့်စင်ပန်းများကို နတ်သျှင်ကိုယ်တော်သည် အစ်မတော်၏ လက်ထဲသို့ ထည့်လိုက်၏။

"ဩော်…သန့်စင်ပန်းတွေတောင် ပေါ်တော့မှာကိုး…အင်း… သင်္ခါရ… သင်္ခါရ…အချိန်တွေဟာ မနေမနား လှည့်ပတ်သွားလာ နေလိုက်တာ တလောကပဲ ပိတောက်ပန်းခိုင်တွေ တဝေဝေနဲ့… ဟော…အခု သန့်စင်တွေ အချိန်တွေရင့်ညောင်းသလို လူလည်းရင့်ညောင်း လာခဲ့ပြီ…"

ဓာတုမယ်သည် ပန်းများကို ကြည့်ကာ သံဝေဓေးကို ဆိုလိုက်လေသည်။

"အမတော်…နှုတ်တော်ထွေပြား စကားတော် မပြောပါနဲ့ မောင်တော်မူးပါ့မယ်…။"

ဓာတုမယ်သည် အားတင်းကာ ပြုံးလိုက်သည်။

"မထူးတော့ပါဘူး…အစ်မတော်ဟာ မီးစာကုန်ဆီခမ်းနေပါပြီ… ရှင့်ရော်အိုမင်းမှဲ့ယွင်းလို့ ကြွေကျတော့မယ့် သစ်သီးလိုပါပဲ-"

"အို…မဟုတ်တာဘဲ…အစ်မတော်…"

"ဟုတ်ပါတယ်…မောင်တော်…အစ်မတော် မနေရတော့ပါဘူး လေ၊ အစ်မတော်ဟာ မောင်တော့်အတွက် အသက်ရှည်ခဲ့ရတာပါ… မောင်တော် အထွတ်အမြတ်ရောက်တဲ့ အချိန်အထိတော့ နေချင်ပါသေးတယ်၊ ဒါပေမဲ့… လောကမှာ ကြံတိုင်းလည်းမဖြစ် အနတ္တဆိုတဲ့ တရားက အရာရာမှာ လွှမ်းမိုးနေလေတော့…"

ဓာတုမယ်သည် ပင့်သက် ရှိုက်လိုက်လေသည်။ နတ်သျှင်ကိုယ်တော်က အပါးသို့ တိုး၍ ခစားကာ ကိုယ်တော်ကို ပိုက်ထွေးထား၏။

"အစ်မတော်…အစ်မတော်…သတိထားပါ…"

"သတိထားပါတယ်…အစ်မတော်ဟာ မောင်တော် နတ်သျှင်ကို လေ…ကိုယ့်ရဲ့တူတော်မောင်လေးလိုလည်း မေတ္တာထားခဲ့တယ်။ မောင်တော်လေး အရင်းလိုလဲ ချစ်မြတ်နိုး ခဲ့တယ်၊ နောက်…နောက်ဆုံး… ချစ်သက်လျာထူး…သစ္စာ ညွှန့်ဖူးနဲ့ ကြင်ယာတော်တစ်ဦးအဖြစ်လည်း သက်လုံးပုံပြီး ချစ်ခဲ့ရတယ်။ ဒါကို မောင်တော် သိပြီးသား မဟုတ်လားဟင်…"

"သိပါတယ် အစ်မတော်…"

"ကဲ…အခုတော့ မောင်တော်နဲ့ ခွဲရတော့မယ်… မောင်တော် အတွက် ထီးမွေနန်းညှောက် သားတော်တစ်ယောက် ထားခဲ့ချင်ပေမယ့် အချိန်နှောင်းခဲ့ပြီ…"

နတ်သျှင် ကိုယ်တော်သည် စိတ်နှလုံးထိခိုက်လှသဖြင့် မျက်ရည်တော် စီးသွယ်ခဲ့ရလေပြီ။

"အချိန်မနှောင်းသေးပါဘူး…အစ်မတော် နေကောင်းတော် မူတော့မှာပါ…"

"နှစ်သိမ့်မှု မပြုပါနဲ့တော့လေ… မောင်တော်…မောင်တော်ဟာ အစ်မတော်အတွက် ဟောဒီပေါ်ဦးပေါ်ဖျား သန့်စင်ပန်းတွေကို မြတ်ဘုရား

ထံပါး ဝပ်တွားလျှုဒါန်းပြီး ဆုမွန်ကောင်း တောင်းရစ်ပါတော့… ဟံသာဝတီ နေပြည်တော်မှာရှိတဲ့ ခမည်းတော်ဘုရားရဲ့ ကုသိုလ်တော်မဟာစေတီတော်မှာ လှူဒါန်းပါ…အစ်မတော်ဟာ… မောင်တော်… မောင်တော်ရဲ့ အကြံအစည်အောင်မြင်ပါစေ… စိတ်အကြံမြောက်ပြီး အဓိဋ္ဌာန် ပေါက်တော်မူပါစေလို့ ဆုတောင်းပါတယ်…မောင်တော်…"

ရာဇဓာတုကလျာသည် အမောတော် ဖောက်လာ၍ မျက်လုံးတော်မှိတ်ကာ နှုတ်တော်ပိတ်သွားလေသည်။ နတ်သျှင်ကိုယ်တော်နှင့်တကွ တနန်းတော်လုံးပင် အိမ်ရှေ့မယ် ဓာတုအတွက် စိတ်နှလုံး ညှိုးချုံးလျက်ရှိကြသည်။

ဝေဒနာတော်မှာ တစ်ချိန်ထက်တစ်ချိန် တိုးတက်၍ လာ၏။

"သက္ကရာဇ် ၉၆၅-ခု၊ တန်ဆောင်မုန်းလ၏ တစ်ခုသောနေ့…"

ထိုနေ့တွင် ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး၏ သမီးတော်၊ ဟံသာဝတီအိမ်ရှေ့စံ မဟာဥပရာဇာ မင်းကြီးစွာ၏ မိဖုရားဟောင်း၊ ကေတုမတီ တောင်ငူ မဟာဥပရာဇာ နတ်သျှင်နောင်၏ မိဖုရား၊ သက်တော် ၄၃-နှစ်ရှိ 'ရာဇဓာတုကလျာ စုဖုရား'သည် လေးလံသော ခန္ဓာဝန်ကို စွန့်ကာ နတ်ရပ်ဌာန်သို့ ကြွမြန်းခဲ့လေတော့သည်။

ရာဇဓာတုကလျာ လွန်တော်မူပြီးနောက်၊ မှီတော်မူခဲ့သော အုံးဝန်းအောက်မှ ပုရပိုက်တစ်ဆူ ထွက်လာခဲ့သည်။ ထိုပုရပိုက်ထဲတွင်ကား ရာဇဓာတုကလျာကိုယ်တော်တိုင် ဝိုင်းစက်သော လက်ရေးဖြင့် တင်သခဲ့ရှာသည့် 'ကလျာရွှေညီ' ချီရတု ပိုဒ်စုံကို တွေ့ရပေသတည်း။

### ရာဇဓာတုကလျာဖွဲ့ဆိုတော်မူခဲ့သည်ဟု မှတ်တမ်းတင်ထားခဲ့သော (ရတု-ပိုဒ်စုံ)*

❒ ကလျာရွှေညီ၊ နန်းကေသီသို့၊
ဦးချီလက်စုံ၊ ရှိပဒုံဖြင့်၊

---

* အချို့က ဤရတုကို လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်ဟု ယူဆသည်။ ဤရတုကို 'နတ်သျှင်နောင်' (လယ်တီပဏ္ဍိတ)၊ ချိုးဖြူစာပေတိုက် ၁၉၆၅ ခုထုတ် စာမျက်နှာ ၁၉၉-၂၀၀ တွင် ရှုပါ။

ခိုလှုံဖျဖျ၊ ခစားကြ၍၊
ဂီတသံအေး၊ ငြိမ့်လေးညင်းတွဲ့၊
နန်းဟန်ဖွဲ့၍၊ ကန့်ကလျ၊
ဖြေဖျော်ကြလည်း၊ သောကကိန်းအောင်း၊
ပူလက်ဟောင်းကြောင့်၊ ပျော်ကြောင်းမထင်၊
ပူကြွေးတင်၍၊ မရွှင်လျက်နှင့်၊
ရွှင်ယောင်ကျင့်သည်။ ။
ခုဖြင့် ဖြေခက် သည်တကား။
❒ မြလွှာဝေစီ၊ နွေခမ္ဘီဝယ်၊
ရွှေဖီသင်းပျံ့၊ နှင်းရနံ့နှင့်၊
ခင်းညှံ့မြေဇာ၊ လေညှင်းလာက၊
ရွှေမာလာငုံ၊ ပန်းဝတ်မှုံတို့၊
ကြွေတုံသက်ဆင်း၊ ကိုက်ငုံကင်းနှင့်၊
အင်ကြင်းဖြူနီ၊ ရိုးတံချီလျက်၊
သံညီဥသြ၊ နှုတ်ချိုနှော၍၊
တောင်တာသာခွင့်၊ ရာသီဖွင့်သည်။
နှုရင့်နွေစက် လည်တကား။ ။
❒ မဟာစေတီ၊ မွေသရီ၏၊
မြေညီခင်းပြန့်၊ သလင်းသန့်ဝယ်၊
နှင်းပန်းတပဲ၊ ဝတ်ဖြူလဲနှင့်၊
နန်းထဲနန်းလေ့၊ သီမဌေ့ပဲ၊
ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်၊
ခိုင်တည်နှလုံး၊ တဖြောင့်သုံး၍၊
နှောင်ထုံးကေမင်၊ ဖြေလျော့ချင်လည်း၊
နတ်သျှင်သူ့ကြောင့်၊ တရေးမှောင့်ခဲ့၊
မဖြောင့်ပျံ့လွင့်၊ နှောင်ကြိုးဝင့်သည်။
လုလင့်ငွေမျက်ရည် တကား။ ။

*

## ဓာတုကလျာ၏ဘဝဖြစ်တော်စဉ်

'ရာဇဓာတုကလျာ'သည် ရုပ်ဆင်းကြန်အင် သွင်ပြင်လက္ခဏာ ငယ်စဉ်ခါကပင် လွန်စွာပြည့်စုံလေသည်။ မိန်းမမြတ်တို့၏ လက္ခဏာငါးဖြာသော ကောင်းခြင်းနှင့် ပြည့်စုံ၍ နတ်ဘုံမှ စုတေလျက် ရွှေကြာပဒုံဖူးငုံပန်းခက်အတွင်း သက်ဆင်းကျရောက်သော သံသေဒဇ ပဋိသန်ဖြင့် နေဖန်အရှိန် ပုဏ္ဏာမိန်စန်းငွေ့ ထိတွေ့ရင့်မာလျက် အချိန်သင့်စွာ ဖွားမြင်လာသော အာသဏ္ဏမေကြာနန်းဆွေကဲ့သို့ ကျက်သရေထိန်တင့် အလှပန်းပွင့်ပေ သော မိန်းမမြတ်တစ်ဦးဖြစ်ပေသည်။

ခမည်းတော် မင်းတရားကြီးသည် သားတော် သမီးတော်အများတို့တွင် ထူးခြားသာလွန်စွာ ချစ်ခင် ယုယတော်မူလျက် 'ရာဇဓာတုကလျာ' ဟူသော ဘွဲ့မည်တော် အထူးဖြင့် ထူးထူးချွန်ချွန် အလွန်မြှောက်စားတော်မူခဲ့လေသည်။ *

သို့သော် ရာဇဓာတုကလျာသည် သက္ကရာဇ် ၉၆၄-အရောက်တွင်မှပင် ဘဝ၏ အေးကွက်ကို နင်းနိုင်တော်မူခဲ့လေသည်။

အမှန်အားဖြင့် ရာဇဓာတုကလျာသည် မွေးဖွားတော်မူခဲ့သည့် သက္ကရာဇ် ၉၂၁-ခုနှစ်မှစ၍ ယခုနတ်သျှင်ကိုယ်တော်နှင့် စုလျားသွယ်ယှက် မေတ္တာတော် ဖက်ခဲ့ရသော သက္ကရာဇ် ၉၆၄-ခုအထိ၊ သက်တော် ၄၃-နှစ်သော ကာလအပိုင်းအခြားအတွင်း စိတ်နှလုံးတော် ကြည်အေးချမ်းသာမှုကို ယေဘူယျအားဖြင့် ခံစားရတော်မူခြင်း မရှိခဲ့သေးပေ။

ရာဇဓာတုကလျာစုဖုရား၏ ဘဝဖြစ်တော်စဉ်ကို လေ့လာလျှင် အောက်ပါတိုင်းတွေ့ရှိရပေသည်။

(က) သက္ကရာဇ် ၉၂၁-ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ မဟာစေတီတွင် ဌာပနာရန် ဓာတ်တော်မွေတော်များ အပူဇော်ခံသောနေ့၌ အထူးထူးခြားခြား ဖွားမြင်တော် မူလာရသည်။

(ခ) သက္ကရာဇ် ၉၂၆-ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်နေ့တွင် အားကိုးသမှု အမှီပြုတော်မူရသော မယ်တော် ရာဇဒေဝီ မိဖု

---

* နတ်သျှင်နောင် (လယ်တီပဏ္ဍိတ)၃-၄

ရားကြီး နတ်ရွာစံတော်မူသည်။ ထိုအခါ သမယတွင် ရာဇ ဓာတုကလျာမှာသက်တော် ၅-နှစ်ပင် မပြည့်တတ်သေးပေ။

(ဂ) သက္ကရာဇ် ၉၃၄-ခု၊ တပေါင်းလဆန်း ၃-ရက်၊ ဗုဒ္ဓဟူးနေ့၊ ရာဇဓာတုကလျာ၏ သက်တော် ၁၃-နှစ်အကျော်တွင် ခမ်း နားကြီးကျယ်စွာ ကဏ္ဍဝိဇ္ဇနနားသ,မင်္ဂလာ ပြုတော်မူခဲ့သည်။

(ဃ) သက္ကရာဇ် ၉၄၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့သည်ကား ရာဇဓာတုကလျာအဖို့ မှီခိုအားထားရာ ရွှေတောင်ကြီး လဲပြို သည့် နေ့ဖြစ်သည်။ ထိုနေ့ရက်တွင် ခမည်းတော် ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး နတ်ရွာစံတော် မူခဲ့သည်။ ထိုအချိန်တွင် ရာဇဓာတုကလျာ စုဖုရားမှာ သက် တော် ၂၂ နှစ်ခန့်သာ ရှိပေသေးသည်။

(င) သက္ကရာဇ် ၉၄၄ ခုနှစ်မှ ၉၄၈ ခုနှစ် ၄ နှစ်မျှသော ကာလအ တွင်း ဟံသာဝတီအိမ်ရှေ့ ဥပရာဇမင်းကြီးစွာနှင့် ရွက်ပုန်းသီး မေတ္တာသွယ်ယှက်ခဲ့ရသည်။ ရာဇဓာတုကလျာနှင့် ဥပရာဇာတို့ ၏အဖြစ်ကို ဥပရာဇာမိဖုရား နတ်ရှင်မယ်တော် သိတော် မူသွားသဖြင့် သက္ကရာဇ် ၉၄၅-ခုနှစ်တွင် ဟံသာဝတီနှင့် အင်းဝ နှစ်နိုင်ငံစစ်ခင်းခဲ့ရသည်၊ နိုင်ငံတော်အတွင်း ညီညွတ် ရေးပျက်ယွင်းကာ ယိုးဒယားကဲ့သို့သော လက်အောက်ခံနိုင်ငံ များက ထောင်ထားခြင်း ခံရသည်။ ယိုးဒယားနှင့် စစ်ပွဲ အ ကြိမ်ကြိမ်ဖြစ်ကာ သွေးချောင်း စီးခဲ့သည်။

(စ) သက္ကရာဇ် ၉၄၈ ခု၊ ဟံသာဝတီ ဘုရင်ကိုယ်တော်တိုင် ယိုးဒယားသို့ စစ်ချီစဉ်၊ ဟံသာဝတီမြို့စောင့် ထားခဲ့သော အိမ်ရှေ့ ဥပရာဇာမင်းကြီးစွာက ပင်တိုင်စံ ရာဇဓာတုကလျာ ကို သိမ်းပိုက်တော်မူသည်။ ဤသို့အားဖြင့် ရာဇဓာတုကလျာ သည် သက်တော် ၂၇ နှစ်တွင် အိမ်ရှေ့မိဖုရားအဖြစ် ရောက် တော်မူရသည်။

(ဆ) သက္ကရာဇ် ၉၅၄ ခု၊ တပို့တွဲလဆန်း ၈ ရက်နေ့တွင်၊ (ယိုး ဒယားသို့ ပဉ္စမအကြိမ် စစ်ချီတော်မူခဲ့သော) မဟာဥပ ရာဇာသည် ယိုးဒယား-ဗြနရာဇ်နှင့် စီးချင်းထိုးရန် အပြင်တွင်

ကံအကြောင်းမလှ၍ ရန်သူ၏ စိန်ပြောင်းဒဏ်သင့်ကာ နတ်ရွာစံတော်မူရသည်။ ထို့ကြောင့် သက်တော် ၃၃ နှစ်ရှိ အိမ်ရှေ့မိဖုရား ရာဇဓာတုကလျာသည် မိဖုရားသက် ၆ နှစ်အရတွင် ကြင်ယာတော်ဆုံး၍ လူလုံးမလှ မုဆိုးမဖြစ်တော်မူရသည်။

(ဈ) သက္ကရာဇ် ၉၅၄ တပေါင်းလနောက်ပိုင်းတွင် ရာဇဓာတုကလျာသည် တူတော် မတ်တော် နှစ်ဖြာတော်သော တောင်ငူမင်းသား နတ်သျှင်နောင်နှင့် တွေ့ရသည်၊ သက်တော် ၁၅ နှစ်မျှသာ ရှိသေးသော နတ်သျှင်ကိုယ်တော်၏ မေတ္တာတော်တောင်းခံချက်ကို ရာဇဓာတုကလျာ မငြင်းမပယ်သာအောင်ဖြစ်ခဲ့ရသည်။ သက်တော်က ကွာခြား...ဝါတော်အားကလည်း တားဆီးနေသောကြောင့် ရောင့်ရှားသော်လည်း မရနိုင်ခဲ့။ ထို့ကြောင့် ရွက်ပုန်းသီးအချစ်စခန်း ဖွင့်တော်မူရပြန်သည်။

(ည) သက္ကရာဇ် ၉၅၅ မှ ၉၅၈ ခုနှစ်အတွင်း ဟံသာဝတီထီးနန်းအခြေမခိုင်တော့ဘဲ လှုပ်ရှား ပျက်ယွင်းနေဆဲတွင် ရာဇဓာတုကလျာမှာ ဟံသာဝတီ နန်း၌ပင် ညှိုးနွမ်းစွာ စံတော်မူနေရသည်။ မောင်တော် နတ်သျှင်ကိုယ်တော်၏ အဝေးမှ မေတ္တာတော် စေတမန်ဖြင့် အားပေးမှုကြောင့်သာ ဖြေဆည်နိုင်သေးတော့သည်။

(ဋ) သက္ကရာဇ် ၉၆၁ ခု၊ ပြာသိုလဆန်း ၄ ရက်နေ့တွင် ဟံသာဝတီနန်းဆက်ပျက်၍ တောင်ငူအားက လွှမ်းမိုးလာသည်။ နန်းကျဘုရင် ငါးဆူဒါယကာနှင့်အတူ နှမတော် ရာဇဓာတုကလျာမှာလည်း ကေတုမတီနန်းသို့ ပါရသည်။ ဤတွင် နတ်သျှင်ကိုယ်တော်နှင့် ကြုံရ၊ဆုံရ၊ တွေ့ရကာ ရွှေမေတ္တာကို တိတ်တခိုးကူးယှက်ရသည်။

(ဌ) သက္ကရာဇ် ၉၆၄ ခု၊ တန်ခူးလဆန်း ၈-ရက် တနင်္ဂနွေနေ့၊ ရာဇဓာတုကလျာ၏ သက်တော် ၄၃ နှစ် ၄ လအရောက်တွင် တောင်ငူ မဟာဉပရာဇာ နတ်သျှင်ကိုယ်တော်နှင့် စုလျား

ရစ်ပတ် ရေသွန်း လက်ထပ်ခြင်း ခံတော်မူရသည်။ သို့သော်… မေတ္တာ သစ္စာသွယ်ရသည်ကား နှစ်ရှည်လများ မဟုတ်ပေ။

(ဠ) သက္ကရာဇ် ၉၆၅ ခု တန်ဆောင်မုန်းလ၊ ရာဇဓာတုကလျာ၏ သက်တော် ၄၄ နှစ်ပြည့်ရန် ၁ လအလို အိမ်ရှေ့မိဖုရားသက် ၈ လအဝင်တွင် ကြင်ချစ်သူ နတ်သျှင်ကိုယ်တော်အား စွန့်ခွာကာ နတ်ရွာစံတော်မူလေသည်။

ရှင်းလင်းချက်။ ရာဇဓာတုကလျာနှင့် ပတ်သက်၍တောင်ငူ အိမ်ရှေ့မိဖုရား ဖြစ်သည့်နေ့၊ လွန်တော်မူသည့် သက္ကရာဇ်တို့ကို ပြဆိုရာတွင်၊ အချို့ပုဂ္ဂိုလ်တို့၏ ပြဆိုချက်မှာ ရှေ့နောက်မညီ လွဲမှားလျက်ရှိသည်။

၁။ တောင်ငူနတ်သျှင်နောင်နှင့် ရာဇဓာတုကလျာတို့ စုံဖက်ရသည့်နေ့ကို အချို့စာအုပ်စာတမ်းတို့တွင် အောက်ပါအတိုင်းဖော်ပြသည်။

(က) "၉၆၄ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့တွင် နတ်သျှင်နောင် အိမ်ရှေ့ဖြစ်၍ ရာဇဓာတုကလျာကို အိမ်ရှေ့မိဖုရားမြှောက်သည်‥"(မှန်နန်း-တ၊ ၁၁၄)

နတ်သျှင်နောင် ရတုပေါင်းချုပ်၊
(ဟံသာဝတီတိုက်မှ ၁၉၆၆ ခု၊ ဇူလိုင်လရိုက်။
စာမျက်နှာ (ဂ)။

(ခ) "သက္ကရာဇ် ၉၆၅-ခုနှစ် တန်ခူးလသို့ ရောက်သောအခါ ရှင်မိ ဖုရားခေါင်ကြီးနှင့်အတူ နန်းတက်တော်မူသည်။ သားတော် အကြီး နတ်သျှင်နောင်ကိုလည်း 'ဥပရာဇာ' ဟူသော အမည် ဖြင့် အိမ်ရှေ့မိဖုရား ဖြစ်ဖူးလေပြီးသော ဇင်းမယ်ဘုရင့် နှမတော် 'ရာဇဓာတုကလျာ' နှင့် စုံဖက်တော်မူသည်…"

စာဆိုတော်များ အတ္ထုပ္ပတ္တိ၊
(ရှုမဝတိုက်၊ ၁၉၆၂-ခုနှစ်)
မောင်သုတအမည်ခံ ဗိုလ်ကြီးဘသောင်း၊
မဟာဝိဇ္ဇာ (ရွှေတံဆိပ်ရ)
စာမျက်နှာ (၁၇၆)

ဖော်ပြပါ အဆို ၂ ခုလုံးပင် ရာဇဝင်ကြီးများလာ အဆိုအမိန့်နှင့် မညီညွတ်ဘဲ လွဲမှား၍ နေသည်။

အမှန်အားဖြင့် နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာတို့ စုံဖက်သည့် ကာလ၊ နေ့ရက်မှာ ၉၆၄ ခု၊ (နှောင်း) တန်ခူးလဆန်း ၁၀ ရက်၊ သော ကြာနေ့ ဖြစ်ကြောင်း၊ မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ်၊ စာမျက် နှာ (၁၀၇)၊ မှန်နန်းရာဇဝင်တော်ကြီး (တတိယတွဲ) စာမျက်နှာ (၁၁၃)တွင် အထင်အရှား ဆိုထားသည်။ ဟံသာဝတီမှ တည်းဖြတ်သူသည် တောင်ငူ ဘုရင် ကေတုမတီ တောင်ငူရွှေနန်းတော်ကို တည်တော်မူသော နေ့နှင့် နန်းတက်တော်မူသောနေ့ကို ရောထွေးယှက်တင် ဖြစ်သွားဟန် တူသည်။

၂။ ရာဇဓာတုကလျာ နတ်ရွာစံသည့် နေ့ရက်နှင့် ပတ်သက်၍လည်း အမှတ်အသားများ ကွဲလွဲပြန်သည်။

(က) "ဓာတုကလျာသည် အိမ်ရှေ့မိဖုရားဖြစ်ပြီးမှ ၉၆၄၊ တန် ဆောင်မုန်းလတွင် လွန်သည်။ (မှန်နန်း တ-၁၁၆, ဦးကုလား- တ-၁၀၂, မုံရွေး မှန်နန်းရာဇဝင်ကျော်-ထေ့၂ ၇်ချပ်-ကျော)"

နတ်သျှင်နောင် ရတုပေါင်းချုပ်၊
(ဟံသာဝတီတိုက်မှ၊ ၁၉၆၆ ခု၊
ဇူလိုင်လရိုက်) စာမျက်နှာ (ဂ)၊

(ခ) "စုံဖက်သည့်နှစ် သက္ကရာဇ် ၉၆၄ ခုနှစ် တန်ဆောင်မုန်းလ အတွင်းမှာပင် ရာဇဓာတုကလျာ လွန်တော်မူသည်။"

စာဆိုတော်များ,အတ္ထုပ္ပတ္တိ
(ရှုမဝတိုက်၊ ၁၉၆၂ ခုနှစ်)
မောင်သုတအမည်ခံ ဗိုလ်ကြီးဘသောင်း၊
မဟာဝိဇ္ဇာ (ရွှေတံဆိပ်ရ) စာမျက်နှာ (၁၆၁)

ဖော်ပြပါ စာဆို ၂ ရပ်လုံးပင် အဆိုအမိန့် လွဲမှားလွန်းလှ၏။ ဟံသာဝ တီမှ တည်းပြတ်သူက ရှေ့ပိုင်းတွင် သက္ကရာဇ် ၉၆၄ ခု နတ်တော်လဆန်း ၈-ရက်နေ့တွင် "နတ်သျှင်နောင် အိမ်ရှေ့ဖြစ်၍ ရာဇဓာတုကလျာကို အိမ်ရှေ့မိဖုရား မြှောက်သည်" ဟု ရဲ့ရဲ့စွာ ဆိုခဲ့သည်။ ယခုတစ်ဖန် ထိုစာဆို၏

အောက်မှ ဝါကျမခြားဆက်၍၊ သက္ကရာဇ် ၉၆၄ ခု တန်ဆောင်မုန်းလတွင် လွန်သည်ဟု ဆိုပြန်၏။ ထိုပညာရှိ၏အဆိုကို လေ့လာလျှင် ရာဇဓာတုက လျာမှာ အိမ်ရှေ့မိဖုရား နတ်တော်လတွင် ဖြစ်ကာ၊ တန်ဆောင်မုန်းလတွင် ကွယ်လွန်သည်ဆိုသဖြင့် ကွယ်လွန်ပြီး ၁ လ အကြာတွင်မှ ပုပ်ပွယိုယွင်းနေသော အလောင်းတော်ကို အိမ်ရှေ့မိဖုရားအဖြစ် မြှောက်ရတော့မည်ကဲ့သို့ ရှိသည်။ ကွယ်လွန်တော်မူပြီး ၁-လအကြာတွင်မှ အိမ်ရှေ့မိဖုရား ဖြစ်ရသော ရာဇဓာတုကလျာ၏ အဖြစ်မှာ ဆန်းကြယ်လှပေစွ။

မဟာဝိဇ္ဇာ (ရွှေတံဆိပ်ရ) ဗိုလ်ကြီးဘသောင်းကလည်း နတ်သျှင်နောင် အတ္ထုပ္ပတ္တိ စာမျက်နှာ ၁၇၆ တွင် သက္ကရာဇ် ၉၆၅-ခုနှစ် တန်ခူးလ၌ အိမ်ရှေ့မင်းဖြစ်သော နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာတို့ စုံဖက်သည်ဟု ပြသည်။ တစ်ဖန် ဓာတုကလျာ၏ အတ္ထုပ္ပတ္တိ-စာမျက်နှာ ၁၆၁ တွင်မူ သက္ကရာဇ် ၉၆၄ ခုနှစ် တန်ဆောင်မုန်းလတွင် ရာဇဓာတုကလျာလွန်သည်ဟု ဆိုပြန်၏။ ဤသို့ဆိုလျှင် ရာဇဓာတုကလျာသည် သက္ကရာဇ် ၉၆၄ ခုနှစ် တန်ဆောင်မုန်းလတွင် ကွယ်လွန်ကာ သက္ကရာဇ် ၉၆၅ ခုနှစ် တန်ခူးလ (ကွယ်လွန်ပြီး ၅-လအကြာ)၌ အိမ်ရှေ့မိဖုရား ဖြစ်ရပြန်သကဲ့သို့ ရှိသည်။ ဓာတုကလျာ၏ အဖြစ်သည် ထိုပုဂ္ဂိုလ်၏ အဆိုအတိုင်း မှတ်ယူရ မည်ဆိုလျှင် အံ့သြဖွယ်ကောင်းလှပေစွ။

အမှန်မှာ…

(က) နတ်သျှင်နောင်အား တောင်ငူ အိမ်ရှေ့ကိုယ်တော်အဖြစ် နှင်းအပ်ခြင်း ခံရသည့် သက္ကရာဇ် ၉၆၄ ခု နှောင်းတန်ခူးလဆန်း ၁၀ ရက် သောကြာနေ့ (သို့တည်းမဟုတ်၊ သက္ကရာဇ်၊ ၉၆၅ ခုနှစ်သို့ အကူး၊ ဦးတန်ခူးလဆန်း ၁၀-ရက် သောကြာနေ့) တွင် နတ်သျှင်နောင်အား ရာဇဓာတုကလျာနှင့် စုံဖက်ပေးတော်မူခြင်း ဖြစ်သည်။

(ခ) သက္ကရာဇ် ၉၆၅ ခု တန်ဆောင်မုန်းလတွင် ရာဇဓာတုကလျာ နတ်ရွာစံတော်မူခြင်း ဖြစ်သည်။

(ဂ) နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာတို့ ၇-လမျှသာ ပေါင်းသင်းတော်မူခဲ့ရသည်။

*

## သံလျင်အရေးစိတ်မအေးဖွယ်

ရာဇဓာတုကလျာ နတ်ရွာစံတော်မူသည်နှင့် တစ်ပြိုင်နက် နတ်သျှင်ကိုယ်တော်မှာ စိတ်နှလုံးတော် ညှိုးချုံးကာ နေမရှင်အောင် ဖြစ်တော်မူခဲ့ရလေသည်။ သည်တစ်သက်တွင် သည်တစ်ပါးတည်း အကြင်နာပိုကာ အသည်းနှလုံးကို အပ်နှင်းခဲ့ရာတွင် ယခုမူ မရဏာ ရှင်သေမင်းက ဇွတ်အတင်းယူငင်ကာ သွားသဖြင့် မချမ်းသာ ပန်းမာလာ နေသွေ့သို့ ကြေမြေ့ခမန်း အပူမီး ကြွယ်ရရှာသည်။

အလွမ်းနှင့် အတမ်းမမျှော်မှန်းနိုင်အောင် ရှိရသော်လည်း၊ မူလကြံရွယ်ရင်း ပန်းတိုင်ကိုကား မျက်ခြည်ပြတ် မခံနိုင်ဘဲရှိ၏။ ယခင်ကမူ ကလျာဓာတုနှင့် တူယှဉ်ပြိုင်ကာ မျှော်မှန်းချက်ပန်းတိုင်ကို ချီတက်မည်ဟု ကြံရွယ်ရိုးရင်း ရှိခဲ့သည်။ ယခုမူ တစ်ပါးတည်းပင် ချီကာ အားခဲရလေတော့သည်။

## သံလျင်ကုလား 'ဇေင်ကာ' *

နတ်သျှင်ကိုယ်တော်သည် မိမိနှင့် ပြိုင်ဖက် ထီးရုံ နန်းရုံ နိုင်ငံတော်များ၏ လှုပ်ရှားမှုကို အာရုံပြုနေရသဖြင့်၊ နောက်ပါးမှ ထတောက်လာမည့် သံလျင်အရေးအား ကြိုတင်ကာ မျှော်တွေးခဲ့ခြင်း ရှိဟန်မတူ။ သံလျင်အရေးဆိုသည်မှာ လက်အောက်ခံပါမွား ကုလား ဇေင်ကာ၏ အရေးပင်ဖြစ်၏။

ဇေင်ကာသံလျင်သို့ ရောက်ခဲ့ရခြင်းမှာ ဤသို့ဖြစ်၏။ ဟံသာဝတီဘုရင် ငါးဆူဒါယကာအား တောင်ငူနှင့် ရခိုင်တို့ ပူးပေါင်းတိုက်ခိုက် အောင်မြင်ပြီးနောက်၊ ထိုနှစ်နိုင်ငံသည် မဟာမိတ်အစဉ် ဖြစ်၍သွားသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ 'တူတော်နှင့် ဦးရီးတော်'ဟု ဆိုကာ လက်ဆောင်ပဏ္ဏာနှင့်တကွ သံတမန်တို့ကို အမြဲ အစေအပါးပြုသည်။ ထိုသို့ မင်းနှစ်ပါး စေပါးကြသော သံတို့ကို ခရီးတွင် နေသော လူဆိုး လူပုန်းတို့သည် ဖျက်ဆီးလုယက်မှုကို ပြုကြ၏။ ထိုအကြောင်းကို ကြားလျှင် ရခိုင်ဘုရင် မင်းရာဇာကြီးသည် လူ ၃၀၀ ကျော်ကို လက်နက်ကရိယာ အစုံအလင်ဖြင့် တောင်ငူသို့ စေ၍ စာလွှာသဝဏ် တစ်စောင်ကိုလည်းပို့သည်။

---

* ဇေင်ကာနှင့် ပတ်သက်သော အဆိုအမိန့်များကို နောက်ဆက်တွဲတွင် အပြည့်အစုံဖော်ပြပါမည်။

"ကေတုမတီနှင့် ဧည၀တီအကြားတွင် လူပြေးလူပုန်းတို့ ဖျက်ဆီးလုယူသောကြောင့် သံတမန်အစေအပါးမရောက်နိုင် ရှိရသည်။ ကျွန်ုပ် အလုံးအရင်းနှင့် သံလျင်တွင် နေရသည် ဖြစ်မှ နှစ်ပြည်ထောင် သံတမန်အရောင်းအဝယ် ရောက် ပေါက်လေ၍ ရွှေတပြားတည်းသို့ဖြစ်မည်" ...*

တောင်ငူဘုရင်သည် ရခိုင်ဘုရင်၏ အမှာစကားကို သဘောကြိုက်ညီ၍ သံလျှင်တွင် ရခိုင်ဘုရင်က အလုံးအရင်းနှင့် နေစေဟု အခွင့်ပြုခဲ့လေသည်။ ထိုအခါ ရခိုင်ဘုရင်သည် သံလျင်တွင် ဗမာ သို့မဟုတ် ရခိုင်အကြီးအကဲကို မထားဘဲ ကုလားဘုရင်ဂျီဇေင်ကာ ဆိုသူကို သင်္ဘော ၃-စင်း၊ လွန်းကြင်လှေ ၁၀၀ ကျော် လူ ၂-သောင်း ကျော်ခန့်ပေး၍ အခိုင်အလုံ နေစေရန် စေလွှတ်သည်။

ဇေင်ကာသည် တိုင်းတစ်ပါးသား အကောက်ကြံတတ်သော သူဖြစ်ရာ သံလျင်ကို အခြေပြု၍ မိမိ၏ အာဏာတန်ခိုးတိုးတက်ရန် လုပ်ဆောင်တော့သည်။ သံလျင်သို့ရောက်လျှင်မြို့ပြ ကျုံးမြောင်းတို့ကို ခိုင်လုံအောင် ပြင်ဆင်သည်။ သင်္ဘောသားကုန်သည်များကို မသင့် သင့်အောင် ဖြားယောင်းခေါ်ငင်ရောင်းဝယ်သည်။ တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ကို မပြတ်ဘဏ္ဍာတော်ဆက်သည်။ အရှေ့ဖက် မုတ္တမကို စားရသော ဗညားဒလနှင့် သင့်တင့်အောင်ပေါင်းကာ လက်ဆောင်ဆက်သည်။ နောက်ဆုံး ဗညားဒလ၏သား ဗညားနွယ်နှင့် ဇေင်ကာသည် သူ၏ သမီးကို လက်ဆက်စေကာ ခမီးခမက် ဖမ်းကြသည်။ မုတ္တမအားကိုမှီ၍ သံလျင်၏အားကိုမြှင့်ရန် အတွင်းကြိတ် အစဉ်ကြံခဲ့၏။

ရာဇဓာတုကလျာ နတ်ရွာစံတော်မူသည့် သက္ကရာဇ် ၉၆၅ ခုနှစ်တွင် ဇေင်ကာသည် မိမိ၏ ဇာတိရုပ်ကို ပြလာလေသည်။ မုတ္တမဘုရင်ကို အားကိုးတစ်ခုပြုကာ ယခင်ဆက်သမြဲ ပဏ္ဍာတော်တို့ကို တောင်ငူဘုရင်သို့၄င်း၊ ရခိုင်ဘုရင်သို့၄င်း ဆက်သခြင်း မပြုတော့ပေ။ ရခိုင်က တောင်ငူသို့ စေလွှတ်သော အစေအပါး အရောင်းအဝယ်များကိုလည်း ချုပ်ထားလေသည်။ ဤသို့အားဖြင့် ဇေင်ကာသည် မိမိ၏ ကျေးဇူးရှင်နှစ်ပါးကို ထောင်ထားခြားနားပြလိုက်လေသည်။

---

* မဟာရာဇဝင်ကြီး(ဦးကုလား) တတိအုပ် ၁၀၆

## သံလျင်သို့ချီတက်ခြင်း

မိမိ၏လက်အောက်ခံ ကျေးကျွန်၊ မိမိမြှောက်စားခဲ့သူ ငဇင်ကာငယ်က ဤသို့ ထောင်ထားလေသောအခါ တောင်ငူနှင့် ရခိုင်တို့ အချိန်းအချက်ပြု၍ သံလျင်ကို တိုက်ခိုက်ရန် ချီတက်ရသည်။ ရခိုင်ဘုရင်သည် မိမိ၏သားတော် မဟာဥပရာဇာအား ဗိုလ်မှူးပြု၍ ကတ္တူလှွန်ကြင်းတိုက်လှေကြီး ၁၀၀၊ တံစွက်လှေငယ် ၁၀၀ ကျော်ခန့်၊ စစ်သည် အလုံးအရင်းနှင့် ရေ ကြောင်းမှ သံလျင်သို့ ချီစေသည်။

တောင်ငူဘုရင်ကလည်း မဟာဥပရာဇာ နတ်သျှင်နောင်ကို ကွပ်ကဲစေ၍ တပ်ပေါင်း ၈-တပ်၊ တိုက်ဆင် ၃၀၀၊ မြင်း ၃၀၀၀၊ စစ်သည်သူရဲ ၅၀၀၀၀ နှင့် ကြည်းကြောင်းမှ သံလျင်သို့ ချီစေသည်။

ငဇင်ကာသည် ဗမာနှင့်ရခိုင် ကြည်းကြောင်း ရေကြောင်းမှ နှစ်ဖက်ညှပ်၍ တိုက်လျှင် မိမိဖက်က ရှုံးမည်သေချာသောကြောင့် ကတ္တူလှွန်းကြင် သင်္ဘောတွင် ပြောင်းသေနတ် အပြည့်စီရင်ပြီး အိန္ဒိယနိုင်ငံ ဂိုအာသို့ ထွက်ပြေးရန် အသင့်ပြင်သည်။ ထိုသို့ ငဇင်ကာ ကြောက်၍ ထွက်ပြေးမည် ပြုသည်ကို ဦးစွာရောက်နှင့်သော ရခိုင်အိမ်ရှေ့မင်း တပ်သည် မလွတ်စေရန် ငဇင်ကာသင်္ဘောအား တိုက်တော့၏။ ငဇင်ကာသည် ပြေးမလွတ်မှန်းသိ၍ ကြောက်ကန် ကန်ရန်၊ သင်္ဘော ၃-စင်းကို ကျောက်ဆူးချပြီး ရှိသမျှ လက်နက်နှင့်ခုခံသည်။

ငဇင်ကာ၏ တပ်များ သင်္ဘောပေါ်မှ ကြောက်ကြောက်လန့်လန့်နှင့် ပစ်ခတ်မှုများမှာ ရခိုင်ရေတပ်ကို အထိနာစေ၏။ ရခိုင်သင်္ဘောတို့ ပေါက်ကွဲပျက်စီးသည်။ အချို့တပ်သားတို့ ကုန်းပေါ်သို့ တက်ပြေးကြရသည်။ အလှည့်အနေ မသင့်ဘဲ ရခိုင်ရေတပ်ပျက်သောအခါ၊ ငဇင်ကာသည် မမျှော်မှန်းဘဲ အောင်ပွဲရသွားသည်၊ ထို့ထက်တိုး၍ ရခိုင်ဘုရင်၏ သားတော် မဟာဥပရာဇာကိုပါ လက်ရဖမ်းမိသွားလေသည်။ ထိုအချိန်တွင် တောင်ငူနတ်သျှင်နောင်၏တပ်တို့မှာ သံလျင်သို့ ချီဆဲ 'မကော်'အရပ်သို့ သာရောက်ချေသေးသည်။

ရခိုင်ရေတပ်ပျက်၍ ဥပရာဇာကို လက်ရဖမ်းမိခဲ့သောအခါ၊ ငဇင်

---

* နှာခံတော်ဝတ္ထု (ရွှေစကြာ) ၁၃။

ကာသည် မာန်တက်ပြီးလျှင် သံလျင်သို့ ပြန်ကာအခိုင်အလုံပြုနေလေသည်။ တောင်ငူတပ်မှာလည်း ရှေ့ရေးကို ရခိုင်ဘုရင်နှင့် ဆွေးနွေးရန် မကော်တွင်ပင် တပ်ချထားရသည်။ ရခိုင်ဘုရင် မင်းရာဇာကြီးမှာ သားတော်၏ အဖြစ်ဆိုးကို ကြားသောအခါ တိုက်လှေ ၃၀၀-ကျော်၊ ရဲမက်အလုံး အရင်းနှင့် သံလျင်သို့ ချီတက်လာ၏။ ရောက်သော် တောင်ငူတပ်နှင့် ဆွေး နွေးကာ သံလျင်ကို ရေကြောင်း ကြည်းကြောင်းမှ ဝန်းရံသည်။

## ဇေင်ကာ မာန်တက်ပုံ

သံလျင်ကို တပ်အထပ်ထပ် ဝန်းရံထားရသော်လည်း မြို့တွင်းဝယ် ရခိုင်ဥပရာဇာရှိနေသောကြောင့် တိုက်ခိုက်ရန်အခက် ဖြစ်နေသည်။ မြို့ရိုးကို ကျော်တက်စေသော်လည်း မြို့စီးပြစီးလက်နက်ကိရိယာထူထပ် သောကြောင့် ရဲမက်တော်တို့ အကျအဆုံးများကာ မရချေ။ ထိုအခါ ရခိုင်-တောင်ငူ မင်းနှစ်ပါးတိုင်ပင်၍ ဇေင်ကာထံ မဟာဥပရာဇာကို ပြန်လွှတ်ရန် အရေးဆိုလေသည်။

ရခိုင်ဘုရင်ထံမှ ဇေင်ကာထံသို့ စေသော စာလွှာတွင် အောက်ပါ သဘောထားမျိုးပါရှိသည်။

"အမိန့်တော်ရှိလိုက်သည် ဇေင်ကာငယ်။ သိရှိရန်မှာ မောင်မင်းသည် ငါ (ဓညဝတီ ရခိုင်ဘုရင်)ကိုယ်တော်မြတ်၏ ယုံမှတ်သဒ္ဒါတော် မူသော အပါးတော်မြဲ ကျွန်ယုံတစ်ဦး ဖြစ်ခဲ့သည်။ မောင်မင်းကို ယုံကြည်သဖြင့် သံလျင်ကို လွှဲအပ်အုပ်ချုပ်စေခဲ့ရာ ကျေးဇူးသစ္စာတော်ကိုမျှ မထောက်ထား ဘဲ လူဆိုးလူသွမ်းတို့၏ အမူအရာဖြင့် တော်လှန်ပန်ကန်၍ ငါကိုယ်တော် မြတ်ကိုပင် ရန်မူခဲ့လေသည်။ ယခုမှာ ငါ၏သားတော် ဥပရာဇာကိုပင် ဖမ်းဆီးချုပ်နှောင်၍ ထားခဲ့လေပြီ။ မောင်မင်းသည် ငါကိုယ်တော်မြတ်၏ မျက်နှာတော်ကိုလည်း မထောက်၊ သစ္စာတော်ရေကိုလည်း မကြောက်၊ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်၍ ကြံစည်ခဲ့သည်ကို အပြစ်မဆိုလိုပြီ။ ငါ၏ သားတော် မဟာဥပရာဇာကိုသာ ယခုစာရလျှင်ရခြင်း လွှတ်၍ ငါကိုယ် တော်မြတ်ထံသို့ ပို့စေလိုသည် ဇေင်ကာငယ်"...*

---

* နာခံတော်ဝတ္ထု (ရွှေစကြာ) ၁၃။

## ငဇင်ကာ၏မာန်မာန

ငဇင်ကာငယ်သည် ရခိုင်အိမ်ရှေ့ ဥပရာဇာကို လက်ရဖမ်းမိကတည်းက 'ရွှေတစ်ပဲသားရသော ဝိဒေဟရာဇ် ပုတ်သင်ကဲ့သို့' သွေးမြောက်သွားခဲ့သူဖြစ်သည်။ မိမိကိုယ်မိမိ အောင်ပွဲရ ပုဂ္ဂိုလ်ကျော်တစ်ဦးဟုလည်း အထင်အမြင်ကြီးကာ သံလျင်ဘုရင်အဖြစ်သို့ပင် သွေးကြွမာန်ထောင်လွှားမိ သည်။ ထို့ကြောင့် ဓညဝတီရခိုင်ဘုရင်ထံမှ 'အပါးတော်မြဲ ကျွန်ယုံတော်'ဟု သုံးနှုန်းလိုက်ခြင်းကို မခံမရပ်နိုင်အောင် ရှိသွားလေသည်။ သူသည် ခက်ထန်သော မာနသွေးကြွသည့် နှလုံးထား မထေမဲ့မြင် စကားဖြင့် အောက်ပါအတိုင်း ရခိုင်ဘုရင်ထံသို့ စာပြန်ကြားလိုက်လေသည်။

"ဂိုအာမြို့ ပေါ်တူဂီ စစ်ဘုရင်ခံချုပ်ကြီး၏ လက်အောက်အာဏာခံ၊ သံလျင်ဘုရင်ခံ ဗိုလ်ချုပ်မင်းကြီး ဖွင်ကာကူထံမှ ပေးပို့လိုက်သော အလွှာတော်"။

"သံလျင်မြို့ ဗိုလ်ချုပ်ကြီးဖွင်ကာကူ အမိန့်တော် ရှိလိုက်သည်။"

ရခိုင်ဘုရင်မင်းမြတ်အကြောင်းမှာ သင်၏သားတော် မင်းခမောင်းကို အလိုရှိပါက ကျွန်ုပ်အား ပြည်ထောင်ချင်းချင်း မင်းတစ်ပါးကဲ့သို့ သဘောထား၍ တန်းတူမိတ်သင်္ဂဟ အဖြစ်နှင့် ခေါ်ဝေါ်ပြောဆိုရေးသားမှသာ ပေးနိုင်ပါမည်။ ကျွန်ုပ်ကဲ့သို့သော ဘုရင်ခံ ဗိုလ်ချုပ်ကြီးတစ်ဦးကို ကျွန်ယုံသော ငယ်ကျွန်သော စသည်ဖြင့် မလေးမခန့် မပြုပါနှင့်၊ မလေး မခန့် ပြုလျှင်သင်၏သားတော်ကို တွေ့ရလိမ့်မည် မဟုတ်ပါ။ ထို့ပြင် နောင်ကို အစဉ်သဖြင့်လည်း တောင်ငူနှင့် ရခိုင်နှစ်ပြည်ထောင်လုံးက သံလျင်ကို မတိုက်ခိုက်ပါ၊ မိမိတို့ဘာသာ အေးမြစွာ ကိုယ့်နိုင်ငံကို အုပ်ချုပ်၍ နေပါမည်။ ရန်မူခြင်း မပြုလုပ်ပါဟူ၍ ကတိထားမှသာ အိမ်ရှေ့မင်း မင်းခမောင်းကို လွှတ်နိုင်ပါမည် ရခိုင်ဘုရင်မင်းမြတ်" ... *

---

* ငဇင်ကာနှင့် ရခိုင်ဘုရင် အပြန်အလှန်ပေးစာမှာ ရာဇဝင်ကြီးများတွင် ဖော်ပြထားသော အရာများမဟုတ်ပါပေ။ မဟာရာဇဝင်ကြီးတွင် 'မလေး မစား ငါ့ကို ကျွန်ဟု မဆိုနှင့်၊ ပြည်ထောင်ချင်းမင်းဟူ၍ဆို၊ ယင်းသို့မှ ဥပရာဇာကို ငါပေးမည်'ဟု ငဇင်ကာက မှာကြောင်းပြဆိုသည်။ ဦးကုလား ရာဇဝင်တော်ကြီး၊ တတိယအုပ် (၁၁၀)တွင် ကြည့်ပါ။ ယခုဖော်ပြချက်မှာ ဆရာကြီးရွှေစကြာရေးသည့် နာခံတော်ဝတ္ထုစာမျက်နှာ ၁၃-၁၄မှ ဖြစ်သည်။

ရခိုင်ဘုရင် မင်းရာဇာကြီးသည် သားတော်ကို ပြန်လည်ရရှိစေရန် ဇေင်ကာ၏ အလိုသို့လိုက်ရလေသည်။

ထိုနေ့မှစ၍ တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ သံတမန်အရောင်း အဝယ် မပေါက်ရောက်နိုင်တော့ချေ။ ဇေင်ကာသည် သံလျင်တွင် အခိုင်အလုံနေသောကြောင့် ပုသိမ် သင်္ဘောဆိပ်နှင့် ဒလသင်္ဘောဆိပ်တို့ကို တောင်ငူဘုရင်က မပိုင်တော့ချေ။ ဤသို့ တောင်ငူက လက်လွှတ်ရသည်နှင့် တစ်ပြိုင်နက် ဇေင်ကာသည် သင်္ဘောမှပါသမျှ ပုဆိုးကောင်း၊ ခါသာ၊ ပင်းကား၊ ဇော်ကရတ်၊ သကလပ်၊ မူရီတို့ကို သိမ်းသဖြင့် တောင်ငူသားတို့ အဝတ်အထည်ကောင်းကို မဝတ်ရတော့ချေ။ စားရန်ဆားကိုပင် ဟံသာဝတီမြို့ ရှေ့ဝန်းကျင်မှာ တပ်ခိုင်တည်ပြီး ဆင်မြင်းပြောင်း သေနတ်ကာ၍ ဆားချက်ရသည်။

ဇေင်ကာသည် ဤသို့ အာဏာတက်လာသည်နှင့် တစ်ပြိုင်နက် ဟံသာဝတီ ပတ်ဝန်းကျင်တွင်ရှိသော ဘုရားပုထိုးတို့မှ ဌာပနာတို့ကို ဖောက်ကာ ယူငင်သည်။ ရသော ဌာပနာ ပစ္စည်းတို့ကို နိုင်ငံခြား သင်္ဘောနှင့် ဖောက်ကား ရောင်းပြန်သည်။ သို့နှင့် ဇေင်ကာမှာ အထူးချမ်းသာကြွယ်ဝ၍ လာတော့သည်။

❒

## အင်းဝညောင်ရမ်းမင်းတရား

သက္ကရာဇ် ၉၅၉ ခုနှစ် ဟံသာဝတီ ငါးဆူဒါယကာ ဘုရင်အား တောင်ငူဘုရင် မင်းရဲသီဟသူနှင့် ရခိုင်ဘုရင် မင်းရာဇာကြီးတို့ ဝိုင်းဝန်းလုပ်ကြံကြစဉ်၊ ဟံသာဝတီဘုရင် ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး၏ လက်နက်နိုင်ငံတော်ကြီး တစ်ခုလုံး အစိတ်စိတ်အမြွာမြွာ ကွဲခဲ့ကြောင်းကို ရှေ့အခန်းများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုသို့ ပြည်ထောင်စု ကွဲပျက်ပြိုကာ ပြည်ထောင်မင်းတို့ ထောင်ထားကြရာ၌ ညောင်ရမ်းစား ဖြစ်သော ဘုရင့်နောင် မင်းတရားကြီး၏ မိဖုရားငယ်မှမြင်သော သားတော်ငယ် မင်းရဲနန္ဒ မိတ်လည်းတစ်ပါး အပါအဝင်ဖြစ်သည်။

ညောင်ရမ်းစား မင်းရဲနန္ဒမိတ်သည် ထိုအချိန်တွင်ပင် မိမိ၏ စားကျေး ညောင်ရမ်းမြို့ကို ခိုင်လုံအောင် ကျုံးမြောင်းကတုတ်ရင်တား စီရင်သည်။

အနီးအပါးရှိ လူသူလက်နက် ရိက္ခာတို့ကိုလည်း သိမ်းသွင်းဖြည့်ဆည်းသည်။ အောက်မြန်မာနိုင်ငံတော်တွင် တောင်ငူမင်း စစ်ရေးဖြင့် ရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူကာ သက္ကရာဇ် ၉၅၉ ဝါဆိုလပြည့်ကျော် ၁၅ ရက် စနေနေ့ သန်ယိမ်းချိန်မှစ၍ ရမည်းသင်းကို သိမ်းစပြုသည်။ ယင်းကမှ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ပေါက်မြိုင်၊ သာဂရ၊ ပင်းတလဲ၊ ပြည်စသည့် မြို့တို့ကို အစဉ်တစိုက် သိမ်းယူသည်။

ညောင်ရမ်းစားသည် ယင်းသို့ အင်အား တိုးတက်ခိုင်ဖြိုးလာသည်နှင့် တစ်ပြိုင်နက် သက္ကရာဇ် ၉၅၉ ခု၊ ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့တွင် ဗမာဘုရင် အဆက်ဆက် ကြွင်နန်းစိုက်ထူခဲ့ရာ ရတနာပူရ အင်းဝနေပြည်တော်သို့ ချီတက်လေတော့သည်။ ညောင်ရမ်းစားမှာ ဘုရင့်နောင် မင်းတရားကြီး၏ ရင်သွေးတော်အစစ် ဖြစ်ရကား၊ မင်းတရားကြီး၏ သားတော်ဟူသော အရှိန်အဝါ ဘုန်းလက်ရုံး တို့ကြောင့် ပုဂံကို စားရသော ဆင်ဖြူရှင် သားတော် ရှင်မြတ်လုသည် ဝါခေါင်လပြည့်ကျော် ၅ ရက် သောကြာနေ့ နေဝန်းပေါ်ချိန်တွင် လက်နက်ချကာ ဝင်ရောက်ခစားရသည်။ ပုဂံစားသည် ညောင်ရမ်းစားထံ အညံ့ခံသည်နှင့်တစ်ပြိုင်နက် ငသရောက်၊ တူရွှင်းတိုင်၊ ကျောက်ပန်းတောင်း၊ စဥ့်ကူး၊ စလေ၊ ပုခန်းငယ်စားတို့သည်လည်း ဘုန်းတော်ကို မခံဝံ့၍ ခိုဝင်ခစားလာကြသည်။ ညောင်ရမ်းစားသည် အင်းဝသို့ ဆက်လက်ချီတက်ရာ ပထမတွင် အင်းဝမှ လက်ရွေးကြီး မှူးနှင့် ရဲလှေမှူးတို့သည် စစ်ကိုင်းဖက်သို့ ကူး၍ ခုခံကြသည်။ သို့သော် တောနေ ရှင်မဟာရာမ ဘုန်းတော်ကြီး၏ မိန့်ဆိုချက် စကားကြောင့် နောက်ဆုံး ညောင်ရမ်းစားထံ ဝင်ရောက်လာကြသည်။ ထိုအခါ မြေဒူးစား၊ တပရင်းစား၊ စည်ပုတ္တရာစား၊ ကန္နီစား၊ ဗဒုံစား၊ အမြင့်စား၊ တကောင်းစား၊ မြတောင်စား၊ ချွန်းတောင်စား၊ ကောင်းတုံစား တို့သည် ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်ပြု၍ သစ္စာတော် ခံလာကြသည်။

## ပြည်ဘုရင်မင်းကြီးနောင်း

ညောင်ရမ်းစား မင်းရဲ နန္ဒမိတ်၏ အင်အား ပွားစည်းလာကာ လက်နက်ဗိုလ်ပါ အခြေအမြစ်နှင့်တကွ ခိုင်မာလာကြောင်း သိသည်နှင့် တစ်ပြိုင်နက် ပြည်မြို့တွင် ဘုရင်တစ်ဆူ ပြုလုပ်နေသာ (ဟံသာဝတီ ငါးဆူဒါယကာ ဘုရင်၏ သားတော်ငယ်) သတိုးဓမ္မရာဇာဘွဲ့ခံ မင်းကြီးနောင်းသည်

နောင်တွင် အရေးခက်တော့မည်ကို မြင်သောကြောင့် ညောင်ရမ်းစားအား တိုက်ခိုက်ရန် ရေကြောင်း၊ ကြည်းကြောင်း၊ တပ်ပေါင်းများစွာနှင့် စစ်ချီတက်ရန် စီမံသည်။ မင်းကြီးနှောင်း စေလွှတ်သော သားတော်အလတ် ပြည်မင်းရဲကျော်စွာ ဗိုလ်မှူးပြုသည့်တပ်များ ကြည်းကြောင်းဖြင့် ချီတက်သွားပြီးနောက်၊ သက္ကရာဇ် ၉၅၉ ခု၊ သီတင်းကျွတ်လဆန်း ၆-ရက် တနင်္လာနေ့အရောက် ကတ္တူလှေလွန်းကြင့် ၂၀၀၊ လှော်ကားသံလှေ ၁၀၀၊ စစ်သည် ၂၀၀၀၀ ဖြင့် အင်းဝသို့ ချီရန် ပြည် ဘုရင်မင်းကြီးနှောင်းသည် ရတနာဖေါင်တော်သို့ အတက်၌၊ မင်းကြီးနှောင်း၏ အထိန်းတော် 'ရန်နိုင်စား' သည် နောက်လိုက်မှန် ဂကျိပ်တို့ကို ဓားလှံဖွေးဖွေးကိုင်စေ၍ လုပ်ကြံရန် ဖောင်တော်သို့ တက်စေ၏။ မင်းကြီးနှောင်းလည်း မိမိအား လုပ်ကြံတော့မည်ကို ကြောက်လန့်ကာ မြစ်ထဲသို့ ခုန်ဆင်းလေရာ ရေမကူးတတ်သဖြင့် ရေတွင်ပင် ကံတော်ကုန်ရသည်။

ထိုအခါ အထိန်းတော်သား ရန်နိုင်စားသည် ပြည်ထီးနန်းကို သိမ်းကာ မင်းပြုသည်။ ပြည် မင်းကြီးနှောင်း (သတိုးဓမ္မရာဇာ)၏ သားတော် ရှင်နေမျိုး၊ ညီတော် ရှင်နေထွန်း၊ ညီတော်ရှင်နေဝန်းတို့ကို လုပ်ကြံလေသည်။ ဤသို့အားဖြင့် ဟံသာဝတီဘုရင် ငါးဆူဒါယကာ၏ သားတော် အဆက်အနွယ်များ ပြတ်ကာ ပြည်တွင် မင်းရိုးမဟုတ်သူ တက်ရောက်အုပ်စိုးခံရလေသည်။

## ညောင်ရမ်းမင်းတရားနှင့် အင်းဝနန်း

ပြည်ကို အထိန်းတော်သား ရန်နိုင်စား သိမ်းသည်နှင့်ပြည်ဘုရင်၏ ဖက်သား စလင်းမင်းငွေတပြားသည် အလုံးအရင်းနှင့် ညောင်ရမ်းစား လက်အောက်သို့ ဝင်ရောက်ခိုလှုံသည်။ ပြည်ဘုရင်၏သား မင်းရဲဥဇနာလည်း ဝင်ရောက်သည်။ ထိုအခါ စကု၊ စလင်း၊ ဖောင်းလင်း၊ လယ်ကိုင်း စသည့် မြို့ပြကျေးရွာဟူသမျှမှာ ညောင်ရမ်းစား၏ လက်နက်နိုင်ငံတော် ချည်းဖြစ်သွားရလေသည်။

ညောင်ရမ်းစားသည် အင်အားဗိုလ်ပါခိုင်ဖြိုးကာ လက်နက်နိုင်ငံကျယ်ဝန်းလာပြီဖြစ်၍ ရတနာပူရ အင်းဝ ရွှေနန်းကို အသစ်ချဲ့ထွင်ရန် ကြိုးပမ်းတော်မူသည်။ သက္ကရာဇ် ၉၆၀ ပြည့် ဝါဆိုလပြည့်ကျော် ၉ ရက် ကြာသပတေးနေ့တွင် ရွှေနန်းတော်၊ နန်းမြို့၊ ရွှေစည်းခုံ၊ ဂူတော်သစ်၊ တံခါး၊

သည် ၅ပါးကို တစ်ပြိုင်နက် စတင်တည်လုပ်သည်။ သက္ကရာဇ် ၉၆၁ ခု၊ တပေါင်းလဆန်း ၁၂ ရက် သောကြာနေ့ မွန်းတည့်ကျော်တွင် 'သီဟသူရ မဟာဓမ္မရာဇာ' ဟူသော ဘွဲ့တော်ကို ခံယူ၍ ညောင်ရမ်းစား မင်းရဲနန္ဒမိတ် သည် အင်းဝ ရွှေနန်း တက်တော်မူသည်။ ထိုမင်းသည် 'ညောင်ရမ်းမင်း တရား' ဟူသော အမည်တော်ဖြင့်ရာဇဝင်တွင် ထင်ရှားလှ၏။

ညောင်ရမ်းမင်းတရားသည် အထက်မြန်မာနိုင်ငံတော်အလုံးကို သိမ်း ကြုံးအုပ်စိုးတော်မူနိုင်ရန် သက္ကရာဇ် ၉၆၂ မှသည် ၉၆၇ ခုနှစ်အထိ ၅ နှစ်ကျော် ကာလအတွင်း စစ်တံခွန်ကို မနေမနား လွှင့်လျက်ရှိသည်။ သက္က ရာဇ် ၉၆၂ တန်ဆောင်မုန်းလတွင် ရမည်းသင်း၊ တပို့တွဲလတွင် ညောင်ရွှေ၊ သက္ကရာဇ် ၉၆၃ တပေါင်းလတွင် ဗန်းမော်၊ သက္ကရာဇ် ၉၆၅ တွင် မိုးနဲ့, ညောင်ရွှေ,မိုးဗြဲ,စကား, ရောက်စောက်, နောင်မွန်, မိုးပတ်, မိုင်းကိုင်, တီ ကျစ်၊ သက္ကရာဇ် ၉၆၆ ခုတွင် မိုးကောင်း၊ သက္ကရာဇ် ၉၆၇ တွင် သိန္နီစသည် တို့ကို အောင်မြင်စွာ ချီတက်၍ ရရှိတော်မူသည်။

ညောင်ရမ်းမင်းတရားသည် သိန္နီကိုအောင်တော်မူပြီးနောက် နေပြည်တော်သို့အပြန် ရွှေသာလျောင်းစခန်းတွင် နာမကျန်းဖြစ်ကာ သက္ကရာဇ် ၉၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့ ညဥ့် ၃ ချက်တီးကျော်၌ လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူသည်။

ညောင်ရမ်းမင်းတရား နတ်ရွာစံတော်မူပြီးနောက်၊ သားတော်ကြီး မဟာဥပရာဇာသည် 'မဟာဓမ္မရာဇာ' ဟူသော ဘွဲ့တော်ဖြင့် သက္ကရာဇ် ၉၆၇ ခု၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် အင်းဝရွှေနန်း ကို သိမ်းမြန်းတော် မူသည်။ ခမည်းတော်တူ မယ်တော်တူ နှမတော်အရင်း ကို တောင်ညာတင်ကာ မိဖုရားကြီးအရာမြှောက်သည်။* ထိုမင်းကား နောင် တွင် အနောက်ဖက်လွန်မင်းဟု ရာဇဝင်၌ ကျော်ကြားတော်မူ၏။

(တောင်ငူဘုရင် နတ်သျှင်နောင်နှင့် အနောက်ဖက်လွန်မင်းမှာ ထီး ပြိုင် နန်းပြိုင်ဖြစ်ရသည်။ ထို့ကြောင့် သာလွန်မင်းနှင့် အနောက်ဖက် လွန်မင်းအကြောင်းကို တင်ပြရခြင်းဖြစ်ပါသည်။)

---

* မြန်မာရာဇဝင်တလျှောက်တွင် 'ခမည်းတော်တူ မယ်တော်တူ' နှမတော်အရင်းကို မိဖုရားမြှောက်သူမှာ ဤဘုရင်တစ်ပါးသာ ရှိဖူးသေးသည်။

## တောင်ငူဘုရင် စောနတ်သျှင်

သက္ကရာဇ် ၉၆၅ သက္ကရာဇ် ၉၇၁။

အိမ်ရှေ့မိဖုရား ရာဇဒေတုကလျာ နတ်ရွာစံတော်မူပြီးနောက်၊ တောင်ငူ အိမ်ရှေ့စံ နတ်သျှင်ကိုယ်တော်မှာ စိတ်နှလုံးတော်မရွှင်မလန်းဖြင့် အပူ ခန်းဖွင့်၍သာ ကျန်ရစ်တော်မူခဲ့ရသည်။ သက်တော် ၂၅ နှစ်၊ ပျိုပျိုမျစ်မျစ် အရွယ် ရှေ့ရေးကိုတွေးကာ အကြံသစ် ဉာဏ်သစ်ဖြင့် စီမံဖွယ်ရှိသည်များ အား အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ရန် ပြင်ဆင်နေစဉ် ရာဇဒေတု ကလျာမယ်က ခွဲခွာကာ သွားလေသဖြင့် ရွှေအားတော်ငယ်လျက် ရှိတော်မူ ရ၏။

ထိုအတောအတွင်း ကေတုမတီတောင်ငူ၏ ဩဇာအာဏာမှာ တိုး တက်ရှင်လန်းလာမှုမရှိဘဲ လျော့ဆင်းလာကြောင်းကို တွေ့ရသည်။ သန် လျင်တွင် အစောင့်ချထားခဲ့သော ကုလားဇေင်ကာက ထောင်ထားသည်ကို လည်း လက်လျှော့ပေးလိုက်ရသဖြင့် ပုသိမ်,ဒလတို့ကို လက်လွှတ်ခဲ့ရသည်။ မုတ္တမ ဗညားဒလကိုလည်း မနှိမ်နင်းနိုင်တော့။

သည်ကြားထည်းတွင် ညောင်ရမ်းစား၏ အာဏာသည် အင်းဝတခွင်မှ ရှမ်းကိုးပြည်ထောင်အထိ ပြန့်နှံ့၍သွားသည်။ အင်းဝ၏အင်အား တစ်နေ့တခြား တိုးတက်လာသဖြင့် ကေတုမတီသည်ပင်လျှင် အနေကြံ့လာ သကဲ့သို့ရှိ၏။ နတ်သျှင်နောင်သည် ဤအရေးကို မြင်သဖြင့် အင်းဝတလွှား ကို စစ်ချီကာ အင်းဝဘုရင်၏ အညွန့်ကို ချိုးချင်သည်။ သို့သော် ခမည်းတော် တောင်ငူဘုရင် မှာ စစ်ရေးကို အားမပြုလှဘဲ အခြေအနေသာ စောင့် ကြည့်နေသဖြင့် နတ်သျှင်နောင်အဖို့ အခက်တွေ့ နေလေသည်။

သက္ကရာဇ် ၉၇၁ ခု၊ ဝါခေါင်လဆန်း ၁၅ ရက်၊ အင်္ဂါနေ့တွင် သဒ္ဓါ, သီလ,သုတ,စာဂ,ဟီရိ,ဩတ္တပ္ပ, ပညာနှင့်ပြည့်စုံတော်မူသည်ဟု ရာဇဝင်တွင် မော်ကွန်းထိုးရသော တောင်ငူဘုရင်မှာ နတ်ရွာစံတော်မူလေ သည်။

## နတ်သျှင်နောင်မှသည် ဘုရင်သီဟသူရသို့

"ညီးညီးရောင်ခြည်၊ ရွှေဘုန်းတည်လျက်၊
မြှောက်စည်ရွှေစင်၊ သံလွင်မုရိုး၊
တီးမျိုးငါးမည်၊ စည်ရှည်နန်းဘွဲ့၊
တဆယ့်ငါးပါး၊ မင်းခမ်းနားတည့်၊
ပုဏ္ဏားရှစ်ဖော်၊ ရင့်ရော်သာယာ၊
နေဇာမြက်နု၊ ဇေယျတုဟု၊
ခရုသင်းစစ်၊ လက်ယာရစ်နှင့်၊
နတ်မြစ်မန္တာ၊ မင်္ဂလာရွတ်ဖျန်း၊
ဘွဲ့သဖန်းထက်၊ မြှောက်နန်းကျုံကျုံ၊
ဘိသိက်ခံက၊ နိုင်ငံခပ်သိမ်း၊
ချမ်းသာငြိမ်းသည်။ ။
မုဒိန်းတည့်ရန်ဘေး-မြှုမမြေး။"

(မင်းရဲဒိဗ္ဗ ဧချင်း)

ကေတုမတီ နန်းဌာနီ၌ နန်းတက်မင်္ဂလာပွဲတော်ကြီး သာလျက်ရှိ သည်။

အချိန်ကား သက္ကရာဇ် ၉၇၁ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့ပေတည်း။

ထိုသို့သော မင်္ဂလာအပေါင်းတို့ ခညောင်းသည့် နေ့ရက်၊ နက္ခတ် ၈-လုံး၊ ၃၈ ဃဋီ၊ မိဿစန်း၊ မေဓုန်လက်တွင် မဟာဥပရာဇာ နတ်သျှင်နောင် ကိုယ်တော်ကြီးသည် 'ဘုရင်သီဟသူရ' ဟူသော ဘွဲ့မည်ကို ခံယူကာ ကေတုမတီထီးနန်း၏ ဧကရာဇ်မင်းဘုရားအဖြစ် ရွှေတောင်တက်တော်မူသည်။*

ထိုနှစ်တော်သလင်းလဆန်း ၈-ရက် တနင်္ဂနွေနေ့ မွန်းယိမ်း၂ နာရီတွင် ဘုရင်မဟာသီဟသူရသည် ထီးဖြူ ၄ စင်းနှင့်တကွ ဝေပြာသာဒ်

---

* လေ့သင်းအတွင်းဝန် မဟာဇေယသင်္ခယာ၏ 'ဝေါဟာရလိနတ္ထဒီပနီ' စာမျက်နှာ ၅၉ တွင်မှ "သက္ကရာဇ် ၉၇၁ ခု ကေတုမတီ တောင်ငူပြည်တွင် နန်းတက်သော တောင်ငူဘုရင်မဟာဓမ္မရာဇာ တံဆိပ်နာမံတော်ရှိသော နတ်သျှင်နောင်"ဟု ပြမှာထားသည်။ မဟာဓမ္မရာဇာမှာ နတ်သျှင်နောင်၏ ခမည်းတော် ဘွဲ့တော်ဖြစ်၏။

စီးတော်မူ၍ ကေတုမတီမြို့ကိုလည်ကာ ပြည်သူပြည်သားတို့၏ အဖူး အမြော်ကို ခံတော်မူသည်။ ညီတော်ကြီး မင်းရဲကျော်စွာကိုလည်း အိမ်ရှေ့ပေးတော်မူ၏။

မှတ်ချက် ။ ။ နတ်သျှင်နောင် နန်းတက်ရာတွင် မည်သူ့ကိုမျှ ဘိသိက်ဖက် မိဖုရားကြီး တင်မြှောက်ခြင်း မရှိပေ။ အဂ္ဂမဟေသီ ဒေဝီအဖြစ် ရာဇဓာတုကလျာကိုသာ ရည်ရွယ်ထားတော်မူခဲ့ရာ၊ ရာဇဓာတုကလျာ နတ်ရွာစံခဲ့ပြီဖြစ်၍ အသစ်တစ်ပါး ရွေးချယ်လိုသောဆန္ဒ ပွားတော်မူဟန်မတူပေ။ မိဖုရားကြီးနေရာသာမက မိဖုရားငယ်များပင် ထားတော်မမူခဲ့ပေ။ နတ်သျှင်ကိုယ်တော်တွင် အဖျော်အဖြေကိုယ်လုပ်တော် ၄ ပါးသာ ရှိသည်။ ထိုကိုယ်လုပ်တော်တို့မှာ မင်းရဲတိုင်သမီး၊ နေမျိုးမင်းထင်ကတော် ညီမ မင်းခင်လတ်၊ သက်တော်ရှည်သမီး ခင်မျိုးတော်တို့ဖြစ်ကြသည်။

## ကုလီသဘင်ပျော်ပွဲဆင်

နတ်သျှင်ကိုယ်တော်သည် အဖက်ဖက်တွင် ကျွမ်းကျင်တတ်စွမ်းလိမ္မာတော်မူလှသော သူရသတ္တိနှင့်လည်း ပြည့်စုံတော်မူလှသည့် ပုရိသအာဇာနည်ဖြစ်တော်မူသည်။ အရာရာတွင် လေ့လာလိုက်စား၍ အထူးထူးသော ပညာတို့ကိုလည်း ရှာဖွေဆည်းပူးတော်မူသည်။

နတ်သျှင်ကိုယ်တော်သည် ရတုဆိုခြင်း၌ သိမ်မွေ့တော်မူလှ၏။ တူရိယာဂီတ စောင်းညှင်းပတ်သာတို့၌လည်း ကျွမ်းဝင်တော်မူသည်ဟု အဆိုရှိသည်။ ဂီတသုခမတို့ကို မြတ်နိုးနှစ်သက်တော်မူသည်။ ကေတုမတီနန်းတွင် စောင်းတတ်၊ ညှင်းတတ်၊ ပတ်တတ်၊ နဲ့တတ်သူတို့ကို ချီးမြှင့်မြှောက်စားတော်မူသည်။ ထိုခေတ်ထိုအခါက တောင်ငူရွှေနန်းတွင် အနုပညာပန်းတို့မှာ ပွင့်လန်းလှချေ၍။

တစ်ဖက်တွင်လည်း နတ်သျှင်ကိုယ်တော်သည် ဆင်ရေး မြင်းရေး၌ ထုံတော်မူသည်။ ခမည်းတော်လက်ထက်က ဆောက်လုပ်တော်မူခဲ့သော ပေါင်းလောင်းမြစ် အနောက်ဖက် သာယာစွာသော မြေပြင်တွင် ဆင်ခင်း၊

မြင်းခင်း ပြမြဲကို တိုးတက်ပြုစေသည်။ စက်ဝန်းထား၍ လှံ၊ သေနတ်တို့ကို စမ်းသည်။ ဓားရေး၊ လှံရေးတို့ကို ပြုသည်။ သေနင်္ဂဗျူဟာအမူကို ဤသို့ ပြုတော်မူသည်။

## ကုလီသဘင်

အထူးခြားဆုံးမှာ ကုလီသဘင်ပင် ဖြစ်သည်။ နတ်သျှင်ကိုယ်တော်သည် မဟာဥပရာဇာ ဘဝကပင် ကုလီကစားခြင်း၌ ဝါသနာထုံတော်မူသည်၊ ကေတုမတီ နန်းတော်၏ မြောက်ဖက်တွင် သုံးထောင်ဈေးလမ်းမ ရှိသည်။ ထိုဈေးလမ်းမ မြေပြင်ကို ညီညွှတ်စွာသုတ်သင်၍ မင်းညီ, မင်းသား, မင်းမှူး, မင်းမတ်အပေါင်းတို့ကို ကုလီကစားစေသည်။*

နတ်သျှင်ကိုယ်တော်သည် တောင်ငူဘုရင်အဖြစ်သို့ ရောက်တော်မူသောအခါ ကုလီသဘင်ကို မိမိကိုယ်တော်တိုင်လည်း ကစားပျော်မွေ့တော်မူသည်။ မင်းညီမင်းသား မှူးမတ်များကိုလည်း ကစားစေတော်မူသည်။

"နေမင့်းနွယ်ရင်း၊ မင်းထက်မင်းလျှင်၊
သလင်းအုတ်စီ၊ နန်းမြေညီဝယ်၊
ကုလီသဘင်၊ မြင်းနှင့်ရှင်၏"...

(ဝေယန္တာတွင် ချီ၊ ကျေးစေရတု)

အာဒိစ္စဝံသ နေနတ်နွယ်ရင်း၊ မင်းတကာတို့၏ အထွတ်အထိပ်မင်းထက်မင်း ဖြစ်တော်မူသော တောင်ငူဘုရင် မိမိသည် ကုလီသဘင်ကို ရှင်ပျော်မြူးသည်ဟု အထက်ပါအတိုင်း စပ်ဆိုတော်မူခဲ့သည်။

---

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ်၊ စာမျက်နှာ ၁၀၈၊ သုံးထောင်ဈေးဟူသည်မှာ လျော်ကား ၃၀၀၀ မျှး၏ ဝင်းဟောင်း၌ ဈေးတည်ထားခြင်း ဖြစ်၍ ခေါ်ခြင်းဖြစ်၏။ ကုလီကွင်းမှာ ယခုအစိုးရ အထက်တန်းကျောင်း၏ အရှေ့ရှိ ကန်လမ်းဖြစ်သည်။ ယခုဈေးတန်းဟောင်း ရပ်သည် ရှေးကသုံးထောင်ဈေး၏ နေရာပင်ဖြစ်သည်။ မြောက်ဖက်တွင် လမ်းမတော်၊ အရှေ့ မဏ္ဍမ်လမ်း၊ အနောက် နံပါတ် ၁၁ လမ်း အတွင်းတွင် ရှိသည်။ တောင်ငူ ရာဇဝင် အကျဉ်းချုပ် (ဦးချမ်းမြ) ၃၄/၃၅။

ကုလီကစားခြင်းသည် ကျွန်တော်တို့ ငယ်စဉ်က နိုင်ငံခြားတွင် ခေတ်စားသော ပိုလိုရိုက် ကစားခြင်းနှင့်တူသည်။ မြန်မာနိုင်ငံသို့ သိုးဆောင်းနိုင်ငံသားများ၊ အထူးသဖြင့် ဘရင်ဂျီ ပေါ်တူဂီတို့ ရောက်လာရာတွင် ဤကစားနည်း ထွန်းကားပြန့်ပွားလာဟန်တူသည်။ ကုလီကစားခြင်းနှင့် ပတ်သက်၍ 'စာပေလောက' အမည်ရှိစာအုပ် စာမျက်နှာ ၈၀ တွင် ဆရာဇော်ဂျီ ရေးသားဖွင့်ဆိုထားချက်ကို တင်ပြလိုပါသည်။

> "ကုလီကစားသည်ကို ဗလီရိုက်သည်ဟုလည်း ရေးသား သုံးစွဲလေသည်။ ကုလီကစားမည့် သူသည် မြင်းစီးရသည်။ ကုလီတံဟု ခေါ်ဆိုအပ်သော တုတ်တံကိုဆောင်၍၊ ထိုတုတ်တံအဖျားတွင် တပ်ဆင်အပ်သော အတံတိုဖြင့် ကုလီသီးကို မြေပြင်တွင် လိမ့်၍၎င်း၊ ရိုက်ခတ်၍၎င်း၊ ဖမ်းယူ မြှောက်ချီ၍၎င်း၊ သူ့စက်ပါးသို့ ရောက်အောင်ပို့ဟန်တူလေသည်။ ယခုခေတ်တွင် ပိုလိုကစားသည်နှင့် တူတန်သည်ဟု ဆိုလေသည်။"

ဤသို့အားဖြင့် ကုလီကစားခြင်းကို နတ်သျှင်ကိုယ်တော်တိုင် ဝါသနာထုံတော်မူခြင်းမှာ အကြောင်းရှိသည်။ ဆရာဇော်ဂျီ ဖော်ပြသကဲ့သို့ပင် ကုလီကိုကစားရာ၌ မြင်းကို စီးကာ ကစားရခြင်းဖြစ်ရာ မြင်းစီးကျွမ်းကျင်သည့်သူအဖို့ နှစ်သက်ဖွယ်ဖြစ်၏။ မြင်းဇက်ကြိုးကို တစ်ဖက်မှ ကိုင်ကာ အခြားတစ်ဖက်မှ ကုလီတံကို ကိုင်ယင်း ကုလီလုံးကို ရိုက်ရပုံ၊ ကုလီလုံးပြေးရာသို့ နောက်မှ မြင်းနှင့် လိုက်ရပုံ၊ တစ်ဖက်၏ စက်(ဂိုး)ကို သွင်းရပုံမှာ မြန်မာတို့အတွက် အတွေ့အကြုံသစ် ကစားနည်းအသစ် ဖြစ်လေသည်။ ဤကစားနည်းသည် အပျင်းပြေ၊ အညောင်းပြေ ကစားနည်းလည်း ဖြစ်သည်။ ကုလီသဘင်တစ်ပွဲ ဆင်နွှဲရခြင်းမှာ စစ်ပွဲတစ်ပုံဆင်နွှဲရသကဲ့သို့လည်း ဖြစ်သည်။ နတ်သျှင်ကိုယ်တော်သည် စစ်ရေးဆန်သော ဤကစားနည်းကို ထိုသို့သော အကြောင်းတို့ကြောင့်ပင် ပျော်မွေ့ခြင်း ဖြစ်ဟန်တူ၏။

နတ်သျှင်ကိုယ်တော်၏ ကုလီပွဲ ကစားဖက်တော်များမှာ ညီတော် ဥပရာဇာ တောင်ငူမင်းရဲကျော်စွာ၊ ညီတော် မင်းရဲသီဟသူ၊ ညီတော် မင်းရဲကျော်ထင်နှင့် ဘထွေးတော် သတိုးဓမ္မရာဇာတို့ ဖြစ်ကြသည်။ ကုလီပွဲကို ကစားလျှင် နတ်သျှင်ကိုယ်တော်နှင့် ညီတော် မင်းရဲသီဟသူက တစ်ဖက်၊ ဥပရာဇာ မင်းရဲကျော်စွာနှင့် ဘထွေးတော် သတိုးဓမ္မရာဇာတို့က တစ်ဖက်

ကစားတော်မူလေ့ရှိသည်။

"ဘုန်းစည်ကြီးမြတ်၊ မင်းများနတ်လျှင်၊
လွှံ့ပတ်မြေပေါ်၊ ပတ်နှံ့ကျော်သည်၊
ညီတော်လေးပါး၊ မှူးမတ်များနှင့်၊
ကစားပျော်မှု၊ ကုလီလု…"

(ခုနှစ်တောင်စွန် ချီ၊ ကျေးစေရတု)

ဖော်ပြပါရတုတွင် ညီတော်လေးပါး ဆိုသည်မှာ ဘထွေးတော် သတိုးဓမ္မရာဇာကို ချစ်ခင်မြတ်နိုးသည့် သဘောဖြင့် ညီတော်စာရင်းထဲတွင် ထည့်သွင်းစပ်ဆိုတော်မူခဲ့ခြင်းဖြစ်၏။

နတ်သျှင်ကိုယ်တော်သည် ကုလီကစားပုံ စကားနည်းကိုင်၄င်း၊ ညီတော်တို့၏ ကုလီ အစွမ်းကို၄င်း ရတုကဗျာဖြင့် သရုပ်ဖော်ဖွဲ့ဆိုခဲ့၏။

"ငါတို့ဖက်က၊ လျှပ်ပြက်သောဟန်၊
ကြိုး၍ လှန်လည်း၊ လက်မြန်'သူ'က၊
စက်မီး ကျသို့၊ စကြဲ့ သခင်၊
ဘဝ ရှင်လည်း၊ ကျင်လျင် စဟန်၊
လက်မြန် လက်ကောင်း၊ မတင့် တောင်းတည့်၊
နန်းလောင်း ပွင့်လျှာ၊ ရဲကျော်စွာလည်း၊
မာန်ပါ ခတ်သံ၊ မိုးကြိုးချုံသို့၊
နိုင်းစံ မဲ့ထွေ၊ တင့်လှ ပေ၏။
ပွဲရည် လည့်လည်၊ အတည်တည်သည်၊
နိုင်မည်ကိုပင်၊ ရည်းကြထင်…"

(ခုနှစ်တောင်စွန်-ချီ၊ ကျေးစေရတု)

ကုလီပွဲသဘင်တစ်ခုတွင် နတ်သျှင်ကိုယ်တော်နှင့် မင်းရဲသီဟသူတို့ဖက်မှ လျှပ်ပြက်သကဲ့သို့ ကျင်လျင်စွာဖြင့် ကြိုးစားကာ လက်မြန် လက်ကောင်း တွန်းလှန် ရိုက်ခတ်သည်။ တစ်ဖက်မှ ဥပရာဇာ မင်းရဲကျော်စွာနှင့် သတိုးဓမ္မရာဇာတို့ကလည်း စက်မီးကျသကဲ့သို့ လက်မြန်လှသည်။ ဥပရာဇာ၏ ရိုက်ပုံမှာ မာန်ပါကာ မိုးကြိုးကျသို့ရှိသည်။ ဖက်နိုင်း စံနမူနာပြုကင်းလောက်အောင် တင့်တယ်သည်။ နှစ်ဖက်လုံးပင် မိမိတို့ အနိုင်ရမည့် အရေးကို ရည်မှန်းလျက်ရှိကြသည်။

ကုလီပွဲတွင် နတ်သျှင်ကိုယ်တော်ဖက်မှ လက်ရည်သာလာသည်။

…"သူ့ခွင်စက်ပါး၊ မှန်သည် များကို၊
ကြိမ်းဝါး တုံ့မှ၊ အားပါး ကျ၍၊
တို့က သတိုး၊ တဖန် ကြိုးလည်း၊
တန်နိုး မဲ့ထွေ၊ ပွဲမကျေခဲ့၊
ကြီးထွေ တန်ခိုး၊ ရင့်နိုး သမ္ဘာ၊
ရဲကျော်စွာလည်း၊ မာန်ပါ ခြိမ်းမဲ၊
လက်ဝဲ လက်ယာ၊ လှည့်လိုက် ကာတည့်၊
စက်ဝါ နေတူ၊ သီဟသူလျှင်၊
သွေးယူခဲ့ကာ၊ မတတ်သာ၍၊
ကြမ္မာကံရှိး၊ ရှက်စနိုးရှင့်၊
သတိုးဓမ္မ၊ ရဲနေကျလည်း၊
လက်ချမှိုင်တွေ၊ ရှုံးလှချေသည်၊
ပွဲရေများဖြင့် ပည်းမျှပင်…"

(ခုနှစ်တောင်စွန့်-ချီ၊ ကျေးစေရတု)

ကုလီသီးသည် ဟိုဖက် သည်ဖက် ပြေးလွှားလျက် ရှိသည်။ ဤပွဲတွင် သတိုးဓမ္မရာဇာသည် ကြိုးစားကာ ကစားလေသော်လည်း ပွဲမကျေနိုင်ခဲ့ပေ။ ဥပရာဇာ မင်းရဲကျော်စွာသည်လည်း ဒေါမာန်ဖြင့် ခြိမ်းမဲကာ လက်ဝဲလက်ယာ လှည့်ပတ်လိုက်လျက် ကစားသည်။ နောက်ဆုံးမင်းရဲသီဟသူက ကုလီသီးကို သွေးဆောင် ယူသွားသဖြင့် ရှက်စနိုးဖြစ်ကာ ကံကို ယိုးမယ်ဖွဲ့ရလေသည်။ မင်းရဲကျော်စွာနှင့် သတိုးဓမ္မရာဇာတို့ဖက်မှ ပွဲရေမြောက်မြားစွာပင် ရှုံး၍ လက်မှိုင်ချရလေတော့သည်။

ဤသို့သော ကုလီပွဲသဘင်ကို တောင်ငူဘုရင် နတ်သျှင်ကိုယ်တော်သည် တပျော်တပါးကစားလေ့ ရှိတော်မူ၏။ ပွဲတော်ကို အနိုင်နွဲပြီးသောအခါ အရှုံးပေါ်လေ့ရှိသည့် ညီတော် အထွေးတော်များအား ရတုဖြင့်လည်း ကြည်စယ်လေ့ရှိသည်။

ကေတုမတီ တောင်ငူနန်းမှာ ဤသို့လျှင် ပျော်ရွှင်မှုများဖြင့် ပြည့်ဝလျက် ချမ်းငြိမ်းအေးမြ နေလေတော့သည်။

## အင်းဝ၏စစ်ကြွေးသံ

ညောင်ရမ်းမင်းတရား၏ လက်ရုံးရည်နှင့် ဖွဲလုံ့လ ဝီရိယတို့ဖြင့် တည်ဆောက်လာခဲ့သော ရတနာပူရ အင်းဝနေပြည်တော်၏ အာဏာစက်သည် သားတော် မဟာဓမ္မရာဇာ (အနောက်ဖက်လွန်မင်း) လက်ထက်တော်တွင် သိသိသာသာတက်ကြွ၍ လာသည်။ မဟာဓမ္မရာဇာသည် သက္ကရာဇ် ၉၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့တွင် ခမည်းတော်၏ အရိုက်အရာကို ဆက်ခံရတော်မူပြီးနောက် ခမည်းတော် သိမ်းသွင်းခဲ့သော နိုင်ငံပိုင်နက်များကို မကွဲမပြား ထိမ်းသိမ်းထားတော်မူနိုင်ရုံမျှမက၊ နောက်ထပ် နယ်ပယ် ချဲ့ထွင်ရန်ကိုပါ အချိန်ရှိသရွေ့လုံ့လ စိုက်တော်မူသည်။

သက္ကရာဇ် ၉၆၇ ခုနှစ်တွင်၊ မြန်မာနိုင်ငံတော်ရှိ ပြည်ထောင်အသီးသီး၌ အောက်ပါအတိုင်း ထီးပြိုင်နန်းပြိုင် ဘုရင်များ အုပ်စိုးလျက်ရှိသည်။

| | | |
|---|---|---|
| ၁။ | တောင်ငူ။ | တောင်ငူရွှေနန်းတည် မင်းတရား။ (နတ်သျှင်နောင်၏ ခမည်းတော်) |
| ၂။ | ပြည်။ | ရန်နိုင်စား။ (ပြည်ဘုရင်မင်းကြီးနောင်းကို လုပ်ကြံကာ နန်းတက်နေသူ) |
| ၃။ | သံလျင်။ | ကုလားငဇင်္ကာ။ (ပေါ်တူဂီဘုရင်ဂျီ-ဇွင်ကာကူ) |
| ၄။ | မုတ္တမ။ | ဗညားဒလ။ (ယိုးဒယား-ဖြနရာဇ်က ဘုရင်အဖြစ် ခန့်ထားခဲ့သော မွန်အမတ် ဝင်းယော်စား၏တူ) |
| ၅။ | ဇင်းမယ်။ | အနော်ရထာစော။ (ရာဇဓာတုကလျာ၏ မောင်တော်ကြီး) |
| ၆။ | ရခိုင်။ | မင်းရာဇာကြီး |

အင်းဝဘုရင် မဟာဓမ္မရာဇာမှာ မြန်မာနိုင်ငံ အလယ်ပိုင်း၊ အထက်ပိုင်းနှင့် ရှမ်းပြည်နယ်တလွှားကို လက်နက်နိုင်ငံအဖြစ် သိမ်းသွင်းပြီး ဖြစ်သည်။ ထို့ကြောင့် နောက်ထပ် နယ်ပယ်ချဲ့ထွင်ရမည်ဆိုလျှင် တောင်ငူနှင့် ပြည်သာရှိသည်။ မဟာဓမ္မရာဇာသည် အင်အားကြီးမားသော တောင်ငူသို့ ပထမ မချီရဲပေ။ ထို့ကြောင့် နတ်ရှာစံ မင်းကြီးနောင်း၏ အထိန်းတော်သား မင်းမျိုးမဟုတ်သူ ရန်နိုင်စား အုပ်စိုးနေသည့် သရေခေတ္တရာ ပြည်မြို့သို့ အလျှင်ချီရန် ဆုံးဖြတ်တော်မူခဲ့သည်။

အင်းဝ မဟာဓမ္မရာဇာသည် နန်းတက်သည့် ၉၆၇ ခုနှစ်မှ ၉၆၉ ခုနှစ် တန်ဆောင်မုန်းလအတွင်း မိမိ၏ ပိုင်နက်နိုင်ငံအတွင်း အင်အားကို စုရုံးတော်မူသည်။ အစုအငန်း အသီးသီးလှည်းဖွဲ့သည်။ ဤသို့သော ကိစ္စပြီးပြေမှ ပြည်သို့ ချီရန်ပြုတော်မူ၏။

## ပြည်တိုက်ပွဲ

သက္ကရာဇ်၉၆၉ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနင်္လာနေ့တွင် ပြည်သို့ ကြည်းကြောင်း၊ ရေကြောင်းဖြင့် သောင်းသောင်း ညံအောင်၊ အောင်စည် အောင်မောင်း ရိုက်ခတ်ကာ ချီတော်မူသည်။ ကြည်းတပ်တွင် ညီတော် မင်းရဲသိခ်သူက ဦးစီးဦးချုပ်ပြုကာ၊ တပ်ပေါင်း ၇ တပ်၊ တိုက်ဆင် ၄၀၀၊ မြင်း ၆၀၀၀၊ စစ်သည် သူရဲ ၇၀၀၀၀ ဖြင့် ချီတက်စေသည်။

မင်းတရားကြီးမှာကား ရွှေဖောင်တော်ကိုစီးကာ ကိုယ်တော်တိုင် ကြပ်မ၍ ရေကြောင်းမှ ချီတော်မူ၏။ ရေကြောင်းတွင် မင်းတရားကြီး၏ တပ်မတော်အပြင် တပ်ပေါင်း ၇ တပ်၊ ကတ္တူလွှန်းကြင်-ငှက်လှေ ၄၀၀၊ လှော်ကား သံလှေ ၃၀၀၊ ရိက္ခာတင် ကုန်လှေ ၂၀၀၊ စစ်သည် သူရဲ ၇၀၀၀၀ ပါဝင်လေသည်။

မင်းတရားကြီး၏ ရေတပ် မြေထဲသို့ရောက်လျှင် ပြည်မင်း၏ ရေတပ်နှင့်တွေ့ကာ တိုက်ပွဲဖြစ်ရာ မင်းတရားကြီးဖက်မှ အနိုင်ရ၍ မြေထဲမြို့ကို သိမ်းပိုက်မိသည်။ ပြည်သို့ ရောက်သောအခါ ကြည်း-ရေ ၂ နှစ်ထွေမှ လုပ်ကြံသော်လည်း ပြည်မြို့-မြို့စီးပြစီးများသည်နှင့် ပြောင်းသေနတ်ထူထပ်သောကြောင့် ရဲမက်တော်များ အထိအပါးများ၍ နောက်သို့ ဆုတ်ရသည်။

ဤသို့အားဖြင့် ပြည်မြို့ကို အင်းဝ မဟာဓမ္မရာဇာ၏ ကြည်း-ရေတပ်များသည် ၈-လတိုင်တိုင် ဝန်းရံ၍နေရသည်။ သက္ကရာဇ် ၉၇၀ ပြည့်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့တွင်ပင် အသေအကြေခံ၍ မြို့ရိုးကို တက်ကာ ဖြိုဖျက်သောကြောင့် ပြည်မြို့ကို ရတော်မူသည်။ ပြည်ဘုရင် ရန်နိုင်စားကို မကွပ်မညှပ်၊ အင်းဝသို့ ခေါ်ဆောင်ကာ တော်သလင်း တဲတော်ဆိပ်တွင် တဲနှင့်ထားသည်။ ထိုမှ မိုးကောင်းသို့ပို့၏။ မိုးကောင်းတွင် ရန်နိုင်စား လွန်သည်။

ပြည်မြို့ကို ရတော်မူလျှင်အင်းဝမဟာဓမ္မရာဇာ မင်းသည် အထူးအကဲအားတက်တော်မူသည်။ ထီးပြိုင်နန်းပြိုင် မင်းတပါးပျောက်ကွယ်သွား

ပြီးနောက် နောက်တစ်ချီ စစ်ရေးစမ်းရန် ကြံစည်တော်မူပြန်၏။

## တောင်ငူဘုရင်အဖြစ်မှသည် ဘုရင်ခံအဖြစ်သို့

သက္ကရာဇ် ၇၉၁ ခု။

နတ်သျှင်နောင်ကိုယ်တော်သည် တောင်ငူရွှေနန်းစံမင်းတရားအဖြစ် ရွှေထီး ရွှေနန်းသိမ်းတော်မူကာ ဥကင် ဖွင့်သည့်နှစ်တွင်ပင် အထက်မြန်မာ နိုင်ငံတော်အလုံးကို သိမ်းရုံးအုပ်ချုပ် အားအင်ကုံလုံနေပြီဖြစ်သည့် အင်းဝ မဟာဓမ္မရာဇာ မင်းသည် တောင်ငူနန်းကို တိုက်ခိုက်သိမ်းပိုက်ရေးအတွက် စစ်ရေး အစီအစဉ်ကို စတင်ပြုတော်မူသည်။

တောင်ငူသို့ စစ်ရေး မြားဦးလှည့်တော်မူမည်ဟု မဟာဓမ္မရာဇာမင်း က မင်းမှူးမတ်များကို တိုင်ပင်တော်မူသောအခါ ဝန်ရှင် သီရိဇေယျ နော်ရ ထာက အောက်ပါအတိုင်း လျှောက်ထားသည်။

"တော်ငူသည် အခြားပြည်များကဲ့သို့ မဟုတ်ချေ။ မှူးကောင်း, မတ် ကောင်း, ဆင်ကောင်း, မြင်းကောင်း, များလှသည်။ မြို့ပြလည်း ခိုင်ခံ့လှ သည်။ တစ်ပါးမြို့တော်ကို လုပ်ကြံတော်မူသကဲ့သို့ မလေးမစား ပေါ့ပေါ့ လျော့လျော့ လုပ်ကြံတော်မူ၍ မသင့်ချေ။ နိုင်ငံတော်အလုံးတွင် ရှိသော ဆင်လုံး မြင်းရင်းနှင့် စည်းစည်းကြပ်ကြပ်, ရပ်ရပ်နေနေ လုပ်ကြံတော်မူ သည်ဖြစ်မှ အရေးတော်လှမည်"*

မင်းတရားကြီးသည် 'ငါလုပ်ကြံသည်ကို တောင်ငူမြို့မျှသည် ခံနိုင် မည်လော'ဟု မိန့်ကြားကာ တပ်မတော်ကိုသာ ပြင်စေသည်။

ဤသို့အားဖြင့် တောင်ငူသို့ချီရန် အချိန်သည် ကျရောက်၍လာ၏။ ရှမ်းပြည်နယ်တလွှားက မြို့စားပြစား အပေါင်းတို့ ရွှေဖဝါးတော်အောက်သို့ အရောက်ညီခဲ့လေပြီ။

## တောင်ငူသို့ ချီတက်ခြင်း

အင်းဝ မဟာဓမ္မရာဇာသည် တောင်ငူကို ပေါ့ပေါ့တန်တန် လုပ်ကြံ ရန်မဖြစ်နိုင်မှန်းသိ၍ တောင်ငူကြောင်းချီရန် အင်အားကြီးမားလှသော တပ်များကို စည်းကြပ်ခန့်ရန်တော်မူသည်။

---

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ် ၁၄၇

ရှေ့ပြေးတပ်တော်အဖြစ် မြင်း ၁၀၀၀ စီးပါသော မြင်းတပ်ကြီး ၆-တပ်ကို ဇေယျပညာ၊ တုရင်ရာဇာ၊ ဓမ္မသင်္ယာ၊ နန္ဒသီဟ၊ ဘယစက္က၊ လက်ယာမြဲမြဲတို့အား ဦးစီးကာ စေလွှတ်သည်။ ထိုမြင်းတပ်တော်၏ နောက်တွင် ဆင်၊ မြင်း၊ ခြေလျင်တပ်ပေါင်း ၂၃တပ်ကို ချီစေသည်။ တောင်ငူချီ တပ်မတော်တွင် နန္ဒသူရိယကို စစ်ကဲ၊ သီရိဇေယျကျော်ထင်ကို တပ်မှူး ခန့်တော်မူသည်။ မင်းတရားကြီးမှာ နောက်တပ်မ,ပြု၍ ချီတက်သည်။ မြင်းတပ် ၆-တပ်နှင့် တပ်ပေါင်း၂၃-တပ်တွင် တိုက်ဆင် ၅၀၀၊ မြင်း ၁၀၀၀၀ နှင့် စစ်သည်သူရဲ ၁၂၀၀၀၀ ပါဝင်သည်။

ထို့မျှ အင်အားကြီးမားသော တပ်များအပြင် ပြည်ဖက်က စစ်ကူချီလာသော ညီတော်မင်းရဲသိင်္ခသူ ၁-တပ်၊ ကျွန်းဆုံမင်း ၁-တပ်၊ ၂-တပ်ပေါင်း တိုက်ဆင် ၄၀၊ မြင်း ၃၀၀၊ စစ်သည်သူရဲ ၁၀၀၀၀လည်း နောက်ထပ် ချီတက်လာချေသေးသည်။

ဤသို့ ကိုယ့်အနွယ်တူချင်း၊ အမျိုးတူချင်း ဖိဖိနှိပ်နှိပ် တိုက်တတ်ကြသောကြောင့်လည်း မြန်မာ့အာဏာသည် တစ်လုံးတစ်စည်းတည်း တည်တံ့မှု မရှိခဲ့ခြင်းကို ရာဇဝင်တလျှောက်၌ တွေ့ခဲ့ရခြင်းဖြစ်၏။ တောင်ငူနန်းကို တိုက်ရန် ဤမျှ အင်ကုန်အားကုန် ချီတက်လာခြင်းမှာ နတ်သျှင်နောင် ကိုယ်တော်အား မည်၍မည်မျှ အထင်ကြီးမားကာ ရှံ့ရှာခြင်း ရှိကြောင်းကိုလည်း ပြသရာရောက်သည်။

ရန်သူအင်အားဤရွေ့ဤမျှများပြားလှသော်လည်း နတ်သျှင်ကိုယ်တော်ကား ကြောက်လန့်ခြင်း ရှိတော်မမူချေ။

အင်းဝဘုရင်၏ တပ်များသည် တောင်ငူသို့ ရောက်သောအခါ တနင်္လာနံ၏ သီရိအရပ်ဖြစ်သော မြို့အရှေ့မြောက်ထောင့် အရပ်၌ တပ်ကြီး တပ်ခိုင်တည်ကာ နေလေသည်။ ပြည်မှ ချီတက်လာသော တပ်များသည်ကား မြို့၏ မြောက်ဖက်တွင် တပ်နှင့် ရံလေသည်။

အင်းဝဘုရင် မဟာဓမ္မရာဇာသည် ဗေဒင်ယတြာစသည်တို့ကို များစွာ ယုံကြည်တော်မူသည်။ စစ်ချီတက် တိုက်ခိုက်ရာတွင်ပင် ဘားမဲ့ဆရာတော်ကို အလျောက်အထား ပြုကာ ညွှန်ကြားတော်မူချက်ကို လက်ခံသည်။ ထို့ကြောင့် အရှေ့မြောက်ဖက်တွင် တပ်တည်ထားရာက မြို့အနောက်ဖက် ကြက်ရိုးပင်အရပ်တွင် တပ်ခိုင်တပ်လုံ တည်တော်မူပြန်သည်။ ထို့နောက်

“မဟာဒေဝီရှင်မိဖုရား၏ ကောင်းမှုတော်ကိုပတ်၍ တပ်တည်ရမည်” ဟု အမိန့်ပေးပြန်၏။

## တောင်ငူတိုက်ပွဲများ

အင်းဝဘုရင်၏ အမိန့်အတိုင်း မဟာဒေဝီ ရှင်မိဖုရား၏ ကောင်းမှုတော်ကို ပတ်ကာ တပ်တည်ရန် အင်းဝတပ်တို့က တပ်ရာကို နင်းလေသည်။ ထိုအခါတွင် တောင်ငူဘုရင် နတ်သျှင်နောင်သည် တပ်ရာမနင်းနိုင်ရန် ဆင် မြင်းအများနှင့် ထွက်၍ တိုက်၏။ တောင်ငူချီတပ်ပေါင်းစု၏ တပ်မှူးဖြစ်သူ၊ အင်းဝဘုရင်၏ ငယ်ကျွန်တော်လက်ရုံးတော်တဆူဖြစ်သည့် သီရိဇေယျ နော်ရထာသည် မြင်း ၃၀၀–ကျော်နှင့် စွန်းစွန်းတပ်ရာ နင်းသည်ကို တောင်ငူမင်းသည် လိုက်၍တိုက်သည်။

တိုက်ပွဲပြင်းစွာ တိုက်သည်။ မြင်းတပ်ချင်း အလုံးလုံး အထွေးထွေး ဖြစ်ကုန်သည်။ ထိုစဉ် တောင်ငူတပ်က တပ်မှူးသီရိဇေယျနော်ရထာ၏ ခါးကို လှံဖြင့်ထိုးကာ မြင်းပေါ်ကကျစေသည်။ မြင်းပေါ်ကအကျတွင် တပ်မှူးသီရိဇေယျနော်ရထာ၏ ဦးခေါင်းကို ဖြတ်ကာယူငင်သွား၏။ သီရိဇေယျနော်ရထာကို လှံဖြင့်ထိုးကာ ဦးခေါင်းဖြတ်၍ ဆက်သသူအား တောင်ငူဘုရင် နတ်သျှင်နောင်သည် အားရတော်မူလှ၍ ‘ဒေဝယော်ဓာ’ ဟု ဘွဲ့ပေးပြီး ဆုတော်များ ချီးမြှင့်လေသည်။

အင်းဝဘုရင်သည် မဟာဒေဝီရှင်မိဖုရား၏ ကောင်းမှုတော်ကို ပတ်ကာ တပ်မ တည်နိုင်လေသောအခါ ‘ကျောင်းရှစ်ဆယ်ပန်းဆေး’ ကို ပတ်၍ တပ်တည်ရမည်ဟု အမိန့်ပြန်ကာ တပ်ရာနင်းစေပြန်၏။ ထိုအခါ တောင်ငူဘုရင်၏ ကျွန်တော်ဘယဂါမဏိမည်သော အမတ်သည် ‘ဆင်တော် စောရန်နင်း’ ကို စီးကာ မြို့မှထွက်လာပြီးလျှင်၊ အင်းဝဘုရင်၏ သားတော် ကျွန်းဆုံမင်းကြီး ရှိရာသို့ ဦးတည်၍ တိုက်သည်။ ကျွန်းဆုံ မင်းကြီး ဆင်ထက်မှ ကျကာ မြင်းသို့တက်ပြီး ပြေးရသည်။ ထိုအခါ ဘယဂါမဏိသည် အခြားဆင်တစ်စီးကို တိုက်ပြန်သည်။ ဤသို့ဘယဂါမဏိ အောင်ပွဲရနေသည်ကို တွေ့သောအခါ အင်းဝဘုရင်ဖက်မှ သေနတ်လုလင် တစ်ဦးက ဘယဂါမဏိအား သေနတ်ဖြင့် ပစ်ရာ ဘယဂါမဏိသည် ဆင်ဦးတွင်ပင် ကျဆုံးရချေသည်။ မိမိသခင် ကျသော်လည်း ဆင်တော် စောရန် နင်းသည် အလျှော့မပေးဘဲ

မြင်မြင်ရာရာကို လိုက်လံတိုးဝှေ့ကာ တိုက်သည်။ ဆင်တော်စောရန်နှင်းကို ဖမ်းရန် အင်းဝရဲမက် မြင်းသည်တပ်သား တို့အားလုံး ဝိုင်းဝန်းချဉ်းကပ်သော်လည်း မရ၊ နောက်ဆုံးတွင် မြင်းသည် တစ်ယောက်က ဆင်တော်၏ အမြီးကို ဖြတ်ကာမှ ဆင်ရပ်၍ အဖမ်းခံသည်။ နတ်သျှင်ကိုယ်တော်၏ ကျွန်တော်တို့တွင်သာမက အဟိတ်တိရစ္ဆာန်တို့ သည်ပင်လျှင် ရဲစွမ်းသတ္တိ ရှိလှချေသည်။ ကျွန်တော် ဘယဂါမဏိနှင့် ဆင်တော် စောရန်နှင်းတို့ သူ့လက်ပါ၍ ဆုံးချေလျှင် အင်းဝတပ်တို့သည် ပန်းဆေးအရပ်တွင် တပ်တည်နိုင်ခွင့်ကို ရသွားကြလေသည်။ ထိုအခါ တောင်ငူမြို့တွင်းသားတို့ ကျဉ်းမြောင်းကြလေ၏။

**နတ်သျှင်ကိုယ်တော်၏ ဇာတိမာန်မာန။** တောင်ငူမြို့တော်ကို အင်းဝတပ်အပေါင်းတို့က ရံလျက်ရှိသည်။ မြို့တွင်းသားတို့သည်လည်း မလှုပ်မရှားနိုင်ဘဲ ကျဉ်းကြပ်ကုန်ကြသည်။ ထိုအခါ တောင်ငူဘုရင်၏ ညီတော်များနှင့် မှူးမတ်တို့သည် ကြောက်ရွံ့တုန်လှုပ်ကြ၍ 'ဆရာတော်ပြာသာဒ်ကျောင်းဘုန်းတော်ကြီး' အား 'အင်းဝဘုရင်သို့ တောင်ငူဘုရင် နတ်သျှင်နောင် အညံ့ခံရန် လျှောက်ထားပေးတော်မူပါ' ဟု လျှောက်ထားသည်။

ပြာသာဒ်ကျောင်း ဘုန်းတော်ကြီးသည် မင်းညီမင်းသားတို့ မေတ္တာရပ်ခံချက်ကို လက်ခံကာ နန်းတော်သို့သွား၍ ဘုရင်နတ်သျှင်နောင်အား ဤသို့ပြောကြား၏။

'ယခု ပြည်ထဲရေးကို ထောက်ရှုသော် ခဲခက်လှ ချေသည်။ အညံ့ခံတော်မူမှ သင့်မည်ထင်သည်။ ဘုရားရှင် ဟောတော်မူသော တရားတော်မှာလည်း ဇာတိသန္ဓေ နေကုန်သောခပ်သိမ်းသော သတ္တဝါ အပေါင်းတို့သည် နာနာဘာဝတရားမှ မကင်းသာချေဟု ဟောတော်မူသည်။ အရေးတော်သာယာစွာ ပြီးမည့်အကြောင်းကို စီရင်တော်မူစေချင်သည်…'*

ဘုရင် နတ်သျှင်နောင်မှာ သူရသတ္တိတော် ကြီးမားလှကာ အညံ့ခံရမည့်အရေးကို မည်သည့်အခါတွင်မှ မျှော်တွေးတတ်သူမဟုတ် လေသောကြောင့် ဆရာတော်၏ မေတ္တာရပ်ခံချက်ကို ပယ်တော်မူလေသည်။

---

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိအုပ် ၁၅၁

"အညွှံခံတွက်ရှိသလော။ ကျွန်ုပ်တို့ ညီနောင်လေးပါးစီးသည့် ဆင် ၄-စီးကို မြင်လျှင် အဝစစ်သည်တို့ ခံနိုင်မည်လော…"*

ထိုအခါ ပြာသာဒ်ကျောင်း ဘုန်းတော်ကြီးသည်အခွင့်မရ၍ ကျောင်းတော်သို့ ပြန်ကြွရသည်။ နံနက်မိုးသောက်သောအခါ ဘထွေးတော် သတိုးဓမ္မရာဇာ၊ ညီတော်များဖြစ်ကြသော ဥပရာဇာ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့သည် ပြာသာဒ်ကျောင်း ဘုန်းတော်ကြီးထံ သွားကာ တောင်းပန်ကြပြန်သည်။ ထိုအခါ ဘုန်းတော်ကြီးသည် နတ်သျှင်နောင်ကိုယ်တော်ထံသို့ ဝင်ရပြန်သည်။

"တရားမင်းကြီး အရေးတော် ခက်ခဲကြောင်းကို ညီတော်,သားတော်, မှူးတော်, မတ်တော်တို့ နှလုံးက မထင်ကုန်၍ အလွန်ခံ့ညားကြကုန်သည်။ အရေးတော်ပြီးလွယ်မှ ပြည်သူအပေါင်းနှင့် ကိုယ်တော်ချမ်းသာမည်။ တရားတော်မှာလည်း ဖြစ်တတ်သော သဘောတရားလည်း ဖြစ်တတ်၏။ ပျက်တတ်သော သဘောတရားလည်း ပျက်တတ်၏။ ထိုသို့ဖြစ်တတ် ပျက်တတ်သော သဘောတရား ၂-ပါး၏ ချမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်သာလျှင် စင်စစ်အားဖြင့် အမြဲရှိသည်။ တရားမင်းကြီး အလောင်းတကာတို့သည်လည်း နာနာဘာဝနှင့်တွေ့သောအခါ ကောင်းမြတ်သော သတိတရားနှင့် မကင်းကြကုန်။ ထိုတရားတော်ကို အသင့်အတင့်အားဖြင့် နှလုံးသွင်းတော်မူရာသည်။ …"**

ပြာသာဒ်ကျောင်း ဘုန်းတော်ကြီး၏ မေတ္တာရပ်ခံချက်နှင့် တရားတော်ကို ကြားနာရသောအခါ နတ်သျှင်ကိုယ်တော်သည် ညီတော် သားတော်စသော ပြည်သူအလုံး ထိတ်လန့်ကြောင်း သိတော်မူသည်။ ပြည်သူနှင့်တကွ နိုင်ငံ ချမ်းသာစေရေးအတွက် ထိုအခါတွင် ရင်နာနာနှင့် အလျှော့ပေးတော်မူလိုက်ရချေသည်။

"ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ဘေးအန္တရာယ် အေးမည့်အကြောင်းကို ဆရာတော်မိန့်တော်မူပါလော့…"**

---

** မဟာရာဇဝင်ကြီး (ဦးကုလား) တတိအုပ်၊ ၁၅၁

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိအုပ်၊ ၁၅၂

ဤသို့အားဖြင့် နတ်သျှင်ကိုယ်တော် တစ်သက်လုံး ရည်မှန်းတော်မူလာခဲ့သော ရည်ရွယ်ချက်ပန်းတိုင်ကြီးသည် ပြိုလဲ၍သွား ချေပြီဖြစ်၏။ ကေတုမတီ ထီးနန်းကို စိုးစံရတော်မူခြင်းကိုကား ကြုံရပါ၏။ သို့သော်…ထိုစိုးစံရမှုသည် သက္ကရာဇ် ၉၇၁ ခု၊ ဝါခေါင်လပြည့်ကျော် ၆–ရက်နေ့မှ သက္ကရာဇ် ၉၇၂ ခု၊ တော်သလင်းလပြည့်ကျော် ၃–ရက်အထိ… နန်းစံသက်တမ်း တစ်နှစ်နှင့် တစ်လမျှပင် မရှိချေ။ နတ်သျှင်ကိုယ်တော်၏ နာကြည်းဖွယ်ဘဝကို စာရှုသူတို့ တွေးဆ,တော်မူနိုင်ဖွယ် ဖြစ်ပါသည်။

**လက်နက်ချအခမ်းအနား။** ပြာသာဒ်ကျောင်း ဘုန်းတော်ကြီး၏ ရှေ့ရင်အေးတရားကြောင့် စစ်နိုင် အင်းဝဘုရင်သည် နောက်ဆုံးတွင် ငြိမ်းချမ်းရေးကို လက်ခံတော်မူသည်။ ဤသို့လက်ခံရာတွင်လည်း စစ်နိုင်ဘုရင် ပီပီ တောင်ငူဘုရင် နတ်သျှင်ကိုယ်တော်၏ ဂုဏ်သရေကို ယုတ်လျော့ကျစေရန် စီစဉ်ခဲ့သည်။

(က) တောင်ငူဘုရင်၏ လက်ရုံး စည်သူကျော်ထင်နှင့် ရာဇသင်္ကြံတို့ကို အဆောင်အယောင် အစီးအနင်းနှင့် ထွက်လာစေကာ၊ အင်းဝတပ်တော်သို့ ရောက်လျှင် ယင်းအဆောင်အယောင် အစီးအနင်းတို့ကို ယုတ်တော်မူစေသည်။

(ခ) ထို့နောက် ညီတော် တောင်ငူဥပရာဇာ မင်းရဲကျော်စွာကို ဆင်တော်ရတနာ ကျော်ခေါင်နှင့်။ ညီတော် မင်းရဲသီဟသူကို ဆင်တော်ရတနာ တန်ဆောင်နှင့်။ ညီတော် မင်းရဲကျော်ထင်ကို ဆင်တော်ဇမ္ဗူသနင်းနှင့် ရွှေကနှင့် ချည်စီး၍ ထွက်စေသည်။ အင်းဝတပ်သို့ ရောက်သော် တောင်ငူ ဥပရာဇာ မင်းရဲကျော်စွာ၏ အိမ်ရှေ့ဝေါနှင့် ကျိုင်းနှစ်ချက်ကို ယုတ်သည်။ မင်းရဲသီဟသူနှင့် မင်းရဲကျော်ထင်တို့၏ ဆင်တော်မှ ရွှေကပေါင်းဝန်းကို ယုတ်ကာ ရွှေထည့် ပေါင်းထုပ်နက်ကို ပေးသည်။ ထို့နောက် ကေတုမတီမြို့တွင်းသို့ ပြန်၍ လွှတ်သည်။

(ဂ) တောင်ငူမင်း ဘထွေးတော် သတိုးဓမ္မရာဇာကို အစီးအနင်း အဆောင်အရွက်နှင့် ထွက်စေကာ ရောက်လျှင် ကျိုင်း ၂–ချက်၊ ဝေါကို ယုတ်သည်။ဆင်က ရွှေပေါင်းထုပ်အနက်ကို လဲလှယ်ပေးသည်။

(ဃ) နောက်ဆုံးနတ်သျှင်ကိုယ်တော် ထွက်ရန်အလှည့်သို့ ကျရောက်တော် မူလာသည်။ နတ်သျှင်ကိုယ်တော်သည် မင်းဧကရာဇ်တို့၏ ထုံးကို နှလုံးမူကာ ထီးဆောင်းမင်းတို့၏ အခမ်းအနားဖြင့် မကြောက်မရွံ့ ထွက်တော်မူလာသည်။ ရှေ့ဆင်တော် ၂-စီး၊ နောက်ဆင်တော် ၂-စီးတွင် ရွှေတံခွန်တပ်၍ ဆောင်းတော်မူသည်။ အောင်ပွဲတော်ရ ဥပေါသထ ဆင်တော်ကိုကား ရွှေကွန်ယက်အုပ်၍ တမုတ်ကြိုး ခက်သည့် ရွှေကတောင်နှင့် အောင်ဖြူမြေထိပ်ထိတပ်သည်။ ရွှေပြား မျက်နှာလွှမ်းတပ်သည်။ ဦးကင်းနှစ်ဖက်မှာ ရွှေထိပ်ဖုံးအုပ်၍ ဝေါကြီးစီးတော်မူ၍၊ မြို့လည်တော်မူသောအခါ ဆောင်ယောင်သကဲ့သို့ ရွှေချက် ၂-စင်းနှင့်တကွ မြှောက်စည်သံလွင် တီးမှုတ်၍ ထွက်လာသည်။

ဤအချိန်သည်ကား နတ်သျှင်ကိုယ်တော်၏ ဧကရာဇ်မင်းအဖြစ် နောက်ဆုံးပိတ် ထွက်တော်မူရသော မင်းခမ်းမင်းနားတော်ဖြစ်၏။ နတ်သျှင်ကိုယ်တော်သည် ရွံ့ကြောက်တော်မမူ၊ လက်နက်ချဘုရင်ဟု အမှတ်မထား၊ ကြီးမားသော ရာဇဂုဏ်၊ ခံ့ညားသော တေဇာဂုဏ်၊ ဝင့်ကြွားသော ဣဒ္ဓိ၊ သီရိဂုဏ်၊ ရာဇိန္ဒြေအတိဖြင့် ကြွချီလာခဲ့ခြင်းဖြစ်သည်။

အင်းဝဘုရင်မဟာဓမ္မရာဇာသည် နတ်သျှင်ကိုယ်တော်အား ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီးက ယိုးဒယားကို အလိုပြည့်၍ ယိုးဒယားဘုရင်ဗြဲသာမိရာဇာအား အတွေ့ခံသည့် အခမ်းအနားအတိုင်း၊ အခမ်းအနားကို စီစဉ်ကာ အတွေ့ခံသည်။

နတ်သျှင်ကိုယ်တော်သည် တဲနန်းတော်သို့ ရောက်သောအခါ အသင့်ခင်းထားသော နီးခေါက်ဖျာတွင် သင်ဖြူးအနား မွမ်းမံကာထားသော အခင်းထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်တော်မူသည်၊ အပါးတော်တွင်ကား ကွမ်းခွက်၊ လက်ဖက်အိုး၊ ရွှေတကောင်းတင်ထက် သောက်ရေတော်တကောင်း၊ ရွှေကလပ် ၂-ချက် ထားသည်ကို တွေ့ရသည်။ အင်းဝဘုရင်သည် နတ်သျှင်ကိုယ်တော်ထက် တစ်မိုက်ခန့်မြင့်သောနေရာ၌ ထိုင်တော်မူသည်။ အင်းဝဘုရင်အား နတ်သျှင်ကိုယ်တော်က ရှိမခိုးရပေ။

မင်းနှစ်ပါးတွေ့သောအခါ အင်းဝဘုရင်က ဤသို့မိန့်၏။

"နောင်တော် တောင်ငူမင်းကို ဆင်စီးချင်း တိုက်ရမည်ဟုသာ မှတ်တော်မူသည်။ မတိုက်ရ"

ထိုအခါ တောင်ငူဘုရင်က ပြန်လည်မိန့်၏။

"ဆင်ချင်း တိုက်မည်ဟူ၍ အားသန်လျက်ပင် နေပါသည်။ ဘုန်းကြီးသော မင်းဧကရာဇ် ဖြစ်တော်မူ၍ ဆေးနှင့်မသင့်သော အနာတွေ့သောကြောင့် ဆင်မြင်းမစီးနိုင်၊ တစ်နေရာတည်းတွင်မျှ ငြိမ်သက်အောင် မနေနိုင်ရှိချေသည်။..."*

ထိုအခါတွင် အင်းဝဘုရင်က ပြုံးတော်မူသည်။ တောင်ငူဘုရင်အား ဝင်စေတော့ဆို၍၊ နတ်သျှင်ကိုယ်တော် မြို့တွင်းသို့ ပြန်တော်မူခဲ့ရသည်။

## လက်အောက်ခံမင်းငယ်ဘဝသို့

လက်နက်ချ အခမ်းအနားပြီးပြေ၍ ၂-ရက်၊ ၃-ရက်ရှိသောအခါ အင်းဝဘုရင်သည် တောင်ငူသို့ စကုမင်းအား စေပြီးလျှင် တောင်ငူနန်းတော်ကို မှန်ကင်းချစေလေသည်။ မှန်ကင်းချခြင်းသည် ထီးနန်းဟူသော ဂုဏ်အဆင့်မှ လျှော့ချလိုက်ခြင်းဖြစ်၏။ သို့သော် နတ်သျှင်ကိုယ်တော်အား တောင်ငူမြို့ကို ပြန်လည်အပ်နှင်းကာ မင်းပြုစေသည်။

စကုမင်းသည် နတ်သျှင်ကိုယ်တော်က ပေးဖွယ် ကမ်းဖွယ်တို့ကို ပေးချင်ပါသည်ဟုဆိုသဖြင့် စောင်းတတ်၊ ညှင်းတတ်၊ ပတ်တတ်တို့ကို တောင်းသည်။ ထိုအခါ ကြိုက်ရာကိုရွေး၍ ယူလော့ဟု ဆိုကာပေး၏။ ဤတွင် တောင်ငူမှ အနုပညာသည်၊ စာဆိုတော်အများပင် အင်းဝသို့ ပါရလေသည်။ စာဆိုတော်များ အနက်စာပေလောကတွင် ထင်ရှားလှသော ရဝေရှင်ထွေး၊ မင်းဧယျယန္တမိတ်နှင့် ရှင်သံကိုယ် တို့မှာ အင်းဝသို့ ပါသွားရချေ၏။

နတ်သျှင်ကိုယ်တော်အား တောင်ငူမြို့ကို ပြန်၍ နှင်းအပ်သော်လည်း မထောင်ထား မခြားနားနိုင်စေရန် အင်းဝဘုရင်က ပြုတော်မူပြန်သည်။

---

* မဟာရာဇဝင်ကြီးတွင် မိန့်ဆိုထားချက်အတိုင်း ဖြစ်ပါသည်။ နတ်သျှင်ကိုယ်တော်၏ စကားကိုထောက်သော် အင်းဝနှင့် စစ်တိုက်စဉ်အခါက နတ်သျှင်ကိုယ် တော်တွင် ဆင်မြင်းမစီးနိုင်သော အနာပေါ်ပေါက်နေဟန်တူသည်။ အကယ်၍ မင်း ၂ ပါး ဆီးချင်းသာထိုးရလျှင် နတ်သျှင်ကိုယ်တော်နိုင်မည်ဟု ကျွန်တော်တထစ်ချ ဆိုဝံ့သည်။

ဘထွေးတော် သတိုးဓမ္မရာဇာ၊ ညီတော်များဖြစ်သော မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ကို နေပြည်တော်သို့ ခေါ်ဆောင်သွားသည်။ နတ်သျှင်နောင်၏ ကျွန်တော် တောင်ငူသား အနေကျမျာကို တောင်ငူတွင် ၃-စု စု၍ ၁-စုသာထားခဲ့သည်။ တောင်ငူရောက် ဟံသာဝတီ၊ ပြည်၊ အင်းဝသားတို့ကို နေပြည်တော်ချည်း ခေါ်တော်မူသည်။ နတ်သျှင့် ညီတော်တို့၏ ကျွန်များကိုလည်း ၃-စု စု၍ ၁-စုသာ ထားခဲ့စေသည်။

ကိစ္စလုံးစုံစီစဉ်ပြီးသောအခါတွင် အင်းဝဘုရင်မဟာဓမ္မရာဇာသည် သက္ကရာဇ် ၉၇၂-ခု၊ ပြာသိုလဆန်း ၄-ရက် သောကြာနေ့ နေတက် ၁-နာရီ ၃-ပါဒ်တွင် တောင်ငူမှ နေပြည်တော်သို့ ပြန်တော်မူသည်။ ရွှေရင်မျှော်စခန်းသို့ ရောက်တော်မူမှ သံလျင်စား ဇေင်ကာရန်ကို တားဆီးနိုင်ရန် တောင်ငူဘုရင့်ညီတော် ဥပရာဇာဟောင်း မင်းရဲကျော်စွာအား ကျောက်မော်သို့ စေလွှတ်၍ အခိုင်အလုံနေစေသည်။

နတ်သျှင်ကိုယ်တော်မှာ တောင်ငူရွှေနန်းတွင် စစ်ရှုံးဘုရင်အဖြစ် တစ်ကိုယ်တော်တည်း ညှိုးငယ်စွာ ကျန်ရစ်တော်မူရှာလေတော့သတည်း။

*

## နတ်သျှင်ကိုယ်တော်နှင့်ဇေင်ကာ

မှန်ကင်းအထွတ် ချထားခံရသည့် တောင်ငူရွှေနန်းတွင် နတ်သျှင်ကိုယ်တော်မှာ ညှိုးငယ်စွာဖြင့် စံတော်မူရချေပြီ။

- တိုင်ပင်ဖော် တိုင်ပင်ဖက်၊ ကုလီ ကစားဖက်၊ နိုင်ငံတော် ထူထောင်ဖက် ညီတော်များနှင့် ဘထွေးတော်တို့သည်လည်း အင်းဝဘုရင် နောက်သို့ ပါသွားကြရလေပြီ။
- စာဆိုဖက် ကျွန်တော် မင်းဧယျ ယန္တမိတ်၊ ရှင်သံကိုယ်၊ ရဝေရှင်ထွေးတို့မှာလည်း အင်းဝနန်းသို့ ပါချေပြီ။
- စောင်းတတ်၊ ညှင်းတတ်၊ ပတ်တတ်… အနုပညာသုခုမအရာတွင် ကျွမ်းသူတို့လည်း ခွဲခွာကြပေပြီ။
- သွေးသောက်ကျွန်တော်အများစုမှာလည်း အင်းဝသို့ပါကာ အားကိုးဖက် နည်းခဲ့ရလေပြီ။

နတ်သျှင်ကိုယ်တော်သည် သဒ္ဓါရဓမ္မတရားကို တွေးတော

ဆင်ခြင်မိတော်မူ၏။ သင်္ချိုင်းရနယ်အတွင်းဝယ် နေတော်မူရသည့် ပုထုဇဉ်လူသားတစ်ဦးပေမို့ တရားဓမ္မနှင့် ဖြေသော် ပြေနိုင်ရအုံးနိုး ထင်သည်။ သို့သော်... ထိုအချိန်တွင် နတ်သျှင် ကိုယ်တော်မှာ သက်တော်အားဖြင့် ၃၃-နှစ်မျှသာ ရှိချေသေး သည်။

သက်တော်ငယ်ငယ်တွင် အာဏာတော် ယုတ်လျော့ခံတော်မူလိုက်ရခြင်းကို မည်သည့်တရားဓမ္မနှင့်ပင် ဖြေသော်လည်း ပြေနိုင်အံ့မထင်ပေ။

❒ ပထမတွင် ကလျာဓာတု-ကြာဝတ်စုနှင့် ရွှေလက်ဆွဲကာ နန်းသိမ်းပွဲခံတော်မူမည်ဟု ကြံရွယ်တော်မူခဲ့၏။ ထိုကြံရွယ်ချက်မှာ လေတွင်လွင့်ပါး တိမ်သို့လျှားခဲ့ရသည်။

❒ ဒုတိယတွင် ကေတုမတီနန်းကို မှီငြမ်းပြုကာ ဘိုးတော်၏ အမွေမြန်မာ့လက်နက် နိုင်ငံတော်အလုံးကို သိမ်းကြုံး စိုးစံရန် အကြံပြုတော်မူပြန်သည်။ ထိုအခါတွင် မိမိထက်ငယ်ရွယ်သူ အင်းဝဘုရင်က အကြံဦးကာ စစ်တံခွန်လွှင့်ဆောက်လျက် မိမိနိုင်ငံကိုပင် အပိုင်သိမ်းသွားနိုင်ခဲ့သည်။

ဤသို့ အကြံတော်ပျက်ခဲ့ရခြင်းကြောင့် မိမိသည် စိတ်အားလျော့လိုက်ရအံ့တော့လော။ တစ်သက်လုံးအင်းဝဘုရင်၏ လက်အောက်၌နေကာ မင်းငယ်ဘဝဖြင့်ပင် အရှိုးထုတ်ရအံ့လော။

နတ်သျှင်ကိုယ်တော်သည် အနုညာတ သာမညအမျိုးအစားမျိုးမဟုတ်။ လက်ရုံးတော် နှလုံးတော်တို့ဖြင့် ပြည့်စုံသည့် ဇာနည်ဥက္ကာ၌ ယောကျ်ားမြတ်ဖြစ်ချေသည်။ အကြံတော် ဉာဏ်တော်တွင် အထက်တန်းကျကျ အစွမ်းဂုဏ်ပြနိုင်သော ပုဂ္ဂိုလ်ထူးဖြစ်တော်မူသည်။

"လှေခွက်ချည်းကျန်စေ၊ အလံကို မလှဲစတမ်း..."

ဤသဘောတရားကို နတ်သျှင်ကိုယ်တော်က တရားသေသတ်မှတ်ထားခဲ့သည်။

ကေတုမတီရွှေနန်းကို ပြန်လည်တည်ဆောက်မည်။ ကေတုမတီနန်း၏ ဦးစွန်းကို မြင့်မြောက်ကာ အောင်ပွဲတော်ဆက်မည်။ အောင်တံခွန် အောင်အမွှန်ဖြင့် အောင်မြေနင်းကာ အောင်တြင်းကို ကြွေးမည်။

ဤသို့ဆိုလျှင် တပည့်ကောင်း၊ လက်ကိုင်ကောင်းကို လို၏။ လက်ရုံး တစ်ဆူအားကိုးရမည့်သူကို လို၏။ ထိုအခါတွင် ရခိုင်ဘုရင်ကပင် လက် မြှောက်ထားခဲ့ရသော၊ မုတ္တမစားနှင့်လည်း မဟာမိတ်ဖြစ်သော၊ လက်နက် အင်အားလည်း တောင့်တင်းခိုင်မာသော၊ မိမိ၏ ဩဇာကိုလည်း နာခံမည်ဖြစ် သော 'သံလျင်စား ဇေင်ကာ'၏ ရုပ်ပုံသည် ဟဒယနှစ်လုံးသားထဲတွင် ထင်ရှားစွာ ပေါ်၍လာသည်။

ထို့ကြောင့်ပင် အောက်ပါအကြောင်းကြားလွှာကို သကလတ်အိတ်တော် တွင် တံဆိပ်တော်ခတ်နှိပ်လျက်၊ 'ကြက်ရိုးပင်စား'အား တမန်ပြုကာ 'သံလျင်စား-ဇေင်ကာ'ထံသို့ တိတ်တဆိတ် စေလွှတ်တော်မူလိုက်လေသည်။

"သီဟသူရမင်းတရား ကြားရောက်လိုက်ပါသည်။ သံလျင် ဗိုလ်ချုပ် မင်းကြီး ဇွင်ကာကူ။ အကြောင်းမှာ အင်းဝဘုရင် မဟာဓမ္မရာဇာသည် ကျွန်ုပ်နှင့် ညီအစ်ကိုတော်သော ဆွေမျိုး/ရင်းချာဖြစ်ပါလျက်နှင့် ကျွန်ုပ်နိုင်ငံကို တိုက်ခိုက်ဖျက်ဆီးကာ ကျွန်ုပ်အား သူ့လက်အောက်ခံ ပြုလုပ်ထားသည့်အပြင် ညီတော် ၄-ပါးနှင့် ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်းတို့ကိုလည်း အာမခံအဖြစ် သိမ်းယူသွားပါသည်။ သို့ဖြစ်၍ ဗိုလ်ချုပ်မင်းက ကျွန်ုပ်နှင့် မဟာမိတ်ဖွဲ့၍ အင်းဝမင်းကို တွန်းလှန်တိုက်ခိုက်ပေးစေလိုပါသည်။ ယခု တောင်ငူမှာလည်း အင်းဝမင်းက တွဲဖက်ခန့်ထားခဲ့သော အမတ်ဗညားပရံ ရှိနေသဖြင့် ဗိုလ်ချုပ်မင်းက တောင်ငူသို့ စစ်သည်ဗိုလ်ပါနှင့် လာရောက် တိုက်ခိုက်သည့်ဟန်မျိုး ပြုလုပ်ပြီးလျှင် ကျွန်ုပ်ကို သံလျင်သို့ ခေါ်ယူစေလို ကြောင်း၊ ကြားရောက်အပ်ပါသည် အကြည်တော် ဗိုလ်ချုပ်ကြီးဇွင်ကာကူ"*

သံလျင်စားဇေင်ကာသည် တစ်ချိန်က မိမိကိုယ်တိုင် ရှိခိုးဦးညွှတ် ရသော တောင်ငူဘုရင် နတ်သျှင်နောင်ထံမှ ဤသို့သော အားကိုးအားထားပြု သည့် သဘောပါဝင်သော အလွှာတော်ကို ရရှိလေသော် သွေးကြွ၍ သွားလေ

---

* ဖော်ပြပါ နတ်သျှင်နောင်ထံမှ ဇေင်ကာထံသို့ ပေးစာမှာ ရာဇဝင်ကြီးလာ စကားများမဟုတ်ပေ။ ရာဇဝင်ကြီးလာ အချက်အလက်တို့ကို မှီငြမ်းပြု၍ ဆရာကြီး ရွှေစကြာရေးသားသော 'နာခံတော်' ဝတ္ထုစာမျက်နှာ ၉၃ တွင် ပါသည်ကိုသာ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ နတ်သျှင်နောင်က ဇေင်ကာထံ ပေးစာတွင် ဤသို့သော သဘောပါသွားမည်ကား ယုံမှားဖွယ်မရှိပါ။

သည်။ ထို့ကြောင့် တောင်ငူကို ချီတက်တိုက်ခိုက်အံ့ဟု ဆုံးဖြတ်ကာ ခမည်းခမက်တော်သည့် မုတ္တမစား ဗညားဒလနှင့် အတိုင်အပင်ပြု၏။ သံလျင် မုတ္တမ သဘောထားချင်း ညီညွတ်ကြသဖြင့် စစ်ချီရန်အသင့်ဖြစ်သွားလေ သည်။

## တောင်ငူတိုက်ပွဲ

သက္ကရာဇ် ၉၇၄-ခု၊ ဝါခေါင်လ၊

ရေမိုးပြင်းထန်နေသော မိုးတွင်းကာလကြီး၌ပင် ဇေင်ကာသည် တောင်ငူသို့ ချီတက်လာလေသည်။ ဇေင်ကာသည် ရေကြောင်းဖက်တွင် ကျွမ်းကျင်သူဖြစ်သည့်အတိုင်း ကိုယ်တိုင်ရေကြောင်းမှ ဦးစီးချီသည်။ မုတ္တမဗညားဒလမှာကား ကြည်းကြောင်းကို ဦးစီးကာ ချီလာခဲ့၏။

ဇေင်ကာသည် ယင်းသို့ စစ်ချီရာတွင် အထင်အရှား ကျေညာခြင်းမရှိဘဲ တိတ်တဆိတ်တက်လာခဲ့ခြင်းဖြစ်သည်။

'ဆင်ရန်ပေါက်' အရပ်သို့ ရောက်သောအခါတွင်မူ တောင်ငူနှင့် နီးလာပြီဖြစ်၍ ပြောင်းသေနတ်သံပေး၏။ ထိုအခါမှပင် အင်းဝမင်းက တာဝန်ပေးခဲ့သော 'ကျောက်မော်' တွင် ခံနေသည့် မင်းရဲကျော်စွာ (နတ်သျှင်နောင်၏ ညီတော်ကြီး၊ တောင်ငူမဟာဥပရာဇာဟောင်း)သိလေသည်။

မင်းရဲကျော်စွာသည် တောင်ငူနှင့်အင်းဝသို့ ဇေင်ကာ စစ်တက်လာကြောင်း အရေးတကြီး လျှောက်ထားသည်။ ထို့နောက် စုရုံးမိသမျှသော ရဲမက်တော်တို့နှင့် တောင်ငူမြို့ပြင်က ခံတော်မူသည်။ ဇေင်ကာ၏ တပ်တို့သည် ရေအားကြည်းအား ၂-ဖက် ညှပ်ကာတိုက်လေသော် မခံနိုင်လှ၍ တောင်ငူမြို့တွင်းသို့ ဝင်ရသည်။ မြို့က ကျယ်ပြန့်ပြီး မြို့စီးပြစီးနည်းသဖြင့် မြို့ပျက်သည်။ ထိုအခါ ပရမ်းပတာနှင့် ဖြစ်ကုန်၏။

တောင်ငူနန်းမြို့တွင်းသို့ ဇေင်ကာတပ်များ ရောက်လျှင် နတ်သျှင်နောင် ၏ မယ်တော် မိဖုရားကြီး မင်းခင်စောသည် ဝေါစီး၍ မြို့တွင်းမှ ထွက်ပြေးရ ၏။ မင်းရဲကျော်စွာမှာ မြို့တွင်းသို့ ဆင်နှင့်အဝင် ဇေင်ကာတပ်တို့ ဆီးကြိုပစ် ခတ်သဖြင့် ဆင်ဦးတွင်ပင် ကျဆုံးတော်မူရသည်။ မဟာခံသော အမတ် လည်း ဆင်ဦးတွင်ပင် ကျဆုံးသည်။ ထိုအခါ တောင်ငူတွင် ဇေင်ကာတပ်တို့ အား ခုခံမည့်သူမရှိတော့ပေ။

တောင်ငူကို ကုလားဖေင်ကာရသည်နှင့် တစ်ပြိုင်နက် တွေ့သသူကို သုံ့ပန်းဖမ်းသည်။ တောင်ငူတွင် ၁၀-ရက်ခန့်နေပြီး ရွှေနန်းတော်၊ ကျောင်းကန် အိမ်ရာအားလုံးကို မီးတိုက်သည်။ ထို့နောက် ဆင်မြင်းလူသူ ရွှေငွေတို့ကို သိမ်းရုံးယူငင်ကာ သံလျင်သို့ ပြန်လေသည်။

တောင်ငူဘုရင် နတ်သျှင်နောင်ကိုကား ကိုယ်လုပ်တော်၂-ယောက်၊ အလုပ်အကျွေး အတွင်းစေ ၁၀-ကျော်နှင့် လှေပေါ်တင်၍ သံလျင်သို့ ယူဆောင်သွားလေတော့သည်။ ဤသို့အားဖြင့် နတ်သျှင်ကိုယ်တော်သည် တနယ်တရပ် အဝေးသို့ ကံကြမ္မာမေးခိုက်ဖြစ်၍ ပါသွားရရှာပြန်သည်။*

တောင်ငူသို့ ဖေင်ကာ ချီတက် ဖျက်ဆီးကြောင်း၊ မင်းရဲကျော်စွာ ကျဆုံးကြောင်းကို ကြားသိရလျှင် အင်းဝဘုရင်သည် ဘထွေးတော် သတိုး ဓမ္မရာဇာ၊ တောင်ငူမင်းရဲသီဟသူ၊ တောင်ငူမင်းရဲကျော်ထင်နှင့် ဗညား ဒလတို့ကို တပ် ၅-တပ်၊ တိုက်ဆင် ၁၀၀၊ မြင်း ၃၀၀၀၊ စစ်သည် ၂၀၀၀၀နှင့် အလျင် ချီတက်စေသည်။ ရမည်းသင်းသို့ အရောက်တွင် ကုလား ဖေင်ကာ၏ နောက်သို့ တောင်ငူဘုရင် နတ်သျှင်နောင်ပါသွားကြောင်း သိရ သဖြင့် တပ်တော်ကို ပြန်ရုပ်တော်မူသည်။

တောင်ငူနန်းလည်း ပျက်လေပြီ။

နတ်သျှင်ကိုယ်တော်၏ ကံဇာတာလည်း ညှိုးလေပြီတည်း။

## သံလျင်ရောက် နတ်သျှင်နောင်

"ဘဝင်ရှည့်ညီ၊ မြရည်စီသို့၊
မိုးသီမိုးဖွဲ့၊ နွဲ့နွဲ့ နွဲ့ယိမ်း၊
ရိုက်ခြိမ်းရိုက်ဆင့်၊ မတင့်တောင်းအောင်၊
ပန်းရောင်လျှပ်လျှပ်၊ တိမ်ထပ်တိမ်ထွတ်၊
ခြယ်၍ပတ်သို့" . . .

(ဘဝင်ရှည့်ညီ-ချီ၊ မိုးတောရတု)

ဝါခေါင်မှသည် တော်သလင်းသို့ ရောက်ချေပြီ။

---

* အကျယ်ကို မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ်၊ ၁၅၉-၁၆၀တွင် ကြည့်ပါ။



သံလျင်ကျိုက်ခေါက်စေတီတော်

နတ်သျှင်ကိုယ်တော်သည် သံလျင်သို့ ရောက်တော်မူသည့်အခါ သံလျင်စားငဇင်ကာက ကောင်းစွာကြိုဆို၍ အိမ်တော်တွင် နေရာချထားပေးသည်။ အိမ်ရှေ့ဥပရာဇာအဖြစ်ကပင် ငဇင်ကာသည် နတ်သျှင်ကိုယ်တော်နှင့် သိကျွမ်းပြီးသားဖြစ်ကာ အရှင်နှင့်ကျွန်အဖြစ် အလေးအမြတ်ပြုမြဲ ဖြစ်သည်။ ယခုအခါတွင်ကား ယခင်ကကဲ့သို့ ရိုသေလေးစားမြဲ ဖြစ်သော်လည်း ဖိနပ်ချွတ်ခြင်း၊ ဒူးထောက်ဝတ်ချခြင်းတို့ကို မပြုတော့ပေ။

နတ်သျှင်ကိုယ်တော်သည် သံလျင်သို့အရောက်တွင် အခြေအနေကို လေ့လာကာ နေတော်မူရသည်။ သံလျင်တွင် အခြေအနေကား ကောင်းသည်ဟု မဆိုနိုင်ချေ။ ငဇင်ကာသည် သံလျင်သို့ ရောက်ခါစက လက်အောက်နယ်သူနယ်သားများနှင့် အကျွမ်းတဝင်နေကာ အစစလိုက်လျော ခဲ့သည်။ ထို့နောက် ဓာတ်ကြောကိုသိကာ အချိန်ကြာလာသောအခါတွင် လက်အောက်ခံတို့ကို ဖိနှိပ်စပြုလာသည်။ ထို့ထက်ဆိုးသည်ကား မိမိ၏ ဘာသာဖြစ်သဘော ဘုရင်ကျီဘာသာကို အဓမ္မသွတ်သွင်းကာ သာသနာ ပြုလာခြင်းဖြစ်၏။

တစ်ဖက်က သာသနာပြုလာသလောက် တစ်ဖက်တွင် ဌာနေလူမျိုးတို့ကိုးကွယ်သည့် ဗုဒ္ဓဘာသာကို နှိပ်ကွပ်၍လာသည်။ ဆရာတော် သံဃာတော်တို့အား ဖိစီးနှိပ်စက်သည်။ အဓမ္မ လူထွက်စေခြင်း၊ သိက္ခာကျအောင်ပြုခြင်းတို့ဖြင့် ညှဉ်းဆဲသည်။ အဆိုးဆုံးကာ ရှေးမွန်မင်း ဗမာမင်းနှင့် ပြည်သူတို့ကိုးကွယ်သည့် မြတ်စွာဘုရားသခင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်တော်မူရာ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီတော်တို့ကို ဖြိုဖျက်ကာ၊ ဌာပနာတိုက်များကိုဖောက်၍ ရွှေငွေရတနာ ပစ္စည်းတို့ကို ယူခြင်းဖြစ်၏။

သည်သတင်းများမှာကား နတ်သျှင် ကိုယ်တော်အတွက် အမင်္ဂလာသတင်းများသာ ဖြစ်ချေသည်။ အမျိုး, ဘာသာ, သာသနာနှင့် စာပေကြီးပွားရေးကို တစ်သမတ်တည်းသော စိတ်ထားဖြင့် ဆောင်ရွက်တော်မူခဲ့သည့် ထီး ဆောင်းမင်းတစ်ပါးဖြစ်ခဲ့ရာကား၊ နိုင်ငံခြားသား တစ်ဦး၏ ဤသို့သော အပြုအမူကို စိတ်ဆုတ်တော်မူမိမည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော်...

ယခုအခါတွင်မူ နတ်သျှင်ကိုယ်တော်သည် ကုလားငဇင်ကာနှင့် ပေါင်းမိပြီဖြစ်၏။ မြန်မာ့နယ်မြေကိုပစ်ကာ သူတစ်ပါးပိုင်နက်သံလျင်သို့ပင် ရောက်ခဲ့ရချေပြီ။ ထို့ကြောင့် 'ကိုယ်ပေါင်း စိတ်ခွာ' ပြုရပေတော့မည်။

## ကျွတ်ခေါက်ကောင်းကင့်ထွတ်တင်သော

လျှပ်ပန်း လျှပ်နွယ်တို့သည် ဖြိုးကြွ၍လာ၏။ နတ်ဘောဟိ ရွှေစည်တော် ရိုက်တီးသံကိုလည်း ကြားရသည်။ မိုးကတော့ဖြိုင်ဖြိုင် သွန်းခဲ့ပေပြီ။

နတ်သျှင်ကိုယ်တော်သည် စံတော်အိမ်မှသည် မျက်နှာတူရှုသို့ ရှုကြည့်တော်မူမိသည်။ အဝေးတွင် မိုးတိမ်တို့သည် ထွေးထွေးအိအိနှင့် တက်ကြွ၍လာ၏။ တိမ်မှင်တုံးအောက်မှ တောင်အထွတ်အထိပ်ရှိ စေတီ တစ်ဆူကို ဖူးတွေ့ရသည်။ ဟိုစဉ်ကမူ ထိုစေတီတော်သည် ရွှေသင်္ကန်းရောင် တို့ဖြင့် တပြောင်ပြောင် ဝင်းလက်လျက် ရှိသည်။ ယခုမူ မိစ္ဆာမင်း လက် အောက်မို့ ရွှေရောင်လည်း မှိန်ချေပြီ။ အသရေတော်ကလည်း မလန်းနိုင်တော့ ပေပြီ။

နတ်သျှင်ကိုယ်တော်သည် စေတီသာသို့ အဝေးမှပင်လယ်အုပ်ချီ ဖူးမြော်ယင်း…တစ်ချိန်က ဤစေတီသာအား တိုင်တည်လျှောက်ထားခဲ့ဖူး သည့် ဘုရားတိုင်ရတုကို သတိရကာ တီးတိုးရွတ်ဆိုမိလေသည်။

"ဖြန့်ဝန်းစကြာ၊ ဖြူရိပ်သာနှင့်၊
အာကာပျံ့ကြွ၊ ဆက်ဒန်ရသည်၊
ယင်းကစဉ်ရှည်၊ ကျော်စောတည်သား၊
ရံလည်သမုဒ်၊ ရစ်ဝုတ်ရက်ဆုံ၊
တကုံမည်မှတ်၊ မူးမော်ညွှတ်မျှ၊
မိနတ်တန်းဆောင်၊ နေပြည်ထောင်ဝယ်၊
ပွင့်ရောင်အပ၊ ဖူးစည့်နှံကိုက်၊
ငုံလိုက်စဲစဲ၊ ပုလဲသန္တာ၊
နီလာခြယ်နှစ်၊ တင့်ကြောင်းရစ်သို့၊
ရှင်ချစ်ရှိရာ၊ ပန်းတကာလည်း၊
ကုံးလာရွှေစက်၊ ထိမူးဆက်၏၊
ဘဝဂ်ရပ်သူ၊ နတ်လူဝှန်ချောက်၊
ညွှတ်ခ,ရောက်သည်။ ။
ကျွတ်ခေါက်ကောင်းကင့် ထွတ်တင်သော။"

(ဖြန့်ဝန်းစကြာ–ချီ၊ ကျိုက်ခေါက် ဘုရားတိုင်ရတု)

နတ်သျှင်ကိုယ်တော်သည် ဘုရားတိုင်ရတုကို သီကြွေးယင်း၊ ရင်ထဲ၌ မအေးဖွယ်ဖြစ်လာသည်။ သံခါရဓမ္မ ဖြစ်ပြန် ပျက်ပြန် လောကခံတရားကို စိတ်တွင်း၌ တွေးမိကာ မချိအောင်လည်း ပူခဲ့ရသည်။

"ကွန့်ရွှန်းရုက်ဖြာ၊ နေအရာလျှင်၊
ထွန်းဝါပြိုင်ရံ၊ တူကြောင်းစံလည်း၊
မဆံဝေးကြီး၊ တိမ်ထပ်ဆီးသို့၊
မနီးရောင်ခြည်၊ မြုပ်ပျောက်လည်လိမ့်၊
ထက်ပြည်အာကာ၊ ရံခါမဟူ၊
မဍ္ဍုရည်ပွင့်၊ မိုးလုံးတင့်သား၊
ရှင်ပင့်စတော၊ ခုနှစ်နေတည့်၊
မီး၊ ရေ၊ လေ ဆုံး၊ ခြောက်ဘုံလုံးက၊
ရွက်ကျုံးရှိဦး၊ စောဘုန်းထူး" ...

(ကျိုက်ခေါက် ဘုရားတိုင်ရတု)

ဤသို့လျှင် နတ်သျှင်ကိုယ်တော်သည် ကျိုက်ခေါက်ဘုရားရှင်၏ ဘုန်းတော်တေဇာဝေဖြာတက်တိုး မိုးလုံးကျိုးမျှ တန်ခိုးအရှိန်ကို ဉာဏ်ကပိန် စဉ်း သွားဖြင့် လျှောက်ကြား တိုင်တည်ခဲ့သည်။ ယခုမူ...ရှေးကနှင့် မတူလေပြီ။

နတ်သျှင်ကိုယ်တော်သည် ရှေးဖြစ်နှောင်းဖြစ် ဓာတုကလျာနှင့် ကြုံရ သောအချစ်ရေး...စစ်ရေး...အစရှိသည်တို့ကို တွေးကာ တွေးလုံး ပတ်ချာ လည်လျက်ရှိစဉ်...သံလျင်စား ဇေင်ကာသည် အိမ်တော်သို့ ရောက်၍လာ သည်။ ထိုအခါ နတ်သျှင်ကိုယ်တော်သည် ဝမ်းပန်းတသာကြိုဆိုကာ စကား စမြည် ပြောကြသည်။

နတ်သျှင် ကိုယ်တော်က ဇေင်ကာအား အင်းဝဘုရင်လက်အောက်သို့ တောင်ငူနန်းကျဆုံးရပုံ၊ မိမိ၏ ကေတုမတီနန်းကို ပြန်လည်ထူထောင်ကာ လက်ရုံးပြောင်ရေးတွင် ဇေင်ကာ သစ္စာရှိရှိနှင့် ကူညီရန်လိုပုံတို့ကို မိန့်တော်မူသည်။ ထိုအခါဇေင်ကာက၊

"ကျွန်တော့်တွင် ယခုအခါ လူသူတပ်သား နည်းပါးပါသည်။ သို့နည်း ပါးသော်လည်း မည်သည်ကိုမျှ မကြောင့်ကြပါနှင့်၊ ကြိုးစားအားထုတ်၍ ကျွန်တော်၏ ကိုယ်နှင့် အသက်စွဲကပ်တည်ရှိနေသမျှ ကာလပတ်လုံး

မသွေမဖည်တော်တည့် မှန်ကန်စွာ ရိုးရိုးမှတ်မှတ် ကြိုးစားအားထုတ် စွန့်စား ထမ်းရွက်၊ ဆီးဆို့တိုက်လှန်ပါမည်"...*

ဟု လျှောက်ထားသည်။ ထိုအခါ နတ်သျှင်ကိုယ်တော်က အားရတော်မူပြီး ရတနာကောင်းတို့ဖြင့် စီခြယ်ထားသော ရွှေလက်စွပ် အပြည့်ထည့်ထားသည့် ရွှေကွမ်းအစ်ကိုပေးရာ ငဇင်ကာက ငြင်းပယ်၍ အောက်ပါစကားကို လျှောက်ထားသည်။

"ယခု ကျွန်တော် မယူသာသေး။ အရေးတော်ပြီး၍ တောင်ငူမြို့ကို စိုးအုပ်စံတော်မူရပြီးမှ သနားတော်မူသည့် ဆုကို ခံပါမည်"...**

ငဇင်ကာ၏ လျှောက်ထားချက်ကို နတ်သျှင်ကိုယ်တော်သည် အထူးပင် ဝမ်းမြောက်အင်တက် နှစ်သက်တော်မူသည်။ ငဇင်ကာ၏ အကူအညီဖြင့် မိမိ၏ ဘုန်းလက်ရုံးတော်ကို ဆန့်တန်းကာ တောင်ငူဆက် နိုင်ငံတော်ကို ထူထောင်နိုင်တော့မည်ဟုလည်း အယူရှိတော်မူလေသည်။

နတ်သျှင်ကိုယ်တော်သည် ထိုနောက်ကာလတွင် မိမိ၏အကြံအစည်တော် ပြည့်မြောက်စေရေးအတွက်သာ ကြိုးပန်းအား ထုတ်တော်မူသည်။ ငဇင်ကာနှင့် စစ်ရေးကို ဆွေးနွေးခြင်း၊ အခြေအနေအရပ်ရပ်ကို သုံးသပ်ခြင်း၊ စစ်အင်လေ့ကျင့်မှုကိုပြုခြင်းစသည်တို့ကို မပြတ်ဆောင်ရွက်တော်မူသည်၊ ငဇင်ကာကလည်း နတ်သျှင်ကိုယ်တော်ကို အမှီပြုကာ တအားတက်နေလေသည်။ နတ်သျှင်ကိုယ်တော်၏ ဘုန်းတော်ရိပ်ကို ခိုလှုံ၍ လက်နက်နိုင်ငံချဲ့ရန် အတွင်းကြိတ်ကြံနေလေတော့သတည်း။

*

## သံလျင်သို့စစ်ချီတော်မူခြင်း

အင်းဝဘုရင် မဟာဓမ္မရာဇာသည် နောင်တော် တောင်ငူဘုရင် နတ်သျှင်နောင်အား သံလျင်စား ကုလားငဇင်ကာ လက်သို့ပါသွားခြင်းအတွက် စိတ်နှလုံးတော် ထိခိုက်ကြေကွဲလျက်ရှိ တော်မူသည်။ မိမိအနေဖြင့် တောင်ငူ

---

*-** ဘုရင်ကျိုဘုန်းကြီး 'ဒေါင်ဘီနာရှ'နှင့် အခွန်ဝန်မင်း ' သီရိဇေယကျော်'တို့ ဘာသာပြန်သည်။ 'ပုတာကေရာဇဝင်'မှ ငဇင်ကာ၏ ပြောပြချက်အတိုင်းကို ဖော်ပြထားခြင်း ဖြစ်သည်။ နာခံတော် (ရွှေစကြာ) ၉၈-၉၉တွင် ကြည့်ပါ။

က တစ်တပ်တစ်အားဖြင့် ပြန်လည်ထကြွမည်ကို စိုးသောကြောင့် တောင်ငူ၏ အင်အားကို နည်းပါးအောင် ပြုလုပ်ခဲ့မိခြင်းကိုလည်း နောင်တရသည်။ အကယ်၍သာ တောင်ငူကို ဆင်မြင်းဗိုလ်ပါ အင်အားမရုပ်သိမ်းဘဲထားခဲ့လျှင် ဇေင်ကာသည် မည်သည့်နည်းနှင့်မျှ တောင်ငူကို သိမ်းနိုင်မည် မဟုတ်ဟု လည်း ယူဆတော်မူသည်။ အမှန်မှာ အင်းဝဘုရင်သည် နတ်သျှင်ကိုယ်တော် နှင့် ဇေင်ကာတို့ ပေါင်း၍ တောင်ငူအရေး လုပ်ဆောင်ခြင်းကို သိတော်မမူ သေးပေ။ သွေးရိုးသားရိုး ဇေင်ကာ၏ ကျူးကျော်မှုဟူ၍သာ ထင်မြင်တော်မူ နေရှာသေးသည်။

အင်းဝဘုရင်သည် ထို့ကြောင့်လည်း နတ်သျှင်ကိုယ်တော် တောင်ငူမှ သံလျင်သို့ ပါတော်မူပြီးနောက် ၁-လအကြာတွင် သံလျင်သို့ ချီတက်တိုက် ခိုက်ရန် စစ်ပြင်တော်မူသည်။

“သီတင်းကျွတ်လျှင် သံလျင်သို့ ငါချီတော်မူမည်။ စစ်ဝတ်တန်ဆာ မျိုးရိက္ခာ အပြည့်အစုံနှင့် သီတင်းကျွတ်လျှင် ရောက်လာစေ”

ဤသို့လျှင် ရှမ်းပြည်နယ်အလုံး၊ မြန်မာပြည်အလုံးကို စည်သူကျော်ထင် သခ်ဃာတို့က နောက်တော်လိုက်ဆော်ကြရသည်။

## ရေတပ်တော်ပြင်ခြင်း

သံလျင်မှာ မြို့အနေအထားအားဖြင့် မြစ် ၃ ပွင့်ဆိုင်တွင် တည်ရှိနေသ ကဲ့သို့ဖြစ်ရာ ရေတပ်မှာ အရေးပါလှပေသည်။ ဇေင်ကာ ကိုယ်တိုင်သည် လည်း ရေဖက်တွင် ကျွမ်းကျင်၍ ကိုယ်ပိုင်သင်္ဘောများကို အားကိုးလေ့ရှိသော ကြောင့် အပြိုင်အဆိုင် အနိုင်နွဲနိုင်ရေးအတွက် ရေတပ်ကို အထူးပြင်တော်မူ ခြင်းဖြစ်၏။

အင်းဝဘုရင်သည် ပြည်သို့ ချီတော်မူသောအခါ ပါသည့်လှေကြီးများ ဟောင်းနွမ်းကျိုးပျက်သည်များကိုလည်း ပြင်ဆင်လုပ်ဆောင်ရသည်။ အသစ်လည်း အစင်း ၃၀၀ ကျော်ခန့်လုပ်ရပြန်သည်။ မြို့တက်လှေကားလည်း အများလုပ်ရသည်။ ယင်းသို့ လုပ်ဆောင်ပြီးမှ တစ်စင်းခတ်လှေ၊ နှစ်စင်းခတ် လှေ စသော သားလှေ၊ ငှက်လှေ အပေါင်းတို့ကို လေးထောင့်အရပ်မှ စဉ်၍ထားသည်မှာ ကူဖြူသို့ ရောက်သည်။ အရှေ့ဖက်ကြောင်းစဉ်ရာမှလည်း စလျင်အရပ်က စဉ်၍ထားရာ မင်းသားကျွန်းသို့ ရောက်သည်။

ရေတပ်အင်အား ကြီးထွားကာ စစ်လှေ တိုက်လှေတို့ဖြင့် ပြည့်စုံသော အခါတွင် စစ်ချီရေးအတွက် စီစဉ်တော်မူပြန်သည်။ တိုက်လှေကြီး၊ တိုးရပ်၊ စာမရီရပ်၊ ဆင်ရပ်၊ မြင်းရပ်၊ မိကျောင်းရပ်၊ မကန်းရပ် စသော သားလှေ၊ ငှက်လှေအပေါင်းတို့တွင် မြို့ဖြိုအမြောက်၊ မြို့တက်လှေကား အများတင်စေသည်။ ထိုမှတပါး စစ်တြင်းသာ ကြွေးကြော်နိုင်စေရန် စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်းစသော တံပိုးခရာတို့ကိုလည်း အစုံအနှံ့ တင်ရသည်။ ဤသို့အားဖြင့် သံလျင်သို့ ချီတက်ရန် ရေတပ်မတော်ကြီးမှာ အသင့်ဖြစ်လျက် ရှိလေပြီ။

## ရာထူးအဆောင်အယောင်များ ချီးမြှင့်ခြင်း

အင်းဝဘုရင်သည် စစ်ချီတက်ခြင်းမပြုမီ ဆွေတော်မျိုးတော်တို့အား ရာထူး အဆောင်အယောင်များကို ချီးမြှင့်တော်မူသည်။ အထူးသဖြင့် တောင်ငူ ဘုရင် နတ်သျှင်နောင်၏ ညီတော်များအား ချီးမြှင့်တော်မူခြင်းဖြစ်၏။ နတ်သျှင်၏ ညီတော်မင်းရဲသီဟသူအား ဗန်းမြို့ကို ပေးတော်မူသည်။ နတ်သျှင်၏ ညီတော် မင်းရဲကျော်ထင်အားလည်း တောင်တွင်းကြီးမြို့ကို ပေးတော်မူသည်။ ဘထွေးတော် သတိုးဓမ္မရာဇာအား စလင်းကို ပေးတော်မူသည်။ သို့သော် စစ်ချီတက်ခြင်း မပြုရမီပင် ဘထွေးတော် လွန်တော်မူ၏။

## စစ်ချီတော်မူခြင်း

သက္ကရာဇ် ၉၇၄ ခု၊ ပြာသိုလဆန်း ၄ ရက်၊ တနင်္လာနေ့။ ညဥ့် ၃ ချက်တီးကျော်။

ထိုနေ့ ထိုရက် ထိုအချိန်တွင် အင်းဝ ဘုရင် မဟာဓမ္မရာဇာသည် သံလျင်သို့ ချီတက်ကာ ကုလား 'ငဇင်ကာ'၏ "စွာလှသော နှုတ်၊ ရမ်းကားသော လက်၊ ကျူးကျော်သော ခြေ၊ မဲညစ်သည့် နှလုံး၊ သော့သွမ်းသည့် အပြု၊ ဟော့ရမ်းသည့်အမူ"တို့ကို ဖြတ်ချေကာ၊ မြန်မာ့ပိုင်နက်မှ နယ်ချဲ့စနက်ကို အမြစ်ကတူးဖြိုတော်မူရန် မာန်အောင်တံခါးမှ ထွက်တော်မူ၍ သံလျင်သို့ ရေအား ကြည်းအားဖြင့် တစ်ခဲနက် ချီတက်တော်မူလေသည်။

မင်းတရားကြီး၏ ရေတပ်တော်တွင် တပ်ကြီး ၈ တပ်၊ တိုက်လှေကြီး ၈၀၀၊ လှော်ကား သံလှေ ၃၀၀၊ စစ်သည် သူရဲ ၈၀၀၀၀ ပါဝင်သည်။ မင်းတရားကြီး၏ ကြည်းတပ်တော်တွင် ကိုယ်တော်တိုင် တပ်မပြု၍ တပ်ပေါင်း ၁၃ တပ်၊ တိုက်ဆင် ၆၀၀၊ မြင်း ၇၀၀၀၊ စစ်သည် သူရဲ

၁၃၀၀၀၀ ပါဝင်သည်။ ကြည်း၊ ရေ နှစ်ရပ်ပေါင်း စစ်သည်သူရဲ ၂၁၀၀၀၀ ဖြစ်၏။ ဤစစ်သည်တော် အရေအတွက်သည် ယခင့် ယခင် တိုင်းတပါး နိုင်ငံတို့သို့ ချီတက်သည့် အရေအတွက်ထက်များသည်။

မင်းတရားကြီးသည် ကိုယ်တော်တိုင်က ရဲစွမ်းသတ္တိနှင့် ပြည့်စုံတော်မူသည့်အပြင် စစ်ရေးစစ်ဆင် သေနင်္ဂဗျူဟာ၌လည်း အထူး ကျွမ်းကျင်တော်မူသည်။ ဘိုးတော် ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီးကဲ့သို့ စစ်ရေးကို အနည်းငယ်မျှ လစ်လပ်တော်အမူ မခံတတ်ပေ။ စစ်ရေးတွင် လစ်လပ်သူအားလည်း ပြင်းထန်စွာ နှိပ်ကွပ်တတ်သည်။ ဘုရင့်နောင် မင်းတရားကြီးထက် ထူးခြားချက်ကား ဗေဒင်ယတြာကိုယုံတော်မူခြင်းဖြစ်၏။

## အကွပ်အညှပ်ပြင်းလှခြင်း

သံလျင်သို့ ချီတော်မူစဉ် တပယ်အရပ်၌ အောင်ထင်သာစည်ဟူသော တပ်တော်တွင် ချတော်မူသည်။ ထိုသို့ စခန်းချနေစဉ် အမိန့်တော် မှတ်သည့်အတိုင်း တည်ခြင်းမရှိသည့် ရေကြောင်းချီ တပ်မှူး တစ်ဦးဖြစ်သူ "စည်သူကျော်ထင်"အား လည်ပင်းကို ဓားဖြင့် ပိုင်းကာ ကွပ်မျက်တော်မူသည်။ ငှက်ပျောကိုင်းစားကိုလည်း အမိန့်တော် ဖောက်ဖျက်မှုဖြင့် ဓားဖြင့် သုံးပိုင်းပိုင်းကာ စီရင်သည်။ ဤသို့အားဖြင့် သံလျင်သို့တပ်တော် မရောက်မီပင် တပ်မှူးစစ်သည် အပေါင်းတို့ မင်းတရားကြီး၏ ဩဇာကို မည်သူကမျှ မတော်လှန်ဝံ့ကြဘဲ ရိုသေကြောက်ရွံ့ခြင်း ပြင်းစွာဖြစ်ကြရသည်။

တပယ်အရပ်မှသည် တပ်တော်များ အစဉ်အတိုင်း ချီတော်မူစေပြန်ရာ သာယာဝတီသို့ ရောက်လျှင် ရေကြောင်းချီ တပ်မှူးတစ်ဦးဖြစ်သူ 'သီရိဓမ္မာသောက'အား ရာထူးမှ နုတ်ပယ်ပြန်၏။ 'သီရိဓမ္မာသောက'၏ တပ်မှူးနေရာတွင် ကြည်းကြောင်းချီတပ်မှူးတစ်ဦးဖြစ်သည့် နတ်သျှင်ကိုယ်တော်၏ ညီတော်ဖြစ်သော တောင်ငူ မင်းရဲကျော်ထင်ကို ခန့်အပ်တော်မူကာ လေ့တပ်ဝန်အဖြစ် ခန့်တော်မူသည်။

သာယာဝတီက ချီတော်မူပြန်၍ 'မကော်'အရပ်သို့ ရောက်လျှင် ရေတပ်, ကြည်းတပ်, ၂ ရက်ဝင်ကာ စီရင်ခန့်ရန်တော်မူသည်။ ထိုစဉ် စစ်ရေးကို ဆွေးနွေးရာ ကြည်းတပ် တပ်မှူးတစ်ဦးဖြစ်သူ "ဘယဂါမဏိ"က ဤသို့ နားတော်လျှောက်၏။

"ယခုချီတော်မူရာ အလုံးအရင်း, ဆင်, မြင်း, လှေတက်ကုန်းများ လှသည်။ သည်အကြောင်းများကို သံလျင်စား ကြားလျှင် မြို့တွင် ခံဝံ့မည်မထင်။ ယင်းသို့ဖြစ်သောကြောင့်၊ ထွက်၍မပြေးသာအောင် လှေတပ်သားတို့ကို ဆီးတား ပိတ်ဆို့သည်ဖြစ်မှ သံလျင်ကို အရေးတော် ပြီးလွယ်မည်။..."*

ဘယဂါမဏိ၏ လျှောက်ကြားချက်ကို မင်းတရားကြီး နှစ်ခြိုက်တော်မူ၍ ရေတပ်ဝန် တောင်ငူ မင်းရဲကျော်ထင်အား တာဝန်ပေးတော်မူ၏။ ဤသို့အားဖြင့် တောင်ငူ မင်းရဲကျော်ထင်သည် ဇေင်ကာကို ပြေးမထွက်နိုင်စေရန် 'ပန်းအလွဲ'က ရေတပ်ကိုဆီးသည်။ ရခိုင်ပေါက် ရှိသမျှကိုလည်း ပိတ်ဆို့ ထားသည်။ ဇေင်ကာ ရေကြောင်းမှ ပြေးမထွက် နိုင်ပေတော့ပြီ။

## သံလျင်မြို့ရိုးတိုက်ပွဲ

မင်းတရားကြီးသည် မကော်မှ ရှေ့သို့ ဆက်လက်ချီတက်ရာ ဗုဒ္ဓဟူးနံ၏ သီရိအရပ်ဖြစ်သော သံလျင် အရှေ့တောင်ထောင့်အရပ်၌ တပ်ချတော်မူသည်။ ၅-ရက်ခန့် စစ်သည်ရဲမက်တော်တို့ကို ဖြည့်တင်း ပြီးလျှင် မွေ့နှမ်းတောင်ကို ပတ်ကာ တပ်တည်တော်မူစေသည်။ ထိုသို့ တပ်တည်ခြင်းကို သံလျင်စားဇေင်ကာသည် အပိုင်ဖျက်နိုင်ရန် စိန်ပြောင်း, မြတပူတို့ကို ဖြော်ဖြော်လွှတ်သည်။ သို့သော် တပ်တော်မှာ သံလျင်ကို တဝန်းတပတ် တည်မိသွားလေပြီတည်း။

သံလျင်ကို ပတ်ဝိုင်းမိသည်နှင့် တစ်ပြိုင်နက်... တိုက်ပွဲစတင်တော့သည်။ မြန်မာ့တပ်မတော်သားတို့သည် စစ်စည် စစ်မောင်း တီးကာ မြို့ရိုးသို့ ချဉ်းကပ်သည်။ စစ်အမြောက်တို့ဖြင့် ပစ်ကာ မြို့ရိုးကို ဖြိုဖျက်သည်။ တစ်ဟုန်ထိုးချီ၍ မြို့ရိုးသို့ တက်သည်။ ဤသို့တက်ခြင်းကို ဇေင်ကာသည် မြို့ရိုးထိပ်မှ အကွပ်အညှပ် ပြင်းစွာ ဖြင့်ခံသည်။ မြို့ထိပ်က ပွဲလျက်ရည်၊ ငရုတ်ရည်လောင်းချသည်။ နောက်ဆုံးပေါ် လက်နက်များဖြစ်သော အမြောက်၊ သေနတ်ဂရုနတ်၊ ဖုံးတို့ဖြင့် ပစ်ခတ်သည်။ ထိုအခါ ရဲမက်တော်တို့ အပျောက်,အရှ, အကျအန များလှချေသည်။

* မဟာရာဇဝင်ကြီး (ဦးကုလား) တတိယအုပ်၊ ၁၆၃

"မြတပူမြောက်၊ မီးပေါက်ဖြိုးဖြိုး၊
မြားမိုးဖြော်ဖြော်၊ တိုက်ဆော်ပစ်ကြဲ၊
စစ်ပွဲနှုန့်နှုန်၊ မြေမှုန့်ထောင်းထောင်း ..."

စစ်မြေပြင်တစ်ရပ်လုံး သောင်းသောင်းသဲသဲဖြစ်လျက်ရှိသည်။ မြန်မာ့တပ် မတော်ကား နိုင်ငံအတွက် အသက်ကို စွန့်တတ်ကြသူများဖြစ်၏။ အသက်ကို ဖက်ရွက်ပမာဏမျှ ထားတတ်ခြင်းမရှိ။ သေမည်ရှင်မည် ဤနှစ်လီ ကိုလည်း မတွေးတတ်။ တိုက်မည်၊ ခိုက်မည်၊ အောင်မြေနင်းမည်။

"သေရှင်အရေး၊ နှစ်တွေးမရှည်၊
စွန့်အပ်သည်ကို၊ စောင့်တည်သောလျှောက်၊
စွန့်ခွင့်ရောက်မူ၊ ရွံ့ကြောက်မဲ့ထွန်၊
နိုင်ငံ့ဝန်၌၊ ကုမ္ဘဏ်ယက္ခ၊
သီဟခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊
ခွာ၍မတွန့်၊ အသက်စွန့်လော့၊
အခြေနှောင်လာ၊ လူတကာတို့၊
ပြောရာဥဒါန်း၊ ကမ္ဘာထွန်းအောင်၊
မော်ကွန်းဖြစ်လျှဉ်း-လေစေမင်း..."

ရဲသွေးရဲမာန်ကို မော်ကွန်းထိုးရပေမည်၊ အသက်သွေးခဲကို စတေး၍ တိုက်ခဲ့ကြသည်။ သံလျင်တိုက်ပွဲကား ဥဒါန်းမကျေဖွယ်ဖြစ်၏။

*

## နတ်သျှင်ကိုယ်တော်နှင့် ဗရင်ဂျီဘာသာ

သံလျင်မြို့မှာ စစ်ရေးအတွက် အချက်အချာကျသော နေရာတွင်တည် ထားသည်။ ရှင်မွေ့နွန်းကုန်း၊ တိုက်ကြီးကုန်း ပတ်လည်တစ်ဝိုက်ကို ပနက်ရိုက်ကာ မြေမြင့်ရာ အရပ်ကို သတ်မှတ်၍ တည်ဆောက်ထားခြင်း လည်း ဖြစ်သည်။ မြို့ရိုးပြအိုးကျုံးမြောင်းတို့နှင့်တကွ မြန်မာ့ထုံးစံအတိုင်း တည်ဆောက်ထားသော်လည်း ပုံစံရေးဆွဲသူမှာ ပေါ်တူဂီလူမျိုး ဗိသုကာဆရာ အင်ဂျင်နီယာ 'ဖွင်သရယိန' ဖြစ်သည်။ ထို့ကြောင့် အနောက်နိုင်ငံမှ ရဲတိုက် များကဲ့သို့ မြို့ရိုးမှာ မြင့်မားပြီး ခိုင်ခံ့လှသည်။

ကုန်းမြင့်လည်းဖြစ်၊ မြို့ရိုးကလည်း မြင့်မားခိုင်ခံ့လေသောကြောင့် မြန်မာ့တပ်သားတို့မှာ အသက်ပေါင်းမည်မျှပင် စတေးခဲ့ရစေကာမူ မဖြိုဖျက်

နိုင်ခဲ့သေးပေ။ ဤသို့ဖြင့် တိုက်ပွဲမှာ ၂-လကျော် ကြာမြင့်လာခဲ့ သည်။

နတ်သျှင်ကိုယ်တော်မှာ သံလျင်မြို့တော်ထဲ၌ပင် စံမြန်းကာ အကြပ်တွေ့လျက်ရှိ၏။ စစ်ရေးအခြေအနေကို ကြည့်လျှင် အင်းဝမင်းတရားဖက်ကသာ နောက်ဆုံး အောင်ပန်းဆွတ်မည်ကိုသိသည်။ ဟိုမှာဖက်တွင် မိမိ၏ ဆွေမျိုးသားချင်းများ၊ စစ်သည်များပါလျက်ရှိသည်။ အချင်းချင်း တိုက်ပွဲကဲ့သို့လည်းရှိသည်။ သို့သော်… မှားခဲ့ပြီးသည်ကိုတော့ ဖြေ၍မပြေပြီ။

စစ်ရေးဆိုလာလျှင် သံလျင်ဖက်က အထိနာမည်ကို သိတော်မူ၍ နတ်သျှင်ကိုယ်တော်သည် ကိုယ်တော်တိုင်ထွက်ကာ သံလျင်စား ဧဗင်ကာနှင့်အတူ တပ်များကို ကြီးကြပ် ကွပ်ကဲ၍ တိုက်ပွဲဝင်တော်မူသည်။ တိုက်ပွဲကား အရေးမသာခဲ့ပေ။

ဤအတွင်း အင်းဝမင်းတရားသည် နတ်သျှင်ကိုယ်တော်သံလျင်သို့ မည်သို့မည်ပုံ ရောက်ရှိရသည့် အကြောင်းကို သိတော်မူသွားလေသည်။ ကုလား ဧဗင်ကာနှင့် ပေါင်းသင်းကာ ကြံကြောင်းကို သိသော် ဒေါသပြင်းစွာ ထွက်တော်မူ၏။ ထို့ကြောင့် ဧဗင်ကာထံသို့ အောက်ပါအကြောင်းကို အကြိမ်ကြိမ်စေလေသည်။

"သံလျင်စား-ဧဗင်ကာငယ်။ ငါသည် ပေါ်တူဂီအမျိုးသားတို့နှင့် ရန်စစ်ရန်စ ရှိသောကြောင့် တိုက်ရသည်မဟုတ်။ ရန်သူဖြစ်သော တောင်ငူမင်းကိုသာ ပေးပေး…"

ဧဗင်ကာသည် အင်းဝမင်းတရား၏ စာလွှာကို အရေးမယူခဲ့ပေ။ မိမိအား တစ်သက်လုံးကျွေးမွေးခဲ့သည့် ရခိုင်ဘုရင်မင်းရာဇာကြီးအပေါ် သစ္စာဖောက်ဖျက်ခဲ့သော်လည်း တောင်ငူ နတ်သျှင်ကိုယ်တော် အပေါ်တွင်ကား သစ္စာစောင့်သိခဲ့လေသည်။ နတ်သျှင်ကိုယ်တော်သည် ဤသို့ မိမိအပေါ် သစ္စာစောင့်သိသော ဧဗင်ကာအား ကျေးဇူးအထူးတင်ရှိတော် မူခဲ့လေသည်။

## ဗရင်ဂျီဘာသာသို့ဝင်ခြင်း

နတ်သျှင်ကိုယ်တော်သည် အခြေအနေမလှတော့ဘဲရှိသည်ကို ရိပ်စားမိတော်မူ၏။ မိမိ၏ အသက်စည်းစိမ်မှာလည်း သံလျင်စား ဧဗင်ကာတို့၏ အင်းဝတပ်မတော်၏ ထိုးစစ်ကို ကြံ့ကြံ့ခိုင်နိုင်မှုအပေါ်တွင် တည်နေမှန်းဆင်ရှားသိသာလာသည်၊ ထို့ကြောင့်ပင် ရာဇပရိယာယ်, "ခတ္တိယမာယာ"



သံလျင်တိုက်ကြီးကုန်းရှိ ဇင်ကာတည်ဆောက်ခဲ့သော
ဗရင်ဂျီဘုရားရှိခိုးကျောင်း

ဘာသာဗေဒဉာဏ်'ဖြင့် ဇေင်ကာတို့ ကိုးကွယ်သည့် ဗရင်ဂျီဘာသာသို့ ဝင်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ဇေင်ကာသည် မြန်မာ့ထီးဆောင်းမင်း တစ်ပါးလည်းဖြစ်တော် မူခဲ့သော၊ သာသနာ့ဒါယကာ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး၏ သွေးသားတော် အစစ်လည်းဖြစ်တော်မူသော၊ မြန်မာ့ အာဇာနည် တစ်ပါးက မိမိတို့ဘာသာ ဗရင်ဂျီသို့ ဝင်တော့မည်ဟု မိန့်တော်မူသည့် စကားကို ကြားရသည့်အခါ ကြက်သီးမွေးညင်းထဘိဘနန်း အံ့အားသင့်သွားလေသည်။ အံ့အားသင့်သည်၏ နောက်တွင် ဝမ်းမြောက်ရွှင်လန်းအားတက်ခြင်းလည်း ဖြစ်ဟန်တူသည်။

ဤသို့အားဖြင့် ကေတုမတီတောင်ငူဘုရင် သီဟသူရဘွဲ့တော်ခံ နတ်သျှင်နောင်သည် ဗရင်ဂျီဘုရားရှိခိုးကျောင်းအတွင်း သံလျင်စား ဇေင်ကာ၊ ဇေင်ကာ၏ ဇနီး "ကာတာရီနာ"တို့၏ ရှေ့မှောက် ဗရင်ဂျီ ဘုန်းတော်ကြီး "ကူမူဇာရူအံထော်နီ"နှင့် "အာလမေတူ"*တို့၏ လက်ဖြင့် ဗရင်ဂျီ ဘာသာဝင်တို့၏ ထုံးစံ 'ဗက်ပတစ်ဇင်း'ခေါ် ရေဖျန်း မင်္ဂလာကို ပြုခြင်း ခံလိုက် လေတော့သည်။ ဗရင်ဂျီဘာသာဝင် အဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်'ဒန်ဂျွမ်-သီဟသူ'ဟူသော ဘွဲ့မည်သစ်ကိုလည်း ခံလိုက်လေသည်။

နတ်သျှင်ကိုယ်တော်၏ ဘဝကား ဤမျှ ဆန်းပြားတော်မူလှပေသည် တကား။

(မှတ်ချက်။ နတ်သျှင် ကိုယ်တော် ဗရင်ဂျီ ဘာသာသို့ဝင်ကြောင်းကို မြန်မာ့ရာဇဝင်တော်ကြီးများ၌ ဖော်ပြခြင်းမရှိပေ။ ပေါ်တူဂီရာဇဝင်တွင်သာ အသေအချာဖော်ပြထားခြင်း ဖြစ်သည်၊ ယင်းအဆိုနှင့် ပတ်သက်၍ ဝေဖန်ချက်ကို 'နတ်သျှင်နောင် သစ္စာဖောက်-မဖောက် အခန်းတွင် ဖော်ပြပါမည်။ ထို့အပြင် နတ်သျှင်ကိုယ်တော်အား ရေဖျန်းမင်္ဂလာ ပြုသည့်ဌာနမှာ တိုက်ကြီးကုန်းရှိ ဗရင်ဂျီဘုရားရှိခိုးကျောင်း ဖြစ်သည်ဟု အဆိုအမိန့်ရှိ သည်။

---

* ဗရင်ဂျီဘုန်းတော်ကြီးအမည်များအား **ကူရူဇာရူနှင့် အန်ထော်နီ အာလမေတူ** ဟုလည်း မှုကွဲဖော်ပြချက်များရှိသည်။

သံလျင်မြို့ ဘော်လုံးကွင်းအနောက် ယခု ပြည်သူ့ ရေနံလုပ်ငန်းဝင်းအတွင်း အနောက်ဖက်တွင် တိုက်ကြီးကုန်းခေါ် ရှင်မွေ့နွန်းကုန်းရှိသည်။ ထိုကုန်းကမူထက်တွင် သင်္ဘောပုံသဏ္ဌာန် တိုက်ပျက်ကြီးတစ်ခုရှိသည်။ ယခုအခါ မြောက်ဖက်ပိုင်းတွင် ပြိုကျပျက်စီးနေကာ အရှေ့၊ တောင်နှင့်အနောက်ဖက်များ၌ကား အုတ်ရိုးအတိုင်း ရှိနေသေးသည်။ အမိုးမရှိတံခါး မရှိတော့ပေ။ တိုက်ကြီး၏ အနောက်ကျောကပ်လျက်တွင် ရှေးဟောင်း ရေတွင်းပျက်ကြီးတစ်ခု တိမ်ကောနေသည်ကို တွေ့ရသည်။ တိုက်ကြီးမှာ ထုထည်ကြီးမား၍ ခိုင်ခံ့လျက်ရှိသေးသည်။ တိုက်ကြီးအတွင်း တောင်ဖက်ကျကျနေရာ၌ ဗရင်ဂျီ သင်းချိုင်းအုတ်ဂူတစ်ခုရှိသည်။ အုတ်ဂူထက်တွင် ကျောက်ဖျာကပ်ထားကာ၊ ၄င်းကျောက်ဖျာပေါ်တွင် လူ၏ ဦးခေါင်းအရိုးခွံ ပုံသဏ္ဌာန်ထုထားသည်။ ထိုပုံ၏ အောက်ဖက်၌ ပေါ်တူဂီစာ၊ ၄င်းအောက်ဖက်၌ မြန်မာစာဖြင့် ထွင်းထုထားသည်။ မြန်မာဘာသာစာမှာ...')

"၁...ခုတဘောင် လပြည့်ကျော် ၂-ရက် ၄-နေ့ တချက်တီ ကျော်တွင် ဆရာယာနိတ် မွေသမိ အသက် ၄၈းနှစ်တွင် ကံနဲသည်း"

ယခုအခါ ထိုဂူထက်တွင် သွတ်မိုး အကာအရံ ပြုထားသည်။ တိုက်ပျက်ကြီး၏ အုတ်တံတိုင်းကိုလည်း အတော်အတန် ပြုပြင်ထားသည်။ ရှေးဟောင်း သုတေသနဌာန အနေဖြင့် ထိုအဆောက်အအုံကို ပုံစံမပျက် ထိန်းသိမ်း ပြုပြင်စောင့်ရှောက်သင့်သည်။

❐

## နတ်သျှင်ကိုယ်တော်၏ဘဝနိဂုံး

နတ်သျှင်ကိုယ်တော်သည် ဗရင်ဂျီ ဘာသာသို့ ဝင်တော်မူပြီးနောက် ပေါ်တူဂီတို့နှင့် ဘဝတူဖြစ်သွားခဲ့ရလေသည်၊ ဇေင်ကာကလည်း ပိုမိုတိုးတက် ယုံကြည်အားထားလာသည်။ အလေးအမြတ်လည်း ပြုလာသည်။ သို့သော်··· ယင်းသို့သောဘဝကား ရေမျက်နှာထက်ခဏတက်သည့် ရေပွက်ပမာဖြစ်ရ ပေတော့သည်။

တိုက်ပွဲတို့သည် တဖြည်းဖြည်းပြင်းထန်သည်ထက် ပြင်းထန်၍ လာသည်။ အင်းဝမင်းတရား၏ တပ်တော်တို့မှာ စစ်သည်တော်ဦးရေ များပြားလှသည် ဖြစ်ရာကား အကျအဆုံး ရှိစေကာမူ မှုခြင်းမရှိပေ။ အသေအကျေ ခံရချင်း အတူတူ ဇေင်ကာဖက်ကသာ အထိနာလျက်၊ တစ်နေ့တခြားစစ်သည်အင်အား လုံးပါးပါး၍ လာသည်။

နတ်သျှင်ကိုယ်တော်မှာ ထိုသို့သောအရေးကြောင့် တွေးတောပူပင်လာ ဟန်ရှိကာ ဇေင်ကာနှင့် စစ်ရေးအခြေအနေကို တိုင်ပင်သည်။ ထိုအခါ ဇေင်ကာက အောက်ပါအတိုင်းလျှောက်ထား၏။

"မည်သည့် အရာကိုမျှ ကြောင့်ကြတော်မမူပါနှင့်။ အသက်ကို စွန့်၍ အမှုကို ကံတွင်အောင် ထမ်းပါမည်။ ကျွန်ုပ်သွေးတစ်ပေါက်ကျလျှင် အင်းဝမင်း မဟာဓမ္မရာဇာမှာ အင်မတန်ဝန်လေးလိမ့်မည်။ သူ့ကံပါရမီ ကောင်းလှသည်ဖြစ်၍ ကျွန်ုပ်တို့ ပေါ်တူဂီပြည်မှာလည်း မငြိမ်မသက် ရှိနေသည့်အခိုက်၊ အရှေ့မိုလုကာ ကျွန်းတပြင်လည်း စပိန်တို့က တိုက် လာသည်ကို ဆီးဆို့တွန်းလှန်ရသောကြောင့် အကူမရောက်ထည့် နိုင်၍ သို့စင်ပင်ပန်းရလေသည်။"*

ဇေင်ကာက မည်သို့ပင်ပြောကြားစေကာမူ သံလျင်မြို့ကြီးသည် အင်းဝမင်းတရား၏ လက်အောက်သို့ ကျရောက်ရန် လက်မတင်ကလေးသာ လိုပေတော့သည်။

## မြန်မာတို့၏အောင်ပွဲ

မြန်မာ့စစ်သည်အင်အားဖြင့် မြို့ရိုးသို့တက်ခြင်း၊ ဖြိုခြင်းကို ပြုသော် လည်း မအောင်မြင်သောကြောင့် အင်းဝမင်းတရားကြီးသည် စစ်ဗျူဟာ

---

* ပေါ်တူဂီရာဇဝင်လာ စကားအတိုင်း ဖော်ပြခြင်း ဖြစ်သည်။

နည်းပရိယာယ်သစ်ကို ကြံစည်တော်မူသည်။ တပ်မှူးတပ်သားအပေါင်းတို့ကို ခေါ်တော်မူ၍ သံလျင်ဖက်ကမသိရစေဘဲ တပ်တွင်းက မြို့ရင်းသို့တိုင်အောင် မြေအောက်ဥမင်ကို တူးစေသည်။ သစ်မြို့ခြေရင်းကို တွေ့ရလျှင် ဥမင်တွင်းက ကြိုးကိုသွင်း၍ ယင်းကြိုးနှင့် သစ်တပ်ကိုငင်စေရန် အမိန့်တော်ရှိသည်။

## တန်ခူးလဆန်း ၈-ရက်၊ ဗုဒ္ဓဟူးနေ့သို့အဝင် သန်းယံမ်းအချိန်

ထိုအချိန်တွင် မြန်မာ့တပ်တော်ကြီးမှ စစ်သည်ရဲမက်ဗိုလ်ပါအပေါင်း သည် သောင်းသောင်းညံမျှ စစ်ကြွေးသံကို ဟစ်ကာ ဓားရောင်, လှံရောင်, သေနတ်ရောင် တပြောင်ပြောင်၊ မီးထုတ်မီးစည်း အလင်းရောင်တို့ဖြင့် သံလျင် မြို့၏ လေးဖက်လေးတန်မှ ဝိုင်းဝန်းကာ ဒီလှိုင်းများအရှိန်အဟုန်နှင့် တက်ကြွ ဘိသကဲ့သို့ တစ်ခဲနက် ချီတက်တိုက်ခိုက်ကြသည်။ သံလျင်မြို့ရိုးထိပ်မှ ပွဲလျက် ရှည် မီးအိုးတို့ကို တအားကုန် ပစ်ကြဲလောင်းချသည်။ ထိုစဉ် ဥမင်တွင်းမှ လည်း သစ်တိုင်တို့ကို ကြိုးဖြင့်ငင်သည်။ ထိုအခါ မြို့ရိုးသစ်တိုင် ၃ တိုင် လဲပြိုလေသည်။

မြို့ရိုးပြိုသည်နှင့်တစ်ပြိုင်နက်ဆင်သည်, မြင်းသည်, ခြေသည်းအပေါင်း တို့ သောင်းသောင်းညံမျှ မြို့တွင်းသို့ အတင်းတိုးဝင်ကာ ထစ်ခုတ်သတ်ပုတ်ပြီး ရန်သူတို့ကို တိုက်ခိုက်ကြ၏။ ရဲမက်တော်လှေတပ်သားတို့လည်း တပါတည်း ဝင်ကြသည်။

"အင်းဝမင်းတရားကြီး အောင်တော်မူပြီ…"

"အောင်ပြီ-အောင်ပြီ…"

အောင်တြင်းနှင့် အောင်ချင်း ကြွေးကြော်ခဲ့လေပြီ။ ငဇင်ကာ ကုလားအယုတ် ၏ တပ်တို့လည်း ပြုတ်လေသည်။ အောင်စည် အောင်မောင်းသံများ ဟစ် ကြွေးလာ၏။ မြန်မာ့တံခွန်အောင်လံတော်တို့ လွှင့်ထူကြ၏။ ငဇင်ကာ၏ မတရားသိမ်းပိုက်ထားသော ရွှေငွေပစ္စည်းတို့ကို သိမ်းမိကြ၏။ မြန်မာ့ တပ် တော်သားတို့သည် မင်းရန်ကိုချန်၍ ရွှေငွေတို့ကို သိမ်းပိုက်နိုင်ကြရာ၊ တစ် ယောက်မျှ လက်ချည်းမရှိ၊ ငွေတစ်တင်း နှစ်တင်းတော့ ရကြသည်ချည်း ဖြစ်၏။*

---

* မဟာရာဇဝင်ကြီး (တတိယအုပ်) ၁၆၄ တွင် ဖော်ပြထားချက် ဖြစ်သည်။ မှန်နန်း ရာဇဝင်တွင်ကား 'ရွှေငွေ အဝတ်အစားကိုယ်စီ ရကြသည်ချည်း ဖော်ပြထားသည်။

နတ်သျှင်ကိုယ်တော်နှင့်တကွ ဇေင်ကာတို့မှာ သုံ့ပန်းဘဝသို့ ရောက်ခဲ့ရပေပြီ။

## တရားခံအဖြစ်တော်သို့

အင်းဝ မဟာဓမ္မရာဇာ မင်းတရားသည် သံလျင်ကို အလိုတော်ပြည့်ခဲ့လေပြီ။ မြန်မာ့နယ်ပယ်ထဲတွင် ပထမဦးဆုံး နိုင်ငံခြားသားတစ်ဦး၏ ကိုလိုနီစနစ်ထူထောင်မှုကို အမြစ်ကစ၍ ဖြိုဖျက်နိုင်ခဲ့ပေပြီ။ ဤတိုက်ပွဲကား မြန်မာ့ကိုလိုနီစနစ် တိုက်ဖျက်ရေးတွင် ပထမဆုံး တိုက်ပွဲအဖြစ် မော်ကွန်းတင်ထိုက်လှပေသည်။

အလိုတော်ပြည့်၍ ၅ ရက်ရှိလျှင် အင်းဝမင်းတရားသည် တရားခံဇေင်ကာကို ရုံးတော်သို့ ခေါ်တော်မူ၍ "ဝန်ရှင်တော်စည်သူကျော်ထင်" နှင့် "သခ်ယာ"ကို စစ်မေးတော်မူစေသည်။

"ဇေင်ကာ၊ နင်နိုင်ငံတော်ဖြစ်သော ကေတုမတီ တိုင်အောင်ချီ၍ ဖျက်ဆီးသည်။ နင်ပသို့ လျှောက်မည်နည်း"...*

ယင်းသို့...အမေးတော်ရှိသည်ကို သံလျင်စား ဇေင်ကာက အောက်ပါအတိုင်း လျှောက်ထားသည်။

"ဘုရားနိုင်ငံကို ဖျက်ဆီးလို၍ ချီသည်မဟုတ်၊ တောင်ငူမင်းက ယူလာ ပါလှည့်ဟု စေသောကြောင့် ယူပါသည်"...

(မှတ်ချက်။ ပေါ်တူဂီရာဇဝင်တွင်၊ အင်းဝမင်းတရားက ဇေင်ကာအား တောင်းပန်လျှင် အသက်ချမ်းသာပေးမည်ဟု မိန့်တော်မူသည်။ ထိုအခါ ဇေင်ကာက ကျွန်ုပ်တွင် မည်သည့်အပြစ်မျှ မရှိသည်ကို မည်သည့်အကြောင်း နှင့် တောင်းပန်ရမည်နည်း။ အရှင်မင်းကြီး၏ ရန်သူကို လက်ခံသည်ဆိုရာ

---

* မဟာရာဇဝင်ကြီး (တတိယအုပ်) ၁၆၄ နှင့် မှန်နန်းရာဇဝင်ကြီး (တတိယ)တွဲ ၁၇၂ တွင် ပါသည့်အတိုင်း ဖော်ပြပါသည်။ ဗိုလ်မှူးဘသောင်း ၏ 'စာဆိုတော်များအတ္ထုပ္ပတ္တိ' ၁၇၉ တွင်မူ "ငါ အကြိမ်ကြိမ်စာပေး မှာထားသည်။ ငါ့ရန်သူကို အပ်ရမည်ဆိုသည်ကို မပေးမအပ် နေသည်မှာ ယခု ငါ့လက်သို့ရောက်ပြီ။ အသနားခံ၍ တောင်းပန်ပါဘိမူ ငါချမ်းသာပေးမည်"ဟု ဖော်ပြသည်။

၌ အရှင်မင်းကြီး၏ ရန်သူဖြစ်လျှင် ခပ်သိမ်းသော လူအပေါင်းတို့၏ ရန်သူပင် ဖြစ်ရမည်လား။ ကျွန်ုပ်ကို မိတ်ဖွဲ့လာလျှင် ကျွန်ုပ်မိတ်ဆွေ ခင်ပွန်းဖြစ်သည်။ မိတ်ဆွေခင်ပွန်းဝတ်ကို အမှန်မချွတ်မယွင်း စွမ်းဆောင် ရမည်ဖြစ်၍ စွမ်းဆောင်ပေးသည်။ အရှင်မင်းကြီး၏ ဘုန်းတန်းအလျှောက် ဂိုဝါသို့ စေလွှတ်ရာ သဘော်များ မရောက်မီပင် ဤစကားကို အကျွန်ုပ်အား မေးရသည်။ အကယ်၍ ရောက်ချေလျှင် အကျွန်ုပ်လည်း ဤကဲ့သို့ မေးအားရှိသသူပင် ဖြစ်သည်။ ဓမ္မတာအတိုင်း တစ်နေ့မွေးလျှင် တစ်နေ့သေရမြဲပင် ဖြစ်သည်။ ယခုအရှင်မင်းကြီးလက်သို့ ရောက်၍ရှိလေပြီ။ ပြုလိုရာ ပြုရမည်ပင်ဖြစ်တော့သည်။ သို့ရာတွင် ကျွန်ုပ်နှင့် တောင်ငူမင်းမှာ သေလျှင် သေချင်း, ရှင်လျှင် ရှင်ချင်း ကတိသစ္စာကြီးစွာ ရှိသည်။ သေလည်းအတူ ရှင်လည်းအတူ ဖြစ်လို၏' ဟု ဖော်ပြထားသည်။ ဤစကားကိုဇေင်ကာ လျှောက်ထားသည်ဆိုခြင်းမှာ ယုတ္တိရှိသည်ဟု ယူဆသည်။)

ဇေင်ကာ၏ လျှောက်ထားချက်ကို ကြားတော်မူရသောအခါ၊ အင်းဝမင်းတရားကြီးသည် 'တစ်ယောက်အား မေးဘိဦး' ဟု အမိန့်တော်ရှိသည်။ ထိုအခါ နတ်သျှင် ကိုယ်တော်က ဤသို့ ရဲရဲတောက် ပြောကြားလေသည်။

"ငါ့အကြောင်းကို စစ်မေးလျှင် ငါ့အကြောင်းကို သိပြီးဖြစ်သည်။ ဤပေါ်တူဂီအမျိုးသားတို့နှင့် ပေါင်းယှက်၍ တသွေးတသားတည်း ဖြစ်ပြီးရာကား၊ သေဘေးကို ကြောက်သာတော့မည် မဟုတ်ပြီ။ ဓမ္မတာတမ်း ဖြစ်မြဲပျက်မြဲပင်။ ငါတစ်ယောက်မှာသာ ဖြစ်ရပျက်ရမည်မဟုတ်။ လက်သို့ ရောက်ရှိလေပြီးသည့်အရာကို ဤပေါ်တူဂီအမျိုးသားတို့ ကျေးဇူးအထူးပြုပေသည့် အရာ ထွန်းပေါ်၍ ရှိသည်။ လက်သို့ ရောက်သည်ဟု သတ်သော်လည်း ကိုယ်ကာယရုပ်အကောင်သာ သေနိုင်မည်။ အသက်ကို စိုးပိုင်သည်မဟုတ်၊ ပြုလိုရာပင်ဖြစ်သည်။

ခံတော့မည်” ... *

အင်းဝမင်းတရားကြီးသည် နတ်သျှင်ကိုယ်တော်၏ စကားကို နားတော်ဆင်ရသောအခါ အမျက်ထွက်တော်မူ၏။ တောင်ငူသို့ ဇေယကျော ချီတက်သိမ်းပိုက်ရာတွင် နတ်သျှင်ကိုယ်တော် ကိုယ်တိုင် ခေါ်သောကြောင့် ချီရခြင်းဖြစ်သည် မဖြစ်သည်ကို အဓိကသက်သေဖြစ်သည့် သဝဏ်စာပို့ ရသူ 'ကြက်ရိုး ပင်စား' အားခေါ်၍ စစ်တော်မူသည်။

ကြက်ရိုးပင်စားက “ကျွန်ုပ်ကို စေသည်မှန်၏။ အကြောင်းမူကား စာကိုသကလတ်အိတ်တွင် သွတ်၍ တံဆိပ်လက်ရာနှင့် ဖြစ်သောကြောင့် မည်သို့စာတွင် ပါကြောင်းကို မလျှောက်နိုင်” ဟု လျှောက်ထားသည်။

ထိုအခါ အင်းဝ မင်းတရားကြီးသည် နတ်သျှင်ကိုယ်တော်နှင့် သံလျင်စား ဇေယကျောတို့၏ အမှုကို အောက်ပါအတိုင်း အမိန့်တော်ချမှတ်လေ သည်။ ထိုအမိန့်ကား နတ်သျှင်ကိုယ်တော်နောက်ဆုံး ကြားနာရသည့် အမိန့်ပင်ဖြစ်၏။

> “(တောင်ငူကို ဇေယကျောအား လာရောက်တိုက်ခိုက်သိမ်းပိုက်ရန် နတ်သျှင်နောင်)စေသည် မှန်ချေပြီ။ တောင်ငူကို အလိုတော်ပြည့်လျှင် မြို့ကိုမျှ သိမ်းယူတော်မမူ။ မိမိကိုပင် ပေးတော်မူ၍ ချမ်းသာစွာနေစေသည်။ ငါ့ကျေးဇူးတော်ကို မသိ။ ကုလားကျွန်ခံချင်သည်၊ မစောင့် မဟုတ်လော။ လူသွမ်း (နတ်သျှင်နောင်)ကို မြို့လယ်တွင် ကွပ်လေ၊ ဇေယကျောယ်လည်း သင်းသည် နိယတ မိစ္ဆာဒိဋ္ဌိဖြစ်၍ ဘုရားပုထိုးကို ဖျက်ဆီးသသူ ဖြစ်သည်။ သင့်အိမ် ရှေ့မြို့လယ်မှာ တံကျင်တွင်တင်လေ။ သံလျင်မြို့သူ မြို့သား ယောက်ျားမိန်းမအပေါင်းတို့ ကြည့်လေစေ” ... **

အင်းဝရွှေနန်းရှင် မဟာဓမ္မရာဇာ၏ အမိန့်အတိုင်းပင်ဆောင်ရွက်တော်မူရလေသည်။

---

* ရာဇဝင်ကြီး (တ)၁၆၉ နှင့် မှန်နန်းရာဇဝင်ကြီး (တ) ၁၇၂တွင် နတ်သျှင်နောင်က 'ကျွန်ုပ်သည် အတိုင်းမစေ' ဟုသာ ပြောကြောင်း ပါရှိသည်။ ဖော်ပြပါစကားမှာ ပေါ်တူဂီရာဇဝင်လာ စကားတိုင်းပင်ဖြစ်၏။

** မဟာရာဇဝင်ကြီး (တ) ၁၆၅နှင့် မှန်နန်းရာဇဝင် (တ) ၁၇၃တွင် ပါရှိသည့်အတိုင်း ဖော်ပြခြင်းဖြစ်သည်။

## ဇေင်ကာ၏ဇာတ်သိမ်း

သက္ကရာဇ် ၉၇၄ ခုနှစ်၊ နှစ်ဦး၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ စနေတွင် သံလျင်မြို့စားဟောင်း ဖွင်ကာကူအမည်ရှိ ကုလားဇေင်ကာကို သံလျင် မြို့လယ်၊ ယင်း၏ အိမ်ရှေ့တွင် တံကျင်တင်ရသည်။ ထိုအခါ မြို့သူ မြို့သား ကုလားဖြူ၊ ကုလားနက်၊ လူမျိုးစုံတို့လာရောက် ကြည့်ရှုကြသည်။

**တံကျင်တင်ပုံ။** တံကျင်တင်သည် ဆိုရာမှာ၊ ရာဇဝတ်သားကို စင်တစ်ခုပေါ်တွင် မတ်တတ်ရပ်စေပြီးလျှင် ကျင်ကြီးပေါက်စအိုဝမှ သစ်သားကိုလုပ်သော သတ်ဖြင့် ဦးခေါင်းအထိ ထိုးဖောက်၍ ထားခြင်းဖြစ်သည်။ သစ်သားမှာ ရှားသားကို အသုံးပြုလေ့ရှိ၏။ ဤကဲ့သို့ စအိုဝမှ ခေါင်းသို့ ပေါက်အောင် တောက်လျှောက်သတ်ရိုက်ပြီး ထားသော်လည်း အသက်ကား မထွက်။ ကြီးစွာသော ဆင်းရဲဝေဒနာကိုသာ ခံစားနေရသည်။ ထမင်းအသက် ၇ ရက်ဆိုသည့်အတိုင်း ၇ ရက်ကြာမှ ထမင်းပင် မစားရ၍ သေကြသည်။ အချို့မှာ ၇ ရက်အတွင်း ထမင်းမစားရသော်လည်း ရေသောက်နေရသဖြင့် သက်သာရာရကြ၏။ ရှေးအခါမဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ တံကျင်တင်ထားသော သူတို့ကို ၇ ရက်မစေ့မီ လွှတ်စေအမိန့်တော်ရ၍ လွှတ်လိုက်ရာပြန်၍ အသက်ရှင်ဖူးသော အစဉ်အလာပင် ရှိခဲ့သည်။ သို့သော် ဇေင်ကာမူကား ၃ ရက်သာခံ၍ သေလေ၏။ အကြောင်းမူကား ထမင်းအသက် ၇ ရက်၊ ရေအသက် ၃ ရက်သာရှိလေရာ၊ ၃ ရက်တိုင်တိုင်ရေကိုမျှ မသောက်ရ သောကြောင့် သေရလေသတည်း။*

သံလျင်စား ဇေင်ကာသည် ဤသို့ပင် ဇာတ်သိမ်းခဲ့ရလေသည်။

## စာပေနေတစ်ဆူ-ကွယ်တော်မူလေပြီ

"ရေဖျန်းသဘင်၊ တာသစ်ရင်က၊
ကြွေးရှင်ဝတ်ချွေ၊ ငှက်ပေါင်းရွှေနှင့်၊
စုံခြေတခွင်၊ ညွှန်ညွှန်တွင်၌၊
ရွှေစင်ချပ်ဝေ၊ လျှပ်လျှပ်ပြေမျှ" ...

(ရေဖျန်းသဘင်-ချီ၊ စစ်ချီရတု)

* နာခံတော်ဝတ္ထု (ဆရာကြီးရွှေစကြာ) ၁၂၈-၁၂၉။

နွေသဘင်ခါ ကျူးကာ တင့်ထူးလေပြီ။ ရွက်ဟောင်းကြွေ မြေသို့လျှော လျက် ရွက်ကြောလည်း လှန်လေပြီ၊ အပွင့်၊ သရစ်၊ အဖူး၊ အညှောက် တို့သည် ထွက်ပြူ၍လာကြ၏၊ တစ်လောကလုံးတွင် အဟောင်းတို့သည် ကြွေ ကြွေ၍ သွားနေကာ၊ အသစ်အသစ်တို့က အစားထိုးကာ လာကြသည်။ သခ်ါရလောကပေမို့ကိုး…

သက္ကရာဇ် ၉၇၅ ခု၊ နှစ်ဦး၊ တန်ခူး လပြည့်ကျော် ၃ ရက်၊ စနေနေ့။

ဤနေ့ဤရက်ကို မေ့နိုင်ဖွယ်မရှိ။ စာပေကဝိတစ်ဆူအဖြစ်ကြီး ဖြစ်တော် မူသော… ရတုဘုရင် နတ်ရှင်နောင် ကိုယ်တော်သည် ဤနေ့ ဤရက်တွင် ကြွေရွက်တို့နှင့်အတူ သက်ဇီဝိန် ချွေလျောကာ ဘဝသစ်သို့ ကူးခဲ့ရပေပြီ။

သက်တော် ၃၆ နှစ်သို့အဝင် နုနယ်ငယ်ရွယ် ပျိုမျစ်တော်မူလှသေးသော စာဆိုတော်ကြီးမှာ အာဏာပါးကွက်သားတို့၏ ကြမ်းတမ်းသည့် ကွပ်ချက်တွင် အသက်ကို စတေးခဲ့ရပေပြီ။

နတ်ရှင်ကိုယ်တော်သည် ပုရိသ အာဇာနည်ပီပီ ဘဝကူးတော် မမူသေး မီ မရဏာသေခြင်းသဘောတရားကို တွေးခေါ်နိုင်ခဲ့ ပါပေသေးသည်။ အာ ဏာပါးကွက်တို့၏ လက်ချက်ခံတော် မမူရသေးမီ၊ တစ်ကြိမ်က ကေတုမတီ နန်းကို အင်းဝမဟာဓမ္မရာဇာမင်းထံ လွှဲအပ်ရမည့်အချိန် မရောက်မီကလေး တွင် ကေတုမတီပြာသာဒ်ကျောင်း ဘုန်းတော်ကြီး၏ တရားဓမ္မဟောကြား တော်မူခဲ့သည့် အသံတော်ကို ကြားယောင်တော်မူခဲ့ရှာသေးသည်။

> "တရားမင်းကြီး၊ တရားတော်မှာ ဖြစ်တတ်သော သဘောတရား လည်း ဖြစ်တတ်၏။ ပျက်တတ်သော သဘောတရားလည်း ပျက် တတ်၏။ ထိုသို့ ဖြစ်တတ် ပျက်တတ်သော သဘောတရား နှစ်ပါး၏ ငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်သာလျှင် စင်စစ်အားဖြင့် အမြဲရှိသည်။ တရားမင်းကြီး အလောင်းတကာတို့လည်း နာနာဘာဝ တွေ့သော အခါ ကောင်းမြတ်သော သတိတရားနှင့် မကင်းကြ ကုန်။ ထိုတရား ကို အသင့်အတင့်အားဖြင့် နှလုံးသွင်းရာသည်"…

ပစ္စုန်မောင်သည် ကျူးလာခဲ့၏။ လတန်ခူးပေမို့ မိုးစည်၏ ရိုက်ကြွေးသံ လည်း ကြားရပေသည်။

လျှပ်တစ်ချက်သည် ပြက်လက်လိုက်၏။ ထိုအချိန်တွင် နတ်ရှင် ကိုယ် တော်မှာ ရှေးဘဝဝဋ်ကြွေး မကင်းခဲ့ရသေးသူမို့ ထိုသွေးကြွေးကို အသက်ဖြင့် စတေးကာ ဆပ်သွားရရှာ လေတော့သတည်း။



တဆိုတော် နတ်သျှင်နောင်၏ကုလားကျောင်းခံ
အရိုးအိုးစေတီ၊ (ကျိုက်ခေါက်စေတီ၊ အလယ်ပစ္စယံ၊
မြောက်ဘက်စောင်းတန်း၏အနောက်ယွန်းကပ်လျက်)

## နတ်သျှင်၏ အရိုးအိုးဂူ

စာဖတ်သူ အဆွေ။ နတ်သျှင်၏ ဇာတ်သိမ်းခန်းကို ဖတ်ရှုပြီးနောက်၊ နတ်သျှင်၏နောက်ဆုံး လဲလျောင်းရာအရပ်သို့ သွားပါလေလော့။

သံလျင်၏ နယ်နိမိတ်··· တစ်ခုသော တောင်ကုန်း··· ထိုတောင်ကုန်း ထက်ရှိ စေတီတော်···ရွှေသင်္ကန်းရောင်တို့ဖြင့် မိုးနှင့်ထိနီး ပြောင်ပြောင်ညီး နေသော ထိုစေတီတော်ကား··· 'သံလျင်ရှင်ပင် ကျိုက်ခေါက်စေတီ' ဟု ဘွဲ့မည်တော်ရှိပါသည်။ ကျိုက်ခေါက်စေတီတော်ကို ကြည်လင်ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးပြီးနောက် မြောက်ဖက် စောင်းတန်းအတိုင်း ဆင်းခဲ့ပါ လော့။ ထိုအခါ အဆွေ၏ လက်ဝဲဖက်တွင် ပြိုပျက်ကာနေသော ကုလား ကျောင်းခံ အရိုးအိုး စေတီတော်တစ်ဆူကို ဖူးတွေ့ရပေမည်။ ထိုစေတီတော် ကား စာဆိုတော်-ရတုတံခွန်စိုက် တောင်ငူဘုရင် နတ်သျှင်နောင်၏ နောက်ဆုံးလဲလျောင်းရာ အေးရိပ်သာပင် ဖြစ်ချေသည်။ ဤနေရာဤဌာနတွင် နတ်သျှင်၏ ညီတော် တောင်ငူမင်းရဲကျော်ထင်သည် နောင်တော်အား နောက်ဆုံးအလေးအမြတ် ပြုကာ သင်္ဂြိုဟ်တော်မူခဲ့ခြင်း ဖြစ်၏။

စာဆိုတော် တောင်ငူဘုရင် နတ်သျှင်ကိုယ်တော်သည် နိုင်ငံရေး, စစ်ရေး, အချစ်ရေးဝဲဂယက်တွင် နစ်မြုပ်တော် မူခဲ့ရသည်။ စာပေနေတစ်ဆူ ကွယ်တော်မူခဲ့ပြီ။ သို့သော်··· စာဆိုတော်ညှိထွန်းတော်မူခဲ့သည့် စာပေမီးရှူး တန်ဆောင်မှာကား ထွန်းလင်းမြဲ ထွန်းလင်းတော်မူနေပေသေးသည်။

အို···ကျေးဇူးရှင် စာဆိုတော်နတ်သျှင်နောင်··· ကိုယ်တော်ကြီးအား အကျွန်ုပ်သည် ဤအတ္ထုပ္ပတ္တိစာတမ်းဖြင့် ရိုသေညွတ်ကျိုး လက်အုပ်မိုးကာ ရှိခိုးကန်တော့လိုက်ပါသည်။ စာဆိုတော်အရှင် ကိုယ်ဆောင်ခဲ့သည့် စာပေ အောင်လံတော်ကို အကျွန်ုပ်တို့ ဆက်လက်ကိုင်စွဲ ဇွဲ့ရမ်းကာ-စာပေနန်းမြင့်သို့ လျှမ်းတင့်သော အသရေဖြင့် ချီတက်ပါမည်ဟု သန္နိဋ္ဌာန် ပြုပါ၏။

စာဆိုတော် အရှင်သည် အကျွန်ုပ်တို့အား ကောင်းချီးအထွေထွေ ပြုပါ လေလော့···


*ဦးညွတ်လျက်*
*စိန်လေးလွင်*

# နောက်ဆက်တွဲ

# မှတ်စုမှတ်ရာများ

နှင့်

ဝေဖန်ချက်များ



## သံလျင်စား-ဇေင်ကာ (ဇွင်ကာကူ)

နတ်သျှင်နောင်၏ အတ္ထုပ္ပတ္တိကို ရေးသားရာတွင် သံလျင်စား ဗရင်ဂျီ ဇေင်ကာ ခေါ် ဇွင်ကာကူအကြောင်း မပါလျှင် ဆားမပါသော ဟင်းကဲ့သို့ ရှိပေမည်။ ကျွန်တော်သည် ဇေင်ကာနှင့် ပတ်သက်၍ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော နတ်သျှင်နောင်၏ အတ္ထုပ္ပတ္တိ၌ ရာဇဝင်တော်ကြီးများလာ အဆိုအမိန့်များကို မှီငြမ်းပြုကာ ရေးသား တင်ဆက်ခဲ့ပြီး ဖြစ်ပါသည်။

ယခု နောက်ဆက်တွဲအခန်းတွင်မူ ဇေင်ကာနှင့် ပတ်သက်သည့် အဆိုအမိန့်များကို စာအုပ်စာတမ်းများမှ သင့်လျော်ရာတို့အား ရွေးကောက်ထုတ်နုတ်၍ တင်ပြလိုက်ပါသည်။ ယင်းအဆိုအမိန့်တို့တွင် တစ်ခုနှင့်တစ်ခု မတူ ကွဲပြားခြား နားချက်များကို တွေ့ရမည် ဖြစ်ပါသည်။ ယုတ္တိတန်သည်ရော-မတန်သည်များပါ ပါပါလိမ့်မည်။ အချို့မှာ ပုံပြင်ဆန်၍ အချို့မှာ အတ္တနောမတိများ ရောထွေးနေပါသည်။ ဗဟုသုတ ပွားများစေရန် ရည်ရွယ်ရင်းဖြစ်၍ အားလုံးသော အဆိုအမိန့်တို့ကို ပေါင်းစပ်ကာ ဇေင်ကာ၏ သရုပ်ကို ဖော်ထုတ်ကြပါဟု မေတ္တာရပ်ခံပါသည်။ သဘောတူ- အဆိုတူ ဖော်ပြချက်များကိုကား ချန်လှပ်ထားခဲ့ပါသည်။

### 'နာခံတော်ဝတ္ထု-အဆို'*

'ဇေင်ကာကို အခွန်ဝန် သီရိဇေတရက်ကျော် ဘာသာပြန်သော ပေါ်တူဂီရာဇဝင်၌ ဇွင်ကာကူဟု ခေါ်၏။ မြန်မာရာဇဝင်၌ ဗရင်ဂျီကုလား ဇေင်ကာဟု ခေါ်၏။ ရခိုင်ရာဇဝင်၌ ငအင်္ဂါဟု ခေါ်၏။ နာမည်ရင်း အမှန်မှာ ဖိလစ်ဒီဗရစ်တိုအီနီကိုတီ (Fillippe de Brito e Nicote)ဖြစ်၏။ မြန်မာတို့က ဇေင်ကာခေါ်ခြင်းမှာ သံလျင်သို့ ရောက်ခါစ၌ စိတ်နှလုံးကောင်းသည်ကို တွေ့ရသဖြင့် ပဲခူးမွန်တို့က မိမိတို့ မွန်ဘာသာဖြင့်၊ ချံဂါ သို့မဟုတ် စံဂါဟု အမည်ပေးထားကြ၏။ စံဂါ၏ အဓိပ္ပာယ်မှာ စိတ်နှလုံးကောင်းသူဟု သိရ၏။ ချံကာ သို့မဟုတ် စံဂါမှ, စင်ဂါ, ဇင်ကာ ရွေ့လျောလာခြင်းဖြစ်၏။ ဇေင်ကာမှာ ပေါ်တူဂီလူမျိုး ဆိုရသော်လည်း မိဘဘိုးဘွားအနွယ်မှာ ပြင်သစ်ဖြစ်၏။ ဇာတိမှာ ပေါ်တူဂီ ပြည်လစ်စဗုန်းမြို့၌ မွေးဖွား၏။'

---

* နာခံတော်ဝတ္ထု (ရွှေစကြာဘွဲ့ခံ ဦးစိုးမြင့်) စာမျက်နှာ ၉ အောက်ခြေမှတ်ချက်။

## 'အလောင်းဘုရားမင်းဆက် မြန်မာရာဇဝင်အဆို'*

သံလျင်မြို့သည် ပေါ်တူဂီ လူမျိုးတို့လက်တွင်း၌ ရှိလေသဖြင့် ရခိုင်ပြည်နယ်တွင် အထက်ကျော်ကာလ ရွက်သင်္ဘော၌ အစေခံနေဖူးသူ ဖိလိပ်ဒေဗြိတိုသည် ၎င်းသံလျင်မြို့၌ အုပ်ချုပ်နေရလေသည်။ တောင်ငူမင်းနှင့် ဖိလိပ်ဒေဗြိတိုသည် ရန်သူပေါ်ထွက်လာသည်ကာလ အတူတကွ ပေါင်းစည်းခုခံကြအံ့ဟု မဟာမိတ်ပြုကြပြီး ဖြစ်သောကြောင့် တောင်ငူမင်းသည် အင်းဝဘုရင်၏ လက်အောက်ဘဏ္ဍာဆောင်မင်း ပြုလုပ်ရမည်လောဟု ဖိလိပ်ဒေဗြိတိုက အမျက်ထွက်၍ မုတ္တမမင်းနှင့် ပူးပေါင်း၍ တောင်ငူကို တိုက်ယူလေရာ တောင်ငူမင်းကို လက်ရဖမ်းမိလေသည်။ ထိုအခါ အင်းဝဘုရင် မဟာဓမ္မရာဇာသည် သံလျင်ကို တိုက်၍ ၁၆၁၃ ခုနှစ် သိမ်းယူသည့်ကာလ ဒေဗြိတိုကို တံကျင်လျှို ကွပ်ညှပ်ပြီးလျှင် များစွာသော ပေါ်တူဂီလူမျိုးတို့ကိုလည်း ကျွန်ပြုလျက် အင်းဝမြို့သို့ ယူသွားလေသည်"

## နတ်သျှင်နောင်ဆိုရတု–နိဒါန်းအဆို*

ပေါ်တူဂီ ဗိုလ်မှူးဖွင်ကာကူကို မြန်မာတို့က ပီသအောင်မခေါ်နိုင်၍ ငဖွင်ကာကူတွင် 'ကူ'ကို ချေပြီးလျှင် ငဇင်ကာဟု ခေါ်နေကြသည်။ အချို့ အင်္ဂလိပ် ရာဇဝင်ဆရာကြီးများကမူ ပေါ်တူဂီဗိုလ်မှူး "ဒီဘရစ်တိုး"နှင့် "ဖွင်ကာကူ" သို့မဟုတ် ငဇင်ကာကို တစ်ဦးတည်း ဖြစ်လေဟန် ရေးသားထားသည်။ သံလျင်မြို့စား ပေါ်တူဂီ ဗိုလ်မှူးဒီဘရစ်တိုးခေါ် ကုလားငဇင်ကာ အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် မြန်မာပြည် ရာဇဝင်ကျမ်းတစ်စောင်တွင် တွေ့ရှိနိုင်သည်။

ပေါ်တူဂီရာဇဝင်ကျမ်းအရဆိုလျှင် ဒီဘရစ်တိုးနှင့် ငဇင်ကာတို့မှာ တစ်ဦးစီဖြစ်သည်။ သက္ကရာဇ် ၉၃၂ ခုနှစ်တွင် ဂိုဝါစစ်ဘုရင်က တိုက်သင်္ဘော ၁၂-စင်းတွင် ဒေသနတ် အမြောက် ခဲယမ်း အပြည့်အစုံ ရဲမက်ဗိုလ်ပါ ရိက္ခာဆန်ရေ အလုံအလောက်နှင့် ဒီဘရစ်တိုးကို ဗိုလ်မှူးပြု၍ အုပ်ချုပ်ကွပ်ကဲစေပြီး ရခိုင်ပြည်နယ်သို့ချီသွား လုပ်ကြံစေသည်။ ရခိုင်ပြည်နယ်သို့

---

* အလောင်းဘုရားမင်းဆက် မြန်မာရာဇဝင် (ဂျိမ်းစဂရေး) စာမျက်နှာ ၁၃

* နတ်သျှင်နောင်ဆို ရတုနိဒါန်း (ပါမောက္ခ ဦးချမ်းမြ)၊ ၂၀-၂၁။

ရောက်လျှင် ရခိုင်ပြည်နယ်သားတို့ ခုခံတိုက်ခိုက်သည်နှင့် သင်္ဘော ၁၂-စင်း အနက် ၅-စင်းပျက်၍၊ ကျန် ၇-စင်းမှာလည်း အထိအခိုက်ရှိသည်။ သင်္ဘောတွင်ပါသမျှ စစ်သည် ၁၀၀၀-လည်း အားလုံးလိုပင် သေဆုံးသည့်အတွက် ဒီဘရစ်တိုးသည် ရခိုင်ကို မတိုင်နိုင်ဘဲ ဂိုဝါးသို့ ပြန်သည်။ ဂိုဝါးသို့ရောက်လျှင် စစ်ဘုရင်က စစ်ကြောမေးမြန်းပြီး စစ်ရေးစစ်မှုတွင် မကျွမ်းကျင်သောကြောင့်သာ ဤသို့ဖြစ်ရမည်ဟု များစွာကဲ့ရဲ့ရှုံ့ချသဖြင့် ဒီဘရစ်တိုးသည် ရှက်လှသောကြောင့် မိမိကိုယ်ကို အဆုံးစီရင် လိုက်သည့်အတွက် သက္ကရာဇ် ၉၃၃ ခုနှစ်တွင် ဒီဘရစ်တိုး အနိစ္စရောက်သည်။ (ပေါ်တူဂီရာဇဝင်)။

ထို့နောက် ဂိုဝါးဘုရင်က ရှိသမျှအရပ်ရပ် ပေါ်တူဂီ အမျိုးသားတို့ကို အစည်းအဝေးမပြတ်စေရဘဲ ငြိမ်ဝပ်စွာ အုပ်ချုပ်နေသည်။ မြန်မာသက္ကရာဇ် ၉၆၈ ခုနှစ်တွင် ပဲခူးတိုင်း တပြင်သို့ စုံစမ်းကြည့်ရှု၍ ရောင်းဝယ်ဖောက်ကားရန်အတွက် ဖွင်ကာကူကို ဗိုလ်မှူးပြုပြီး သင်္ဘော ၁၂-စင်းတွင် အမြောက် သေနတ် ခဲယမ်း အပြည့်အစုံနှင့် လွှတ်လိုက်သည် ဖြစ်ရကား ပေါ်တူဂီဗိုလ်မှူးဖွင်ကာကူသည် ဂိုဝါးက ပဲခူးသို့ ချီတက်လာသည်။ ပဲခူးမင်းကလည်း ဖွင်ကာကူကို အားရဝမ်းသာ ဆီးကြိုခေါ်ယူ၍ သံလျင်မြို့တွင် ရောင်းဝယ်ဖောက်ကားနေထိုင်စေသည်။ ထိုအခါ ဖွင်ကာကူသည် သံလျင်မြို့ကို အခိုင်အလုံပြု၍ မြို့တည်ရာတွင် မြို့တည် ဗိသုကာ ဖွင်စီရီယမ်၏ အမည်ကို အစွဲပြု၍ သံလျင်မြို့ကိုလည်း (Syriam) စီရီယမ်းတွင်သည် (ပေါ်တူဂီရာဇဝင်)

ဤသို့အားဖြင့် ဒီဘရစ်တိုအကြောင်းနှင့် ဖွင်ကာကူအကြောင်းတို့မှာ ပေါ်တူဂီရာဇဝင်တွင် ခွဲခြားပြီးလာရှိသည်။ အချို့ရာဇဝင်ဆရာများသည် ဂိုဝါးမှ ပဲခူးသို့ သက္ကရာဇ် ၉၆၈ ခုနှစ်တွင် သင်္ဘော ၁၂-စင်းနှင့် လာရောက်သော ဖွင်ကာကူကို ဂိုဝါးမှ ရခိုင်သို့ သက္ကရာဇ် ၉၂၃ ခုနှစ်တွင် သင်္ဘော ၁၂-စင်းနှင့်ပင် လာရောက်သော ဒီဘရစ်တိုနှင့် ရှုပ်ထွေး မှားယွင်းသွားဟန်တူသည်။

"ကျိုက်ခေါက်စေတီတော်သမိုင်းအဆို"*

"တောင်ငူမင်းနှင့် ရခိုင်မင်းတို့သည် ဖေင်ကာကြီးခေါ် ပေါ်တူဂီ စစ်ဗိုလ်မဆင်ဂါကို လူနှစ်ထောင်ကျော်နှင့် သင်္ဘော ၃-စင်း၊ လွန်းကြင် တစ်ရာကျော်အပ်၍ သံလျင်မြို့တွင် နေထိုင်စေလေသည်မှာ သက္ကရာဇ် ၉၆၂ ခုနှစ်က ဖြစ်ခဲ့၏။ ရွှေတိဂုံ၊ ရွှေမော်ဓော စသော စေတီများ၏ ထီးငှက် မြတ်နား ကြာဖူးများကို ဖြုတ်ချ သုံးစွဲခဲ့သကဲ့သို့ ကျိုက်ခေါက်စေတီ၏ ရွှေကွပ် ကျောက်စီ ထီးငှက်မြတ်နား ကြာဖူးများကို ဖြုတ်ပြီး ရွှေငွေ ကျောက်မျက်များကို ခွာထုတ် ရောင်းစားခြင်း၊ သံကြေးများကို အမြောက် သေနတ်လုပ်ရာမှာ သုံးခြင်း၊ ဘုရားရုပ်ပွားတော်များကို ဖျက်ခြင်းတို့ဖြင့် ခရိယန်မဆင်ဂါသည် ဗုဒ္ဓဘာသာများကို မထေမဲ့မြင် ပြုခဲ့၏။

နောက်တစ်နှစ် ၉၆၃ ခုတွင် ဖေင်ကာငယ် ခေါ် ဖိလစ်ဒီဘရိတိုနို ကောတီသည် မဆင်ဂါအစား သံလျင်မြို့ဝန်အဖြစ် ရခိုင်မင်းထံမှ ရောက်လာခဲ့၏။ သူ၏ မိန်းမဖြစ်သော လောင်းကျက်မြို့သူ ရခိုင်အမျိုးသမီး စောသီဒါလည်း သားကလေး နန္ဒာဘယ၊ သမီးငယ် သုပဘာဒေဝီတို့နှင့် ပါလာလေသည်။ ကျိုက်ခေါက်စေတီမှ ကြေးဘုရား ဆင်းတုများနှင့် ရှင်စောပုနှင့် ဘုရင့်နောင် တို့၏ ခေါင်းလောင်းကြီးများကို အမြောက်သွန်းရန် ဒီဘရိတိုဖျက်၍၊ ရခိုင်တပ်မှူးနှင့် စောသီဒါတို့က မသင့်ကြောင်း ပြောမိသောကြောင့် ရခိုင်တပ်မှူး မိသားတစ်စုနှင့် စောသီဒါသားအမိ သုံးယောက်တို့ကို ဒီဘရိတိုက ရခိုင် ပြည်နယ်သို့ပြန်ရန် အမိန့်ပေး၍ ထိုသူ တစ်စုတို့ သံလျင်မှ ထွက်ခွာသွားကြရ လေသည်။ တောင်ငူရခိုင် တပ်သား များလည်း သည်းမခံနိုင်ကြ၍ ဒီဘရိတိုကို ပုန်ကန်ရာ မွန်တို့၏ အကူအညီဖြင့် သံလျင် ကျိုက်ခေါက်ရှိ တောင်ငူတပ် ရခိုင်တပ်များကို ဒီဘရိတိုက အောင်မြင်စွာ တိုက်ထုတ်လိုက်ပြီး၊ သက္ကရာဇ် ၅၆၅ တွင် တောင်ငူမင်းတို့ကို ခြားနားလိုက်လေသည်။

ထို့နောက် အိန္ဒိယပြည် ဂိုအာမြို့ ပေါ်တူဂီ ဘုရင်ခံချုပ် ဒီဆယ်လ်ဒနာ ထံသို့ သွား၍ သံလျင်နယ်၏ ဘုရင်ခံအဖြစ် အသိအမှတ်ခံယူကာ ထိုအရာရှိ ကြီး၏ တူမ လွီစာ ဒီဆယ်လ်ဒနာနှင့် ထိမ်းမြားပြီးလျှင် မယားသစ်ကို ခေါ်ဆောင်လျက် ဒီဘရိတို သံလျင်သို့ ပြန်ခဲ့၏။"

---

* ကျိုက်ခေါင်စေတီတော်သမိုင်း ကတိက ဦးသက်တင် စာမျက်နှာ ၄၉-၅၃။

## ကျောင်းသုံးမြန်မာရာဇဝင်သစ်အဆို *

"ငဇင်ကာဟူ၍ ထင်ရှားသော ဖိလစ်ဒီဘရစ်တို ဆိုသူမှာ ပေါ်တူဂီလူမျိုးဖြစ်၏။ သင်္ဘောအစေခံအဖြစ် ရခိုင်ပြည်နယ်သို့ ရောက်လာသောအခါ ရခိုင်မင်းထံတွင် အစေခံအဖြစ်ဖြင့်ပင် ဝင်ရောက် အမှုထမ်းရာမှ တဆင့်တဆင့် ကြီးမြင့်ထင်ရှားလာလေ၏။ သက္ကရာဇ် ၉၆၀ ပြည့်တွင် ရခိုင်ဘုရင်မင်းရာဇာကြီးသည် တောင်ငူမင်းနှင့် ပေါင်း၍ ဟံသာဝတီကို တိုက်လာရာ ပေါ်တူဂီလူမျိုးအချို့ ပါလာ၏။ ဟံသာဝတီ ပျက်သောအခါ ရခိုင်ဘုရင်က ငဇင်ကာအား သံလျင်တွင် ထားခဲ့လေသည်။ ထိုသို့ ထားခဲ့ရာမှ ငဇင်ကာသည် သီးခြား မင်းလုပ်ပြီးခါ မုတ္တမမင်း၊ တောင်ငူမင်းတို့နှင့် မဟာမိတ်ဖွဲ့လေသည်။ သက္ကရာဇ် ၉၆၂-ခုနှစ်မှ၊ ၉၇၅-ခုနှစ်အထိ ၁၃-နှစ်တိုင်တိုင် ငဇင်ကာသည် သံလျင်မြို့ကို အုပ်ချုပ်နေလေသည်။ အိန္ဒိယနိုင်ငံ ဂိုအာမြို့ရှိ ပေါ်တူဂီဘုရင်ခံချုပ်၏ အာဏာကိုလည်း ကောင်းစွာမနာခံချေ။"

*

## "ပါဒနိုင်ငံတော်-ရာဇဝင်အဆို" **

"ရခိုင်ဘုရင် မင်းပါကြီးအား အိန္ဒိယပြည် ဂိုအာနယ်တွင် ဝင်ရောက်မင်းမူသော ပေါ်တူဂီ လူမျိုးမျက်နှာဖြူ ကုလားဒေလီဗဇာမင်းက သက်တော် ၁၇-နှစ်အရွယ်ရှိ သမီးတော် ပဲသီဒါကို စစ်ရှုံးသဖြင့် ဆက်ရလေ၏။ ပဲသီဒါ မိဖုရားမှ ငဇေါ်ကို ဖွားသည်။ ၎င်းကို ပေါ်တူဂီရာဇဝင်၌ ဇွင်ကာကူဟူ၍၎င်း၊ ဖိလစ် ဒီဗရစ်တိုဟူ၍၎င်း ခေါ်သည်။ မြန်မာရာဇဝင်တွင် ငဇင်ကာဟု ဆိုသည်။ (ရခိုင်-ပေါ်တူဂီ ကပြားဖြစ်၏။)

သက္ကရာဇ် ၉၆၀-ခုနှစ်တွင် တောင်ငူဘုရင် မဟာသီဟသူရနှင့် ရခိုင်ဘုရင် မင်းရာဇာတို့ ပူးပေါင်းကာ ဟံသာဝတီ နန္ဒဘုရင်ကို တိုက်၍ အောင် လျှင် သံလျင်၌ ကုလားဖြူ ကပြား ငဇေါ်ကို သက္ကရာဇ် ၆၁၁-ခုတွင် သင်္ဘော ၃-စင်း၊ ကတ္တူလွှန်းကြင် ၁၀၀ ကျော်၊ လူတစ်ထောင်ကျော်နှင့်အတူ မြို့စောင့်ခန့်ထားသည်။

---

* ကျောင်းသုံးမြန်မာရာဇဝင်သစ် (ဒုတိယစာစောင်) ဦးအုန်းမောင် ၁၆၁။

** ပါဒနိုင်ငံတော် ရာဇဝင်သမိုင်း (ဦးထွန်းရီ) စာမျက်နှာ ၈၂-၈၃

သက္ကရာဇ် ၆၉၅-ခုတွင် ကပြား ဇေဂ်ါသည် မုတ္တမဘုရင်ဗညားဒလ၏ သား ဗညားနွယ်နှင့် မိမိ၏သမီးကို ထိမ်းမြား၍ မဟာမိတ်ဖွဲ့လေသည်။ နောက် ဂိုအာပေါ်တူဂီ ဘုရင်ခံ လက်ဆောင်နှင့်တကွ အကူအညီကိုတောင်းရာ စစ်သင်္ဘောကြီးများ လက်နက်အပြည့်အစုံနှင့် ရလေသည်။ ထို့နောက် သင်္ဘောဆိပ်တွင် ကုန်သည်တို့ကို အကောက်လွတ်ခွင့် ပြု၍ သိမ်းသွင်းလျက် သံလျင်မြို့ကို မြို့ပြကျုံးမြောင်း အသစ်တည်ကာ အခိုင်အလုံ နေလေတော့သည်။ ရခိုင်ကိုငှင်း၊ ဗမာကိုငှင်း လက်ဆောင်ပဏ္ဏာ ဆက်ခြင်း လုံးဝဖြတ်ကာ ပုန်ကန်ခြားနားလေတော့သည်။"

## ခေတ်သစ်ကျောင်းသုံးမြန်မာပြည်သမိုင်းအဆို*

"ဖိလစ်ဒီဗရစ်တိုသည် ပေါ်တူဂီလူမျိုးဖြစ်၍ ရခိုင်ပြည်နယ်သို့ သင်္ဘောအစေခံအဖြစ်ဖြင့် ရောက်လာပြီးလျှင် ရခိုင်မင်းထံ ဝင်ရောက်ခစား ရာမှ အဆင့်ဆင့် ရာထူးကြီးမြင့် ထင်ရှားလာလေသည်၊ ၉၆၀-တွင် ရခိုင်ဘုရင် မင်းရာဇာကြီးနှင့် တောင်ငူမင်းရဲသီဟသူတို့ ပူးပေါင်း၍ ဟံသာဝတီနန္ဒဘုရင်မင်းကို တိုက်စဉ်က ဇေင်ကာပါဝင် တိုက်ခိုက်သည်။ ဟံသာဝတီကို အောင်နိုင်ပြီးသောအခါ ဇေင်ကာကို သံလျင်တွင် ကိုယ်စားလှယ်အဖြစ် အုပ်ချုပ်ရန် ထားခဲ့သည်။ ထို့နောက် အိန္ဒိယပြည် ဂိုအာမြို့တွင် ပေါ်တူဂီ ဘုရင်ခံသွားရောက်ပြီးလျှင် မိမိမှာ သင်္ဘော အစေခံဘဝမှ ယခုသံလျင်တွင် တထီးတနန်းကဲ့သို့ အုပ်ချုပ်နေရလေပြီ။ ထိုထက် တိုးတက်ကြီးပွား မြန်မာနယ်ပယ်များကို အုပ်စိုးနိုင်ရန် အကူအညီ တောင်းဆိုသည့်အတိုင်း တူမတော်နှင့် လက်ထပ်၍ လက်နက် ခဲယမ်းမီးကျောက် အပြည့်အစုံနှင့် သင်္ဘော ၆-စင်းကို ပေးအပ်လိုက်လေသည်။ ဒီဗရစ်တိုသည် သံလျင်သို့ ပြန်ရောက်လေလျှင် လက်နက်အားကိုးနှင့် သံလျင်မြို့စောင့်တပ်သား ရခိုင်များအား တိုက်ခိုက်နှင်ထုတ်ပြီးနောက် သံလျင်တွင် သီးခြားမင်းပြု၏။ ရခိုင်ဘုရင်လည်း ပြန်လှန်တိုက်စေရာ မအောင်မြင်ရှိတော့၏။"

* ခေတ်သစ်ကျောင်းသုံး မြန်မာပြည်သမိုင်း (ဆရာဦးသိန်းချစ်) ၁၉၇

## ပြည်ထောင်စု သမိုင်းပုံပြင်များ-အဆို*

"ထိုမင်း (နန္ဒဘုရင်)"လက်ထက်တွင် ဥရောပတိုက် ပေါ်တူဂီနိုင်ငံမှ ပေါ်တူဂီ လူမျိုးဖြစ်သော ဒီဗရစ်တိုသည် ရွက်သင်္ဘော ၁၂-စင်း၌ ကုန်တင်၍ သံလျင်မြို့ ဆိပ်ကမ်းသို့ အရောင်းအဝယ် ရောက်လာလေသည်။ သို့ရာတွင် သင်္ဘောပေါ်၌ ပေါ်တူဂီရဲမက်တို့လည်း ပါသည်။ အမြောက်၊ သေနတ်၊ ခဲယမ်း အပြည့်အစုံလည်း ပါလေသည်။

ဒီဗရစ်တိုသည် ဟံသာဝတီမင်း နန္ဒဘုရင်ထံသို့ အဖူးအမြော်ဝင်၍ ကျွန်တော်တို့သည် သံလျင်မြို့၌ နေထိုင်ရောင်းဝယ်လိုပါသည်။ ထို့ကြောင့် ကျွဲရေတစ်ချပ်စာမျှသော နယ်မြေကို သနားတော်မူပါဟု လျှောက်လေသည်။ ထိုအခါ မင်းကြီးကယူတော့ဟု အခွင့်ပေးလေသည်။

အခွင့်ရလျှင် ဒီဗရစ်တိုသည် ကျွဲရေကို သေးသေးမျှင်မျှင်လှီးပြီးလျှင် သံလျင်မြို့ ကုန်းကောင်းရာ၌ တိုင်းတာ၍ ကျွဲရေမျှင်စက်ကွင်းအတွင်းကျသည့် အိမ်ရာများကို အဖျက်ခိုင်းလေသည်။ ထို့နောက် သည်အရပ်ကို ငါတို့အား ဟံသာဝတီမင်းက ပေးချပြီးဖြစ်သည်ဟုဆို၍ နှင်ထုတ်လေသည်။ အိမ်ရာရွှေ့ပြောင်း ရမည့်သူတို့က ကျွဲရေတချပ်စာမျှသာ ယူမည်ဆိုသည်ကို ပေါ်တူဂီတို့သည် ကျွဲရေတစ်ချပ်ကို သေးသေးမျှင်မျှင် လှီးပြီးလျှင် စက်ဝန်းရေးဆွဲ တိုင်းတာ၍ မြေများကို ယူချေပြီ။ ကျွန်တော်တို့ကိုလည်း သူတို့မြေအတွင်းမှ နှင်ထုတ်ချေပြီဟု နန္ဒဘုရင်ထံ လျှောက်ကြလေသည်။

မင်းကြီးလည်း ကျွဲရေတစ်ချပ်စာသာ ယူလော့ဟု ပေးမိသောကတိရှိခဲ့သည်ကို သူတို့က ပရိယာယ်နှင့် ယူသည်မှာ အထူးမဆိုသာတော့ပြီ။ သည်လူမျိုးသည် ယခင်အခါက ငါတို့၏ ရန်သူကို ကူညီတိုက်ပေးဖူးသည်ကို ထောက်၍ နေစေရမည်ဟု ခွင့်ပြုလိုက်လေသည်။

ထိုအခါမှစ၍ ဒီဗရစ်တို အမှူးပြုသော ပေါ်တူဂီတို့သည် သံလျင်၌ မြို့ပြတည်လေသည်။ မြို့ပြတည်ပြီးသောအခါ အမြောက်ကြီး ၆၀-တင်၍ နေထိုင်ကြလေသည်။

*

---

* ပြည်ထောင်စုသမိုင်း ပုံပြင်များ-ဒုတိယ စာစောင်၊ (မဟာဝိဇ္ဇာဘွဲ့ရ-ဦးသိန်းဟန်) စာမျက်နှာ ၅၃-၅၄

## နတ်သျှင်နောင်ဟူသောဘွဲ့တော်

၁။ မဟာရာဇဝင်ကြီးကို ပြုစုတော်မူသော ပညာရှိ ဦးကုလား၊ မှန်နန်း မဟာရာဇဝင်ကြီးကို ပြုစုတော်မူကြသော ရဟန်း၊ ပုဏ္ဏား၊ မှူးမတ်ပညာရှိကြီးများ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း စသည့် ပုဂ္ဂိုလ်ကျော်ကြီးများသည် 'နတ်သျှင်နောင်'ဟူသော ဘွဲ့ကို 'နတ်ရှင်နောင်'ဟု 'သယပင့်ဟထိုး-သျှင်'အစား 'ရကောက်ဟထိုး'နှင့် 'ရှင်'ဟူသာ ရေးသားခဲ့ကြသည်။

သို့သော် 'မြန်မာစာညွန့်ပေါင်းကျမ်း'ပြုစုသူ ဦးကျော်ထွန်း၊ 'စာပေသမိုင်းကို'ပြုစုသူ ပါမောက္ခ ဦးဘေမောင်တင်နှင့် 'နတ်သျှင်နောင်ဆိုရတုများကို တည်းပြတ်သူ ပါမောက္ခ ဦးချမ်းမြတို့က 'နတ်သျှင်နောင်'ဟု သယပင့်ဟထိုး-သျှင်'ဟူသာ သုံးစွဲခဲ့ကြသည်။ ဤ'နတ်သျှင်နောင်'ဟူသော သတ်ပုံသည်သာ ယခုအခါ မြန်မာ့စာပေနယ်တွင် ထင်ရှားတည်တံ့နေပြီဖြစ်ရကား ကျွန်တော်ကလည်း ဤမူအတိုင်းပင် 'နတ်သျှင်နောင်'ကို အတည်ပြုသုံးစွဲပါသည်။

ဆရာကြီးဦးကျော်ထွန်း၏ နတ်သျှင်နောင် သတ်ပုံနှင့် ပတ်သက်၍ အမှာအထားပြုချက်ကို ဖော်ပြလိုပါသည်။

"နတ်သျှင်နောင်ဟူသော အမည်ကို၊ သ-ကိုယပင့် ဟထိုး၍ ရေးသင့်သည်။ ရွှေနန်းရွှေထွတ်၊ ဦးညွတ်မကွာ၊ သုမ္ဘောဝယ်၊ ရွှေစာမင်ရေး၊ မိန့်တော်ပေးတို့-စသည်ဖြင့် ချီသော အက္ခရာခွဲထား၍၊ 'ပတိဋ္ဌသရ၊ သာမျတ္တ၏၊ အရထုတ်ဖွေ၊ အဆွေအိမ့်ရှင်၊ ဆင်ဖြူရှင်မျိုး၊ စကားရိုးဝယ်၊ ဟထိုးရကြီး၊ တသီးထိုမှ၊ အယျအယျေ၊ ဘန္တေဘောန္တေ၊ အာဝုသောနှင့်၊ မိန့်ဟော သဒ္ဒါ၊ အာယသ္မာ၊ ဘဒ္ဒန္တ၏၊ အတ္တထွေပြား၊ အသျှင်များကို၊ မှတ်ထားဆန်းကြယ်၊ သဝယ်ယပင့်၊ ဟထိုးဆင့်လော့'-ဟု လာရှိသည်။"...

တစ်ဖန် ပါမောက္ခ ဦးချမ်းမြက မဃဒေဝလင်္ကာသစ်၊ တတိယပိုင်း၊ ပုတ္တောဝါဒခန်း၊ ပုဒ်ရေ ၂၅၀-မှ အောက်ပါကောက်နုတ်ချက်ကို တင်ပြကာ 'နတ်သျှင်နောင်'-ဟု အတည်ပြု ရေးသားကြောင်း ဖော်ပြသည်။

"သိကြားနတ်သျှင်၊ ကုသိုလ်ရှင်အား၊
မမြင်ရှောင်ကာ၊ မနေသာတည့်၊
မြင်ပါလျက်ကဲ့၊ ကုသိုလ်မဲ့က၊ တိမ်းငဲ့မျက်နှာ၊ မရှုသာတည့်။"...

ကျွန်တော်၏ ကျေးဇူးရှင် ဆရာဖြစ်ပါသော၊ တက္ကသိုလ် မြန်မာစာ

ပါမောက္ခကြီး ဦးဇမောင်ကလည်း 'နတ်သျှင်နောင်'ဟူသော သတ်ပုံသာ မှန်ကန်ကြောင်း သင်ကြားပို့ချသည်ကို ကြားနာ မှတ်သားခဲ့ရပါသည်။ ထို့ကြောင့် 'နတ်သျှင်နောင်'ဟူသာ အတည်ပြုရပါကြောင်း တင်ပြလိုပါသည်။

❒

## နတ်သျှင်နောင်၏ဖွားသက္ကရာဇ်

နတ်သျှင်နောင်၏ ဖွားမြင်သော သက္ကရာဇ်နှင့် ပတ်သက်၍ ပြဿနာ ကြီးကြီးကျယ်ကျယ် မရှိပါ။ ကွဲလွဲချက်လည်း အထူးအထွေ ဆိုဖွယ်မရှိပါ။

(က) နတ်သျှင်နောင်သည် သက္ကရာဇ် ၉၄၀-ပြည့်နှစ်တွင် ဖွားတော်မူ သည်ဟု အောက်ပါစာအုပ် စာတမ်းများတွင် တညီတညွတ်တည်း ပြဆိုသည်။

၁။ နတ်သျှင်နောင်ဆိုရတု။ (ပါမောက္ခ-ဦးချမ်းမြ) စာမျက်နှာ (၁၁)

၂။ ဂန္ထဝင် ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ ပေါင်းချုပ်။ (ဆရာ-လှသမိန်) စာမျက်နှာ (၂၀၉)

၃။ မြန်မာစာပေသမိုင်း။ (ပါမောက္ခ-ဦးဘေမောင်တင်) စာမျက်နှာ (၁၁၅)

၄။ စာဆိုတော်များ အတ္ထုပ္ပတ္တိ။ (မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်း) စာမျက်နှာ (၁၇၁)

(ခ) နတ်သျှင်နောင်သည် သက္ကရာဇ် ၉၃၉-ခုနှစ်တွင် ဖွားတော်မူ သည်ဟု အောက်ပါစာအုပ်စာတမ်းများက ဆိုသည်။

၁။ နတ်သျှင်နောင်ရတုပေါင်းချုပ်။
(တည်းပြတ်သူ-ဦးအုန်းရွှေ) စာမျက်နှာ (ဂ)

၂။ ဓာတုကလျာ။
(ဆရာကြီး-ရွှေစကြာ) စာမျက်နှာ (၂၃)

(ဂ) အခြားစာအုပ်စာတမ်းများ ဖြစ်ကြသော၊ နတ်သျှင်နောင် (လယ်တီပဏ္ဍိတ-ဦးမောင်ကြီး)စာပြု စာဆို ပုဂ္ဂိုလ်ကျော်များ (ဆရာကြီး ဒဂုန်နတ်ရှင်)၊ ကဗျာသာရတ္ထသင်္ဂြိုဟ် (ဆရာကြီး သခင်ကိုယ်တော်မှိုင်း)

စာအုပ်တို့တွင်၊ နတ်သျှင်နောင်၏ ဖွားသက္ကရာဇ်ကို ဖော်ပြထားခြင်း မရှိပေ။ မဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်ကြီးတို့တွင်လည်း နတ်သျှင်နောင်၏ ဖွားသက္ကရာဇ်ကို ဖော်ပြပါရှိခြင်း မတွေ့ရပေ။

(ဃ) ထို့ကြောင့် ဤအတ္ထုပ္ပတ္တိကို ရေးသားရာတွင် တိကျသော အထောက်အထားကို ရှာရာ၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ စာမျက်နှာ ၁၇၃၊ ၁၇၄ တွင် အောက်ပါအတိုင်း တွေ့ရသည်။

"သံလျင်ရောက် မင်းတရားကား၊ အိမ်နိမ့် ၃၁-နှစ်၊ စည်းစိမ် ၁-နှစ်၊ နောက်မြို့စားအဖြစ် နေရသည် ၂-နှစ်၊ သံလျင်မှာ ၁-နှစ်၊ လေးစုပေါင်း သက်တော် ၃၅-နှစ်တည်း..."

မှန်နန်းရာဇဝင်တော်ကြီး၏ အဆိုကို ထောက်သော်၊ နတ်သျှင်နောင် နတ်ရွာစံတော်မူသည်မှာ သက္ကရာဇ် ၉၇၅-ခု၊ တန်ခူးလပြည့်ကျော် ၃-ရက်၊ စနေနေ့ဖြစ်သည်။ ထိုအချိန်တွင် နတ်သျှင်နောင်သည် သက်တော် ၃၅-နှစ် ရှိပေပြီ။ ၃၅-နှစ်ဆိုသော်လည်း သက္ကရာဇ်အနေဖြင့် နှစ်ကူးခါစ ဦးတန်ခူးလသာ ဖြစ်သည်။ တနည်းအားဖြင့် သက္ကရာဇ် ၉၇၄-ခုကို ကျော်ရုံမျှသာရှိပေသေးသည်။ ထို့ကြောင့် ဖွားသက္ကရာဇ်ကို တွက်စစ်လျှင် သက္ကရာဇ် ၉၇၄-ခုနှစ်နှင့် ထားတွက်မှသာ အဖြေမှန်ကို ရနိုင်မည်ဖြစ်ရာ၊ ၉၇၄-မှ သက်တော် ၃၅-ကို နုတ်သော် သက္ကရာဇ် ၉၃၉-ခုနှစ်ထဲတွင်သာ ဖွားကြောင်း ထင်ရှားလေသည်။

ထို့ထက် ထင်ရှားချက်တစ်ခုမှာ မှန်နန်းရာဇဝင်တော် တွက်အရပင် နတ်သျှင်နောင်သည် အိမ်နိမ့် ၃၁-နှစ်၊ စည်းစိမ် ၁-နှစ်ဟု ပြချက်အရ သက်တော် ၃၂-နှစ်တွင် တောင်ငူဘုရင် အဖြစ်သို့ ရောက်ကြောင်းသိသာသည်။ နတ်သျှင်နောင်ဘုရင် ဖြစ်သည်မှာ သက္ကရာဇ် ၉၇၁-ခု၊ ဝါခေါင်လဆန်း ၁၅-ရက်၊ အင်္ဂါနေ့ ဖြစ်ရာ၊ ယင်းသက္ကရာဇ်မှ သက်တော် ၃၂-ကို နုတ်သော်၊ ဖွားတော်မူသည့် သက္ကရာဇ် ၉၃၉-ခု ဖြစ်ကြောင်း တွေ့ရပြန်သည်။

ထို့ကြောင့် နတ်သျှင်နောင်၏ ဖွားသက္ကရာဇ် ၉၃၉-ခုဖြစ်ကြောင်း ကျွန်တော်တင်ပြခဲ့ခြင်းဖြစ်၏။

□

## နတ်သျှင်နောင် သစ္စာဖောက်-မဖောက်

နတ်သျှင်နောင်၏ ဓာတ်သိမ်းတော်မူရခန်းကို ကျွန်တော်သည် မချိသော နှလုံး,မရွှင်ပြုံးနိုင်သော မျက်နှာ, လှုပ်ရှားတုန်ရီနေသည့် စိတ်အစဉ်ဖြင့် ရေးသားမှတ်တမ်း တင်ခဲ့ရပါသည်။

ထိုအခန်းကို ရေးသားပြီးနောက် ရှေ့သို့ ကလောင်ဆက်လိုစိတ်မှာလည်း ကင်းကွာခဲ့ရပါသည်။ အထူးသဖြင့် 'နတ်သျှင်နောင် သစ္စာဖောက်-မဖောက်' ဟူသော အခန်းကို ရေးသားရန်အတွက် လက်များက တွန့်ဆုတ်နေခဲ့ပါသည်။

စာပေလောကတွင် နေတစ်ဆူ,လတစ်ပါး ထင်ရှားတော်မူလှသော၊ စာပေ့ ကျေးဇူးရှင် စွယ်စုံမှန်သောက် ပြောင်မြောက်တစ်ဆူဖြစ်တော်မူသော၊ စာပေ မီးရှူးတိုင်…စာပေလမ်းပြ…စာပေတန်ဆောင်၊ စာပေအခေါင်… စာပေတံ ခွန်စိုက် မည်သို့သော ဂုဏ်ပုဒ်, ဝိသေသဖြင့် ချီးမြှောက်၍မျှလည်း ကုန်ဆုံးနိုင် ဖွယ်မရှိသော၊ 'နတ်သျှင်ကိုယ်တော်' ကို၊ အကျွန်ကဲ့သို့သော သေးနုတ်ပမွှား ငစိန်လွင်လေးဟူသော သတ္တဝါ အသေးစားကလေးက ကြီးကြီးကျယ်ကျယ် လူတတ်လုပ်ကာ မည်သို့သော သတ္တိဖြင့် ဝေဖန်ရေးသားခြင်း ပြုဝံ့ပါအံ့နည်း။

သို့တစေ…

"ဆိုရေးရှိက၊ ဆိုအပ်လှ၏၊

ဆိုစမျှားလျှား၊ ထားပချေမိ၊

ငါ့ဝန်ရှိခဲ့" ဟူသော ဘုရိဒတ် ဓာတ်ပေါင်းပျို့လာ ရှင်မဟာရဋ္ဌသာရ၏ ဩဝါဒအရ၊ ဤအခန်းကို မရေးမဖြစ်၍ အထူးဂရုပြုကာ ရေးသားလိုက်ရပါသည်။ မိမိ၏ တစ်ဖက်သတ်အမြင်၊ ပုဂ္ဂိုလ်စွဲအယူအဆ၊ အဂတိလိုက်စားမှု သံသယ၊ ဆိုးရွားသည့် အာဃာတ၊ သမားဂုဏ်ပြမာန၊ စိတ်ပုံ့လွင့်မှု ဥဒ္ဓိစ္စ၊ ယုံမှားသက်ာ ဝိစိကိစ္ဆာ၊ နှစ်ဖက်အစွန်း ထွက်သော မိစ္ဆာ၊ ပျက်စီး စေလိုသည့် ဗျာပါဒတို့ကို စွန့်ကာ ပယ်ကာ, ရှောင်ခွာကာဖြင့် ကောင်းမြတ် သော ယောနိသော မနသီကာရနှင့် ရေးသားပါတော့အံ့သနည်း။

**နတ်သျှင်နောင်အား ပြစ်တင်ချက်များ။** နတ်သျှင်နောင် သစ္စာဖောက်-မဖောက် ပြဿနာကို ရေးသားရန် စာပေစာတမ်း မှတ်တမ်းများကို လေ့လာစေ့ငုကြည့်ရှုသောအခါ များစွာကုန်သော ပုဂ္ဂိုလ်ကျော်တို့သည်

နတ်သျှင်နောင်၏ အပြုအမူ၊ အကျင့်အကြံ၊ စိတ်သဘောထားတို့ကို ဝေဖန်ရှုတ်ချပြစ်တင်ခဲ့ခြင်းများကို ရင်နာဖွယ်တွေ့ခဲ့ရသည်။ ယင်းသည်တို့ကို အောက်တွင် စာရင်းဂဏန်းထိုးကာ ဖော်ပြလိုက်ပါသည်။

(က) "ထိုမင်း (နတ်သျှင်နောင်)ကား ရတုဆိုခြင်းနိုက်သိမ်မွေ့၏။ ဂမ္ဘီရဉာဏ်နှင့် ပြည့်စုံ၏။ အကျင့်,နှလုံးသော်ကား ကောက်ကျစ် ဆန်းပြား၏"...

မှန်နန်းမဟာရာဇဝင်တော်ကြီး (တတိယတွဲ) ၁၇၅။

(ခ) "၎င်းနတ်သျှင်နောင်ကား ရတုရေးသားခြင်း၌ သိမ်မွေ့စွာ၏။ ကောက်ကျစ်စဉ်းလဲသော အကြံအစည်လည်း ရှိချေသည်"...

ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း စာမျက်နှာ ၂၉၅-၂၉၆။

(ဂ) "(နတ်သျှင်နောင်)လောက် ရိုင်းစိုင်းသူ ရာဇဝင်၌ အတော်ရှား၏။ အကြောင်းမူကား တောင်ငူနှင့် ဟံသာဝတီအရေးတွင် ပဋိညာဉ်ရသဖြင့် လက်နက်ချ၍ ဝင်ရောက်လာသော ဟံသာဝတီ အိမ်ရှေ့မင်း 'မင်းရဲကျော်စွာစုန်' ခေါ် မင်းရဲကျော်စွာနှင့် မိမိ၏ခမည်းတော် တောင်ငူရွှေနန်းတည်မင်းကိုယ်တိုင်က ဘုရားတစ်ဆူ ဂူတစ်လုံးပြု၍ ကိုးကွယ်ထားသော အိမ်ဖြူစုံနန္ဒ ဘုရင်ခေါ် ငါးဆူဒါယကာ မင်းတရားကြီးကို တိတ်တိတ်ပုန်း လုပ်ကြံသတ်ဖြတ်ခဲ့သောကြောင့်တည်း။"...

နာခံတော်ဝတ္ထု၊ ဆရာကြီးရွှေစကြာ (စာမျက်နှာ ၁၂၀-၁၂၁)

## လယ်တီပဏ္ဍိတာ၏အမှား

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးကမူ သူ၏ 'နတ်သျှင်နောင်'အမည်ရှိ ဝတ္ထုတွင် လုပ်ဇာတ်(သို့တည်းမဟုတ်) ထိုးဇာတ်တခုကို ထွင်ခဲ့သည်။ လုပ်ဇာတ်မှာ 'နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာတို့ မေတ္တာသွယ်ယှက်ကြဟန်၊ ထိုအခါ ဟံသာဝတီ အိမ်ရှေ့မင်း-မင်းကြီးစွာက ရာဇဓာတုကလျာကို အတင်းအဓမ္မ သိမ်းပိုက်ဟန်၊ ထိုကြောင့် နတ်သျှင်နောင်က စိတ်မကြေဘဲ

ပဋ္ဌမအကြိမ် ယိုးဒယားသို့ ချီတက်သည့်အခါ 'ပေါက်ကျော်ဇေယျ' ဆင်ကို စီးသည့် ဇာပရိစားနှင့် တိုင်ပင်၍ အိမ်ရှေ့မင်းကို လက်စားချေဟန်"... စသည်တို့ပင် ဖြစ်သည်။

"ရဲနှာဂနှင့် တုရင်ဗလတို့၊ စော်ကြီးစော်ကား မတရားကျင့်ကြံတဲ့ အိမ်ရှေ့မင်းသားကို လက်စားမချေရလျှင် ငါကိုယ်တော်မနေဘူး၊ အိမ်ရှေ့မင်း၏ ဇီဝိန်ကို ချွေတယ်လို့ ငရဲပြည်က ငရဲမင်းကြီးကိုယ်တိုင် ငါ့ထံကိုလာပြီး ငရဲဘုံမှာ စံတော်မူပါလို့ လျှောက်သော်လည်း ကြောက်လန့် စိုးရိမ်တော်မမူဘူး။ ငါကိုယ်တော်အကြံနှင့် အိမ်ရှေ့မင်း ကြမ္မာကံ ဘယ်သို့ဖန်မည်ဆိုတာ မကြာခင် မြင်ကြလိမ့်မယ်"...

နတ်သျှင်နောင် (လယ်တီပဏ္ဍိတ)၄၈၁

"အိမ်ရှေ့ ဥပရာဇာကိုတော့ ရန်သူစစ်သဘောမှ ပြောင်းပြီး စိတ်ကောင်းကောင်းထားဖို့ အခြေကတော့ ကမ္ဘာကျေသော်လည်း မကြေနိုင်အောင် ရှိတော့တယ်။ တစ်ကွက်ကွက်မှာတော့ အချက်ပိုင်ဖို့ မတွေ့ဘဲနေပါ့မလား။ ရန်သူကို လက်စားချေလို့ သေဆုံးရတဲ့နောက်၊ ငရဲသို့ ရောက်ပစေ။ သည်ကံနှင့်ကျတဲ့ ငရဲကိုတော့ ဖွဲကောင်းကောင်းနှင့် ခံနိုင်ပါရဲ့"

နတ်သျှင်နောင် (လယ်တီပဏ္ဍိတ)၄၉၆

ထို့နောက် အခန်းများတွင် နတ်သျှင်နောင်က ကျွန်တော်ရင်း ဇာပရိစားကိုခေါ်ကာ ယိုးဒယားချီအတက်၊ အိမ်ရှေ့မင်း စီးချင်းတိုက်ရန်အပြုတွင် ပေါက်ကျော်ဇေယျဆင်အား ကိုယ့်တပ်ကို နင်းစေဟန် ဇာတ်အိမ်ကို ချဲ့ထွင်သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် စာပေလောကတွင် သူ့ခေတ်နှင့်သူ စာပေဘုရင်ဖြစ်ကာ၊ 'မြန်မာရာဇဝင် သံခိပ်'ဟူသော ရာဇဝင်ကျမ်းကြီးတစ်စောင်ကို ပြုစုခဲ့သည့် ပုဂ္ဂိုလ်ထူးကြီးတစ်ပါးဖြစ်သည်။ သို့သော် နတ်သျှင်နောင် ဇာတ်လမ်းကို ဆင်ရာတွင်ကား ဖတ်ရှုရသူတို့၏ အကြိုက်ကိုလိုက်၍ ဇာတ်ကွက်ကောင်းအောင် နတ်သျှင်နောင်အား ဓာတုကလျာကို အတင်းသိမ်းပိုက်သည့် ဟံသာဝတီ မဟာဥပရာဇာအား လက်စားချေခိုင်းလိုက်ခြင်း ဖြစ်သည်။ ဖတ်ရ၍ကား ကောင်းပါ၏။ သို့သော် ရာဇဝင်နှင့်မညီသဖြင့်

ထိုးဓာတ်သဘောဖြစ်ကာ စာဆိုတော်ကြီး နတ်သျှင်နောင်၏ ဂုဏ်သရေကို ထိခိုက်စေလေတော့သည်။

ဥပမာ… နတ်စိမ်းသူရဲသာသာမျှသာ ဖြစ်သော ရွှေဖျဉ်းညီနောင်တို့ကို အသားပေးကာ အလွမ်းဓာတ်ကွက်ဖော်လိုသဖြင့် သာသနာ့ဒါယကာ-မြန်မာ့သူရဲကောင်း၊ မြန်မာပြည်ထောင်စုကို တည်ထောင်တော်မူခဲ့သည့် ကျန်စစ်မင်းကြီးအား လူကြမ်းနေရာသို့ ပို့ဆောင်ပစ်သကဲ့သို့ ဖြစ်ပေသည်။

လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီး ကိုယ်တိုင် သူ၏ 'နတ်သျှင်နောင်' ဝတ္ထုကို ရေးသားရာတွင် ဝတ္ထုအဖြစ် ရေးသားခြင်းဖြစ်၍ ရာဇဝင်မှတ်တမ်းများနှင့် မတိုက်ဆိုင်ဘဲ ဖတ်ကောင်းအောင်သာ ရေးခဲ့ကြောင်း၊ ဆရာကြီး ရွှေစကြာနှင့်တွေ့သောအခါ ဝန်ခံခဲ့ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

**ရွှေစကြာ။** ။"နေပါအုံးဆရာ၊ နတ်သျှင်နောင်ဝတ္ထုကို ဦးပဥ္စင်းလည်း သိပ်စွဲတာပဲ၊ သို့ပေမဲ့ ရာဇဝင်နဲ့တိုက်ကြည့်တော့ မကိုက်တဲ့ အချက်တွေ ပါနေတယ်။ ဥပမာ-အိမ်ရှေ့မင်း ယိုးဒယားစစ်ပွဲမှာ ဆုံးရတာ နတ်သျှင်နောင်ရဲ့ လုပ်ကြံချက် ပယောဂကြောင့် ဆုံးရသလို ဆရာက ရေးထားတယ်။ ရာဇဝင်အစောင်စောင်မှာ အရိပ်အမြွက်တောင် ရှာမတွေ့ဘူး။ ဆရာ့မှာ မှတ်တမ်းများ ရထားသလား"

**လယ်တီပဏ္ဍိတ။** ။"ဝတ္ထုရေးတာ ဘယ်က မှတ်တမ်းရနေရမှာလဲ ကိုယ်တော်ရဲ့၊ ဖတ်ကောင်းအောင် ရေးရတာပေါ့"…

**ရွှေစကြာ။** ။"ဆရာဝတ္ထုရေးတာက အခန်းထဲက စားပွဲမှာထိုင်ပြီး စိတ်ကူးဉာဏ်နဲ့ချည်း ရေးနေတယ်ထင်တယ်"…

(ဆရာ ဦးမောင်ကြီးက အသံထွက်အောင် ရယ်လိုက်ပြီးနောက်…)

**လယ်တီပဏ္ဍိတ။** ။"စားပွဲမှာထိုင်ပြီး စိတ်ကူးဉာဏ်နဲ့ မရေးလို့ ဘယ်လိုရေးရမလဲကိုယ်တော်"…

**ရွှေစကြာ။** ။"မှတ်စု မှတ်တမ်းတွေရအောင်ရှာ၊ ဓာတ်လမ်းနဲ့ ပတ်သက်တဲ့ ဌာနတွေ ကိုယ်တိုင်သွားကြည့်၊ စပ်ဆိုင်ရာ သိမှီ လိုက်သူတွေဆီ သွားရောက်စုံစမ်းပြီး ရေးဖို့ကောင်းတာ ပြောတာပါ"…

**လယ်တီပဏ္ဍိတ။** ။"ဟဲ…ဟဲ…ဟဲ…ဟဲ… နေပူလိုက်တာကိုယ်တော်၊

သည်လောက်ဒုက္ခမခံနိုင်ပါဘူး။ ဝတ္ထုရေးတာပဲ ရာဇဝင်ရေးတာမှမဟုတ်ဘဲ။ တပည့်တော်တော့ ရာဇဝင်ကြည့်ပြီး စိတ်ကူးနဲ့ပဲ ရေးနေတာပဲ။ ကိုယ်တော့်လို သံလျင်တို့-အင်းဝတို့ ဟိုသွား…ဒီသွား သွားပြီးတော့ဖြင့် မရေးနိုင်ဘူး"…*

အထက်ဖော်ပြပါ ကောက်နုတ်ချက် စကားများအရ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ မှားယွင်းမှု ရာဇဝင်ကြီးလာ စကားများနှင့်မညီမှု ထင်ရှားလှသည်။

ဤအချက်တွင်သာမဟုတ် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ဝတ္ထု၏ တကယ့်အရေးကြီးသော အချက်ကြီးတစ်ခုတွင် မှားယွင်းသဖြင့် ဇာတ်လမ်းမခိုင်ဘဲ ရှိခဲ့လေသည်။ ထိုမှားယွင်းချက်ကြီးကား နတ်သျှင်နောင်နှင့် ဓာတုကလျာကို အသက်အရွယ်တူ-အရွယ်ချင်း မတိမ်းမယိမ်းသဖွယ် ရေးသားခဲ့ခြင်းဖြစ်၏။ စာရှုသူတို့ သိတော်မူကြပြီးသည့်အတိုင်း နတ်သျှင်နောင်သည် ဓာတုကလျာထက် အသက်တော်အားဖြင့် ၁၇ နှစ်ကျော် ၁၈ နှစ်ခန့် ငယ်နေလေသည်။ ဒွေးလေးတော်နှင့် တူတော်အရွယ်ကို သက်တူရွယ်တူထားကာ ဝတ္ထုဖတ်ကောင်းအောင် တန်ဆာဆင်လေသဖြင့် နောက်ပိုင်းအချက်များတွင်ပါ အံချော်သွားခဲ့ရခြင်း ဖြစ်ပေသတည်း။

ကျွန်တော်သည် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအား အသက်ထက်ဆုံး ကြည်ညိုလေးစားသည်။ စာပေဂုဏ်-ပညာဂုဏ်တို့ကို အမြဲဦးနှိမ်ခဲ့သည်သာ ဖြစ်သည်။ သို့သော်…ရာဇဝင်အား ဝတ္ထုထိုးဇာတ် လုပ်ခဲ့ခြင်းကိုမူကား အခွင့်သင့်သည့်အတိုင်း ဖြေရှင်းရမည်သာ ဖြစ်ပေသည်။ ဆရာကြီးအား စော်ကားခြင်းမဟုတ်လေသဖြင့် စာရှုသူများ ခွင့်လွှတ်တော် မူကြစေလိုပါသည်။

## တင်ရှိနေသည့်စွဲချက်များ

စာဆိုတော် တောင်ငူဘုရင် နတ်သျှင်နောင်အပေါ် တင်ရှိနေသည့် စွဲချက်များကို စုပေါင်းကာ ရွေးထုတ်ကြည့်ပါက အောက်ပါအချက်များကို တွေ့ရပါမည်။

---

* ဆရာကြီးရွှေစကြာ ရေးသားသော ဓာတုကလျာဝတ္ထု၊ နိဒါန်း၊ ဓာတုကလျာဖြစ်ပေါ်လာပုံ-စာမျက်နှာ ၂၀-၂၁

၁။ နတ်သျှင်နောင်သည် ပဋိညာဉ်ဖြင့် လက်နက်ချကာ မိမိဖက်သို့ ဝင်ရောက်လာသော ဟံသာဝတီ မဟာဥပရာဇာ မင်းရဲကျော်စွာ၊ အလားတူ ဝင်ရောက်လာတော်မူသော ဟံသာဝတီဘုရင် ငါးဆူဒါယကာ နန္ဒဘုရင်တို့အား မထောက်မညှာ လုပ်ကြံသတ်ဖြတ်ခဲ့သည်။

၂။ အင်းဝ မဟာဓမ္မရာဇာ (အနောက်ဖက်လွန်မင်း)က တောင်ငူကို သိမ်းပိုက်ပြီးနောက်၊ တောင်ငူထီးနန်းကို ပြန်၍လွှဲခဲ့ပါလျက်- ယင်းကျေးဇူးသစ္စာတော်ကို မထောက်၊ ကုလား ဇေင်ကာနှင့် ပူးပေါင်းကာ တော်လှန် ပုန်ကန်ခဲ့သည်။

၃။ ဇေင်ကာနှင့် ပူးပေါင်းရုံမျှမက၊ သာသနာတော်ကို ထိပါးစော်ကားသော ဇေင်ကာ၏ အလိုသို့လိုက်ကာ သံလျင်တွင် ဗရင်ဂျီဘာသာသို့ ဝင်ခဲ့သည်။

ဖော်ပြပါစွတ်စွဲချက် ၃-ချက်ကို ဦးတည်ကာ 'နတ်သျှင်နောင်' အား သစ္စာဖောက်သည်ဟု ဝံ့ဝံ့စားစား ဆိုလိုက်ကြခြင်းပင်ဖြစ်သည်။

*** နတ်သျှင်နောင် သစ္စာမဖောက်။**

*** နတ်သျှင်နောင်သည် မည်သည့်အခါကမှ သစ္စာဖောက်တော်မမူ။**

* ယင်းစွတ်စွဲချက်များအား ကျွန်တော်က အထက်ပါ ကြွေးကြော်သံကို ရဲရဲဝံ့ဝံ့ဟစ်ကြွေးကာ ချေပလိုက်ပါသည်။ ယင်းသို့ ချေပရခြင်းအကြောင်းကိုလည်း ပြေပြေလည်လည် ဖြေရှင်းလိုပါသည်။

## နတ်သျှင်နောင်သစ္စာမပေါက်

လက်ရုံးရည်ဓားတော်ကို တစ်ဖက်က ကိုင်စွဲကာ၊ နှလုံးရည်စာပေအားကို တစ်ဖက်တွင် ကိုင်စွဲထားတော်မူသည့် စာဆိုတော်တောင်ငူဘုရင်နတ်သျှင်နောင် ၏ ဘဝ… လှုပ်ရှားရန်းတော် မူခဲ့ရမှု… အသွယ်သွယ်သော လောကဓံ လေပြင်းမုန်တိုင်း… ဤသည်တို့ကို ဦးစွာလေ့လာရန် လိုပါသည်။ ပတ်ဝန်း ကျင် အခြေအနေနှင့်တကွ ခေတ်၏ ဒီရေလှိုင်းအတက်အကျကိုလည်း တင်ပြလိုပါသည်။

**နတ်သျှင်နောင်၏ မျိုးရိုး။** နတ်သျှင်နောင်သည် မျိုးရိုးဇာတိတော်အားဖြင့် မြင့်မြတ်တော်မူလှသော အာဒိစ္စဝံသမင်းမျိုး မင်းနွယ်အစစ် ဖြစ်တော်မူသည်။ ခမည်းတော်ဖက်မှ ဘေးတော်မှာ တောင်ငူဘုရင် 'မင်းရဲသိခ်သူ' ဘွဲ့ခံ မင်းကြီးဆွေ ဖြစ်သည်။ ဘိုးတော်မှာ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး၏ ညီတော်၊ 'တောင်ငူ ဘုရင်မင်းခေါင်' ဘွဲ့ခံ သီဟသူဖြစ်သည်၊ တောင်ငူဘုရင်မင်းခေါင်နှင့် ရွှေလက်ဆက်တော်မူသည့် သူမှာ သက္ကရာဇ် ၈၈၈ ခုနှစ်မှ သက္ကရာဇ် ၈၉၄ ခုနှစ်အထိ သရေခေတ္တရာတွင် မပျက်အ စဉ် မင်းပြုတော်မူခဲ့သော 'ပြည်ဘုရင်ထွေး'၏ သမီးတော် 'လေးကျွန်းမိဖု ရား'ဖြစ်သည်။ ထိုတောင်ငူဘုရင် မင်းခေါင်နှင့် ပြည်မင်းဆက် ဘုရင်ထွေး၏ သမီးတော်တို့ သင့်မြတ်ရာမှ၊ နတ်သျှင်နောင်၏ ခမည်းတော် တောင်ငူရွှေနန်း တည် 'မင်းရဲသီဟသူ'ကို ဖွားတော်မူသည်။

ထို့ကြောင့် နတ်သျှင်နောင်သည် တောင်ငူထီးနန်းမွေကို ခံယူတော်မူခွင့်နှင့် ဘေးတော်ဘုရင်ထွေး၏ ပြည် ထီးနန်းမွေကို ခံယူတော်မူခွင့် ရှိလေသည်။

နတ်သျှင်နောင်၏ မယ်တော်ဖက်မှ မျိုးရိုးမှာလည်း မင်းမျိုးမင်းစစ် အစစ်ဖြစ်ခဲ့သည်။ မယ်တော်ဖက်မှ ဘိုးတော်မှာ ဟံသာဝတီ ဆင်ဖြူများရှင် 'ဘုရင့်နောင် မင်းတရားကြီး'ကိုယ်တော်တိုင်ဖြစ်သည်။ မယ်တော်ဖက်မှ ဘွားတော်မှာ အင်းဝရွှေနန်းကို သက္ကရာဇ် ၈၆၃ ခုနှစ်မှ ၈၈၆ ခုနှစ်အထိ စိုးစံတော်မူခဲ့သော 'ရွှေနန်းကြော့ရှင် ဘုရင်နရပတိ'၏ သမီးတော် စန္ဒာဒေဝီ ဘွဲ့ခံ 'သီရိဘုန်းထွတ်'ဖြစ်သည်။ ဘုရင့်နောင်မင်းတရားကြီးနှင့် စန္ဒာဒေဝီသီရိ ဘုန်းထွတ်တို့ သင့်မြတ်ရာမှ 'မင်းခင်စော'ကို ဖွားတော်မူသည်။

ထို့ကြောင့် နတ်သျှင်နောင်သည် ဘိုးတော် ဘုရင့်နောင်မင်းတရားကြီး၏ ဟံသာဝတီ ထီးနန်းမွေကို ခံယူတော်မူခွင့်နှင့် ဘွားတော်ဖက်က အင်းဝ နရပတိ၏ အင်းဝ ရွှေထီးနန်းမွေကို ခံယူတော်မူခွင့်ရှိသည်။

အချုပ်ဆိုရသော်-မျိုးရိုးတော်အားဖြင့် နတ်သျှင်နောင်သည် ဟံသာဝတီ ထီးနန်းမွေ။ တောင်ငူ ထီးနန်းမွေ။ အင်းဝထီးနန်းမွေနှင့် ပြည်ထီးနန်းမွေကို ခံယူရရှိခွင့်၊ ရရှိထိုက်၊ ရရှိရမည်ဖြစ်သည်။

**သို့သော်...ဤသို့သော အခွင့်အရေးကို နတ်သျှင်နောင်သည် အမှန်တကယ်ပင် ရရှိပါ၏လော?**

အမှန်တကယ်ဆိုရလျှင် နတ်သျှင်နောင်သည် မိမိ၏ အခွင့်အရေးကို

မရရှိခဲ့ပေ။ အပယ်ခံဘဝအဖြစ်သာ နေခဲ့ရသည်။ တနည်းအားဖြင့် တောင်ငူဘုရင်ခံ၏ သားတော်ဘဝ၌သာ ချေးသိပ်ခြင်းခံခဲ့ရသည်။

**နတ်သျှင်နောင်၏ ရှန်းကန်မှု။** တောင်ငူတွင် အပယ်ခံအဖြစ် နေရမည့်ဘဝကို နတ်သျှင်နောင်သည် မည်သည့်နည်းနှင့်မျှ နှစ်သိမ့်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့်လည်း ခမည်းတော် တောင်ငူ မင်းရဲသီဟသူ အုပ်ချုပ်ညွှန်ကြားမှုအောက်၌ မင်းသားတကာတို့ တတ်အပ်သော အဋ္ဌာရသ သိပ္ပများကို ငယ်ရွယ် နုနယ်လှသည့် အချိန်ကပင် ကြိုးစား သင်ယူခဲ့ခြင်းဖြစ်၏။ ဓားခုတ်, လှံထိုး၊ ဆင်စီး, မြင်းစီး၊ စစ်ဆင်, စစ်တက်၊ သေနင်္ဂဗျူဟာ အဖြာဖြာတွင် ဆယ်ကျော်သက် မတိုင်မီကတည်းက သူမတူအောင် စွမ်းခဲ့သည်။ ထိုသို့ လက်ရုံးရည် နှလုံးရည်တို့ဖြင့် ပြည့်စုံလှသည့်အတွက်လည်း ဘုန်းစွမ်းပြရမည့်အချိန်ကို စောင့်မျှော်နေခဲ့ခြင်းဖြစ်၏။

နတ်သျှင်နောင်သည် သူ၏ လက်ရုံးရည်နှင့် သူရသတ္တိသွေးကို ၉ နှစ် ၁၀ နှစ်သားအရွယ်သာရှိသေးသည့် သက္ကရာဇ် ၉၄၈-၄၉ ခုနှစ် ယိုးဒယားသို့ ချီတက်စဉ်က ပထမဆုံးအကြိမ် ပြခွင့်ကြုံခဲ့သည်။ စစ်ချီရာမှ အပြန် 'တရောမိုင်းတက်' အရပ်တွင် နတ်သျှင်နောင်သည်ခမည်းတော် တောင်ငူ မင်းရဲသီဟသူနှင့်အတူ ယိုးဒယားမင်း ဖြနရာဇ်၏ တပ်ပေါင်း ၁၅ တပ်အား အောင်မြင်စွာ တိုက်နိုင်ခဲ့၏။

တဖန်တုံ သက္ကရာဇ် ၉၅၂ ခုနှစ် မိုးကောင်း စော်ဘွားပုန်ကန်ရာသို့ သက်တော် ၁၃ နှစ်သားအရွယ်သာ ရှိသေးသည့် နတ်သျှင်နောင်သည် တောင်ငူတပ်ကို ဦးစီးချီတက်ကာ တိုက်ခိုက်နှိမ်နင်း အောင်ပွဲခံခဲ့ပြန်သည်။ ထိုစွမ်းဆောင်ချက်ကို ဟံသာဝတီဘုရင် ငါးဆူဒါယကာ ကိုယ်တော်တိုင်က အသိအမှတ်ပြု တော်မူခဲ့ရ၏။ နတ်သျှင်နောင် စစ်ရေးချီစဉ် အချိန်နှင့် တစ်ပြိုင်နက်တည်း ယိုးဒယားသို့ စစ်ချီသော ဟံသာဝတီ အိမ်ရှေ့မင်း ဥပရာဇာမှာ စစ်ရှုံးကာ မျက်နှာပန်းမလှ ပြန်ခဲ့ရသည်။ ထိုအခါ ခမည်းတော် ငါးဆူဒါယကာက သားတော် အိမ်ရှေ့ဥပရာဇာအား နှုတ်ပြစ်တင်တော်မူသည်။ စစ်ချီရသည်ချင်းအတူ အောင်ပွဲဆွတ်ခဲ့၍ နတ်သျှင် နောင်အား ချီးကျူးခံရခြင်းနှင့် ရှုံးခဲ့ရသည့် မဟာဥပရာဇာကို နှုတ်ပြစ်တင်ခံရ ခြင်း ၂ ရပ်အား တွေးရှုလျှင် မည်သူသည် စစ်ရေးတွင် ကျွမ်းကျင်လှသည်ကို ရိပ်စားမိနိုင်ပါသည်။

နတ်သျှင်နောင်၏ မှတ်တမ်းတင်ဖွယ် အရည်အချင်း ပြနိုင်မှုမှာ သက္ကရာဇ် ၉၅၄ ခုနှစ်တွင် ယိုးဒယားသို့ ပဉ္စမအကြိမ် ချီတက်စဉ်အခါပင် ဖြစ်သည်။ ယင်းယိုးဒယား-မြန်မာ တိုက်ပွဲ၌ မဟာဥပရာဇာမင်းကြီးစွာ ကျဆုံးတော်မူသည်။ နတ်သျှင်နောင်မှာ ကိုယ်တော်တိုင် ယိုးဒယားဘုရင် ဖြနရာဇ်ကို စီးချင်းတိုက်တော်မူကာ မြို့တွင်းအထိ ထွက်ပြေး သွားအောင် မောင်းထုတ်နိုင်ခဲ့ပြီး၊ ယိုးဒယားအမတ် ဩယာပတ်နှင့် ဩယာစက္ကိတို့ကို အရှင်ဖမ်းနိုင်ခဲ့သည်။

ဤနေရာတွင် ကျွန်တော်သည် သိပြီးသား ရာဇဝင်ကြောင်းကို အကျယ်ချဲ့ထွင်ကာ ရေးနေခြင်းမဟုတ်ပါ။ နတ်သျှင်နောင်၏ သူရသတ္တိ၊ စွမ်းပကား၊ အားမာန်၊ စစ်ရေးကျွမ်းကျင်မှု၊ စိတ်ဓာတ်ကို ဖော်ပြလို၍ ဖြစ်ပါသည်။ နတ်သျှင်နောင်အား ရတုဖြင့် စိတ်ကူးယဉ်ကာ ပျော်မွေ့နေသူ၊ နတ်သျှင်နောင် အား စည်၊ ဓောင်း၊ ငြင်း၊ ပတ်သာ၊ တူရိယာတို့၏ ဖြေဖျော်မှု အောက်၌ ယစ်မူးနေသူအဖြစ် အထင်လွဲနေကြသူများအား သိသာအောင် ရှင်းပြရခြင်း လည်း ဖြစ်ပါသည်။

နတ်သျှင်နောင်သည် ဤရှေ့ဤမျှ သတ္တိပြခဲ့ပါလျက်၊ ဟံသာဝတီဘုရင် ငါးဆူ ဒါယကာက ထိုက်တန်သောဆု၊ ထိုက်တန်သောနေရာကို ချီးမြှင့်ခဲ့ခြင်း မရှိပေ။ အသေခံစရာရှိလျှင် ရှေ့သို့ တက်ခိုင်းကာ၊ စံစရာရှိလျှင် မချီးမြှင့်ဘဲ ချောင်ထိုးထားတတ်ခြင်းသာ တွေ့ရသည်။

ဉပမာ... လင်းဇင်းမင်း ဉပရာဇ် ကွယ်လွန်တော်မူသောအခါ နေရာ လစ်လပ်သည်ကို နတ်သျှင်နောင်အား မပေးခဲ့။ ပြည်ဘုရင် သတိုးဓမ္မရာဇာ လွန်တော်မူသောအခါတွင်လည်း နတ်သျှင်နောင်အား ပေးရန် မစဉ်းစားဘဲ သားတော်အငယ် မင်းကြီးနှောင်းကိုသာ ပေးတော်မူသည်။ ထို့ထက်ဆိုးရွားသည်ကား ဟံသာဝတီမဟာ ဉပရာဇာ ယိုးဒယားစစ်တွင် ကျဆုံး၍ ဟံသာဝတီဥပရာဇာအဖြစ် သားတော် မင်းရဲကျော်စွာအား အင်းဝကို စားစေရာမှ ဟံသာဝတီသို့ ခေါ်တော်မူသည်။ ထိုအခါ အင်းဝ လစ်လပ်သည်။ အင်းဝစား လစ်လပ်သည့်နေရာကို ယိုးဒယားစစ်တွင် ၂-ကြိမ်၊ မိုးကောင်းစစ်တွင် ၁-ကြိမ် အောင်ပွဲရထားသည့် နတ်သျှင်နောင်အား ပေးရန်သင့်သည်။ သို့သော်... ဟံသာဝတီ ငါးဆူဒါယကာသည် ပေးတော်မမူခဲ့။

"ရာဇာ၊ မင်းသည်။ နိဂ္ဂဟေတဗ္ဗံ၊ နှိမ့်ခြင်းငှာ ထိုက်သောသူကိုကား။

နိဂ္ဂဟော၊ နှိမ့်ရာ၏။
ပဂ္ဂဟာံရဟံ၊ ချီးမြှောက်ခြင်းငှာ ထိုက်သောသူကို။
ပဂ္ဂဟော၊ ချီးမြှောက်ရာ၏။"

(လောကနီတိ၊ ရာဇကဏ္ဍ)

ဤသို့ လောကနီတိ-ရာဇကဏ္ဍလာ စကားအရ ချီးမြှောက်ထိုက်သူကို မချီးမြှောက်သောအခါ နတ်သျှင်နောင်၏ စိတ်တွင် မည်သို့ခံစားရပါမည်နည်း။

"ဖရုသံ ကြမ်းကြုတ်သော၊ သာမိံ၊ အရှင်ကို။
နသေဝ၊ မမှီဝဲရာ။ တတော၊ ထို့ထက်။
မစ္ဆရိံ၊ ဝန်တိုသော၊ သာမိံ၊ အရှင်ကို။
နသေဝ၊ မမှီဝဲရာ။ တတော၊ ထို့ထက်။
အပဂ္ဂဏှံ၊ မချီးမြှင့်တတ်သော။ သာမိံ၊ အရှင်ကို။
နသေဝ၊ မမှီဝဲရာ"...

(လောကနီတိ၊ မိတ္တကဏ္ဍ)

နတ်သျှင်နောင်သည် အမှန်အားဖြင့် ငါးဆူဒါယကာဘုရင်၏ ကျွန်မဟုတ်ပေ။ အရှင်ဟုဆိုရန်ကလည်း လုံးဝမှန်သည်ဟု မဆိုနိုင်။ အခြေအနေအရသာ လက်အောက်ခံဘဝ နေရခြင်းသာဖြစ်သည်။

ငါးဆူဒါယကာ ဘုရင်၏ သားတော်၊ ဟံသာဝတီအိမ်ရှေ့မင်းသစ် မင်းရဲကျော်စွာသည် ဟံသာဝတီအား အုပ်စိုးနိုင်ရန် အခွင့်အရေး ရှိသကဲ့သို့ နတ်သျှင်နောင်၌လည်း အခွင့်အရေးရှိသည်။ မင်းရဲကျော်စွာသည်လည်း ဘုရင့်နောင်၏ မြေးတော်၊ နတ်သျှင်နောင်လည်း ဘုရင့်နောင်၏ မြေးတော် ဖြစ်သည်။ ထို့ကြောင့် ရသင့် ရထိုက်သော အခွင့်အရေးကို နတ်သျှင်နောင် ယူလိုခြင်းအတွက် မည်သို့မျှ အပြစ်တင်ရန် မသင့်ပေ။

## ရာဇဓာတုကလျာ

နတ်သျှင်နောင်သည် ဒွေးလေးတော် ရာဇဓာတုကလျာအား မေတ္တာတော် သွက်ယုက်ခဲ့သည်။ ဤသို့ မေတ္တာတော်သွယ်ယုက်ရန် နတ်သျှင်နောင်သည် တမင်ကြံစည်ခဲ့သည်ဟု အချို့က စွတ်စွဲကြသည်။ အကြောင်းပြချက်မှာ၊ ရာဇဓာတုကလျာသည် ဘုရင့်နောင် မင်းတရားကြီး၏ သမီးတော်ကြီး အစစ်၊ ပြည်ခွင်တရပ်လုံး၏ အချစ်တော်ဖြစ်ရာ၊ ဤသို့ မေတ္တာ သွယ်ယုက်

နိုင်ခြင်းဖြင့် ရာဇဓာတုကလျာ၏ ဘုန်း-အရှိန်အဝါနှင့် ကေရာဇ်ဘုရင်အဖြစ်သို့ တက်နိုင်စေရန် ဖြစ်သည်ဟုဆို၏။ မှားယွင်းလေစွ။ နတ်သျှင်နောင်သည် ကိုယ့်ဒူးကိုယ်ချွန်၊ အာဇာနည် တိဟိတ် ပုဂ္ဂိုလ်သာဖြစ်ရာ ထိုသို့သော အကြံမျိုးကို ယောင်မှား၍ ကြံမည်မဟုတ်ကြောင်း ကိုယ်ရော စိတ်ပါ ယုံကြည်ထိုက်သည်။

## အကြံတော်ကြီးမား

အမှန်မှာ 'ဟံသာဝတီ၊ တောင်ငူ၊ ပြည်၊ အင်းဝ' ထီးဆောင်းမင်း အပေါင်းတို့၏ သွေးတော်များ ရောထွေးနေသော၊ မင်းသွေး အစစ်ဖြစ်သည့် နတ်သျှင်နောင်သည် မင်းသွေး အစစ်နှင့်သာ လက်ထပ် ထိမ်းမြားလိုကာ၊ မင်းသွေးဓာတ် အမွေကိုသာ ခံယူလိုသည်။ ကိုယ်တော်တိုင်လည်း ဘိုးတော်ဟံသာဝတီဘုရင့်နောင် မင်းတရားကြီးကဲ့သို့ လက်ရုံးတော် ဝင့်ကြွားကာ မင်းဧကရာဇ် ဖြစ်လိုပေသည်။ ထိုအကြောင်းကို 'ဆွတ်ပျံ့ဖွယ်အောင်' ချီ၊ ရတုစာတော်၌ အထင်အရှားတွေ့နိုင်၏။

'ရွှေသာပြောင်ဝင်း၊ နန်းပြတင်းက၊
လေညှင်းမြူးရှင်၊ ကြည့်စဉ်တွင်၌၊
ဘုန်းအင်ကြီးလှ၊ ဆင်ထိုက်ရသား၊
မမျှဝန်းချင်း၊ မွေးတုကင်းကို၊
မယွင်းသတိ၊ ရှုမိမိသည်၊
မျက်စိမူးလည် သီတော့သည်။ ။
လူမျိုးမတန်၊ မင်းထိုက်ရန်၍၊
ကေန်ကျစ်၊ ပေါက်ပြလျှံမျှ၊
ညာတံပွင့်ချပ်၊ ဖြူလှပ်ပုလဲ၊
ဖော်တစ္စဲသို့၊ ဖြစ်ခဲဆင်းဝါ၊
ပန်းထွတ်ချာကို၊ ကြမ္မာကြိုက်ဆုံ၊
မြော်ရတုံက၊ အာရုံရှင်ကြည်၊
ပြည့်တော့မည်ဟု၊ ဆောက်တည်တရုံး၊
မိဋ္ဌာန်သုံးသည်။ ။
နှလုံးမြဲတည် ပီတော့သည်။' ...

(ဆွတ်ပျံ့ဖွယ်အောင်-ချီ၊ မိုးတောရတု)

ဤရတုတွင် 'မမျှပန်းချင်း၊ မွေးတုကင်း'။ 'ဖြစ်ခဲဆင်းဝါ-ပန်းထွတ်ချာ'-ဟူသော ဝေါဟာရ၏ အနက်ကို ပညာရှိအသီးသီးက အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူကြသည်။ ရှင်ဥက္ကံသမာလာက 'ပန်းထွတ်ချာ'ဟူသည် စေတီတော်ဟူ၍၄င်း၊ ဦးရွှန်းက စွယ်တော်ဟူ၍၄င်း၊ အချို့က မြသပိတ်တော်၊ သကျမ္ဗုဓ္ဓုဘုရားဟူ၍၄င်း ဖွင့်ဆိုသည်။ ရွှေတိုက်စိုး ဦးတိုးကမူ 'ပန်းထွတ်ချာ'ဟူသည် ထီးဖြူဟုဆိုလိုကြောင်း ယတိပြတ် ပြဆိုဆုံးဖြတ်ခဲ့သည်။

''အရပ်ရပ်ပျို့ကဗျာ ရတုများမှာ ထီးဖြူကို ဆိုသောစကားမျိုးတွင် တောင်ငူမင်း ရတုမှာဆိုသော ထီးဖြူစကားသည်သာ လျှို့ဝှက်ပြေပြစ် ကျစ်လျစ်သော စကားဖြစ်သည်။ 'ညှာတံပွင့်ချပ်၊ ဖြူလှပ်ပုလဲ၊ ဓော်တစ္ဆဲသို့၊ ဖြစ်ခဲဆင်းဝါ၊ ပန်းထွတ်ချာ'ကို ဆိုသောစကားသည် ဒြပ်ပုဒ်ဖြစ်သည်။ မင်းထိုက်ရန်၏ ဆိုသော စကားသည် ကြိယာပုဒ်ဖြစ်သည်။ ဤသို့ ဒြပ်ဂုဏ် ကြိယာနှင့် စုံလင်စွာ သဒ္ဒါလင်္ကာရ၊ ကဗျာလင်္ကာရ သဘောသကန် ရရမိမိ ဆိုတော်မူသည်။ ထို့ကြောင့် ၎င်းဆိုသော ပန်းသည်ထီးဖြူပန်းဖြစ်သည်ဟု သန္နိဋ္ဌာန်ချ၍ ယူရမည်။''...*

ဤရတုဖြင့် နတ်သျှင်နောင်သည် ထီးဖြူဆောင်းမင်းဧကရာဇ်အဖြစ်သို့ ရောက်ရမည်။ အာရုံရှင်ကြည်စွာ ဆန္ဒပြည့်ရမည်။ အဓိဋ္ဌာန်ပြုသည်ဆိုကြောင်း တွေ့ရသည်။

## တက်လမ်း၏အဆီးအတားများ

နတ်သျှင်နောင်အဖို့ ထီးဖြူဆောင်းမင်းအဖြစ် တက်လှမ်းမည်ကြံရာတွင် လမ်းသည်ချောမော ပြေပြစ်ခြင်းမရှိဘဲ အဆီးအတား ခလုတ်ကန်သင်းတို့ တွေ့ရသည်။ ယင်းအဆီးအတားသည်ကား ဟံသာဝတီဘုရင် ငါးဆူဒါယကာနှင့် သားတော် အိမ်ရှေ့ဥပရာဇာ မင်းရဲကျော်စွာတို့ဖြစ်သည်။ ထိုအဆီးအတားတို့ကို ရှင်းရပေမည်။

ဤတွင်မေးရန် ပြဿနာတစ်ခုပေါ်လာ၏။ ငါးဆူဒါယကာနှင့် မင်းရဲကျော်စွာတို့သည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးပေနည်း။ ဤနေရာတွင် ကျွန်တော်ဖြေရှင်းရလျှင် ကျမ်းလေးလေတော့မည်။ ကျွန်တော်ရှေ့က ရှင်းလင်းရေး

---

* တောင်ငူမင်းဆို ရတုပိုဒ်စုံအဖြေ (ရွှေတိုက်စိုး ဦးတိုး) ၄၅-၄၆

သားပြီးခဲ့သည်ကို လေ့လာတော်မူကြပါ၊ ဤစာအုပ်၏ စာမျက်နှာ ၁၅၉ မှ ၁၆၃ သို့ ပြန်လှန်၍ ရှုတော်မူပါ။ သို့တည်းမဟုတ် ဦးကုလား မဟာရာဇဝင်ကြီး၊ တတိယအုပ်၊ စာမျက်နှာ ၉၂-မှ ၉၆-အထိကို လေ့လာတော်မူကြပါ။

ခမည်းတော် ဆင်ဖြူများရှင် ဘုရင့်နောင် မင်းတရားကြီး၏ သွေး၊ ချွေး၊ဖွဲ့နှင့် လက်ရုံးတော် စွမ်းပကားကြောင့် တကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သားတို့၏ အသက်ဇီဝိန်ဖြင့်ငှင်း တည်ဆောက်ထားခဲ့ရသည့် နိုင်ငံတော်ကြီးကို ပွားစည်းစေရန် ထားဘိဦး၊ ရှိရင်းစွဲကိုမျှ မအုပ်ထိန်းနိုင်၊ အမှား အထပ်ထပ်ကျူးလွန်တော်မူခဲ့သည့် ငါးဆူဒါယကာ ဘုရင်။

နိုင်ငံတော်တစ်ရပ်လုံးကို ချောက်ချားအောင် ဖန်တီးပြီး ရန်မီးစနက် အမျိုးမျိုးထွင်တတ်သူ၊ ဟော့ရမ်း၊ သော့သွမ်း၊ ကြော့ကြမ်းလှလေသည့် ဟံသာဝတီ ဥပရာဇာ မင်းရဲကျော်စွာ။

***အကျိုးပွားမည်ထက် အဆိုးများလှသည့် ဤညီဖျင်းလှသည့် မင်းနှင့် အိမ်ရှေ့-တို့အား နတ်သျှင်နောင်က ကွပ်မျက်ခဲ့ခြင်းသည် လုံးဝအပြစ် မရှိဟု ကျွန်တော် ရိုးသားစွာ ယူဆပါသည်။***

နိုင်ငံကို မအုပ်ထိန်းနိုင်ဘဲလျက် တောင်ငူဘုရင်ထံ အာမခံအနေဖြင့် နတ်သျှင်နောင်နှင့် ဥပေါသထဆင်တော်ကို ဟံသာဝတီသို့ပို့ပါ-ဟု တောင်းခဲ့ခြင်းသည်၊ ဟံသာဝတီဘုရင် ငါးဆူဒါယကာ၏ အမှားတော်သာ ဖြစ်၏။

တောင်ငူဘုရင် မင်းရဲသီဟသူ ထံတော်သို့ ဟံသာဝတီအိမ်ရှေ့မင်း မင်းရဲကျော်စွာသည် ခိုဝင်ခဲ့သည်။ ဤသို့ ခိုဝင်သည့်အချိန်မှာ ဟံသာဝတီအား ရန်သူတို့ ဝိုင်းထားချိန် ဖြစ်ပြီး၊ ခမည်းတော်ဘုရင် ဒုက္ခမီးများ တောက်နေချိန် ဖြစ်သည်။ ထိုအချိန်တွင် နိုင်ငံတော်၏ ဒုတိယ အကြီးအကဲဖြစ်သူ အိမ်ရှေ့မင်း မင်းရဲကျော်စွာသည် ခမည်းတော်ကိုပင် အသိမပေးဘဲ၊ ရန်သူတောင်ငူမင်းနှင့် ဆက်သွယ်ကာ တိတ်တဆိတ် လက်နက်ချ ဝင်ရောက်ခဲ့သည်။ တနည်းအားဖြင့် အသက်ဘေးမှ ချမ်းသာရရန် ကိုယ်လွတ်ရုန်းခဲ့သည်။ တောင်ငူဘုရင် မင်းရဲသီဟသူက သမီးတော်နှင့် ထိမ်းမြားပြီး စည်းစိမ်ကို မရှုတ်မချထားမည် ဟူသော စကားကို ယုံကာ ခမည်းတော်ကိုပစ်ပြီး ဝင်လာခြင်းဖြစ်၏။

***အမှန်ကိုဆိုရလျှင် ဟံသာဝတီ ငါးဆူဒါယကာဘုရင်၏သားတော် အိမ် ရှေ့မင်း-မင်းရဲကျော်စွာသည်သာ နိုင်ငံနှင့်တကွ ခမည်းတော်***

*ငါးဆူဒါယကာ ကိုပါ သစ္စာဖောက်ခဲ့သူဖြစ်သည်။ ထိုသို့ သစ္စာဖောက်ခဲ့သူ မင်းရဲကျော်စွာအား နတ်သျှင်နောင်က ကွပ်မျက်ပစ်ခြင်းသည် သစ္စာဖောက် သည့် အမှုမတုတ်။ တရားလမ်းကျသော အမှုသာဖြစ်သည်။*

နောက်ထပ်၍ ဝင်လာသူ ငါးဆူဒါယကာကို နတ်သျှင်နောင်က ခမည်း တော်ဘုရား၏ မျက်ကွယ်တွင် လုပ်ကြံစေခဲ့ခြင်းမှာလည်း နတ်သျှင်နောင်ဖက် က ကြည့်လျှင် မှန်သည်။ ငါးဆူဒါယကာသည် နိုင်ငံကို ဖြိုခွင်းသူ၊ နိုင်ငံ အကျိုးကို ပျက်စီးစေသူ၊ နိုင်ငံ၏ အင်အားကို လျော့ပါးစေသူသာ ဖြစ်သည်။ ဤသို့ အပြစ်ကြီးလေးလှသူတစ်ဦးအား နတ်သျှင်နောင်က ကွပ်မျက်ခဲ့ခြင်း သည် လောကီမျက်စေ့ဖြင့် ကြည့်လျှင် တရားသဘောနှင့်ညီသည်။

ထိုထိုမျှသောအကြောင်းပြချက်တို့ကြောင့် အညံ့ခံ ဟံသာဝတီဘုရင် ငါးဆူဒါယကာနှင့် သားတော် အိမ်ရှေ့မင်း-မင်းရဲကျော်စွာတို့အား နတ်သျှင် နောင်၏ အရေးယူချက်မှာ 'သစ္စာဖောက်မှုမဟုတ်' ဟု ကျွန်တော် ရဲရဲဝံ့ဝံ့ကြီး ဆိုလိုက်ခြင်း ဖြစ်ပေသည်။

## ဇေဇင်ကာနှင့် ပူးပေါင်းမှုသည် အပြစ်ရှိသလော

တောင်ငူဘုရင်ဘဝမှ လျှောကျခဲ့ရပြီ ဖြစ်သော၊ အင်းဝမဟာဓမ္မရာဇာ မင်း လက်အောက်ခံ ဘုရင်ခံမျှသာဖြစ်တော့သည့် နတ်သျှင်နောင်သည် သံလျင်စား ဇေဇင်ကာနှင့် ပူးပေါင်းခဲ့သည်မှာ မှန်ပါသည်။ ထိုသို့ ပူးပေါင်းခဲ့ခြင်းကို အပြစ်ဟု ကျွန်တော်တို့ မဆိုနိုင်ပေ။

ထိုအကြောင်းကို ရှင်းပြလိုပါသည်။

နတ်သျှင်နောင်သည် ခမည်းတော် တောင်ငူဘုရင်မင်းရဲသီဟသူ၏ ဘုန်းရိပ်ကို ခိုလှုံကာ တောင်ငူ မဟာဥပရာဇာ အဖြစ်နေတော်မူစဉ်အချိန်တွင် ပင် အထက်မြန်မာနိုင်ငံတော်၌ ညောင်ရမ်းမင်းတရားမှာ နယ်ပယ်ချဲ့ထွင်ကာ အာဏာတော်ကို တည်ဆောက်နေပြီဖြစ်၏။ နတ်သျှင်နောင်အနေဖြင့် ပြိုင်ဖက် တစ်ဦး၏ အင်အားတိုးပွားမည့်အရေးကို မလိုလားသည်ကား အမှန်ပင်ဖြစ် သည်။ သို့သော် ခမည်းတော်ဘုရင်၏ အမိန့်ကို မလွန်ဆန်ဝံ့သောကြောင့်သာ နေရခဲ့ရသည်။

တကယ် မိမိကိုယ်စိုး ကိုယ်ပိုင်ပြုနိုင်သည့် တောင်ငူဘုရင်အဖြစ်သို့ ရောက်ရသောအခါတွင်ကား အထက်မြန်မာနိုင်ငံ တခွင်တွင် ညောင်ရမ်းမင်း တရား၏ သားတော်မှာ မဟာဓမ္မရာဇာဘွဲ့တော်ဖြင့် အင်ကြီး အားကြီး

ဖြစ်နေပေပြီ။ ထိုအခါ နတ်သျှင်နောင်သည် မည်သို့မျှ အင်းဝဘုရင်အား ရန်မစဘဲ ငြိမ်ငြိမ်သက်သက် နေတော်မူခဲ့၏။ သို့သော်··· အင်းဝဘုရင် မဟာဓမ္မရာဇာသည်၊ နယ်ပယ်ချဲ့ထွင်လိုစိတ် အားကြီးကာ ဝိသမလောဘဖြင့် တောင်ငူထီးနန်းကို အင်ကြီးအားကြီးနှင့် ချီတက်ကာ စစ်ပြုလေသည်။

ထိုအချိန်၌ နတ်သျှင်နောင်တွင် 'ဆေးမတွေ့သောအနာ' တစ်ခုကပ်ရောက် နှိပ်စက်နေသည်။ ဆင်မြင်းကို မျှမစီးနိုင်။ မိမိ အားကိုး အားထားအထူးပြုတော်မူသည့် ဘထွေးတော်နှင့် ညီတော်များကလည်း အရေးတွင် အားကိုး တော် မမူရ။ သတ္တိသွေး ပြရမည့်အရေးတွင် အရှုံးပေးရန်သာ စိတ်ကူးပြီး ပြာသာဒ်ကျောင်း ဘုန်းတော်ကြီးထံသို့သွားကာ အပူကပ်သည်။ ထို့ကြောင့် နတ်သျှင်နောင်သည် အားမတန်၍ မာန်လျှော့တော်မူခဲ့ရလေသည်။

မနိုင်၍ သည်းခံတော် မူရလိုက်သော နတ်သျှင်နောင်အား အင်းဝဘုရင် မဟာဓမ္မရာဇာသည် မလှုပ်မရှားနိုင်တော့အောင် ထပ်ဆင့် ပြုမူခဲ့လေသည်။

တောင်ငူကို အလိုတော်ပြည့်လျှင် မြို့ကိုမျှသိမ်းယူတော်မမူ။ မိမိကိုပင် ပေးတော်မူ၍ ချမ်းသာစွာနေစေသည်။ ငါ့ကျေးဇူးတော်ကိုမသိ"···

နတ်သျှင်နောင်၏ အပြုအမူကို အင်းဝ မဟာဓမ္မရာဇာမင်းက ဤသို့ဝေဖန် ပြောဆိုတော်မူကြောင်း မဟာရာဇဝင်ကြီး တတိယတွဲ၊ စာမျက်နှာ ၁၆၅ တွင် ဖော်ပြထားသည်။ အင်းဝဘုရင်၏ မိန့်ကြားချက်မှာ မှန်သော်လည်း အနှစ်သာရကမူ မပြည့်ဝလှပေ။ တောင်ငူနန်းကို မှန်ကင်းချစေကာ နတ်သျှင်နောင်ထံ မြို့ကို ပြန်လွှဲပေးသည်ကားမှန်၏။ သို့သော်··· နတ်သျှင်နောင်မှာ "ပေးကားပေး၏ မရ- ကျွေးကား ကျွေး၏မဝ "ဟူသော သဘောအတိုင်း ခံတော်မူရ၏။

အကြောင်းကိုဆိုသော်··· အင်းဝဘုရင်သည် တောင်ငူကို ပြန်လည်၍ ပေးသော်လည်း လက်ရုံးတော်များဖြစ်သည့် ညီတော် ၃-ပါးနှင့် ဘထွေးတော် ကို ခေါ်သွားသည်။ တောင်ငူသား ၃-စုတွင် ၂-စု၊ ညီတော် ၃-ပါး၏ နောက်လိုက် ၃-စုတွင် ၂-စု၊ ဟံသာဝတီ,ပြည်စသော ဌာနများမှ ခိုဝင်သူ အားလုံးနှင့် လက်နက် ဆင်မြင်းကိုပါ အင်းဝသို့ သယ်ဆောင်သွားလေသည်။ ဤသို့အားဖြင့် အင်းဝဘုရင်သည် နတ်သျှင်နောင်၏ လက်ရုံးကို ရိုက်ချိုးကာ အစွယ်ကိုပါ နုတ်ယူသွားခဲ့လေသည်။ နောက်ဆုံးငယ်ကျွန် စာဆိုတော်တို့ကိုပါ ခေါ်သွားသေးသည်။ စွယ်တော်ရဟန်းတော်···တို့အားလည်း ပင့်သွားသည်။

နတ်သျှင်နောင်သည် ဤသို့အားဖြင့် မှန်ကင်းမရှိတော့သော ကေတုမတီနန်းတွင် အထီးကျန်ဘဝအဖြစ် ညှိုးငယ်စွာ ကျန်ရစ်ခဲ့လေသည်။ ညီတော်များနှင့် ဘထွေးတော်တို့ကိုလည်း အားကိုးရန်မဖြစ်နိုင်တော့။

နတ်သျှင်နောင်သည် ကေတုမတီနန်းကို အင်းဝဘုရင်လက်သို့ အပ်ခဲ့ရခြင်းမှာ 'သဃ်ာအားဘုရားမဆန့်သာ'သည့်သဘောသာဖြစ်သည်။ မင်းနှစ်ပါး တွေ့ဆုံရာတွင် 'စီးချင်းတိုက်လိုသည်'ဟုပင် မိန့်ကြားတော်မူခဲ့သည်။ ထို့ကြောင့် မည်သို့သော နည်းဖြင့် အင်းဝဘုရင်အား အခဲကြေနိုင်ပါအံ့နည်း။

ပင်ကိုယ်ကပင် ဇာတိသွေးဇာတိမာန် ထက်သန်တော်မူကာ မင်းမျိုးနွယ်အစစ် ဖြစ်တော်မူခဲ့သည့် နတ်သျှင်နောင်သည် တင်ရှိနေသော ရန်ကြွေးကို မဆပ်နိုင်လေသမျှကာလပတ်လုံး စိတ်ချမ်းသာတော်မူနိုင်မည်မဟုတ်ပေ၊ လှေခွက်ချည်းကျန်သော်လည်း အလံတော်ကိုကား မလှဲနိုင်သော စိတ်တော်ဖြစ်၏။

## ဇေင်ကာနှင့် ပေါင်းရခြင်း

ကုလားဇေင်ကာနှင့် ပေါင်းသင်းရခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ကြောင်း ရာဇဝင်စာတမ်းများကို လေ့လာပါက တွေ့နိုင်ပေမည်။

သက္ကရာဇ် ၉၇၂-ခုနှစ် ပတ်ဝန်းကျင် အခြေအနေကိုလေ့လာသော်...

အင်းဝဘုရင် မဟာဓမ္မရာဇာ၏ ဘုန်းတန်ခိုးမှာ အထွတ်တိုင်အောင် တက်တော့မည့် အခြေအနေ ရှိလေသည်။ အင်းဝဘုရင်ကို ပြန်လည်တိုက်ခိုက်ရန် မဟာမိတ်ဖွဲ့ရာ၌ အားကိုးအားထား ပြုနိုင်ဖွယ် ရှိသူများနှင့် အခြေအနေတို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ **ရခိုင်ဘုရင်မင်းရာဇာကြီး။** ရခိုင်ဘုရင် မင်းရာဇာကြီးသည် သံလျင်စား ဇေင်ကာနှင့် ရန်စစ်ဖြစ်ကာ ရှုံးနိမ့်ပြီးကတည်းက အတော်ငြိမ်ဝပ်သွားလေသည်။ အင်းဝဘုရင်မဟာဓမ္မရာဇာ၏ ဘုန်းတန်းတေဇကြီးလာသောအခါတွင် အင်းဝဘုရင် ထံသို့ မဟာမိတ်ပြုလေသည်။ အင်းဝဘုရင်သည် သက္ကရာဇ် ၉၆၉-ခု၌ ပြည်သို့ ချီတက်လုပ်ကြံသောအခါ၊ ပြည်ဘုရင်က ရခိုင်ဘုရင်ထံ စစ်ကူတောင်းသည်၊ ရခိုင်ဘုရင်သည် ပြည်သို့ စစ်ကူမပို့ခဲ့ပေ။ ထို့ကြောင့် အင်းဝဘုရင် ပြည်ကို အောင်တော်မူသော

*အခါတွင် ရခိုင်ဘုရင်ထံ ပဏ္ဏာကာရနှင့် အရေးအရာစေတော်မူခဲ့သည်။** ထို့ကြောင့် နတ်သျှင်နောင်သည် အင်းဝရန်ကို ဖြိုခွင်းရန်အရေးတွင် ရခိုင်ဘုရင်ကို အားထားတော်မမူခဲ့ခြင်း ဖြစ်၏။

(ခ) **ဇင်းမယ်ဘုရင်။** ဇင်းမယ်ဘုရင်နော်ရထာစောသည် နတ်သျှင်နောင်၏ မိဖုရား ရာဇဒေဝတုကလျာ၏ မောင်တော်ကြီးဖြစ်သည်။ ထို့ကြောင့် ဇင်းမယ်နှင့် အာဘယ်ကြောင့် မပူးပေါင်းသနည်းဟု စောဒက တက်ဖွယ်ရှိ၏။ ဇင်းမယ်နှင့် မပေါင်းရခြင်းကား ဇင်းမယ်ဘုရင် နော်ရထာစောသည် တောင်ငူကျဆုံးသည်နှင့် တပြိုင်နက် အင်းဝဘုရင် မဟာဓမ္မရာဇာထံသို့ မဟာမိတ်ပြုပြီး ဖြစ်သောကြောင့်တည်း။ မဟာမိတ်ပြုသည်ဆိုရာ၌လည်း တန်းတူရည်တူ မဟုတ်ဘဲ၊ ဇင်းမယ်ဘုရင်က သမီးတော်ရင်းကို အင်းဝဘုရင်ထံ ပို့ဆက်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ပို့ဆက်လာသည့် သမီးတော်ကို အင်းဝဘုရင်သည် လက်ယာရွှေတောင်ကတော်အား အကြိုလွှတ်၍ သိမ်းပိုက်ခဲ့သည်။**

ထို့အပြင် ဇင်းမယ်ဘုရင်သည် ဗမာမင်း၏ ရန်သူ ယိုးဒယားဘုရင်နှင့်လည်း သစ္စာဖောက်ကာ ပူးပေါင်းခဲ့သေးသည်။ မည်သို့နည်းဆိုသော် ဇင်းမယ်အနော်ရထာစောသည် မိမိ၏ သားတော်ကြီး 'မင်းတုလောင်း' အား ယိုးဒယားမင်းဗြနရာဇ်၏ သမီးတော်နှင့် စုံဖက်စေကာ ယိုးဒယားအိမ်ရှေ့မင်းအဖြစ်သို့ ရောက်စေသည်။ ထို့အပြင် မိမိ၏ သမီးတော်အကြီးဆုံးကိုလည်း ယိုးဒယားဗြနရာဇ်နှင့် ထိမ်းမြားကာ မိဖုရားမြှောက်စေပြန်၏။*** ဤသို့ သားပေး-သမီးပေးနှင့် အရေးရှုပ်ထွေးလှသူအား မဟာမိတ်ပြုရသည်မှာ မည်မျှ ကြောက်လန့်ဖွယ်ကောင်းပုံကို စဉ်းစားကြည့်တော်မူကြစေလိုပါသည်။

---

* မဟာရာဇဝင်ကြီး (တတိယအုပ်) ၁၄၆

** မဟာရာဇဝင်ကြီး (တတိယအုပ်) ၁၇၁

*** မဟာရာဇဝင်ကြီး (တတိယအုပ်) ၁၅၈

(ဂ) **သံလျင်စားဇေင်ကာ။** အင်းဝရန်ကို ဖြိုခွင်းကာ တောင်ငူဦးစွန်းကို ထူထောင်နိုင်ရန်အရေးမှာ အကူအညီ အထောက်အပံ့ မရှိလျှင် မဖြစ်ရာကား၊ နောက်ဆုံး အားပြုရန် သံလျင်စားဇေင်ကာသာ ကျန်ရှိပေတော့သည်။ ဇေင်ကာနှင့် စိတ်နှလုံးညီခဲ့လျှင် အခြားအင်အားကြီး အုပ်စုတစ်ခုဖြစ်သည့် မုတ္တမစား ဗညားဒလနှင့်လည်း အဆင်ပြေသွားမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မုတ္တမစား ဗညားဒလနှင့် သံလျင်စား ဇေင်ကာမှာ 'ခမည်းခမက်'တော်ကာ မဟာမိတ်များဖြစ်ကြသောကြောင့်ပင်။

မှန်ပေသည် နတ်သျှင်နောင်သည် သံလျင်စားဇေင်ကာနှင့် ပေါင်းသင်းခဲ့ရာတွင် အထက်လက်ကလော… အောက်လက်က ပေါင်းရခြင်းလော… ဤကိစ္စကို ရှင်းရန်သာလိုသည်။

နတ်သျှင်နောင်သည် ဇေင်ကာကို အရိုအသေပေးရခြင်းမရှိ။ ယခင်က အရှင်နှင့် ကျွန် ဆက်ဆံခဲ့သကဲ့သို့မဟုတ်စေကာမူ၊ အထက်လက်ကတော့ ဆက်ဆံရပေသည်။ ပေါ်တူဂီရာဇဝင်လာ အောက်ပါအချက်ကို ကြည့်ပါ။

"(ပေးတော်မူသောဆုကို) ယခု ကျွန်တော် မယူသာသေး။ အရေးတော်ပြီး၍ တောင်ငူကို စိုးအုပ်စံတော်မူရပြီးမှ သနားတော်မူသည့်ဆုကို ခံယူပါမည်"…

"မည်သည်ကိုမျှ မကြောင့်ကြပါနှင့်။ ကြိုးစားအားထုတ်၍ ကျွန်တော်၏ကိုယ်နှင့် အသက်,စွဲကပ်တည်နေသမျှ ကာလပတ်လုံး၊ မသွေမဖည်တော်တည့်မှန်ကန်စွာ၊ ရိုးရိုးမတ်မတ် ကြိုးစားအားထုတ် စွန့်စား ထမ်းရွက်, ဆီးဆို့ခုခံပါမည်"…

"မည်သည့်အရာကိုမျှ ကြောင့်ကြတော်မမူပါနှင့်။ အသက်ကိုစွန့်၍ အမှုကို ကုံတွင်အောင် ထမ်းပါမည်"…

ဤကောက်နုတ်ချက်များကို ကြည့်လျှင် ဇေင်ကာသည် တောင်ငူဘုရင် နတ်သျှင်နောင်အတွက် အသက်ကို စွန့်၍ ဆောင်ရွက်ရသူမှန်း ထင်ရှား သည်။ တနည်းအားဖြင့် တောင်ငူဘုရင် အထွတ်အမြတ်ရောက်ရန် အရေးတွင် အသုံးပြုခံရသည့် 'လက်ကိုင်တုတ်'မျှသာ ဖြစ်ချေသည်။

ထို့ကြောင့် **'နတ်သျှင်နောင်'သည် လူမျိုးခြား ကုလားဇေင်ကာနှင့်**

ပေါင်းသင်းခဲ့သည်မှာ သစ္စာဖောက်ခြင်းမဟုတ်၊ တပည့်မွေးခဲ့ခြင်းသာ ဖြစ်ကြောင်း အထူးရှင်းလင်းဖွယ်မလိုလှပေ။

နတ်သျှင်နောင်က တပည့်မွေးသည့်အတိုင်းလည်း ဇေင်ကာသည် တပည့်ပီသခဲ့၏။ အင်းဝဘုရင် မဟာဓမ္မရာဇာက နတ်သျှင်နောင်အား ပေးအပ်ရန် အကြိမ်ကြိမ်တောင်းခံခဲ့ခြင်းကို ဇေင်ကာသည် မလိုက်လျောခဲ့ပေ။

ဇေင်ကာသည် မိမိအရှင်သခင်အစစ် ရခိုင်မင်းရာဇာကြီးအား သစ္စာဖောက်ခဲ့သူ ဖြစ်သော်လည်း သခင်သစ် တောင်ငူဘုရင် နတ်သျှင်နောင်အပေါ် တွင်ကား လုံးဝသစ္စာမဖောက်ခဲ့ပေ။

အင်းဝဘုရင်အား ဇေင်ကာလျှောက်ထားခဲ့သော အချက်ကိုလေ့လာပါ။

…"အရှင်မင်းကြီး၏ ရန်သူကိုလက်ခံသည် ဆိုရာမှာ၊ အရှင်မင်းကြီး၏ ရန်သူဖြစ်လျှင် ခပ်သိမ်းသော လူအပေါင်းတို့၏ ရန်သူဖြစ်ရပါမည်လား။ ကျွန်ုပ်ကို မိတ်ဖွဲ့လာလျှင် ကျွန်ုပ်မိတ်ဆွေ ခင်ပွန်းဖြစ်သည်။ မိတ်ဆွေခင်ပွန်း ဝတ်ကို အမှန်မချွတ်မယွင်း စွမ်းဆောင်ရမည်ဖြစ်၍ စွမ်းဆောင်ပေးသည်။ ကျွန်ုပ်နှင့် တောင်ငူမင်းမှာ သေလျှင်သေချင်း၊ ရှင်လျှင်ရှင်ခြင်း သစ္စာကတိ ကြီးစွာ ရှိသည်။ သေလည်းအတူ၊ ရှင်လည်းအဖက် ဖြစ်လိုသည်"…

ဤမျှဆိုလျှင် ဇေင်ကာ၏ နတ်သျှင်နောင်အပေါ်ထားသည့် သဘောထား… ဇေင်ကာနှင့် ဆက်သွယ်ရပုံအကြောင်း ရှင်းလောက်ပြီဖြစ်၍ အထူး မဆိုသာတော့ပါပြီ။

## ဗရင်ဂျီဘာသာသို့ဝင်ခြင်း

နတ်သျှင်နောင် ဗရင်ဂျီ ဘာသာသို့ ဝင်ခြင်းကို မြန်မာရာဇဝင်ကြီးတို့၌ ပြဆိုခြင်းမရှိ၊ ပေါ်တူဂီ ရာဇဝင်သာ ပြဆိုထားသည်။ သို့တစေ နတ်သျှင်နောင် ဗရင်ဂျီဘာသာသို့ ကူးပြောင်းခြင်းမှာ မှန်မည်ကိုကား ကျွန်တော်အငြင်း မပွားလိုပေ။

အဓိကအချက်မှာ နတ်သျှင်နောင်သည် ဗုဒ္ဓအယူဝါဒကို အမှန်တကယ် မယုံကြည်တော့၍၊ အခြားဘာသာသို့ ကူးပြောင်းခြင်းလော။ သို့တည်းမဟုတ် ကာလ, ဒေသ, ပယောဂကို ကြည့်ကာ ရာဇ မာယာပရိယာယ် ပြုခြင်း လော… ဤသည်ကိုသာ စဉ်းစားသင့်ပါသည်။

ထိုအဖြေအတွက် ကျွန်တော် အကျယ်မရေးလိုပါ။ တိုတိုနှင့် အသားပါလှသော ဆရာကြီး ရွှေစကြာ၏ နာခံတော်ဝတ္ထုစာမျက်နှာ ၁၂၂-၁၂၃ တွင် ဖော်ပြထားချက်ကိုသာ တင်ပြပါရတော့မည်။

"အမှန်အားဖြင့်ဆိုသော် နတ်သျှင်နောင်ကဲ့သို့ ဗုဒ္ဓဘာသာကျမ်းစာကို အသားကျအောင် သိထားသော ပညာရှိတစ်ပါးသည် မည်သည့်နည်းနှင့်မျှ ကက်သလစ်ဂိုဏ်းကို ယုံကြည်နိုင်ရန်မရှိပေ။ သို့ရာတွင် နိုင်ငံရေးနှင့် ပတ်သက်၍ မြန်မာမဟာဓမ္မရာဇာကိုလည်း စိတ်နာ၊ ဖွင်ကာကူကိုလည်း ကတိသစ္စာ တည်အောင် အယုံသွင်းလိုသဖြင့် ခတ္တိယ မာယာနှင့် ဘာသာဖေဒညာဏ်ကို အသုံးပြုလိုက်ခြင်းပင် ဖြစ်ဟန်တူသည်။" ...

**နိဂုံးကိုဆိုပါရစေ...**

ကျွန်တော်တို့သည် သစ္စာဖောက်သည်ဆိုသော စကား၏ အနက်အဓိပ္ပါယ်ကို သေချာစွာ စဉ်စားရန်လိုသည်။ 'သစ္စာ' ဆိုသည်မှာ 'မှန်ကန်ခြင်း' ဖြစ်၏။ မှန်ကန်သော အပြုအမူ... မှန်ကန်သော အပြောအဆို... မှန်ကန်သော စိတ်ထား... ဤသည်ကို သစ္စာဟုခေါ်သည်။ ကျွန်တော့်အမြင်အားဖြင့် နတ်သျှင်နောင်သည် ဘဝတစ်သက်တာလုံး မှန်ကန်သော အပြုအမူ, အပြောအဆို, စိတ်ထားတို့သာ တစ်သမတ်တည်း ထားရှိတော်မူခဲ့သည် ဟု ရိုးသားစွာ ယူဆပါသည်။

နတ်သျှင်နောင်သည် ဘေးတော်, ဘိုးတော်တို့၏ အမွေအနှစ်ဖြစ်သည့် ဟံသာဝတီ, တောင်ငူ, အင်းဝ, ပြည်တို့၏ ထီးမွေနန်းမွေကို လိုချင်တော်မူမည်မှာ ဓမ္မတာပင်ဖြစ်၏။ ရသင့် ရထိုက်သော အခွင့်အရေးကို ယူရန် ကြိုးစားတော်မူရာတွင် နတ်သျှင်နောင်အဖို့ ဉာဏ်နှင့်ဝီရိယ အပြည့်အစုံ အသုံးပြုခဲ့ပါလျက် ကံက ဖယ်ခဲ့လေသည်။ ထိုသို့ ခေသော ကံ... ဆိုးရွားသော ကြမ္မာ... လောကဓံ လေမုန်တိုင်းသည် ကဿလျှင် နတ်သျှင်နောင်အား ဒုက္ခပေးခဲ့သည်။ 'သစ္စာဖေါက်' ဟူသော တံဆိပ်မဲကို အတပ်ခံခဲ့စေသည်။ ဂုဏ်တော်ကို ညှိုးစေခဲ့သည်။

ထို့ကြောင့် ကံကြမ္မာ၏ စေစားရာကို ခံခဲ့ရသူ ဘဝရေပြင်ကျယ်တွင် မိမိအသက်နှင့် တည်တံ့ခိုင်မြဲကာ အထွတ်အထိပ်ရောက်ရေးအတွက် ကြိုးပမ်းကူးခတ်ယင်း လက်ပန်းကျကာ နစ်မြုပ်ခဲ့ရသူ... စာဆိုတော်ရတုတံခွန်စိုက် တောင်ငူဘုရင်နတ်သျှင်နောင်အား 'သစ္စာဖောက်' ဟူသော တရားမဲ့ စွတ်စွဲမှုကို

မပြသင့်ပါဘဲ စာပေအာဇာနည် တစ်ဆူအဖြစ် မော်ကွန်းတင်ထိုက်လှကြောင်း နိဂုံးချုပ်တင်ပြလိုက်ရပါသည်ခင်ဗျား။

နတ်သျှင်နောင်ကိုယ်တော် သံသရာခရီး
တစ်လျှောက်တွင် စိတ်လိုရာ ပေါက်မြောက်ပြီး
အမြဲတမ်း အောင်မြင်ပါစေ...

တောင်းဆုမွန်ဖြင့်...

စိန်လွင်လေး

## ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်ထုတ် ရန်အောင်စာပေ–၂ စာအုပ်များ

၁၇။ မောင်ထွန်းသူ ❖ ဝက်ပါ
၁၈။ နတ်နွယ် ❖ တံခွန်တိုင်မောင်နှမများ
၁၉။ ချစ်ဦးညို ❖ အဆိပ်နှင့်ကမ္ဘာတစ်သိန်း
၂၀။ တွင်းကြီးဝမ်းမောင် ❖ ငတောငလုံးဝတ္ထုတိုများ (၁+၂)
၂၁။ ချမ်းမြအောင် ❖ ဝင်ကစွပ်ခရုအိမ်
၂၂။ (မောင်စိန်ဝင်း၊ ဇော်ဇင်၊ စုထား)
❖ စွဲလန်းရာ တိမ်အနီးက ကေရယ်မေ
၂၃။ စိန်လွင်လေး ❖ မင်းတရားရွှေထီးနှင့်ဘုရင့်နောင်
၂၄။ မင်းလူ ❖ မိညီမ
၂၅။ မောင်မိုးသူ ❖ ရိုလာကိုစတာ
၂၆။ ရန်အောင် ❖ အောင်လံသားကွနှင့် အခြားဝတ္ထုတိုများ
၂၇။ တင်မောင်မြင့် ❖ သံမဏိလိပ်ပြာ
၂၈။ ချစ်ဦးညို ❖ ဒုဋ္ဌဂါမဏိ
၂၉။ ယုဝတီခင်စိန်လှိုင် ❖ ရန်ကင်းသူ
၃၀။ လင်းယုန်မောင်မောင် ❖ အော်တိုစကောစနီ
၃၁။ နတ်နွယ် ❖ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၃၂။ အီကြာကွေး ❖ သေမင်းကိုယ်တိုင်သေချင်တယ်နှင့် အခြားဝတ္ထုတိုများ
၃၃။ ချစ်ဦးညို ❖ စစ်သူကြီးဒလဗန်းနှင့် အခြားရာဇဝင်ဝတ္ထုရှည်များ
၃၄။ တင်မောင်မြင့် ❖ အတိတ်ခြေရာ–၂
၃၅။ ရွှေကူမေနှင်း ❖ ပိန်းရွက်ပေါ်မှ မိုးစက်များနှင့် အခြားဝတ္ထုတိုများ

ယခုလ

၃၆။ စိန်လွင်လေး ❖ နတ်သျှင်နောင်နှင့် ဓာတုကလျာ

ဆက်လက်၍

၃၇။ မင်းလူ ❖ သံယောဇဉ်အဖွဲ့

၃၈။ ” ❖ မြန်မာ့စစ်မှတ်တမ်းများနှင့် သေနင်္ဂဗျူဟာများ

၃၉။ ရွှေစကြာ ❖ စစ်ကိုင်းမင်းသား

၄၀။ အောင်လင်း ❖ ဗေဒါနှင့် မောင့်မမငြိမ်း

၄၁။ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)
❖ ကမောက်ကမဟာသတစ်ရာ

၄၂။ အီကြာကွေး
❖ မိမိကိုယ်ကိုပြန်လည်တွေ့ရှိခြင်းနှင့် အခြားဟာသဝတ္ထုတိုများ

၄၃။ တင်မောင်မြင့် ❖ တမ်းတတတ်သည် (၁+၂)

၄၄။ သုမောင် ❖ အချစ်–၂

၄၅။ နတ်နွယ် ❖ ပျံလေသည့်ငှက်ခါး

၄၆။ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)
❖ တက္ကသိုလ်ဝင်တန်းကျောင်းသားများအတွက်
Letter & Writting

၄၇။ လင်းယုန်မောင်မောင် ❖ မာတင်ဘောမန်း

၄၈။ စိုးမြင့်လတ် ❖ စာပေအနုပညာ ရုပ်ပုံလွှာ

၄၉။ တင်မောင်မြင့် ❖ ငယ်စာရင်းဝင်မို့

၅၀။ အီကြာကွေး ❖ အိုင်ဖြစ်သွားသော အင်းနှင့် အခြားဟာသဝတ္ထုတိုများ

၅၁။ ခင်ဆွေဦး ❖ အင်ကြင်းရဂုံ